ဦးသောင်ခင်

ရွှေကြာ

၇၅၁

ရွှေကုန်

ဦးသော်ဇင်

ဘာသာရေးဆိုင်ရာ နှင့်ပြုချက်အမှတ် (၃၃၇၅)

စာပလေ့ စာအုပ်တိုက်
၁၁၆/၂ ရန်ကင်းစာတိုက်-ရန်ကုန်မြို့

နိဒါန်း

ပထမအကြိမ် အုပ်ရေ(၂၀၀၀)၁၉၆၉ခု-သြဂုတ်လ

ရန်ကုန်မြို့ တောင်ဥက္ကလာပ ဟံသာဝတီလမ်း အမှတ် ၁၀၅ ဥယျာဉ်မှူးစာပေ (၀၇၈၉-မြို) ဦးသော်ဇင်က ထုတ်ဝေ၍၊ ရန်ကုန်မြို့ ကမာရွတ် လှည်းတန်း၊ အမှတ်-၅၆ မြန်မာ့တံခွန်ပုံနှိပ်တိုက် (၀၁၁၉၃-ယာယီ) ဦးခင်မောင်က ပုံနှိပ်သည်၊ မျက်နှာဖုံး ဂွတ္တလစ် ဇမ္ဗူသီရိ]

ဓာတိုကာ

ပဏာမ

၁–စမ္မဒါန ၁
၂–မြတ်သောဥစ္စာ ၉

နိဒါန်း

၁–လေချိုကလေး ၁၇
၂–တဘက်စွန်းသို့ ၂၂
၃–ဗဟိုလမ်းမ ၃၆
၄–အိန္ဒိယဒဿန ၅၉
၅–နျာယ ဒဿန ပမာဏ ၆၅
၆–ဥပနိသဒ် အမြုတေ ၇၁
၇–စမ္မခရီးသည် ၇၇
၈–ဗုဒ္ဓသာသနာ ၈၇
၉–ဟီနယာန ၉၃
၁၀–မဟာယာန ၁၀၂
၁၁–သမုဒြာ၌ မျှောခြင်း ၁၀၉

၇ဒွဒသမ

၁–ပဋ္ဌိစ္စသမုပ္ပါဒ ဝါဒ ၁၁၇
၂–အနတ္တဝါဒ ၁၂၁
၃–အနိယတဝါဒ ၁၃၄
၄–အဘူတိကဝါဒ ၁၃၇

၇ဌဝါဒ

၁–ဒိဋ္ဌေဒိဋ္ဌမတ္တံ ၁၄၀
၂–ဂါ မစ္စံလမ်းအံ့ ၁၄၂
၃–ဆင်းရဲ၏အဆုံး ၁၄၇
၄–အကြောင်းအမြွက်အားဖြင့် ၁၄၉
၅–မဟာဘုတ်ချုပ်ရာ ၁၅၁
၆–ခုနစ်ရက်အတွင်း ၁၅၄
၇–တကြောင်းတည်းသောခရီး ၁၅၆
၈–အခြင်းအရာ အပြားအားဖြင့် ၁၅၇
၉–သုညကထာ ၁၅၉
၁၀–အရမ်းမယုံလင့် ၁၆၀

၈ထရဝါဒ

၁–ချုပ်ခြင်း နိဗ္ဗာန ၁၆၁
၂–နိဗ္ဗာန် ရခြင်း ၁၆၂
၃–နိဗ္ဗာန် ချမ်းသာ ၁၆၂

၄–ထိုးထွင်းသိခြင်း ၁၆၃
၅–ကေန် ချမ်းသာအတိ ၁၆၆
၆–နိဗ္ဗာန်၏ အဆင်း သဏ္ဌာန် ၁၇၀
၇–နိဗ္ဗာန် မျက်မှောက်ပြုပုံ ၁၇၅
၈–နိဗ္ဗာန်၏ တည်ရာ ၁၇၈
၉–နိရောဓ နိဒ္ဒေသ ၁၈၀
၁၀–နိဗ္ဗာန ကထာ ၁၈၃
၁၁–နိဗ္ဗာန် အပြား ၁၈၉

အာစရိယဝါဒ

၁–သင်္ဂြိုဟ်အဖွင့် ၁၉၁
၂–နိဗ္ဗာန်နှစ်ပါး အယူအဆ ၁၉၄
၃–ဂမ္ဘီရနိဗ္ဗာန် ၂၀၅
၄–အနိမ့် - အမြင့် ၂၀၇
၅–အကျွတ်တရား ၂၁၀
၆–ကိလေသာ ပယ်မှု ၂၁၂
၇–အကျွတ်နိဗ္ဗာန် ၂၁၃
၈–ဉာဏ်ပွင့်ရာပါသည် ၂၁၄
၉–ဓာတု နိဗ္ဗာန် ၂၁၆
၁၀–နိဗ္ဗာန် ရှေ့ပြည် ၂၁၇
၁၁–ကြွေး ကိုးဆယ် ၂၁၈
၁၂–ထမီကြားက နိဗ္ဗာန်စကား.... .... ၂၂၂

၁၃–ငါ့မကြိုက်ပါနှင့် ၂၂၄
၁၄–နှုတ်ဆက်ပါရစေဦး ၂၂၆
၁၅–နိဗ္ဗာန် မလိုချင်သေး ၂၂၉

မဟာယာန

၁–ဂိုဏ်းဂဏမျှား ၂၃၃
၂–မဟာယာန သုတ္တန် ၂၃၆
၃–ဂိုဏ်းကြီး လေးခု ၂၄၅

ဝေဘာသိက

၁–ဗဟိဒ္ဓ ပစ္စက္ခဝါဒ ၂၅၄
၂–စာပေ ပိဋကတ် ၂၅၈
၃–ကျမ်းဆရာများ ၂၆၅
၄–ဓမ္မ သဘာဝ ၂၆၈
၅–သင်္ခတနှင့် အသင်္ခတ ၂၇၁
၆–အခါကာလ ၂၇၅

သုတ္တန္တိက

၁–ဗဟိဒ္ဓါ နုမေယျဝါဒ ၂၈၀
၂–ကျမ်းဆရာများ ၂၈၁
၃–အယူအဆ ၂၈၅

ယဝဂါစရိ

၁— ဝိညာဏ ဝါဒ ၂၉၀
၂— ကျမ်းဆရာများ ၂၉၁
၃— အယူအဆ ၂၉၉

မဗ္ဗမိက

၁— သုညဝါဒ ၃၀၄
၂— ကျမ်းဆရာများ ၃၀၆
၃— အယူအဆ ၃၁၀

၁—နိဂုံး ၃၂၂

.....

လမ်းခရီးအားလုံးတို့တွင် အင်္ဂါ ရှစ်ပါးရှိသော

လမ်းသည် အမြတ်ဆုံးဖြစ်၏၊သစ္စာ အားလုံးတို့တွင် အရိယ သစ္စာ လေးပါးသည် အမြတ်ဆုံး ဖြစ်၏၊ သဘောတရား အားလုံးတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏၊ ခြေနှစ်ချောင်းရှိသူတို့တွင် ဗုဒ္ဓသည် အမြတ်ဆုံးဖြစ်၏။

ဤအင်္ဂါရှစ်ပါးရှိသော လမ်းသည် သာလျှင် ညာဏ်အမြင် စဉ်ကြယ်ရန်အတွက်လမ်းမှန် ဖြစ်၏၊ ဤလမ်းမှ တပါးသော လမ်းမရှိပြီ၊ ထိုကြောင့် သင်တို့သည် ဤလမ်းကိုသာ သွားကြလော့၊ ဤလမ်းမှန်သည် မာရ်မင်း မမြင်နိုင်သော လမ်းဖြစ်၏။

သင်တို့သည် လမ်းမှန်ကိုသွားကြပါလျှင် ဆင်းရဲအဆုံးကို ပြုကြရမည်၊ ငါသည် ရာဂ စသော ဆူးငြောင့်ကင်းသော လမ်းမှန်ကို ကိုယ်တိုင်သိ၍ သင်တို့အား လမ်းမှန်ကို ညွှန်ကြားအပ်ပြီ။



ပဏာမ

ဝမ္မဒါန

ဗုဒ္ဓံ သရဏံ ဂစ္ဆामိ,
ဓမ္မံ သရဏံ ဂစ္ဆာမိ,
သင်္ဃံ သရဏံ ဂစ္ဆာမိ။

နိကာယ် ငါးရပ်တွင် ပဌမဆုံးသော နိကာယ်မှာ ခုဒ္ဒက နိကာယ် ဖြစ်၏၊ ခုဒ္ဒက နိကာယ် ဟူသည် အငယ်ဆုံးသော နိကာယ် ဖြစ်၏' ယင်း နိကာယ်တွင် ကျမ်းပေါင်း ငါးကျမ်း ပါဝင်ရာ ပဌမဆုံး ကျမ်းမှာ ခုဒ္ဒကပါဋ္ဌ ဖြစ်၏၊ ခုဒ္ဒကပါဋ္ဌ ဟူသည်မှာလည်း အငယ်ဆုံး ဖတ်စာ ဖြစ်၏၊ ယင်းတွင်လည်း ၉-ခန်း ပါဝင်ရာ ဤ သရဏဂုံ သုံးပါးမှာ ရှေ့ဆုံးက ဖြစ်၏၊ ယင်း သုံးပါးကို

ပါရမီတော်ခန်းပျို့တွင် ရှင်သီလဝံသက "နှစ်ဆဲ့လေးလုံး စဲ့သုံး အကွာရာ သရုဏာဟု ဦးစွာရှတ်ဘိ သာဝတ္ထိဖြင့် သိဒ္ဓိမင်္ဂလာ၊ တင်ပြီးစွာသား—"ဟု ဖွဲ့ဆိုလေသည်။

ထိုနောက် ထင်ရှားစေလိုသည်မှာ ကျေးဇူးစကားဖြစ်၏၊ ငါးရာ့ငါးဆယ် ဇာတ်ပင်လယ်မှ ခတ်သွယ်ရဟတ် ရေ့နှယ်လွှတ်သား နိပါတ် ဝိသတိ ဟတ္ထိပါလ ဇာတကတွင် ဗာရာဏသီ ပြည်ကြီးရှင် ဘုရင် သေ့ကာရီ မင်းကြီးက သားတော် ဟတ္ထိပါလအား မိမိ၏ ထီးမှေ့ နန်းရံ ဆက်ခံရန် တိုက်တွန်း၏—

"သူတော်ကောင်းတို့ ကျင့်ဟောင်းကျင့်လမ်း ကျင့်မြဲတမ်းဖြင့် မှည့်ရွမ်းပျော်ပြီး ကြေ့လှုံးသည့် သစ်သီးပမာ အိုမင်းစွာ၍ မွေ့ခါ ရောက်သ မောင့်မိဘကို ကဲ့ဆဆယ်ပြန် ချစ်အားလွန်၍ တဖန် မွေ့တုံ့ မွေ့ပါလော့, မေတ္တာရှေးတုံ့ ရှေးပါလော့, မြတ်နိုး လေးတုံ့ လေးပါလော့, ချစ်ဇောပြေးတုံ့ ပြေးပါလော့"

ထိုအခါ ဟတ္ထိပါလ မင်းသားက ပြန်ကြား၏—

"မိကိုညာက ဘကိုလက်ဝဲ ကိုင်စဲ့ချိုလျက် ပခုံးထက်ဝယ် အသက်ဆုံးအောင် မြတ်နိုးဆောင်၍ အခေါင်အဖျား လုပ်ကျွေးငြားလည်း မွေ့ဘွားပိုက်ကျ။ ရှေးတင်ဘူးသည့် ကျေးဇူးလှယ်ပြိုင် မဆယ်နိုင်ခဲ့ ရောက်တိုင်မင်ဖိုလ် ကုသိုလ်တရား ကြားစပေမှ တုံ့ချေရဟု လောကတမ်းခွန် ပုဂ္ဂိုလ်မှန်တို့ ဟောညွှန်နည်းမှီး တောထွက်ပြီး သော် ပွားစီးပညာ ဒေသနာဖြင့် မာတာ-ပိတု သင်ဂြိုဟ်မှုကို ပြုအံ့ မန္ဒံ ကောင်းအားသံသည် ကောင်းကြံအပြည့် အဖြိုးတည်း"

သားသမီးတို့က အမိ အဘတို့အား မွေ့တုံ့ မွေ့လ့ဲ, ကျွေးတုံ့ ကျွေးလ့ဲ, ပေးတုံ့ ပေးလ့ဲ—ကျေးဇူးဆပ်ခြင်းနှင့် ပတ်သက်၍ ဟတ္ထိပါလမင်းသား၏ ယုံကြည်မှု ခံယူချက်ကို ရှင်ရဋ္ဌသာရ ပုဂ္ဂိုလ်

ကျော်က စတုမ္မသာရခေါ် ကိုးခန်းပျို့၌ စပ်ဆိုချက် ဖြစ်၏၊ သူသည် ဇာတ်တော်၏ အာဘော်ကိုသာ ထုတ်ဖော် စပ်ဆိုခြင်း မဟုတ်ချေ၊ ကိုယ်တိုင်လည်း ဤသဘောတရားကို ယုံကြည်ဟန် တူသည်၊ ဟတ္ထိပါလသည် ဗာရာဏသီ ပြည်ကြီးရှင် ဘုရင် သေကာရီ မင်းကြီး၏ မြေးစားသား ဖြစ်၏၊ ထိုအတူ ရှင်ရဋ္ဌသာရလည်း အင်းဝ ပြည်ကြီးရှင် ဘုရင် မင်းခေါင်၏ မြေးစားသား ဖြစ်၏၊ ဟတ္ထိပါလသည် သူ၏ မိဘကို တောထွက်ကာ တရားဟောခြင်းဖြင့် ကျေးဇူး ဆပ်သကဲ့သို့ ရှင်ရဋ္ဌသာရလည်း သူ၏ မိဘကို ရှင်ရဟန်ပြုကာ စတုမ္မသာရ တရား ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်လေသည်—

"နန်းထက်သမီး စောင့်သီး သီလ ဒါနဖြည့်ဆည်း ရှင်နှစ်တည်းက ခမည်းတော်မင်း မယ်တော်နှင်းသား အရင်းအချာ ငါ့တကဲ့နှင့် ငါသာရဟန်း လူဝယ်ထွန်းသို့ ရှင်ပန်းမည့်သူ လွန်မြတ်နိုးလျက် မင်းစိုးဆွေစုံ ရှေဘုံပျော်ညောင်း ဗိမာန်ပြောင်းလည်း ဇာတ်ခေါင်းပြီးချုပ် စာကိုးအုပ်ဖြင့် ကုပ်ထုပ်ပိုက်ပိုက် သင်ကြိုဟ် လိုက်၏၊ တိုက်ရိုက်နတ်နား ကြားပါလေ၍ နာစေခလို တောင့်တ ဆိုသည် ကုသိုလ်ဝေဌ ဆင့်လောင်းတည်း"

မာတာ-ပိတု ဂုဏော အနန္တော—မိဘ၏ ဂုဏ်ကျေးဇူးကား အဆုံး အပိုင်းအခြား မရှိချေ၊ လွန်စွာ ကြီးကျယ် မြင့်မြတ်လှပါ၏၊ အဘယ်မျှကြီးသနည်းဟူမူ အမိကို ညာဘက် ပခုံးပေါ်, အဘကို ဘယ်ဘက် ပခုံးပေါ် တင်ပြီး တသက်လုံး အမြတ်နိုးဆုံးဖြင့် လုပ်ကျွေးသမျှ ပြုစောကာမူ မြေးဖားပိုက်ကျူး ရေးတင်ဘူးသည့် ကျေးဇူးလှယ်ပြိုင် မဆပ်နိုင်ချေ၊ ဤမျှ ကျေးဇူးကြီးဘိ၏၊ သို့ဖြစ်လျှင် ငါတို့သည် သူတို့ ကျေးဇူးကို ဘယ်ပုံ ဆပ်မည်နည်း၊ ဤစကားနှင့်

ပတ်သက်၍ သင်္ဂီတ ဆရာတော်၏ စကားပုံ တခုကို ထုတ်ဆောင်ချင်ပါသည်—

တရုံသော အခါ ပဉ္စမ သံဂါယနာတင် ဘဝရှင် မင်းတရားကြီးသည် သင်္ဂီတ ဆရာတော်ကို ပင့်၍ ဘောဇဉ် ဆွမ်းတို့ဖြင့် လှူဒါန်း ဆက်ကပ်၏၊ ဆွမ်း ဘုဉ်းပေးပြီးသော အခါ သင်္ဂီတ ဆရာတော်သည် ဆွမ်း အနုမောဒနာအဖြစ် မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်ရောက်ကြောင်း တရားကို ဟောကြားတော်မူ၏၊ မင်းကြီးသည် တရားတော်ကို ကောင်းစွာ နာကြားပြီးနောက် လျှောက်ကြား၏—

"ယခု အရှင်ဘုရား ဟောကြားတော်မူသော မဂ္ဂင် ရှစ်ပါး တရားမှာ အလွန်တရာ ကောင်းပါသည်၊ သို့ရာတွင် တရားတော်၏ နက်နဲ ခက်ခဲခြင်းကြောင့် နှလုံး မသွင်းနိုင်သည့် အတွက် စိတ်ပျက်ပျက် သွားပါသည်၊ ဟောတိုင်းသာသိမည်ဆိုလျှင် တကာတော် နိဗ္ဗာန် ရောက်သင့်ပြီ"

ထိုအခါ ဆရာတော်ဘုရား မိန့်ကြားတော်မူ၏—

"တကာတော် ပုထုဇဉ်တို့၏ သဘောသည် ဟောတိုင်း မသိမမြင်၊ သို့ရာတွင် ကြည်လင်သော ယောနိသော မနသိကာရဖြင့် မှတ်သား နာယူပါလျှင် အာနိသင် အကျိုး တက်တိုး ပွားများ စာဘဝထက် တဘဝအားဖြင့် ကြီးမား ရင့်သန်သော အဖြစ်သို့ စင်စစ် ရောက်နိုင်ရာသည်၊ သဘာဝတ္ထုကို ကျနအောင် မှသိလို့ မကြားနာဘဲ နေပါလျှင် ဘယ်အခါ ဘယ်ဘဝမှ သိတော့မည် မဟုတ်၊ တကာတော် လျှောက်ထားသော စကားမှာ ပန်းအိုင်သား ငြိမ်းက မိန်းမကို ပြောသလို နေချေပြီ"

"ပန်းအိုင်သား ငြိမ်းက မိန်းမကို ဘယ်သို့ ပြောပါသလဲ"

ပန်းအိုင်ရွာက ငြိမ်းဆိုသူ၏ အိမ်၌ ကြက်သားဟင်း ချက်၍ စားရာ မယား မိကြွယ်က တအိမ်၌နေသော မိဘများကို ပေးမည်ဟု ဟင်း တခွက် ခပ်၍ ထား၏၊ ငြိမ်းက မြင်လျှင်—"ဤတွင် ခပ်၍ ထားသော ကြက်သားဟင်းသည် မည်သူ၏အတွက်နည်း-"ဟုမေး၏၊ "အမေတို့ ပေးရအောင် ခပ်ထားပါသည်—"ဟု မယားက ပြော လေသော် ငြိမ်းက သဘော မကျ၍ ပြောပြ၏—

"ဟဲ့ ရှင်မရဲ့ မြင့်မိုရ် တောင်ဦး မကကျူးသည့် ကျေးဇူးတွေ အနန္တ ရှိကြကုန်သော မိဘ နှစ်ပါးကို ကြက်သားဟင်း တခွက် ပေးဘူးရုံမျှနှင့် ကျေးဇူးဂုဏ် အနန္တ ကျေနိုင်ပါ့မလား၊ မကျေတဲ့ အတူတူ ချန် မထားနှင့် စားသာ စားပစ်—"လို့ ဆိုသတဲ့ တကာ တော်ရဲ့၊ ဤအတူ ယခု တကာတော်မှာလဲ တရားတော် ခက်ခဲလို့ မနာနိုင်သဖြင့် ပန်းအိုင်က ငြိမ်းလို ရှောင်တိမ်း၍ ပြောရော့လား ဟူသတတ်။

"ရောက်တိုင်မင်ဖိုလ် ကုသိုလ်တရား ကြားစပေမှ တုံ့ချေရ-ဟု" ရှင်ရဋ္ဌသာရ မိန့်ကြား၏၊ ဓမ္မတရား ဟောကြားခြင်း သို့မဟုတ် ဓမ္မဒါန ပြုခြင်းဖြင့်သာ ကျေးဇူး ဆပ်နိုင်သည်၊ မြတ်စွာဘုရားလည်း ဓမ္မဒါန တရားကို ဟောကြားတော်မူခဲ့ဘူးသည်။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ သိကြားမင်းသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍—"ဒါနတွင် အဘယ် ဒါန လွန်ကဲပါသနည်း၊ အရသာတွင် အဘယ် အရသာ လွန်ကဲ ပါသနည်း၊ မွေ့လျော်ခြင်းတွင် အဘယ် မွေ့လျော်ခြင်း လွန်ကဲ ပါသနည်း၊ ဆင်းရဲ ခပ်သိမ်းကို အောင်နိုင်သည်ကား အဘယ် တရားပါနည်း—"ဟု ပြဿနာ လေးပါး လျှောက်ထား၏၊ ဘုရား ရှင်သည် ထိုပြဿနာကို ဖြေကြားတော်မူ၏—

ခပ်သိမ်းသော အလှကို တရားတည်းဟူသော အလှသည် အောင်၏၊ ခပ်သိမ်းသော အရသာကို တရားတည်းဟူသော အရသာသည် အောင်၏၊ ခပ်သိမ်းသော မြူလျော်ခြင်းကို တရားသဖြင့် မြူလျော်ခြင်းသည် အောင်၏၊ တဏှာ၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သည် ခပ်သိမ်းသောဆင်းရဲကို အောင်၏။

ငါတို့ အတွက် ခက်နေသည်ကား ဓမ္မကို တန်ဖိုး မထားဘဲ ဓနကို တန်ဖိုး ထားနေကြခြင်းဖြစ်၏၊ မိဘတို့ကလည်း ဓမ္မဒါန ပြုသူထက် ဓနဒါန ပြုသူကို လေးစား မြတ်နိုးသည်၊ မိမိသည် သောရာ ညောင်စောင်းတွင် လဲလျောင်းနေသော မိတ်ဆွေ တဦးထံ ဓမ္မလက်ဆောင် ပေးရန် ကြိုးကြိုး စားစား သွားဘူး၏၊ သူ၏ အသက်သည် ရက်ပိုင်း အတွင်းသာ ရှိ၏၊ မကြာမီ ရက်အတွင်းမှာ နောက်ဆုံး အိပ်ခြင်းဖြင့် အိပ်တော့မည်ကို သူကိုယ်တိုင် သိနေပြီး ဖြစ်၍ မျက်ရေစဖြင့် ပြောပြ၏—

"ကိုယ်တော့ ဒီတောင်ကို ကျော်နိုင်တော့မယ် မထင်ဘူး၊ ကိုယ့်အသက်ဟာ တဝက်တောင် မရှိတော့ဘူး၊ သိပ် အားနဲနေပြီကွယ်"

"ဘယ်လိုလဲ ကိုယ့်လူ မောင်ရင်ဟာ စစ် မရောက်မီက သံပဟိုးစုံး ဘက်မဲ့ကြုံးပြီး စစ်လဲ ရောက်ရော လက်မြောက်တဲ့ စစ်သူကြီး လိုပါလား၊ မိကျောင်းမင်း ရောင်းပြဘို့ မလိုသော်လဲ မောင်ရင့်ကိုတော့ မသေခြင်းကို ပြုရအုံးမယ်—"

"အပ္ပမာဒေါ အမတံ ပဒံ = **မတ** ကသေဒါ, **အမတ** ဆိုတော့ မသေဒါ၊ သက္ကတ ဗြာဟ္မဏ ဝါဒလို အမြိုက်, ပါဠိ ဗုဒ္ဓ ဝါဒလို နိဗ္ဗာန်ကို **အမတ**လို့ ခေါ်တယ်၊ မမေ့ မလျော့သူဟာ မသေသော

အမတ=အမြိုက်=နိဗ္ဗာန်ရဲ့ အကြောင်းတဲ့၊ ကိုယ်လူ အဲဒီ ပါဠိကို သေသေ ချာချာ ပြန်ပြီး စဉ်းစား ကြည့်စမ်းပါ၊ စဉ်းစားတတ်လျှင် ကိုယ်လူ ဘယ်တော့မှ မသေနိုင်ဘူး၊ မစဉ်းစားတတ်လျှင်တော့ သေမှာဘဲ”

“ပမာဒေါ် ပစ္စုပ္ပန် ပဒံ = မေ့လျော့ခြင်းဟာ သေခြင်း အကြောင်းဘဲ၊ မေ့လျော့ခြင်းနဲ့ မစဉ်းစားတတ်ခြင်းဟာ အတူတူ ပါဘဲ၊ မေ့လို့ မစဉ်းစားတတ်သာ၊ မစဉ်းစားတတ်လို့ မေ့ဒါပါ၊ ဘုရား စကား အဘိုင်း ဆက်ပြောရလျှင် မမေ့ မလျော့သူတို့သည် သေသည် မမည်ကြ၊ မေ့လျော့ကုန်သော သူတို့သည် သေသူတို့ ကဲ့သို့တည်းတဲ့၊ ဒါကြောင့် ကိုယ်လူကို လက်ဆောင် ပေးရအောင် ကြိုးစားပြီး ကိုယ်လာခဲ့တယ်၊ တကယ်လို့ ဒီအချိန်မှာ ဒီလက်ဆောင် မပေးရလျှင် မိတ်ဆွေ ဝတ္ထုရားပျက်ကွက်မှာမို့....” ဟု နိဒါန်းပျိုးပြီး မိမိ ကောင်းစွာ ထိန်းသိမ်းထားသော လက်ဆောင်ထုပ်ကို ထုတ်ပေး လိုက်ပါသည်—

> ငါအား ရောဂါ ဝေဒနာ ဖြစ်ပေါ်လာသော် အမှတ် ရမှု ဖြစ်ခဲ့လေပြီ၊ ငါ၌ ရောဂါ ဝေဒနာ ဖြစ်ပေါ်၍ လာခဲ့ လေပြီ၊ ငါအား မေ့လျော့၍ နေခြင်းငှာ အချိန် အခါ မဟုတ်ပေ။

မိမိမှာ မိတ်ဆွေအား ဓနလက်ဆောင် ပေးရန် ဥစ္စာနေ မရှိချေ၊ အကြောင်းကား ဥစ္စာ ဓန ရအောင် ကြိုးကြိုး စားစား မပြုခဲ့ခြင်း ကြောင့်လည်း ဖြစ်မည်၊ အမြား အကြောင်း မညီညွတ်ခြင်းတို့လည်း ရှိကောင်း ရှိပေမည်၊ ဓမ္မ လက်ဆောင် ပေးနိုင်ရန် အတွက် အတော် မျိုးမျိုး မျက်မျက်ရှိ၍ ထေရဂါထာမှ ဥတ္တိယ မထေရ၏ နမူနာ— ယူပြီး မိတ်ဆွေအား ပေးခြင်း ဖြစ်၏၊ သို့ရာတွင် ရက်ပိုင်း အတွင်းမှာ

အပြီးတိုင် အိပ်ကော့မည်ဟု ကိုယ်တိုင် ဆုံးဖြတ်ပြီးသော မိတ်ဆွေသည် မိမိ၏ လက်ဆောင်ကို ခံယူ၍ မသွားချေ၊ မိမိ ဓမ္မ လက်ဆောင်ကို ယူအုံ့ ဆဲဆဲတွင် ဓနလက်ဆောင်ကို ကောင်းစွာ ပေးနိုင်သူများ ရောက်လာ၍ ထိုလက်ဆောင်ဘက်သို့ စိတ်ရော ကိုယ်ရော ရောက်သွား၏။

"အို မြတ်စွာဘုရား အရှင်၏ သာယာ နာပျော်ဖွယ် ကောင်းသော တရား စကားတို့ကို ကြားနာရသူတို့သည် ကုသိုလ်ကံ ကောင်းလှပါ၏၊ ထိုထက် လိုက်နာ ကျင့်သုံးသူတို့မှာ သာ၍ ကံကောင်းလှပါသည်၊ အရှင်၏ တရားစကားတို့မှာ လွန်စွာ တည့်ကျ မှန်ကန်လှပါ၏၊ အို ဗုဒ္ဓ, အို တထာဂတ သူ့ဘဝကို ဓနမှ ကယ်မတော်မူပါ—"ဟု တမ်းတရုံမှ တပါး အခြား ဘာမျှ မတတ်နိုင်ချေ၊ မြတ်စွာဘုရားလည်း ဟောကြားတော်မူခဲ့၏-

ဘောဂ စည်းစိမ်တို့သည် ပညာမဲ့သူကို သတ်ကုန်၏၊ ထို ဥစ္စာတို့ဖြင့် ထိုမှာဘက်ကို ရှာသူတို့ မဖြစ်ကုန်၊ ပညာမဲ့သူသည် ဘောဂ တဏှာဖြင့် သူတပါးတို့ကို သတ်သကဲ့သို့ မိမိ ကိုယ်ကို သတ်၏။

ထိုမှာဘက်မှာ နိဗ္ဗာန် ဖြစ်၏၊ ဘဝ သံသရာ၏ တဘက်ဟု ဆိုလိုခြင်း ဖြစ်၏၊ ဘဝ သံသရာမှာလည်း ဘောဂ တဏှာပင်ဖြစ်၏၊ ငါတို့သည် ယင်းတဏှာဖြင့် ဘဝ သံသရာတွင် ကျင်လည်ကာ အခါခါ သေနေကြသည်၊ ဘောဂ တဏှာဖြင့် မိမိ ကိုယ်ကို သတ်နေကြသည်၊ ယင်းသဘောတရားကို မေ့လျော့၍ သေကြသည်၊ မမေ့မလျော့လျှင် မသေနိုင်ချေ၊ ခက်သည်မှာ ငါတို့သည် သူတပါး အတွက်သာ တရားဟောသူများ ဖြစ်ကြသည်၊ ကိုယ်တိုင် ကျင့်သူ ရှားလှပေရာ ရာထူး ဂုဏ်သိမ် စည်းစိမ် ချမ်းသာ ရရေးအတွက်

လက်နက် သဖွယ် အသုံးပြုဘိမူကား အလွန်တရာ စက်ဆုပ်စရာ ဖြစ်ပေမည်။

မြတ်သော ဥစ္စာ

ဓနဝါ ဗလဝါ လောကေ ဓနေန ဘာဝတိ ပဏ္ဍိတော— လောကဌ် ဓနသည် ဗလ ဖြစ်၏၊ ဓနဖြင့် ပဏ္ဍိတ ဖြစ်၏၊ ဓန မရှိလျှင် ပဏ္ဍိတမူလည်း ဗာလ ဖြစ်၏၊ ထိုကြောင့် ငါတို့သည် ဓနနှင့် ပြည့်စုံရန် အမှန်ပင် လိုပေသည်၊ ရန်ကုန်မြို့တွင် အထက်တန်း ပုဂ္ဂိုလ်ကြီးတို့ စုဝေးရာဖြစ်သော ဓမ္မရိပ်သာကြီး တခု၏ အကျိုးဆောင်က—"ရန်ကုန်မှာ အထက်တန်းစား ဖြစ်ချင်လျှင် မော်တော်ကား ကောင်းကောင်း စီးလာပြီးတော့ ငွေတထောင်လောက် အကုန်ခံပြီး ဆွမ်းကျွေး—"ဟု အကြံ ပေးဘူး၏၊ စင်စစ် ရန်ကုန်မှာသာ မဟုတ်ပါ၊ နေရာ တကာမှာ ဤသို့သာ ဖြစ်နေပေမည်၊ ထိုစဉ်အခါက တရား အားထုတ်ယင်း အာဏာရှိသူ ဥစ္စာရှိသူတို့နှင့် သိကျွမ်း ခင်မင်ပြီး သုံးမကုန် ဖြုန်းမကုန်အောင် ပစ္စည်း ဥစ္စာ ကြွယ်ဝသောသူတို့ ယနေ့တိုင် အများ အပြား ရှိနေသေးသည်၊ ဓန အတွက် ဓမ္မကို အသုံးချခြင်းဖြစ်၍ စက်ဆုပ်ဖွယ် ကောင်းလှပါသည်၊ ဓမ္မ အတွက် နေကို အသုံးချဘိမူ ကောင်းလေစ၊ အထူးသဖြင့် ဓမ္မတည်းဟူသော ဓနက ပို၍ ကောင်း၏၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက အာဠဝကဟု အမည်ရှိသော ဘီလူးမင်းသည် ဓန အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားဘူးသည်—

"ဤလောကဌ် လူ၏ မွန်မြတ်သော ဓနကား အဘယ်နည်း—"

"ယုံကြည်မှုသည် လူ၏ မှန်မြတ်သော ဓနဖြစ်၏-"ဟု မြတ်စွာဘုရား ဖြေကြားတော်မူ၏။

ပစ္စည်း ဥစ္စာသည် လူ၏ မှန်မြတ်သော ဓန မဟုတ်ချေ၊ မမြတ်သော ဓန ဖြစ်၏၊ မှန်မြတ်သော ဓနမှာ ယုံကြည်ခြင်း ဖြစ်၏၊ တနည်း-မှန်မြတ်သော လူ၏ ဓနမှာ ယုံကြည်ခြင်း ဖြစ်၏၊ လူယုတ်၏ ဓနမှာ ပစ္စည်း ဥစ္စာ ဖြစ်၏၊ သက္ကတ ဘာသာ ဇာတ်တော်တို့တွင် သူတော် သူမြတ်တို့ကို 'တပေါဓန-'ဟု ခေါ်ဝေါ်လေ့ရှိ၏၊ သူတို့၏ ဥစ္စာ ဓနမှာ အကျင့် တပဖြစ်၏၊ အကျင့် တပသာလျှင် ဥစ္စာ နေရှိသူဟု ဆိုလို၏၊ ယုံကြည်ခြင်း ဓနနှင့် မထူးလှချေ၊ ပါဠိ စာပေတွင်လည်း သူတော်ကောင်းဥစ္စာ ခုနစ်ပါးရှိ၏။

ဟိရိ ကျောင်ရေ၊ သြတ္တပ် ရှေနှင့်
နှုံမေ့ ကြားပုံ၊ ခက်ရုံ သန္တာ
သဒ္ဓါ မျက်မြ၊ သီလ ပုလဲ
စွန့်ကြဲ ဒါန၊ စာဂ မဏိ
ဗုဒ္ဓိ ဝရဇိန်၊ တောက်ထိန် ခုနစ်ပါး
ဥစ္စာများကို၊ သူ့အား ဝေဌ
ဥာဏ သူဌေး၊ ဥာဏ်လှူပေး၍

ရှင်ရဋ္ဌသာရကား ကဗျာဆရာ ဖြစ်၍ သူတော်ကောင်း ဥစ္စာခုနစ်ဖြာ တည်းဟူသော တပေါဓနကို ရူပက အလင်္ကာတို့ဖြင့် တန်ဆာဆင် သွား၏၊ အာဠာဝက ဘီလူး မေးလျှောက်ချက်ကို ဖြေဆိုသော သူတော်ကောင်းတို့၏ ဓနမှာ ယုံကြည်ခြင်း သဒ္ဓါ ဖြစ်၏၊ သဒ္ဓါကို ကျောက်မျက် ရတနာ မြနှင့် နှိုင်းယှဉ် ထား၏၊ စကြာမင်း၏ မြရတနာသည် နောက်ကျသော ရေကို ကြည်လင်

စေ၏၊ ထိုအတူ ယုံကြည်ခြင်း သဒ္ဓါသည် အကုသိုလ်တို့ဖြင့် နောက်ကျနေသော စိတ်ကို ကြည်လင်စေ၏၊ ကြည်လင် သန့်ရှင်း မှုလည်း ယုံကြည်ခြင်း ဖြစ်မည်၊ ယုံကြည်ခြင်း၏ ဆန့်ကျင်ဘက်မှာ နောက်ကျခြင်း ယုံမှား သက်သေပင် ဖြစ်၏၊ မြတ်စွာဘုရားသည် ဥရုဝေလ ကဿပအား-"သင်္ဘာ မကင်း ယုံမှားခြင်း မလွန်နိုင်သော သတ္တဝါကို အကျင့် တပတို့ဖြင့် မသုတ်သင် မ့စင်ကြယ်နိုင်၊ စင်စစ် သော်ကား ဝိစိကိစ္ဆာ ငြောင့်ကို နှုတ်ပယ် ပိုင်းဖြတ်၍ ဓမ္မတရား တို့၌ လုံ့လ ပြုသူသာလျှင် အမြတေ၏ အဘိုပေတည်း-" ဟု ဟောကြားတော်မူ၏၊ မယုံ မကြည်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော သဒ္ဓါ ယုံကြည်ခြင်းသည် အမြိုက် နိဗ္ဗာန်သို့ ရောက်ကြောင်းပင် ဖြစ်၏၊ ယင်း ယုံ ကြည်ခြင်း သဒ္ဓါသည်သာ လူ၏ မှန်မြတ်သော ဥစ္စာ ဖြစ်၏၊ ထိုနောက် အာဠာဝက ဘီလူးမင်း ဆက်လက် မေးလျှောက်ပြန်သည်။

"အဘယ် အလုပ်မျိုးကို လုပ်ပါလျှင် ချမ်းသာမည်နည်း"

လူအများ လိုလား တောင့်တသော ပြဿနာ တရုပ်ပင် ဖြစ်၏၊ လူသည် ဓနကိုလည်း လိုချင်၏၊ သုခကိုလည်း လိုချင်၏၊ ဓနကိုပင် သုခ ဟု တင်စားခေါ်၏၊ ဥစ္စာဓန ပေါကြွယ် ဝသူကို သူဌေး သူကြွယ် လူချမ်းသာဟု ခေါ်သည် မဟုတ်ပါလော၊ သို့ရာတွင် ဓနရှိတိုင်း သုခ မဖြစ်၍ ဘီလူးက ချမ်းသာရေး အတွက် ဘယ်လို လုပ်ရမည်နည်းဟု မေးခြင်းဖြစ်၏။

"တရားဓမ္မ ကျင့်သဖြင့်သာလျှင် ချမ်းသာ သုခ ရနိုင်၏"

မြတ်စွာဘုရား၏ အဖြေမှာ 'ဓမ္မံ စရေ–'ဖြစ်၏၊ 'တပံ စရေ' မဟုတ်ချေ၊ တရား ကျင့်ရမည့် အစား တပကို ကျင့်မိကလည်း

သုခ မရှာ ဒုက္ခ ရောက်မည် စိုးရ၏၊ ရှေ့တွင် ဓမ္မနှင့် တပ အကြောင်း ကောင်းစွာ တွေးရပါလိမ့်မည်။

"လောကဌ် အလုံးစုံတို့ထက် အချိုဆုံးသည် အဘယ်နည်း"

ယင်း သည်လည်း လူ့အကြိုက် ဖြစ်၏၊ လူသည် အချိုကို ကြိုက်သည်၊ အချဉ်, အခါးတို့ကို မကြိုက်ပေ၊ မုန်းစရာ ကောင်း သူကို ချဉ်သည်ဟု ဆိုသည်၊ မနှစ်သက်သော စကားကို ခါးသည်ဟု ဆိုသည်၊ ချစ်စရာ ရုပ်ရည်နှင့် စကားကို ချိုသည်ဟု တင်းစားကြ၏၊ သူ့မျက်နှာ ချိုသည်၊ သူ့ စကား ချိုသည် စသည်ဖြင့် အချိုကို နှစ်လိုစွာ ဆိုကြ၍ ဘီလူးက အချိုတကာ့ အချိုဆုံးကို မေးလျှောက်ခြင်း ဖြစ်၏။

"သစ္စ ဝါစာသည် လောကဌ် အချို တကာ့ အချိုဆုံး ဖြစ်၏"

သစ္စာမှာ လောက သစ္စာလည်း ရှိသည်၊ ပရမတ္ထ သစ္စာ ဟုလည်း ရှိသည်၊ ဘယ်သစ္စာ မဆို ချိုသည်။

"အဘယ်သို့ အသက်မွေးခြင်းကို မြတ်သော အသက်မွေးခြင်းဟု ခေါ်ပါသလဲ"

"ဉာဏ်ပညာဖြင့် အသက်မွေးခြင်းကို လောကဌ် မြတ်သော အသက်မွေးခြင်းဟု ခေါ်ဆို၏"

"အဘယ် သို့လျှင် ဘဝ အယဉ်ကို ကျော်လွန်နိုင် မည်နည်း၊ အဘယ်သို့လျှင် ဘဝ သမုဒြာ၏ တဘက်သို့ ရောက်နိုင်မည်နည်း၊ ဒုက္ခမှအဘယ်ပုံ လွတ်မြောက်၍ အဘယ်သို့လျှင် စင်ကြယ်မည်နည်း"

ယုံကြည်မှုဖြင့် ဘဝအယဉ်ကို ကျော်လွန်နိုင်၏၊ မမေ့လျှော့ခြင်းဖြင့် ဘဝ သမုဒြာ၏ တဘက်သို့ ရောက်နိုင်၏၊ လုံ့လ ဝီရိယဖြင့် ဒုက္ခမှ လွတ်မြောက်၍ ပညာဖြင့် စင်ကြယ်နိုင်၏"

ငါတို့သည် ဘီလူး ဆိုသဖြင့် အာဌာဝကကို အထင်သေးခြင်း မဖြစ်ချေ၊ သူ၏ မေးခွန်းတို့မှာ ငါတို့နှင့် အထူး ပတ်သက်နေသည်၊ သူသည် ငါတို့အတွက် လွန်စွာ အရေးကြီးသော ပြဿနာတို့ကို မေးခဲ့ပြီ၊ မြတ်စွာဘုရားလည်း သူ မေးလေတိုင်း ပိုင်နိုင်စွာ ဖြေကြားတော်မူ၏၊ အကယ်၍ ငါတို့သည် သဘောတရားကို စဉ်းစားတတ်သူတို့ ဖြစ်ပါက ဤမျှဖြင့်ပင် လုံလောက်ပေပြီ၊ မည်သို့ ဆိုစေကာ ငါတို့ နေရာ မကျသေးပါ၊ အရိပ် ပြရုံမျှဖြင့် အကောင်း မှတ်ထင်ကြပါ၊ ဤ အာဌာဝက ပြဿနာကို "မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ" တွင် ပြည့်စုံစွာ တင်ပြခဲ့ဘူးပါသည်၊ သို့ရာတွင် ဘာမျှ မထူးချေ၊ ဘယ်သူမျှ အနှစ် သာရကို တွေ့အောင် မရှာတတ်ကြ၍ ယခု တဖန် ဖွင့်ပြ နေရခြင်း ဖြစ်၏၊ မိမိသည် 'မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ' စာအုပ်တွင် အနုပညာကို ဦးစားပေး၍ ရေးခဲ့သည်၊ နက်ရှိုင်းသော သဘော တရားတို့ကို အနုပညာ သကြားဖြင့် အုပ်ဖုံးကာ အရောင်ခြယ်ပေး၏၊ လူတို့သည် အပေါ်က သကြားမျှသာ သာမန် လျှက်ကြည့်ပြီး ပေါ့ပေါ့ ဆဆ ထားလိုက်ကြသည်၊ အထဲက အနှစ် သာရကို မယူကြချေ၊ တပည့်တဦးကမူ- "ဒီစာအုပ်က ပေါ့တယ်ဆရာ-"ဟု မှတ်ချက်ချ၏၊ သူကား သကြား၏ အရောင်မျှသာ ကြည့်ဟန်တူသည်၊ စင်စစ် ငါတို့သည် စာဖတ်သူတို့သာ ဖြစ်ကြသည်၊ စာဖတ်တတ်သူများ မဟုတ်သေးချေ၊ အနုပညာ၏ အနှစ်သာရကို မသိသေးသူများ ဖြစ်ကြ၏။

"အဘယ်သို့လျှင် ပညာနှင့် ဥစ္စာ ဓန ရပါမည်နည်း၊ အဘယ်သို့လျှင် ချီးမွမ်းခြင်း ခံရမည်နည်း၊ အဘယ်ဖြင့် မိတ်ဆွေ ရမည်နည်း၊ အဘယ်သို့လျှင် သေခြင်းနှင့် သောက ကင်းမည်နည်း"

အဘယ်မျှ အရေးကြီးသော ပြဿနာတို့နည်း၊ လူတိုင်းအတွက် အလေး အနက် ဖြစ်နေသော ပြဿနာတို့ပင် ဖြစ်၏၊ ဘီးလူးကြီးက လူတို့ အတွက် မေးပေးသည်၊ ငါတို့သည် မိမိ အတွက် အရေးကြီးသော ပြဿနာကို ဘေးဘယ် ထားပြီး ဘီလူး ပြဿနာကို အချည်းနှီး ဖြေဆိုနေကြသည်၊ ဇာတ်လမ်းမှာ အနုပညာ သို့မဟုတ် အတုအပ အကာမျှသာ ဖြစ်၏၊ အနှစ် သာရမှာ ဤပြဿနာနှင့် အဖြေတို့ပင် ဖြစ်၏၊ ဘာကို မေး၍ ဘယ်သို့ ဖြေသည်ကို ဂရုပြု ရမည်၊ လေးလေး နက်နက် ဆက်၍ စဉ်းစားတတ်ကြရမည်။

"ပညာရှိတို့၏ စကားကို ကောင်းစွာ နာယူသူသည် ပညာ ရမည်၊ မပျင်း မရိုသူသည် ဉစ္စာဓနဿ ပေါ်ကြွယ်ဝမည်၊ မှန်ကန် သော သစ္စာစကား ပြောကြားသူသည် ချီးမွမ်းခြင်း ခံရ၍ ပေးကမ်း တတ်သူသည် မိတ်ဆွေရမည်၊ သစ္စာ ဓမ္မ ဝရိယ စာဂ ရှိသူသည် သေခြင်းနှင့် သောက ကင်းမည်"

ဤအဖြေကို မန်လည် ဆရာတော်က မယ ဒေဝတွင် ဤသို့ လက်ခံစပ်ဆိုထား၏—

ပညာရှိထံ၊ ရှိကြီးနှံ၍
နည်းခံသင်မှ—ပညာရ၏၊
ထကြွ ဝီရိယ၊ ဉဋ္ဌာနဖြင့်
လုံ့လရှိမှ—ဉစ္စာရ၏၊
မခွ နှုတ်လျှာ၊ မှန်ကန်စွာလျှင်
သစ္စာ တည်မှ—ကျော်စောရ၏၊
ကိုယ်က ဉစ္စာ၊ စွန့်လွှတ်ကာလျှင်
မေတ္တာရှေး၍၊ ပေးကမ်းတတ်မှ—
မိတ်ဆွေရ၏။

ငါတို့သည် ဤအချက် တို့ကို ဆက်လက်ပြီး မတွေးကြချေ၊ အကယ်၍ တွေးတတ်ပါက ဤအာဌာဝက ပြဿနာမှာ လူမှုရေး စာအုပ်ကြီး တအုပ် ဖြစ်နိုင်သည်၊ ပညာရေး, စီးပွားရေး, ကျေးရွာ စောထင်ရှားရေး, ပေါင်းသင်းဆက်ဆံရေး—ဟူသော အခန်း ကဏ္ဍကြီး လေးခုကို ဤမှာ လူထု၏ အတွေး အခေါ် အယူ အဆတို့နှင့် တင်ပြနိုင်သည်၊ လက်တွေ့ အထောတ် အထားတို့ဖြင့်လည်း တောက်ပွားနိုင်သည်၊ သို့ရာတွင် ဤလေးချက်သည် ငါတို့နှင့် **မပတ်သက်** သလိုပင် ငါတို့ နေရက်ကြသည်။

သစ္စာ ဓမ္မ၊ ဝိရိယနှင့်
စာဂ ဟူသည်၊ ရန်သူအောင်မှ
ကြောင်းလေးခု....

ဤစကား ကိုလည်း လူခပ်များများပင် ရွတ်ဆိုတတ်ကြသည်၊ ခက်သည်မှာ အနက်ကို မှတ်ကြခြင်း ဖြစ်၏၊ အကယ်၍ ငါတို့သည် သစ္စာ, ဓမ္မ, ဝိရိယ, စာဂ ရှိလျှင် သေခြင်းနှင့် သောက ကင်းကြမည်၊ သေခြင်းကို ကြောက်၍ သောက မရောက်ချင်ဘိမူ သစ္စာ, ဓမ္မ, ဝိရိယနှင့် စာဂ ရှိရမည်၊ ဤတရား လေးပါး ခေါင်းပါးက ဆက်၍ သေကြရဦးမည်၊ သောကရောက်ရပေဦးမည်၊ ဤဘေးရန်၏ ဒဏ်ကို ခံရပေဦးမည်၊ ငါတို့အကြောင်းကို မန်လည်ဆရာတော်ကြီး ကောင်းစွာ သိတော်မူသည်၊ ထိုကြောင့်—

"ဓမ္မ သဘော ဘယ်သို့ ပြောလည်း လိပ်ကျော ကြောင်ကော် ပြောင်ချော်ချော်နှင့် ပျော်တပြုံးပြုံး မော်မဆုံးဘဲ နှလုံး မယဉ်

ဥာဏ် မယှဉ်တည့် ပျိုစဉ်ယုတ်မာ အိုကာ ဆိုးဝါး....”ဟု မိန့်ကြားမ၏။

သို့ရာတွင် မိမိသည် လူအမျှားအတွက်ပင် ဤမမှုလက်ဆောင်ကို စီရင်ခြင်း ဖြစ်ပါသည်၊ ခံယူမည့်သူ အချို့ ရှိကောင်း ရှိလိမ့်မည်ဟု ယုံကြည်ပါသည်၊ မိမိသည် ဤစာအုပ်ကိုမူ သာဘောတရားရေးကိုသာ ဦးစားပေးမ၍ ရေးပါသည်၊ အနုပညာ သကြားလုံးအုပ်ဖုံးမယားပါ၊ ကမ်းစပ်က လျှောက်ပြီး ပင်လယ်အောက်ရောက်အောင် ခေါ်ဆောင်သွားပါမည်။

* * *

နိဒါန်း

လေချိုကလေး

သံသရာသည် ပြောင်းလဲလေ့ ရှိ၏၊ ခဏတိုင်း ပြောင်းလဲ၍သာ နေ၏၊သာမည အပြောင်း အလဲမှာ ပကတိသာလျှင်ဖြစ်၏၊ ဒေသ နှင့် ကာလ တည်းဟူသော တည်ရာ၌ မီး,ရေ,လေ–ဤသုံးပါးတို့ သည် အရာဝတ္ထုကို ပြောင်းလဲ နေကုန်၏၊ မီးသည် အပူကို ပေး၏၊ ရေသည် အအေးကို ပေး၏၊ လေကလှုပ်ရှားပေး၏၊ ယင်းဖြင့် ဝတ္ထု ကို ဖြစ်စေ၏၊ တဖန် မီးသည် လောင်ကျွမ်းစေ၏၊ ရေကယိုစီး၍ လေက ချောက်သွေ့စေ၏၊ သူတို့ကြောင့် ဝတ္ထု၏ ပျက်စီးခြင်း ဖြစ်၏၊ ဖြစ်ခြင်းမှ ပျက်ခြင်း တိုင်အောင်ကြိုယာတို့၌ ရှိသော အခါ သမယသည် တည်ခြင်းဖြစ်၏၊ ဤသို့လျှင် ဖြစ်ခြင်း, တည်ခြင်းနှင့် ပျက်ခြင်း၏ စကြာသည်လည်၍နေ၏၊ ယင်းစက်သည် ဘယ်အခါက စတင်၍ လည်သနည်း၊ ဘယ်အခါ တိုင်အောင် လည်မည်နည်းဟု ပြောမပြ နိုင်ချေ၊ ယင်းသည် အစမရှိသော- အနာဒိ ဖြစ်၏၊ အဆုံး မရှိသော အနန္တ ဖြစ်၏။

ဤသာမည အပြောင်း အလဲမှ တပါး ဝိသေသ အပြောင်း အလဲ တခုလည်း ရှိသေး၏၊ ထိုအပြောင်း အလဲကား အာစာရ-ဝိစာရ ဖြစ်၏၊ ယင်းအပြောင်း အလဲသည် ယောဘုယျ အားဖြင့် မနုဿလူသားတို့၌သာဖြစ်၏၊ လူသည်အရြားသော သတ္တဝါတို့ထက် စေတနာ လွန်ကဲ၏၊ သူတို့တွင် ဆင်ခြင် စဉ်းစားခြင်း ဝိစာရ အလျှဉ် စီးသွားနေ၏၊ သံသရာနှင့် ပတ်သက်၍ ဝိစာရကို ပြု၏၊ ဝိစာရ

အမျိုးမျိုးရှိ၏၊ သံသရာသည် အဘယ်နည်း၊ ဘယ်အခါက ဖြစ်ပေါ်သနည်း၊ အဘယ်ကြောင့် ဖြစ်ပေါ်သနည်း၊ ယင်းကို ဘယ်သူပြုလုပ်သနည်း၊ သို့မဟုတ် သူ့အလို အလျောက် ဖြစ်သလော၊ ဤသို့ စသည့် မျှားစွာသော ပြဿနာတို့ ဖြစ်ကုန်၏၊ ယင်းကို ဆောက်တည်ရန် လူသာမာန်တို့ မစွမ်းနိုင်ကြချေ၊ အကြောင်း အရာတို့မှာ လေးနက်လှသောကြောင့် အသိဉာဏ် ညံ့ဖျင်းခြင်း သွား၏၊ အတွေး အခေါ် ဝိစာရရပ်တန့်သွား၏၊ နောက်ဆုံးတွင် လူသည် စည်းစိမ် ဘောဂသို့ ရှေးရှုသွား၏၊ ဣန္ဒြေတို့၏ သဘာဝ ကိုင်းညွှတ်မှုသည် အပြင်အပသို့ မျက်နှာမူသွား၏၊ မြင့်မားသော ဝိစာရတို့၏ ကိုင်းညွှတ်ခြင်းသည်လည်း စည်းစိမ် ဘောဂ ဘက်သို့ပင် ဦးလှည့်သွား၏၊ ထိုအခါ စည်းစိမ်ဘောဂကို တွေ့လျှင် အကျင့်အာစာရလည်း ကွယ်ပျောက်သွား၏၊ သံသရာသည် စည်းစိမ်ဘောဂ ပဓာနဖြစ်သွား၏။

စည်းစိမ်ဘောဂ၌ အပြစ် ဒေါသ မျှားစွာရှိ၏၊ အတိုင်းထက် အလွန်ရသော်လည်း ပြည့်ဝခြင်းမရှိချေ၊ အပိုင်းအခြားမရှိဖြစ်ဘိ၏၊ ရာဂ,သောဏ စသည်တို့ကား သူ၏ထိုအခါက အကျိုးဖလတို့ဖြစ်၏။ အလုံးစုံတို့ထက် ကြီးလေးသော အပြစ်မှာ အားနည်းသူတို့ကို ရက်စက်ခြင်းနှင့် ကင်း၍ စည်းစိမ် ဘောဂ မရခြင်းဖြစ်၏။ သံသရာသည် ဘောဂ ပဓာန ဖြစ်လာသောအခါ အင်အားကြီးသူတို့သည် အင်အားနည်းသူတို့ကို ရက်စက်၍ မိမိတို့၏ ချမ်းသာသုခရစေရန် ပြုလုပ်ကြ၏၊ ညှဉ်းဆဲခြင်း,လိမ်လည်ခြင်း,ကောက်ကျစ်စဉ်းလဲခြင်းတို့ မင်းမူလာ၏။ ထိုအခါ အင်အားနည်းပါး သူတို့၏ ဘဝမှာ ဘေးအန္တရာယ်တို့ဖြင့် ငရဲသဖွယ် ဖြစ်သွား၏။ အင်အားကြီးမားသူတို့လည်း ချမ်းသာ သုခ မရကြတော့ချေ၊ သူတို့တွင်

ကာမ ကောဓ လွန်ကဲခြင်းကြောင့် ညှဉ်းဆဲခြင်းကို ပစာန ထားရလေရာ ကြမ်းကြုတ်ခြင်း တဏှာနှင့် မာန်မာနသည် လွန်စွာ တိုးပွါးသွား၏၊ ထောင်ပေါင်းများစွာသော အာသာ ကြောကွင်းခြို အနှောင် အဖွဲ့ ခံရ၍ ရှုးသွပ်သွားကုန်၏၊ ထိုအခါက သတ္တဝါတို့၏ ဝတ္တရားကို အပယထား၍ အသက်ဟူသမျှ ဘေးအန္တရာယ်သို့သာ ရောက်နေကြ၏၊ အရပ် လေးမျက်နှာမှာ အထိတ် တလန့်တို့ ဖုံးအုပ်နေ၏၊ ကယ်တင်ခြင်းကို ရရန်အတွက် သနားစရာ တောင်းခံနေကြ၏။ ထိုအခါ ကျယ်ကျယ်–ပြန့်ပြန့် ရပ်တည်ရာ ဖြစ်သော အပြောင်း အလဲ၏ အရေးကြီးခြင်းမှာ အမှန်ပင် ဖြစ်တော့သည်၊ ထိုတွင် ပကတိ၏ အလိုအတိုင်း မသွားချေ၊ ဤကဲ့သို့သော အခွင့်အခါမှာသာ တောက်ပသောသူ ဖြစ်ပေါ်မြဲဖြစ်၏။ သူသည် မိမိ၏ တောက်ပသော အာနုဘော်ဖြင့် လူတို့၏ အာစာရ-ဝိစာရခြို တန်ဖိုး မဖြတ်နိုင်သော ပြောင်းလဲခြင်း ပြု၏၊ ထိုအခါ သံသရာသည် အေးမြသော လေပြေကို ရှူရှိုက်ရလေသည်။

ခိုင်မြဲစိတ်သန် ဓိဋ္ဌာန်ကြစို့
ပိမာန် အမတ အမြတ်၊
လောက လူ့ရွာ ကမ္ဘာအေးအောင်
လေချိုးကလေး သွေးလို့နော်။

သက်တော် ၂၉-နှစ်သာရှိသော သိဒ္ဓတ္ထ မင်းသားသည် မဟာသက္ကရာဇ် ၉၃-ခု၊ ဝါဆိုလပြည့်နေ့ည သန်းခေါင်ယံအခါ ကပိလတ်ပြည်မှ တိတ်တဆိတ် ထွက်တော်မူခဲ့၏။ တည်ခိုချင်းတွင် ယူဇနာ ၃၀-မျှသော ခရီးကို လွန်၍ ဂ–ညသာ ကျယ်သော အနောမာမြစ်ကို ကူးပြီး ရဟန်းပြု၏၊ သူသည် ထို ရဟန်းပြုရာ အရပ် အနီးခြို ကြီးစွာသော အနုပိယမည်သော သရက်တောခြို ပဗ္ဗဇ

သုခဖြင့် စံနေတော်မှ၏ ၇-ရက်လွန်ပြီးသော် ယူဇနာ ၃၀—ရှိသော ခရိုးကို နေ့ခြင်း သွားရ၏ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံ ဝင်တော်မူသည်၊ ဆွမ်းခံပြီးလျှင် မြို့မှထွက်ခဲ့၍ မြို့ရှေ့ ပဏ္ဍာဝ တောင်ရိပ်သို့ ကပ်၍ ဗာရှေ့သို့ မျက်နှာမူ၍ ထိုင်တော်မူပြီးသော် ဆွမ်း ဘုဉ်းပေးတော်မူ၏။

ထိုအရပ်မှသည် အစဉ်သဖြင့် ကြွတော်မူလေသော် တခုသော တောအုပ်၌ လောကီဈာန်ကို စီးဖြန်း၍နေသော ကာလာမ အမျိုး၌ ဖြစ်သော အာဠာရ ရသေ့ထံသို့ ကပ်၍ ဈာန်သမာပတ်နှင့် လောကီဈာန် ၇—တန်ကို နှိုးနှော အားထုတ် သဖြင့် လောကီဈာန် ၇-တန်ကို ရတော်မူ၏၊ ထိုနောက်မှ ဥဒကရသေ့ ထံသို့ ကပ်၍ အာသက်ဈာန်ကို နှိုးနှော စီးဖြန်းပြန်သော်၎-တန်သော သမာပတ်ကို ရတော်မူ၏၊ ဤရှစ်တန်သောသမာပတ်တို့သည်မြတ်သောသဗ္ဗညုတ ဉာဏ်၏ အကြောင်း မဟုတ်ချေ၊ အကြောင်းကို ရှာဖွေဦးမှ ဖြစ်ချိမ့်မည်ဟု အကြံတော်ဖြစ်ပြန်၍ တဖန် ဥရုဝေလ တောအုပ်သို့ ကပ်တော်မူလေသည်၊ ထိုတောအုပ်သို့ ရောက်သော် ဤအရပ်ကား ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှါ သင့်လှစ္စာသော အရပ်ပေတည်းဟု နှလုံးပြု၍ နေတော်မူစဉ် ပဉ္စဝဂ္ဂီတို့နှင့် တွေ့လေ၏။

ဘုရားလောင်းလည်း ထိုပဉ္စဝဂ္ဂီတို့လျှင် အလုပ် အကျွေး ရှိသည် ဖြစ်၍ တနေ့လုံးကို ဆွမ်းတလုပ်ဖြင့် သာဝင်း, သစ်သီးတလုံးဖြင့် သာဝင်း, နှမ်းတစေ့-ဆန်တစေ့ဖြင့်သာဝင်း, နေ့ရက်ကို လွန်စေ ခြင်း; အလျင်းပင် အာဟာရကို မမှီဝဲဘဲ ဖြတ်ခြင်း စသည်ကို ပြု၍ ကျင့်တော်မူသဖြင့် ကိုယ်တော် ကြုံလှိုစ္စာရကား လက္ခဏာတော်ကြီး လက္ခဏာတော် ငယ်များ ကွယ်ပျောက်၏။ အာဟာရကို မှီဝဲခြင်း

နည်းပါးသဖြင့် အလွန် ပင်ပန်းလှရကား အာနာပါန စျာန်ကို ဝင်စားသည်တွင် မဝင်စားနိုင်ဘဲစကြဏ္ဍဝိုးဌ် လဲတော်မူသည်။

ဘုရားလောင်းသည်လည်း ယင်းသို့ ဒုက္ကရ စရိယာ အကျင့်ကို ဖိ-နှစ်တိုင်အောင်ကျင့်တော်မူပြီးမှ—'ငြိုငြင်စွာသော ဤအကျင့်ဖြင့် ဘုရား အဖြစ်သို့ မမှောက်နိုင်ရာ၊ သတ္တဝါတို့၏ ဓမ္မတာလည်း သဒ္ဓါလွန်လျှင် ကွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည် ဝီရိယလွန်လျှင် ပြန့်သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိသာလျှင် လွန်သည်မရှိ၊ လုံဘိ သည်သာ ဖြစ်သည်၊ ထိုကြောင့် ယခု ငါသည် အာဟာရကို မျှတစေလျက် ကိုယ်လက်ဖြည့်တင်း၍ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိကိုမျှတစေတော့အုံ—'ဟု ကြံလျက် ထိုထိုမြို့ရွာသို့ ချဉ်းကပ်၍ ခံအပ်သောဆွမ်းကို ဘုဉ်းပေးတော်မူ၏။ ထိုသို့ ဘုဉ်းပေးရာတွင်မှ မဟာပုရိသ လက္ခဏာတော်တို့သည် ပေါ်မြဲ ကြပတေ့ ဖြစ်ပြန်သတည်း။

ထိုအခါ ပဉ္စဝဂ္ဂိတို့က သိဒ္ဓတ် မင်းသားသည် အလွန် ခြိုးခြံစွာ ကျင့်သည်ကိုမျှ ဘုရား မဖြစ်နိုင်၊ ယခု အဘယ်မှာ ဖြစ်တော့အုံ နည်းဟု ဘုရားလောင်းကိုစွန့်ခွာ၍ ၁၈-ယူဇနာကွာသော ဣသိပတန မိဂဒါဝုန် တောသို့ သွားကြကုန်၏။

ထိုနောက်မှ ကိုယ်တော် တယောက်ထည်း ကျင့်တော်မူ၍ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လဆန်း ၁၄ ရက် မိုးသောက်ယံ၌ ဆွမ်းခံ သွားအုံသောဌာ အချိန်ကို ငုံလင့်တော်မူလျက် နံနက် စောစောကလျှင် လာတော်မူ၍ သေန နိဂုံး၏ အနီး ကြီးစွာသော ညောင်ပင်ရင်း၌ ထွန်းလင်းသော ကိုယ်ရောင်ကို ဖြစ်စေလျက် နေတော်မူလင့်၏၊ ထိုအခါ၌ ကြိမ်ကြိုက်သော လာဘ်သည်ကား ဥရုဝေလတော၏ အနီး သေန နိဂုံး၌ မဟာသေန—ဗည်သော

သူကြွယ်၏ သမီး သုဇာတာသည် အသပြာ တသိန်းထိုက်သော ရွှေခွက်၌ ဃနာ ဆွမ်းကို ထည့်၍ တခုသော ရွှေခွက်ကို ဖုံး၍ ရွှေခွက်ပါ ပူဇော်၏၊ ဘုရားလောင်းသည် နို့ဃနာဆွမ်းကို ခံတော်မူပြီးလျှင် အနိုးဖြစ်သော နေရဟူရာ မြစ်သို့ကပ်တော်မူ၍ သုပ္ပတိ၌ တည်မည်သော ဆိပ်၌ ရေချိုးတော်မူပြီးမှ ကမ်းခုံစထက် ထက်ဝယ်ဘွဲ့၍ အရှေ့အရပ်သို့ ရှေးရှုနေတော်မူလျက် ဆွမ်း ဘုဉ်းပေးပြီးလျှင် မဟာဗောဓိရိုရာသို့ ကြွတော်မူ၏၊ နောက်တနေ့ နေအာရုဏ်တက်သည်နှင့် တပြိုင်နက် လောကသုံးပါး၏ အထွတ်အထိပ် ဘဝ်ဿရ အဖြစ်သို့ ရောက်တော်မူ၍ "အနေက ဇာတိ သံသာရံ" စသော ဥဒါန်းကို ကျူးတော်မူ၏။

၄ ၄ ၀
တဘက်စွန်းသို့

ထိုနောက် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂိတို့ရှိရာ ဗာရာဏသီပြည်အနီး ဣသိပတန အမည်ရှိသော မိဂဒါဝုန် တောသို့ ကြွတော်မူကာ ထိုနှစ်ဝါဆို လပြည့် စနေနေ့တွင်— "ဒေးမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နု သေဝိတဗ္ဗာ" အစရှိသော ဓမ္မစက္ကပ၀တ္တန သုတ်ကို ဟောတော်မူ၏၊ အဓိပ္ပါယ်မှာ—"ရဟန်းတို့ ရဟန်းသည် အန္တ နှစ်ပါးကို မမှီ၀ဲအပ်—"ဟူသတည်း၊ အန္တ နှစ်ပါး ဟူသည်မှာ လက္ခြာ တဘက်စွန်းသို့ ရောက်သော ကာမ လမ်းစဉ်နှင့် လက်ဝဲ တဘက်စွန်းသို့ ရောက်သော တပ လမ်းစဉ် ဖြစ်၏၊ လက္ခြာ တဘက်စွန်းသို့ ရောက်သော ကာမ လမ်းစဉ်ကို စာရ၀ါကမ်း၏ ဒဿနဖြင့် မှန်းဆနိုင်လေသည်—

စာရ၀ါကသည် မျက်မှောက်ကိုသာ ယုံကြည်သော ပစ္စက္ခ ၀ါဒီဖြစ်၏၊ သူ၏ အယူအဆအားဖြင့် အလုံးစုံသော အရာတို့ကို

ပထဝီ, အာပေါ, တေဇော, ဝါယော ဟူသော ဓာတ်ကြီး လေးပါးက ပြုလုပ်၏၊ ယင်းတို့ကို မဟာဘုတ် လေးပါးဟုလည်း ခေါ်၏၊ ဤဘုတ်ကြီးလေးပါး ပေါင်းဆုံ၍ ဤကိုယ်ခန္ဓာ ဖြစ်၏၊ သေအရက် ပြုလုပ်သော အရာဝတ္ထုတို့ကို သီးခြား တခုစီ မြဲဝဲ ပါက မူးယစ်ခြင်း မဖြစ်ချေ၊ သို့ရာတွင် ထိုအရာဝတ္ထုတို့ကို ပေါင်းစုကာ ပြုလုပ်သော သေအရက်သာ မူးယစ်၏၊ ထို့အတူ ဤဓာတ်ကြီး လေးပါးတို့ သီးခြား တည်နေပါက စေတနာ မဖြစ်ချေ၊ သို့ရာတွင် သူတို့သည် တနေရာ၌ စုပေါင်းမိက ကိုယ်ခန္ဓာ တွင် စေတနာ ဖြစ်၏၊ ကိုယ်ခန္ဓာ ပျက်စီးသောအခါ စေတနာလည်း သူနှင့်အတူပင် ပျက်စီးသွား၏။

ဤနည်းတူစွာ အသက်ဇီဝလည်း မဟာဘုတ်တို့ကြောင့် ဖြစ်ပြီး ဤဘုတ်တို့မှာပင် ပျက်စီးကြ၏၊ သေပြီးနောက်ကား သူ၏အမှတ် လက္ခဏာပင် မကျန်တော့ချေ၊ သို့ကြောင့် စေတနာ အထူး ဖြစ်သော ကိုယ်ခန္ဓာသည်သာ အတ္တ ဖြစ်၏၊ ကိုယ်ခန္ဓာမှ တပါး အတ္တဖြစ်ရန် တစုံတရာ အထောက်အထား ပမာဏ မရှိချေ။

အတ္တသည် ကိုယ်ခန္ဓာ အစရှိသော အပေါင်းအစုမှ သီးခြား ဖြစ်၏၊ ဤကိုယ်ခန္ဓာ၏ သွားလာခြင်း စသည်တို့မှာ မြင်းထိန်းနှင့် မြင်းတို့ကြောင့် ရထား၏ လှုပ်ရှားသကဲ့သို့ ဖြစ်၏။ ဤ အနုမာန ဖြင့် ကိုယ်ခန္ဓာမှတပါး စေတနာ ဖြစ်နိုင်၏ဟု ဆိုနိုင်၏၊ သို့ရာတွင် စာရဝါကသည် ဤအနုမာနကို လက်မခံချေ၊ ပစ္စက္ခ အထောက် အထားမှ တပါး အနုမာန အစရှိသော အထောက်အထားကို စာရ ဝါက ဂိုဏ်းသားတို့ ယုံကြည်မှု မပြုကြချေ။

သူတို့၏ အယူအဆအားဖြင့် သားမယား စသူတို့အား ပယ်ဖျက် ခြင်းကြောင့် ဖြစ်သော သုခသည် လူ့ဘဝ၏ အနှစ်သာရ ဖြစ်၏၊

ထိုမှတပါး ပရလောက သို့မဟုတ် နတ်ပြည်စသော သုခသည် လူ့အနှစ်သာရ မဟုတ်ချေ၊ အကြောင်းကား ပရလောက စသည်တို့မှာ ပစ္စက္ခ မဟုတ်သောကြောင့် ဖြစ်၏။

လောကဌ် သားမယားတို့ အတွေ့ စသည်ကြောင့် ဖြစ်သော သုခမှာ ဒုက္ခကြောင့် ဖြစ်၍ ယင်းကို လူ့အနှစ်သာရဟု မဆိုနိုင်ဟု စောဒက တက်နိုင်၏၊ သူ၏ အဖြေကား ဤသို့တည်း—

ယင်းသုခသည် ဒုက္ခကြောင့် ဖြစ်သည်မှာ မှန်ပါ၏၊ အကြောင်းကား ဤသုခအတွက် အဆောက်အဦ စုဆောင်းရာ၌ လွန်စွာကြိုးပမ်းရ၏၊ သို့ရာတွင် သုခ ခံစားသောအခါ ဒုက္ခမျှား လွင့်စဉ်သွား၏၊ သို့မဟုတ် သူ့ကို သည်းခံပြီး သုခကိုသာ ခံစား၏၊

စပါးကို လိုချင်၍ ကောက်ရိတ်ရာ လက်တွင်း၌ ကောက်ရိုးလည်းပါလာ၏၊ သို့ရာတွင် ကောက်ရိတ်သမားသည် ကောက်ရိုးကို ဖယ်ရှားပစ်ပြီး စပါးကို အသုံးပြု၏။

ငါးဟင်း စားလိုသူသည် ငါးကို အရိုးနှင့်တကွ ယူ၏၊ စားသောအခါ အရိုးကို ထွင်ပစ်ပြီး အသားကိုသာ စား၏၊ ဤနည်းတူစွာ ဒုက္ခကို ကြောက်၍ သုခကို မစွန့်ရ၊ ဒုက္ခကို ဖယ်ရှားပြီး သုခကို ခံစား၏။

သား တိရစ္ဆာန်တို့ ဖျက်ဆီးမည် စိုးသောကြောင့် ကောက်ပဲသီးနှံ မစိုက်မပျိုးသူ မရှိချေ၊ သူတောင်းစားတို့ တောင်းရမ်းမည် စိုးသောကြောင့် ဘယ်သူမျှ ထမင်း ဟင်း မချက် မပြုတ်ဘဲ မနေချေ။

ပစ္စက္ခ သုခကို စွန့်လွှတ်သူသည် သား သတ္တဝါထက်ပင် မိုက်မဲ၏၊ ပရလောက၏ နတ်စည်းစိမ် သုခကို မျှော်လင့် တောင့်တနေသူသည် လေထဲတွင် တိုက်အိမ်ဆောက်သည်နှင့် တူ၏၊ အကြောင်း

ကား ပရလောကပင် မရှိဘဲလျက် ထိုနှင့်စပ်သော သုခ ဘယ်မှာ ရမည်နည်း၊ နတ်ရွာ နိဗ္ဗာန်သို့ ရောက်ရန် ယစ်ပူဇော်ခြင်း, အလှူ ဒါနပြုခြင်းစသော ဥပါယ်တို့မှာ အချည်းနှီး သာတည်း၊ ဝေဒ အစရှိသော မာယာများနှင့် မျှော်လင့်ခြင်းတို့မှာ လူတို့၏ ဥစ္စာကို ယူရန်အတွက် သာယာကြည်လင်သော ပန်းဥယျာဉ်ကို ပြုခြင်း ဖြစ်၏။

ကိုယ်ခန္ဓာ သည်ပင် အတ္တဖြစ်၏၊ ဆူး ငြောင့် ခလုတ် စသည်တို့ နှင့် ဆက်စပ်သော ဒုက္ခသည် ငရဲဖြစ်၏၊ သားမယား စီးပွားဥစ္စာ စသည်တို့ကြောင့် ဖြစ်သော သုခသည် နတ်ပြည်ဖြစ်၏၊ လောက၏ အထွတ်အထိပ် ဖြစ်သော မင်းသည် ဘုရားဖြစ်၏၊ ကိုယ်ခန္ဓာ ပျက်စီး ခြင်း(သေခြင်း)သည် နိဗ္ဗာန်သာတည်း။

ငါပိန်၏၊ ငါဝ၏၊ ဤ 'ငါ'၏ ပိန်ခြင်း, ဝခြင်း ဝေါဟာရ သည် ကိုယ်ကာယ အတ္တဌာသာ ဖြစ်၍ 'ငါ့ကိုယ်'ဟု ဆိုခြင်းသည် ဘယ်သို့ မှန်မည်နည်း၊ ယင်းဖြင့် ကိုယ်ခန္ဓာမှ သီးခြား အတ္တကို သိနိုင်မည် မဟုတ်ပါလော။

မဟုတ်ပါ— ငါ့ကိုယ်ဟူသော စကားမှာ သိလာ ပုဗ္ဗကဿ သရီရံ ဟူသော စကားကဲ့သို့ ဘေဒူပစာ ဖြစ်၏၊ သိလာ ပုဗ္ဗက သဒ္ဒါ သည် ကိုယ်မှ ကျောက်သား မပြားဘဲကို ပြားသကဲ့သို့ ခေါ်ဝေါ် ကြခြင်း ဖြစ်၏၊ ထို့အတူ ငါနှင့်ကိုယ်လည်း ကဲ့ပြားခြင်း မရှိချေ၊ မကဲ့ပြားသော်လည်း ကဲ့ပြားခြင်းသို့ ထင်၍ ဘေဒူပစာ အားဖြင့် ငါ့ကိုယ်ဟု ဆိုကြခြင်း ဖြစ်၏။

မျက်ကွယ်ဖြစ်သော အနာဂတ်နှင့် အနုမာနကို စာရဝါက ခြင်းပယ်၏၊ လောက၏ အဆန်းတကြယ် အုံ့ဩဘွယ်တို့မှာ တစုံ တယောက် ဖန်ဆင်းခြင်းမဟုတ်, သဘာဝ အတိုင်းသာ အဆန်း

တကြယ် အုံ့သြဘွယ်တို့ ဖြစ်နေခြင်း ဖြစ်၏၊ မီးသည် ပူ၏၊ ရေသည် ဖွဲ့စည်း၏၊ လေသည် တွန်းကန်၏၊ ဤ သဘော တရားတို့က လောကကို အဆန်းတကြယ် အုံ့သြဘွယ်တို့ကို ပြုလုပ်နေ၏၊ ထိုမှ တပါး အခြား မရှိချေ၊ ပြိုဟပ္ပတိလည်း ဤသို့ဆိုခဲ့၏။

ပရလောကမှာ နံတ်ပြည် မရှိ၊ နိဗ္ဗာန် မရှိ၊ ပရလောကသို့ သွားသော အတ္တလည်း မရှိ၊ အမျိုးလေးပါး၏ သက်ဆိုင်ရာ တာဝန် ဝတ္တရား အမှုကိစ္စလည်း သေပြီးနောက် အကျိုးမပေးချေ၊ ယဇ်, ဝေဒသုံးပုံ, တောင်ဝှေး သုံးခွန့် ပြာလူးခြင်း တို့မှာ ပြည်သူ ပြည်သား လူအများအောက် ယုတ်နိမ့်သူတို့၏ အသက်မွေး ဝမ်းကျောင်းအတွက် ဖြစ်ကုန်၏။

ယဇ်ဌ သေရသော သားကောင်သည် အကယ်၍ နတ်ပြည်သို့ ရောက်သွားရပါမူ ယဇ်ဆရာသည် မိမိ အဖေကို ဤ ယဇ်တွင် အဘယ်ကြောင့် မသတ်သနည်း။

ကွယ်လွန်သူတို့အတွက် ရည်မှန်း၍ လှူဒါန်းသဖြင့် အကျိုး သက်ရောက်ပါမူ ခရီးသွားသူများ စားနပ်ရိက္ခာ ယူဆောင် သွားသည်မှာ အချည်းနှီးသာတည်း၊ အိမ်မှာ ရဟန်း ပုဏ္ဏားတို့အား ပင့်ဖိတ်ကာ ခဲဘွယ် ဘောဇဉ်တို့ ကျွေးမွေး လှူဒါန်း လိုက်ပါက ခရီးသွားသူသည် ထိုအစာ အာဟာရတို့ကို ရရှိပေလိမ့်မည်။

အကယ်၍ အတ္တသည် ကိုယ်ခန္ဓာမှ တပါး ဖြစ်ပါသော် သူသည် ဤကိုယ်ခန္ဓာမှ ထွက်ပြီး ပရလောကသို့ သွားရာဝယ် မိမိ. ချစ်မြတ်နိုးသူတို့ထံ ဘယ်ကြောင့် ပြန်မလာသနည်း၊ ပြန်မလာသောကြောင့် ကိုယ်ခန္ဓာမှတပါး အတ္တမရှိချေ။

သေသူတို့အတွက် ရည်ညွှန်း၍ ပြုလုပ်ခြင်းတို့မှာ ပုဏ္ဏားတို့၏ အသက်မွေး ဝမ်းကျောင်း ဥပါယ်တို့သာ ဖြစ်၏။

လောကတွင် လူသည် မျှားသောအားဖြင့် မျက်မှောက်အကျိုးဖလကိုသာ မြတ်နိုးကြသည်၊ နိတိကျမ်းနှင့် ကာမ သတ္တုကျမ်းအားလျှော်စွာ အကျိုးစီးပွား ကာမဂုဏ် တရားကိုသာ လူ့အနှစ်သာရဟု ယူဆကြ၏၊ ပရလောကနှင့် စပ်လျဉ်းသော သုခကို မျှားသောအားဖြင့် မယုံကြည်ကြချေ။

ဘယ်သူသည် ပရလောက သို့မဟုတ် ထို့မှ သုခကို တွေ့မြင်သည်ဟု ပြောနိုင်သနည်း၊ ဤ အလုံးစုံတို့မှာ စိတ်ကူးယဉ်မျှားသာ ဖြစ်ကြ၏၊ သစ္စာ မဟုတ်ချေ၊ ပစ္စက္ခသည်သာ သစ္စာ ဖြစ်၏။

စာရဝါက၏ အယူအဆတို့မှာ လွန်စွာ မှန်ကန်၏၊ ငါတို့လည်း သူ၏ ဝါဒကို နှစ်သက်၏ဟု ဆုံးဖြတ်ပြီး သူ၏ ဝါဒကို ယုံကြည်သူ အလွန်မျှား၏၊ သို့ကြောင့် စာရဝါက ဝါဒ၏ အခြားအမည် တမျိုးမှာ လောကာယတ ဖြစ်၏၊ လောက=လူမျှား, အာယတ=ပျံ့နှံ့ခြင်းပင် လောကယတ ဖြစ်၏၊ အကျိုးစီးပွား ကာမဂုဏ်သာ လူ့အနှစ်သာရဟု ယုံကြည်သူတို့တွင် သူ၏ ဝါဒ ပျံ့နှံ့သည်ဟု ဆိုလို၏။

စာရဝါက ဒဿနကို စိရင်သူမှာ ပြိုဟပ္ပတိ အမည်ရှိသော အာဘိဓမ္မာ ဆရာကြီးဖြစ်၏၊ သူ၏ အယူ အဆမှာ ပစ္စုပ္ပန် ဘဝကို ချမ်းသာ အတိ ပြီးစေ၏—

ယာဝဇီဝ သုခ ဇီဝေ ဋ္ဌာ ကတ္တာ ဃတ ပေါ
ဘသ္မီဘူတဿ ဒေဟဿ ပုနအာဂမနံ ကုတော။

လက်ဝဲ တဘက်စွန်းသို့ ရောက်သော တပ လမ်းစဉ်ကိုကား ရာမ ကထာကို စိရင်သော ဝါလ်မိကီ ရဒသ့ကြီး အကြောင်းကို အကျဉ်းချုပ် ဖော်ပြလိုက်ပါလျှင် အတော်အသင့် အကဲ ခတ်နိုင်စရာ ရှိပါသည်—

သာတယုဂ်ခေတ် တရုံသောအခါတွင် လူဆိုးကြီးတဦး ရှိခဲ့ဘူးလေသည်၊ သူ၏ အမည်မှာ 'ရတနာကရ' ဖြစ်သည်၊ ရတနာကရမှာ ဗြာဟ္မဏ၏ သားဖြစ်သော်လည်း အပေါင်း အသင်း မကောင်းသဖြင့် ဆိုးသွမ်း နေခြင်း ဖြစ်သည်၊ သူသည် တောမျှားသို့ သွားကာ ခရီးသွား လမ်းလာတို့အား သတ်ပုတ် ညှင်းဆဲကာ သူတို့၏ ဥစ္စာ ပစ္စည်းတို့ကို ယူလေသည်၊ မြင့်မားသော သစ်ပင်မျှား ပေါ်တက်ကာ ခရီးသွား လမ်းလာတို့ကို ရှာဖွေသည်၊ တွေ့မြင်လျှင် ရိုက်နှက်ကာ လုယက်လေသည်။

တနေ့တွင် ဗြာဟ္မဏအရှင်နှင့် နာရဒ အရှင်သည် ရသေ့ အသွင်ဆောင်ကာ ထိုတောသို့ ဝင်လာကြသည်၊ သူတို့ လာသည်ကို မြင်လျှင် ရတနာကရ သည် လုယက်ရန် အနားသို့ ရောက်သွားပြီး ဗြဟ္မာ အရှင်၏ ဦးခေါင်းကို ရိုက်နှက်ရန်ချိန်ရွယ်၏၊ ထိုအခါ ဗြဟ္မာအရှင်က "အိုချစ်သား ခေတ္တဆိုင်းပါဦး၊ သင်သည် ငါ့အား ဘာကြောင့် ရိုက်ပုတ်မည်ကို တဆိပ်ပြောပြပါ"ဟု ဆိုလေသည်၊ သူခိုးထားပြကို တွေ့မြင်ရသောအခါ ခရီးသွား လမ်းလာ တို့မှာ လွန်စွာ ကြောက်ရွံ့ ကြလေရာ သူခိုးထားပြတို့မှာ သူတို့ကို လုယက်ရန် မျှားစွာ မခဲယဉ်း တောခေါ်၊ သို့ရာတွင် ဤခရီးသည် နှစ်ဦးမှာ အနည်းမျှ ထိတ်လန့်ခြင်း မရှိသည်ကို ရတနာကရ ဇတ္တ ရသည်၊ မကြောက်မရွံ့ ရုံမျှမက ဝံ့ဝံ့စားစားပင် သူ့ဖာသားမေးမြန်းစူးစမ်းနေသည်၊ ရတနာကရမှာ လွန်စွာအံ့သြပြီး "သင်တို့ ငါ့ကို မသိကြယောင်တကား၊ ငါသည် သင်တို့၏ ယမ မင်းဖြစ်သည်၊ ယခုပင် သင်တို့ကိုသတ်ပြီး အဝတ်ကို ချွတ်ယူတော့မည်၊ ပြပါဘိ သင်တို့တွင် တစုံတရာ ရှေတိုင်ငေစ ပါသလော"ဟု မေး၏။

ထိုအခါ ဗြဟ္မာအရှင်က ပြုံးရှိပြောသည်–"ချစ်သား ငါတို့အား သတ်သဖြင့် သင့်မှာ ဘာမျှရမည် မဟုတ်ချေ၊ သို့ရာတွင် သင်၏ ဤလုပ်ငန်းမှာ အဘယ်မျှ ဝန်လေးဘိဘနည်း၊ သင့်မသိ ယောင်တကား နာဘသေးလော့၊ သူယုတ်မာတရားကို သတ်သော မကောင်းမှုသည် နွားမတကောင်ကို သတ်သော မကောင်းမှုနှင့် ညီမျှသည်၊ နွားမတရားကို သတ်သော မကောင်းမှုသည် အမျိုးသမီးတယောက်ကို သတ်သော မကောင်းမှုနှင့် ညီမျှသည်၊ အမျိုးတရားကို သတ်သော မကောင်းမှုသည် ဗြာဟ္မဏ တယောက်ကို သတ်သော မကောင်းမှုနှင့် ညီမျှသည်၊ ဗြာဟ္မဏတရားကို သတ်သော မကောင်းမှုသည် ဗြဟ္မစာရီတယောက်ကို သတ်သော မကောင်းမှုနှင့် ညီမျှသည်၊ ဗြဟ္မစာရီ တရားကို သတ်သော မကောင်းမှုသည် ရသေ့ ရဟန်းတပါးကို သတ်သော မကောင်းမှုနှင့် ညီမျှသည်၊ ရှုလော့-ငါတို့နှစ်ဦးမှာ ရသေ့ ရဟန်းများ ဖြစ်ကြသည်၊ ငါတို့နှစ်ဦးကို သတ်ပါက သင့်မှာ အဘယ်မျှ ကြီးလေးသော အကုသိုလ် ဖြစ်မည်နည်း၊ သင်အလိုရှိပါမူ ဤမကောင်းမှုကို ပြုလုပ်ကာ ယူပါဘိ"။

ဤစကားကို ကြားရသောအခါ လူဆိုးက ရယ်မောလျက် ပြောသည်-"ငါသည် ဤလက်များဖြင့် သင်တို့ကဲ့သို့သော ရသေ့ ရဟန်းတွေ အဘယ်မျှ သတ်ခဲ့ပြီနည်း၊ တန်ပါတော့....ယခုအခါ မှာ ကျမ်းစာတွေကို ရွတ်ဖတ်သရဇ္ဈာယ် နေရမည့် အချိန်အခါ မဟုတ်ပါ၊ သင်တို့၏ ကျမ်းစာတွေကို သင်တို့၏ အဆံမှာပင် ထားပါ၊ သေဖို့သာ အသင့်ပြင်ကြပါလော့"။

ဗြဟ္မာအရှင်ကပြောသည်"ပြောတာကို အယုံအကြည် မရှိလျှင် သင်အလိုရှိသလိုပင် လုပ်ပါဘိ၊ သို့ရာတွင် စကား တလုံးတော့

သင့်အား ပြောပြချင် ပါသေးသည်၊ သင်သည် ဤမကောင်းမှု အကုသိုလ်တွေကို ဘယ်သူတို့၏ အသက်မွေးမှုအတွက် ပြုလုပ်နေ ပါဘီ သနည်း။

ရတနာကရက ပြောသည်- "ငါသည် ဝမ်းဗိုက်လေးခုကို တာဝန် ယူ ထားရသည်၊ ငါ၏အဖေ, ငါ၏အမေ, ငါ၏မယားနှင့် ငါ ဖြစ်သည်၊ ဤသူ လေးဦးတို့ စားသုံးရေးအတွက် ရှာဖွေစုဆောင်း ရသည်၊ လုယက် တိုက်ခိုက်၍ ရသော ပစ္စည်း ဥစ္စာကို ငါတို့ လေးဦး ဝေခြမ်းမျှတ၍ စားသုံးကြသည်၊ အကယ်၍ မကောင်းမှု အကုသိုလ် ဖြစ်ကလည်း လေးယောက် အညီ အမျှပင် မျှတ၍ ခံရပေမည်"။

ဤစကားကို ကြားရသော ဗြဟ္မာအရှင်က ရယ်မော၍ ပြော ပြန်သည်--"မကောင်းမှု ပြုသူမှာ သင်ဖြစ်သည်၊ သင်ပြုသော မကောင်းမှုကို သူတပါးတို့က ဘာကြောင့် ခံကြရမည် နည်း၊ ငါ အကြံတခု ပေးပါမည်၊ သင်သည် အိမ်သွားပြီး သင်၏ အိမ်သူ အိမ်သားတို့အား မေးကြည့် စမ်းပါလား၊ သူတို့သည် သင်၏ လုပ်စာကို စားသုံး နေကြသည်၊ သို့ကြောင့် သင်၏ မကောင်းမှု တာဝန်ကိုလည်း တစုံတရာ ခံ၀ေ၍ ယူ—မယူ မေးကြည့်စမ်းပါ"။

ရတနာကရက ပြောသည်- "ငါသည် သင်တို့၏ အဓိပ္ပာယ်ကို နားမလယ်ပါ၊ သင်တို့သည် ထွက်ပြေးရန် အပေါက်ရှာကြခြင်းဟု ငါထင်သည်၊ သို့ရာတွင် သင်တို့သည် ယခုအခါ ငါ၏လက်မှ လွတ်နိုင်စရာ အကြောင်းမရှိပါ"။

ဗြဟ္မာအရှင်က အဖြေပေးသည်- "သေမှာတော့ ဘယ်သူမဆို စာနေ့မှာ သေရမှာချည်း ဖြစ်သည်၊ ယနေ့ငါတို့၏ သေနေ့စေ့ လျှင် သင်၏ လက်ချက်ဖြင့် လွတ်နိုင်စရာ မရှိပါ၊ သို့ရာတွင် ဤ စက်ဆုပ်

ဖွယ် ဝမ်းဗိုက်ကို ဖြည့်ရန်အတွက် သင်သည် ဘာကြောင့် ဤမျှ ဝန်လေးသော အကုသိုလ်ကို ပြုလုပ်သနည်းဟု ငါတို့ တွေးနေကြသည်၊ မြတ်စွာဘုရားသခင်၏ ရှေ့တော်တွင် အဘယ်သို့ အဖြေပေးမည်နည်း၊ ကောင်းလှပါပြီ—ငါ တို့၏ ပြောစကားကို အကယ်၍ သင်မယုံကြည် ခဲ့ပါသော် သင်အလိုရှိက ငါတို့ နှစ်ဦးကို သစ်ပင်မှာ နှောင်ကြိုးဖွဲ့၍ သွားပါလေ၊ သင်၏ မကောင်းမှု အကုသိုလ်တွေကို သူတို့တွေ မျှတ၍ ခံယူ—မယူ အိမ်ပြန်ပြီး မေးချေပါဘိ"။

ဗြဟ္မာအရှင်၏ ရဲရင့်၍ တရားပြည့်ဝသော စကားနှင့် ငြိမ်သက်သော အသွင်ကို တွေ့မြင်ရသောအခါ လူဆိုးကြီး ရတနာကရ၏ စိတ်မှာ တမျိုးတဖုံ ပြောင်းလဲ၍ သွားသည်၊ သူက စဉ်းစားသည် ဘာဆုတ်ယုတ် မည်နည်း၊ အိမ်ပြန်ပြီး မေးကြည့် စမ်းမည်၊ ဤသူတို့ ပြောစကားသည် မှန်မလား၊ မှားမည်လား၊ ထိုနောက် ထိုသူ နှစ်ဦးကို နှောင်ဖွဲ့ကာ အိမ်ပြန်သွားသည်၊ သူတို့သည် မိမိအား လှည့်ဖျား၍ ပြေးကြမည်လားဟု သံသယဖြင့်ပင် လှည့်ကြည့် လှည့်ကြည့်ဖြင့် သွားလေသည်။

အိမ်သို့ရောက်သောအခါ သူသည်ရှေးဦးစွာ အဖေကို မေးသည်- "ငါသည် လူတွေကို သတ်ဖြတ်ပြီး ဥစ္စာ ပစ္စည်းကို ဆောင်ယူပြီး လျှင် သင်တို့အား ကျွေးမွေးခဲ့ပါသည်၊ ပြောစမ်း ပါလော့— သင်သည် ငါ၏ မကောင်းမှု အကုသိုလ်ကိုလည်း ခဲ့ဝေ၍ ယူမည် မဟုတ်ပါလော"။

အဖေက ပြောသည်- "အင်း....သားရဲ့ မကောင်းမှုကို အဖေက ခံရမယ်လို့ ဘယ်ကျမ်းမှာ ပါသလဲ၊ ပြီးတော့ ငါကမင်းကို ဘယ်တုန်းက ပြောဘူးသလဲ သင် ထားပြလုပ်၊ လူတွေကို သတ်၊ ပစ္စည်း ဥစ္စာတွေ ယူလာပြီး ငါတို့ကို ကျွေးမွေးလို့ ပြောဘူးပါ

သလား၊ မင်း ငယ်ရွယ်စဉ်အခါက ငါဟာမင့်ကို မေးလာခဲ့သည်။ ယခုအခါမှာ သင်အရွယ်ရောက်၍ ငါ့မှာ အိုမင်းမစုမ်း ဖြစ်နေပြီ၊ ငါကား အလုပ်အကိုင် မလုပ်နိုင်တော့ပါ။ အိုမင်း မစုမ်းသော မိဘကို လုပ်ကျေးရန်မှာ သင်၏ တာဝန်သာ ဖြစ်သည်၊ သင်ဘယ်ပုံ ရှာဖွေ ကျေးမွေး သည်ကို ငါမသိ၊ သင်၏ မကောင်းမှုကို ဘယ် ကြောင့် ခွဲဝေ၍ ယူရမည်နည်း"။

အဖေ၏စကားကို ကြားရသောအခါ ရတနာဂကရမှာ ငြိမ်၍ သွားသည်။ အတန် ထိတ်လန့်ကာ ခေါင်းငိုက်စိုက်ချပြီး အမေ၏ ထံသွား၍မေးပြန်သည်-"အမေသင်သည် ငါ၏အကုသိုလ်ကို ခွဲဝေ၍ ခံယူမည် မဟုတ်ပါလော" ထိုအခါ အမေက ထိတ်ထိတ် ပြာပြာနှင့် ပြောသည်- "ငါ့သား သန္ဓေဆောင်ရဒါကို ကြည့်ပါ၊ ဆယ်လ တိုင်တိုင် ဝမ်းဗိုက် တွင်းမှာ ဆောင်ပြီး ဖွါးမြင်ရသည်၊ အဘယ် မျှသော ဒုက္ခတွေဖြင့် မွေးမြူ၍ ကြီးလာသနည်း၊ ယခုအခါ ငါ့အား ထမင်းတလုတ် ပေးရဒါကို အကြောင်းပြုပြီး မကောင်းမှု၏ အ ဘာဝကို ပေးခြင်းလား၊ ငါ့အား သင်၏ မကောင်းမှုဖြင့် ဘာမှ အဓိပ္ပါယ်မရှိပါ။ ငါသည် သင်၏ အကုသိုလ်ကို အမျှမယူနိုင်ပါ...."

ယခုအခါ ရတနာဂကရမှာ ပိုပြီး အတွေးနက်လာကာ မယားထံ သွား၍ မေးပြန်သည်၊ "ကြည့်စမ်းပါကွယ် ငါဟာ မိမိ အသက်ကို ဖက်ရက်လောက် သဘောထားပြီး....လူဆိုးကြီးလုပ်ကာ ဥစ္စာရှာခဲ့ တယ်....မင်းတို့ ချမ်းသာ ပျော်ရွှင်စွာ နေကြရဘို့ပါဘဲ.... ပြောစမ်း ပါဘိ.... ငါရဲ့ဒီမကောင်းမှုတွေကို သင်လဲ ငါနဲ့အတူ ခံယူမယ် မဟုတ်လားကွယ်...." ထိုစကားကို ကြားရသော အခါ မိန်းမက ငိုရှိ ပြောသည်-"သခင်....သင်ဟာ ဘယ်သို့သော အဓမ္မမှု တို့ဖြင့် ပစ္စည်းဥစ္စာ ရှာဖွေ သည်ကို ငါဘာသိ မည်နည်း....။ သင်၏

မကောင်းမှု တွေကို ဘာ့ကြောင့် ခံယူရမည်နည်း....။ သင်သည် ငါ၏ စားဝတ်နေရေးကို တာဝန်ယူမည် ဆို၍ ငါသည် သင်နှင့် လက်ထပ်ခဲ့သည်....။ ငါ့အား ကျွေးမွေးရန်မှာ....သင်၏ တာဝန်သာ ဖြစ်သည်၊ လူတွေကိုသတ်ပြီး လူဆိုးကြီးလုပ်ရန် သင့်ကိုဘယ်သူက ပြောပါသလဲ....”

ရတနာဂဏရမ္ဘာလွန်စ္ဘာထိတ်လန့်သွားသည်၊ သူသည် စိတ်ထဲတွင် စဉ်းစားသည်၊ ကောင်းလှလေပြီ—သူတို့ အားလုံးအတွက် ငါသည် အဓမ္မမှုကိုပြုလုပ်ခဲ့သည်၊ သူတို့က သင်၏ မကောင်းမှုဖြင့် ငါတို့မှာ ဘာအဓိပ္ပါယ် ရှိသလဲဟု ပြောကြသည်၊ ယခုအခါ အားလုံးသော သူတို့သည် ငါ၏ အကျင့်စာရိတ္တကိုသိကြပြီး၊ ငါ၏ မကောင်းမှု၏ အဖိုအစုကိုမယူကြချေ၊ ဤတွင် ငါလူယုတ်မာကြီး ဖြစ်နေသည်မှာ အနည်းငယ်မျှ ယုံမှားဘွယ် မရှိချေ၊ ယခုအခါ ဘာလုပ်သင့်သလဲ၊ ငါ၏အကုသိုလ်တို့ကို ဘယ်လိုဖယ်ခွါမည်နည်း....

ဤသို့ဆိုလျှင် စိတ်တွင် နောင်တဖန် ပူပန်ပြီး ရတနာဂဏသည် ရသေ့ရဟန်းတို့ယံပြန်သွားပြီး သူတို့အား အနှောင်အဖွဲ့မှ လွတ်လိုက်ပြီးနောက် ခြေဖက်ကာ တောင်းပန်ပြီး ထိတ်ထိတ် လန့်လန့်နှင့် ပြောပြသည်— “ကျေးဇူးကြီးလှပါ၏—ငါသည် အားလုံးကို မေးခဲ့ပါပြီ၊ သို့ရာတွင် ဘယ်သူမျှ ငါ၏မကောင်းမှုအကုသိုလ်ကို ခွဲဝေ၍ မယူကြပါ။ အရှင်သည် သနားသဖြင့် ငါ့အား အသိဉာဏ်ကို ပေးပေသည်၊ ငါသည် အလွန်ကြီးလေးသော မကောင်းမှုတို့ကို ပြုလုပ်ခဲ့ပါသည်၊ ဤမကောင်းမှုတွေမှ လွတ်မြောက်မည့် နည်းလမ်းရှိပါကညွှန်တော်မူပါဘုရား....”

ထိုအခါဗြဟ္မာအရှင်ကပြောပြသည်—“သင်....ရေချိုးပြီးလာခဲ့”

ရတနာဂဏ ရေချိုးပြီး၍ ပြန်လာသောအခါ ဗြဟ္မာ အရှင်သည် သူ၏ နားတွင် "ရာမ" အမည်ရှိသော မန္တရားကို ပြောပြပြီး အမိန့်ပေးသည်–"ဤနာမတော်ကို.... နေ့ရော ညရော သရဇ္ဈယ်လော့...."

သို့ရာတွင်မကောင်းမှုတွေ့မျှားပြားလှသော ရတနာဂရ၏နှလုံးမှာ ခက်ထန်လှသဖြင့် ရာမ–ရာမဟုဆိုရာ သူ၏လျှာမှာ နေရာတကျ မဖြစ်နိုင်ချေ၊ ရာမ–ရာမဟု ပြတ်သားစွာ ထွက်ပေါ် မလာနိုင်ဘဲ ဖြစ်နေ၏၊ ထိုအခါ ဗြဟ္မာ အရှင်က ပြောသည်၊ "အလုပ် တခုလုပ်စမ်း၊ သင်သည် လူတွေ့ကို သတ်ခဲ့သည်၊ လူတွေ့သေသွားသောအခါ.... သင်သည် သေပြီ-သေပြီ (မရာ-မရာ) ဟု ပြောသည်....၊ အဲဒီလိုမရာ-မရာ(သေပြီ-သေပြီ)ဟု ပြော...."

ထိုအခါ ရတနာဂရမှာ သဘောပေါက်သွားပြီး မရာ–မရာဟုဆိုကာ သရဇ္ဈယ်လေသည်၊ အတန်ကြာသောအခါ ဆရာအရှင်၏ အစဉ် သနားခြင်းကြောင့် ထိုသဒ္ဒါမှ ပြောင်းပြီး သန့်ရှင်းသော ရာမ–ရာမဖြစ်ကာ သူ၏ နှုတ်မှ ထွက်ပေါ်လာလေသည်။

ဤသို့လျှင် ရာမနာမတော်ကို သရဇ္ဈာယ်လေရာ အနှစ်ထောင်ပေါင်းများစွာ ကြာမြင့်ခဲ့လေသည်၊ သူ၏ ခန္ဓာကိုယ်ပေါ်တွင် ခြကောင်များ တက်ပြီး မြေကြီး တို့ဖြင့် သူ၏ ခန္ဓာကိုယ် တခုလုံး ဖုံးကွယ်သွားသည့် အထိပင် ဖြစ်သည်၊ ထိုအခါ တိုင်အောင် ရတနာဂရသည် ဆရာသခင် သင်ကြား ပေးသော ရာမ နာမတော်ကို သရဇ္ဈာယ်လျက်ပင် ရှိသည်၊ သူ၏ အားလုံးသော မကောင်းမှုတို့မှာ အကျင့် တည်းဟူသော မီးတွင် ပြာဖြစ်သွားသော အကျိုးဖလကို ရခဲ့လေသည်။

တနေ့တွင် ဗြဟ္မာ သခင်က နာရဒအရှင်အား ပြောပြသည်၊ ယခုအခါ တဖန်ရတနာကရ၏ အခြေအနေကို....ကြည့်ရန် သွားကြဦးစို့....”

သူတို့ရောက်လာသောအခါ ရတနာကရကို မတွေ့ရတော့ချေ၊ ထိုနေရာတွင် ခြေတောင်ပို့ကြီးကိုသာတွေ့ရသည်၊ အတွင်းမှ ရာမရာမ နာမတော်ကို ကြားနေရသည်၊ ဗြဟ္မာအရှင်၏ အမိန့်ဖြင့် မိုးရွာချလိုက်ရာ မြေကြီးများပျော်ကျသွား၏၊ အတွင်းမှ ထားပြဗိုလ်ကြီး ထိုင်လျက် ပေါ်ထွက်လာသည်၊ မျက်စိကို မှိတ်ကာ ရာမ—ရာမနှင့် သရဇ္ဈာယ်နေသည်။ သူ၏ကိုယ်ခန္ဓာမှာ အသားများမရှိတော့ချေ၊ အရိုးချည်းသာ ကြွင်းကျန်လျက် ရာမ—ရာမဟု ရွတ်ဆိုနေလေသည်၊ ဗြဟ္မာအရှင်မှာလွန်စွာဝမ်းသာလျက် သူ၏ခေါင်းပေါ်တွင်လက်တင်လိုက်သည်၊ ထိုအခါ ရတနာကရသည် မျက်လုံးဖွင့်ကြည့်ရာဗြဟ္မာအရှင်ကိုတွေ့မြင်ရလေလျှင် ဗြဟ္မာအရှင်၏ ဓမ္မိကိုကိုင်ကာ—“အရှင်ဘုရားအရှင်သည် သန့်ရှင်းသောရာမအမည်တော်ကို....ပေးသဖြင့်....ငါ၏ အလုံးစုံသော မကောင်းမှုကိုမှာ....ကင်းကွာ၍ သွားပါပြီ....၊ ယခုအခါ အရှင်၏သနားတော်မူခြင်းကြောင့် ငါသည် လုပသော ဉာဏ်ကိုရ၍ အလုံးစုံသော အလိုဆန္ဒပြည့်ဝပါပြီ....”ဟု ဆို၏။

ထိုနောက် ဗြဟ္မာအရှင်ကပြောသည်—“ရတနာကရ....ရာမနာမတော်.....ကား....ဤမျှတန်ခိုးအာနိသင်ရှိသည်၊ သင်သည် ထားပြဘဝမှ လွတ်မြောက်ခဲ့လေပြီ....၊ရာမနာမတော်၏တန်ခိုးဖြင့်....သင်၏ အလုံးစုံသော အကုသိုလ်များ ပျောက်လွင့် ကုန်လေပြီ....၊ ဤမျှသာ မဟုတ်သေး....သင်သည် လောကသုံးပါး၏ အသိဉာဏ်ကို ရပြီး....အလုံးစုံသော အတတ်ပညာတို့ကိုလည်း မိမိအလိုလို တတ်မြောက်လေပြီ၊ သင်၏ကိုယ်ခန္ဓာမှာ တောင်ပို့(ဝါလ်မီကီ) သဖွယ် ဖြစ်ခဲ့

သည်၊ သို့ကြောင့် ရတနာဂဏရအမည်အစားဝါလ်မိကီ (တောင်ပို့) ဟု ခေါ်ကြရလိမ့်မည်....၊ ယခုအခါ....ငါ လိုလား သည်မှာ.... သင်သည် ရာမ၏ အကြောင်းအရာ ကထာ ကို အကျယ်ချဲ့ထွင်၍ ရေးရန်ဖြစ်သည်၊ သို့ဖြင့်သင်၏ ကျော်စောမှုလည်း ပို၍ ကျယ်ပြန့် သွားလိမ့်မည်....”

ဗြဟ္မာအရှင်၏ အမိန့်အရ ဝါလ်မိကိမဟာမုနိသည် သီရိရာမ စန္ဒာ၏ ကာဗာကို သဂ္ဂဘာဘာသာဖြင့် ရေးစီရင်ပြီး အဆုံးမှာ ဤသို့ ဖြစ်သည်-ထိုကျမ်းကိုသီရိရာမစန္ဒာ၏သားများဖြစ်သောလဝနှင့်ကုသ သည် သင်ယူပြီးလျှင် အလုံးစုံသော ပညာရပ်တို့ကို တတ်မြောက် သွားသည်၊ စာပေပညာ, လက်နက်ပညာ, စစ်ပညာတို့ကို ထိုကျမ်း နှင့်ပင် အပြီးတိုင် ပေါက်ရောက် တတ်မြောက် သွားသည်ဟု ဆိုလိုသည်။

ဗဟိုလမ်းမ

ထိုနောက် မြတ်စွာဘုရားက—“ရဟန်းတို့ ထိုအန္တ နှစ်ပါးတို့ကို မကပ်မှီ၍ တထာဂတ ထိုးထွင်း၍ သိအပ်သော ပညာမျက်စိကို ပြုသော အသိဉာဏ်ကို ပြုတတ်သော မဇ္ဈိမ ပဋိပဒါသည် ငြိမ်း အေးရန် ထူးသောဉာဏ်ဖြင့် သိရန် ကောင်းစွာ သိရန် နိဗ္ဗာန် ရောက်ရန် ဖြစ်၏”-ဟု မိန့်ကြားတော်မူ၏၊ မဇ္ဈိမ ပဋိပဒါမှာ အစွန်း အန္တ နှစ်ဘက်မှ လွတ်သော အလယ် လမ်းစဉ်ဖြစ်၏၊ ဗုဒ္ဓသည် ယင်းလမ်းစဉ်ကို ပညာ, သီလ, သမာဓိ—သုံးပါးပေါ် မူတည်ပြီး ချမှတ်ခြင်း ဖြစ်၏၊ ယင်း သုံးပါးမှာ ဗုဒ္ဓဓမ္မ၏ ကျောရိုး ဖြစ်၏။

ပညာ ဆိုသည်မှာ ကောင်းစွာ မြင်ခြင်းနှင့် ကောင်းစွာ ကြံခြင်းပင် ဖြစ်၏၊ ကောင်းစွာမြင်၍ ကောင်းစွာ ကြံလျှင် ပညာ ဖြစ်၏၊ သို့မဟုတ်က ကမ္ဘာပေါ်ရှိ စာအုပ်တွေ အကုန်လုံး ဖတ်နေသော်လည်း ပညာ မဖြစ်ချေ၊ သီလ ဆိုသည်မှာလည်း ကောင်းစွာ ပြောဆိုခြင်း, ကောင်းစွာ ပြုလုပ်ခြင်းနှင့် ကောင်းစွာ အသက်မွေးခြင်းပင် ဖြစ်၏၊ ထိုသို့ ပြောဆို, ပြုလုပ်, အသက်မွေးလျှင် အလို အလျောက် သီလ ဖြစ်နေ၏၊ ထိုသို့ မဟုတ်က ဝါသနာလုံး ဥပုသ် စောင့်နေသော်လည်း သီလ မဖြစ်ချေ၊ ကောင်းစွာ အားထုတ်ခြင်း, ကောင်းစွာ အောက်မေ့ခြင်းနှင့် ကောင်းစွာ တည်ကြည်ခြင်းသည် သမာဓိ မည်၏၊ သမာဓိ ဆိုသည်မှာ ယင်းသို့ ကောင်းစွာ အားထုတ်, အောက်မေ့, တည်ကြည်ခြင်းမှ တပါး အခြားမရှိချေ၊ ယင်း လမ်းစဉ်သည် ဒုက္ခကင်းရာ အကျင့်ဖြစ်၍ ပွားအပ်၏၊ မပြတ် ပွားလျှင် ဒုက္ခကင်းရာ နိဗ္ဗာန်သို့ ဆိုက်၏၊ ထိုအခါ ဒုက္ခဖြစ်ရာ တဏှာကို ပယ်ပြီး ဖြစ်၏၊ ဒုက္ခကိုလည်း သိ၏၊ စင်စစ် ဗုဒ္ဓ၏ အလုံးစုံသော မှတ်ချက်မှာလည်း သံသရာ ဒုက္ခသည် ဘယ်နည်းနှင့် ကင်းလွတ်မည်နည်းဟူသော အချက်ပေါ်မှာ တည်ရှိ၏၊ သူသည် ဒုက္ခကို လေးပါး အပြားအားဖြင့် ဝေဘန်၏— (၁)ဒုက္ခ, (၂)ဒုက္ခဖြစ်ကြောင်း, (၃)ဒုက္ခချုပ်ရာ, (၄)ဒုက္ခချုပ်ရာနည်းလမ်း။

ဒုက္ခသည် အဘယ်မျှ အပြားရှိသနည်း၊ ယင်းအပြားကိုလည်း အကျယ် ဖွင့်ဆို မြှက်ကြား၏—ဇာတိ, ဇရာ, ဗျာဓိ, မရဏ, အပိယသမ္ပယောဂ, ပိယ ဝိပ္ပယောဂ, ဣစ္ဆိတ အလာဘတို့ ဖြစ်၏၊ အချုပ်အားဖြင့် ခန္ဓာတို့ကို စွဲလမ်းခြင်းသည် ဒုက္ခဖြစ်၏၊ ဗုဒ္ဓသည် ယင်းဒုက္ခတို့ ဖြစ်ရခြင်း အကြောင်းရင်းကို ရှာဖွေ၏၊ လိုချင် တတ်မက် မှတ်သိပ်ခြင်း တဏှာသည်သာ အလုံးစုံသော ဒုက္ခတို့၏ အကြောင်း

ဖြစ်ကြောင်း တွေ့ရ၏၊ ထိုကြောင့် တဏှာ၏ အမြစ်ကို တူးပစ်ရန် ဥပဒေသ ပေးတော်မူ၏—

> မေ့မေ့ လျော့လျော့ ကျင့်သော သတ္တဝါအား မာလေဒ္ဓယ်ကဲ့သို့ တဏှာ တိုးပွားမှု၏ သစ်သီးကို အလိုရှိသော မျောက်သည် တောခွ၊ တပင်မှ တပင်သို့ ခုန်လွှားကူးသန်း သကဲ့သို့ ထိုသူသည် ဘဝမှ ဘဝသို့ ပြေးသွားရာ၏။

ပြိတ်မြက်သည် မိုးအခါ ကြီးပွားသကဲ့သို့ လောဘ၌ ကပ်ငြိ တွယ်တာ၍ ယုတ်မာသော ဤ တဏှာ ညှင်းဆဲခြင်း ခံနေရသူအား စိုးရိမ် ကြောင့်ကြမှုတို့ ကြီးပွားကုန်၏။

ထိုကြောင့် ဤ၌ အညီ အညွတ် လာသော သင်တို့အား ငါသည် ကောင်းသော တရားစကား ဟောကြားအံ့၊ ပြိတ်မြက်၏ အမြစ်ကို တူးပစ်သကဲ့သို့ တဏှာ၏ အမြစ် အရင်းကို တူးပစ်ကြကုန်လော့။

ခိုင်မြဲသော ရေသောက်မြစ်ကို မဖျက်ဆီးဘဲ ပင်စည် ပြတ်သော်လည်း တဖန် ပေါက်သကဲ့သို့ ကိန်းအောင်းနေသော တဏှာကို မဖျက်ဆီးသော် ဤ ဆင်းရဲ ဒုက္ခသည် အဖန်တလဲလဲ ဖြစ်ရာ၏။

အရေးကြီးသည်မှာ ဒုက္ခကို သိရန်ဖြစ်၏၊ လူသာမန် တို့သည် ဒုက္ခကို သိသည်မှာ သာမန်မျှ ဖြစ်၏၊ သညာသိ, ဝိညာဉ်သိမျှသာ ဖြစ်၏၊ ဤ သာမည အသိမျိုးဖြင့် ဒုက္ခ သစ္စာကို ပိုင်းခြား၍ သိသည်ဟု မဆိုနိုင်ချေ၊ ပညာဖြင့် သိမှသာ ဝိသေသ ထူးခြားသော အရိယာတို့၏ အသိမျိုး ဖြစ်၏၊ ကောင်းစွာ မြင်၍ ကောင်းစွာ ကြံမှ ပညာသိ ဖြစ်မည်၊ ပညာ ဖြစ်လျှင် သီလ ဖြစ်မည်၊ သီလ ဖြစ်လျှင်

သမာဓိ ဖြစ်မည်၊ ထိုမှ ပြန်သောအားဖြင့် ပညာ မဖြစ်လျှင် သီလ မဖြစ်နိုင်၊ သီလ မဖြစ်လျှင် သမာဓိလည်း ဖြစ်တော့မည် မဟုတ်ချေ။ ထိုကြောင့် ငါတို့အတွက် အထူး လိုအပ်သည်မှာ ပညာ ဖြစ်၏။ ပညာဆိုသည်မှာ ကောင်းစွာ မြင်ရန်နှင့် ကောင်းစွာ ကြံရန် ဖြစ်၏။

သမ္မာ= ကောင်းစွာဟူသည် အဘယ်နည်း၊ ယင်းသည် ထူးထူးဆန်းဆန်းမဟုတ်ပါ၊ ကုသိုလ်ပင်ဖြစ်သည်၊ အကောင်းကို ကုသိုလ်ဟု ခေါ်၏။ မကောင်းကို အကုသိုလ်ဟု ခေါ်၏။ ကုသိုလ်စိတ်, အကုသိုလ်စိတ်ဖြစ်၍ ကောင်းသော စိတ်, မကောင်းသော စိတ်ဟု ခေါ်၏။ စိတ်နှင့် ပတ်သက်၍ မြတ်စွာဘုရားသည် တပည့်သားအမျိုးမျိုးတို့အား စရိုက်သိုလိုက်၍ အမျိုးမျိုး ခွဲခြားမှတ်ပြ ဟောကြားတော်မူခဲ့၏။ ဓမ္မပဒမှ စိတ္တဝဂ်ကို စိတ်နှင့် ပတ်သက်၍ အကဲခတ်မိကြစေရန်ဖေါ်ပြလိုက်ပါသည်–

> လေးသမားသည် မြားကို ဖြောင့်အောင် ပြုသကဲ့သို့ ပညာရှိသည် တုန်လှုပ်၍ လျှပ်ပေါ် လေ့လည်ခြင်းသဘော ရှိသော စောင့်ထိန်း တားမြစ်ရန် ခက်ခဲသော စိတ်ကို ဖြောင့်အောင်ပြု၏။
>
> ရေမှ ထုတ်ဆောင်၍ ကုန်းခြောက် ပစ်ထားသော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ်တုန်လှုပ်၏။
>
> နှိမ်နင်းရန် ခဲယဉ်း၍ လျင်မြန်သော သဘောရှိသော အလိုရှိရာ အာရုံ၌ ကျလေ့ရှိသော ဤစိတ်ကိုဆုံးမခြင်းသည်

ကောင်း၏၊ဆုံးမပြီး၍ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

အလွန် အလွန် မြင့်နိုင်ခဲသော အလွန်အလွန် သိမ်မွေ့သောအလိုရှိရာအာရုံ၌ ကျလေ့ရှိသောစိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏၊ ထိုစိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

အဝေးသို့သွားတတ်သော တဦးတည်း ကျက်စားသော ကိုယ်ကောင် အထည် မရှိသော နှလုံးသား ကုန်၌ မှီသော စိတ်ကို စောင့်စည်းသူတို့သည် အနှောင်အဖွဲ့ လွတ်ကြမည်။

စိတ်မတည်တံ့သော သူတော်ကောင်း တရားကို မသိသော ပေါ်လောပေါ်သော ယုံကြည်မှုရှိသူအား ပညာမပြည့်စုံ၊ မစုဆုတ်သော စိတ်ရှိသော ထိခိုက်သော စိတ်မရှိသော ကောင်းမှု မကောင်းမှုကို ပယ်ပြီးသော နိုးကြားသူအား ဘေးမရှိ။

ဤခန္ဓာကိုယ်ကို အိုးနှင့်တူ၏ဟု သိ၍ ဤစိတ်ကို မြို့နှင့်တူ၏ဟု ဉာဏ်၌ သက်ဝင်စေလျက် ပညာ လက်နက်ဖြင့် ဂိုလေသာ မာရ်ကို တိုက်ခိုက်ရာ၏၊ အောင်သောတရားကို လည်း မတွယ်တာဘဲစောင့်ရာ၏။

ခိုးသူတယောက်သည် ခိုးသူတယောက်ကို မြင်သော် ပျက်စီးအောင် ပြုရာ၏၊ ရန်သူတယောက်သည် ရန်သူတယောက်ကိုမြင်သော် ပျက်စီးအောင်ပြုရာ၏၊ မကောင်းသဖြင့် ထားအပ်သော စိတ်သည်ကား ထိုစိတ်ရှိသူကို ထိုထက်ပင် ယုတ်ညံ့အောင် ပြုနိုင်၏။

ထိုလူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာမျိုးကို အမိ အဖသည် မပြုနိုင်၊ တပါးသော ဆွေမျိုးတို့လည်း မပြုနိုင်၊ ထိုချမ်းသာကို ကောင်းစွာ ထားသော စိတ်သည်သာ တဆင့်ထက် တဆင့် မြင့်မြတ်အောင် ပြုနိုင်၏။

အဘယ်ကြောင့် မကောင်းစိတ် အကုသိုလ် ဖြစ်ရသနည်း၊ လောဘ, ဒေါသ, မောဟ—ဟူသော အကုသိုလ် အကြောင်း ဟိတ်ကြောင့် မကောင်းစိတ် အကုသိုလ်ဖြစ်ရ၏၊ အကယ်၍ လောဘ, ဒေါသ, မောဟ မဖြစ်ပါသော် မကောင်းသော အကုသိုတ် စိတ် မဖြစ်နိုင်ချေ၊ အကုသိုလ်စိတ် မဖြစ်ရုံသာမဟုတ်၊ သူ၏ ဆန့်ကျင်ဘက် ကုသိုလ်စိတ်အလိုအလျောက် ဖြစ်ပေါ်လာ၏၊ လောဘမဖြစ်လျှင် အလောဘ ဖြစ်၏၊ ဒေါသ မဖြစ်လျှင် အဒေါသ ဖြစ်၏၊ မောဟမဖြစ်လျှင် အမောဟဖြစ်၏၊ ယင်းအလောဘ, အဒေါသ အမောဟ—ဟူသော အကြောင်းဟိတ် သုံးပါးကြောင့် ကောင်းသော ကုသိုလ်ဝိတ်ဖြစ်၏၊ ယင်း ကုသိုလ်ဟိတ် သုံးပါးကြောင့် ဗုဒ္ဓမမ္မတွင် လွန်စွာအရေးကြီးလှသော ဒါန, သီလ, ဘာဝနာလည်း အလိုအလျောက် ပြည့်စုံစေ၏။

အလောဘ ဆိုသည်မှာ ဒါန၏အမည် တမျိုးဖြစ်၏၊ လောဘ မဖြစ်လျှင် အလောဘ ဖြစ်၏၊ အလောဘ ဖြစ်လျှင် ဒါနဖြစ်၏၊ တစုံတခုသော ပစ္စည်းဥစ္စာ, လာဘ်လာဘ, စည်းစိမ် ချမ်းသာ၊ ရာထူးဂုဏ်သိမ်ကို အလိုရှိ၍ အဘယ်မျှပေးလှူစေကာမူ အလောဘ မဖြစ်ချေ၊ အကြောင်းမှာ သူသည် တစုံတရာကို အလိုရှိနေသည်၊ မျှော်လင့်တောင်းတနေသည်၊ ယင်းသည် လောဘတဏှာ ဖြစ်၏၊ လိုချင်မက်မောသော တဏှာ လောဘမှာ သမုဒယဖြစ်၏၊ ယင်း သမုဒယတဏှာ လောဘကြောင့် အလောဘ မဖြစ်ချေ၊ ဒုက္ခသာ

ဖြစ်မည်၊ တွယ်တာ မက်မောခြင်း တဏှာ လောဘ မဖြစ်လေမှ အလောဘ ဖြစ်မည်၊ ယင်းအလောဘ သည်ပင်လျှင် ဒါနဖြစ်၏၊ ပစ္စည်းဥစ္စာ တို့ကို အကုန် အကျခံ၍ အဘယ်မျှ ပေးလှူစေကာမူ အလောဘမဖြစ်က ဒါနမဖြစ်ချေ၊ တစုံတရာ ဘာမျှ မကုန်ကျဘဲ လည်း အလောဘဖြစ်က ဒါနဖြစ်၏၊ ဤတွင် အရေးကြီးသည်မှာ လောဘမဖြစ်စေရန်နှင့် အလောဘဖြစ်ရန်သာ ဖြစ်၏၊ ထို့အတူပင် ဒေါသမဖြစ်လျှင် အဒေါသဖြစ်၏၊ အဒေါသဖြစ်လျှင် သီလနှင့် ပြည့်စုံ၏၊ နေ့စဉ်သီလစောင့်နေပြီးဒေါသထွက်နေကသီလမဖြစ်ချေ၊ သီလ၏ တရားကိုယ်မှာ အဒေါသ ဖြစ်၏၊ ဒေါသ မဖြစ်မှလည်း အဒေါသ ဖြစ်မည်၊ မောဟ၏ ဆန့်ကျင်ဘက်မှာ အမောဟဖြစ်၏၊ အမောဟ ဖြစ်လျှင် ဘာဝနာဖြစ်၏၊ တသက်လုံး ကမ္မဋ္ဌာန်းအား ထုတ်နေ သော်လည်း မောဟ ဖုံးနေပါက အမောဟ မဖြစ်ချေ၊ အကယ်၍ အမောဟ ဖြစ်ပါလျှင် ဘာဝနာကိစ္စ အလိုအလျောက် ပြီးမြောက်၏၊ ဤသည်တို့ကို ပေါင်းစုပြီး ဤသို့ အကျဉ်းချုပ် ဆောင်ပုဒ်ထုတ်နိုင်၏—

လောဘ မဖြစ်လျှင် အလောဘ—
အလောဘ ဆိုသည်မှာ ဒါန၊
ဒေါသ မဖြစ်လျှင် အဒေါသ—
အဒေါသ ဆိုသည်မှာ သီလ
မောဟ မဖြစ်လျှင် အမောဟ—
အမောဟ ဆိုသည်မှာ ဘာဝနာ။

ဤကား **သမ္မာ**= ကောင်းစွာ ဟူသော အနက်မှ ပေါ်ထွက်လာသော ဗုဒ္ဓဓမ္မ၏အသက် အချက်အလက်တို့ဖြစ်၏၊ ကောင်းစွာမှာ

ကုသိုလ်စိတ်ဖြစ်၏၊ ယင်းကုသိုလ်စိတ်မှာ အလောဘ, အဒေါသ, အမောဟ ဟူသော ဟိတ် သုံးပါး တို့ကြောင့် ဖြစ်၏၊ ထိုကြောင့် ဒါနပြုလျှင် အလောဘ ဖြစ်ရမည်၊ သီလ ဆောက်တည်လျှင် အဒေါသဖြစ်ရမည်၊ ဘာဝနာပွါးလျှင် အမောဟ ဖြစ်ရမည်၊ ဤအမောဟဆိုသည်မှာ ဝိဇ္ဇာပညာပင်တည်း၊ ယင်းပညာကိုဆိုခဲ့သော မဇ္ဈိမပဋိပဒါ လမ်းစဉ်မှာ ပြန်၍ ကြည့်ပါဘိ၊ ဗုဒ္ဓဝမ္မမှာ လွန်စွာ လွယ်ကူ၏၊ "ဗဟုဇနေ သုခါယ ဗဟုဇနေ ဟိတာယ" ဟူသော သူ၏ ကြေးကြော်သံ အတိုင်း လူအများ ချမ်းသာစေရန် အစီးအပွါးဖြစ်စေရန် အတွက် လွယ်ကူသော နည်းဥပဒေသကို လွယ်ကူသော စကားဝါကျတို့ဖြင့် ဟောကြားတော်မူ၏၊ လူတိုင်းလိုက်နာကျင့်သုံးနိုင်စေရန် ဖြစ်၏၊ သို့ဖြင့် လူအများချမ်းသာရမည်၊ အကျိုးစီးပွါးရှိရမည်၊ ဤကား ဗုဒ္ဓ၏ ရည်ရွယ်ချက် ဖြစ်၏။

အခါတပါး မြတ်စွာဘုရားသည် မဂဓတိုင်း ရာဇဂြိုဟ် ပြည်၏ အရှေ့ အရပ် အမွှသဏ္ဍာ မည်သော ပုဏ္ဏားရွာ၏ မြောက်အရပ် ဝေဒိယက တောင် ဂ္ဂန္ဓသာလဂုဟ် သီတင်းသုံး နေတော်မူ၏၊ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် မြတ်စွာဘုရားထံ ချဉ်းကပ်တောင်းပန်၏—

"အရှင်ဘုရား အကျွန်ုပ်တို့သည် ဤတရား အထူးကို ရခြင်းငှာ လာရောက်ကြပါကုန်၏၊ အရှင်ဘုရား မြတ်စွာဘုရားသည် အခွင့်ပေးတော်မူပါသော် အကျွန်ုပ်တို့သည် ပြဿနာ မေးလျှောက်လိုပါကုန်၏"

ထိုအခါ မြတ်စွာဘုရားအား—"ဤသိကြားမင်းသည် ရှည်စွာသော နေ့ညဉ့်ပတ်လုံး စင်ကြယ်သော အကျင့်ရှိခဲ့၏၊ မည်သည့် ပြဿနာကို မေးသည် ဖြစ်စေ၊ အကြောင်းနှင့် စပ်သော ပြဿနာ

ကိုသာ မေးလိမ့်မည်၊ အကြောင်းနှင့် မစပ်သော ပြဿနာကို မေးမည် မဟုတ်၊ သူမေးရ၍ ငါ ဖြေသော် ထိုအဖြေကို လျှင်မြန်စွာပင် သိလိမ့်မည်”-ဟု အကြံဖြစ်ကာ အခွင့် ပေးလိုက်၏-

“သိကြားမင်း သင်၏စိတ်၌ မေးလိုသော ပြဿနာကို ငါ့အား မေးလော့၊ ထိုထို ပြဿနာ အတွက် ဖြစ်ပေါ်နေသော သင်၏ ယုံမှားခြင်း ဝိစိကိစ္ဆာကို အဆုံးတိုင် ဖြေရှင်းအောင် ငါ ဖြေရှင်းအံ့”

မြတ်စွာဘုရား ခွင့်ပြုတော်မူလတ်သော် နတ်တို့၏ အရှင် သိကြားမင်းသည် မြတ်စွာဘုရားအား ရှေးဦးစွာ ဤပြဿနာကို မေးလျှောက်၏-

“အရှင်ဘုရား လူနတ်တို့အား ရန်ပြုကြားကုန်လျက် ဒဏ်ကင်းကုန်လျက် ရန်သူ ကင်းကုန်လျက် စိတ်ဆင်းရဲခြင်း ကင်းကုန်လျက် အမျက်ထွက်ခြင်း ကင်းကုန်လျက် နေချင်ကြပါ၏၊ သို့ရာတွင် ထိုသို့ မနေကြရပါ၊ အဘယ်အနှောင့် အဖွဲ့ကြောင့်ပါနည်း”

“သိကြားမင်း နတ်လူတို့အား ရန်ပြုကြား စသည် ကင်းကုန်လျက် နေကြရန် တောင်းတ သော်လည်း တောင်းတတိုင်း မဖြစ်ကြသည်မှာ ဣဿာ မစ္ဆရိယ သံယောဇဉ်ကြောင့် ဖြစ်၏”

“အရှင်ဘုရား ဣဿာ မစ္ဆရိယ သည်ကား အခြေခံဖြစ်ရာ အဘယ်အကြောင်း, တိုးတက်ဖြစ်ပွားရာ အဘယ်အကြောင်း ရှိပါသနည်း၊ ထင်ရှား ဖြစ်ပေါ်ရာ အဘယ် အကြောင်း ရှိပါသနည်း၊ အမှန် အစ ဖြစ်ရာ အဘယ် အကြောင်း ရှိပါသနည်း၊ အဘယ် တရားရှိသော် ဣဿာ မစ္ဆရိယ ဖြစ်ပါသနည်း၊ အဘယ် တရား မရှိသော် ဣဿာ မစ္ဆရိယ မဖြစ်ပါသနည်း”။

"သိကြားမင်း ဣသာ မစ္ဆရိယသည် ချစ်ခြင်း မုန်းခြင်းဟူသော အခြေခံဖြစ်ရာ အကြောင်းရှိ၏၊ ချစ်ခြင်း မုန်းခြင်း ဟူသော တိုးတက်ဖြစ်ပွားရာ အကြောင်းရှိ၏၊ ချစ်ခြင်း မုန်းခြင်း ဟူသော ထင်ရှား ဖြစ်ပေါ်ရာ အကြောင်းရှိ၏၊ ချစ်ခြင်း မုန်းခြင်း ဟူသော အမှန် အစ ဖြစ်ရာ အကြောင်းရှိ၏၊ ချစ်ခြင်း မုန်းခြင်းရှိသော် ဣသာ မစ္ဆရိယ ဖြစ်၏၊ ချစ်ခြင်း မုန်းခြင်း မရှိသော် ဣသာ မစ္ဆရိယ မဖြစ်"။

"အရှင်ဘုရား ချစ်ခြင်း မုန်းခြင်းသည်ကား အခြေခံဖြစ်ရာ အဘယ် အကြောင်း ရှိပါသနည်း၊ တိုးတက် ဖြစ်ပွားရာ အဘယ် အကြောင်း ရှိပါသနည်း၊ ထင်ရှား ဖြစ်ပေါ်ရာ အဘယ် အကြောင်း ရှိပါသနည်း၊ အမှန် အစ ဖြစ်ရာ အဘယ် အကြောင်းရှိပါသနည်း၊ အဘယ် တရားရှိလျှော် ချစ်ခြင်း မုန်းခြင်း ဖြစ်ပါသနည်း၊ အဘယ် တရားမရှိသော် ချစ်ခြင်း မုန်းခြင်း မဖြစ်ပါသနည်း"။

"သိကြားမင်း ချစ်ခြင်း မုန်းခြင်းသည် လိုချင်ခြင်း ဆန္ဒ ဟူသော အခြေခံဖြစ်ရာ အကြောင်းရှိ၏၊ လိုချင်ခြင်း ဆန္ဒဟူသော တိုးတက် ဖြစ်ပွားရာ အကြောင်းရှိ၏၊ လိုချင်ခြင်း ဆန္ဒဟူသော ထင်ရှား ဖြစ်ပေါ်ရာ အကြောင်းရှိ၏၊ လိုချင်ခြင်း ဆန္ဒဟူသော အမှန် အစ ဖြစ်ရာ အကြောင်းရှိ၏၊လိုချင်ခြင်း ဆန္ဒရှိသော် ချစ်ခြင်း မုန်းခြင်း ဖြစ်၏၊ လိုချင်ခြင်း ဆန္ဒ မရှိသော် ချစ်ခြင်း မုန်းခြင်း မဖြစ်"

"အရှင်ဘုရား လိုချင် ဆန္ဒသည်ကား အခြေခံဖြစ်ရာ အဘယ် အကြောင်း ရှိပါသနည်း၊ တိုးတက် ဖြစ်ပွားရာ အဘယ် အကြောင်း ရှိပါသနည်း၊ ထင်ရှား ဖြစ်ပေါ်ရာ အဘယ် အကြောင်း ရှိပါသနည်း၊ အမှန် အစ ဖြစ်ရာ အဘယ် အကြောင်း ရှိပါသနည်း၊

အဘယ် တရားရှိသော် လိုချင်ခြင်း ဆန္ဒ ဖြစ်ပါသနည်း၊ အဘယ် တရား မရှိသော် လိုချင်ခြင်းဆန္ဒ မဖြစ်ပါသနည်း။

"သိကြားမင်း လိုချင်ခြင်း ဆန္ဒသည် ကြံစည်ခြင်းဝိတက်ဟူသော အခြေခံ ဖြစ်ရာ အကြောင်းရှိ၏၊ ကြံစည်ခြင်း ဝိတက် ဟူသော တိုးတက် ဖြစ်ပွါးရာ အကြောင်းရှိ၏၊ ကြံစည်ခြင်း ဝိတက်ဟူသော ထင်ရှားဖြစ်ပေါ်ရာ အကြောင်းရှိ၏၊ ကြံစည်ခြင်း ဝိတက်ဟူသော အမှန်အစဖြစ်ရာ အကြောင်းရှိ၏၊ ကြံစည်ခြင်း ဝိတက် ရှိသော် လိုချင်ခြင်း ဆန္ဒဖြစ်၏၊ ကြံစည်ခြင်း ဝိတက်မရှိသော် လိုချင်ခြင်း ဆန္ဒမဖြစ်။"

"အရှင်ဘုရား ကြံစည်ခြင်း ဝိတက်သည် အခြေခံဖြစ်ရာ အဘယ် အကြောင်းရှိပါသနည်း၊ တိုးတက်ဖြစ်ပွါးရာ အဘယ် အကြောင်း ရှိပါသနည်း၊ ထင်ရှားဖြစ်ပေါ်ရာ အဘယ်အကြောင်း ရှိပါသနည်း၊ အမှန်အစ ဖြစ်ရာ အဘယ် အကြောင်း ရှိပါသနည်း၊ အဘယ်တရား ရှိသော် ကြံစည်ခြင်း ဝိတက်ဖြစ်ပါသနည်း၊ အဘယ် တရားမရှိသော် ကြံစည်ခြင်း ဝိတက် မဖြစ်ပါသနည်း။"

"သိကြားမင်းကြံစည်ခြင်းဝိတက်သည် သံသရာခွဲထွင်တတ်သည့် ပပဉ္စသည်ရာ တရားအစု ဟူသော အခြေခံ ဖြစ်ရာ အကြောင်းရှိ၏၊ သံသရာ ခွဲထွင်ဟတ်သည့် တရားအစု ဟူသော တိုးတက်ကြီးပွါးရာ အကြောင်းရှိ၏၊ သံသရာ ခွဲထွင်တတ်သည့် တရားအစု ဟူသော တိုးတက်ကြီးပွါးရာ အကြောင်းရှိ၏၊ သံသရာ ခွဲထွင်တတ်သည့် တရားအစု ဟူသော ထင်ရှားဖြစ်ပေါ်ရာ အကြောင်းရှိ၏၊ သံသရာ ခွဲထွင်တတ်သည့် တရားအစု ဟူသော အမှန် အစ ဖြစ်ရာအကြောင်း ရှိ၏၊ သံသရာ ခွဲထွင်တတ်သည့် တရားအစု ရှိသော် ကြံစည်ခြင်း

ဖြစ်၏၊ သံသရာ ခွဲထွင်တတ်သည့် တရားအစု မရှိသော် ကြံစည်ခြင်း ဝိတက်မဖြစ်၊”

“အရှင်ဘုရား အဘယ်သို့ ကျင့်သော သူသည် သံသရာ ခွဲထွင်တတ်သော ပဟဋ္ဌသညာ တရား အစု၏ ချုပ်ခြင်းအား ကျော်၍ ထိုချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ကျင့်သည် မည်ပါသနည်း”

ဤပြဿနာကို မြတ်စွာဘုရားသည် ဝေဒနာသုံးပါးကို မှီဝဲခြင်း, မမှီဝဲခြင်းဖြင့် ခွဲခြားဖြေရှင်းပေး၏၊ ဝေဒနာမှာ ဝမ်းမြောက်ခြင်း သောမနဿ နှလုံး မသာခြင်း ဒေါမနဿနှင့် လျစ်လျူရှုခြင်း ဥပေက္ခာဟူ၍ သုံးပါးအပြားရှိ၏၊ ထိုတွင် ကုသိုလ် တရားတို့ တိုးပွါး မည့် ဝမ်းမြောက်ခြင်း သောမနဿ, နှလုံးမသာခြင်း ဒေါမနဿနှင့် လျစ်လျူရှုခြင်း ဥပေက္ခာတို့ကို မှီဝဲအပ်၏၊ အကုသိုလ် တရားတို့ တိုးပွါးမည့် သောမနဿ, ဒေါမနဿနှင့် ဥပေက္ခာတို့ကို မမှီဝဲအပ်ဟု တပါးစီ ရှင်းပြပြီးလျှင်—

“သိကြားမင်း ဤသို့ ကျင့်သောသူသည် သံသရာ ခွဲထွင်တတ်သည့် ပဟဋ္ဌသညာအစု၏ ချုပ်ငြိမ်းခြင်းအား ကျော်၍ ထိုချုပ်ရာ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကိုကျင့်သည် မည်၏—”ဟု ဖြေဆိုတော်မူ၏။

ဤသုတ်တွင် ငါတို့သည် နှတ်လူတို့၏ တောင့်တနေကြခြင်းတို့ကို ကောင်းစွာ တွေ့ကြရ၏၊ သူတို့သည် ရန်ငြိုးကင်းချင်ကြ၏၊ ဒဏ် ကင်းချင်ကြ၏၊ ရန်သူကင်းချင်ကြ၏၊စိတ်ဆင်းရဲခြင်း ကင်းချင်ကြ၏၊ အမျက် ထွက်ခြင်း ကင်းချင် ကြ၏၊ ဤဘေးအန္တရာယ် အသွယ်သွယ်တို့ကို အကျဉ်းချုပ်၍ ရှေးမြန်မာ ပညာရှိ သူတော်ကောင်း သူမြတ်လောင်း တို့က—“အပါယ်၄-ပါး, ကပ်၃-ပါး,

ရပ်ပြစ် ၈-ပါး, ရန်သူမျိုး ၅-ပါး, ဝိပ္ပတ္တိတရား ၄-ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ် ငြိမ်းရပါလို့၏-"ဟု ဆုတောင်း ပတ္ထနာကို စီရင်ပေးခြင်းဖြစ်၏၊ ဆုတောင်းနေရုံမျှနှင့် ယင်းဘေးအန္တရာယ်တို့မှ လွတ်ငြိမ်းချမ်းသာခွင့် မရနိုင်ပါ၊ မရနိုင်ကြောင်းကို လူတိုင်းပင် သိကြ၏၊ သို့ရာတွင် တခဲနက်တောင်းဆိုရမည်။

ငါတို့သည် ရှေးအခါက လွတ်လပ်ရေးကို ကြိုးကြာ်ခဲ့ကြသည်၊ ယင်းသို့ကြိုးကြာ်ရသည်မှာမလွတ်မလပ်၍ဖြစ်၏၊ အဘယ်ကြောင့် ငါတို့ မလွတ်လပ်သနည်း၊ အနှောင်အဖွဲ့ကြောင့် ဖြစ်၏၊ ထိုအခါ အနှောင်အဖွဲ့ကို တွေ့မြင်၍ ဖြတ်တောက်ကာ လွတ်မြောက်ခြင်း အရသာကို ခံစားကြရ၏၊ ဤကား တတိုင်းတပြည်လုံး အတွက် လွတ်မြောက်ရေး ဖြစ်၏၊ ယင်းလွတ်မြောက်ရေးမှာ ပြည်ထောင်စု သား လူအများနှင့် ပတ်သက်၍ အတော်ခက်သည်၊ သိကြားမင်း မေးသော လွတ်လပ်ရေးကား အသီးအသီးတဦးချင်းနှင့် ပတ်သက်သော ပုဂ္ဂလိက လွတ်လပ်ရေးဖြစ်၍ ထိုမျှခက်ခဲခြင်းမရှိချေ၊ လွန်စွာ လွယ်ကူလှပါသည်၊ သို့ရာတွင် မိမိကိုယ်တိုင်က ရန်ငြိုးရှိချင်နေလျှင် ဒဏ်ခံချင်လျှင် ရန်သူရှိချင်လျှင် စိတ်ဆင်းရဲချင်လျှင် အမျက်ရှိချင် ပါမူကား မတတ်နိုင်ချေ၊ အကယ်၍ ဤရန်ငြိုး စသည် တို့ကား မကောင်းဟု ကောင်းစွာမြင်ပါလျှင် ယင်းတို့၏ အနှောင်အဖွဲ့ကို ရှာဖွေချိမ့်မည်၊ ခက်ခက်ခဲခဲ ရှာဖွေနေဖွယ်မလိုပါ၊ သိကြားမင်း မေး၍ မြတ်စွာဘုရား ဖြေကြားတော်မူပြီး အသင့်ရှိနေ၏၊ ဤသို့ ရန်ငြိုးစသည်ရှိလျက် နေရခြင်းသည် ဣဿာ မစ္ဆရိယ သံယောဇဉ် အနှောင်အဖွဲ့ကြောင့် ဖြစ်သည်ဟု မြတ်စွာဘုရား ဖြေကြားတော်မူ၏။

ဣသာ ဟူသည် ငြူစု စောင်းမြောင်းခြင်း ဖြစ်၏၊ သူတပါး ကောင်းစား သည်ကို မနာလိုခြင်းပင်တည်း၊ ကေနိပါတ် သေရိုဝ ဝါဏိဇခေါ် ရဲကုန်သည် ဇာတ်တွင် သေရိုဝတိုင်းမှ ရဲကုန်သည် နှစ်ဦးသည် အသီးသီး ရဲလုံးများကို ဆောင်ယူ၍ အရိုင်ဦးပုရ ပြည်သို့ အတူသွားကာ ရဲရောင်းကြ၏၊ ရဲကုန်သည် တဦးသည် ရွှေဖလား အဟောင်းကြီး တခုကို ရဲလုံးတို့ဖြင့် လဲလှယ်၍ ရခဲ့၏၊ ထိုအကြောင်းကို အခြား ရဲကုန်သည် တဦး သိရသော အခါ ဣသာ ဖြစ်ကာ အသဲ နှလုံး ကွဲပြီး သေပွဲဝင်ရ၏၊ ဣသာသည် အများအားဖြင့် မိမိ ပတ်ဝန်းကျင် အချင်းချင်းတွင် အဖြစ်များ၏၊ တစိမ်း တရုံဆန် လူများ ကောင်းစားနေကြသည်ကို မည်သို့မျှ မနာလို မရှိသော် လည်း ကိုယ့်အချင်းချင်းမှ တစုံတဦး ကိုယ့်ထက် ထူးချွန်သွားလျှင် ငြူစူတတ်၏၊ စောင်းမြောင်းတတ်၏၊ ထိုဣသာကြောင့်ပင် လူ တို့သည် ရန်ငြိုး ရိုကုန်လျက် ဒဏ် ရိုကုန်လျက် ရန်သူ ရိုကုန်လျက် စိတ် ဆင်းရဲကုန်လျက် အမျက် ရိုကုန်လျက် နေကြကုန်၏၊ သံယော ဇဉ် ဟူသည် အနှောင် အဖွဲ့ပင် ဖြစ်၏၊ ယင်းရန်ငြိုးရိုခြင်း စသည် တို့ကို ဣဿာ သံယောဇဉ်က နှောင်ဖွဲ့ထားလေသည်။

မစ္ဆရိယ သံယောဇဉ်ကား မိမိ စီးပွား ဥစ္စာကို မပေးကမ်း လိုခြင်း ဝန်တို လျှို့ဝှက်ခြင်း အနှောင် အဖွဲ့ ဖြစ်၏၊ ဓမ္မပဒ အဋ္ဌ ကထာတွင် လွန်စွာ နှမြောလှသော သူဌေးကြီးတဦး အကြောင်း ကို ဖော်ပြထား၏၊ သူ၏ အမည်မှာ ကောသိယ ဖြစ်သော်လည်း လွန်စွာ နှမြောလှ၍ မစ္ဆရိယ သူဌေး ကြီး ဟု ခေါ် ကြ၏၊ တနေ့တွင် သူသည် နန်းတော်မှ အပြန် လမ်းတွင် လူတယောက် မုံ့ကြော် စားနေသည်ကို တွေ့ရ၍ စားလိုစိတ် ဖြစ်၏၊ သို့ရာတွင် ဝယ်စားပါက ငွေကုန်မည်စိုး၍ စားလိုစိတ်ကို နှိပ်ကွပ်ကာ အိမ်သို့

ပြန်ခဲ့၏၊ အိမ်တွင်လည်း သား မယား ကျေးကျွန်များ ရှိနေ၍ ဘုံ ခုနစ်ဆင့်ရှိသော ပြာသာဒ် ထက်သို့ တက်၍ မိမိဘိုးသာ မယားကို မုံ့ကြော်စေလေသည်၊ ဤမျှ မစ္ဆရိယ သံယောဇဉ် အနှောင်အဖွဲ့ ခိုင်မြဲနေသူအား အဘယ်မှာ ဘေးရန် အန္တရာယ် မရှိဘဲ နေမည်နည်း၊ ဤသာ သံယောဇဉ်နှင့်လည်း နှောင်ဖွဲ့ခြင်း ခံရမည်၊ ထပ်၍ မစ္ဆရိယ သံယောဇဉ်နှင့်လည်း နှောင်ဖွဲ့ ထားပြန်ရာ သေဖွယ်ရာသာ ရှိတော့သည်။

"အသင် လူသား သင်၏ အဖြစ်ကား ဆိုးရွား လှဘိတကား၊ သင်သည် သူတပါး တိုးတက် ကြီးပွားသည်ကို ငြူစူ စောင်းငေါ်းသော ဤသာ သံယောဇဉ် အနှောင် အဖွဲ့နှင့်လည်း နှောင်ဖွဲ့ခြင်း ခံနေရ၏၊ တဖန် ထပ်မံ၍ မိမိ ဥစ္စာကို လွန်စွာ နှမြောစဉ်တို့ လျှို့ဝှက်ခြင်း မစ္ဆရိယ သံယောဇဉ် အနှောင် အဖွဲ့နှင့်လည်း နှောင်ဖွဲ့ခြင်း ခံနေရပြန်သည်၊ ဤအနှောင်အဖွဲ့ နှစ်ခုဖြင့် သင့်အား ရန်ငြိုးရှိလျက် နေရ၏၊ ဒဏ်ရှိလျက် နေရ၏၊ ရန်သူရှိလျက် နေရ၏၊ စိတ်ဆင်းရဲလျက် နေရ၏၊ အမျက်ထွက်လျက် နေရ၏၊ သင့်ကို ဤသံယောဇဉ် အနှောင်အဖွဲ့နှင့် ဘယ်သူ နှောင်ဖွဲ့ထားပါသလဲ"။

ဤမေးခွန်းကို နှုတ်ဖြင့် ဖြေဆိုရန် လွယ်ကူလှပါသည်၊ ခက်သည်မှာ အလုပ်နှင့် ဖြေဆိုရန် ဖြစ်၏၊ ထိုအလုပ်မှာ မဟုတ် မမှန် ပါကလည်း ကြိုးစားသလောက် အကျိုးမရောက် ဖြစ်တတ်၏၊ ကိုယ်ကျင့်သာသည့် သူတို့အပေါ်မှာလည်း မနာလို မဖြစ်၊ မိမိ စည်းစိမ်ကိုလည်း ဝန်တိုခြင်း မရှိ၊ တက်ချင်တက်-ကျချင်ကျဟု ကြိုးစား ဆောက်တည်ကာ နေကာမျှဖြင့် အပြီးအပိုင် လွတ်ငြိမ်းချမ်းသာခွင့် ရလိမ့်မည် မဟုတ်ချေ၊ လုပ်နည်း မမှန်လျှင် တဖန်

ပြန်၍ အချုပ် အနှောင် ခံရပေဦးမည်၊ နည်းရပါလျှင်ကား အတင်း ရုံးကန် နေဖွယ် မရှိချေ၊ အလို အလျောက်ပင် သက်သက် သာသာနှင့် ပြေလည်သွားနိုင်သည်။

ဣသာ မစ္ဆရိယသည် ချစ်ခြင်း မုန်းခြင်း ဟူသော အခြေခံဖြစ်ရာ အကြောင်း ရှိ၏၊ ချစ်ခြင်း မုန်းခြင်း ဟူသော တိုးတက် ကြီးပွားရာ အကြောင်းရှိ၏၊ ချစ်ခြင်း မုန်းခြင်း ဟူသော ထင်ရှား ဖြစ်ပေါ်ရာ အကြောင်း ရှိ၏၊ ချစ်ခြင်း မုန်းခြင်း ဟူသော အမှန် အစ ဖြစ်ရာ အကြောင်းရှိ၏၊ ချစ်ခြင်း မုန်းခြင်း ရှိသော် ဣသာ မစ္ဆရိယ ဖြစ်၏၊ ချစ်ခြင်း မုန်းခြင်း မရှိသော် ဣသာ မစ္ဆရိယ မဖြစ်။

မြတ်စွာ ဘုရား၏ ဖြေကြားတော်မူချက်မှာ လွန်စွာ ရှင်းလှ၍ ထပ်ဆင့် ဖွင့်ဆိုရန် မလိုပါ၊ လူတိုင်းပင် မူရင်း အတိုင်း သိနိုင်၏၊ လှည်းနေ လေအောင်း မြင်းစောင်းမကျန် ဆိုသလို မည်သူ မဆို သဘော ပေါက်နိုင်၏၊ ချစ်ခြင်း သို့မဟုတ် မုန်းခြင်းကြောင့် ဣသာ မစ္ဆရိယ ဖြစ်ပုံကိုသာ ကိုယ်တွေ့ မျက်မြင် အဖုံဖုံဖြင့် အမျိုးစုံ စပ်ဟပ် ကြည့်ဘို့ လိုသည်၊ ချစ်လို့လဲ မနာလို ဝန်တိုခြင်း ဖြစ်၏၊ မုန်းလို့လဲ မနာလို ဝန်တိုခြင်း ဖြစ်၏၊ မနာလို ဝန်တိုခြင်းတို့၏ အခြေခံ ဖြစ်ရာ အကြောင်းမှာ ချစ်ခြင်း သို့မဟုတ် မုန်းခြင်း ဖြစ်၏၊ ယင်းတို့သည် မနာလို ဝန်တိုခြင်းတို့၏ တိုးတက် ကြီးပွားရာ, ထင်ရှား ဖြစ်ပေါ်ရာ, စတင်၍ ဖြစ်ရာ အကြောင်းတို့လည်း ဖြစ်၏၊ ချစ်ခြင်း သို့မဟုတ် မုန်းခြင်းကြောင့် မနာလို ဝန်တိုခြင်း ဣသာ မစ္ဆရိယ ဖြစ်၏၊ ယင်း အနှောင် အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်း ခံရပါသော် အဆိုပါ ဘေးရန် အန္တရာယ်တို့ ဆက်သွယ်လာ ပေလိမ့်မည်၊ ချစ်ခြင်းရှိ၍ မုန်းခြင်း ရှိသည်၊ ကို့အတူ မုန်းခြင်းရှိ၍

ချစ်ခြင်း ရှိသည်၊ ချစ်ခြင်း မုန်းခြင်း မရှိသော် ဣဿာ မစ္ဆရိယ သံယောဇဉ် အနှောင် အဖွဲ့အလိုလိုပင် ပြေသွားလိမ့်မည်။

ချစ်ခြင်း မုန်းခြင်း၏ အခြေခံဖြစ်ရာ အကြောင်း, တုံ့တက် ဖြစ်ပွားရာ အကြောင်း, ထင်ရှား ဖြစ်ပေါ်ရာ အကြောင်း, အမှန် အစ ဖြစ်ရာ အကြောင်းမှာ လိုချင်ခြင်း ဆန္ဒဖြစ်၏၊ လိုချင်ခြင်း ဆန္ဒကြောင့် ချစ်ခြင်းလည်း ဖြစ်၏၊ မုန်းခြင်းလည်း ဖြစ်၏၊ ဆန္ဒ မရှိလျှင် ဘယ်မှာ ချစ်ခြင်း မုန်းခြင်း ဖြစ်တော့မည်နည်း၊ ယင်း ဆန္ဒသည်လည်း ကြံစည်ခြင်း ဝိတက်ကြောင့် ဖြစ်၏၊ ကြံစည် ခြင်း ဝိတက် ဖြစ်လျှင် လိုချင်ခြင်း ဆန္ဒ ဖြစ်မှာ သေချာသည်၊ ဝိတက် မရှိလျှင် ဆန္ဒ မဖြစ်၊ ဆန္ဒ မရှိလျှင် ချစ်ခြင်း မုန်းခြင်း ဖြစ်ပါတော့မည်လော၊ချစ်ခြင်းမုန်းခြင်းမရှိလျှင် မနာလို ဝန်တိုခြင်း အနှောင် အဖွဲ့နှင့် နှောင်ဖွဲ့ခြင်း ခံရတော့မည် မဟုတ်၍ ဘေးရန် မရှိမူ၍ နေရပေလိမ့်မည်၊ ထိုကြောင့် ငါတို့သည် ကြံစည်ခြင်း ဝိတက်ကို ဖြိုဖျက်ရပေလိမ့်မည်၊ ဘယ်ပုံ ဖြိုဖျက်မည်နည်း၊ နည်း သိလျှင် မခက်ပါ၊ ဝိတက်ဖြစ်ခြင်း အကြောင်းကို ရှာဘွေသော လိုသည်၊ သူ့ကို တွေ့သည်နှင့် တပြိုင်နက် ကြံစည်ခြင်း ဝိတက် ပျောက်ပျက် သွားလိမ့်မည်၊ ဝိတက်၏ အခြေခံဖြစ်ရာ အကြောင်း စသည်တို့မှာ ပပဉ္စသညာ တရားအစု ဖြစ်၏၊ ပပဉ္စ တရားမှာ တဏှာ, မာန, ဒိဋ္ဌိ ဟူ၍ သုံးပါးရှိ၏၊ ယင်းသုံးပါးတွင် ဤတွင် တဏှာကို ဆိုလိုသည်ဟု အဋ္ဌကထာဆရာ ဖွင့်ပြ၏၊ ပပဉ္စ ဆိုသည်မှာ သသံရာ ခဲ့ယူထွင်တတ်သည့် တရားဖြစ်၏၊ ယင်းတရားစု ရှိသော် ကြံစည်ခြင်း ဝိတက်ဖြစ်၏၊ ယင်းတရားစု မရှိသော် ဝိတက် မဖြစ်ချေ။

ဓမ္မစက္က ပဝတ္တနသုတ်တွင် တဏှာကို သမုဒယသစ္စာဟု ခေါ်ဆို၍ ဤတွင် ပပဉ္စသညာဟု အမည်ပေး၏၊ ထိုတွင် ဒုက္ခ

ဖြစ်ကြောင်းဖြစ်၍ သမုဒယဟု အမည်ပေးခြင်း ဖြစ်၏၊ ဤတွင် ဝိတက် ဖြစ်ကြောင်းဖြစ်၍ ပဟာနဟု အမည်ပေး၏၊ ခွဲထွင်ကြံစည်ခြင်းပင်တည်း၊ သံသရာကို ခွဲထွင်ခြင်းဖြစ်၍ ပဟာနသည်ကမ္ဘာ အတော်အရေးကြီးသည်၊ နောက်ဆုံးတရားဖြစ်၍ သိကြားမင်းသည် မေးခွန်းကို တမျိုးပြောင်း၍ မေးသည်ကို ငါတို့ သတိ ပြုသင့်ကြ၏၊ သူသည် ယင်းတရားစု၏ ချုပ်ခြင်းအားလျော်သော အကျင့်ကို မေး၏၊ အကြောင်းကား ထိုတရားစု ချုပ်လျှင် နိဗ္ဗာန်သို့ ရောက်သောကြောင့် ဖြစ်၏၊ ထပ်၍ ဆိုပါရစေဦး၊ ဤတွင် တဏှာသည် ပဟာနတရား မည်၏၊ အဘယ်သို့ ကျင့်သူသည် ယင်းပဟာနတရား၏ ချုပ်ခြင်းအားလျော်၍ ထိုချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ကျင့်သည် မည်ပါသနည်း။

မှိုဝဲအပ်သော ဝေဒနာကို မှိုဝဲသူသည် ပဟာနသည်ဟု အစု၏ ချုပ်ငြိမ်းခြင်းအားလျော်၍ ထိုချုပ်ရာ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကို ကျင့်သည် မည်၏၊ ဝေဒနာသည် ဝမ်းမြောက်ခြင်း သောမနဿ, နှလုံးမသာခြင်း ဒေါမနဿနှင့် လျစ်လျူရှုခြင်း ဥပေက္ခာဟူ၍ သုံးမျိုးရှိ၏၊ ထိုတွင် အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်သော ဝမ်းမြောက်ခြင်း သောမနဿ, နှလုံး မသာခြင်း ဒေါမနဿနှင့် လျစ်လျူရှုခြင်း ဥပေက္ခာ ဝေဒနာတို့ကို မှိုဝဲအပ်၏၊ အကုသိုလ် တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်သော ယင်းဝေဒနာ သုံးပါးတို့ကို မမှိုဝဲအပ်၊ ယင်းသို့ မှိုဝဲအပ်သော ဝေဒနာတို့ မှိုဝဲ၍ မမှိုဝဲအပ်သော ဝေဒနာတို့ကို မမှိုဝဲခြင်းသည် ထိုပဟာနသည် အစု၏ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်သည်မည်၏။

မြတ်စွာဘုရားသည် လူအများ လွယ်ကူစွာ နိဗ္ဗာန် ရောက်နိုင်စေရန် နည်းလမ်း ပေးတော်မူခဲ့၏၊ သို့ရာတွင် ပညာရှိကြီးများသည် မိမိတို့၏ ပညာရှိ အဖြစ်ကို ပြသရန် အတွက် လေးနက်စွာ ဖွင့်ဆိုကြသဖြင့် သာမညလူတို့ အနေဖြင့် လွန်စွာ နှစ်သက်မြတ်နိုးလျက် နိဗ္ဗာန်နားသို့ မသိနိုင်အောင် အလှမ်း ကွာနေ၏၊ ဤသက္ကပဥ္ဇာသုတ်ကို အကျဉ်းချုပ်၍ ကြည့်ပါဦး၊ အဘယ်မျှ လွယ်ကူသန့်ရှင်းသနည်း၊ နိဗ္ဗာန်သည် လွယ်ကူ သန့်ရှင်း၏၊ ခက်ခဲ ရှုပ်ထွေးခြင်း မရှိချေ၊ ဒုက္ခ မဟုတ်၊ သုခ ဖြစ်၏၊ အပူ မဟုတ်၊ အအေး ဖြစ်၏၊ ဤအကြောင်းကို သက္ကပဥ္ဇာသုတ်ဖြင့်ပင် ပြန်၍ အဖြေထုတ်သင့်၏။

သိကြား—လူတွေ ဒုက္ခ မရောက်ချင်ဘဲ ရောက်နေကြတာ ဘယ်အနှောင် အဖွဲ့ ကြောင့်ပါလဲ။

ဘုရား—မနာလို ဝန်တိုတဲ့ ဇုဿာ မစ္ဆရိယ သံယောဇဉ် အနှောင် အဖွဲ့ကြောင့် ဒုက္ခ မရောက်ချင်ဘဲ ရောက်နေကြရတယ်။

သိကြား—မနာလို ဝန်တိုခြင်းဟာ ဘယ်ကြောင့် ဖြစ်ရပါသလဲ။

ဘုရား—ချစ်ခြင်း မုန်းခြင်း ကြောင့်ပေါ့။

သိကြား—ချစ်ခြင်း မုန်းခြင်းဟာ ဘယ်ကြောင့် ဖြစ်ရပါသလဲ။

ဘုရား—ကြိုက်စည်တဲ့ ဝိတက် ကြောင့်ပေါ့၊

သိကြား—ကြိုက်စည်တဲ့ ဝိတက်ဟာ ဘယ်ကြောင့် ဖြစ်ရပါသလဲ။

ဘုရား—သံသရာ ခဲ့ပြုထုံ၍ တတ်တဲ့ ပပဉ္စ သညာ တရား အစုကြောင့်ဘဲ။

သိကြား— ဘယ်လို ကျင့်သူဟာ ဒီတရား ချုပ်ရာ နိဗ္ဗာန်သို့ ရောက်တဲ့ အကျင့်ကို ကျင့်ခြင်း ဖြစ်မလဲ။

ဘုရား–ကုသိုလ် ဖြစ်မဲ့ ဝေဒနာကို မှီဝဲ၊ အကုသိုလ် ဖြစ်မဲ့ ဝေဒနာကို မမှီဝဲနဲ့၊ အဲဒီလို ကျင့်သူဟာ အဲဒီတရား ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်တယ် မည်တယ်။

ဝေဒနာ ဟူသည်မှာ ဝေဒနကွန္ဓာ ဖြစ်၏၊ အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိသော သဘောတရား အလုံးစုံကို ဥာဏ်ဖြင့် တပေါင်း တစုတည်း ပြု၍ ဝေဒနကွန္ဓာ မည်၏ဟု သိအပ်၏၊ အာရုံ၏ အရသာကို ခံစားသည့် အခြင်းအရာ အားဖြင့် မှတ်အပ်သော ဝေဒယိတ လက္ခဏာ မည်သည် ဝေဒနာပင်တည်း၊ မြတ်စွာဘုရားကလည်း "ငါ့ရှင် အာရုံကို မစဲ မငြိမ် အကြိမ်ကြိမ် ခံစားတတ်သော သတ္တိကြောင့် ဝေဒနာဟု ဆိုအပ်၏"ဟု ဟောတော်မူ၏၊ ယင်းဝေဒနာသည် အာရုံကို ခံစားခြင်းဟူသော သဘော လက္ခဏာ အားဖြင့် တပါးဘည်း ရှိသော်လည်း ဇာတိဘေဒ အားဖြင့် ကုသိုလ်, အကုသိုလ်, အဗျာကတ ဟူ၍ သုံးပါး အပြားရှိ၏၊ သဘောတရား သက်သက် အစွမ်း အားဖြင့် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ ဥပေက္ခာ ဟူ၍ ငါးပါး အပြားရှိ၏၊ ဝေဒနကွန္ဓာသည် အနာ ရောဂါနှင့် တူ၏၊ အဘယ် ကြောင့်နည်း–ဆင်းရဲ ဒုက္ခ အဖြစ်၏ အစွမ်းဖြင့် နှိပ်စက် ညှဉ်းဆဲ တတ်သော ကြောင့်တည်း၊ ဒုက္ခဟု မှတ်အပ်၏၊ ရေပွက် ကဲ့သို့ မှတ်အပ်၏၊တာဝဏ္ဍမျှသာ မေ့လျော့အပ်သည်၏ အဖြစ်ကြောင့်တည်း။

ဤကား ဝေဒနာကို အဘိဓမ္မာ နည်းဖြင့် ခွဲပြခြင်း ဖြစ်၏၊ အချုပ်မှာ ကောင်းသော ဝေဒနာကို မှီဝဲလျှင် တဏှာချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဟု သိရန်ဖြစ်၏၊ မြတ်စွာဘုရားသည် ဓမ္မစကြာသုတ်တွင် မဇ္ဈိမ ပဋိပဒါ ဟူသော မဂ္ဂင်ရှစ်ပါး လမ်းစဉ်ဖြင့်

နိဗ္ဗာန်သို့ ညွှန်၏၊ ဤသက္ကပဥ္စာသုတ်တွင် ကုသိုလ် ဝေဒနာ မှီဝဲခြင်းဖြင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်ကြောင်း မိန့်ကြား၏။

တရုံသောအခါ အရှင် သာရိပုတ္တာသည် ရဟန်းတို့ကိုခေါ်၍-"ငါ့ရှင်တို့ ဤနိဗ္ဗာန်ကား ချမ်းသာ၏"ဟု ဆို၏။

ထိုအခါ အရှင် ဥဒါယီက "ငါ့ရှင် သာရိပုတ္တာ ယင်းနိဗ္ဗာန်၌ ခံစားခြင်း ဝေဒနာ အကယ်၍ မရှိလျှင် ဘယ်သို့ ချမ်းသာပါသနည်း"ဟု မေး၏။

"ဤနိဗ္ဗာန်၌ ခံစားခြင်း ဝေဒနာ လုံးဝ မရှိချေ၊ ဤသို့ ဝေဒနာ မရှိခြင်းသည်ပင်လျှင် ဤနိဗ္ဗာန်၌ ချမ်းသာတည်း"

"ငါ့ရှင် သာရိပုတ္တာ နိဗ္ဗာန် နိဗ္ဗာန် ဆိုပါသည်၊ အဘယ်တရားသည် နိဗ္ဗာန် မည်ပါသနည်း"

"ငါ့ရှင် ရာဂ, ဒေါသ, မောဟ ကုန်ခြင်းသည် ရှိ၏၊ ယင်းကို နိဗ္ဗာန်ဟု ဆိုအပ်၏"

ရှင်သာရိပုတ္တာ၏ နိဗ္ဗာန်မှာ ခံစားမှု ဝေဒနာ မရှိ ဆိုသော စကားနှင့် သက္ကပဥ္စာသုတ်မှာ ကောင်းသော ဝေဒနာကို မှီဝဲက နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်၏ ဆိုသော စကားမှာ ဆန့်ကျင်ဘက် မဖြစ်ပါ၊ သက္ကပဥ္စာသုတ်က ကုသိုလ်ဖြစ်သော ဝေဒနာကို မှီဝဲက နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သည်ဟု ဆိုသည်၊ နိဗ္ဗာန်သို့ မရောက်သေး၊ ရှင်သာရိပုတ္တာ၏ စကားမှာ နိဗ္ဗာန် ဖြစ်သည်၊ နိဗ္ဗာန်သို့ ရောက်နေပြီ၊ ကောင်းသော ဝေဒနာကို မှီဝဲ၍ ကျင့်သဖြင့် နိဗ္ဗာန်ရောက်သော အခါ ဝေဒနာ မရှိချေ၊ ယင်းသည်ပင် နိဗ္ဗာန်ဟု ဆိုခြင်းဖြစ်၏၊ အကြောင်းကား ရာဂ, ဒေါသ, မောဟ ကုန်ခြင်းကြောင့်ဖြစ်၏၊ ရာဂနှင့် လောဘ တဏှာမှာ အတူတူဖြစ်၏၊ ယင်းသုံးပါးသည် အကုသိုလ် ဟိတ် သုံးပါးဖြစ်၏၊ အကုသိုလ် ဖြစ်ရန်

ရေသောက်မြစ် ဖြစ်၏၊ ထိုသုံးပါး၏ ဆန့်ကျင် ဘက်မှာ ဆိုခဲ့ပြီးသော အလောဘ, အဒေါသ, အမောဟဟု ကုသိုလ် ဟိတ် သုံးပါး ဖြစ်၏၊ ယင်းကုသိုလ် ဟိတ်တို့က တဖန် ကုသိုလ်ဖြစ်သော ဒါန, သီလ, ဘာဝနာ သို့မဟုတ် သီလ, သမာဓိ, ပညာတို့ကို ထွန်းတောက်စေ၏၊ ဤကား ဗုဒ္ဓအမြင် မဂ္ဂင် လမ်းစဉ်ကို အကျဉ်း သခေါ်ပ ဖွင့်ပြခြင်း ဖြစ်၏၊ မြတ်စွာဘုရားသည် ဤလမ်းစဉ်ကို လိုက်ရန် လေးနှက်စွာ တိုက်တွန်းတော်မူခဲ့၏-

လမ်းခရီး အာဃလုံး တို့တွင် အင်္ဂါ ရှစ်ပါး ရှိသော လမ်းသည် အမြတ်ဆုံး ဖြစ်၏၊ သစ္စာ အာဃလုံးတို့တွင် အရိယသစ္စာ လေးပါးသည် အမြတ်ဆုံး ဖြစ်၏၊ သဘောတရား အာဃလုံး တို့တွင် ရာဂ ကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံး ဖြစ်၏၊ ခြေနှစ်ချောင်း ရှိသူတို့တွင် ဗုဒ္ဓသည် အမြတ်ဆုံး ဖြစ်၏။

ဤအင်္ဂါ ရှစ်ပါးရှိသော လမ်းသည် ;သာလျှင် ဥာဏ် အမြင် စင်ကြယ်ရန် အတွက် လမ်းမှန် ဖြစ်၏၊ ;ဤလမ်းမှ တပါးသောလမ်း မရှိပြီ၊ ထိုကြောင့် သင်တို့သည် ဤလမ်းကိုသာ သွားကြလော့၊ ဤလမ်းမှန်သည် မာရ်မင်း မမြင်နိုင်သော လမ်းဖြစ်၏။

သင်တို့သည် ဤလမ်းမှန်ကို သွားကြပါလျှင် ဆင်းရဲအဆုံးကို ပြုကြရမည်၊ ငါသည် ရာဂစသော ဆူးငြောင့် ကင်းသော လမ်းမှန်ကို ကိုယ်တိုင်သိ၍ သင်တို့အား လမ်းမှန်ကို ညွှန်ကြားအပ်ပြီ။

သင်တို့သည် ကိုယ်တိုင် အားထုတ်ကြ ကုန်လော့၊ ဗုဒ္ဓတို့သည် ညွှန်ကြားရုံမျှ ဖြစ်ကုန်၏၊ ကျင့်၍ ကိလေသာကို

ရှိ၊ မြိုက်သူတို့သာ မာရ်မင်း အနှောင် အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏။

အကြင်အခါ သင်္ခါရ အားလုံးတို့ အမြဲ မရှိကုန်, ဆင်းရဲကုန်ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ ရုပ် နာမ် ဓမ္မ သင်္ခါရတို့၌ ငြီးငွေ၏၊ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းတည်း၊

အကြင်အခါ သဘာဝ တရား အားလုံးတို့သည် အတ္တ မဟုတ်ကုန်ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ ရုပ် နာမ် ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏၊ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်း ဖြစ်၏။

အကြင် ပုဂ္ဂိုလ်အား အတိတ် ခန္ဓာ၌ငင်း, အနာဂတ် ခန္ဓာ၌ငင်း, ပစ္စုပ္ပန် ခန္ဓာ၌ငင်း ကြောင့်ကြမှု မရှိ၊ ကြောင့်ကြမှု မရှိသော, စွဲလမ်းမှုကင်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆိုး၏။

အဘယ်မျှ လွယ်ကူ မြင့်မြတ် တင့်အပ်သော လမ်းစဉ်ပေနည်း၊ ဗုဒ္ဓသည် ၆-နှစ်တိုင်မျှ ဒုက္ကရ စရိယာ ကျင့်ပြီး ရှာဖွေရသည်၊ ထိုတွင် သူသည် မမှီဝဲအပ်သော အန္တ နှစ်ပါးကို တွေ့ခဲ့သည်၊ အန္တ တခုမှာ အချောင် လိုက်လွန်းသော လက်ျာစွန်း ဖြစ်သည်၊ အခြား အန္တ တခုမှာ မသက်သာ လွန်းသော လက်ဝဲစွန်း ဖြစ်သည်၊ ဘယ်အစွန်း မဆို အန္တရာယ်နှင့် နီးစပ်သည်၊ အစွန်း လွတ်လေမှ ဘေးကင်းရန်ကွာ အေးချမ်း သာယာမည်၊ ယင်းသည် ဒုက္ခခပ်သိမ်းကင်းငြိမ်းသော နိဗ္ဗာန် ဖြစ်၏၊ လွတ်မြောက်ရေး မုတ္တိ ဖြစ်၏၊ မောက္ခ ဖြစ်၏။

နိဗ္ဗာန်ကို လူတိုင်း ကြိုက်သည်၊ သတ္တဝါတိုင်း ကြိုက်သည်၊ လူတိုင်း လိုချင် တောင့်တကြသည်၊ သတ္တဝါတိုင်း လိုချင် တောင့်တ ကြသည်၊ ဘယ်သူ မဆို နိဗ္ဗာန်ကို လိုချင် တောင့်တ ကြသည်၊ အကြောင်းကား အေးအေး ချမ်းချမ်း နေချင်ကြ၍ ဖြစ်သည်၊ သို့ရာတွင် သူတို့သည် နိဗ္ဗာန်ရရန် နည်းလမ်းမသိကြချေ၊ ထို့ကြောင့် သိသူများထံ ချဉ်းကပ် လေ့လာကြသည်၊ ပညာရှိကြီးတို့သည် သူတို့အား နိဗ္ဗာန် တရား ဟောကြားကြသည်၊ သူတို့ ဉာဏ်ကြီး ကျယ်သလောက် လေးလေး နက်နက် ခွဲ့ထွင်ပြီး ရှင်းပြကြသည်၊ ပညာရှိ အမျိုးမျိုးသည် နိဗ္ဗာန်ကို အမျိုးမျိုး မြင်ကြသည်။

အိန္ဒိယ ဒဿန

(၁) **ဂေါတမ** အမည်ရှိသော ရသေ့ကြီးက **ရှာယ ဒဿန**ဖြင့် နိဗ္ဗာန်ကို ညွှန်ပြ၏၊ သူ၏ အမြင်ကို အလျှဉ် နှစ်ပါးတို့ဖြင့် ဝေဘန် ထား၏၊ ပဒတ္ထ မိမံသာတ်မကနှင့် ပမာဏ မိမံသာတ်မက ဖြစ်သည်၊ ပဒတ္ထ မိမံသာတွင် ပမာဏ, ပမေယ, သံသယ, ပယောဇန အစ ရှိသော ပုဒ်အနက် ၁၆-ပါးတို့ဖြင့် ဝေဘန် သုံးသပ်သွား၏၊ ယင်း အလျှဉ်မှာ ရှေးဟောင်း ရှာယအဖြစ် ထင်ရှား၏၊ ပမာဏ မိမံ သာမှာ ပစ္စက္ခ, အနုမာန, ဥပမာန, သဒ္ဒ—ဟူသော ပမာဏတို့ကို လေးနက်စွာ သုံးသပ်၏၊ ယင်းကို ရှာယသစ်ဟု ခေါ်ကြ၏၊ ရှာယ ဒဿန၏ အယူအဆမှာ ပမာဏ, ပမေယ, သံသယ, ပယောဇဉ် အစရှိသော ပုဒ်အနက် ၁၆-ချက်၏ ယထာဘူတ ဉာဏ်ဖြင့် လူ့ဘဝ ၏ အမှတ်လက္ခဏာသို့ ရောက်၏၊ 'ရိတေ ဉာဏာန္ဒ မုတ္တိ-' ဉာဏ်နှင့် ကင်း၍ မုတ္တိ(နိဗ္ဗာန်)မဖြစ်၊ ယင်းဒဿန အလိုအားဖြင့် ပရမာဏု, အတ္တ, ဣဿရ- (ဤဆွရဘုရား) ဟူသော နိစ္စ ပဒတ္ထအားဖြင့်

လောကၦ၏ သတ္တဝါ ဖြစ်၏၊ ဣန္ဒြေအားဖြင့် မှတ်အပ်သော လောကသည် စင်စစ် **သ**စ္စာ ဖြစ်၏၊ ဤဆုရခေါ် ဖန်ဆင်းရှင်၏ အလိုဆန္ဒအတိုင်း ပရမာဏု တခုသည် အခြား ပရမာဏု တခုနှင့် ပေါင်းဆုံပြီးနှစ်ခု, နှစ်ခုမှ သုံးခု ဤသို့ စသဖြင့် ဘုတ်ကြီး ငါးပါး (ပဌဝီ မဟာဘူတ)ဖြစ်ခြင်း ဖြစ်၏၊ မိမိစ္စာ ဉာဏ်ကြောင့်သာ နောက်ဘဝ အစရှိသော ဒုက္ခ ဖြစ်ရ၏၊ ထိုကြောင့် အတ္တကို မျက်မှောက်ပြုရန် လွန်စွာ အရေးကြီးကြောင်းဖြင့် ရှင်းပြ၏။

(၂) **ကဏ္ဍ** အမည်ရှိသော ပညာရှိကြီးကမူ **ဝိသေသိက ဒဿန** အမြင်ကို ရှင်းပြ၏၊ ဝိသေသိက၏ မူချ ဆိုလိုချက်မှာ အပ ဗဟိဒ္ဓ လောကကို ခွဲ၍ လေ့လာခြင်း ဖြစ်၏! ဝိသေသိက ဒဿနတွင် ဒဗ္ဗ, ဂုဏ, ကမ္မ, သာမညဝိသေသ, သမဝါယနှင့် အဘာဝ— ဤ ခုနစ်ချက်ကို အလေး အနက်ပြု၍ ယုံကြည် လက်ခံသည်၊ ဤ ဒဿန၏ အလိုမှာ အကြင်အခါ အတ္တမှ ကွဲပြားသော ပဒတ္ထ၏ ဉာဏ် မဖြစ်သေး, ထိုအခါတိုင်အောင် အတ္တကို ဟုတ်မှန်တိုင်းသိသော ဉာဏ် မဖြစ်နိုင်သေး၊ အတ္တနှင့် အတ္တမှကွဲပြားသော ပဒတ္ထကို ကောင်းစွာ သိခြင်း အပေါ်မှာသာ တတ်တ္ထဉာဏ် ဖြစ်သည်၊ ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, ကာလ, ဒိသာ, အတ္တ, မန — ယင်း ကိုးပါးသည် ဒဗ္ဗ မည်၏၊ ဝိသေသိက ဒဿနတွင် တတ်တ္ထဉာဏ် ဖြစ်စေရန်နှင့် မောက္ခ (နိဗ္ဗာန်)၏ အကြောင်း ဖြစ်ခြင်းကြောင့် အလိုဆန္ဒ ကင်းကွာသော ကံ၏ ပြည့်စုံစေရန်လည်း အလွန် လိုအပ်ကြောင်း ရှင်းပြလေသည်။

(၃) **ကပိလ မုနိ** အမည်ရှိသော ရသေ့ကြီးကား **သင်္ချဒဿန** အမြင်ဖြင့်သာ လွတ်မြောက်ရေးကို ဆင်ခြင်ပေးသည်၊ ယင်း ဒဿနသည် ဒွေတ ဝါဒကို ဖြစ်ပေါ်စေ၏၊ ပကတိ-ပုရိသ နှစ်ပါးသည်

မူလ တတ်တ္ဒ မည်၏၊ စေတနာ ပုဂ္ဂိုလ်နှင့် ပေါင်းဆုံသော အခါ လောကဖြစ်ပေါ်၏၊ ပကတိသည် စေတနာ မရှိ၊ တခုတည်း ဖြစ်၏၊ ပုဂ္ဂိုလ်မှာ စေတနာရှိ၍ မျှားပြား၏၊ သမ္ပ်သည် သက္ကာယဝါဒကို အထောက် အပံ့ ပြု၏၊ သတ်တ္ဒ, ရဇ, တမ— ယင်းဂုဏ် သုံးပါးနှင့် တူညီသော အခိုက် အခါကိုသာ ပကတိဟု ခေါ်ဆို၏၊ ဂုဏ် သုံးပါးတို့ မညီ မမျှ ဖြစ်သော အခါ၌သာ ဖန်ဆင်းရှင် ဖြစ်ပေါ်၏၊ တတ်တ္ဒ အမျိုးပေါင်း ၂၅-ပါးသည် အသီးသီး သမ္ပ ဒဿနဌ် ထင်ရှား၏၊ ပုဂ္ဂိုလ, ပကတိ, မဟတ်တ္ဒ(ဗုဒ္ဓိ), အဟင်္ကာရ, မန, ပဉ္စ ဉာဏိန္ဒြိယ, ပဉ္စကမ္မိန္ဒြိယ, ပဉ္စတမ္မိတြနှင့် ပဉ္စ မဟာဘူတ စသည်တို့ ဖြစ်၏၊ သမ္ပ ဒဿနိက ဆရာတို့၏ ရှုထောင့်မှာ ယတ္တတ္ထဝါဒီ ဘက်သို့ အလေး အနက် ပြုနေကြ၏၊

(၄) **ပတဉ္ဇလိ မုနိကား ယောဂ ဒဿန**ဖြင့် နိဗ္ဗာန်ကိုပို့ဆောင်၏၊ ယောဂ ဒဿနတွင် အမျိုးမျိုးသော သဘ္ဓိတို့ကို အကျယ် ဖွင့်ဆို ထား၏၊ ယောဂ၏ အင်္ဂါ ရှစ်ပါးမှာ— ယမ, နိယမ, အာသန, ပဏာယာမ, ပစ္စာဟာရ, ဓာရဏာ, ဈာနနှင့် သမာဓိ ဖြစ်၏၊ ယင်း အင်္ဂါရှစ်ပါးကို လေ့ကျင့်သဖြင့် စိတ်ဖြစ်ခြင်းရပ်သွား၏၊ ယင်းသည် ရှေးဦးစွာသော ကေဂ္ဂတာ ဖြစ်၏၊ စိတ်သည် စူးစိုက်၍ ဝတ္ထု၏ အခြင်းအရာကို ယူသောအခါ သမာဓိ၏ အပေါင်း အစု ဖြစ်၏၊ သမ္ပ ဒဿနက လက်ခံသော တတ်တ္ဒ ၂၅-ပါးကို ယောဂ ကျမ်းတို့ မှာလည်း လက်ခံကြ၏၊ ယောဂဒဿန၌ အဓိက တခုမှာ ဖန်ဆင်းရှင်(ဣဿရ)ကို ယုံကြည်ခြင်း ဖြစ်၏၊ ထိုကြောင့် သူ့ကို 'သေဆုရ သမ္ပ'ဟုလည်း ခေါ်ကြ၏၊ ယောဂတွင် ကိလေသာ, ကမ္မ, ဝိပါက, အာသယတို့နှင့် စပ်ယှဉ်ခြင်း ကင်းသော ပုဂ္ဂိုလ် ဝိသေသကို ဣဿရ ဟု ယုံကြည်ကြ၏၊ ဣဿရသည် အခါခပ်သိမ်း လွတ်မြောက်သော

မုတ္တာ(နိဗ္ဗာန်)ဖြစ်၏၊ ဣသိရိယနှင့် ဉာဏ်၏ အထွတ်အထိပ် သည်သာ ဤ ဆုရ ဖြစ်၏ဟု ညွှန်ပြ၏။

(၅) **ဧမိနိ** ပဏ္ဍိတ်ကြီးကား **မိမ်သာ** ဒ္ဒသနဲ့ဖြင့် နိဗ္ဗာန်ကို ဖွင့်ပြ၏၊ ဤ ဒဿန၏ ပဓာန ရည်ရွယ်ချက်မှာ ဝေဒိက ကမ္မကဏ္ဍ၏ အစီအရင်ခ္ခ ဆန့်ကျင်ခြင်းတို့ကို ပယ်ဖျက်ရန် ဖြစ်၏၊ မိမ်သာ၏ အကြောင်းအရာမှာ ဓမ္မ ဝိဝေစန ဖြစ်၏၊' ဓမ္မခ္ခဲ့ ဝိသယံ ဝတ္ထု မိမ်သာယာ ပယောဇနံ'၊ ဝေဒမှ ညွှန်ပြအပ်သော ဣဋ္ဌ သာဓနသည် ဓမ္မ ဖြစ်၍ အနိဋ္ဌ- သာဓနသည် အဓမ္မ ဖြစ်၏၊ ဝေဒသည် ကိုယ်တိုင် နိစ္စ သိဒ္ဓနှင့် အပုရုသေယ ဖြစ်၏၊ ကံသည်သာ သဗ္ဗ ပဓာန ဝတ္ထု ဖြစ်၏၊ ကံကြောင့် အမြတ်ဆုံး အပုဗ္ဗနှင့် အပုဗ္ဗကြောင့် အကျိုး ဖလကို ရ၏၊ သို့ရာတွင် အပုဗ္ဗကြောင့် ဖြစ်သော အကျိုး ဖလမှာ နောင်ဘဝမှာမှ ရနိုင်၏၊ ဤကား သူ၏ အဆို--အမိန့်တည်း။

(၆) **ဗာဒရာယဏ** ပညာရှိကြီးသည် **ဝေဒန္တ** သုတ်တို့ကို စီစဉ်ပြီး နိဗ္ဗာန်ကို ညွှန်ပြ၏၊ ထိုသုတ်တို့၏ အလိုအားဖြင့် ဗြဟ္မာသည် သစ္စာ, လောကသည် မိစ္ဆာဖြစ်၏၊ ဇီဝသည်သာ ဗြဟ္မာဖြစ်၍ ထိုမှတပါး အခြား တစုံတရာ ဘာမျှ မရှိချေ၊ ဤ လောကကို မာယာဖြင့် ဖန်ဆင်းအပ်၏၊ ထိုကြောင့် ဤအကြောင်း အလုံးစုံကို မပြောအပ်ခြင်း ဖြစ်၏၊ မိစ္ဆာဟု ဆိုသဖြင့် အမြဲ မ၏သား ဟူသကဲ့သို့ ဆုံးဖြတ်ခြင်းမျိုးလည်း မပြုအပ်ချေ၊ စင်စစ် ပရမတ္ထဉာဏ် ဖြစ်သော အခါ လောကကို လောကဟု မမြင်ဘဲ အလုံးစုံသော နေရာ၌ ဗြဟ္မာ၏ သရုပ်ကိုသာ ရအပ်၏။

ဗြဟ္မာအား သရုပ်တည်းဟူသော ဂုဏ်နှစ်ပါးရှိ၏၊ တခုမှာ သဂုဏ ဖြစ်၍ နောက်တခုမှာ နိဂ္ဂုဏ ဖြစ်၏၊ မာယာ ဝိသိဋ္ဌ ဗြဟ္မာကို သဂုဏဟု ယုံကြည်၍ သူ့ကို ဣဿရ(ဤဆုရ)ဟုလည်း

ခေါ်ကြ၏၊ သဂုဏ ဗြဟ္မာသည် လောကကို ဖန်ဆင်းသူ ဖြစ်၏၊ နိဂ္ဂုဏမှာ မာယာ ရုပ်တ, သစ္စရူပ, အာခဏ္ဍ, ဗျာပက, သစ္စိဒါနန္ဒ ရူပ် ဖြစ်၏၊ ယင်းကို အဒ္ဒေတ ဒဿနမှာ မာယာဟု ယူဆ၏၊ ဝေဒန္တတွင် သတ္တာ သုံးမျိုးကို လက်ခံ၏— ပရမတ္ထိက, ပါတိဘာသိကနှင့် ဗျာဝဟာရိက ဖြစ်၏၊ ယင်းတွင် ဉာဏကို ရခြင်းသည်သာ မောက္ခ ဖြစ်၏၊ ဗြဟ္မာ၏ သရုပ်ကို မျက်မှောက်ပြုကာ ခံစားခြင်း ကြောင့် ဖြစ်၏၊ သိလိုသော အရာကို ကိုယ်တိုင် ခံစားရန် အရေးကြီး၏၊

ဂျိန်း ပညာရှင်တို့၏ အလိုအရ ရှေးဦးစွာ ဓမ္မတရားကို ဖြန့်ချိသူမှာ ဆရာ **'ရိသဘ ဒေဝ'** ဖြစ်၏၊ သူတို့သည် နှစ်ဆဲ့ လေးပါးသော တိတ္ထိကရ (ဦးစီးခေါင်းဆောင်) တို့ရှိကြောင်း ယုံကြည်ကြသည်၊ **ဂျိန်းဒဿန** တွင် လွတ်မြောက်ခြင်း မောက္ခကို သုံးပါးသော ပြီးမြောက်ခြင်းတို့ဖြင့် ဝေဘန်ပေး၏၊ ကောင်းသော မြင်ခြင်း သမ္မာဒဿန, ကောင်းသော ဉာဏ်ရှိခြင်း သမ္မာဉာဏ, ကောင်းသော အကျင့်ရှိခြင်း သမ္မာစာရိတ္တတို့ ဖြစ်၏၊ ယင်းစာရိတ္တ ပြီးမြောက်ရေးအတွက် အဟိံသာ, သစ္စာ, အတ္တေယ, ဗြဟ္မစာရိ, အပရိဂ္ဂဟ ဤငါးပါးသော အကျင့်တို့ကို စောင့်ရှောက်ရမည် ဖြစ်၏၊ ထို့ပြင် ဂျိန်းဒဿနတွင် ဇီဝတ္ထိကာယ, ပုဂ္ဂလတ္ထိကာယ, အာကာသတ္ထိကာယ, ဓမ္မတ္ထိကာယနှင့် အဓမ္မတ္ထိကာယ တည်းဟူသော အတ္ထိကာယ ငါးပါးကို ယုံကြည်လေသည်၊ သူတို့သည် အာတမာကို လက်ခံကြသည်။

ဤကား အိန္ဒိယ ဗြာဟ္မဏ ဒဿနိက ဆရာကြီးတို့၏ ဒဿနတို့ကို သူတို့၏ အယူအဆ အတိုင်း လိုရင်း ကောက်နှုတ်ပြီး အကျဉ်းချုပ်၍ တင်ပြလိုက်ခြင်း ဖြစ်၏၊ သူတို့ ဒဿနတို့သည် သူတို့အတွက်

အသီးသီး အရေးကြီးကြမည်မှာ အမှန်ပင် ဖြစ်၏၊ သို့ရာတွင် ဗုဒ္ဓဒဿနကိုသာ ပဓာနထား၍ ဖွင့်ဆိုသော ဤစာအုပ်တွင် ထိုဒဿနတို့အတွက် ကျယ်ကျယ်ဝန်းဝန်းကြီး နေရာ မရနိုင်ပါ၊ ဗုဒ္ဓဒဿန၏ အခြံအရံ အခြေခံ အဖြစ်သာ တင်ပြနိုင်ပါသည်၊ ဗုဒ္ဓဒဿနဟူ ကမ္ဘာပေါ်တွင် ပေါ်ထွက်ခဲ့သည်မှာ ဤဒဿနများကြောင့်ပင် ဖြစ်လေရာ ထိုအတွင်းမှ တချက်နှစ်ချက်ကိုကား မျိုးမျိုး မျက်မျက်မြည်းစွက် သင့်ပေသည်၊ ထိုကြောင့် ဤတွင် နျာယဒဿန၏ ပမာဏနှင့် ဗြဟ္မဏဝါဒတွင် နာမည်ကြီးလှသော ဥပနိသဒ် အမြုတေကို အသင့် အဘင့် ဖော်ပြပါဦးမည်၊ ဒဿနဆိုသည်မှာ သဘောရေးရာတို့ဖြစ်၍ သာမန် ဇာတ်ဝတ္ထုကဲ့သို့ လွယ်စွာ ဖတ်ရှုနိုင်မည် မဟုတ်ပါ၊ ဘယ်ဘာသာမှာမဆို ဒဿနနှင့် ပတ်သက်လျှင် လေးနက်သည်၊ အင်္ဂလိပ် လူမျိုး စာပေသမားတိုင်းသည် အင်္ဂလိပ် ဖီလော်ဆိုဖီကို လွယ်ကူစွာ မဖတ်နိုင်သကဲ့သို့ အိန္ဒိယ စာပေသမားတိုင်းလည်း အိန္ဒိယ ဒဿနကို လွယ်ကူ၁၁ မဖတ်နိုင်ချေ၊ အကြောင်းကား ဒဿနတို့မှာ သဘောရေးရာဖြစ်၍ ခက်သည်၊ တမင်သက်သက် ခက်စေခြင်းကား မဟုတ်ချေ၊ ခက်လို့ပင် ခက်ရခြင်းဖြစ်၏၊ ဥပမာ-ပိဋကတ်, သုတ်, ဝိနည်း, အဘိဓမ္မာ စသော စကားလုံးတို့ကို လွယ်အောင်လုပ်၍ မဖြစ်သကဲ့သို့ပင် ဖြစ်၏၊ ဒဿန ဟူသော စကားလုံးကိုပင် လွယ်ကူအောင် အမြင်ဟု ပြုလုပ်၍ မရချေ၊ လုပ်လျှင် မထိမိဘဲ ဖြစ်သွားတတ်၏၊ ဥပမာ သစ္စာကို အချို့နေရာမှာ အမှန်ပြန်နိုင်သော်လည်း အချို့နေရာတွင် အမှန်ဟုပြန်၍ မမှန်ချေ၊ သစ္စာဟုဆိုမှ လေးနက် တည့်ကျမည်၊ မြန်မာတို့သည် နိုင်ငံခြား စကားလုံးတို့ကို ဘာသာပြန်ပြီး ယူတတ်ကြသည်၊ မိမိတို့ ဘာသာမှာ စကားလုံး တိုးသော်လည်း နိုင်ငံခြားနှင့် ပြန်လည် ဆွေးနွေးရာတွင်

အခက်အခဲ တွေ့ရတတ်သည်၊ မြန်မာ ပါဠိ ဝေါဟာရတို့ကို ဘာသာခြားနှင့် ဆွေးနွေးရာတွင် အတော်ပင် ပြင်ဆင်၍ သတိထား ပြောနေကြရသည်၊ ဘာသာပြန် စကားလုံး အတွက်ကား ပို၍ ခက်သည်၊ အိန္ဒိယ လူမျိုးများ အင်္ဂလိပ်ဘာသာ သင်ကြားရာတွင် မြန်မာတို့ထက် တတ်လွယ်၏၊ အကြောင်းတခုမှာ သူတို့သည် အင်္ဂလိပ်ဝေါဟာရကို ကုလားလိုမပြန်ကဘဲ သူ့အတိုင်း ခေါ်ဝေါ်သုံးစွဲကြသောကြောင့် ဖြစ်၏၊ ယခုအခါ ကမ္ဘာပေါ်ရှိ နိုင်ငံတို့သည် တနိုင်ငံနှင့် တနိုင်ငံ အိမ်ခြံနှင့် ကြမ်းပြင်သဖွယ် ဖြစ်လျက် အခြားလကမ္ဘာစသည်တို့နှင့် ဆက်သွယ်ရန်နီးကပ်နေပေရာ ကိုယ့်အိမ်တွင်း ဘာသာမျှဖြင့် နေရာကျတော့မည် မဟုတ်ချေ၊ တတ်အားသမျှ ကြိုးစားမှ ဖြစ်ပေမည်၊ မိမိ၏ ပမာဏကို မှန်းဆရန်အတွက် နျာယ ဒဿန၏ ပမာဏနှင့် ဥပနိသဒ် အမြုတေကို အကဲခတ် ကြည့်ပါဦး။

နျာယ ဒဿန ပမာဏ

နျာယမှာ သက္ကတဘာသာ စကားလုံးဖြစ်၏၊ မြန်မာ အသံထွက်အားဖြင့် နယာယဟု ထွက်နိုင်၏၊ ပါဠိဘာသာ၌ ယင်းကို ဉာယဟု ခေါ်၏၊ အဓိပ္ပာယ် အချုပ်မှာ အသင့်ယူတို့ ဖြစ်၏၊ သဘောတရားတို့ကို အသင့်ယူတို့အားဖြင့် လေ့လာ သုံးသပ် ရှုကြည့်သော ဝါဒဖြစ်၍ နျာယဒဿနဟု ခေါ်ခြင်းဖြစ်၏။

နျာယ ဒဿနကိုညွှန်ပြသူမှာ ဆိုခဲ့သော ဂေါတမအမည်ရှိသော ရသေ့ကြီးဖြစ်၏၊ သူသည် မိထိလာမြို့သား ဖြစ်၏၊ သူ၏ နျာယ သူတြမျှား ယခုတိုင် ထင်ရှားရှိ၏။

ဂေါတမ၏ နျာယ သူတြကို ဝဿာယန အမည်ရှိသော ရသေ့ကြီးက ဘာသျှ အမည်ဖြင့် ဖွင့်ဆို၏၊ ယင်း ဘာသျှကို ဥဒ္ဒျောတ

ကရ အမည်ရှိသော ပဏ္ဍိတ်က ဝတ္ထုက အမည်ဖြင့် ဖွင့်ဆိုပြန်၏၊ ယင်းဝတ္ထုကကို တဖန် ဝါစပတိမိဿ အမည်ရှိသော ပညာရှိက နျာယဒဋ္ဌိကာ အမည်ဖြင့် ဖွင့်ဆိုပြန်၏၊ ယင်းဒဋ္ဌိကာကိုလည်း ဥဒယန အမည်ရှိသော ဆရာကြီးက ပရိသုဒ္ဓိ အမည်ဖြင့် ဖွင့်ဆိုပြန်၍ ဝဒ္ဓမာန အမည်ရှိသော ပုဂ္ဂိုလ်ကြီးက ယင်းပရိသုဒ္ဓိကို ပကာသ အမည်ဖြင့် ရှင်းလင်းပေးပြန်လေသည်၊ ဤနျာယဒဿန အဖွင့်ဋီကာ အဖြာဖြာတို့၏ အနှစ်သာရကို လွန်စွာ ကောင်းမြတ်သော အစီအရင်ဖြင့် ဟိန္ဒီ သဒ္ဒသာဂရတွင် ဖော်ပြထားလေသည်။

ဂေါတမ၏ နျာယသည် ပမာဏ တက္က အစရှိသည်တို့၏ အစဉ် အလာအရ ဆုံးဖြတ်သော ကျမ်း ၁၆သက် မဟုတ်ချေ၊ စင်စစ် အာတမာ, ဣန္ဒြေ, နောက်ဘဝ, ဒုက္ခ, မောက္ခ အစရှိသော ထူးခြားချက် အတိုင်းအတာ ပမေယျ အကြောင်းအရာတို့ပြီးမြောက်ကုန်၏၊ သို့ရာတွင် ဂေါတမ ရသေ့ကြီးသည် သူ၏ သူတြတို့၌ ဤအကြောင်းအရာ တို့၏ အသိဉာဏ်ဖြင့် အပဝဂ္ဂကို ရနိုင်ကြောင်း အတွက် ထိုအချက်အလက်တို့ပေါ်၌ စဉ်းစားသုံးသပ်၏၊ နျာယဌ ဣစ္ဆာ, ဒေါသ, ပယတနာ, သခ—ဒုက္ခနှင့် ဉာဏ— ယင်းတို့ကို အာတမာ၏ လိင်(မှန်းဆ၍ သိကြောင်းအမှတ်)ဟု ဆို၏၊ သို့ရာတွင် သရီရ, ဣန္ဒြေနှင့် မနမ္ပ အာတမာကို သီးခြားယူဆ၏၊ ဝိသေသိက ဌ၌လည်း ဣစ္ဆာ, ဒေါသ, သုခ, ဒုက္ခ စသည်ကို အာတမာ၏ လိင်ဟု ပြောဆို၏။

ဇဝဒန္တတို့နှင့် တူမျှသော နေယာယိကတို့သည် အာတမာကို တခုတည်းဟု မယူဆ, အများအပြားဟု ယုံကြည်ကြ၏၊ သင်္ချဝါဒီ တို့လည်း များစွာသော ပုရိသကို လက်ခံကြ၏၊ သို့ရာတွင် သူတို့သည် ပုရိသကို မပြုလုပ် တတ်သော အကတ္တာ မသုံးဆောင်တတ်

သော, အာဘောတ္တာ မြင်ရုံ သက်သက် အဖြစ်သာ ယူဆကြ၏၊ နေယာယိက တိုကား အာတမာကို ပြုလုပ်တတ်သော ကတ္တာ, သုံးဆောင်တတ်ခြင်း ဘောတ္တာစသည်ဖြင့် ယူဆကြသည်၊ သံသရာကို ဖန်ဆင်းသော အာတမာသည်သာ ဣဿရ (ဘုရား)ဖြစ်၏။

ရှေးယခင် အာတမာနှင့် အတူသာလျှင် ဣဿရခ်ိုလည်း သခ်္ခ, ပရိမာဏ, ပတ္ထတ္တ, သံယောဂ, ဝိဘာဂ, ဣစ္ဆာ, ဗုဒ္ဓိ, ပယတန—ဤဂုဏ် တို့ကို နိစ္စအဖြစ် လက်ခံ ကြသည်၊ ရှေးယမဉ္ဇရိခ်ို ဒုက္ခ, ဒေါသနှင့် သခ်ၢရမ္ပတပါး အလုံးစုံသော အာတမာ၏ ဂုဏ်သည် ဣဿရခ်ို ဖြစ်ကုန်၏ဟု ဖော်ပြထား၏။

မျှားစ္ဓာသော လူတို့သည် သရီရကို ဘုတ်ငါးပါးတို့ဖြင့် ပြုလုပ်သည်ဟု ယုံကြည်သော်လည်း ရှေးယခ်ို သရီရသည် ပထဝီ၏ ပရမာဏုမြူတို့ဖြင့် ပြုလုပ်သည်ဟု ယုံကြည်၏၊ စေတနာ, ဣန္ဒြေနှင့် အတ္တ၏ တည်ရာကို သရီရဟု ခေါ်ကြ၏၊ သုခကို ရမ္မ, ဒုက္ခကို ဖယ်ရှမ္ဘ ဗျာပါဒရသည် စေတနာ မည်သောကြောင့် သစ်ပင်၏ သရီရလည်း သရီရ၏ လက္ခဏာတွင် အကြုံးဝင်၏၊ သို့ရာတွင် ဝါစပ္ပတိမိဿက "ယင်းလက္ခဏာသည် သစ်ပင်၏ သရီရခ်ို အကြုံးမဝင်, ယင်းဖြင့်လူ၏ သရီရ သက်သက်သာ ဖြစ်စေသည်"ဟု ဆိုလေသည်။ သက်ရှိမိဿသည် ဝိသေသိက သူတြောပဏ္ဏာရခ်ို သစ်ပင်တို့မှာ သရီရရှိသော်လည်း ထိုတွင် စေတနာနှင့် ဣန္ဒြေတို့ တွေ့ထိမှု မတွေ့ရသောကြောင့် ယင်းကို သရီရ မခေါ်နိုင်၊ ရှေးဘဝက ပြုခဲ့သော ကံအားလျော်စွာ သရီရ ဖြစ်၏၊ ဘုတ်ငါးပါးတို့ကြောင့် ဣန္ဒြေငါးပါး ဖြစ်၏"ဟု ဆိုလေသည်။

ဃာနိန္ဒြေဖြင့် အနံ့ကို ယူ၏၊ ယင်းသည် ပထဝီကြောင့် ဖြစ်၏၊ ဇိဝှါသည် အာပေါ်ကြောင့် ဖြစ်၏၊ အကြောင်းကား အရသာသည်

ရေ၏ ဂုဏ်ဖြစ်၏၊ မျက်စိသည် တေဇောကြောင့် ဖြစ်၏၊ အကြောင်းကား ရုပ်ပုံသည် မီး၏ ဂုဏ်ဖြစ်၏၊ ဖောဋ္ဌဗ္ဗသည် ဝါယောကြောင့် ဖြစ်၏၊ အကြောင်းကား ဖဿသည် လေ၏ ဂုဏ်ဖြစ်၏၊ သောတသည် အာကာသကြောင့် ဖြစ်၏၊ အကြောင်းကား အသံသည် ကောင်းကင်၏ ဂုဏ်ဖြစ်၏။

ဗုဒ္ဓဝါဒီတို့၏ အယူအဆ အားဖြင့် သရီရဌ် ပစ္စက္ခ တွေ့မြင်ရသော မျက်နှာဝန်း စသည်ကို ဂျနေ့ဟု ခေါ်ကြ၏၊ နေယာနိုကတို့ အလိုအားဖြင့်ကား မျက်မှောက် တွေ့မြင်ရသော ယင်းမျက်နှာဝန်း စသည်တို့မှာ ဂျနေ့တို့၏ အဓိဋ္ဌာန်မျှသာ ဖြစ်ကုန်၏၊ ဂျနေ့တို့ မဟုတ်ကုန်၊ ဂျနေ့တို့၏ ဉာဏ်သည် ဂျနေ့တို့ကြောင့် မဖြစ်နိုင်၊ အချို့က တစခေါ် အရေ တခုထည်းကိုသာ ဂျနေ့ဟု ယူဆသည်၊ နျာယဒဿ တိုအယူအဆ တို့ကို ပယ်ဖျက်ပြီး ဂျနေ့တို့ အမျိုးမျိုး တည်ရှိပုံကို ဖော်ပြ၏၊ သခ်ျတွင် ကမ္မဇနေ့ ငါးပါးနှင့် မနကို ယူပြီး ဂျနေ့ ဆဲ့တပါး ညွှန်ကြား၏၊ ကမ္မဇနေ့ကို နျာယဒဿ လက်မခံချေ၊ မနကိုမူ တခုသော အကြောင်းအဖြစ်နှင့် အဏုမူ အသင်လက်ခံ၏၊ အကယ်၍ မနသည် ဘွန်စွာသိမ်မွေ့သော် သုခုမ မဖြစ်ဘဲ ပြန့်နှံ့နေပါသော် အသိဉာဏ်သည် ဒွန်တဲ့လျက် ဖြစ်ရာ၏၊ အဓိပ္ပာယ်မှာ များစွာသော ဂျနေ့တို့ တခဏ အတွင်းမှာ အတူတကွ ယှဉ်ခြင်းကြောင့် ထိုအလုံးစုံသော အာရုံတို့ကို တပြိုင်နက် အသိမည်ဟု ဆိုလိုသည်၊ သို့ရာတွင် နေယာနိုက တို့သည် ဤသို့ မယူဆချေ၊ ဂန္ဓ, ရသ, ရူပ, ဖဿနှင့် သဒ္ဒ— ယင်းတို့သည် ဘူတ်ငါးပါး တို့၏ ဂုဏ်နှင့် ဂျနေ့တို့၏ အတ္ထ သို့မဟုတ် အာရုံ ဖြစ်ကုန်၏၊ နျာယဒဿ ဗုဒ္ဓိကို ဉာဏဟုလည်း အမည် တပါးဖြင့် ပြောကြားသေး၏၊ သခ်ျဒဿ ဗုဒ္ဓိကို နိစ္စ,နျာယဒဿ အနိစ္စဟု ယူဆ၏၊

ဝိသေသိက ကဲ့သို့ပင် နျာယလည်း ပရမာဏူမြူ ဝါဒီ ဖြစ်၏၊ အဓိပ္ပာယ်မှာ ပရမာဏုမြူတို့နှင့် ယှဉ်ခြင်းကြောင့် ဖန်ဆင်း ဖြစ်ပေါ်ခြင်းကို ယုံကြည် ခြင်းပင် ဖြစ်၏၊ ပမေယျ တို့နှင့် ပတ်သက်၍ နျာယနှင့် ဝိသေသိကတို့၏ အယူအဆမှာ ယေဘုယျအားဖြင့် တခုတည်း ဖြစ်၏၊ သို့ကြောင့် ဒဿနတွင် အယူဝါဒ နှစ်မျိုးလုံးကို နျာယ အယူဝါဒဟု ခေါ်ဆိုကြ၏၊ ဝဿာယနလည်း ဘာသျှတွင် "သူတြ တို့၌ ဂေါတမ အကျယ် မပြသော အဒကြောင်းအရာတို့ကို ဝိသေသိကမှ ယူသင့်၏"ဟု ပြောပြလေသည်၊

အထက်ဖော်ပြချက်တို့ဖြင့် ဂေါတမ၏ နျာယသည် တွေးဆခြင်း သက်သက်သာဖြစ်သော တက္ကဗေဒ၏ နိယမကို ဆုံးဖြတ်သော ကျမ်းမဟုတ်ကြောင်း ထင်ရှား၏၊ စင်စစ် ပမေယျတို့ကို စဉ်းစားသော ဒဿနဖြစ်၏၊ ယင်းသည် ဥရောပ တက္ကကျမ်းတို့နှင့် ကဲပြားချက် ဖြစ်၏၊ ဥရောပ တက္ကသည် ဒဿနဌ အကြုံး မဝင်သော်လည်း နျာယသည် ဒဿနဖြစ်၏၊ နျာယဌ သမာဏ သို့မဟုတ် တက္ကအားစူးစမ်းခြင်းမှာ ထူးခြားသော အသွင်ဖြင့် ဖြစ်၏။

နျာယကျမ်း ဘယ်ခေတ်အခါက ဖြစ်ပေါ်ခဲ့သည်ဟု မှန်စွာ မပြောနိုင်ချေ၊ နေယာယိကတို့က ဂေါတမသည် ဝေဒဗျာသနှင့် ခေတ်ပြိုင် ဖြစ်ခဲ့သည်ဟု ဆိုကြ၏၊ သို့ရာတွင် ထိုအဆိုမှာ တစုံတရာ ပမာဏ မရှိချေ၊ အနောက်တိုင်း ပညာရှိ အချို့က ဗုဒ္ဓဝါဒ ထွန်းကားလာသောအခါ ထိုဝါဒကို တိုက်ဖျက်ရန် ပေါ်ထွက်လာသည်ဟု ဆိုကြ၏၊ ပညာရှိ အချို့ကလည်း ဤသို့ ဆိုကြသည်— ဝေဒိက ဝါကျတို့ကို အချင်းချင်း ကောင်းစွာ မျှတ စေရန်အတွက် ဇေမိနီသည် ပုဗ္ဗမီမံသာ၌ ယုတ္တိနှင့် တက္က ဝေါဟာရ ပြုရာ ရှေးဦးစွာ နျာယ အမည်ကို ခေါ်ဆိုလေသည်၊ မာဓဝ ဆရာသည် ပုဗ္ဗမီမံ

သာ၏ သာရသင်္ဂဟ,ကို စိရင်ရာ ထိုကျမ်း အမည်ကို နျာယမာလာ ဝိတ္ထာရဟု အမည်ပေး၏၊ ဝါစပ္ပတိ မိဿလည်း နျာယကဏိကာ အမည်ဖြင့် မိမိသာ တကျမ်း ပြုစု၏၊ ဝင်္ဂီသ၏ လေးစားအပ်သော ဗင်္ဂါလီ ပဏ္ဍိတ်တို့ကမူ—နျာယသည်သာ အလုံးစုံသော ဒဿနတို့ထက် ရှေးကြ၏၊ အကြောင်းကား အလုံးစုံသော ဒဿန သူတြားတို့၌ အခြားတပါးသော ဒဿနတို့၏ အဖွင့်ကို တွေ့ရသော်လည်း နျာယသူတြားတို့၌ ဘယ်သူ၏ ဒဿန အမည်မျှ မပါခဲ့၊ နျာယသည် ဒဿန လုံးစုံတို့ထက် ရှေးကျသည်ဟု မဆိုနိုင်စေကာမူ တက္ကဂ်ီ နိုယမသည် ဗုဒ္ဓမမ္မ ပြန့်ပွားသည်ထက် မျှားစွာ ရှေးကျလေသည်”ဟု ဆိုလေသည်၊

ဟေမ စန္ဒြသည် နျယသူတြားတို့ကို ဘာသျှ ဖွင့်ဆိုသော ဝဿာယနနှင့် စာဏကျကို တဦးတည်းဟု ယူဆ၏၊ အကယ်၍ ဤ အယူအဆ မှန်ခဲ့လျှင်ဘာသျှသည် ဗုဒ္ဓမမ္မပြန့်ပွားသည်၏ ရှေးကတည်ရှိ၏၊ အကြောင်းကား ဗုဒ္ဓမမ္မ ပြန့်ပွားသည်မှာ အသောကခေတ် ဖြစ်၍ ဗုဒ္ဓနျာယ ပေါ်ထွန်းသည်မှာ အသောက၏ နောက် မဟာ ယာနဂိုဏ်းကဲ့သော အခါမှ ဖြစ်၏၊ သို့ရာတွင် ဝဿာယနနှင့် စာဏကျကို တဦးတည်းပြုသော ဟေမစန္ဒြ၏ ဂါထာတွင် စာဏကျ၏ အမည် ရှစ်မျိုး ဖော်ပြရာမှာ မှန်ကန်လိမ့်မည် မဟုတ်ချေ၊ အချို့သော ပညာရှိတို့က ဝဿာယနသည် ခရစ် သက္ကရာဇ် ၈ ၊်းရာစုက ဖြစ်သည်ဟု ပြောကြသည်၊ ခရစ် သက္ကရာဇ် ခြောက်ရာစုတွင် ဝါသဝဒတ္တာ ကျမ်းပြု သုဗန္ဓုသည် မလ္လနာဂ, နျာယတ္ထိတိ, ဓမ္မကိတ္တိနှင့် ဉဇ္ဇောတကရ— ဤလေးဦးသော နေယာယိကတို့ကို ညွှန်ပြ၏၊ ဤတွင် ဓမ္မကိတ္တိဟု ထင်ရှား သူမှာ ဗုဒ္ဓနေယာယိက ဖြစ်၏၊ ဉဇ္ဇောတကရဟု ထင်ရှား သူမှာ ဗုဒ္ဓနေယာယိက ဖြစ်သော ဆရာဒီန္နာဂ၏

ပမာဏ သမ္ဘုဝယ အမည်ရှိသော ကျမ်းကို ပယ်ဖျက်ပြီး ဝဿာယနု၏ အယူဝါဒကို တည်စေ၏၊ သို့ဖြင့် ဝဿာယနသည် ဒိန္နာဂထက် ရှေးကျကြောင်းသိရ၏၊ မလ္လိနာထက ဒိန္နာဂအား ကာလိဒါသနှင့် တခေတ်တည်းဟု ဆိုဇော်လည်း လူအခ္ခါသည် ဤစကားကို လက်မခံကြဘဲ ဒိန္နာဂ၏ ခေတ်ကို ခရစ် သက္ကရာဇ် တတိယ ရာစုဟု ပြောပြကုန်၏၊ သုဗန္ဓု၏ ဖွင့်ဆို ချက်ကြောင့် ဒိန္နာဂ ဆရာ၏ ခေတ်သည် ခြောက်ရာစု၏ ရှေးဖြစ်၍ ဝဿာယနဲ့ကို သူ့ထက် ရှေးကျသော ၈ါးရာစုဟု ယူဆ သည်မှာ မမှန်ချေ၊ ထိုပုဂ္ဂိုလ်တို့သည် ထို့ထက် ရှေးကျပေမည်၊ ဝဿာယနသည် ဒသာဝယဝ ဝါဒီ ဖြစ်သော နေယာနိက တို့ကို ဖွင့်ဆို သဖြင့် သူတို့ထက် ရှေးကျသော ဘာသျ ကာရ (ဌိကာဆရာ) နေယာယိက အစဉ် အဆက် ဖြစ်ကြောင်း သိရ၏၊ သို့ရာတွင် သူတြတို့ကို စီရင်သော ခေတ်ကာလမှာ ဗုဒ္ဓဓမ္မ ပြန့်နှံ့သည်ထက် စောသည်၊

ဥပနိသဒ်အမြုတေ

သက္ကတလို ဥပနိဆဒ်သည် မြန်မာပါဠိလို ဥပနိသဒ=ဥပနိသဒ် ဖြစ်၏၊ အဓိပ္ပါယ်မှာ တစုံတယောက် အနားမှာ ထိုင်ခြင်း၊ အတတ်ပညာ သင်ကြားရန် ဆရာ၏ အပါးဌ ဆည်းကပ် ခစားခြင်း၊ ဗြာဟ္မဏတို့၏ အယူဝါဒ ဖြစ်သော အာတမာ ပရမတ္တမာ တို့ကို ဖွင့်ဆိုရာ ဝေဒ၏ အခက်အလက် ဒဿနကျမ်း ဖြစ်၏။

ဝေဒနှင့် ဥပနိသဒ်တို့ဌ အမြီတခေါ် အမြုတေ ရရှိရေး အတွက် နဲ့ညီးလမ်းများ ညွှန်ကြားထားလေသည်၊ ယဇုဝေဒ၏ အောက်ပါ မန္တြတွင် အမြုတေ သုံးဆောင်ရသော ပညာရှိ များ၏ အမှတ် လက္ခဏာကို ပြောပြထား၏—

ဗမာကြင်အရှင်သည် ငါတို့၏ မိတ်ဆွေဖြစ်၏၊ ဖန်ဆင်းသူနှင့် အမှုကိစ္စ အလုံးစုံကို ပြည့်စုံ စေသူ ဖြစ်၏၊ ထိုအရှင်၏ အနီးဌာ တည်ရှိသော ဒေဝ(သူမြတ်) တို့သာ တတိယ ဘုံဌာ ရှိသော အမြုတေကို သုံးဆောင်ရကုန်၏၊

အမြိုတခေါ် အမြုတေမှာ မသေခြင်း ဖြစ်၏၊ မသေခြင်းကို အမြိုတ=အမြုတေဟု ခေါ်၏၊ သူ၏ သဒ္ဒါတပါးမှာ ပါဠိစာပေမှ နိဗ္ဗာန်နှင့် အလားတူ ဖြစ်သော လွတ်မြောက်ကြောင်း မောက္ခ ဖြစ်၏၊ ဝေဒတို့တွင် လွတ်မြောက်ခြင်း အနက်ဌာ မောက္ခ အပြင် အမြိုတသဒ္ဒါဖြင့်လည်း သုံးလေ့ရှိ၏၊ ဥပနိသဒ်တို့မှာကား အမြိုတ ဟုပင်အမျှားအားဖြင့် ခေါ်ဆိုကြလေသည်၊အမြိုတကို မြန်မာတို့က အမြိုက်ဟုရင်း, အမြုတေဟုရင်း, သင့်သလို ခေါ်ဆိုကြလေသည်။

ယညဝလက္ခဏအမည်ရှိသော ရသေ့ကြီး၏ မယားက ရသေ့ကြီးအား—"သေခြင်းသို့ မျက်နှာမူနေသူသည် အဘယ် မန္တြ ကို သရဇ္ဈာယ် ရပါမည်နည်း—" ဟု မေး၏၊ ထိုအခါ ရသေ့ကြီးက ဤသို့ဖြေဆိုလေသည်—

"အိုမြတ်စွာဘုရား ငါ့အားလမ်းမှားမှ ကယ်တင်၍ လမ်းမှန်သို့ ဆောင်ပါလော့၊ အမှောင်မှ ကယ်တင်၍ အလင်းသို့ ဆောင်ပါလော့၊ သေခြင်းဒုက္ခမှ ကယ်တင်၍ အမြုတေကိုဆောင်ပါလော့"

ဗြိဟဒါဏျက ဥပနိသဒ်မှ ရသေ့ကြီး လင်မယား စကား ဆွေးနွေးခန်းဖြစ်၏၊ ထိုမှတပါး ရသေ့ကြီးမယားက – "အကယ်၍ မြေပေါ်တွင် ရှိသမျှသော ပစ္စည်းဥစ္စာများ ပြည့်စုံခဲ့ပါသော် ငါသည် အမြုတေကိုရပါမည်လော–"ဟု မေးပြန်၏၊ ထိုအခါ ရသေ့ကြီးကဤသို့ဖြေဆို၏—

"မဖြစ်နိုင်ပါ— လောကီ ဥစ္စာဓနကြွယ်ဝသူတို့ ဘဝကဲ့သို့ပင် သင်၏ ဘဝလည်း ဖြစ်လိမ့်မည်၊ လောကီ ဥစ္စာ ဓန ကြွယ်ဝခြင်းကြောင့် ဘယ်အခါမျှ အမြုတေ၏ အာသာဆန္ဒမဖြစ်နိုင်ပါ။"

ဥပနိသဒိ ကျမ်းဆရာ တို့သည် ယင်းအမြုတေ ရရှိရေး အတွက် အဆင့်ငါးဆင့်ထားချီ ဝေဘန်ပေးကြသည်—

ပဌမအမြုတေ၏ အဆင့်မှာ 'အဂ္ဂိမုခ' ဖြစ်၏၊ မီးကဲ့သို့ မျက်နှာတောက်ပသော 'ဝသု' ဗြဟ္မစာရီကို အဂ္ဂိမုခဟု ခေါ်ဆိုခြင်း ဖြစ်၏၊ သူသည် အမြုတေ သောက်သုံးကာ ဘဝကို မျှတ၏၊ တောက်ပသော ဂုဏ်နှင့် ပြည့်စုံသူတို့သည် အစားအသောက်သို့ စိတ်မရောက်ဘဲ ထိုအမြုတေ တည်းဟူသော ဗြဟ္မာကို ဖူးမြင်ခြင်း ဖြင့်သာ ရောင့်ရဲနေကုန်၏၊ ဝသု၏ အဓိပ္ပါယ်မှာ နေတတ်ခြင်း ဖြစ်၏၊ သံသရာတွင် ဖြောင့်မှန်သော အစီအရင်ဖြင့် နေထိုင်ရန် သိခြင်း ဖြစ်၏၊ အဂ္ဂိသဒ္ဒါသည် ဘူတိကပုဒ်အနက်၏ ပရိယာယ်ဖြစ်၍အဂ္ဂိမုခသည် လောကနှင့် ဆက်စပ်သော အရာဝတ္ထုဘက်သို့ မျက်နှာပြုသူ အဓိပ္ပါယ်ကို ဆောင်လေသည်၊ ထိုကြောင့် အမြုတေ လမ်း၏ ပဌမအဆင့်မှာ လူသည် သံသရာတွင် မှန်ကန်သော အပြားအားဖြင့် နေသော လောကမှ လောကုတ္တရာဘက်သို့ ထွက်သွားခြင်း ဖြစ်၏။

အမြုတေ၏ ဒုတိယ အဆင့်မှာ 'ဣန္ဒြမုခ' ဖြစ်၏၊ ဣန္ဒြ(သိကြား) ကဲ့သို့ အစိုးတရ မျက်နှာ ရှိသော 'ရုဒ္ဒ' ဗြဟ္မ စာရီသည် အမြုတေကို သောက်သုံးကာ ဘဝကို မျှတနေ၏၊ ဣကဲ့သို့ တောက်ပသော ဂုဏ်နှင့် ပြည့်စုံ သူတို့သည် အစား အသောက်၌ စိတ်မရောက်ဘဲ အမြုတေ တည်းဟူသော ဗြဟ္မာအား ဖူးမြင်ခြင်း ဖြင့်သာ ရောင့်ရဲနေ၏၊ ရုဒ္ဒ၏ အဓိပ္ပါယ်မှာ ငိုကြွေးစေခြင်း ဖြစ်၏၊ ဣသို့သော သူသည် မိမိ၏အကျင့်အင်အားဖြင့် အာရုံတို့ကို ငိုကြွေးစေ၏၊ လောကီ

အာရုံအတွေးအကြံတို့ကို ပယ်ဖျောက်ပစ်ခြင်း ပင်တည်း၊ ယင်းကို အစိုးရသူသာ မှန်ကန်သော အစိုးရသူ ဖြစ်၏၊ သူသည် ဤသို့သော အစိုးရခြင်းမျိုးဖြင့် တန်ခိုးတေဇော် အာနုဘော်ကြီးသူဖြစ်၏။

အမြုတေ၏ တတိယ အဆင့်မှာ 'ဝရုဏမုခ' ဖြစ်၏၊ သူ့ကို အာဒီတျ (အာဒိစ္စ) ဟုလည်း ခေါ်၏၊ ဝရုဏမုခ ဗြဟ္မစာရီသည် ထိုအမြုတေကို သောက်သုံးပြီး မိမိဘဝကို မျှတ၏၊ တောက်ပ သောဂုဏ်နှင့် ပြည့်စုံသော ယောကျ်ားသည် အစား အသောက်ကို စိတ်မရောက်ဘဲ အမြုတေ တည်းဟူသော ဗြဟ္မာအား ဖူးမြင်ခြင်းဖြင့်သာ ရောင့်ရဲနေ၏၊ မွေးသည် မှစ၍ သိုမဟုတ် ၄၀-နှစ် တိုင်တိုင် ဗြဟ္မစာရီ ကျင့်သူကို အာဒိတျ ဗြဟ္မစာရီ ဟု ခေါ်သည်၊ နေကဲ့သို့ တန်ခိုးကြီးသူတည်း၊ နေသည် အစဉ်တောက်ပလေ့ရှိ၏၊ မိမိ အလုပ် တာဝန်နှင့် အမြဲယှဉ်၏၊ မြေကြီး၏ အလုံး စုံသော အညစ် အကြေးနှင့် မကောင်းသော အနံ့ အသက် တို့ကို စုပ်ယူ၏၊ တန်းခိုး ရှိ၍ ရေကို ယူပြီး မိုးအဖြစ် မြေပေါ်ရွာချပေး၏၊ ဝရုဏ မုခ လူသည်လည်း နေနှင့်တူစွာ တောက်ပ၏၊ အမြဲယှဉ်၏၊ တန်းခိုးရှိ၍ လူတို့၏ အပြစ်ကို ဆဲ့ဝင်ယူပြီး သူတို့ အပေါ် အမြဲပင် ကျေးဇူး ပြုသော မိုးရွာပေးနေ၏၊ ဤကဲ့သို့သော မဟာပုဂိုလ်သည် မှန်ကန်သော အစိုးရကို ရရှိ၏၊ ဝရုဏဟူသည် ဘုရားသခင်၏ ထံတွင် အဆိုပါတာဝန်တို့ကို ခံယူခြင်းပင်ဖြစ်၏။

စတုတ္ထမြောက် အမြုတေ၏ အဆင့်မှာ 'သောမ မုခ' ဖြစ်၏၊ သူသည် အသက်သက်ဆုံး အမြုတေကို သောက်သုံးသော 'မရုတ်' ဖြစ်၏၊ စားသောက်မှု လုံးဝ မရှိဘဲ အမြုတေအား ဖူးမြင်ခြင်းဖြင့်သာ ရောင့်ရဲ နေလေသည်၊ မရုတ် ဟူသည် အသက်၏ သတ္တိ ဖြစ်သော လေကို ခေါ်ဆိုခြင်း ဖြစ်၏၊ ဥပနိသဒ်တို့တွင် အသက်

ကို အလွန် ကြီးကျယ် ခမ်းနားစွာ ဖွင့်ဆိုကြ၏။ ကေနောပနိသဒ်မှာ အလက်ာ အသွင်ဖြင့် ဖွင့်ဆို၏—

တရုံသောအခါ အလုံးစုံသော ဣန္ဒြေတို့သည် တပါးသော အသက်နှင့် ပေါင်းဆုံမိလေ၏။ ဣန္ဒြေတိုင်း ကိုယ်ကာယမှ အပြင် အပသို့ ထွက်ခွာ သွားကြသော အခါလည်း အသက်သည် ကိုယ်ကာယ၏ အလုပ်ကို အဆက်မပြတ် လုပ်ဆောင်နေ၏။ အသက်သည် အပြင် အပသို့ ထွက်ခွာ သွားသော အခါမှာမူကား အလုံးစုံသော ကိုယ်ကာယသည် ကျောက်သား ပကတိ ဖြစ်သွား၏။ ထိုအခါ အလုံးစုံသော ဣန္ဒြေတို့သည် အသက်ကို ချီးကြ၊ ချီးကြ၏—

"မြေကြီး, နတ်ပြည်နှင့် ကောင်းကင် ဟူသော လောကသုံးပါး တို့၌ တည်ရှိသမျှ အလုံးစုံသည် အသက်၏ အလိုအတိုင်းသာ ဖြစ်၏။ အိုအသက် အမေသည် သားအား စောင့်ရှောက် သကဲ့သို့ သင်သည် ငါတို့အား စောင့်ရှောက်ပါလော့၊ ငါ့အားလည်း ဘူတိက ဣဿရိယနှင့် ပညာ-မာနသိကနှင့် အာတမိက အစိုးရခြင်းကို ပေးပါလော့"။

ဤသို့လျှင် ပါဏသတ္တိ (အသက်အစွမ်း) ပြည့်စုံသော သူသည် သောမ မုခ မည်၏၊ လကဲ့သို့ မျက်နှာရှိသူ ဖြစ်၏။ ယင်းသောမ ဖြင့် သောမယဇ် ပြုလုပ်၏၊ သတ္တိနှင့်အတူ အသဲနှလုံးခွံ သန္ဓိ ဖြစ်ရန် လိုသည်၊ သတ္တိ ရသောအခါ လူသည် ယေဘုယျအားဖြင့် မာန်ထောင်တတ်၏၊ သို့ရာတွင် ဘဝငြိမ်းချမ်းရေး၏ မြတ်သော ဗြဟ္မာ၏ ဘက်ခွဲ ဖြစ်သူတို့သည် ထောင်လွှားခြင်း မရှိကြချေ၊ ဝိပ္ပတ္တိတွင် ခံနိုင်ရည်ရှိ၍ မြင့်မြတ်၏၊ သတ္တိ ရပါသော်လည်း သည်းခံလေ့ရှိကုန်၏၊ ယင်းသည် စတုတ္ထမြောက် အပ္ပိုက်ရေ သောက်

ခြင်း ဖြစ်၏၊ သူ၏ အကျိုး ဖလမှာ သတ္တိ ဖြစ်၏၊ ဤသို့လျှင် အကျင့်ဖြင့် ဝိရိယ သတ္တိ ရလေသည်။

ပဉ္စမမြောက် အမြတေ သောက်သုံးသူမှာ 'ဗြဟ္မမုခ' ဖြစ်၏၊ ဗြဟ္မာကဲ့သို့ ပြန့်ပြောသော အသံနှုလုံးဖြင့် မိမိဘဝကို ကုန်လွန်စေ၏၊ အစား အသောက် မရှိ၊ အမြတေအား ဖုံးမြင်ခြင်းဖြင့် ရောင့်ရဲနေ၏၊ ထိုသူ့ဘဝ၏ အမှတ် လက္ခဏာမှာ အစဉ်ထာဝရ ဗြဟ္မာ့ ဂုဏ်တော်မျှားဘက်တွင် ဖြစ်နေခြင်း ဖြစ်၏၊ ဗြဟ္မာနှင့် အတူ တက္ခ မကဲ့ပြားဘဲ ဆက်စပ်နေသည်ဟု ထင်ရကုန်၏၊ မှတ်လက ဥပ နိသဒ်တွင် ရသေ့ကြီး ပြောသကဲ့သို့ပင်—

အမြတေတည်းဟူသော ဗြဟ္မာသာ ရှေ့မှာ ရှိ၏၊ ဗြဟ္မာသာ နောက်မှာရှိ၏၊ ဗြဟ္မာသာ တောင်မှာရှိ၏၊ ဗြဟ္မာသာ မြောက်မှာ ရှိ၏၊ အောက်မှာ ဗြဟ္မာ, အထက်မှာ ဗြဟ္မာ၊ တလောကလုံး ဗြဟ္မာ ရှိ၏၊ ဤသို့ ဗြဟ္မာမုခ ပုဂ္ဂိုလ်သည် ဘဝတွင် သဒ္ဓိပေါက်၍ ဒုတိယ မရှိသူ ဖြစ်၏၊ သူသည် ဗြဟ္မာပေးသော လောကကို စွန့်လွှတ်သော အဖြစ်ဖြင့် ကြည့်၏၊ ထိုတွင် ကပ်ငြိခြင်း မရှိချေ။

ဤသည်ကား ဥပနိသဒ်တို့တွင် ဖွင့်ဆိုသော အမြတေ ငါးဆင့်၏ အချုပ်ဖြစ်လေသည်၊ အရုဏ မည်သော ရသေ့ကြီးက "ဖခင်တိုင်းသည် ဤအမြတေ ဥပဒေသ ငါးဆင့်ကို သားကြီး အား ပြောပြရမည်၊ သို့မဟုတ် ကျမ်းကျင် လိမ္မာသော တပည့် ကြီးအား ပြောပြရမည်-" ဟု မှာကြားလေသည်။

ဤကား အိန္ဒိယ ဗြာဟ္မာဏ ဒဿနိက ဆရာကြီးတို့၏ ဒဿန တို့ကို သူတို့၏ အယူအဆ အတိုင်း လိုရင်း ကောက်နှုတ်၍ တင်ပြ လိုက်ခြင်းဖြစ်၏၊ ယင်းဒဿနတို့၏ မူချ ရည်ရွယ်ချက်မှာ ဘဝ သံသရာမှ လွတ်မြောက်ရေးတည်းဟူသော မောက္ခ, မုတ္တိနှင့် နိဗ္ဗာန်ကို

ရရန်ဖြစ်၏၊ နိဗ္ဗာန်ရောက်ရေးကို ကိုယ်နှုန်းနှင့်ကိုယ် တွေးဆ-
ကြခြင်းဖြစ်၏၊ ယင်းဒဿနတို့နှင့် ပတ်သက်၍ ဥပတိဿနှင့် ကော-
လိတတို့၏ အတွေ့အကြုံနှင့် စုံစမ်းကြည့်လျှင် သင့်လျော်မည်ထင်-
ပါသည်၊ အကယ်၍ သဘောပေါက်အောင် လေ့လာပါလျှင် ဤ-
တမျိုးနှင့်ပင် အဖိုးမဖြတ်နိုင်အောင် မြင့်မြတ်သော နိဗ္ဗာနဓာတ်-
သို့ ချဉ်းကပ်နိုင်၏၊ အကြောင်းအရာမှာ မြေကြီးပင် ဖြစ်၏၊ သို့ရာ-
တွင် ကျောက်မျက် ရတနာ ရှေ့ဝေတို့သည် မြေကြီးကပင် ပေါ်-
ထွက်သည် မဟုတ်ပါလော၊

ဓမ္မခရီးသည်

ရာဇဂြိုဟ် ပြည်၏ မနီး မဝေးသော အရပ်၌ ဥပတိဿ မည်-
သော ရွာကြီး တရွာ, ကောလိတ မည်သော ရွာကြီး တရွာသည်
ရှိ၏၊ ထိုနှစ်ရွာတို့တွင် ဥပတိဿ ရွာ၌ ဥစ္စာ အင်အား ကြီးမား-
ပြည့်ဖြိုး၍ အမျိုးခုနစ်ဆက်တိုင် ကြွယ်ဝလျက် ဗြာဟ္မဏ မဟာ-
သာလဟု ခေါ်ဝေါ်အပ်သော ဝက်န္ဓ မည်သော ပုဏ္ဏားသည်
ရူပသာရီ မည်သော ပုဏ္ဏေးမနှင့် သင့်မြတ်၍ ထိုအရပ်ကို ကြီးစိုး-
အုပ်ချုပ် သတည်း၊ ကောလိတ ရွာ၌လည်း ဤနည်းတူ ကြွယ်ဝ-
သော သုဇာတ ပုဏ္ဏားသည် မောဂ္ဂလီ မည်သော ပုဏ္ဏေးမနှင့်
သင့်မြတ်၍ ထိုကောလိတ အရပ်ကို အုပ်ကွပ် စိုးမိုးရသတည်း၊ ထို-
နှစ်ဦးသော ပုဏ္ဏားတို့သည် တမိုဝမ်း ဘုံးကဲ့သို့ သား မယား-
ဆွေမျိုးနှင့် တကွ ချစ်ကြည် လေးမြတ်စွာ မဟာမိတ် ဖြစ်ကြ၍
တရုံသော အခါ ဥပတိဿ ရွာ၌ရူပသာရီ မည်သော ပုဏ္ဏေးမ၏
ဝမ်းဝယ် ပဋိသန္ဓေ တည်နေ လေသော် အဆွေဖြစ်သော မောဂ္ဂလီ
ပုဏ္ဏေးမတွင်လည်း ထိုနေ့ပင် သန္ဓေ ရလေ၏၊ ယင်းသို့ သန္ဓေရ-

ကြောင်းကို တဦးသည် တဦးအား သတင်းစကား ပြန်ကြား နှုတ်ဆက်ကြရကား ဂဗ္ဘပရိဟာရကို တညီ တမျှတည်း ထားကြကုန်သတည်း၊ ဆယ်လလုန်၍ ဖွားလေသော် အဆင်း နိကာယ် တင့်တယ် လှပစ္ဆာသောသားကောင်း ရတနာချည်း ဖြစ်ကြ၍ သာရီပုဏ္ဏားမ၏ သားကို ဥပတိဿ အမည် မှည့်၏၊ မောဂ္ဂလီ ပုဏ္ဏားမ၏ သားကို ကောလိတ အမည် မှည့်၏။

ထိုသူငယ် နှစ်ဦးတို့သည် အရွယ်သို့ ရောက်လေသော် ဗေဒ အတတ်ကို သင်စေ၍ ဗေဒ သုံးကျမ်းဌ် ကမ်းတဘက်ရောက် တတ်မြောက် လိမ္မာကြ၏၊ မိမိ ဆရာမှ တပါးသော သူတို့သည် အယူဝါဒ စသည်နှင့် စပ်သော စကားကို နှီးနှောခြင်းငှာမျှ မဝံ့ကုန်၊ အလုံးစုံသော လောကီ သိပ္ပဌ်လည်း အပြီးတိုင်၏၊ ထိုသူ နှစ်ယောက်အား အမိ-အဖတို့သည် မျှားစွာ ချီးမြှောက်အပ်သည်ဖြစ်၍ ဥပတိဿ လုလင်သည် ဥယျာဉ် ကစား မြစ်နားကမ်းခွင် ပွဲသဘင်သို့ ထွက်ဝင် မြူးတူးသောအခါ အရွယ်တူသော ပုဏ္ဏား လုလင်တို့သည် ရှေထမ်းစင် ငါးရာ စီးလျက် ခြံရုံ၍ လိုက်ရကုန်၏၊ ကောလိတ လုလင်လည်း မြင်းရထား စီးလျက် ပုဏ္ဏား လုလင် ငါးရာ ခြံရုံလျက် လိုက်ရကုန် သတည်း။

ထို ရာဇဂြိုဟ် ပြည်တွင် ထက်ဝန်းကျင် ပြည်သူ ပြည်သားတို့ ပျော်ပါးခြင်းငှာ နှစ်စဉ်မပြတ် ပြုလုပ်အပ်သော တောင်ထွတ် သဘင်သည် ဖြစ်၏၊ ထိုသဘင်သို့ မြူးရှင်ရန် သွားသော အခါ ဥပတိဿ,ကောလိတ-နှစ်ဦးတို့သည် မိမိတို့ ပရိသတ်ကို ရောနှော စေလျက် တနေရာတည်း နေ၍ ပွဲသဘင် ရှုသဖြင့် ရှင်သင့်သော အရာ၌လည်း အတူတကွ ရှင်ကြသည်၊ ပြောဆိုသင့်သော အရာ၌လည်း အတူတကွ ပြောဆိုကြ သတည်း၊ မြူးတူးကြသော အရာ၌

လည်း အတူတကွ မြူးတူးကြသည်၊ ဤသို့ နေ့ရှည် ရက်များ ပျော်ပါး ပေါင်းဘက်ကြသည်တွင် တရုံသော ကာလ ဥပတိဿ သတို့သား အား ကြီးပွား ရင့်မာသော ပညာရှိ ဖြစ်ခြင်းကြောင့် ဤသို့သော အကြံသည် ဖြစ်၏—

'ဤလောကဌ ဖြစ်ကြသော လူအပေါင်းတို့ကား ဖြစ်ကြောင်း အားဖြင့် အစာဟောင်း အတွင်းဝယ် ငြိတွယ် ကြီးပွားသော ပိုး လောက် အစုကဲ့သို့ အမိ၏ ဥတုသွေး, အဖ၏ သုတ်ရေ—ဤနှစ် ထေသော အညစ်အကြေးကို မှီ၍ ဖြစ်ရ၊ ၏။ အလွန် စက်ဆုပ်ဖွယ် ရှိ၏၊ မှီရာအားဖြင့် အမိ စားသော အစာဟောင်း,အစာသစ်တို့၏ အလယ်ဌ နှစ်၍ ၁၈-ထပ်သော အူမခွကြားဝယ် အိမ်ငယ်ကို မှီ၍ တည်ရကား အလွန်ဆိုးဝါး ညစ်ညမ်း၏၊ ဖွားမြောက်လာလည်း များလှစွာသော အနာရောဂ ါတို့သည် လွန်စွာ နှိပ်စက်ခြင်း ဖြစ်၏၊ ရောဂါကင်းလျက် သန့်ရှင်းစွာ ကြီးပွားသော သူမှာ လွန်စွာ အဆုံး အနှစ် တရာခန့်သာ နေရချေသည်၊ သေမင်း၏ ခံတွင်းသို့ ဆင်းရ မည့် သူချည်း ဖြစ်ချေသည်၊ ယခုမီ အကြားဌလည်း စားရန်, ဝတ်ရန်,နေထိုင်ရန်ကို ရှာကြံခြင်းကြောင့် ဖြစ်သော ဆင်းရဲ၊ မိုဃ ဆွေဝါး သားမယားတို့ကြောင့် ဖြစ်သော ဆင်းရဲ—ဤဆင်းရဲ အပေါင်းနှင့်သာ များစွာ တွေ့ရချေသည်၊ ထိုသို့ဖြစ်၍ ပျော်မွေ့ ရှင်မြူးခြင်း မရှိဘဲလျက် အုတ်အုတ်-ကျက်ကျက် အားတက်ရှင်လန်း ရယ်သွမ်းသွေးကာ ပျော်နိုင်ရှာ၏ ဘိလေလည်-' ဟု စိတ် အကြံ ဖြစ်လတ်၍ ရွေးရွေးသော နေ့ကဲ့သို့ ပျော်မွေ့ မြူးရှင်ခြင်း မရှိ၊ ပကတိ ညှိုးခြောက်သော မျက်နှာဖြင့်လျင် တောင်ထွတ်သဘင်ကို ရှု၏။

ထိုသို့ ညှိုးနွမ်းလေသည်ကို အဆွေ ကောလိတ မြင်လျှင် "အချင်း ဥပတိုဿ သင်သည် ရှေး အခါတပါး ကဲ့သို့ မြူးစားခြင်း အဘယ်ကြောင့် မရှိလေသနည်း" ဟု မေး၏။

ထိုအခါ ဥပတိဿကလည်း မိမိ ကြုံဆသော အကြောင်းကို ပြန်ကြားရ၍ ပဲ့သဘင် ပျော်ပါးခြင်းဌ အကျိုး မဖြစ်, အနှစ် မရှိ ကြောင်းကို ပြော၏။

ထိုစကားကို ကောလိတ ကြားလျှင် သံဝေဂရ၍ "အဆွေ သင်မြင်အပ်သော သဘောတရားသည် ဖြောင့်သား ဟုတ်မှန်ပေစ၊ သို့ရာတွင် သေခြင်း သဘောတရား, ဆင်းရဲခြင်း သဘောတရားသည် ထင်ရှားရှိခဲ့သော် ထိုသေခြင်း, ဆင်းရဲခြင်းတို့၏ ကင်းလွတ်ရာ ချမ်းသာ တရားလည်း ရှိတန်ပါ၏၊ ငါတို့ ရှာကြကုန်အုံ" ဟု တိုင်ပင်၍ မိခင် ဖခင်တို့အား ခွင့်လောင်းပြီးလျှင် မိမိတို့ အခြံ အရံနှင့် တက္ခ သိဒ္ဓည်း ပရိဗိုဇ် အထံသို့ လာ၍ ရဟန်း ပြုကြ၏၊ ထိုသူတို့ ရဟန်းပြုသည်မှ စ၍ သိဒ္ဓည်း ဆရာ၌လည်း များစွာသော လာဘ် ပူဇော် အခြံအရံတို့သည် ဖြစ်ကုန်၏။

ရဟန်း ပြု၍ ၂-ရက်, ၃-ရက် ရှိလျှင် သိဒ္ဓည်း ဆရာ၏ ဥာဏ် အမြင်သည် ဤမျှပင်တည်းဟု သိကြ၍ လောက၏ အစ အဆုံးကို မမြင်သောကြောင့် မေးကြကုန်၏—

"ဆရာ ယခုပြသော နည်းနာမှ တပါး ဆရာတို့ သိအပ်သော အနှစ် သာရရှိသော အတတ်သည် ရှိသေးသလော"

သိဒ္ဓည်း ဆရာကလည်း "တပည့်တို့ မရှိချေပြီ၊ ဤမျှကိုသာ ငါ သိမြင်သတည်း" ဟု ဆို၏၊

ထိုစကားကို ကြားလျှင် ရှင်ဥပတိသက ဤသို့ဆို၏ "အရှင်ကောလိတ ဤမျှသော အကျင့်ဖြင့် အမြိုက် တရားကို မရပေရာ၊

ဤ ဆရာ၏ ဝါဒကား အနှစ်သာရ မရှိ၊ ဤဆရာကို မှီ၍ နေသဖြင့် သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်ရာ၊ ငါတို့ ဇမ္ဗူဒီပ်ကျွန်းသည် ကျယ်ဝန်းပါသေး၏၊ ထိုထို မြို့ရွာ၌ ပညာရှိဟု ကျော်စောသော သူတို့ကို ဖေရှာ၍ စုံစမ်း မေးမြန်း ကြဦးအုံ၊ သို့ရာတွင် မူကား ငါတို့ နှစ်ဦးတွင် အကြင်သူသည် တရား အထူးကို ရှေးဦးစွာ မြင်အုံ၊ ထိုသူသည် တဦးအား ကြားစတမ်း"ဟု ကတိကဝတ် ထားကြ၏။

ထိုနောက်မှ မိမိတို့၏ ပရိကွာရကို မိမိတို့ ဆောင်လျက် တပါးမြို့သို့ လှည့်လည်ပြီးလျှင် ပညာရှိတို့ကို ရှာ၍ ပြဿနာ မေးကြ၏၊ ထိုသူ နှစ်ဦးတို့၏ ပြဿနာကို တစုံတယောက်သော လူ, ရဟန်း, ပုဏ္ဏားတို့သည် မဖြေဆိုနိုင်ကုန်၊ ထိုထို ရဟန်း ပုဏ္ဏားတို့၏ ပြဿနာကို ထိုသူ နှစ်ဦးသာ ဖြေဆို၍ လာရကုန် သတည်း၊ ဤသို့ အားဖြင့် ဇမ္ဗူဒီပ် ကျွန်းအလုံးကို လှည့်ပတ်၍ မတွေ့သဖြင့် နေရင်းဌာန သိဒ္ဓည်းဆရာ, အထံသို့ ပြန်လာကြ၏။

ထိုအခါ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းကို ခံတော်မူ၍ ၃-ရက်မြောက်သောနေ့၌ ပဉ္စဝဂ္ဂိတို့တွင် အကျုံးဝင်သော အရှင်အဿဇိသည် နံနက်ထ အခါတွင် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်ပိုက်လျက် ငြိမ်သက် သိမ်မွေ့သော ဣန္ဒြေဖြင့် ရှိသော ကြည်ညှာတ်ဖွယ်ရှိသော ရှေ့သို့ တက်ခြင်း, နောက်သို့ ဆုတ်ခြင်း, တူရှု ကြည့်ခြင်း, တစောင်း ကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်း, သပိတ် သင်္ကန်း လှမ်းယူခြင်း စသည်နှင့် ပြည့်စုံလျက် ရာဇဂြိုဟ် မြို့တွင်းသို့ ဆွမ်းခံ

ဝင်၏၊ ထိုအခါ အရှင် သာရိပုတြာ အလောင်းဖြစ်သော ဥပတိဿ ပရိဗိုဇ်သည် မြို့တွင်းမှ ဆွမ်းစားပြီး ကျောင်းသို့ ပြန်လာသည်နှင့် အခန့်သင့် တွေ့မြင်လေလျှင် ဤသို့ အကြံဖြစ်၏—

'ဤ အရှင်ကဲ့သို့ ယဉ်ကျေး ငြိမ်သက်သော ဣန္ဒြေ အမူအရာနှင့် ပြည့်စုံသော ရဟန်းကို ငါ မမြင် စဘူး၊ ထူးမြတ် တင့်တယ်ပေစု၊ ဤလောကတွင် ဤ အရှင်ကား အမြိုက် တရား၏ တည်ရာ ရဟန္တာ သော်လည်း ဖြစ်မည်၊ ရဟန္တာ ဖြစ်ကြောင်း အကျင့်ကောင်းနှင့် ပြည့်စုံသောသူ သော်လည်း ဖြစ်မည်၊ ဤ ရဟန်း ထံသို့ ကပ်၍ ကျင့်အပ်သော စာရိတ္တနည်းဖြင့် ပြသော ဆရာတို့ကို ငါ မေးရသော် ကောင်း၏'။

ထိုနောက်မှ— 'ယခု အခါ ရှာတွင်းသို့ ဝင်ဆဲ ဖြစ်ပေသည်၊ မေးမြန်းခြင်းငှာ အခါ မဟုတ်သေးချေ၊ သူ့နည်းကို ခံလိုမှ သူ၏ ပရိကံကို ပြုဦးမှ သင့်ချိမ့်မည်'ဟု ကြံဆင်ခြင်၍ အရှင် အဿဇိ ကြွသော ခရီးဖြင့် မနီး မဝေး လိုက်၏၊ ထို အရှင် အဿဇိလည်း ဆွမ်းရပြီးသော် ဘုဉ်းပေးခြင်းငှာ သင့်တင့်စွာသော စရပ် တခုသို့ ကပ်၏၊ ထိုသို့ ကပ်သည်ကို ခင်လျှင် မိမိတွင် ပါသော ပရိဗိုဇ်တို့၏ အင်းပျဉ်ကို ခင်းလျက် ကရားမှ ရေကို ပေး၍ ဆွမ်းစားရေးဌာ ပြုထိုက်သမျှသော အာစရိယ ဝတ်ကို ပြု၍ ပဋ္ဌိသန္ဓာရ စကား ပြောဟောပြီးမှ ထို ဥပတိဿက "ငါ့ရှင် သင်၏ ဣန္ဒြေ အမူ အရာ တို့သည် လွန်စွာနှစ်သက် ဖွယ်ရှိ၏၊ ဖြူစင် သန့်ရှင်းသော အဆင်း အသဇရလည်း ရှိပေ၏၊ သင်သည် အဘယ်ကို ရည်မှန်း၍ ရဟန်း ပြုသနည်း၊ သင်၏ ဆရာကား အသူနည်း၊ အဘယ်သူ၏ တရား စကားကို သင်ကား နှစ်သက်သနည်း၊ အဘယ်သူ၏ ဩဝါဒကို သင် ရဘိသနည်း"ဟု မေး၏၊

အရှင် အဿဇီလည်း "ငါ့ရှင် ငါကား သာကီဝင် မင်းမျိုးမှ ရဟန်းပြုသော ကိုးပါးသော ဂုဏ်နှင့် ပြည့်စုံတော်မူသော နတ်နှင့် တကွသော လူတွင် အတုမရှိ အသဒိသ ပုဂ္ဂိုလ် ဖြစ်တော်မူသော သာကီဝင် မုဆိုးသား ဘုရား သခင်ကို ရည်မှန်း၍ ရဟန်းပြု သတည်း၊ ထို ဘုရား သခင်သည် ငါ၏ ဆရာ ပေတည်း၊ ထို ဘုရားသည် ဟောကြားအပ်သော တရားကိုသာ ငါ နှစ်သက်၍ မိန့်မြွက်သော သြဝါဒကို ခံသတည်း"ဟု ဆိုပေသော်–

"ငါ့ရှင် သင်တို့ ဆရာ မြတ်စွာဘုရားသည် အသို့ အယူရှိသနည်း, ငါ့အား ဟောပါလော့"ဟု ဆိုပြန်လျှင်–

အရှင် အဿဇီလည်း 'ထို ပရိပုဏ္ဏ ရဟန်းတို့သည် သာသနာတော်၏ ရန်သူ ကွန်ယက် ဆန့်ကျင်ဘက် ဖြစ်ကုန်သည်၊ သာသနာတော်၏ နက်နဲ ကျယ်ဝန်းကြောင်းကို ဆိုဦးမှ သင့်မည်"ဟု အကြံရှိ၍–

"ငါ့ရှင် ငါကား သာသနာတော်၌ ရဟန်းပြု၍ မကြာမြင့်ပါသေး၊ လေးပါးသော ဂမ္ဘီရဂုဏ်နှင့် ပြည့်စုံသော တရားတော်ကို အကျယ် ဟောခြင်းငှာ မစွမ်းနိုင်ပါ၊ စိုးစဉ်းမျှသာ ဟောနိုင်ပါသေးသည်"ဟု ဆိုလျှင်–

ထို ဥပတိဿက 'ငါ့ရှင် ငါတမူကား ဇမ္ဗူဒီပ် ကျွန်းခွင်ဝယ် ပညာအရာ၌ လွန်စွာ ကျော်စောသော သူတယောက် ပင်တည်း၊ အရှင်၏ အစွမ်းအား ရှိသမျှပင် ငါ့အား ဟောပါလော့၊ နည်းအရာ, နည်း အထောင်တို့ဖြင့် ကုန်အောင် ခွဲ၍ထွင်၍ သိမြင်ခြင်းငှာ အကျွန်ုပ် တာဝန် ရှိစေသတည်း"ဟု ဆိုလျှင်–

အရှင် အဿဇီလည်း "အကြင် တရားတို့သည် အကြောင်းလျှင် အမှန် ရှိကုန်၏၊ ထိုတရားတို့၏ အကြောင်းကိုလည်း တထေဝဂတ

ဟောဂ်။ ထို တရားတို့၏လည်း ချုပ်ရာကို ဟောဂ်။ မဟာသမဏ သည် ဤသို့ အယူရှိ၏”ဟု ဟောပေ၏။

ဤစကားကို ကြားရလျှင် အရှင် ဥပတိဿသည် လေးအင်သော သစ္စာတို့ကို မြင်၍ “အရှင်ဘုရား အရှင်ဘုရား၏ တရားဒေသနာကို မပ္ပားပါလင့်လော့၊ ဤမျှတည်းဖြင့် ဆိုင်းသင့်သော အကြောင်း သည် အကျွန်ုပ်၌ ရှိပါသည်၊ သို့ရာတွင် အကျွန်ုပ်တို့၏ ဆရာ မြတ်စွာဘုရားသည် အဘယ်မှာ နေပါသနည်း”ဟု မေး၏၊

အရှင် အဿဇိလည်း ဘုရားသခင် ဝေဠုဝန် ကျောင်းတော်၌ ရှိကြောင်းကို ဆိုလျှင် “အရှင်ဘုရား ကြွတော် မူလင့်ပါလော့၊ အကျွန်ုပ်မှာ အထက်က ကတိကဝတ် ရှိဘူးကြသော အဆွေ တယောက် ရှိပါသည်၊ ထို အဘော်ကို ခေါ်၍ ဘုရားထံတော်သို့ လာပါအုံ”ဟု လျှောက်လိုက်၍ အရှင် အဿဇိ ကြွလေလျှင် အရှင် ဥပတိဿလည်း မိမိ နေရာသို့ ပြန်ခဲ့၏။

“အကြင် တရားတို့သည် အကြောင်းလျှင် အမှန် ရှိကုန်၏”

အရှင် အဿဇိ၏ စကားကို ဆက်လက် စဉ်းစားနိုင်၏၊ မည်သည့် တရား မဆို အကြောင်း ရှိ၏၊ အကြောင်းကြောင့် အကျိုး ဖြစ်၏၊ အကျိုး တရားတို့သည် အကြောင်း တရားကြောင့် ဖြစ်ကြ၏၊ ငါတို့မှာ အမြဲတွေ့ကြုံနေရသော ယေဘုယျ တရားများ ရှိ၏၊ သတ္တဝါတိုင်းမှာပင် ဇာတိ တရားရှိသည်၊ ဇရာ တရားရှိသည်၊ ဗျာဓိ တရားရှိသည်၊ မရဏ တရားရှိသည်၊ မြေးဖွားခြင်း, အိုခြင်း, နာခြင်း, သေခြင်း အစရှိသော တရားတို့မှာ မတွေ့ချင် အဆုံး မမြင်ချင် အဆုံး စုရုံးနေကြ၏၊ ဤ တရားတို့သည် သူ့အလို အလျောက် ဖြစ်လာကြသည် မဟုတ်ချေ၊ အကြင် တရားတို့သည် ဖြစ်ကြောင်းလျှင် အမှန်ရှိကုန်၏၊ အကြောင်းရှိ၍ဖြစ်၏၊အကြောင်း

မရှိဘဲ မဖြစ်ချေ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ သင်္ခါရ တရားတို့ ဖြစ်ရခြင်း အကြောင်း အမှန်မှာ အဝိဇ္ဇာ ဖြစ်၏၊ ထို့အတူ သင်္ခါရကြောင့် ဝိညာဉ် ဖြစ်၏၊ ဝိညာဉ် ဖြစ်ရခြင်း အကြောင်း အမှန်မှာ သင်္ခါရ ဖြစ်၏၊ သင်္ခါရကြောင့် နာမ်ရူပ် ဖြစ်၏၊ နာမ်ရူပ် ဖြစ်ရခြင်း အကြောင်း အမှန်မှာ ဝိညာဉ် ဖြစ်၏၊ ဤသို့ စသည်ဖြင့် ခွဲထွင်စဉ်းစားနိုင်၏၊ သို့ရာတွင် သူ၏ စကား မဆုံးသေးပါ—

"ထို တရားတို့၏ အကြောင်းကိုလည်း တထာဂတ ဟောတော်မူ၏—"

ဤစကားဖြင့် အထက်က 'အကြင် တရားတို့သည် အကြောင်းလျှင် အမှန် ရှိကုန်၏'ဟူသောစကားကို ဖွင့်ဆို သကဲ့သို့ ဖြစ်သွား၏၊ ငါတို့သည် အဖိုးတန် ကျောက်မျက် ရတနာကို ကျောက်ခဲသလဲကဲ့သို့ လွယ်ကူစွာ ရကြမည် မဟုတ်ပါ၊ ခက်ခဲစွာ ရှာဖွေပြီးယူရ၏၊ ထိုထက် အဆ ရာထောင် မက မှန်မြတ်သော ရတနာကို အဘယ်မှာ လွယ်လွယ်ကူကူ ရနိုင်ချိမ့် မည်နည်း၊ နက်နက်နဲနဲ ခက်ခက်ခဲခဲ စဉ်းစား တွေးခေါ်ရပေလိမ့်မည်၊ အရှင် အဿဇိ ကိုယ်တိုင်ကလည်း 'သာသနာတော်၏ နက်နဲ ကျယ်ဝန်းကြောင်းကို ဆိုဦးမှ သင့်မည်' ဟု တွေးပြီးမှ ပြောဟောခြင်း ဖြစ်၏၊ အလွန်လေးနက်လှ၏၊ ထိုစကား၏ ဆိုလိုချက် အနက်ကို ရုတ်တရက် မပြောရက်လောက်အောင် မြတ်နိုးဖွယ် ကောင်းလှ၏—

အကြင်တရားတို့သည် အကြောင်းလျှင် အမှန် ရှိကုန်၏၊
ထိုတရားတို့၏ အကြောင်းကိုလည်း တထာဂတ ဟော၏၊
ထိုတရားတို့၏လည်း ချုပ်ရာကို ဟော၏၊
မဟာသမဏသည် ဤသို့ အယူရှိ၏။

အကြင် တရားတို့ ဆိုသည်မှာ ဒုက္ခသစ္စာ ဖြစ်၏၊ အရှင် အသီဇိသည် သူ နာကြားခဲ့ရသော ဓမ္မစကြာတရားမှ ဒုက္ခသစ္စာကို ယေဓမှာ = အကြင်တရားတို့သည်ဟု အကျဉ်းချုပ် ဟောပြခြင်း ဖြစ်၏၊ ဖြစ်ကြောင်းကို **ဟေတုပ္ပဘဝါ** = အကြောင်းလျှင် အမှန် ရှိကုန်၏ ဆိုသော စကားဖြင့် ကောင်းစွာ သိနိုင်၏၊ မှန်ပါသည်— **တေသံဟေတုံ** = ထိုတရားတို့၏ **အ**ကြောင်း အတုက် မဂ္ဂသစ္စာကို ကောက်ယူ နိုင်သောကြောင့် ဖြစ်၏၊ အဘယ်ကြောင့် ထိုတရား တို့၏ အကြောင်းအတုက် မဂ္ဂသစ္စာကို ကောက်ယူ နိုင်ပါသနည်း၊ **တေသဉ္စယော နိရောဓော** = ထိုတရားတို့၏**လ**ည်း ချုပ်ရာကို တထာဂတ ဟောသောကြောင့်ဖြစ်၏၊ နိရောဓသစ္စာသည် နိဗ္ဗာန် ပင် မဟုတ်ပါလော၊

အကြင် တရားတို့သည် အကြောင်းလျှင် အမှန်ရှိကုန်၏ ဟူသည် အဘယ်နည်း—

ဒုက္ခနှင့် ဒုက္ခဖြစ်ကြောင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။

ထိုတရားတို့၏ အကြောင်းဟူသည် အဘယ်နည်း—

ယင်းဒုက္ခနှင့် သမုဒယတို့ ချုပ်ရာ ချုပ်ကြောင်း မဂ္ဂသစ္စာ မဂ္ဂင်္ဂမ ပဋိပဒါ ဖြစ်ပါသည်။

ထိုတရားတို့၏လည်း ချုပ်ရာဟူသည် အဘယ်နည်း—

နိရောဓ သစ္စာဖြစ်သော နိဗ္ဗာန် ဖြစ်ပါသည်။

ဗုဒ္ဓမမ္မ၏ နိဗ္ဗာန်မှာ လေးနက်လှသော်လည်း ခက်ခဲခြင်းမရှိချေ၊ လွယ်ကူ၏၊ မြင်ကာမျှဖြင့် သိနိုင်၏၊ တောက်ပ၏၊ အေးမြ၏၊ တထာဂတသည် စကြဝဠာ ကမ္ဘာ လောကတွင် အတုမရှိအောင် မှန်မြတ်သော ကျောက်မျက် ရုတနာကို တူးဖော်ပေး၏၊ လူ့ပြည် တွင်ရင်း, နဂါးပြည်တွင်ရင်း, နတ်ပြည်တွင်ရင်း အကောင်းဆုံး

ရတနာတို့ ရှိကုန်၏၊ ထိုရတနာတို့ထက် ဗုဒ္ဓမမ္မ ရတနာသည် သာလွန် မွန်မြတ်၏၊ ယင်း ရတနာကို မျက်စိ၊ ထင်ထင် တွေ့မြင်ရ ပါက ဘယ်သူသည် အလွယ်တကူ မသိဘဲ ရှိမည်နည်း၊ မမြတ်နိုးဘဲ ရှိမည်နည်း၊ အကောင်းဆုံးကို အလွယ်ဆုံးနှင့် ရသည်ထက် ဝမ်းသာ စရာ ဘယ်မှာ ရှိမည်နည်း၊ ဗုဒ္ဓမြတ်စွာ၏ ယင်းဓမ္မရတနာကို ဗုဒ္ဓ၏ တပည့်သား အဆက်ဆက်တို့ ခေတ်နှင့်လျော်စွာ ဆက်လက်ပြီး အကွက်ဖော်ကြသည်၊ ဤအကြောင်းကို ရှေးဦးစွာ အချုပ်အားဖြင့် သိရအောင် 'ဗိလော်ဆိုဖိ အဘိဓာန်' စာအုပ်မှ 'ဗုဒ္ဓဘာသာ' အကြောင်းကို ကောက်နှုတ် ဖော်ပြပါမည်၊ ဤကောက်နှုတ်ချက်မှာ ဗုဒ္ဓဓမ္မဒဿန အလုံးစုံကို ခြုံမိ ငုံမိသဖြင့် အရှင် အဿဇိ၏ ယေဓမ္မာ ဂါထာသဖွယ် ကောင်းစွာ လေ့လာသင့်၏၊ ဤမျက်နှာ သဘောပေါက်ပါက နှစ်ပေါင်း နှစ်ထောင့်ငါးရာ အတွင်း ဗုဒ္ဓဓမ္မ သမိုင်း၏ လမ်းကြောင်း သဖွယ် ဖြစ်ကြောင်း တွေ့ရပေမည်၊ ကမ္ဘာ့ ဗုဒ္ဓဘာသာ၏ အခြေအနေ အကြောင်းအရာတို့ကို တိုတိုကျဉ်းကျဉ်း ဖြင့် ချဉ်းကပ်နိုင်မည် ဖြစ်လေသည်။

ဗုဒ္ဓသာသနာ

ဗုဒ္ဓဘာသာ— လောဘ ဟရားများကို ချုပ်ငြိမ်းစေ၍ နိဗ္ဗာန်ဟု ခေါ်သော မြင့်မြတ်လှသည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိအောင် အားထုတ်ရန် ဟောပြောသော တရားဖြစ်သည်၊ ဘီ စီ ၆- ရာစု နှစ်တွင် အိန္ဒိယ ပြည်၌ စတင် ပေါ်ပေါက် ထွန်းကားခဲ့သည်၊ ဤခေတ်တွင် ဂျပန်ပြည်, တရုတ်ပြည်, နီပေါပြည်, မြန်မာပြည် နှင့် အခြား တိုင်းပြည်များတွင် ပြန့်ပွားနေသည်၊ ထိုတိုင်းပြည် တို့တွင် ဗုဒ္ဓဘာသာဝင်ပေါင်း သန်း ၅၀၀ ခန့် ရှိ၏၊ သမိုင်းဦး

ဘုံစုနစ် ပြိုကွဲပြီး လူတန်းစားရှိသော နိုင်ငံများ ပေါ်ပေါက်လာချိန်တွင် ဗုဒ္ဓဟု ထင်ရှားသော သိဒ္ဓတ္ထသည် ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားမှု, ပြဟ္မာ ကိုးကွယ်မှု, ယဇ် ပူဇော်မှုများကို ကန့်ကွက်၍ သာမန် လူအများ၏ ဆန္ဒကို ဖော်ထုတ် ဟောကြားခဲ့လေသည်၊ ဗုဒ္ဓသည် ဒုက္ခ၏ ကင်းငြိမ်းရာကို လူမှုပြောင်းလဲရေး သို့မဟုတ် နိယမ သဘာဝ တရားများကို တိုက်ခိုက်ပစ်ရေးတွင် မရှာကြံဘဲ သမာဓိ တရားများတွင် ရှာကြံလေသည်၊ ယင်းဒုက္ခမှ ကင်းငြိမ်းမှုကို လောကမှ ထွက်ခွာခြင်း နိဗ္ဗာန်သို့ ရောက်ရှိမှသာလျှင် ရရှိနိုင်လေသည်၊ ဗုဒ္ဓသည် လောကကြီးအား ဖန်ဆင်းသည်၊ ထာဝရ ဘုရားသခင် တည်ရှိမှုကို လက်မခံပေ၊ ဝေဒကျမ်းလာ ဘာသာရေးကိုလည်း လက်မခံပေ၊ သို့ရာတွင် ဇာတိနှင့် မရဏ တရားလည်ပတ်ခြင်းဟူသော သံသရာကို လက်ခံသည်၊ ကမ္မ တရားကို လက်ခံသည်၊ နောင်ဘဝ ဖြစ်ပေါ်ရေးတို့မှာ ဇာတ်နိမ့် ဇာတ်မြင့်တို့တွင် မတည်၊ ယဇ် ပူဇော်မှုတွင် မတည်ချေ၊ မိမိ၏ ဒုစရိုက်, သုစရိုက် တရားပေါ်တွင်သာ တည်ရှိသည်ဟု ဟောကြားလေသည်၊ ခရစ် မပေါ်မီ ပဌမနှင့် ဒုတိယ ရာစုနှစ်လောက်တွင် ဗုဒ္ဓ၏ သံသရာမှ လွတ်မြောက်ရေး အယူအဆ များသည် ဖီလော်ဆိုဖီ သဘောတရားတွင် အခြေခံခဲ့၏၊ ယင်း သဘောတရားက ကမ္ဘာနှင့် လူသားသည် ရွှေလျား ပြောင်းလဲနေသော ရုပ်တရားနှင့် နာမ်တရားများ ဖြစ်သည်၊ ယင်းတို့သည် တခုနှင့်တခု အစဉ် မပြတ် ဖြစ်ပေါ် ပြောင်းလဲနေသည်ဟု ဆိုလေသည်၊ ဤဝါဒအရ သံသရာမှ လွတ်မြောက်ရေးသည် ရုပ်တရား, နာမ်တရားတို့၏ သံသရာလည်ခြင်း အပေါ် တပ်မက်မှုကို နှိမ်နင်းပစ်မှသာလျှင် ဖြစ်နိုင်လေသည်၊ ခရစ်ပေါ်ပြီး စောစောပိုင်း ရာစုနှစ်များတွင် ဗုဒ္ဓဘာသာ

သည် လုံးဝ သဘာဝ ပြောင်းလဲလာလေသည်၊ ဗုဒ္ဓအား ဆရာကြီး တဆူ အနေနှင့် ဆည်းကပ်ရာမှ ကိုးကွယ်မှု အစားဝင်လာသည်၊ လူသား၏ လွတ်မြောက်မှုသည် ဆည်းကပ် ကိုးကွယ်မှု အပေါ်တွင် တည်ရှိလေသည်၊ ယင်းကဲ့သို့ ဆည်းကပ် ကိုးကွယ်မှုကို တရားစာ များ ရွတ်ဖတ်ခြင်းဖြင့် ပြုလုပ်နိုင်သည်၊ ယင်းဘာသာသစ်မှာ မဟာယာနဟူ၍ ထင်ရှား ကျော်စောလာလေသည်၊ ဗုဒ္ဓကိုယ်တော် တိုင်က ဆင်းသက်လာခဲ့သော အစဉ်အလာ ဟီနယာနနှင့် မတူ တော့ချေ၊ ဗုဒ္ဓ၏ အဘိဓမ္မာသည်လည်း ပြောင်းလဲလာခဲ့လေသည်၊ ဟီနယာန အဘိဓမ္မာ ဆရာကြီးများက ရုပ်နာမ် တရားတို့ကို တကယ့် ပရမတ်ဟု ယူဆ၍ မဟာယာန အဘိဓမ္မာ ဆရာတို့ကမူ ရုပ်နာမ် ဓမ္မတို့သည် အစစ် အမှန် တည်ရှိသော ပရမတ် မဟုတ်၊ ကမ္ဘာကြီး တခုလုံးသည်လည်း တကယ်တည်ရှိသော ပရမတ် တရား မဟုတ်ဟု ဟောပြောကြ လေသည်၊ ရုပ်နာမ် ဓမ္မများ၏ တကယ် မတည်ရှိခြင်းဟူသော ဝ ါဒ သို့မဟုတ် သုညတ တရားကို နာဂဇုန (အေဒီ နှစ်ရာစု) က အခြေခံတရား အဖြစ် ဟောကြားခဲ့သည်၊ နာဂဇုန၏ ကျမ်းများကို ကျိုးကြောင်းဆီလျော်၍ ရှေ့နောက် ညီညွတ်သော ကျမ်းဂန်များအဖြစ် မဟာယာန ဂိုဏ်းတွင် ထင်ရှား ကျော်ကြားလေသည်၊ သူ၏ တရားများသည် ဒီဃနာဂနှင့် ဓမ္မ ကိတ္တိ (အေဒီ ၅၀၀–၇၀၀) တို့၏ ကျမ်းဂန်များမှ ကဲ့လဲ့လာ လေသည်၊ စိတ်တရား နာမ်တရားများ အမှန် တည်ရှိသော ပရမတ် တရားများ မဟုတ်ပုံ, အခြင်းခပ်သိမ်း သိရှိမှု အသိဉာဏ်တရား တို့နှင့် ပတ်သက်၍ ဟောပြောသော နာဂဇုန၏ တရားများ သည် နောက်ပိုင်း ဝိညာဏဂိုဏ်းများ၏ အခြေခံ ဖြစ်လာလေ သည်၊ လက်ရှိ အချိန်တွင် ဗုဒ္ဓဘာသာ တရားဟော ဆရာများက

ဗုဒ္ဓမမ္မ၏ ဟောတုဝါဒ သဘောနှင့် ဖန်ဆင်းသူ ထာဝရဘုရား မရှိသော တရားအဖြစ် အလေးအနက် ထား၍ ဟောပြောလေ့ ရှိကြသည်၊ ဤကဲ့သို့ ဟောပြောခြင်းသည် ဗုဒ္ဓဘာသာကို ခေတ်မီ အောင် ဆောင်ရွက်ခြင်း၏ တစိပ်တဒေသ ဖြစ်လေသည်၊ ကမ္ဘာ့ ဗုဒ္ဓဘာသာ အသင်းကြီး၏ ခေါင်းဆောင်များက လက်နက် ဖျက်သိမ်းရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တဲ့ နေရေးကို ဟောပြော လျက် ရှိကြလေသည်။

လောက သံသရာ စက္ကဝဠာ ကမ္ဘာကြီးနှင့် ပတ်သက်၍ ဘယ်ပုံ ဘယ်နည်း တွေးခေါ် မြော်မြင် ဆင်ခြင် သနည်း၊ ယင်း အတွေး အခေါ် မြော်မြင် ဆင်ခြင်ချက် သဘောတရားကို ပါဠိလို ဒိဋ္ဌဟု ခေါ်၏။ ဒိဋ္ဌ ဟူသည် တွေ့မြင်ခြင်း ဖြစ်၏။ သက္ကတလို ဒဿနဟု ခေါ်ပေရာ အင်္ဂလိပ်ကို ဖိလော်ဆိုဖိ ဖြစ်ပေမည်၊ ယင်း အကြောင်း အရာ အချက် အလက် တို့ကို တွေးခေါ် မြော်မြင်သူအား ပါဠိလို ဒိဋ္ဌ, သက္ကတလို ဒဿနိက, အင်္ဂလိပ်လို ဖိလော်ဆိုဖာဟု အသီးသီး ခေါ်ကြ၏။ ပါဠိစာပေ လောကတွင် ပုရာဏ ကဿပ အစရှိသော ဒိဋ္ဌ ဆရာကြီးများ ရှိ၏၊ သက္ကတ စာပေလောကတွင် ဂေါတမ အစရှိသော ဒဿနိက ဆရာကြီးများ ရှိ၏၊ အင်္ဂလိပ်စာပေ လောက တွင် ဒါဝင် အစရှိသော ဖိလော်ဆိုဖာ ဆရာကြီးများ ရှိ၏၊ ဗုဒ္ဓကား မိမိ၏ အတွေး အခေါ် အယူ အဆတို့ကို ဓမ္မဟု ခေါ်တွင် စေ၏၊ မိမိကိုယ်ကိုကား တထာဂတဟု ပြောဆိုလေ့ ရှိ၏။

ဤသို့ တထာဂတ ယုံကြည်၏၊ တထာဂတသည် ဤသို့ ယူဆ၏၊ တထာဂတ ဟောကြားမည် အစရှိ သည်တည်း၊ ဗုဒ္ဓ ဓမ္မကို ကောင်းစွာ လေ့လာသူတို့သည် မြတ်စွာဘုရား အနေဖြင့် ဟော ကြားသော ဓမ္မတရားကို ထုတ်ဖော် ကိုးကားရာတွင် တထာဂတ

ဟုပင် သုံးစွဲလေ့ရှိကြ၏၊ တထာဂတ၏ အဆုံး အမကိုကား ဗုဒ္ဓ သာသနာဟု ခေါ်၏။

သံဂါယနာတင် အရှင်တို့သည် ဗုဒ္ဓ သာသနာကို ယထာပရာဓ သာသနာ ယထနုလောမသာသနာနှင့် ယထာဓမ္မ သာသနာဟူ၍ သုံးပါး ခွဲခြားသတ်မှတ်ထားကြ၏၊ မျှားစွာသော အပြစ်ရှိကုန်သော သတ္တဝါတို့ကို အပြစ်အလျောက် ဆုံးမအပ် သည်၏ အဖြစ်ကြောင့် ဝိနည်း ပိဋကကို ယထာပရာဓ သာသနာဟု ဆိုအပ်၏၊ တပါး မကသော အဏ္ဍာသယ, အနုသယ, စရိုက်, နှလုံးသွင်း ရှိကုန်သော သတ္တဝါတို့ကို နှလုံးသွင်း အလျောက် ဆုံးမအပ်သည်၏ အဖြစ်ကြောင့် သုတ္တန် ပိဋကကို ယထာနုလောမ သာသနာဟု ဆိုအပ်၏၊ ပရမတ္ထ တရားတို့၏ အစုမျှဋ္ဌ ၈၁, ၈၁၏ ဥစ္စာဟု အမှတ်ရှိကုန်သော သတ္တဝါတို့ကို ပရမတ္ထ သဘော အလျောက် ဆုံးမအပ်သည်၏ အဖြစ်ကြောင့် အဘိဓမ္မာပိဋကကို ယထာဓမ္မ သာသနာဟု ဆိုအပ်၏၊ ယင်း သာသနာသုံးရပ်အပေါင်းသည် ဗုဒ္ဓသာသနာမည်၏၊ အဓိပ္ပာယ်မှာ ဗုဒ္ဓဓမ္မဖြစ်သော ပိဋက သုံးပုံကို လက်ခံယုံကြည်သူပင် ဖြစ်၏၊ ယင်း ဗုဒ္ဓသာသနာကို ယခုအခါ ဗုဒ္ဓဘာသာဟု ခေါ်ဝေါ်နေကြ၏၊ ဘာသာဆိုသည်မှာ စကားဖြစ်သည်၊ ထိုကြောင့် ဗုဒ္ဓဘာသာကိုဗုဒ္ဓစကားဟု ပြန်ဆိုပြီး ဗုဒ္ဓ၏စကားဖြစ်သော ဓမ္မတရား သို့မဟုတ် ပိဋကသုံးပုံကို ယုံကြည် လက်ခံသူဟု အဓိပ္ပာယ် ပြန်ဆိုနိုင်လေသည်။

ဗုဒ္ဓသာသနာ သို့မဟုတ် ဗုဒ္ဓဘာသာ၏ ပဓာန မူချ ရည်ရွယ်ချက်မှာ နိဗ္ဗာန်ဖြစ်၏၊ နိဗ္ဗာန်သည်လည်း ဗုဒ္ဓ၏ ကိုယ်ပိုင်စကားလုံးဖြစ်၏၊ ဗုဒ္ဓ၏ စကြဝဠာ ကမ္ဘာ လောကကြီးနှင့် ပတ်သက်၍ ရှုမြင် သုံးသပ် ယူဆချက်တို့မှာ ထိုစဉ် အခါက လက်ရှိ အယူဝါဒ ဒဿနတို့နှင့် မတူ, တမူ ကွဲပြား ခြားနားသော အမြင်သစ် ဖြစ်၏၊

ထိုအားလျှော်စွာ သူ၏ အယူ အဆ ဆိုင်ရာ ဝေါဟာရ တို့မှာလည်း ထိုထို အယူဝါဒတို့နှင့် မတူကွဲပြား ခြားနားစေ၏၊ ဗြာဟ္မဏတို့က အတ္တကို မကျိုးငြိုမ်ိုး၍ ဓမ္မတရား ဟောကြား၏၊ ထိုဓမ္မတို့မှာ သာမ, ယဇု, ဂျရု–ဟု ဝေဒ သုံးပုံဖြစ်၏၊ ယင်းသုံးပုံ၏ အနှစ်သာရမှာ မောက္ခ သို့မဟုတ် မုတ္တိ ဖြစ်၏၊ ဗုဒ္ဓသည်ကား အနတ္တကို မကျိုးငြိုမ်ိုး၍ ဓမ္မတရား ဟောကြား၏၊ ထိုဓမ္မတို့မှာ သုတ်, ဝိနည်း, အဘိဓမ္မာဟု ပိဋကသုံးပုံဖြစ်၏၊ ယင်းသုံးပုံ၏ အနှစ်သာရမှာ နိဗ္ဗာန်ဖြစ်၏၊ ယင်းနိဗ္ဗာန်နှင့် ပတ်သက်၍ ဗုဒ္ဓဓမ္မကို လက်ခံ ယုံကြည်သော ဂိုဏ်းကြီး နှစ်ဂိုဏ်း၏ အယူ အဆတို့မှာ အချင်းချင်း အစဉ် ကွဲပြားနေ၏၊ ထိုဂိုဏ်းကြီး နှစ်ဂိုဏ်းမှာ ဟီနယာနနှင့် မဟာယာနဖြစ်၏၊ ဟီနယာနတွင်လည်း ဂိုဏ်းကွဲမျိုး အမျိုး အပြား ရှိသကဲ့သို့ မဟာယာနတွင်လည် ဂိုဏ်းကွဲမျိုး အမျိုးအပြားပင် ရှိ၏၊ သူတို့၏ နိဗ္ဗာန်နှင့် ပတ်သက်သော အကြောင်းအရာမှာ ဗုဒ္ဓဒဿနဒ္ဒ လွန်စွာ အရေးကြီး၏၊ ဗုဒ္ဓဓမ္မ၏ ဂိုဏ်း ဂဏတိုင်းမှာ နိဗ္ဗာန်နှင့် ပတ်သက်သော ထူးခြား ချက်မျိုး ရှိ၏၊ နိဗ္ဗာန်သည် ဘာဝ ရုပ်လော, သို့မဟုတ် အဘာဝ ရုပ်လော ဟူသော အကြောင်းကို ယူ၍ ဗုဒ္ဓဒဿနတွင် တင်ပြီး ဝေဘန်သွားကြသည်၊ ဤနိဒါန်းဌ ထိုဂိုဏ်းကြီး နှစ်ဂိုဏ်း၏ နိဗ္ဗာန်နှင့် ပတ်သက်သော အယူအဆတို့ကို အကျဉ်းချုပ်ပြီး တင်ပြပါမည်၊ ထိုအကျဉ်း သခေါ်ပနှင့် သင့်တင့်လျောက် ပတ်သော အဖွင့်ကိုကား စာကိုယ်တွင် အဆင့်ဆင့် တွေ့မြင်ရမည် ဖြစ်ပါသည်။

ကြိုတင်၍ အသိ ပေးချင်ပါ သေးသည်– မြန်မာတို့သည် ဗုဒ္ဓဓမ္မနှင့်ပတ်သက်၍ ထေရဝါဒခေါ် ဟီနယာန အယူဝါဒမှာသာ လေ့လာ ကျက်စားမှု မျိုးသည်၊ ထိုကြောင့် ထေရဝါဒနှင့်

ပတ်သက်၍ ဖွင့်ဆိုရာ၌ လွယ်လွယ်ကူကူပင် လေ့လာမှု ယူနိုင်ကြ သည်၊ မဟာယာန ပိဋကနှင့် ပတ်သက်၍ကား အတော်ပင် စိမ်းနေ သဖြင့် ရှောရှောရှူးရှူး ဖြစ်ချင်မှ ဖြစ်မည်၊ ထိုအတွက် ပိုမို၍ ၁ရှု စိုက်ရန် အတန် လိုပေမည်၊ သို့မှလည်း ဗုဒ္ဓဓမ္မနှင့် ပတ်သက်၍ ပြည့်စုံ ကြွယ်ဝပေမည်၊ မြန်မာနိုင်ငံတွင် လွန်စွာ ထင်ရှားသော ထေရဝါဒ နိဗ္ဗာန်အတွက် သက်သက်ကား ဤစာအုပ် ပေါ်ထွက် ဖွယ် လုံးဝ မလိုပါ၊ မြန်မာတို့၏ ဘာသာရေး ဆိုင်ရာ မည်သည့် စာအုပ်ကို လွန်လွန် နိဗ္ဗာန် အကြောင်းကို ကောင်းစွာ တွေ့နိုင်၏၊ ဤစာအုပ်ကား ဗုဒ္ဓ ဓမ္မတွင် ထင်ရှားသော ဂိုဏ်းကြီး နှစ်ခု၏ နိဗ္ဗာန် အမြင်ကို ဆက်စပ် ပေးလို၍ ဖြစ်၏၊ သို့ဆက်စပ်ရာ၌ ဤနိဒါန်းတွင် မရှင်း မလင်းသော အကြောင်းအရာ အချက်အလက် စကားလုံး ဝေါဟာရများ တွေ့ကောင်း တွေ့ရမည်၊ သို့ဖြင့် အနှောင့်အရှက် မဖြစ်သင့်ချေ၊ စာကိုယ်တွင် ထိုအကြောင်းအရာ စသည်တို့၏ အဖွင့် အပြကို တွေ့ရမည်ဖြစ်၏၊ တချို့မှာ ဤနိဒါန်း တွင် ရှင်းလင်းပြီး ဖြစ်နေ၍ စာကိုယ်၌ သာမန်မျှသာ ဖော်ပြတော့ သည်၊ ဆိုလိုသည်မှာ တစိတ် တဒေသ အမြက်မျှဖြင့် ဆုံးဖြတ်ချက် အလျင် မလိုရန် ဖြစ်ပါသည်။

ဟီနယာန

ဟီနယာနသည် မိမိကို သုံးပါး အပြားရှိသော ဒုက္ခတို့ဖြင့် နှိပ်စက်နေသည်ဟု ယူဆ၏- (၁) **ဒုက္ခ ဒုက္ခတာ** — **အဓိပ္ပာယ်**မှာ ရုပ်နှင့်နာမ်ဟူသော အကြောင်းတို့ကြောင့် ဖြစ်သော ကိလေသာ၊ (၂) **သင်္ခါရ ဒုက္ခတာ**—ဖြစ်ပျက်လေ့ရှိသော လောက၏ အရာ ဝတ္ထုတို့ကြောင့် ဖြစ်သော ကိလေသာ၊ (၃) **ဝိပရိဏာမ ဒုက္ခတာ**-

သုခကို ဒုက္ခ အသွင်၌ ညွှတ်သောကြောင့် ဖြစ်သော ကိလေသာ၊ လူသည် ဤ ကိလေသာတို့မှ ဘယ်အခါမျှ ဖယ်ခွါ၍ မရ၊ သူသည် ကာမဝတု, ရူပဝတု သို့မဟုတ် အရူပဝတု၌ ဘဝကို ကုန်လွန်စေကာမူ ဖယ်ခွါ၍ မရချေ၊ ယင်း ဒုက္ခမှ ကင်းလွတ်ရန် နည်းလမ်းကို မြတ်စွာဘုရား ကိုယ်တိုင် ညွှန်ပြတော်မူ၏— အရိယ သစ္စာ, သံသရာနှင့် ပတ်သက်သော အရာဝတ္ထုတို့ကို အနိစ္စတာနှင့် အနတ္တသဘောဥာဏ်, မဂ္ဂင် ရှစ်ပါးကို လေ့လာခြင်းကြောင့် ထို့ပြင် လောက၏ အရာဝတ္ထုတို့တွင် အတ္တ၏ မရှိခြင်းဥာဏ်ကို တည်ဆောက်သော ယောဂီသည် ဖော်ပြပါ ကိလေသာတို့မှ အခါခပ်သိမ်း အတွက် လွတ်မြောက်မှုကို ရ၏၊ တဖန် ယင်း ကိလေသာတို့သည် သူ့အား ဘယ်နည်းနှင့်မျှ နှိပ်စက်ရန်အတွက် သို့မဟုတ် သံသရာ၌ နှောင်ဖွဲ့ရန်အတွက် မည်သို့မျှ စွမ်းနိုင်မည် မဟုတ်၊ ထို့ကြောင့် အရိယာဥာဏ်ဖြင့် အမြဲမပြတ် အားထုတ်ခြင်းကြောင့် ဟီနယာန ဂိုဏ်း၌ ဟစုံတယောက်သော ယောဂီသည် ကိုလေသာ တို့မှ ငြိမ်းချမ်းခြင်းကို ရ၏၊ ယင်းသည် နိဗ္ဗာန်ဖြစ်၏၊ ဤကား နိဗ္ဗာန် သာမည အသွင်တည်း။

ဟီနယာန၏ ဂိုဏ်း အမျိုးမျိုးတို့တွင် ဤ အကြောင်းကို ယူ၍ ဝါဒကဲ့မျှားကို ပြသကြ၏၊ နိကာယ်တို့ကို လေ့လာသဖြင့် သိရသည်မှာ နိဗ္ဗာန်သည် ကိုလေသာ မရှိသော ပုံစံ ဖြစ်၏၊ ကိလေသာတို့၏ ဖုံးကွယ်ခြင်းကို အပြီးအပိုင် ဖယ်ခွါလိုက်သော အခါ နိဗ္ဗာန်၏ အခိုက်အခါ မေ့ဖျားခြင်း ဖြစ်ပေါ်လာ၏၊ ယင်းဖြင့် သုခအသွင် ညွှန်ပြကြ၏၊ သို့ရာတွင် အထူးသဖြင့် ဗုဒ္ဓနိကာယ်သည် နိဗ္ဗာန်ကိုအတွေ့ မရှိသည်၏ အဖြစ်သာ မြတ်နိုးကြသည်၊ မိလိန္ဒပဉ္ဍာ၌ နိဗ္ဗာန်၏ အကြောင်းအရာတွင် အလွန် သိမ်မွေ့စွာ ဝေဘန်ထား၏၊

ကမ္ဘာလောက၏ အလုံးစုံသော ပုထုဇဉ်တို့သည် ဣန္ဒြေတို့နှင့် အာရုံတို့ကို ခံစားရာတွင် ကပ်ငြိ နေကြသောကြောင့် ဒုက္ခ အမျိုးမျိုး ဖြစ်ပေါ်ကုန်၏၊ သို့ရာတွင် ဥာဏ်ရှိသော အရိယ သာဝကသည် ဣန္ဒြေတို့နှင့် အာရုံတို့ကို ခံစားရာ၌ ဘယ်အခါမျှ ကပ်ငြိ တွယ်တာခြင်း မရှိချေ၊ စင်စစ် သူတို့၏ တဏှာ ချုပ်ငြိမ်း သွားလေသည်၊ တဏှာ ချုပ်ငြိမ်းသည်နှင့် အတူတကွ ဥပါဒါန်နှင့် ဘဝ၏ ချုပ်ငြိမ်းခြင်းလည်း ဖြစ်၏၊ တဖန် ပဋိသန္ဓေနေခြင်း ပိတ်သွားသောကြောင့် အလုံးစုံသော ဒုက္ခ ရပ်သွား၏၊ ဤသို့လျှင် တဏှာ စသော ကိလေသာတို့ ချုပ်ငြိမ်းသွားခြင်းပင်လျှင် နိဗ္ဗာန် ဖြစ်၏၊ နာဂသေန အယူအဆတွင် နိဗ္ဗာန်၏ နောက်၌ ပုဂ္ဂိုလ်၏ အဖြစ် ဟူသမျှ အချင်းခပ်သိမ်း ပျောက်ကွယ် သွား၏၊ တောက်လောင် နေသောမီးငြိမ်းသောအခါ မီးကို မမြင်ရသကဲ့သို့ နိဗ္ဗာန်သို့ ရောက်ပြီးနောက် ပုဂ္ဂိုလ် သတ္တဝါကို မမြင်ရတော့ချေ၊ အကြောင်းမူ ထိုပုဂ္ဂိုလ်ကို ပြုလုပ်ရန် တစုံတရာ အကြွင်း အကျန် မရှိသောကြောင့် ဖြစ်၏၊ ထိုကြောင့် နိဗ္ဗာန်၏ အခြားမဲ့တွင် ပုဂ္ဂိုလ် သတ္တဝါ ဘယ်နည်းနှင့်မျှ ပြီးမြောက်ခြင်း မရှိနိုင်ချေ၊ ဤသည်ကား နိဗ္ဗာန်၏ နိရောဓ ဖြစ်၏။

ဘဝသံသရာတွင် ဖြစ်ပေါ်နေကြသော အဆုဝဏ္ဏတို့၏ ထူးခြားချက်မှာ အချို့ကံကြောင့် ဖြစ်၏၊ အချို့ အခြောင်းဟိတ်ကြောင့် ဖြစ်၍ အချို့မှာ ဥတုကြောင့် ဖြစ်၏၊ သို့ရာတွင် နိဗ္ဗာန်သည် အာကာသ ကောင်းကင် ဟင်းလင်းပြင်ကဲ့သို့ ကံအကြောင်း, ဟိတ်အကြောင်း, ဥတုအကြောင်း မရှိဘဲ ဖြစ်၏၊ ယင်းသည် ဟိတ်မှ ကင်းကွာ၍ ကာလ သုံးပါးကို ကျော်လွန်၏၊ ဣန္ဒြေကို ကျော်လွန်

ပြီး ပြောမပြနိုင်သော အရာဝတ္ထု ဖြစ်၏၊ ဤ စင်ကြယ်သော ဉာဏ်ဖြင့် ရဟန္တာ ဖြစ်နိုင်၏၊ နိဗ္ဗာန်ကို မျက်မှောက် ပြုရန် နည်းလမ်း ရှိသော်လည်း ထို နိဗ္ဗာန် ဖြစ်ပေါ်စေရန် တစုံတရာနည်းလမ်း မရှိချေ၊ မျက်မှောက်ပြုခြင်းနှင့် ဖြစ်ခြင်းမှာ မတူချေ၊ တစုံတယောက်သည် မိမိ၏ ပကတိ အားအစွမ်းကို အမှီပြု၍ ဟိမဝန္တာ တောင်ထွတ်သို့ တက်နိုင်၏၊ သို့ရာတွင် သူသည် ကြိုးစားခြင်း ကုဋေ ကုဋာဖြင့် ထို ဟိမဝန္တာတောင်ကို ဤသို့ ရောက်အောင် မယူ မဆောင်နိုင်ချေ၊ တစုံ တယောက်သည် သာမည အစွမ်း သတ္တိ၏ အကူအညီကို ယူ၍ လှေ သင်္ဘောဖြင့် သမုဒ္ဒြာ တဘက်သို့ ကူးနိုင်၏၊ သို့ရာတွင် ထိုသူသည် အဆုံး အပိုင်း အခြား မရှိသော အပန်းခံခြင်းဖြင့် ထိုမှာဘက်ကမ်းမှ သမုဒ္ဒြာကို ဤမှာဘက်ကမ်းသို့ ရောက်အောင် မဆောင် မယူနိုင်ချေ၊ ဤကား နိဗ္ဗာန်၏ အခြေ အနေပင် တည်း၊ ထိုနိဗ္ဗာန်သို့ မျက်မှောက်ပြုရန် လမ်းကို ပြနိုင်သော်လည်း ထိုနိဗ္ဗာန် ဖြစ်သော အကြောင်းကို ဘယ်သူမျှ မပြနိုင်ချေ၊ အကြောင်းကား နိဗ္ဗာန်မှာ ဂုဏ်ကင်းသော နိဂုဏ ဖြစ်၏၊ ထိုနိဗ္ဗာန် ဖြစ်ပေါ်စေရန် ပြဿနာ မရှိချေ၊ အကြောင်းကား ယင်းသည် အတိတ်, ပစ္စုပ္ပန်နှင့် အနာဂတ်—ကာလသုံးပါးမှ တပါး ဖြစ်၏၊ မမြင်အပ်၍ အိန္ဒြေတို့ဖြင့် အာရုံ မယူနိုင်သော်လည်း ထို နိဗ္ဗာန်မှာ ထင်ရှားရှိ၏၊ ရဟန္တာ အဆင့်သို့ ရောက်သူသည် စင်ကြယ် ဖြောင့်မတ်၍ အပိတ် အပင် မရှိ လောကီ ကာမတို့မှ ကင်းဆိတ်သော စိတ်ဖြင့် နိဗ္ဗာန်ကို မြင်ရ၏၊ ထိုကြောင့် နိဗ္ဗာန် ထင်ရှားရှိကြောင်းမှာ ဘယ်နည်းနှင့်မျှ အချည်းနှီး မဖြစ်ချေ၊ သို့ရာတွင် သိမ်မွေ့လှသောကြောင့် ယင်း နိဗ္ဗာန်မှာ ဥပဓိ — ဖြစ်ခြင်းမှ ကင်း၏၊ ဥပါယ်ဖြင့် မျက်မှောက်ပြုရန် အမှန်ပင် လိုအပ် ပါသော်လည်း

ကိုယ်တိုင် ပြော မပြနိုင်သော အရာဝတ္ထု ဖြစ်၏၊ ဤကား နိဗ္ဗာန်၏ ဘေးအန္တရာယ် မရှိခြင်း ဖြစ်၏။

နာဂသေနသည် နိဗ္ဗာန်၏ တည်ရာ ဌာနနှင့် ပတ်သက်၍လည်း မျှားစွာ စဉ်းစားပေး၏၊ မိလိန္ဒ မင်းကြီး၏ အယူအဆတွင် နိဗ္ဗာန်မှာ ဒုက္ခရှိသည်၊ အကြောင်းကား နိဗ္ဗာန်ကို ရှာဖွေသူတို့သည် အမျိုးမျိုးသော စောင့်စည်းခြင်းတို့ဖြင့် မိမိ၏ ကိုယ်စိတ်နှင့် ဣန္ဒြေတို့ကို ပူလောင်စေရကုန်၏၊ လောက သံယောဇဉ် အနှောင် အဖွဲ့တို့ကို ဖြတ်၍ ဣန္ဒြေတို့နှင့် စိတ်တို့၏ အလေ့ ဝါသနာကို သတ်ပြီး ချုပ်နှောင် ထားရ၏၊ ထို့ကြောင့် ကိုယ်ရော စိတ်ပါ ဒုက္ခ ရောက်ရ၏၊ ဤယုတ္တိ၏ အကူအညီဖြင့် မိလိန္ဒမင်းလမ်းစဉ်တွင် နိဗ္ဗာန်လည်း ဒုက္ခနှင့် တကွဖြစ်သော ဟူ၏၊ နာဂသေန၏ အဖြေမှာ နိဗ္ဗာန်မှာ စိုးစဉ်းမျှ ဒုက္ခ မရှိချေ၊ ယင်းသည် ချမ်းသာ သုခ အတိပြီး၏၊ တိုင်းနိုင်ငံကို ရန်ဋ္ဌာန်ရန်အတွက် အမျိုးမျိုးသော ဆင်းရဲပင်ပန်းခြင်းတို့နှင့် ရင်ဆိုင်ရ၏၊ သို့ရာတွင် ကိုယ်တိုင် မင်းစည်းစိမ်ကို ခံစားရသောအခါ ဆင်းရဲ ပင်ပန်းသော အသွင် မရှိချေ၊ ဤနည်းတူစွာ အကျင့်, ကိုယ်ကျိုး စွန့်ခြင်း, ဣန္ဒြေတို့ကို နှိမ်နင်းခြင်း စသော ဥပါယ်တွင် ဆင်းရဲပင်ပန်းခြင်း ရှိ၏၊ ကိုယ်တိုင် နိဗ္ဗာန်ကို ခံစားရာ၌ အဘယ်မှာ ရှိတော့မည်နည်း၊ ယင်းသည် ကမလာ ရွှေကြာကဲ့သို့ အညစ် အကြေးတို့ဖြင့် လိမ်းကျံခြင်းမပျံချေ၊ ရေကဲ့သို့ အလုံးစုံသော အညစ် အကြေးအပူတို့ကို ငြိမ်းအေးစေ၏၊ ကာမ တဏှာ, ဘဝ တဏှာ, ဝိဘဝ တဏှာတို့၏ မှတ်သိပ်ခြင်းကို ဖယ်ခွါ၏၊ ယင်းသည် အာကာသကဲ့သို့ ဂုဏ်ဆယ်ပါးရှိ၏၊ မွေးဖွားခြင်း မရှိ, အဟောင်း မဟုတ်, သေခြင်း မရှိ, လာခြင်း မရှိ, သိန်ခဲ၏, လွတ်လပ်၏ အပိုင်းအခြား မရှိ, ကောင်းသော လမ်းပေါ်တွင် သွားရှိ ဘဝ

သံသရာ၏ အလုံးစုံသော သင်္ခါရတို့ကို အနိစ္စ ဒုက္ခ အနတ္တဖြင့် ရှုမြင်သူသည် ပညာဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏၊ ဘယ်အရပ် မျက်နှာကိုမျှ မညွှန်ပြနိုင်ချေ၊ မဟာကဝိ အဿဃောသ ပြောပြသည်မှာ ငြိမ်းသွားသော ဆီမီးသည် မြေကြီးထဲသို့လည်း မသွား, ကောင်းကင်ထဲသို့လည်း မဝင်, တစုံတခုသော အရပ်ဒေသသို့လည်း မသွား, ဆီ ကုန်ခမ်းခြင်းကြောင့် ထိုမီး ငြိမ်းသွားခြင်း ဖြစ်၏၊ ထိုအတူ ဉာဏ်ရှိသော ယောဂျားသည် ဘယ်မျှ ရောက်မသွားချေ၊ တော တောင် ရေ မြေ ကောင်းကင် ဘယ်အရပ်ကိုမျှ မသွား, ကိလေသာ ကုန်ခြင်းကြောင့် အေးငြိမ်းသွားခြင်း ဖြစ်၏၊ ဤကား နိဗ္ဗာန်၏ သုခ အသွင် ဖြစ်၏။

ဤဆိုခဲ့သည်ကား နိဗ္ဗာန်ကို သာမည တွေးဆခြင်းဖြစ်၏၊ ဉာဏ်ဖြစ်ပေါ်ခြင်းကြောင့် အဝိဇ္ဇာ အနှောင် အဖွဲ့ အလိုအလျောက် အပိုင်းပိုင်း ပြတ်သောအခါ ရဟန္တာ၏ အဆင့်မည်သည် နိဗ္ဗာန်ဖြစ်၏၊ ဤမြတ်မှန်သော ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရားသည် ဓမ္မဂရား ညွှန်ကြားခြင်းဖြစ်၏၊ နိဗ္ဗာန်ကို ဤလောကတွင် ရောက်နိုင်၏၊ ဝေဒန္တတွင် ဘဝမှ လွတ်မြောက်သူ၏ အတွေးအခေါ်မှာ နိဗ္ဗာန်သို့ ရောက်သော ရဟန္တာပင် ဖြစ်၏၊ သို့ရာတွင် နိဗ္ဗာန်၏ သရုပ်ကို ဝေဘန်ရာ၌ ဟီနယာနနှင့် မဟာယာန ဓမ္မ ဂိုဏ်းသားတို့တွင် ကဲပြားချက်ရှိ၏၊ သာမည အစီအရင်ဖြင့် ပြောပြနိုင်သည်မှာ ဟီနယာနသည် နိဗ္ဗာန်ကို ဒုက္ခ၏ မရှိခြင်း အဘာဝမျှသာ ယုံကြည်၍ မဟာယာနသည် ယင်းကို နှစ်လိုဖွယ်အသွင်ဖြင့် ပြည့်၏၊ သို့ရာတွင် ဟီနယာန ဂိုဏ်း ဂဏ အတွင်းမှာလည်း အယူအဆ အမျိုးမျိုး ကဲပြား၏၊ ထေရဝါဒီတို့၏ အမြင်တွင် နာမ်နှင့်ရုပ် ဘဝ၏ အကြွင်းမဲ့ နိရောဓ ဖြစ်၏၊ နိဗ္ဗာန်သို့ ရရောက်ပြီးနောက်

ပုဂ္ဂိုလ် သတ္တဝါ၏ အဖြစ်သည် အချင်းခပ်သိမ်း နိရောဓ ဖြစ်သွား၏၊ နိဗ္ဗာန သဒ္ဒါ၏ အနက်မှာလည်း ငြိမ်းချမ်းခြင်း ဖြစ်၏၊ မီးတောက် နေသော အခါ မီးခွက်မှာ ဆီ ထင်ရှားရှိ၏၊ သို့ရာတွင် ဆီ ကုန်ခမ်း သွားသောအခါ အလိုအလျောက်ငြိမ်းသွား၏၊ ဤသို့လျှင် တဏှာ အစရှိသော ကိလေသာတို့ ငြိမ်းချမ်းသောအခါ ယင်း ရုပ်လောကသည် သူ့အလို အလျောက် အဆုံးသို့ ရောက်သွားခြင်း ကိုပင် နိဗ္ဗာန်ဟု ခေါ်၏၊ ဤကား ထေရဝါဒီတို့ဝါဒ၌ နိဗ္ဗာန်၏ အတွေးအခေါ်ဖြစ်၏။

ဝေဘာသိက ဂိုဏ်းသားတို့သည် နိဗ္ဗာန်ကို ပတိသင်္ခါ နိရောဓဟု ယူဆကြ၏၊ အဓိပ္ပါယ်မှာ စင်ကြယ်သော ပညာ၏ အကူအညီဖြင့် ဘဝသံသရာနှင့် ပတ်သက်သော သာသဝ ဓမ္မများနှင့် သင်္ခါရတို့၏ အဆုံးကို နိဗ္ဗာန်ဟု ဆိုလိုခြင်း ဖြစ်၏၊ နိဗ္ဗာန်သည် နိစ္စ, အသင်္ခတ ဓမ္မ, လွတ်လပ်သော သတ္တာ(ဘာဝ=ဝတ္ထု)သီးခြား ဘုတဖြစ်သော အရာဝတ္ထု ဖြစ်၏၊ နိဗ္ဗာန်သည် အစေတနာ အခိုက်အတန့်လော သို့မဟုတ် စေတနာ အခိုက်အတန့်လောဟူသော ပြဿနာ၏ အကြောင်းအရာကို ဝေဘာသိကတို့ ပိဋကတ် စာပေတွင် မတွေ့ မမြင်ရချေ၊ တိဗွတ်တို့ အစဉ် အလာအားဖြင့် သိရသည်မှာ အခ္ခါ သော ဝေဘာသိက ဂိုဏ်းသားတို့သည် နိဗ္ဗာန်သို့ ရောက်ရန်မှာ ကိလေသာကို ဖြစ်စေသော သာသဝ သင်္ခါရတို့ဖြင့် တောက်ပသော ထိုစေတနာ၏ အချင်းခပ်သိမ်း ချုပ်ငြိမ်းခြင်းကို ယုံကြည်ကြသော ဟူ၏၊ သာသဝတို့ကြောင့် ဘယ်နည်းနှင့်မျှ မတောက်ပနိုင်သော စေတနာသည် အမှန်ရှိ၏၊ ယင်းစေတနာသည် နိဗ္ဗာန်သို့ ရောက်ပြီး နောက်၌လည်း ထင်ရှား ရှိနေသည်ဟု ဆိုလိုခြင်း ဖြစ်၏၊ ဤသည် ကား ဝေဘာသိကတို့၏ အင်္ဂါတပါး ဖြစ်၏၊ ဤအယူအဆကို

လက်ခံသူကား ဘယ်သူဖြစ်သည်ဟု ထောက်ပြရန် ခက်၏၊ ဝေဘာသိကတို့၏ သာမညအယူအဆမှာ အဘာဝ အတ္တဖြစ်၏၊ သံဃဘဒြ၏ 'တက္ကဇာလ'ကို လေ့လာသဖြင့် သိရသည်မှာ အိန္ဒိယ အလယ်ပိုင်းတွင် ဝေဘာသိကတို့၏ ဂိုဏ်း တဂိုဏ်းရှိသည်၊ ယင်းဂိုဏ်းသည် 'တဿတာ' အမည်ရှိသော စတုတ္ထ အသင်္ခတ ဓမ္မကို ယုံကြည်၏၊ ယင်း တဿတာသည် ဝိသေသိကတို့၏ အဘာဝ ပဒတ္ထနှင့်တူသည်၊ နိဗ္ဗာန်၏ အတွေး အခေါ် အတွက်ပင် အဘာဝကို လေးပါး အပြား ဝေဘန်သွား၏၊ ယင်း တဿတာသည် မဟာယာနတွင် ပရမတ္ထသစ္စာအတွက် ယှဉ်သော တဿတာ သဒ္ဒါမှ တခြား တပါးဖြစ်၏၊ ဤသို့လျှင် ဝေဘာသိကတို့၏ အယူအဆ၌ နိဗ္ဗာန်ကို ကိလေသာ အဘာဝ ရုပ်အဖြစ် လက်ခံ၏၊

သုတ္တန္တိကတို့ကား နိဗ္ဗာန်ကို စင်ကြယ်သော ဝိသုဒ္ဓိ ဉာဏ်ဖြင့်သာ ရောက်နိုင်၍ ရုပ်လောကမှ လုံးဝ ချုပ်ငြိမ်းသွားသည်ဟု ယုံကြည်ကြ၏၊ ယင်း အယူအဆတွင် ရုပ်သတ္တာ ဘယ်နည်းနှင့်မျှ ထင်ရှား မရှိနိုင်၊ ထိုကြောင့် နိဗ္ဗာန်တွင် သတ္တာ မရှိ ဟူသတည်း၊ သို့ရာတွင် ဤအယူအဆမှာ ဝေဘာသိကတို့နှင့် မတူချေ၊ ဝေဘာသိကတို့သည် နိဗ္ဗာန်မှာ အရာဝတ္ထု မရှိဟု ယူဆ၏၊ နိဗ္ဗာန်သို့ ရောက်သည်၏ အခြားမဲ့တွင် သိမ်မွေ့သော စေတနာ ထင်ရှားရှိနေ၏၊ ယင်းစေတနာမှာ အလွန် ငြိမ်းအေးခြင်းတွင် နစ်မြုပ်နေ၏၊ ဘုတန် နိုင်ငံ၏ အစဉ်အလာအရ သဲလွန်စ ရှိသည်မှာ သုတ္တန္တိက ဂိုဏ်းကဲ့ တခုသည် နိဗ္ဗာန်ကို ရုပ်သတ္တာနှင့် စေတနာ ချုပ်ငြိမ်းခြင်းကို ယုံကြည်ကြခြင်း ဖြစ်၏၊ သူတို့၏ အမြင်တွင် နိဗ္ဗာန်သို့ ရောက်သော ရဟန္တာ၏ ရုပ်သတ္တာ ရှိသည်၊ ဘယ်အခါမျှ ချုပ်ငြိမ်းခြင်း မရှိ၊ သို့ရာတွင် စေတနာမှကား ပျောက်ပျက်

သွားဆ၊ ဤဂိုဏ်းကဲ့၏ အလိုအားဖြင့် နိဗ္ဗာန်၏ အခြားမဲ့တွင် တစုံတရာ ကြွင်းကျန် မနေချေ၊ ထိုကြောင့် နိဗ္ဗာန်မှာ အစည်သဖြင့် အဘာဝ ဖြစ်၏။

ဟီနယာနတို့၏ နိဗ္ဗာန် ယူဆချက်မှာ ပြာဟွဏ ဒဿနိကတို့တွင် နျာယ ဝိသေသိက၏ မုတ္တိ အတွေးအခေါ်နှင့် လုံးဝတူညီ၏၊ ဂေါတမ ရသေ့၏ သဒ္ဒါတို့တွင် ဒုက္ခမှ စင်စစ်လွတ်မြောက်ခြင်းကို မုတ္တိခေါ် အပဝဂ္ဂဟု ဆို၏၊ အဓိပ္ပာယ်မှာ ပစ္စုပ္ပန် မေးဖွားခြင်းကိုပယ်၍ အနာဂတ်တွင် တဖန် မေးဖွားမှု မဖြစ်ခြင်းပင်တည်း၊ ယူအပ်သော မေးဖွားခြင်း၏ ပျက်စီးခြင်းကို အလိုရှိအပ်သကဲ့သို့ အနာဂတ် မေးဖွားခြင်း မဖြစ်ခြင်းလည်း အရေးကြီး၏၊ ဤနှစ်ပါး ပြီးမြောက်ပါလျှင် အတ္တသည် ဒုက္ခမှ နောက်ဆုံး ငြိမ်းချမ်းရေးကို ရယူနိုင်၏၊ ဝါသနာ အစဉ်ရှိသော အတ္တဂုဏ်တို့ မပြတ်ပါလျှင် ဒုက္ခ၏ နောက်ဆုံး ငြိမ်းချမ်းရေးကို မရနိုင်ချေ၊ ထိုကြောင့် အတ္တ၏ဂုဏ်များဖြစ်သော ဗုဒ္ဓိ, သုခ, ဒုက္ခ ဣစ္ဆာ, ဒေါသ, ပယတန, ဓမ္မ, အဓမ္မနှင့် သင်္ခါရ တည်းဟူသော ကိုးပါးကို အမြစ်မှ ဖြတ်ရမည်၊ လွတ်မြောက်မှု အဆင့်တွင် အတ္တသည် မိမိ၏ သန့်ရှင်းသော အဖြစ်ဖြင့် တည်နေ၍ အလုံးစုံသော ဂုဏ်တို့မှ ကင်းကွာ၏၊ ယင်းအတ္တသည် လှိုင်းတံပိုး ခြောက်မျိုးတို့မှလည်း ကင်းလွတ်၏၊ လှိုင်းတံပိုး ဆိုသည်မှာ ကိလေသာ အညစ် အကြေး ပင်တည်း၊ ဆာလောင်ခြင်း, မွတ်သိပ်ခြင်း, လောဘ, မောဟ, သီတ, အာတပကို ကိလေသာ ဖြစ်စေသော လှိုင်းတံပိုး ခြောက်မျိုးဟု ဆိုကြ၏၊ လွတ်မြောက်သော အတ္တသည် ဤလှိုင်းတံပိုး ခြောက်မျိုးကို ကျော်လွှားပြီး သုခ, ဒုက္ခ အစရှိသော လောကီ အနှောင်အဖွဲ့တို့မှ လွတ်မြောက်၏၊ ဤအဆင့်တွင် ဒုက္ခနှင့်

တူသော သုခလည်း အဘာဝ အတ္တဋ္ဌ နေ၏၊ နျာယ မဋ္ဌရိတွင် ဇယန္တဘဋ္ဋသည် အလွန်ကျယ်ပြန့်စွာ ဘာဝဝါဒီဖြစ်သော ဝေဒန္တတို့၏ အယူအဆကို ချိုးဖျက်ပြီး မုတ္တိ၏ အဘာဝဘက်ကို ထောက်ခံထား၏၊ မုတ္တိတွင် သုခကို လက်မခံသော ပဓာန အကြောင်းမှာ သုခနှင့် အတူတကွ ရာဂအစဉ် ပူးတွဲ ဆက်စပ် နေသောကြောင့် ဖြစ်၏၊ ထိုပြင် ရာဂမှာ နှောင်ဖွဲ့ခြင်း၏ အကြောင်းရင်း ဖြစ်၏၊ ဤကဲ့သို့သော အဆင့်တွင် လွတ်မြောက်ရေး မောက္ခကို အတ္တသုခဟု လက်ခံရာ၌ မည်သို့လျှင် အနှောင်အဖွဲ့မှ လွတ်လပ်မှု ရနိုင်မည်နည်း၊ ထိုကြောင့် နေယာယိကတို့သည် မုတ္တိကို ဒုက္ခ၏ အဘာဝ အသွင်ဖြင့် မြင်ခြင်း ဖြစ်၏။

မဟာယာန

အထက်တွင် ဟီနယာနတို့၏ အယူအဆ ဖြစ်သော နိဗ္ဗာန်၏ သရုပ်ကို အကျဉ်းချုပ် ဖော်ထုတ်ခဲ့ပါပြီ၊ သို့ရာတွင် မဟာယာနတို့သည် အဆိုပါ မုတ္တိကို အစစ်အမှန် ရှိသော ရုပ်တွင် နိဗ္ဗာန်ဟု လက်ခံရန် အသင့် မရှိကြချေ၊ သူတို့၏ အယူအဆတွင် ယင်းနိဗ္ဗာန်ဖြင့် ကိလေသာ အပိတ်အပင် ကုန်ခြင်း သက်သက်သာ ဖြစ်၏၊ ဉာဏ် အပိတ်အပင်၏ သတ္တာကို ပြုလုပ်နေ၏၊ ဟီနယာန တို့၏ အမြင်တွင် ရာဂ, ဒေါသ၏ သတ္တာသည် ပဋ္ဌာန်းခွဲခြား အသွင်ဖြင့် သို့မဟုတ် ထိုမှတပါးသော အတ္တ၏ သတ္တာဟု ယုံကြည်ခြင်းဖြင့် ဆက်စပ်နေ၏၊ အတ္တ၏ သတ္တာ ဖြစ်သောကြောင့်သာ လူ၏ အသဲနှလုံးတွင် ယင်ပူဇော်ခြင်းစသော ညှဉ်းပန်းမှုတို့ကို စိတ်ညှတ်ကြခြင်း ဖြစ်၏၊ နောင်ဘဝ၌ အတ္တ၏ ချမ်းသာရေး အတွက်သာ လူသည် အမျိုးမျိုးသော အကုသိုလ် အလုပ်တို့ကို အပ္ပတ်တကုတ် အားထုတ်

ပြည့်စုံစေ၏၊ ထိုကြောင့် အလုံးစုံသော ကိလေသာနှင့် ဒေါသသည် ဤအတ္တဒိဋ္ဌိ၏ မည်သည့်တစ်သော အတိုင်းအတာ ဖြစ်၏၊ ထိုကြောင့် အတ္တကို တားမြစ်ခြင်းသည် ကိလေသာကို ဖျက်ဆီးရန် အကောင်းဆုံး ဥပါယ်ဖြစ်၏၊ ယင်းကို ပုဂ္ဂလ – နိရုတ်မျှဟု ခေါ်၏၊ ဟီနယာနသည် ယင်းနိရုတ်မျှကို လက်ခံ၏၊ သို့ရာတွင် ယင်း နိရုတ်မျှ ဉာဏ်ဖြင့် ကိလေသာ အပိတ်အပင် ကုန်ခမ်းရုံသာဖြစ်၏၊ ထိုသက်လွန်၍ အခြား တပါးသော အပိတ်အပင်၏ သတ္တာလည်း ရှိသေး၏၊ ယင်းကို အသိဉာဏ် အပိတ်အပင်ဟု ခေါ်၏၊ ဝိညတ္တိ မတ္တတာ သိဒ္ဓိ၌ ဤအပိတ် အပင် နှစ်ပါးတို့ အထူးအခြားကို အလွန်လှပစွာဖြင့် ဖွင့်ပြသွား၏၊ နိရုတ်မျှသည် နှစ်ပါး ရှိ၏။

(က) ပုဂ္ဂလ-နိရုတ်မျှနှင့် (ခ) ဓမ္မ–နိရုတ်မျှ၊ ရာဂ အစရှိသော ကိလေသာမှာ အတ္တဒိဋ္ဌိကြောင့် ဖြစ်ကုန်၏၊ ထိုကြောင့် ပုဂ္ဂလာ နိရုတ်မျှ ဉာဏ်ကြောင့် သတ္တဝါသည် အလုံးစုံသော ကိလေသာတို့ကို စွန့်ပယ်၏။

လောက အရာဝတ္ထု ဘို၏ အဘာဝ သို့မဟုတ် သုညတာ၏ ဉာဏ်ကြောင့် အပိတ်အပင် အာဝရဏသည် အလိုအလျောက် ဝေးကွာသွား၏၊ ထိုပြင် အလုံးစုံကို သိမြင်ရန်အတွက် အပိတ်အပင် အာဝရဏ နှစ်ပါးကို ဖယ်ခွါရန် အစဉ် လိုအပ်၏၊ ကိလေသာ လွတ်မြောက်ခြင်းကို ရရန်အတွက် အာဝရဏသည် မုတ္တိကို တားမြစ်ခြင်းအလုပ် ပြုလုပ်နေ၏၊ ထိုကြောင့် ယင်း အာဝရဏကို ဖယ်ခွါမှ မုတ္တိကို ရမည်၊ ဥယျာဝရဏသည် အလုံးစုံ သိအပ်သော အရာဝတ္ထုတို့ အပေါ်မှာ ဉာဏ်ဖြစ်ပေါ်ခြင်းကို တားမြစ်၏၊ ထိုကြောင့် ယင်း အာဝရဏ အပိတ်အပင်ကို ဖယ်ခွါလိုက်သောအခါ အလုံး

စုံသော အရာဝတ္ထုတို့ အပေါ်မှာ အကွယ်အကာ အဆီးအတား မရှိသော သဗ္ဗညုတာ အဖြစ်သို့ ဆိုက်ရောက်လေသည်။

အာဝဇ္ဇနဇောတို့၏ ဤနှစ်ပါး အပြားမှာ ဒဿနိက အမြင်ဖြင့် လွန်စွာ မြင့်၏။ မဟာယာန အလိုအားဖြင့် ဟီနယာနတို့၏ နိဗ္ဗာန်မှာ ရှေးဦးစွာ ကိလေသာ အာဝရဏကိုသာ ဖယ်ခွါ၏။ သို့ရာတွင် သုညတာ၏ ဉာဏ်ဖြစ်သောကြောင့် အခြားတပါးသော အာဝရဏ ကိုလည်း ဖျက်ဆီး၏။ အကြင် မျှလောက်သော ကာလပတ်လုံး ဒုတိယ အာဝရဏ မကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး စင်စစ် နိဗ္ဗာန် မဖြစ်သေးချေ။ သို့ရာတွင် ဟီနယာနတို့သည် ဤနှစ်ပါး တို့၏ ခြားနားချက်ကို လက်ခံရန် အသင့် မရှိကြချေ။ သူတို့၏ အမြင်မှာ ဉာဏ်ဖြစ်ပေါ်မှုကို ရယူသောအခါ ရဟန္တာ၏ ဉာဏ်သည် အာဝဇ္ဇနဇော ကင်းသော အနာဝဇ္ဇနဇော ဖြစ်၏။ မဟာယာန၏ ဤအယူအဆမှာ, လွန်စွာ မြင့်၏။ ဟီနယာန၏ အလိုမှာ ရဟန္တာ အဖြစ်သို့ ရောက်ခြင်းပင်လျှင် လူ၏ အမြင့်ဆုံးသော ရည်ရွယ်ချက် ဖြစ်၏။ မဟာယာနကား ဘုရား အဖြစ်သည်သာလျှင် လူ့ဘဝ၏ ရည်ရွယ်ချက် ဖြစ်၏။ ဤသို့လျှင် ရည်ရွယ်ချက်ဖြင့် ကဲပြားသော ကြောင့် နိဗ္ဗာန်၏ အယူအဆလည်း ကဲပြားခြားနားခြင်း ဖြစ်၏။

အရှင် နာဂဇုနသည် နိဗ္ဗာန်ကို အလွန်ရဲရင့်စွာ စူးစမ်းပြီးလျှင် မဇ္ဈိမိကတို့၏ ပိဋကဖြစ်သော ကာရိကာ ပညာဝိသပိုင်းတွင် ထုတ်ဖော်ထား၏။ သူ၏ အလိုအားဖြင့် နိဗ္ဗာန်မှာ စွန့်ခွာ၍လည်း မဖြစ်နိုင်၊ ဆိုက်ရောက်ရန်လည်း မဖြစ်နိုင်ချေ။ ဥစ္ဆေဒ အရာဝတ္ထုလည်း မဟုတ်၊ သဿတ အရာဝတ္ထုလည်း မဟုတ်ချေ။ ထိုနိဗ္ဗာန်မှာ နိရုဒ္ဓလည်း မဟုတ်၊ ဥပ္ပန္နလည်း မဟုတ်၊ ဥပ္ပတ္တိ ဖြစ်၍သာ

လျှင် တစုံတခုသော အရာဝတ္ထု၏ နိရောဓဖြစ်၏၊ ဤနှစ်မျိုးတို့မှာ ကဲ့ပြားကုန်၏—

အပ္ပဟီနမသမ္ပတ္တံ အနုစ္ဆဒ္ဒန္တမ် အသသ္သတမ်၊
အနရုဒ္ဓမ အနုပ္ပန္နမ ဧတေ နိဗ္ဗာဏမုစ္စတေ။

ဤကာရိကာ၏ အဖွင့်ဋီကာကို ပြုသော စန္ဒကိတ္တိ ပြောပြသည်မှာ ရာဂကဲ့သို့ပင် နိဗ္ဗာန်ကို မပယ်နိုင်၊ စစ်မှန်သော ဘဝ၏ အကျိုးဖလကဲ့သို့လည်း ရရောက်ရန် မဖြစ်နိုင်၊ ဟီနယာန နိဗ္ဗာန်ကဲ့သို့လည်း နိစ္စ မဟုတ်၊ ယင်းသည် သဘာဝအားဖြင့်သာ ဖြစ်၍ ပျက်စီးခြင်း ကင်း၏၊ သူ၏ လက္ခဏာ ကို သဒ္ဒါအဖြစ်ဖြင့် ပြောမပြနိုင်ချေ၊ မဟာယာနတို့၏ အလိုအားဖြင့် နိဗ္ဗာန်နှင့် သံသရာမှာ တစုံတရာ ထူးခြား ကဲ့လဲခြင်း မရှိချေ၊ အတွေးအခေါ် မီးလျှံ ကုန်ခမ်းခြင်း၏ အမည်မှာ နိဗ္ဗာန် ဖြစ်၏၊ နာဂဇုနသည် နိဗ္ဗာန်ကို ဘာဝ ဝတ္ထုအဖြစ် လက်ခံသူနှင့် အဘာဝ ဝတ္ထုအဖြစ် လက်ခံသူတို့၏ အယူဝါဒကို ဝေဘန်၏၊ သူ၏ အယူအဆမှာ နိဗ္ဗာန်သည် ဘာဝနှင့် အဘာဝ နှစ်ပါးတို့မှ တပါးသော ဝတ္ထုဖြစ်၏၊ ယင်းကို ပြော မပြနိုင်ချေ၊ လွန်မြတ်သော သဘောတရားဖြစ်၏၊ ယင်းအမည်မှာ ဘုတကောဋိ သို့မဟုတ် ဓမ္မဓာတု မည်၏။

ဟီနယာနနှင့် မဟာယာန ကျမ်းတို့၏ အလိုအားဖြင့် နိဗ္ဗာန်နှင့် စပ်လျဉ်းသော အယူအဆ အလုံးစုံကို ခြုံ၍ ကြည့်ပါက သာမည အားဖြင့် ဤသို့ အကျဉ်းချုပ် ဖော်ပြနိုင်၏—

(၁) ယင်းကို သဒ္ဒါတို့ဖြင့် ပေါ်လွင်အောင် ပြောမပြနိုင်ချေ၊ ယင်းသည် အသခ်တ ဓမ္မဖြစ်၍ ဥပ္ပတ္တိ=ဖြစ်ခြင်း မရှိ၊ ဝိနာသ=ပျက်စီးခြင်း မရှိ၊ ပရိဝတ္တန=ပြောင်းလဲခြင်း မရှိ။

(၂) ယင်း အရသာကို သုံးဆောင် ခံစားခြင်းမှာ မိမိ အတွင်းမှာသာ မိမိသာ ခံစားနိုင်၏၊ ယင်းကို ယောဂါစာရဂိုဏ်းက 'ပစ္စယတ်မဝေဒျ'ဟုခေါ်၍ ဟီနယာနတို့က 'ပစ္စတ္တံဝေဒီတဗ္ဗံ'-သဒ္ဒါဖြင့် ခေါ်ကြ၏။

(၃) ယင်းသည် အတိတ်, ပစ္စုပ္ပန်နှင့် အနာဂတ် ကာလသုံးပါး၏ ဗုဒ္ဓတို့အတွက် တခုတည်းဖြစ်၍ တူမျှ၏။

(၄) မဂ္ဂဖြင့် နိဗ္ဗာန်ကို ရရောက်ခြင်း ဖြစ်၏။

(၅) နိဗ္ဗာန်တွင် ပဋိပုဒ် အဖြစ်၏ အခါခပ်သိမ်း နိရောဓ ဖြစ်သွား၏။

(၆) အယူဝါဒ နှစ်မျိုးလုံးကပင် ဗုဒ္ဓ၏ ဉာဏနှင့် သတ္တိကို လေဘုတ္တရာ, ရဟန္တာဉာဏ်ထက် လွန်စွာမြင့်ခြင်းကို လက်ခံယုံကြည်ကြ၏၊ မဟာယာနတို့သည် ရဟန္တာ၏ နိဗ္ဗာန်ကို အနိမ့်စားဟု ယူဆကြ၏၊ ယင်းကို ဟီနယာနတို့လည်း လက်ခံကြသည်၊ အဆိုပါဂိုဏ်းကြီး နှစ်ခု၏ နိဗ္ဗာန်နှင့်ပတ်သက်၍ ခံယူချက်ကို ဤသို့ ကောက်နှုတ်နိုင်၏—

ဟီနယာန—နိဗ္ဗာန်သည် သစ္စာ, နိစ္စ, ဒုက္ခ အဘာဝနှင့် သန့်ရှင်းခြင်းဖြစ်၏။

မဟာယာန-ယင်းကိုလက်ခံ၏၊ ဒုက္ခ အဘာဝ သက်သက်မဟုတ်၊ သုခ အသွင် ယုံကြည်၏၊ စင်စင် မဇ္ဈိမိကနှင့် ယောဂါစာရသည် နိစ္စ-အနိစ္စ, သုခနှင့် ဒုက္ခ အတွေး အခေါ်ကို ဤတွင် လက်မခံချေ၊ အကြောင်းကား သူတို့၏ အမြင်မှာ နိဗ္ဗာန်သည် ပြောပြ၍ မရချေ။

ဟီနယာန—နိဗ္ဗာန်သည် ပတ္တံ=ရောက်အပ်သော ဝတ္ထုဖြစ်၏၊

မဟာယာန–နိဗ္ဗာန်သည် အပတ္တံ=မရောက်အပ်။

ဟီနယာန–နိဗ္ဗာန်သည် ရဟန်းတို့၏ စျာနနှင့် ဉာဏအတွက် အာဝုံဖြစ်၏။

မဟာယာန–ဥာတာဥယျ, ဝိသယီ-ဝိဿယ, နိဗ္ဗာန်နှင့် ရဟန်းသည် မည်သို့မျှ ခြားနားခြင်း မရှိချေ။

ဟီနယာန–နိဗ္ဗာန်သည် လောကုတ္တရာ အဆင့် ဖြစ်၏။

မဟာယာန–လောကုတ္တရာထက် လွန်သော အဆင့်ဖြစ်ကြောင်းကို လက်ဝဝတာရသုတ်၌–'လောကုတ္တရတမ'-ဟု ဖော်ပြ၏။

ဟီနယာန–နိဗ္ဗာန်၏ ပုံသွင်မှာ နှစ်ပါးသာရှိ၏–(က)သောပဓိသေသ,(ခ)နိရုပဓိသေသ သို့မဟုတ် ပတိသင်္ခါနိရောဓနှင့် အပတ္တိသင်္ခါနိရောဓ။

မဟာယာန–ယောဂါစာရ အလိုအားဖြင့် နိဗ္ဗာန် နှစ်ပါး အပြားရှိ၏–(က) ပကတိ သုဒ္ဓ နိဗ္ဗာန်နှင့် (ခ) အပတိဋ္ဌိတ နိဗ္ဗာန်။

ဟီနယာန–နိဗ္ဗာန်နှင့် သံသရာအား ဓမ္မသမတာ မဟုတ်ဟူ ယူဆ၏။

မဟာယာန–နိဗ္ဗာန်နှင့် သံသရာမှာ ဓမ္မသမတာ ဖြစ်၏၊ ယင်းနှစ်ပါး၏ ဆက်စပ်ပုံမှာ သမုဒြာနှင့် လှိုင်းကဲ့သို့ ဖြစ်၏။

ဟီနယာန–လောက၏ အရာဝတ္ထုတို့၏ သတ္တာကိုလည်း ယုံကြည်သည်၊ လောကသည် သစ္စာဖြစ်သကဲ့သို့ နိဗ္ဗာန်လည်း သစ္စာဖြစ်၏။

မဟာယာန–နိဗ္ဗာန် အဒ္ဒေတ ဖြစ်၏၊ တခုတည်းသော သဘောတရား ဖြစ်၏၊ လောက၏ ပပဉ္စသည် မာယာနှင့် မုသား ဖြစ်၏၊

ဟီနယာန–အာဝဝရဏ နှစ်ပါး အယူအဆကို လက်မခံ၊ သူတို့၏

အယူအဆ၌ ကိလေသာ အာဝရဏ၏ အခြားမဲ့ဖြစ်သော အရဟတ္တဖိုလ်အား ဉာဏ အာဝရဏ ကင်းနေသည်။

မဟာယာန–နိဗ္ဗာန်ရရန် ပိတ်ပင်သော ကိလေသာနှင့် ဥယျအာဝရဏ နှစ်ပါးကို ယုံကြည်သည်။

သဒ္ဓေပအားဖြင့် ဟီနယာန အယူဝါဒ၌ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန်းသည် နိဗ္ဗာန်သို့ ရောက်၏ဟု ပြောပြနိုင်၏၊ သာမည အားဖြင့် သတ္တဝါသည် ရှေးကံတို့ကြောင့် ဖြစ်လေ့ရှိသော ဓမ္မတို့၏ အပေါင်းအစုမျှ ဖြစ်၏၊ သူသည် အနန္တကာလမှ လှည့်လည်ခဲ့ရာ သူ၏ အတွင်း၌ အတ္တ အမည်ရှိသော တစုံတခုသော စေတနာ အရာဝတ္ထု ရှိ၏၊ အဋ္ဌဂိုက မဂ်ကို မှီဝဲခြင်းကြောင့် လူတိုင်းသည် အရာဝတ္ထုတို့၏ အနိစ္စတာအား ခံစားရ၏၊ အကြင်ခန္ဓာတို့ဖြင့် သူ၏ ကိုယ်ကို ပြုလုပ်၏၊ ထိုခန္ဓာသည် ထူးခြားသော အသွင်ဖြင့် သူ့အား မဖြစ်သည်သာတည်း၊ လောက၏ သတ္တဝါတိုင်းကို ယင်း ခန္ဓာတို့ဖြင့် ပြုလုပ်ထားကုန်၏၊ ဤအကြောင်းကို ဉာဏ်ဖြင့် ကောင်းစွာ သိသူအား နိဗ္ဗာန်သို့ ရောက်၏၊ နိဗ္ဗာန်မှာ လောက၏ အနန္တ သတ္တဝါတို့နှင့် အတူတက္ခ ထူးထူးခြားခြား ကွဲပြားခြင်း မဖြစ်နိုင်ဟူသော စိတ်၏အဆင့်ပင် ဖြစ်၏၊ သူ၏ ပုဂ္ဂိုလ်အဖြစ် ပျောက်ပျက် သွားသောအခါ အလုံးစုံသော သတ္တဝါတို့၏ တခုတည်းအဖြစ်၏ ဘာဝနာသည် သူ၏ အသဲနှလုံး၌ နိုးကြားသွား၏၊ ဤကား ဟီနယာနတို့၏ သာမည အစီအရင်တည်း။

သူတို့နှင့် အစဉ် ကွဲပြားသော မဟာယာနတို့သည် ဓမ္မတရားတို့၏ သတ္တာကို ယုံကြည်ခြင်း မရှိကြချေ၊ သူတို့သည် ဓမ္မကာယ သို့မဟုတ် ဓမ္မဓာတုကိုသာ တခုတည်းသော သစ္စာဟု ယုံကြည်ကြ၏၊ ဗုဒ္ဓမှတပါး အလုံးစုံသော သတ္တဝါတို့သည် အတွေး အခေါ

ပိုက်ကွန်ဌ မိနေကြ၏၊ သုခနှင့် သန္တိကို ညွှန်ပြသော နိဗ္ဗာန်ကို ရသော ဟီနယာန အရဟာတ္တဖိုလ်သည် ပုဗ္ဗာနှင့် ဓနကို ထားသူကဲ့သို့ မှားယွင်းနေ၏၊ နှစ်မျိုးလုံးပင် အသစ္စာမှာ သစ္စာထင်၍ တွေးကြံခြင်း ပပဉ္စတွင် မိနေကြ၏၊ ဟီနယာန အယူမှာ နိဗ္ဗာန်သာ တခုတည်းသော ပရမတ္ထသစ္စာ ဖြစ်၏၊ ထိုမှတပါး လောက၏ အလုံးစုံသော အရာဝတ္ထုသည် အတွေးအခေါ်ကို ထုတ်ဖော်ကုန်၏၊ အကြင်ခဏ၌ သတ္တဝါသည် ဤအကြောင်းအရာကို ခံစား၏၊ အဘယ်ပုံ ခံစားသနည်း—ယင်းသည် သစ္စာဖြစ်၏၊ သံသရာသည် နိဗ္ဗာန်မှ သီးခြားမဟုတ်ဟု ခံစား၏၊ ထိုခဏ၌ ထိုသူသည် ဗုဒ္ဓအဖြစ်သို့ ရောက်၏၊ ထိုကြောင့် မိမိ အတွေ့အဖြစ်၏ ဘာဝနာကို ဖယ်ခွါခြင်း သက်သက်သာ မပြုသင့်၊ စင်စစ် ဘယ် ဝတ္ထုကို ကြည့်ကြည့်, ထိုဝတ္ထုလည်း အတွေ့ သုညဖြစ်သော ဥာဏ်ကိုရရန် လွန်စွာ လိုအပ်၏၊ ယင်းဥာဏ်ကို အကြင်အခါ ရ၏၊ ထိုအခါ မဟာယာနတို့ အယူအဆအားလျော်စွာ နိဗ္ဗာန်ကို ရလေသည်။

သမုဒ္ဒြာဌ်မေ့ခြင်း

ဤနိဒါန်းတွင် ဗုဒ္ဓမမ္မ နိဗ္ဗာနဝါဒနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်း လွတ်လပ်စွာ ဆွေးနွေးစရာ အချက်အလက်ပေါင်း အတော်များစွာ ရှိပါသည်၊ ထိုအချက်အလက် တို့တွင် ခေတ်ကလက်ခံနိုင်လောက်သော အချက်အလက်အချို့ကို မယုတ် မလွန် ဆွေးနွေးခဲ့ပါပြီ၊ သို့ဆွေးနွေးရာတွင် စာရှုသူ ပရိသတ်တို့၏ အမြင်အနေကို မှန်းဆရပါသေးသည်၊ အချို့မှာ အတွေးအခေါ် မြင့်မားရင့်ကျက်၍ အချို့မှာ အလယ်အလတ်လောက်သို့ ရောက်နေပြီး အချို့မှာ မကြာမြင့်မီကမှ လေ့ကျက်ခွင့် ကြုံရသည်၊

ဤပရိသတ်သုံးမျိုး၏ အလိုကျဖြစ်စေရန်မှာ မလွယ်ကူပါ၊ကျောင်းများတွင် မူလတန်း,အလယ်တန်း,အထက်တန်း-စသည်ဖြင့် အတန်းအသီးသီး ခွဲခြားပြီး အတန်းအလိုက် သင်ကြား ပို့ချကြသည်၊ ဤကဲ့သို့သော စာအုပ်မျိုးကား ထိုသို့ ပြုလုပ်ရန် မဖြစ်ချေ၊စာအုပ်တအုပ်တည်းနှင့်ပင် အဆင့်အတန်း အမျိုးမျိုးရှိသော စာကြည့်ပရိသတ် အားလုံးကို သိမ်းကြုံး ခေါ်ဆောင်ရန် ကြိုးစားရပါသည်၊ ထိုကြောင့် အချို့သော အကြောင်းအရာတို့မှာ သက်၍ အချို့သော အချက်အလက်တို့မှာ အတန်ခက်ပြီး အချို့မှာ အတော်ပင် လေးနက်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်၊ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်လည်း ဓမ္မတရား ဟောကြားတော်မူရာတွင် တရားနာပရိသတ်၏ အခြေအနေသို့ လိုက်၍ ဟောကြားတော်မူခဲ့ရ၏—

တခုသော တရားမည်သည် အဘယ်နည်း—
သတ္တဝါ ဟူသမျှသည် အကြောင်း အာဟာရလျှင် တည်ရှိကုန်၏။
နှစ်ခုသော တရားမည်သည် အဘယ်နည်း—
နာမ်နှင့် ရူပ်တည်း၊
သုံးခုသော တရားမည်သည် အဘယ်နည်း—
ဝေဒနာ သုံးပါးတို့တည်း၊
လေးခုသော တရားမည်သည် အဘယ်နည်း—
အရိယာတို့၏ အမှန်တရား သစ္စာ လေးပါးတို့တည်း၊
ငါးခုသော တရားမည်သည် အဘယ်နည်း—
စွဲလမ်းမှု ဥပဒါနကွန္ဓာ ငါးပါးတို့တည်း၊
ခြောက်ခုသော တရားမည်သည် အဘယ်နည်း။

အတွင်း အဇ္ဈတ္တိက အာယတန ခြောက်ပါးတို့တည်း၊
ခုနစ်ခုသော တရားမည်သည် အဘယ်နည်း—
ဗောဇ္ဈင် ခုနစ်ပါးတို့တည်း၊
ရှစ်ခုသော တရားမည်သည် အဘယ်နည်း—
အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်တည်း၊
ကိုးခုသော တရားမည်သည် အဘယ်နည်း—
သတ္တဝါတို့၏ တည်ရာ သတ္တာဝါသ ကိုးပါးတည်း၊
ဆယ်ခုသော တရားမည်သည် အဘယ်နည်း—
အင်္ဂါဆယ်ပါးတို့နှင့် ပြည့်စုံသူကို ရဟန္တာဟု ဆိုအပ်၏။

ဤကား ကုမာရ ပညာ သုတ်တည်း၊ ကုမာရ ဆိုသည်မှာ ကလေးသူငယ် ဖြစ်၏၊ မြတ်စွာဘုရားသည် ကလေး သူငယ်တို့ကို ကလေးသူငယ်နှင့် သင့်လျော်မည့် တရားကို ဟောကြားတော်မူ၏၊ ဥာဏ်ပညာ ထက်မျက်သူတို့ကိုမူ လေးနက်သော သဘောတရားကို ပြု၍ သိစေတော် မူ၏၊ ပုဂ္ဂိုလ်၏ အလိုဆန္ဒ, ဥာဏ် အနု အရင့်ကို အတိအကျ ကောင်းစွာ သိသည်မှာ ဗုဒ္ဓသာဖြစ်၏၊ ပညာ တေဒဂ်ရ၍ မမေ့ သေနာပတိ ဖြစ်သော အရှင် သာရိပုတြာပင် သတ္တဝါတို့၏ စရိုက် ဝါသနာကို သေချာစွာ မှတ်သိနိုင်ချေ၊ တရုံသောအခါ ဓမ္မသေနာပတိ အရှင် သာရိပုတြာသည် သူ၏ ဂပည့် တဦးအား တရားပြု၏၊ တပည့်မှာ တရား မရနိုင် ဖြစ်နေ၍ နည်းအမျိုးမျိုးဖြင့် ပြု၏၊ သို့ရာတွင် မည်သို့မျှ မတတ်နိုင်သဖြင့် နောက်ဆုံးတွင် လက်လျှော့ကာ ထိုအကြောင်းကို မြတ်စွာဘုရားသို့ လျှောက်ရ၏၊ ထိုအခါ မြတ်စွာဘုရားက "သာရိပုတြာ သတ္တဝါ စရိုက်သို့ လိုက်၍ တရားပြုရာမှာ သင်၏ အရာမဟုတ်၊ တထာဂတ၏ အလုပ်သာ ဖြစ်၏"ဟု မိန့်ကြားပြီး ထိုတပည့်ကို ခေါ်ကာ ကိုယ်စောင်တိုင် တရားပြု၏၊

ဂါထာ တပုဒ်မျှဖြင့် တမုဟုတ်ခြင်း တရားသိမြင် နိဗ္ဗာန်သို့ ဝင်သွားလေသည်၊ မိမိ ကဲ့သို့သော သူကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း၊ သို့ရာတွင် ထိုထို နည်းကောင်း လမ်းမှန်တို့ကို အမခြေခံရသဖြင့် အသင့်အတင့် ဆွေးနွေး တင်ပြနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်၊ စင်စစ် မိမိမှာ စားတော်ဆက်သာ ဖြစ်ပါသည်၊ သို့မဟုတ် ငြင်းဆိန့်ခြင်ငြင်းကို ကြောပေးခြင်းသာ ဖြစ်ရာ အကယ်၍ မနှုး မနှပ် ဖြစ်သော်ရင်း၊ တူးခြစ်သွားရ စား မဖြစ်သော်ရင်း— မိမိ အပြစ်သာ ဖြစ်ပေမည်။

ရှေးအခါက ရဟန္တာဟုခေါ်လောက်သော ဆရာတော် အကျော်အမော်တို့သည် နိဗ္ဗာန် အကြောင်းကို အကောင်းဆုံး စိုရင်ပြီးဖြစ်ကြ၏၊ ယခုအခါနှင့် လွန်စွာ အလွမ်း မကွာလှ သေးသော အခါက မြန်မာနိုင်ငံအတွင်း ဂုဏ်ဘာတင်း ကြီးမားလှသော အုတ်ဖို့ ဆရာတော်, လယ်တီဆရာတော်နှင့် ဝိသုဒ္ဓါရုံ ဆရာတော်တို့၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်ကို အာရုံပြုနိုင်ပါက ထိုအပြင် နိဗ္ဗာန်ကို ဆင်ခြင်ရန်ပင် အကြောင်း မမြင်ချေ၊ ထိုထက် တဆင့်တက်၍ ဌီကာဆရာ, အဌကထာ ဆရာကြီးတို့၏ အဆိုအမိန့်တို့ကို သုံးသပ်နိုင်ဘိသော် သစ်တပင်ရင်း ဝါးတပင်အောက်သို့ အရောက်ပြေးကာ ကိုယ်လွတ် ရှန်းဘို့သာ ရှိ၏၊ သို့ရာတွင် မိမိသည် ဤအရေးကို မဆွေးနွေးဘဲ မနေနိုင် ဖြစ်နေ၏၊ ထိုထို အဌကထာ, ဌီကာ ဆရာတော်တို့၏ အာဘော်ကို ကျော်တက်ရန်လည်း မဟုတ်ပါ၊ လွှမ်းမိုးရန်လည်း မဖြစ်နိုင်ပါ၊ ယင်း အမြုတေ အာဘော်တို့ကို ရှေးကလပ်ပေါ်တင် လိုခြင်းသာဖြစ်ပါသည်၊ မိမိသည် နိဗ္ဗာန် အကြောင်း ကောင်းနိုးရာရာတို့ကို စုပေါင်း လေ့လာသောအခါ မဟာဘာရတ ဇာတ်တော်ကြီးမှနတ်ဒေဝတာနှင့်အသုရာတို့ သာမုဒ္ဒြာကို တောင်ကြီး

တလုံးဖြင့် မေ့ရာ အမြုတေ ထွက်ပေါ်လာသည့် အကြောင်းကို တွေးမိ၏—

တနေ့တွင် လွန်စွာ တန်ခိုးကြီးသော နတ်ဒေဝတာတို့သည် မေရှု (မြင့်မိုရ်) တောင်ထိပ်တွင် စည်းဝေးကြလျက် အမြိုက် (အမြုတေ) ရနိုင်ရေးအတွက် ဆွေးနွေး တိုင်ပင်ကြ၏၊ သူတို့ အလုံးစုံသည် တပသီမျှားနှင့် စင်ကြယ်ခြင်း, ရောင့်ရဲခြင်းအစရှိသော နိယမတို့နှင့် ယှဉ်၏၊ သူတို့သည် အပြန်ပြန် အလှန်လှန် အကြိမ်ကြိမ် အခါခါ ဆွေးနွေးကြပြီးနောက် ဗြဟ္မာကြီးထံသို့ သွားကာ "အလုံးစုံသော နတ်နှင့် အသုရာတို့ စုပေါင်းပြီး မဟာသမုဒ္ဒရာကို ညက်ညက်ကြ အောင် မေ့နှောက်ကြချင်ပါသည်၊ ထိုသို့ ပြုပါလျှင် ထိုအတွင်းမှ အမြုတေ ရပါလိမ့်မည်" ဟု ခွင့်ပန်ကြသည်။

သူတို့သည် ဗြဟ္မာကြီးထံမှ အခွင့်ရသောအခါ အသုရာတို့နှင့် ပေါင်းပြီး မဟာသမုဒ္ဒရာကို မေ့ရန် မန္ဒရ တောင်ထွတ်ကို ချွတ်ယူ ရန် ကြိုးပမ်းကြသည်၊ မန္ဒရတောင်မှာ မြင့်မိုရ်၏ အထွတ်တခု ဖြစ်၍ ကောင်းကင်ကို ထိုးဖောက်ပြီး နတ်ပြည်သို့ ရောက်နေသည်၊ သူတို့အနေဖြင့် ထိုတောင်ကို လှုပ်ရှုံ့မှု မစွမ်းနိုင်သဖြင့် အနန္တ (သေသ)နာဂကို တောင်းပန်ကြရ၏။

အနန္တ နာဂသည် မန္ဒရ တောင်ထွတ်ကိုချွတ်၍ သမုဒ္ဒရာအလယ် ဌ် စိုက်ထူ၍ ပေး၏၊ သမုဒ္ဒရာတွင်နေသော လိပ်ကြီးကလည်း မေ့တံ ဖြစ်သော မန္ဒရတောင် ကျ ့ကျမသွားစေရန် ကျောဖြင့် ခံထား၏၊ ထိုနောက် သူတို့သည် ဝါသုကိ နာမင်းကို ကြိုးသဖွယ် မန္ဒရတောင် ကို ပတ်ကာ ခေါင်းဘက်က အသုရာ, အမြီးဘက်က နတ်များ ကိုင်ဆွဲပြီး လှည့်ပတ် မေ့နှောက်ကြ၏၊ တောင်ကို တဘက် တဘက်သို့

ဆွဲလှည့်လိုက်သောအခါ ပြင်းထန်စွာမိုးကြိုးပစ်သကဲ့သို့ ရိုက်ကျည်းတုန်ဟီး သွားပြီးလျှင် လျှပ်စစ် ပစ်သကဲ့သို့ ဝင်းလက်သွား၏။

မဟာ သမုဒ္ဒရာထဲတွင်လည်း ငါးလိပ် မကာရိုးစသော သတ္တဝါပေါင်းများစွာရှိ၏၊ မြေတံဖြစ်သော မန္ဒရတောင်ပေါ်တွင် ခြသေ့သစ်ကျား အစရှိသော သတ္တဝါပေါင်း များစွာရှိ၏၊ ထို့ပြင်သစ်ပင် ဝါးပင် အမျိုးမျိုး အများအပြား ရှိသည်၊ ထို အလုံးစုံတို့သည် မုန်တိုမုန် ညက်ညက် ဖြစ်သွားပြီး မီးဟုန်းဟုန်း တောက်လောင်လာ၏၊ ထိုနောက် မိုးကြီး သည်းထန်စွာ ရွာချ၏။

နတ်နှင့် အသုရာတို့သည် ဆက်လက်၍ အင်တိုက် အားတိုက် ကျိတ်ခြေ မြေနှောင်နေကြ၏၊ ကြာသော် သမုဒ္ဒရာရေသည် နို့အဖြစ်သို့ ပြောင်းလဲသွား၏၊ အစဉ်မပျက် ဆက်၍ မြေကြလေရာ ကြာသော် ထောပတ် အဖြစ်သို့ ရောက်သွား၏၊ နတ် အသုရာတို့သည် ဆက်လက်၍ မြေနေကြ၏၊ သို့ရာတွင် အမြှုတေ ထွက်ပေါ်မလာ၍ သူတို့ စိတ်အား လျော့ပါးနေကြစဉ် ဗိသဏှိုး ရောက်လာပြီး အားပေး၍ ဆက်လက် မြေကြရာ ကြာသော် နေနှင့်လ ပေါ်လာ၏။

သူတို့သည် အားတက်လာပြီး ဆက်လက်၍ မြေကြ၏၊ ထိုနောက် လက္ခမီ, ဘုရာဒေဝီ, မြင်းဖြူ, ကောတ္ထုဘ ပတ္တမြား, ပင်လယ်ကသစ်ပင်, သုရာဘိန္ဓားမနှင့် ဥစ္စာသျှဝ မြင်းတို့ အစဉ်အတိုင်း ပေါ်လွင်လာကုန်၏၊ ထိုနောက် ဓန္တန္တရိ အမည်ရှိသော နတ်သား ပေါ်ထွက်လာ၏၊ သူ၏ လက်ထဲက ဇွေဖလား အမြှုတေ (အမြှိုက်) ပါလာ၏။

ထိုအခါ အသုရာနှင့် ဒေဝတာတို့သည် အမြှုတေအတွက် အငြင်းပွားကြလေရာ ဗိသဏှိုးသည် မောဟမာယာဖြင့် မောဟိနီ

သတ္တိသမီးအသွင် ဖန်ဆင်းလိုက်ပြီး သူတို့ကို တွေ့ဝေစေ၏၊ သူတို့သည် ထိုအမြုတေကို မောဟိနီအား ပေးအပ်လိုက် ကြလေသည်၊ ဗိသဏှိုးသည် ထို အမြုတေကို နတ်ဒေဝါတို့ကိုသာ ဝေခွဲပေးသဖြင့် အသုရာတို့ မခံမရပ်နိုင်ဖြစ်ကာ နတ်-အသုရာ စစ်ပွဲကြီး စတင်ဖြစ်ပေါ် ခဲ့လေသည်၊ အလွန်ကြီးမားသော စစ်ပွဲကြီး ဖြစ်၏၊ စစ်ပွဲတွင် အသုရာပေါင်း များစွာ သေကြေပျက်စီးသကဲ့သို့ နတ်တို့လည်း မရေတွက် နိုင်လောက်အောင် သေကြေ ပျက်စီးကြသည်၊ သို့ရာတွင် နောက်ဆုံးထွင် ဗိသဏှိုး၏ အကူအညီဖြင့် နတ်တို့ အနိုင်ရခဲ့၏။

နတ်တို့သည် ထို အမြုတေကို နတ်ပြည်သို့ ယူဆောင်သွားပြီး လုံခြုံသော နေရာတွင် ခက်ခဲစွာ ထားပြီး အစောင့်အကြပ် အထပ်ထပ် ချထားလေသည်။

မိမိလည်း စာပေသမုဒြာမှ နိဗ္ဗာန် အမြုတေကို ထုတ်ဖော်ခြင်းပင် ဖြစ်ပါသည်၊ အပန်းတကြီး သိုင်းဝိုင်း လာသမျှတို့၏ အချုပ်မှာ နိဗ္ဗာန် အမြုတေကို ဖော်ထုတ်ရန် အတွက်သာ ဖြစ်၏၊ အကယ်၍ တစုံတယောက်က "ဟေ့ လူ ဘာ ဆိုလိုဒါလဲ၊ တိုတို ပြောစမ်း"ဟု ဆိုပါသော် "နိဗ္ဗာန်"ဟု ဖြေဆိုပါမည်၊ သို့ရာတွင် နိဗ္ဗာန်ဟူသော စကားတလုံးဖြင့် နိဗ္ဗာန်ကို မဖုံးနိုင်၍ ပတ်ဝန်းကျင်ဖြင့် မြှုဆွယ်ရခြင်းဖြစ်၏၊ တောင်ထွတ်ကိုချတ်၍သမုဒြာကို မွှေခြင်းပင်ဖြစ်၏၊ သို့ရာဘွင် နိဗ္ဗာန် အမြုတေ စစ်စစ်ကို ပြသောအခါ စာရေးသူ အနေဖြင့် တစုံတရာ ဝင်ရောက် စွက်ဖက်ခြင်း ပြုတော့မည် မဟုတ်ပါ၊ နိဗ္ဗာန် မရောက်မီ ဒုတိယ နိဒါန်း အနေဖြင့် 'ဗုဒ္ဓဒဿန' ကို ဖော်ပြပါဦးမည်၊ အကြောင်းကား ဗုဒ္ဓဒဿနကို မြင်မှလည်း နိဗ္ဗာန်ကို ဆင်ခြင်နိုင်မည် ဖြစ်၏၊ နိဗ္ဗာန်သို့ဝင်ရန်

စောင်းတန်း လျှခါး တံခါးသဖွယ် ဖြစ်ပါ၍ နိဗ္ဗာန်၏ အစမှ သီးခြား နေရာ ပေးရခြင်း ဖြစ်ပါသည်။

နိဗ္ဗာန် စစ်စစ်မှာ ဗုဒ္ဓဝါဒပင် ဖြစ်၏၊ ဗုဒ္ဓဓမ္မတို့တွင် နိဗ္ဗာန်နှင့် ပတ်သက်သော အချက် အလက်ပေါင်း မျှားစွာရှိ၏၊ စင်စစ် ဗုဒ္ဓဓမ္မ မှန်သမျှ နိဗ္ဗာန် အတွက်ချည်း ဖြစ်၏၊ သို့ရာတွင် ဤခွဲ လိုအပ်သမျှကိုသာ ကောက်နှုတ် ဖော်ပြပါသည်၊ စိတ်ဝင်စားဖွယ် လည်းကောင်း၍ နိဗ္ဗာန်၏ အကြောင်းလည်း ဖြစ်သော အချက် အလက်ကိုသာ အလေးအနက် ပြုပါသည်၊ ထိုအချက်သည် ဆက်လက် ဖွင့်ဆိုကြမည့် ထေရဝါဒ, အာစရိယဝါဒ, မြောက်ပိုင်း ဗုဒ္ဓသာသနာဝင်တို့နှင့်လည်း အနှစ်ဝင် ခွင်ကျ ဖြစ်စေလိုသည်၊ ဗုဒ္ဓဝါဒ နိဗ္ဗာန်မှာ ဗုဒ္ဓဝစန စစ်စစ်ဖြစ်၏၊ ယင်းကို ထေရဝါဒ ဖြင့် ဖွင့်ပြပါသည်၊ ထေရဝါဒကိုလည်း အာစရိယဝါဒဖြင့် ဖွင့်ပြ ပါသည်၊ ဤတွင် မိမိအနေဖြင့် ဝင်ရောက် စွက်ဖက်ရန် မဖြစ်နိုင် ပါ၊ မည်သူ တစုံတယောက်မျှလည်း ဝင်ရောက် စွက်ဖက်သင့်သည် ဟု မယုံကြည်ပါ၊ အကြောင်းကား ထိုထိုအဖွင့် အပြုတို့မှာ ကြားဝင်နိုင်အောင် ကွက်လပ် မရှိချေ၊အသီးသီး ပြည့်စုံနေ၏၊ စိန်ကောင်း ကျောက်ကောင်းတို့ အရောင်းအဝယ်ပြုသော နေရာတွင် ဆေးရိုးသယ် ခပ်ခွါခွါ နေခြင်းက ပို၍ကောင်းမည် မဟုတ်ပါလော ထိုကြောင့် အရေးကြီးသော သူမြတ်မျှား မြှက်ကြားစဉ်အခါ မိမိ ရှောင်ရှား ပေးခြင်းဖြစ်ပါသည်၊ ဤနိဒါန်းနှင့် ရှေ့တွင်တွေ့မည့် ဗုဒ္ဓဒဿနကိုမူ ဇာတ်ပွဲတွင် ဝန်ကြီးမျှားနှင့် ရှင်ဘုရင်ထွက်ကာ တိုင်းပြည်တည်သည့် အတူ မှတ်ယူကြစေလိုပါသည်။

* * *

ဗုဒ္ဓဒဿန

ပဋ္ဌိစ္စသမุပ္ပါဒဝါဒ

ဗုဒ္ဓ၏ ဥပဒေသများသည် နှစ်ပေါင်း နှစ်ထောင်ကျော် အထက်ကပင် ကမ္ဘာ့ ဒဿနိက သမိုင်းပေါ်တွင် မားမားမတ်မတ် ရပ်ပြီးလျှင် လူလောက၏ ကောင်းကျိုး ချမ်းသာ မင်္ဂလာကို ပြုခဲ့၏၊ ပဋ္ဌိစ္စသမุပ္ပါဒ်သည် လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသော သဘောတရား ဖြစ်၏၊ ယင်းသည် ဗုဒ္ဓဒဿန တည်ရာ ကျောရိုး ဖြစ်၏၊ ပဋ္ဌိစ္စသမุပ္ပါဒ်၏ အဓိပ္ပာယ် အချုပ်မှာ သာပေက္ခာဝါဒ ဖြစ်၏၊ ယင်းကို မဇ္ဈိမိကဝုတ္တိ ကျမ်းဌ ‘တစုံတခုသော အရာဝတ္ထု ရှိသော အခါ အခြားသော အရာဝတ္ထု တစုံတခု ဖြစ်ခြင်း’ ဟု ဖွင့်ဆို၏၊ ဗုဒ္ဓကလည်း “ဤအရာဖြစ်သော် ဤအရာဖြစ်၏” ဟု မိန့်ကြားတော်မူ၏၊ ကမ္ဘာလောက၏ အရာဝတ္ထု သိုမဟုတ် အဖြစ်အပျက် ဟူသမျှသည် နေရာတိုင်းဌ ဤအကျိုးအကြောင်း အစဉ်အလာ နှိုးကြားနေ၏၊ အရာဝတ္ထု တခု ရှိလျှင် အခြား အရာဝတ္ထု တခု ဖြစ်၏၊ မည်သည့်အရာမျှ အကြောင်းနှင့် ကင်းကွာ၍ မဖြစ်၊ ဤစိတ်ဝင်စားဖွယ် ကောင်းလှသော ကြောင်းကျိုးဆက် သဘောတရားကို ဗုဒ္ဓ ကိုယ်တိုင် ရှာဖွေတွေ့ရှိမြင်ခြင်း ဖြစ်၏၊ ဗုဒ္ဓသည် မိမိ မျက်မှောက်ခေတ်ကာလ ဒဿန ဆရာများ၏ အယူဝါဒတို့ကို လေ့လာစုံစမ်း၏။

အချို့သော သူတို့မှာ **နိယတိဝါဒီ** ဖြစ်ကြ၏၊ သူတို့၏ အယူအဆမှာ လောကတွင် ရှိရှိသမျှ ကောင်းကျိုး, မကောင်းကျိုးတို့သည် ကမ္မနှင့် ဆက်စပ်နေ၏၊ ကံကြမ္မာ လှည့်လည်ရာ၌ ပေါင်းစုကိုင်းညှောတ် နေကြ၏၊ အချို့သော သူတို့မှာ **ဣဿရဝါဒီ** ဖြစ်ကြ၏၊ လောက၌ ရှိသမျှ အကျိုး အာနိသင် တို့ကို ဖန်ဆင်းရှင်ကိုသာ ညွှန်ပြကြ၏၊ အကောင်းကို ဖြစ်စေ, အဆိုးကို ဖြစ်စေ ဘုရားသခင် အပေါ် ပုံပြီးအပ် ထားကြ၏၊ ဘုရားသခင်၏ အလိုကျဟု ယူဆကြ၏၊ အချို့သော သူတို့ကမူ **ယဒိစ္ဆာဝါဒ** သာ မြင့်မြတ်၍ မှန်ကန်တိကျသည်ဟု ယူဆကြ၏၊ သူတို့၏ အဆိုပြုချက်မှာ ဤကမ္ဘာလောကကြီးသည် အကြောင်းမရှိ, သဘာဝ အတိုင်း **အထူးထူး** အပြားပြား အမျိုးမျိုးသော ပုံသွင်များ ဖြစ်နေကြသော ဟူ၏။

ဗုဒ္ဓ၏ အသင်္ခယုတ္တိဖြင့် ပြည့်နှက်နေ**သော** နှလုံးသားသည် ဤအချက် အလက်တို့ကို လက်ခံရန် အသင့်မရှိချေ၊ ထိုအယူဝါဒ အမျိုးမျိုးတို့မှာ ချောက်သွေ့လှ**သော**ကြောင့် သူ၏ အသိဉာဏ်တွင် စဲ့ထင်ခြင်း မရှိချေ၊ **အ**ကယ်၍ ဤအယူဝါဒများကို ယုံကြည်လက်ခံပါလျှင် တစုံတယောက်သည် မိမိ အလုပ်ကိစ္စ အကျိုးဖလတို့အတွက် အဖြေပေးနိုင်မည် မဟုတ်၊ ထိုဒုက္ခိတ သတ္တဝါသည် ကံကြမ္မာ၏ လက်သဲကြား ရောက်နေပေမည်၊သို့မဟုတ် ဘုရားသခင်၏ အလိုအတိုင်း ဖြစ်ရပေမည်၊ သို့မဟုတ် သူ့သဘာဝ**အ**တိုင်း ဖြစ်ချင်သလို ဖြစ်နေသည်ကို ခံရပေမည်! ကိုယ်ရေး ကိုယ်တာ ကိစ္စကို သူတပါး အပေါ် မှီတွယ်ထားသောကြောင့် သူ၏ အဖြေမှာ အဘယ်သို့လျှင် **အ**သင့်ယုတ္တိနှင့် ဆက်စပ်မည်နည်း၊ ဤကဲ့သို့သော အခက်အခဲ အကြပ်အတဲ့တို့ကို တားမြစ်လျက် ဗုဒ္ဓ**သ**ည် ဤကြောင်းကျိုးဆက် ပဋ္ဌိစ္စသမုပ္ပါဒ် ဝါဒကို ထုတ်ဖော်ပေးခြင်း ဖြစ်၏။

ဤကြောင်းကျိုးဆက် နိယမ အစဉ်အလာသည် မြေ၏၊ အရပ်ဒေသ, အချိန်ကာလ, နေရာဌာန— ဤအကြောင်း သုံးပါးတို့၌ နှီးကြားနေ၏၊ ကာမ လောကတည်း ဟူသော အသက်ဇီဝသည်သာ ဤနိယမ၏ အလိုအတိုင်း ဖြစ်သည် မဟုတ်သေး၊ စင်စစ် ရူပဓာတု ဖြစ်သော နတ်, ဗြဟ္မာ အစရှိသည်တို့လည်း ဤနိယမ၏ ရှေ့တွင် ဦးညွှတ် နေကြရသည်၊ ယင်းသည် အတိတ်, ပစ္စုပ္ပန်, အနာဂတ် ကာလသုံးပါး၌ ဆက်စပ်နေ၏၊ အဋ္ဌကထာ ဆရာတို့ကမူ အကြောင်းဖြစ်သော သံသရာစက်သည် အဆုံးအစ မရှိဟု ယူဆကြ၏၊ ထိုကြောင့် သူတို့သည် ဤလောက၏ မူလ အကြောင်းကို လက်ခံသော်လည်း ယင်း အစကိုမူ လက်ခံရန် အသင့် မရှိကြခြင်း ဖြစ်၏၊ ဤ အစဉ်အလာသည် အလုံးစုံသော အရာဌာန တို့တွင် သက်ဝင်၏၊ ယင်းကို နိစ္စ, အနုပ္ပန္န ဖြစ်သော အသင်္ခတဓမ္မက တားဆီး၏၊ စိတ်, စေတသိက်, ရူပ်ဖြစ်သော သင်္ခတဓမ္မသည် ဟေတု ပစ္စည်းကြောင့်ဖြစ်၏၊

ကြောင်းကျိုးဆက် ကာရဏဝါဒကို လေ့လာရန်အတွက် ဟေတုနှင့် ပစ္စယသဒ္ဒါကို လေ့လာရန် အမှန်ပင် လိုအပ်၏၊ ထေရဝါဒ အလိုအားဖြင့် ဟေတု သဒ္ဒါ၏ အနက်မှာ သမ္မယုတ် တရားတို့ ကြီးပွားရာ, တည်ရာ, မှီရာ, စည်ပင် ပြန့်ပွား, ကြီးမား ခိုင်မြဲရာ ဖြစ်၏၊ ဝါ—ထိုတရားတို့ ကြီးပွား, တည်တံ, စည်ပင် ပြန့်ပွား, ကြီးမား ခိုင်မြဲကြောင်း ဖြစ်သောကြောင့် ဟေတု မည်၏၊ တရားကိုယ် အားဖြင့်ကား လောဘ, ဒေါသ, မောဟ ဤသုံးပါးသည် အကုသိုလ် ဟေတု မည်၏၊ အလောဘ, အဒေါသ, အမောဟ— ဤသုံးပါးသည် ကုသိုလ် ဟေတု မည်၏၊ ယင်းဟေတု ခြောက်ပါးတို့သည် သစ်ပင်ကြီး တို့၏ ရေသောက်မြစ်ကြီးတို့နှင့် တူကုန်၏၊

သစ်ပင်ကြီးတို့၏ ရေသောက်မြစ်ကြီးတို့သည် မြေ၌ ထောက်ရာ, တည်ရာပြု၍ သစ်ပင်ကြီးနှင့် ပတ်သက်သော ပင်စည် ခက်လက် အသီး အရွက် စသည် တို့ကို ခိုင်မြဲစည်ပင် စေကုန်၏၊ ရေသောက်မြစ်ကြီး ရှိနေ ခြင်းကြောင့် သစ်ပင်ကြီးသည် အမျိုးမျိုးသော ကြီးပွား ခြင်းဖြင့် ကြီးပွား နိုင်ကုန် သကဲ့သို့ ထို့အတူ ဟေတု ခြောက်ပါး တရားရှိခြင်းကြောင့် သဟဇာတ် တရားတို့ အမျိုးမျိုး သော ကြီးပွားခြင်းဖြင့် ကြီးပွားနိုင်ကုန်၏။

ပစ္စယသဒ္ဒါသည် ဥပကာရ အနက်ရှိ၏၊ ဥပကာရ ဆိုသည်ကား ကျေးဇူး ပြုတတ်သည်, ထောက်ပံ့ ချီးမြှောက်တတ်သည်ဟု ဆိုလို သည်၊ ကျေးဇူးပြုတတ်သည် ဆိုသည်မှာလည်း မိမိ ထင်ရှား ရှိနေ ခဲ့လျှင် မိမိနှင့် စပ်ဆိုင်သော တရားတို့ မဖြစ်ပေါ်သေးလျှင်လည်း ဖြစ်ပေါ်စေကုန်၏၊ ဖြစ်ပေါ်ပြီးလျှင်လည်း တည်တံ့နိုင်စေကုန်၏၊ တည်တံ့သော တရားတို့လည်း အဆင့်ဆင့် ကြီးပွား စည်ပင်ရန် အခြေသို့ ရောက်စေကုန်၏၊ အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော ကြောင့် ဟေတုပစ္စယမည်၏၊ ရေသောက်မြစ်ကြီးသဖွယ် အကြောင်း ပြု၍ ကျေးဇူးပြုတတ်သော တရားပင်တည်း။

သဗ္ဗတ္ထိဝါဒီနှင့် ယောဂါစာရတို့၏ ကပ္ပတရု မည်သော ကျမ်းဌ ဟေတုနှင့် ပစ္စယကို ဤသို့ ဖွင့်ပြကြ၏၊ ဟေတု၏ အနက်မှာ မူဓာ အကြောင်းဖြစ်၏၊ ပစ္စယ၏ အနက်မှာ အခြံအရံ အကြောင်းဖြစ်၏၊ ဥပမာ—မြေပေါ်ဌ စိုက်ပျိုးသော မျိုးစေ့ အပင်ငယ်သည် မြေ, နေ, ရေ အစရှိသည်တို့၏ အကူအညီဖြင့် ကြီးပွားလာပြီး သစ်ပင် ကြီး ဖြစ်ရ၏၊ ဤတွင် မျိုးစေ့က ဟေတု ဖြစ်၏၊ မြေ, ရေ စသည် တို့မှာ ပစ္စယတို့ ဖြစ်ကြ၏၊ အကြောင်းမူ နေ၏ အပူဓာတ်နှင့် မြေ၏

စိုစွတ်ခြင်း မရှိပါလျှင် ဘယ်နည်းနှင့်မျှ အညွှန့်အညောက် မပေါက်နိုင်ချေ၊ သစ်ပင်ကို အကျိုးဖလဟု ခေါ်၏၊ ထေရဝါဒ၌ ၂၄-ပစ္စည်းရှိ၏၊ သဗ္ဗတ္ထိ ဝါဒီတို့ အလို အားဖြင့် ဟေတု ၆-ပါး, ပစ္စယ ၄-ပါးနှင့် အကျိုးဖလ ၅-ပါးသာရှိ၏၊ ထို့ကြောင့် ဒဿနိကတို့သည် ဤသဘော တရားကို သုတေသန ပြုရာ၌ မြင့်မားစွာ တွေးခေါ် ကြံဆကြရလေသည်။

အနတ္တဝါဒ

ဗုဒ္ဓဒဿန၏ နံရံကြီးမှာ အနတ္တဝါဒ ဖြစ်၏၊ ထိုတွင် အလုံးစုံသော အာစာရနှင့် ဝိစာရသည် မိမိ တည်ရာ အကြောင်း နိမိတ်ကို မှီတွဲနေကြသည်၊ ဗုဒ္ဓသည် ထိပ်တန်း အနတ္တဝါဒီ ဖြစ်၏၊ သူ၏ ဥပဒေသ တို့တွင် သူသည် အတ္တဝါဒ ယူဆသူများကို ပြင်းပြင်းထန်ထန် ဝေဘန်၏၊ အလုံးစုံသော အတ္တဝါဒီတို့သည် အတ္တ၏ သဘာဝကို မသိဘဲ ထိုအတ္တ၏ မင်္ဂလာအတွက် အမျိုးမျိုးသော ကောင်းမှု, မကောင်းမှုတို့ကို ပြုလုပ်နေကြ၏၊ ဤအကြောင်းကို အလွန်စိတ်ဝင်စားဖွယ် တင်စားပြ၏။

မြတ်စွာဘုရား မိန့်ကြားတော်မူ၏၊ တစုံတယောက်သောသူသည် နိုင်ငံတွင် အလှဆုံး အမျိုးသမီး တယောက်ကို ချစ်ခင် နှစ်သက်တပ်မက်နေ၏၊ သို့ရာတွင် သူသည် ထိုသတို့သမီး၏ ဂုဏ်ကျေးဇူးကိုလည်း မစုံစမ်း, အရောင် အဆင်း, အပြစ် အနဲ့ဘဆာ, အသက်အရွယ်, အမျိုးအနွယ်ကိုလည်း ဘာမျှမသိ, သတို့သမီးနှင့် ပတ်သက်၍ ဘာမျှ မသိရဘဲ စွဲလမ်း တပ်မက်နေဘိသော် ထိုသူ၏ အပြုအမူကို လူအများ ရှုတ်ချ ပြစ်တင် ကြပေမည်၊ ထို့အတူ အတ္တဝါဒ၏ ဂုဏ်ကျေးဇူး, ဓမ္မတရားကို တစုံတရာ ဘာမျှ ခြေခြေ မြစ်မြစ်

မသိဘဲ ယင်းအတွေ့၏ တမလွန် လောကဌ ချမ်းသာ သုခ ခံစားလို သဖြင့် ယင်ပုဇော်နေသူအားလည်း ကဲ့ရဲ့ထိုက်၏၊ တစုံတယောက် သည် လမ်းဆုံ၌ ပြာသာဒ်ပေါ်သို့ တက်ရန် လှေကားပြုလုပ်နေ၏၊ သို့ရာတွင် သူသည် ထိုပြာသာဒ် ဘယ်အရပ်မှာ ရှိသည်, နိမ့်သည်, မြင့်သည်ဟု မသိချေ၊ သို့စဉ်လျက် ပြာသာဒ်ပေါ်တက်ရန် လမ်းဆုံ၌ လှေကား ပြုလုပ်နေ၏၊ ထိုသူ့ထက် မိုက်မဲသူ ဘယ်မှာ ရှိမည်နည်း၊ ထင်ရှား မရှိသော အရာဝတ္ထုကိုရရန် ကြိုးစား နေသူသည် မိုက်မဲ သကဲ့သို့ ထင်ရှား မရှိသော အတွေ့၏ မင်္ဂလာအတွက် အမျိုးမျိုး သော အမှတ်တို့ကို ပြုသူ တို့သည် မိုက်မဲကုန်၏၊ ဗုဒ္ဓသည် အတွေ့၏ သတ္တာကို အချည်းနှီးဟု မြင်၏။

ဘိက္ခုတို့ ဤငါ၏ အတွေ့သည် ခံစားတတ်သူဖြစ်၏၊ ခံစားခြင်း၏ အကြောင်း ဖြစ်၏၊ ထိုထို–ဤဤ တွင် မိမိ၏ အကောင်း အဆိုး အလုပ် ကိုစွတို့၏ အာရုံကို ခံစား၏၊ ငါ၏ ယင်းအတွေ့သည် နိစ္စ, ဓုဝ, သဿတ ဖြစ်၏၊ ဖောက်ပြန်သော သဘော မရှိ၊ မရေ မတွက် နိုင်သော အခါကာလတိုင်အောင် ဤနည်းနှင်နှင် တည်နေ မည် ဟူသော အယူ အဆသည် လူမိုက် ဓမ္မ လုံးဝ ဖြစ်၏–"ဟု မိန့်ကြား၏၊ ဗုဒ္ဓ၏ အတွေ့ဝါဒကို ရှုတ်ချသော ဥပဒေသတိုင်း လိုလို မှာပင်– "အယံ ဘိက္ခဝေ ကေဝလ ပရိပုဏ္ဏော ဗာလဓမ္မော" ဟူ သော ဝါကျကို တွေ့ရ၏၊ သူသည် နိစ္စ, ဓုဝ အတွေ့ ရှိသည် ဟူသော အယူဝါဒမှ အမြဲ မျက်နှာ လွှဲ၏။

ဗုဒ္ဓ၏ ယင်း အနတ္တဝါဒ အတွင်း၌ ဘယ်ကဲ့သို့သော လျှို့ဝှက် ချက်မျိုးရှိလေသနည်း၊ သူသည် အိန္ဒိယ အတွေး အခေါ် အဆက်ဆက်၏ ဘက်တော်သား ဖြစ်ပါလျက် ဥပနိသဒ် တို့ဖြင့် ဖြိုးကြွယ်နေသော အတွေ့ဝါဒ သဘောတရားကို အချည်နှီး တုစ္ဆ

အဖြစ်ဖြင့် ဘယ်ကြောင့် ပြစ်တင် ရှုတ်ချသနည်း၊ ဤပြဿနာ၏ အနုသန္ဓေ ဆက်စပ်ပုံမှာ လွန်စွာ စိတ်ဝင်စားဖွယ် ကောင်း၏၊ ဤ ဆန်းကြယ် လှသော သံသရာ၏ ဒုက္ခ အတိပြုံးသော ဘဝ အကြောင်းမှာ တဏှာ ဝါ-ကာမ ဖြစ်သည်၊ ကာမသည် အဆုံး အပိုင်းအခြား မရှိသော မဟာသမုဒ္ဒြာ ဖြစ်၏၊ ယင်း သမုဒ္ဒြာထဲ တွင် အရာဝတ္ထု အလုံးစုံ စုပုံနေ၏၊ အထပ္ပဝေဒကျမ်း ကာမသုတ် တွင် ကာမ အင်အားကို ဤသို့ လေးနက်စွာ ဖွင့်ဆိုထား၏။

"ကာမသည် အလုံးစုံတို့၏ ရှေးဦးစွာ ဖြစ်၏၊ သူ၏ လျှို့ဝှက် ချက်ကို လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ မသိကြချေ၊ ထို့ကြောင့် ဟယ်ကာမ သင်သည် အလုံးစုံတို့ထက် ကြီးကျယ်လေစွ တကား" ဟူ၏၊ ကာမသည် မီးနှင့် တူ၏၊ မီးသည် အလုံးစုံသော အရာဝတ္ထု တို့ကို ပျောချ ပစ်သကဲ့သို့ ကာမသည်လည်း သတ္တဝါတို့၏ အသဲ နှလုံးကို လောင်ကျွမ်းနေ၏၊ ဗုဒ္ဓဓမ္မတွင် ယင်း ကာမသည် မာရ အမည်ဖြင့် ထင်ရှား၏၊ ဗုဒ္ဓဘာဝတွင် ယင်း ကာမခေါ် မာရကို အောင်မြင်သော မာရ ဝိဇယမှာ လွန်စွာ ထင်ရှား၏၊ သူသည် မိမိ ဥာဏ ဗလ အင်အားပေါ်မှာ အောင်မြင်နိုင်ခဲသော ယင်းကာမ ကို အောင်မြင်သောကြောင့် ဖြစ်၏၊ ဝေဒိက ရသေ့တို့သည် ကာမ ဝိဇယကို လိုလားသကဲ့သို့ ဗုဒ္ဓလည်း လိုလားခြင်း ဖြစ်၏။

ဥပနိသဒ် ကျမ်းတို့က ဆိုကြသည်— အတ္တကို လိုလားသည့် အတွက် အလုံးစုံကို ချစ်ခင် စုံမက်၏၊ လောကတွင် အလုံးစုံတို့ထက် ချစ်စရာကောင်းသော အရာမှာ အတ္တသာ ဖြစ်၏၊ အတ္တအတွက် သတ္တဝါသည် အာရုံ၏ ချမ်းသာသုခကို လိုလား နှစ်သက်ခြင်း ဖြစ်၏၊ သား မယား စသူတို့ အပေါ်မှာ ချစ်ခင် နှစ်သက် စွဲမက် နေသည်မှာလည်း ယင်းသဘောတရားပေါ် မှီတွယ်နေ၏၊ အတ္တ

ကိုသာ အလုံးစုံသော လိုအင်ဆန္ဒတို့၏ အချက်အချာအဖြစ် ဆိုညွှန်း၏၊ လင်သည် မယားအတွက် ချစ်သည် မဟုတ်၊ အတ္တ၏ ကာမကြောင့်သာ ချစ်ခြင်း ဖြစ်၏၊ အလုံးစုံသော အရာ ဝတ္ထုတို့သည် ဤ အတိုင်းသာ ဖြစ်ကုန်၏။

ဗုဒ္ဓသည် ဥပနိသဒ်၏ ဤ သဘောတရားကို ယူသော်လည်း ယင်းကာမ အားမထုတ်စေရန် လမ်းသစ်တခု ညွှန်ပြ၏၊ သူ၏ အတွေး အခေါ် အလျဉ်မှာ ပုံစံသစ်ဖြင့် စီးသွားနေ၏၊ အတ္တကို ယုံကြည် လက်ခံခြင်းသည် အကျိုး မရှိခြင်း ဟူသမျှ၏ မူလဖြစ်၏၊ အတ္တကြောင့်သာ အဟံကာရ မာန်မာန ပွားများနေခြင်း ဖြစ်၏၊ ယင်း အတ္တကို သုခအဖြစ်သို့ ရောက်စေရန်အတွက် ဇီဝသည် အမျိုးမျိုး အဖုံဖုံ ချမ်းသာ သုခ ပေးပြီး ယင်းသို့ ရောက်စေရန် နည်းလမ်း ရှာဖွေ၏၊ ကာမသည် ရာဂ၏ တောင့်တင်း ခိုင်မာသော အတ္တအပေါ် မှီတွယ်နေ၏၊ ထို့ကြောင့် ရာဂကို တားမြစ်ရန် ကာမ ဝါ-မာရဝိဇယမှာ အကောင်းဆုံး လမ်းစဉ် ဖြစ်၏၊ ရာဂ ဝတ္ထု မရှိလျှင် အဘယ်မှာ ကာမ ဖြစ်တော့မည်နည်း၊ ဥဒါန်းတွင် သားသမီး သောကဖြင့် ပင်ပန်း နှမ်းလျနေသော ဝိသာခါအား ဗုဒ္ဓသည် ဤသို့ ဥပဒေသ ပေးခဲ့၏။

> လောကဌ် မျှားသော သဘော ရှိကုန်သော အလုံးစုံသော စိုးရိမ်ခြင်းတို့သည်၎င်း, ငိုကြွေးခြင်း တို့သည်၎င်း, ဆင်းရဲခြင်းတို့သည်၎င်း— ထင်ကုန်၏၊ ထို အလုံးစုံတို့သည် ချစ်အပ်သော အရာဝတ္ထုကို စွဲ၍ ဖြစ်ပေါ်ကုန်၏၊ ချစ်အပ်သော အရာဝတ္ထု မရှိမူ ထို အလုံးစုံတို့သည် မဖြစ်နိုင်ကုန်၊ ထို့ကြောင့် လောကဌ် ချစ်အပ်သော အရာဝတ္ထု တစုံတခုမျှ မရှိသူတို့ ချမ်းသာကုန်၏၊ စိုးရိမ်မှု ကင်းကုန်၏၊

ထို့ကြောင့် စိုးရိမ်ကင်းမှ, ကိုလေသာ မြူ ကင်းမှကို တောင့်တသူတို့သည် လောကဌ် တစုံတခု ချစ်ခင် မှုကိုမျှ မပြုကုန်။

ဗုဒ္ဓ၏ ဤ ဥပဒေသ ပဲ့တင်သံကို ကာလတပါးတွင် အဌကထာ, ဋီကာတို့မှာ အဆက် မပြတ် ကြားနိုင်၏၊ နာဂဇုန်သည် ဗောဓိ စရိယာဝတာရ ပဌိကာဌ် ဤသို့ ဆိုလေသည် "အတ္တကို ရှုသူသည် ငါအတွက် အမြဲ ချစ်ခြင်းကို ပြုလုပ်နေ၏၊ အချစ်ကြောင့် သုခ ချမ်းသာ အလို့ငှာ တဏှာတိုးပွားခြင်း ဖြစ်၏၊ တဏှာသည် အပြစ် ဒေါသတို့ကို ဖုံးကွယ်ထား၏၊ ဂုဏ်ကို မြင်သူသည် အာရုံ ငါ့အား ဖြစ်၏ ဟူသော အတွေးအကြံဖြင့် အာရုံ၏ ပြီးမြောက်ခြင်းကို ယူ၏၊ တဏှာဖြင့် ဥပါဒါန် အစဲ့အလမ်းကို မေ့ပွား၏၊ ထို့ကြောင့် ငါဟု နှလုံးသွင်းခြင်း အတ္တာဘိနိဝေသ ဖြစ်သောအခါ ဤ ဘဝ သံသရာ ဖြစ်ခြင်း ဖြစ်လေသည်၊ စင်စစ် အတ္တ ရှိနေသောကြောင့် သာ ပရ(သူတပါး)ဟူသော အသိဉာဏ် ဖြစ်၏၊ မိမိနှင့် သူတပါး ကဲ့ပြားသောကြောင့် ရာဂ, ဒေါသဖြစ်၏၊ မိမိအတွက် ရာဂဖြစ်၍ သူတပါးအတွက် ဒေါသဖြစ်၏၊ ရာဂ, ဒေါသကြောင့် အပြစ်များ ဖြစ်ရ၏၊ အလုံးစုံသော အပြစ်ဒေါသတို့ ဖြစ်ကြောင်း နိဒါန်းမှာ အတ္တဒိဋ္ဌိခေါ် အတ္တအမြင် ဖြစ်၏၊ အတ္တဒိဋ္ဌိကို ဖယ်ခွါခြင်း မရှိဘဲ အပြစ်ဒေါသကို တားမြစ်ရန် မဖြစ်နိုင်ချေ"။

တတ္တသင်္ဂဟ ပဌိကာဌ် ဗုဒ္ဓဗာဒီ နိရုတ္တိမျှ ဝါဒဖြင့် ဖွဲ့ဆိုထား၏- "စိတ်တွင် အဟံကာရ မာန်မာန ရှိနေပါလျှင် မေ့ပွား အစဉ်မှာ ငြိမ်းအေးခြင်း မဖြစ်၊ အတ္တဒိဋ္ဌိ၏ သတ္တာတွင် အသဲ နှလုံးမှ အဟံ ကာရ မာန်မာနကို ဖယ်ခွါ၍ မရချေ၊ အို ဗုဒ္ဓ အရှင်မှ တပါး

ဘယ်သူမျှ နိရုတမျှဝါဒီ ဥပဒေသ ညွှန်ပြသူ မဟုတ်ပါ၊ အရှင်၏ လမ်းစဉ်မှ တပါး ငြိမ်းချမ်းမှုသန္တိ ရနိုင်မည့် လမ်းစဉ် မရှိပါ”

ဗုဒ္ဓဝမ္မ၏ ငြိမ်းချမ်းရေး သန္တိကို ပေးခြင်း မှုချ အကြောင်းမှာ နိရုတမျှဝါဒကို လက်ခံခြင်း ဖြစ်၏၊ အတ္တကို ငြင်းပယ်သော လမ်းစဉ် ဖြစ်၏၊ စန္ဒကိတ္တိ၏ အလိုမှာလည်း “သက္ကာယ ဒိဋ္ဌိ ရှိနေသောကြောင့်သာ အလုံးစုံသော အပြစ်ဒေါသတို့ ဖြစ်ပေါ်ခြင်း ဖြစ်၏၊ ယင်း အကြောင်းကို စိစစ်၍ အတ္တကို သက္ကာယဒိဋ္ဌိ ဖြစ်ကြောင်းဟု ယူဆကာ ယောဂိသည် အတ္တကို တားမြစ်၏”ဟု မဇ္ဈိမိကာဝတာရ၌ ဆိုလေသည်၊ စင်စစ် အတ္တကို တားမြစ်ခြင်းမှာ ကာမကို တားမြစ်ရန် အတွက် သက်သက် ဖြစ်၏”

သဗ္ဗံ အနတ္တံ—ယင်းသည် ဗုဒ္ဓဝမ္မ၏ ပဓာန အချုပ်အချာ မြတ်နိုးစရာ အယူအဆ ဖြစ်၏၊ အဓိပ္ပာယ်မှာ လောကဌ ရှိရှိသမျှသော အလုံးစုံသော အရာဝတ္ထုတို့သည် အသွင် သဏ္ဌာန် ဆိုပ်သဉ်းသော သရုပ သဘာဝဖြစ်၏၊ ဓမ္မတရား ၂-ပါး ၃-ပါး၏အပေါင်းအစုမျှဖြစ်၏ ကိုယ်တိုင် သီးခြား ဘာတွာဟု ပေါ်လွင် ထင်ရှားခြင်း မရှိချေ၊ အနုတ္တ သဒ္ဒါသည် အတ္တ မရှိခြင်းကိုသာ ထွန်းပြသည်၊ အခြားသော အရာဝတ္ထုများ ထင်ရှားရှိခြင်းကို ပိတ်ပင်ခြင်း မရှိချေ၊ အတ္တမှ တပါး အခြားသော အရာဝတ္ထုများ ထင်ရှားရှိသည်၊ သဗ္ဗဝတ္ထု၏ တပါးသော အမည်မှာ ဓမ္မ ဖြစ်၏၊ ဤထူးဆန်းသော အနက်ဌ ပြယုဂ်ကို ဗုဒ္ဓဝမ္မမှာသာ ရနိုင်၏၊ ဓမ္မ၏ အနက်မှာ အလွန် စင်ကြယ်သန့်ရှင်း၏၊ ပကတိ သို့မဟုတ် စိတ်၏ နောက်ဆုံး သဘောတရားကို တဖန် သီးခြား မလုပ်နိုင်၊ ဤလောကသည် အမျိုးမျိုးသော ဓမ္မတို့အား သတ်ခြင်း, တဖန် သတ်ခြင်းတို့ဖြင့် ပြည့်နက်နေ၏။

ဗုဒ္ဓမမ္မသည် သင်္ခါရ ဒဿန၏ ဂုဏ်နှင့် တူ၏၊ နှစ်ပါး လုံးပင် အလွန် သိမ်မွေ့၏၊ ခြားနားချက်မှာ သင်္ခါရ ဒဿနသည် သတ္တ, ရဇ, တမဟူသော ဂုဏ် သုံးပါး၏ သတ္တိဝန္ဓနှင့် အတူတကွ ဂုဏတို့ယ၏ ပကတိကို ယုံကြည် လက်ခံ၏၊ ဗုဒ္ဓ ဒဿနိကကား အစိတ် အစိတ် ဖြစ်သော အဝယဝဝါဒီ ဖြစ်၏၊ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သော နိယျာနိကတို့နှင့် တူညီသော အဝယဝမှ သီးခြား အဝယဝ၏ သတ္တိကို လက်မခံချေ၊ နျာယဒဿန၏ အမြင်တွင် အိုးသည် ပရမာဏုမှု အပေါင်းအစုသက် ပိုလွန်သော အရာဝတ္ထုသစ် တခုဖြစ်၏၊ အဝယဝဖြစ်သော အိုးသည် အဝယဝ ဖြစ်သော ပရမာဏုမှုတို့မှ သီးခြား သတ္တိအဖြစ် တားမြစ်၏၊ ဗုဒ္ဓ ဒဿနိကတို့ အမြင်မှာကား ပရမာဏုမှု၏ အပေါင်း အစုသာလျှင် အိုးဖြစ်၏၊ အဝယဝမှ သီးခြားဖြစ်သော အဝယဝ အမည်ရှိသော အရာဝတ္ထု တစုံတရာ မဖြစ်ဟု ဆိုလိုသည်၊ လောက၏ အလွန် သိမ်မွေ့သော ပုဒ်အနက် အမည်မှာ ဓမ္မ ဖြစ်၏၊ ယင်းဓမ္မ၏ သတ္တိမှ တပါး အရာဝတ္ထုတို့၏ ရုပ်သွင် သဏ္ဌာန်ဖြစ်သော အဝယဝ ဖြစ်သော အရာဝတ္ထု ထင်ရှားရှိခြင်းကို ဗုဒ္ဓဒဿနိကတို့ လက်ခံရန် အသင့် မရှိကြချေ၊ အနတ္တဟု ခေါ်ဆိုခြင်း အဓိပ္ပာယ်မှာ အတ္တ၏ သတ္တိ မရှိခြင်းသာ ဖြစ်၏၊ ဓမ္မ၏ သတ္တိကား ရှိ၏၊ ထို့ကြောင့်ပင် "နိရုတမျှ၏ အမည်သာလျှင် ဓမ္မတာ ဖြစ်သည်"ဟု အဘိဓမ္မ ကောသ၏ အဖွင့်၌ ဆရာ ယသောမိတြ ဆိုခြင်းဖြစ်၏။

ပုဂ္ဂလ, ဇီဝ, အတ္တ, သတ္တိ—ဤသဒ္ဒါ အလုံးစုံသည် တခုနှင့် တခု တူညီသော အနက် အဓိပ္ပာယ်ရှိ ကြ၏၊ ဗုဒ္ဓ၏ အယူဝါဒ၌ ယင်း သဒ္ဒါ တို့ဖြင့် ဟောကြားသော အရာဝတ္ထုသည် ထင်ရှား ရှိသော တစုံတရာ သတ္တိ မဟုတ်ချေ၊ အတ္တသည် အမည်နှာမ

သက်သက် ဖြစ်၏၊ အချင်းချင်း ဆက်စပ်နေသော ဓမ္မဟူရား မျှားစွဲ တို့၏ အမည် သာမညမှာ အတ္တ သို့မဟုတ် ပုဂ္ဂလ ဖြစ်၏၊ ဗုဒ္ဓဓမ္မ၏ ဝေါဟာရ အသုံးမှာ အတ္တကို တားမြစ်ခြင်း မရှိချေ၊ စင်စစ် ပရမတ္တ အနေဖြင့်သာ တားမြစ်ခြင်း ဖြစ်၏၊ ဆိုလိုသည်မှာ လောက ဝေါဟာရ အတွက် ရူပ်, ဝေဒနာ, သညာ, သင်္ခါ, ဝိညာဉ် ဟူသည့် ခန္ဓာငါးပါး အပေါင်းဖြစ်သော အတ္တ၏ သတ္တာ ရှိ၏၊ သို့ရာတွင် ထို့ထက် လွန်၍ အတ္တသည် တစုံတရာ ထင်ရှားရှိသော ပရမတ္ထ မဟုတ် ဟူလို။

ဗုဒ္ဓသည် အတ္တ၏ ထင်းရှားသော သတ္တာကို ငြင်းပယ်သော်လည်း စိတ်နှင့် စပ်လျဉ်း၍ ဖြစ်သော သတ္တာကို အခါခပ်သိမ်း လက်ခံ၏၊ အတ္တ၏ သဲလွန်စကိုလည်း စိတ်နှင့် ပတ်သက်သော ဗျာပါရတို့ဖြင့် သိရ၏၊ မှန်၏—အတ္တသည် ခန္ဓာငါးပါး အပေါင်း အစုဟာ ဖြစ်၏၊ ကေန္ဓ အနက်မှာ အပေါင်း အစု ဖြစ်၏၊ ခန္ဓာတို့၏ အမည်မှာ ရူပ်, ဝေဒနာ, သညာ, သင်္ခါရနှင့် ဝိညာဉ် ဖြစ်၏၊ ပုဂ္ဂိုလ်, သတ္တဝါ အနေဖြင့် ခေါ်ဆိုကြသည်မှာ ယင်းခန္ဓာတို့၏ အပေါင်း အစု ဖြစ်၏၊ ဗုဒ္ဓ စာပေတို့တွင် ခန္ဓာတို့၏ အဖွဲ့နှင့် ပတ်သက်၍ အယူအဆ ကဲ့ပြားသော်လည်း စင်စစ်မှာ သတ္တဝါတိုင်းသည် နာမ ရူပဖြစ်၏၊ ရူပဖြင့်ဆိုလိုသည်မှာ ကိုယ်ကာယ ရုပ်ပိုင်းဖြစ်၍ နာမဖြင့် စိတ်နှင့် ပတ်သက်သော ဖြစ်ခြင်းတို့ကို ဆိုလိုသည်၊ ရူပနှင့်စိတ္တ၏ အချင်းချင်း ပေါင်းဆုံခြင်းဖြင့်သာ ပုဂ္ဂိုလ်, သတ္တဝါတည်ရှိနေခြင်း ဖြစ်၏၊ နာမကို ဝိညာဉ်, ဝေဒနာ, သညာနှင့် သင်္ခါရဟု လေးမျိုး ခွဲခြားထားလေသည်။

မိလိန္ဒ ပဉ္ဍာတွင် ရှင်နာဂသေနနှင့် မိလိန္ဒမင်း တို့သည် ဗုဒ္ဓ၏ အယူ အဆ ဖြစ်သော ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, သတ္တာနှင့် ပတ်

သက်သော သဘောတရားတို့ကို စိတ်ဝင်စားဖွယ် ရှင်းပြသွားကြ၏။ မိလိန္ဒမင်းက မေးလျှောက်၍ ရှင်နာဂသေန ဖြေဆိုသည်—

အရှင် အရှင်သည် ဘယ်အမည် ရှိပါသနည်း။

မင်းကြီး ငါ့ကို နာဂသေနဟု သိအပ်၏၊ သီတင်း သုံးဘော် အရှင်တို့သည် ငါ့ကို နာဂသေနဟု ခေါ်ကြပါသည်၊ စင်စစ် မိဘတို့သည် နာဂသေန, သူရသေန, ဝီရသေနဲ့, သီဟသေန စသဖြင့် အမည် မှည့်ကြ၏၊ အမည် ဟူသည် အခေါ်အဝေါ် ဝေါဟာရ ပညတ်မျှသာဖြစ်၏၊ ယင်းတွင် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပုဂ္ဂိုလ် သတ္တာ မရချေ။

အရှင် ပရမတ္ထအားဖြင့် အကယ်၍ ပုဂ္ဂိုတ် သတ္တာ မရပါလျှင် သင်တို့အား ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး—ပစ္စည်း လေးပါး တို့ကို ဘယ်သူလျှ၍ ထိုပစ္စည်းတို့ကို ဘယ်သူက သုံးဆောင် မြဲ့ဝဲ့ သနည်း၊ ဘယ်သူ သီလ ဆောက်တည် သနည်း၊ ဘယ်သူ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများအားထုတ် သနည်း၊ ဘယ်သူ မဂ်ဖိုလ်ကို မျက်မှောက် ပြုသနည်း၊ ဘယ်သူ မကောင်းမှု ပြုသနည်း၊ သို့ဖြစ်လျှင် ကုသိုလ်ကံ, အကုသိုလ်ကံ ပြုသူ မရှိတော့ပြီ၊ ထိုကံတို့၏ အကျိုးဖလ အာနိသံသလည်း မရှိပြီ၊ သင်တို့ အားလည်း ဆရာသမား, တပည့် ဒါယကာ မရှိပြီ၊ သင်၏ အမည်ကို သီတင်း သုံးဘော်တို့က နာဂသေန ခေါ်ကြသည်ဟု သင်ဆို၏၊ အဘယ်သည်လျှင် နာဂသေန မည်သနည်း၊ သင်၏ ဆံပင်သည် နာဂသေနလော။

မဟုတ်ပါ မင်းကြီး။

အမွေးသည် နာဂသေနလော။

မဟုတ်ပါ မင်းကြီး။

မိလိန္ဒ မင်းကြီးသည် လူ၏ ကိုယ်တွင် ရှိသော အစိတ်အပိုင်း ၃၂–ခု စေ့အောင်မေး၏၊ မေးတိုင်းပင် ရှင်နာဂသေနက မဟုတ်ပါဟု ဖြေဆို၏၊ ထို့နောက် ခန္ဓာငါးပါးကို တခုစီဖော်၍ မေးပြန်၏၊ ထိုအမေးတို့မှာလည်း မဟုတ်ပါဟုပင် ဖြေဆို၏၊ ထိုအခါ မင်းကြီးသည် တမျိုးလှည့်၍ မေးပြန်၏။

အရှင် သို့ဖြစ်လျှင် ခန္ဓာငါးပါးမှတပါး နာဂသေန မည်သည် ရှိသလော။

မရှိပါ မင်းကြီး။

အရှင် ငါမေးလေသမျှ ဘယ်မှာမှ နာဂသေနကို မတွေ့ရပါ၊ နာဂသေနဟူသည် ဝစီဘေဒ သဒ္ဒါမျှသာလော။

မဟုတ်ပါ မင်းကြီး။

အရှင် သို့ဖြစ်လျှင် နာဂသေန ဘယ်မှာနည်း၊ သင်သည် ရဟန်းဖြစ်လျက် မမှန်စကား ပြောကြား၏။

ထိုအခါ ရှင်နာဂသေနက ပြန်၍ မေး၏–

မင်းကြီး သင်သည် ဤသို့လာရာမှာ ခြေလျင် လာခဲ့သလော၊ သို့မဟုတ် ယာဉ်ရထားဖြင့် လာခဲ့သလော၊

အရှင် ရထားဖြင့် လာခဲ့ပါသည်။

မင်းကြီး အကယ်၍ သင် ရထားစီးလာပါလျှင် ငါ့အား ရထားပြပါ၊ လှည်းသန်သည် ရထားလော။

မဟုတ်ပါ အရှင်။

ငင်မျိုးသည် ရထားလော။

မဟုတ်ပါ အရှင်။

ဘီးသည် ရထားလော။

မဟုတ်ပါ အရှင်။

ရှင်နာဂသေနသည် ရထား၏ အစိတ် အပိုင်းတို့ကို ထုတ်၍ တခုစီ မေး၏၊ မေးလေသမျှ မိလိန္ဒမင်းကြီးသည် မဟုတ်ပါဟု ဖြေဆို၏၊ ထိုနောက် တမျိုးပြောင်း၍ မေးပြန်သည်–

မင်းကြီး သင့်ကို ငါမေးသမျှ ဘယ်အရာမျှ ရထားကို မပြနိုင်ပါတကား၊ ရထားသည် ဝစီဘေဒ သဒ္ဒမျှသာလော။

မဟုတ်ပါ အရှင်။

သို့ဖြစ်ပါလျှင် ရထားသည် အဘယ်နည်း၊ သင်သည် မင်းဖြစ်လျက် မုသားစကား ပြောကြားဘိ၏။

အရှင် ငါသည် မုသား မဆိုပါ၊ ရထားဟူသော စကားသည် လှည်းသန့်, ဝင်ရိုး, ထမ်းပိုး စသည်ကို စွဲ၍ ရထားဟူသော ဝေါဟာရ ပညတ် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

မင်းကြီး သင်သည် ရထားကို သိသကဲ့သို့ နာဂသေန ဟူသော ငါ့ကိုလည်း သိပါလော့၊ ဥပမာ– အင်္ဂါကြီးငယ်၏ အဆောက်အဦး ထင်ရှားရှိသော် ရထားဟူသော ဝေါဟာရ ပညတ် သဒ္ဒါ ဖြစ်သကဲ့သို့ ခန္ဓာငါးပါး ထင်ရှားရှိလတ်သော် ပုဂ္ဂိုလ် သတ္တာဟူသော ဝေါဟာရ ပညတ် သဒ္ဒါ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

သတ္တာသည် မမြဲသော အပေါင်းအစုမျှသာဖြစ်လျှင် ဘယ်ကဲ့သို့ နောင်ဘဝ ဖြစ်နိုင်မည်နည်း ဟူသော ပြဿနာ ပေါ်လာ၏၊ ဗုဒ္ဓသည် နောင်ဘဝရှိသော အယူအဆကို လက်ခံ၏၊ ဇီဝသည် ပြုလုပ်သော ကံအားလျော်စွာ ဘဝသစ်ကို ယူ၏၊ ဝေဒိက အယူလည်း ဤနည်းနှင်နှင် ဖြစ်၏၊ သို့ရာတွင် သူတို့သည် အတ္တကို နိစ္စ, သဿတဟု လက်ခံထားသောကြောင့် ယင်းသည် ဘယ်နည်းနှင့်မျှ ဖောက်ပြန် ပျက်စီးခြင်း မရှိဟု ယုံကြည်ကြ၏၊ ဗုဒ္ဓ၏ အယူအဆ နောင်ဘဝပြဿနာကို မိလိန္ဒပဉ္ဍာဖြင့် သိနိုင်၏၊ မိလိန္ဒ

မင်းကြီးနှင့် ရှင်နာဂသေနတို့၏ နောင်ဘဝ ဆွေးနွေးချက်ကို ဆက်လက် ကြည့်ကြပါကုန်—

အရှင် ပဋိသန္ဓေ နေဆဲသော သူသည် ရှေးလူဟောင်းလော၊ သိမ္မာတ် တပါးသော လူသစ်လော။

မင်းကြီး ရှေးလူဟောင်းလည်းမဟုတ်, လူသစ်လည်းမဟုတ်ပါ။ သို့ဖြစ်လျှင် အရှင် ဘယ်သို့ပါနည်း။

မင်းကြီး ဥပမာ လူတယောက်သည် ညဉ့်အခါ ဆီမီး ညှိထွန်း၏။ ထိုမီးသည် တညဉ့်ပတ်လုံး တောက်ပနေရာ ညဉ့်ဦးယံက မီးတောက်ကို သန်းခေါင်ယံ မီးတောက် ဆိုမည်လော။

မဆိုနိုင်ပါ အရှင်။

မင်းကြီး သန်းခေါင်းယံက မီးတောက်ကို မိုးသောက်ယံ မီးတောက်ဟု ဆိုမည်လော။

မဆိုနိုင်ပါ အရှင်။

မင်းကြီး သို့ဖြစ်လျှင် ညဉ့်ဦးယံ မီးတောက်သည် တခြားတပါးလော၊ သန်းခေါင်ယံ မီးတောက်သည် တခြားတပါးလော၊ မိုးသောက်ယံ မီးတောက်သည် တခြားတပါးလော။

အရှင် ထိုမီးတောက်ကို အသီးသီး ပိုင်းခြားရ မဆိုသာပါ၊ ထိုမီးတောက်ဟောင်းကို အမှီပြု၍ တညဉ့်ပတ်လုံး မီးလျှံ တောက်ပ နေခြင်း ဖြစ်ပါသည်။

မင်းကြီး ထို့အတူပင် ပရမတ္ထ တရားအစဉ်သည် ဖဿရက်၍ ဖြစ်၏၊ တပါးသော တရားသည် ဖြစ်ဆဲဖြစ်၏၊ တပါးသော တရားသည် ချုပ်ဆဲ ဖြစ်၏၊ မရှေး မနှောင်း စပ်ကာ စပ်ကာ ဖြစ်၏၊

ထို့ကြောင့် ထိုရှေးလူဟောင်းလည်း ပဋ္ဌိသန္ဓေ မနေ, တပါးသော လူသစ်လည်း မဖြစ်၊ ရှေးဖြစ်သော ဝိညာဉ်သည် နောက်ဖြစ်သော ဝိညာဉ်ကို သင်္ဂြိုဟ် ထောက်ပံ့ခြင်းသို့ ရောက်၏။

နိုရည်သည် ကာလကြာသော် နို့ဓမ်း ဖြစ်၏၊ နို့ဓမ်းမှသည် ဆီဥ, ဆီဥမှသည် ထောပတ် ဖြစ်၏၊ ဆီဥသည် ထောပတ် ဖြစ်၏ ဟု မဆိုစကောင်းသကဲ့သို့ ပရမတ္ထတရား၏ အစဉ် ဖွဲ့ရှက်ခြင်းကို အသီးသီး ပိုင်းခြားရ၍ မဆိုသာချေ။

အရှင် သို့ဖြစ်လျှင် ဘယ်တရားသည် နောင်ဘဝတွင် ပဋ္ဌိသန္ဓေ နေသနည်း။

မင်းကြီး နာမ် ရုပ် တရားသည် ပဋ္ဌိသန္ဓေ နေ၏။

အရှင် ပစ္စုပ္ပန် နာမ် ရုပ်ပင် ပင်လော။

မင်းကြီး မဟုတ်ပါ၊ ဤပစ္စုပ္ပန် နာမ် ရုပ်ဖြင့် ကံကို ပြု၍ ယင်းကံဖြင့် တပါးသော နာမ် ရုပ်က ပဋ္ဌိသန္ဓေ နေ၏။

အရှင် ဤပစ္စုပ္ပန် နာမ် ရုပ်သည် ပဋ္ဌိသန္ဓေ မနေလျှင် ဘိုးသူ သည် မကောင်းမှုမှ လွတ်မည်လော။

မင်းကြီး အကယ်၍ ပစ္စုပ္ပန် နာမ် ရုပ်သည် ပဋ္ဌိသန္ဓေ မနေလျှင် မကောင်းမှုတို့မှ လွတ်လေရာ၏၊ သို့ရာတွင် ပစ္စုပ္ပန် အကြောင်းခံ သောကြောင့် မလွတ်နိုင်ပါ။

အရှင် ထိုစကား ထင်ရှားအောင် ဥပမာ ဆောင်ပါ။

တစုံတယောက်သည် တပါးသောသူ၏ သရက်ပင်မှ သရက်သီး ကို ခိုးယူ၏၊ ထိုသူကို သရက်ပင်ရှင် ဖမ်းယူ၍ မင်းကြီးထံ ပို့ပြီး သရက်သီးခိုးမှုဖြင့် စွဲချက်တင်၏၊ ထိုအခါ ခိုးသူက-"အရှင်မင်းကြီ

သူ၏ သရက်သီးကို ကျွန်ုပ် မခိုးပါ၊ ထိုသူစိုက်သော ထိုသရက်သီးသည် ဤသရက်သီး မဟုတ်ပါ—” ထုချေသော် ဘယ်သို့ ဆုံးဖြတ်မည်နည်း။

အရှင် ထိုသူ စိုက်ပျိုးရင်း ဖြစ်သော သရက်သီးကို မခိုးပါ ဆိုသော်လည်း ရှေးစိုက်ပျိုးရင်း သရက်သီးကို မပစ်သာသော ကြောင့် နောင်ခိုးသော သရက်သီးဖြင့် ထိုသူ အပြစ်ရချိမ့်မည်။

မင်းကြီး ထို့အတူပင် အကုသိုလ် တရားကို ပြုအုံ၊ ထိုကံဖြင့် တပါးသော နာမ်ရုပ်သည် ပဋိသန္ဓေ နေ၏၊ ထိုအကြောင်းရင်း တရားကြောင့် မကောင်းမှုမှ မလွတ်ချေ။

အနိသရဝါဒ

ဗုဒ္ဓသည် အနိသရ ဝါဒီလည်း ဖြစ်၏၊ သူ၏ အယူအဆ၌ ဖန်ဆင်းရှင်၏ သတ္တာကို လက်ခံရန် တစုံတရာ ဥပါယ် မရှိချေ၊ သူ၏ ဥပဒေသတို့၌ အနိသရ ဝါဒနှင့် ပတ်သက်၍ လွန်စွာ ပြတ်သား၏၊ ပါထိုက သုတ်တွင် ဖန်ဆင်းရှင်၏ ဖန်ဆင်းမှုကို ရှုတ်ချ ထား၏၊ ကေဝဋ္ဋ သုတ်မှာမူ ဖန်ဆင်းရှင် ဆိုသူလည်း အခြားသော နတ် ဗြဟ္မာတို့နှင့် အတူတူဖြစ်ကြောင်း ဖော်ပြထား၏၊ ထိုသူသည်လည်း မဟာဘုတ်တို့ ချုပ်ငြိမ်းခြင်းနှင့် ပတ်သက်၍ အခြားသော နတ် ဗြဟ္မာတို့ နည်းတူ ဘာမျှ မသိကြောင်း စိတ်ဝင်စားဖွယ် ဟောကြားတော်မူ၏—

တရုံသောအခါ ဘိက္ခု သံဃာတို့တွင် ရဟန်း တပါး၏ စိတ်တွင် ဝေခွဲမရသော ပြဿနာ တရပ် ဖြစ်ပေါ်နေ၏၊ ယင်း ပြဿနာမှာ ပထဝီ, အာပေါ, တေဇော, ဝါယော--တည်းဟူသော မဟာဘုတ်

လေးပါးရှိရာ ယင်းတို့သည် ဘယ်မှာ လုံးဝ ချုပ်ငြိမ်း လေသနည်း ဟူသတည်း၊ ရဟန်းသည် ထို ပြဿနာကို သိလိုလှသဖြင့် နတ်ပြည်သို့ တက်သွား၏၊ ရှေးဦးစွာ စတုမဟာရာဇ် နတ်မင်းကြီးတို့ ထံမှာ ထိုပြဿနာကို မေးမြန်း စုံစမ်း၏၊ နတ်မင်းကြီး တို့လည်း မသိကြ၍ သူတို့အထက်က တာဝတိံသာ နတ်တို့ထံ သွားမေးရန် အကြံ ပေးကြ၏၊ သို့ရာတွင် ထိုနတ်တို့လည်း မသိကြ၍ သူတို့ အထက်က ယာမာနတ်တို့ထံ သွား၍မေးရန် ညွှန်လိုက်ကြ၏၊ စင်စစ် ထို နတ်တို့လည်း မသိကြ၍ အစဉ်အဆက်ပင်း တုသိတာ, နိမ္မာနရတီ, ပရ နိမ္မိတ ဝသဝတီ အသီးသီးတက်၍ မေးရာ နောက်ဆုံး ဗြဟ္မာ့ဘုံ သို့ရောက်ခဲ့၏၊ ထိုအခါ ဗြဟ္မာကြီးတို့က အကြံပေးလိုက်ကြသည်—

"အို ဘိက္ခု ငါတို့ထက် **မျှ**ားစွာ တန်ခိုးကြီးသော ဗြဟ္မာကြီး ရှိသည်၊ သူသည် မဟာဗြဟ္မာ ဖြစ်၏၊ အောင်မြင်သော ဝိဇယီ ဖြစ်၏၊ သူတပါးတို့ မအောင်နိုင်သော အပရာဇိတ ဖြစ်၏၊ သူတပါး၏ အကျိုးစီးပွားကို အစဉ် ကြည့်ရှုလေ့ရှိ၏၊ အလိုဆန္ဒ အတိုင်း နေ၏၊ အစိုးရသော ဣဿရ ဖြစ်၏၊ ပြုလုပ်တတ်သော ကတ္တာ ဖြစ်၏၊ ဖန်ဆင်းရှင် နိမ္မိတ ဖြစ်၏၊ မြင့်မြတ်၏၊ အလုံးစုံတို့၏ အဘ ဖြစ်၏၊ သူသာ ဤပြဿနာကို ဖြေရှင်းနိုင်မည်၊ သူ့ထံသို့ သွားပြီး မေးပါလေ—"

ရဟန်းသည် ဗြဟ္မာများ ညွှန်ကြားသည့်အတိုင်း ထို မဟာဗြဟ္မာ ကြီးထံ အရောက်သွားပြီး သူ၏ ပြဿနာကို မေး၏၊ မဟာ ဗြဟ္မာ ကြီးက ပြောပြလိုက်သည်—

"အိုဘိက္ခု မဟာဘုတ်ကို ဘယ်မှာ လုံးဝ ချုပ်ငြိမ်း သည်ကို ငါလည်း မသိပါ၊ သင်အလွန်မှားယွင်းစွာ လာခဲ့ခြင်း ဖြစ်သည်၊

လူ့ပြည်လောကတွင် ဗုဒ္ဓရှိသည်၊ သူသာ အလုံးစုံကို အကုန်အစင် သိမြင်သော သဗ္ဗညုဖြစ်သည်၊ ငါကား သဗ္ဗညု မဟုတ်ပါ၊"

ရဟန်းသည် လူ့ပြည်လောကသို့ ပြန်ဆင်းလာပြီး မြတ်စွာဘုရား အား မေးလျှောက်၏၊ ထိုအခါ မြတ်စွာဘုရားက– "အကြင်အရပ် တွင်ဖြစ်ခြင်း, တည်ခြင်း, အခိုက်အခါမှာ ကင်းလွတ်လျက် အဆုံး အပိုင်း အခြား မရှိ ကြည်လင် တောက်ပ ခြင်းနှင့် ယှဉ်သော နိဗ္ဗာန် ရှိ၏၊ ထိုအရပ်တွင် မဟာဘုတ်တို့ လုံးဝ ချုပ်ငြိမ်း လေသည်–"ဟု ဖြေဆိုတော်မူလိုက်လေသည်။

ဤသုတ်ကိုထောက်သဖြင့် ဗုဒ္ဓ၏ အနိဿရဝါဒ အယူအဆကို ကောင်းစွာ သိနိုင်၏၊ သူသည် လောကကို ဥာဏရ ဖန်ဆင်းသည်ဟု မယုံကြည်ချေ၊ အကယ်၍ တစုံ တယောက်သည် ဖန်ဆင်းရှင်၏ သတ္တဝါကို ယုံချင် ယုံနိုင် သော်လည်း ထိုသူသည် သဗ္ဗညု မဟုတ် ကြောင်း ကိုယ်တိုင် ဝန်ခံစေခြင်း ဖြစ်၏၊ တေဝိဇ္ဇာ သုတ်၌လည်း ဗုဒ္ဓသည် ဤပြဿနာကို ထပ်မံစိစစ်ပေး၏၊ သူသည် ဝေဒကျမ်းပြု ရသော မျှားနှင့် ဗြာဟ္မဏတို့ကို ထူးသော အသိဉာဏ်မရှိသော အနု ဘိ ညာဉ် မျှားဟု ဆိုပြီး သူတို့၏ လမ်းစဉ် ကိုလည်း အတိုင်းအတာ ပမာဏ မဟုတ်သော အပမာဏိကဟု သမုတ်၏၊ ထိုသူတို့ လမ်းစဉ် တွင် ကာမစ္ဆန္ဒစသော နီဝရဏ တရား ငါးပါး အနှောင် အဖွဲ့ရှိ သောကြောင့် ဖျက်ဆီး အပ်၏ဟု ဥပဒေသ ပေး၏။

ဗြာဟ္မဏတို့ ကိုယ်တိုင်ပင် ဖန်ဆင်းရှင်ကို မသိမမြင်ဘဲလျက် သူတို့၏ သံသရာ ရှည်မည့် လမ်းစဉ်ကို ဘယ်ကြောင့် ယုံကြည် လက်ခံသင့်မည်နည်း၊ သူတို့၏ ညွှန်ပြချက်မှာ မျက်ကန်းလမ်းပြနှင့် တူ၏၊ ဂုဏ်အရည်အခြင်း တစုံတရာ ဘာမျှ မသိဘဲ လှုပ်ရှားဖြူဆိုသူ ကို စွဲမက်နေသူကို ရှုတ်ချထိုက်သကဲ့သို့ ဝေဒသုံးပုံ ဗြာဟ္မဏတို့

လမ်းစဉ်ကို ယုံကြည်ကိုးစား သူတို့အား ရှုတ်ချထိုက်၏၊ ဗြာဟ္မဏာ တို့က ပြောပြကြသည်—

"ဗြာဟ္မဏာ တို့စိရင်သော ဓမ္မတရားနှင့် ယှဉ်သူမှ တပါး အခြား တပါးသော ဓမ္မတရားနှင့် ဆက်စပ်နေသူတို့ နတ်ပြဟ္မာ သို့မဟုတ် ဖန်ဆင်းရှင် ဣသရကို အဘယ်မျှ ပူဇော် ပသ သော်လည်း အကျိုး ဖလ မရနိုင်၊ ဥပမာ— လူတယောက်သည် ရေပြည့်လျှံသော မြစ်ကမ်းတဘက်မှ ရပ်လျက် အခြား မြစ်ကမ်း တဘက်ကို လှမ်းရှိ ခေါ်ရာ ထိုကမ်းသည် ထိုသူထံသို့ လာပါမည်လော၊ ဘယ်နည်း နှင့်မျှမလာချေ၊ ထို့အတူ ဝေဒသုံးပုံ ဗြာဟ္မဏာတို့ညွှန်ပြသော လမ်း စဉ်နှင့် ဖန်ဆင်းရှင်သည်သာ မြတ်နိုး အပ်သော ပမာဏဖြစ်၏" ဟု သတည်း၊ ဤ သဘောတရားကို ဗုဒ္ဓသည် လက်ခံရန် ဘယ်နည်း နှင့်မျှ ကြိုးပမ်းမည် မဟုတ်ချေ၊ ဗုဒ္ဓသည် ဗုဒ္ဓိဝါဒီ ဖြစ်၏၊ အသိ ဉာဏ် မှတ်ကျောက်ပေါ် အတင် မခံ နိုင်သော အတွေး အခေါ် အယူအဆကို အမြဲပင် မျက်နှာလွှဲလေ့ရှိ၏၊

အဘူတိကဝါဒ

ဗုဒ္ဓ၏ ဤအယူအဆတို့ကို တွေ့မြင်၍ ဗုဒ္ဓသည် ဤလောကမှ တပါး အခြားသော လောက၏ သတ္တဝါကို လက် မခံသော ဘူတ ဝါဒီ ဖြစ်မည် လားဟု စဉ်းစားနိုင်၏၊ သို့ရာတွင် ဤစဉ်းစား ချက် မဖြစ်နိုင်ပါ၊ ဗုဒ္ဓသည် အနတ္တဝါဒီနှင့် အနိဿရဝါဒီ ဖြစ် သော်လည်း ဘူတိကဝါဒီကား မဟုတ်ချေ၊ သူ သက်တော်ထင်ရှား ရှိစဉ်က သူသည် ဘူတိကဝါဒီသမား အမျှား အပြားနှင့် ရင်ဆိုင် ခဲ့ရဘူး၏၊ ထိုစဉ် အခါက ထိုသူ တို့၏ အယူအဆကို အမြဲ ပယ်ဖျက် ခဲ့သည်၊ ပါယာသိရာဇည သုတ်ကိုလေ့လာ ပါလျှင် ဗုဒ္ဓဝါဒအား

အဘူတိကဝါဒီ ဖြစ်ခြင်း၏ ပြတ်သားသော ပမာဏကို တွေ့ရမည် ဖြစ်၏၊ ပါယာသိရာဇညသည် ဗုဒ္ဓ မျက်မှောက် ခေတ်က ဖြစ်၏၊ သူသည် ပသေနဒီ ကောသလမင်း ပေးအပ်သော သေတဗျာ မြို့စား ဖြစ်၏၊ သူ၏ အယူအဆကား— "ဤလောကသည် မရှိ၊ ပရလောကလည်းမရှိ၊ သေပြီး တဖန် မွေးဖွားခြင်းမရှိ၊ ကောင်းမှု, မကောင်းမှု တို့၏အကျိုးအာနိသင်လည်း မရှိ—" ဟူသတည်း။

ပါယာသိရာဇည မြို့စားသည် စင်စစ် စာရဝါဂ၏ နောက်လိုက် ဖြစ်၏၊ သူ၏ဝါဒမှာ ဒိဋ္ဌမမ္မ နိဗ္ဗာန် ဖြစ်၏၊ သူသည် ယုတ္တိ သုံးမျိုး ဖြင့် သူ၏ အယူ အဆကို ခိုင်မြဲ စေ၏၊ (၁) သေသွား သူသည် တမလွန် လောကမှ သတင်း စကား ပြန်ကြားရန် ဘယ်အခါမျှ ပြန်မ,လာ၊ (၂) တရား အားထုတ် နေသူများလည်း သေရမည်ကို ကြောက်ရွံ့ကြ၏၊ အကယ်၍ ဤလောကမှ ပြုလုပ်သော ကုသိုလ် ကောင်းမှု တို့၏ အကျိုး ဖလ:သည် သုဂတိ ဘဝကို ရမည် သေချာ ပါလျှင် သူတို့ ဘယ်ကြောင့် သေရ မည်ကို ကြောက်ရွံ့ ကြသနည်း၊ (၃) ကိုယ်ခန္ဓာမှ အသက် ဇီဝ ထွက်သွားသည့် အမှတ် လက္ခဏာ တစုံ တရာ မရှိ, သေစဉ် အခါ ကိုယ်ကာ:ယမှ အသက် ထွက်သွား သည်ကို မတွေ့ရ၊ အသက် ထွက်သွား သဖြင့် ကိုယ်ကာယမှာ ပေါ့ပါး၍ မသွား၊ ပို၍ပင် လေးလံနေ၏ ဟူသတည်း။

ဤ တက္ကပေါ် အမှီပြုပြီး သူသည် များစွာသော ဒဿနိကဆရာ တို့ကို ရင်ဆိုင်ရန် ဖိတ်ခေါ်၏၊ တရုံသောအခါ သူသည် ဗုဒ္ဓ၏ တပည့်ရှင် ကုမာရ ကဿပနှင့် ထိုမြို့မှာ တွေ့ဆုံရ၏၊ အရှင်သည် သူ၏ ယုတ္တိ များကို အလွန် စိတ်ဝင်စားဖွယ် ကောင်းသော အကြောင်း တို့ဖြင့် ပရ လောက၏ သတ္တာ, ကုသိုလ် အကုသိုလ်၏ အကျိုး ဖလနှင့် အသက် ဇီဝ ကိုယ်ကာယဖြင့် ကွဲပြား ပုံတို့ကို

ရှင်းပြ၏၊ ယင်းသည် ဗုဒ္ဓ၏ အယူအဆ ဖြစ်၏၊ ဘူတိကဝါဒီနှင့် အတ္တ ဝါဒီ တို့ ပြဟ္မစာရီ ကျင့်ခြင်းမှာ သူတော်ကောင်း ဘဝ၏ ယူတ္တိမျှပင် မှန်ကန်ခြင်း မရှိချေ၊ သူတော် သူမြတ် အဖြစ် ဘဝကို ကုန်လွန် စေသူ တို့သည် နောင်ဘဝ၌ မွန်မြတ်သော အကျိုး ဖလကို ရစေရန် ရည်သန်ချက် ခိုင်မာစွာရှိ၏၊ သို့ရာတွင် ဘူတိကဝါဒီ တို့ကား နောင်ဘဝကို မယုံကြည် ကြချေ၊ ထို့ကြောင့် သူတို့ အတွက် သူတော်ကောင်း ဘဝသည် အချည်းနှီး သာတည်း၊ အတ္တကို နိစ္စ, သဿတဟု ယုံကြည်သော အတ္တ ဝါဒီတို့ အတွက်လည်း ထို့အတူ အချည်းနှီးသာ၊ အကြောင်းမှာ အစဉ်ထာဝရ တည်ရှိနေသော အတ္တ၌ သူတော်ကောင်း ဘဝကို အားထုတ်ခြင်းဖြင့် သုတ်သင်မှု မဖြစ်နိုင်ချေ၊ ထို့ကြောင့် အနတ္တ ဝါဒီဖြစ်သော ဗုဒ္ဓသည် ဘူတိက ရုပ်ဝါဒကို ဖြောင့်ဖြောင့် ဆန့်ကျင်၍ အတ္တဝါဒကို ပယ်ဖျက်ပစ်လေသည်။

ဤသည်ကား ထေရဝါဒ ဒဿနိက သဘောတရားအရ တင်ပြခြင်း ဖြစ်၏၊ ယင်းတို့မှာ ပဋိစ္စ သမုပ္ပဒ ဝါဒ အနတ္တ ဝါဒ အနိဿရ ဝါဒနှင့် အဘူတိက ဝါဒ တို့ဖြစ်၏၊ ဤသဘော တရား လေးပါးသည် ဗုဒ္ဓဝါဒ၏ တည်ရာ မှီရာ ကျောရိုးလည်း ဖြစ်လေသည်။

* * *

၇၆၀၁

ဒိဋ္ဌေဒိဋ္ဌမတ္တံ

အခါတပါး မြတ်စ္စာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းဌာ နေတော်မှု၏၊ ထိုအခါ သစ်သား ပျဉ်ချပ် ဝတ်သောကြောင့် ဒါရုစီယ မည်သော ဗာဟိယသည် ရိုသေ လေးမြတ်မြတ်နိုး ပူဇော် တုပ်ဝပ်ခြင်းကို ခံယူလျက် ဆုမ်း သင်္ဘန်း ကျောင်းဆေး-ပစ္စည်း လေးပါးကို ရသည်ဖြစ်၍ သမုဒ္ဒရာ ကမ်းခြေ သုပ္ပာရက ဆိပ်ဌာ နေ၏၊ ထိုအခါ ဗာဟိယအား ဆိတ်ငြိမ်ရာသို့ ကပ်၍ "လောကဌာ ရဟန္တာ အရဟတ္တ မဂ် ရောက်သူတို့ ရှိကုန်၏၊ ထိုသူတို့တွင် ငါသည် တယောက် အပါအဝင်တည်း-'ဟု စဉ်းစား၏။

ထိုအခါ ဗာဟိယ၏ ရှေးက ဆွေးမျိုးတော်ဘူးသော နတ်သားသည် သူ၏ စိတ်အကြံကို မိမိ စိတ်အကြံဖြင့် သိ၍—"ဗာဟိယ သင်သည် ရဟန္တာလည်း မဟုတ်၊ အရဟတ္တ မဂ်သို့ ရောက်သူလည်း မဟုတ်၊ ရဟန္တာ အရဟတ္တမဂ်သို့ ရောက်ရာ အကျင့်မျှသော်လည်း သင့်အား မရှိ"-ဟု ပြောပြ၏။

ထိုအခါ ဗာဟိယသည် နတ်သားအား—"လောကဌာ ရဟန္တာ အရဟတ္တ မဂ်သို့ ရောက်သောသူတို့သည် ဘယ် အရပ်ဌာ နေကြကုန်သနည်း"-မေး၏။

"ဗာဟိယ ဥတ္တရတိုင်း ဇနပုဒ်တို့ဌာ သာဝတ္ထိ မည်သော မြို့ရှိ၏၊ ထိုမြို့ဌာ မြတ်စ္စာဘုရား ရှိ၏၊ သူသည် ရဟန္တာလည်း ဟုတ်၏၊ ရဟန္တာ ဖြစ်စေရန် တရားကိုလည်း ဟော၏"။

ထိုအခါ ဗာဟိယသည် ထိုခဏခဏပင် သုပ္ပဂရက ဆိပ်ကမ်းမှ ဖဲ့သွားလေ၏၊ ခရီးလမ်းခွ် တည့်ခွ်အိပ်ဖြင့် သာဝတ္ထိပြည် ဇေတဝန် ကျောင်းသို့ ရောက်၏၊ ထိုအခါ ရဟန်းအများ လှည်တီးခေါင်ခွ် စည်ကြီးသွားနေကြ၏၊ ဗာဟိယသည် ရဟန်းတို့ရှိရာသို့ ချဉ်းကပ်၍ "အရှင်တို့ ယခုအခါ မြတ်စွာဘုရား ဘယ်မှာနေပါသနည်း၊ မြတ်စွာ ဘုရားကို ဖူးမြင်လိုပါ၏"ဟုမေးလျှောက်၏။

"ဗာဟိယ မြတ်စွာဘုရားသည် ဆွမ်းအလို့ငှာ ရှာတွင်းသို့ ဝင်တော်မူ၏။

ထိုအခါ ဗာဟိယသည် လျင်မြန်စွာ ကျောင်းမှထွက်၍ သာဝတ္ထိ မြို့သို့ ဝင်လတ်သော် မြတ်စွာဘုရားကို မြင်သောကြောင့် ခြေတော်ကို ဦးဖြင့်တိုက်၍— "အရှင်ဘုရား ကျွန်ုပ်၏ ရှည်ကြာစွာ စီးပွားချမ်းသာ အလို့ငှာ တရားဟောတော်မူပါ"-ဟု လျှောက်ထား၏။

"ဗာဟိယ အခါမဟုတ်သေး၊ ဆွမ်းအလို့ငှာ ရှာတွင်းသို့ ဝင်နေ၏"

"အရှင်ဘုရား မြတ်စွာဘုရား၏ အသက် အန္တရာယ်တို့ကိုလည်း၊ ကျွန်ုပ်၏ အသက် အန္တရာယ်တို့ကိုလည်း သိနိုင်ခဲပါ၏၊ ကျွန်ုပ်၏ ရှည်ကြာစွာ စီးပွားချမ်းသာ အလို့ငှာ တရားဟောတော်မူပါ-" ဟု သုံးကြိမ် တိုင်တိုင် လျှောက်ထား၏။

"ထိုသို့ဖြစ်လျှင် ဗာဟိယ သင်သည် မြင်ရာ၌ မြင်ကာမျှ ဖြစ်မည်၊ ကြားရာ၌ ကြားကာမျှ ဖြစ်မည်၊ တွေ့ရာ၌ တွေ့ကာမျှ ဖြစ်မည်၊ သိရာ၌ သိကာမျှ ဖြစ်မည်ဟု ကျင့်အပ်၏၊ ဗာဟိယ ဤသို့ကျင့်လျှင် သင်သည် ထိုရာဂ စသည်နှင့် တကွ ဖြစ်တော့မည် မဟုတ်၊ ဗာဟိယ ထိုအခါ သင်သည် ထို ရူပါရုံ စသည်၌ နှစ်သက်မှု ပြစ်မှားမှု တွေ့ဝေမှု ဖြစ်တော့မည် မဟုတ်၊ ဗာဟိယ ထိုအခါ သင်

သည် ဤ ဘဝ ထိုဘဝ နှစ်ပါးစုံ ဘဝ၌ ဖြစ်တော့မည် မဟုတ် ဤသည်ပင်လျှင် ဆင်းရဲ၏ အဆုံးတည်း"။

ထိုအခါ သစ်သား ပျဉ်ချပ် ဝတ်သော ဗာဟိယအား ဤ အကျဉ်းဖြစ်သော မြတ်စွာဘုရား တရားဟောခြင်းဖြင့် ထိုခဏ၌ ပင်လျှင် မစ္စဲလမ်းမှု၍ အာသဝေါ တရားတို့မှ စိတ်သည် လွတ်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤ အနက် သဘောကို သိတော်မူ၍ ဤသို့ ဥဒါန်း ကျူးရင့်တော်မူ၏—

အကြင် နိဗ္ဗာန်၌ ပထဝီ အာပေါ တေဇော ဝါယော ဓာတ် မတည်နိုင်၊ ထို နိဗ္ဗာန်၌ ကြယ်တာရာ နေ လတို့လည်း မတောက်ပ၊ အမှိုက်တိုက်လည်း မရှိ။

အကြင်အခါ သစ္စာ လေးပါးကို သိသောကြောင့် မုနိ အမည်ရသော ရဟန္တာ ပုဂ္ဂိုလ်သည် ကိုယ်တိုင် နိဗ္ဗာန်ကို သိ၏၊ နိဗ္ဗာန်ကို သိပြီး နောက်၌ ရုပ်နာမ်မှ ရင်း,ချမ်းသာ ဆင်းရဲမှ ရင်း လွတ်၏။

—ဥဒါန

ငါမစ္စဲလမ်းအံ့

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ နေတော်မူ၏၊ ထိုအခါ အနာထပိဏ် သူဌေးသည် ဖျားနေ၏၊ ဒုက္ခရောက်နေ၏၊ အသည်းအသန် မမာနေ၏၊ ထိုအခါ သူဌေးသည် ယောကျ်ား တယောက်ကိုခေါ်၍"သင်သည် ရှင်သာရိ ပုတြာထံသို့ မျှဉ်းကပ်၍ ငါ၏ စကားဖြင့် ခြေတော်ကို ဦးတိုက် လေလော့၊ အရှင်ဘုရား အနာထပိဏ် သူဌေးသည် ဖျားနေပါ၏၊

အစဉ် သနားသည်ကို အကြောင်းပြု၍ သူ့ဌေး၏ အိမ်သို့ ချဉ်းကပ်တော်မူပါလော့"ဟု လျှောက်လေ"-ဟု ပြောဆို၏။

"အရှင် သူ့ဌေး ကောင်းပါပြီ"ဟု ထိုယောကျ်ားသည် သူ့ဌေးအား ပြန်ကြား၍ ရှင်သာရိပုတြာထံ ချဉ်းကပ်ပြီးလျှင် ထိုစကားကို လျှောက်ထား၏။ ထိုအခါ ရှင်သာရိပုတြာသည် ရှင် အာနန္ဒာကို နောက်လိုက် ရဟန်းပြုကာ အနာထပိဏ် သူ့ဌေး၏ အိမ်သို့ ချဉ်းကပ်၍—"သူ့ဌေး အသို့နည်း၊ သင်အား ခန့်ကျန်းပါ၏လော၊ မျှတပါ၏လော၊ ဒုက္ခ ဝေဒနာတို့သည် ဆုတ်ယုတ်ပါကုန်၏လော၊ မတိုးတက်ဘဲရှိပါကုန်၏လော၊ဆုတ်ယုတ်သောအရာသည်ထင်ပါ၏လော တိုးတက်သော အရာသည် မထင်ဘဲ ရှိပါ၏လော"-ဟု မေး၏။

"အရှင် သာရိပုတြာ အကျွန်ုပ် မခန့်ကျန်းပါ၊ မမျှတပါ၊ ပြင်းထန်သော ဝေဒနာတို့သည် တိုးတက်ပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ တိုးတက်သော အရာသည် ထင်ပါ၏၊ ဆုတ်ယုတ်သော အရာသည် မထင်ပါ၊ ခက်ရင်းဖြင့် ထိပ်ကို ထိုး၍ နှိပ်ဘိသကဲ့သို့ ပြင်းထန်သော လေတို့သည် ဦးထိပ်၌ ထိုးကျင့်ပါကုန်၏၊ သားရေပိုင်းဖြင် ဦးခေါင်း၌ ရစ်ပတ်ခြင်းကို ပေးရာကဲ့သို့ ဦးခေါင်းကိုက်သော ဝေဒနာတို့ ဖြစ်ပါကုန်၏၊ နွားသတ်သမားသည် သားလိုးဓားဖြင့် နွား၏ဝမ်းကို ရစ်၍ လှီးဘိသကဲ့သို့ လေတို့သည် ဝမ်းကို ရစ်ကုန်၏၊ မီးကျီးစု၌ ကင်ကုန်သကဲ့သို့ ခန္ဓာကိုယ်၌ ပြင်းပြင်းထန်ထန် ပူလောင်ခြင်းသည် ဖြစ်ပါ၏"။

"သူ့ဌေး ထိုကြောင့် သင်သည် ဤသို့ ကျင့်ရမည်—"

စက္ခု သောတ ဃာန ဇိဝှါ ကာယ ပသာဒတို့ကို ငါ မစွဲလမ်းအံ့၊ ပသာဒ တို့ကို မှီ၍ ဖြစ်သော ဝိညာဉ် တို့သည်လည်း ငါ့အား ဖြစ်လိမ့်မည် မဟုတ်၊ မနောဒ္ဓါရကို ငါ မစွဲ

လမ်းအံ့၊ ယင်းဒွါရကို မှီ၍ဖြစ်သော ဝိညာဉ်သည်လည်း ငါ့အား ဖြစ်လိမ့်မည် မဟုတ်၊ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မအာရုံ တို့ကို ငါ မစဲ့လမ်းအံ့၊ ယင်း အာရုံ တို့ကို မှီ၍ဖြစ်သော ဝိညာဉ် တို့သည်လည်း ငါ့အား ဖြစ်လိမ့်မည် မဟုတ်၊ ပထဝီ အာပေါ တေဇော ဝါယော အာကာသ ဓာတ်တို့ကို ငါ မစဲ့လမ်းအံ့၊ ယင်း ဓာတ်တို့ကို မှီ၍ ဖြစ်သော ဝိညာဉ် တို့သည် ငါ့အား ဖြစ်လိမ့်မည် မဟုတ်၊ ရုပ်ကို ငါမစဲ့လမ်းအံ့၊ ရုပ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် ငါ့အား ဖြစ်လိမ့်မည် မဟုတ်၊ ဤမျက်မှောက် လောကကို ငါ မစဲ့လမ်းအံ့၊ ယင်းကို မှီ၍ ဖြစ်သော ဝိညာဉ်သည် ငါ့အား ဖြစ်လိမ့်မည် မဟုတ်၊ တမလွန် လောကကို ငါ မစဲ့လမ်း ယင်းကို မှီ၍ ဖြစ်သော ဝိညာဉ်သည် ငါ့အား ဖြစ်လိမ့်မည် မဟုတ်ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်။

"သူဌေး ထိုကြောင့် သင်သည် မြင်ရ ကြားရ တွေ့ရ သိရ ရောက်ရ ရှာမှီးရ အဖန်ဖန် ရှာမှီးရ စိတ်ဖြင့် လေ့လာရသော အာရုံ ကိုလည်း ငါ မစဲ့လမ်းအံ့ ထိုအာရုံကို မှီ၍ ဖြစ်သော ဝိညာဉ်သည် ငါ့အား မဖြစ် လတ္တံ့ဟု ကျင့်ရမည်။"

ဤသို့ မိန့်ဆိုသော် အနာထပိဏ် သူဌေးသည် ငိုကြွေး၏၊ မျက်ရည် တို့ကို ဖြစ်စေ၏၊ ထိုအခါ အရှင် အာနန္ဒာသည် သူဌေးအား-"သူဌေး သင်သည် စည်းစိမ် တို့၌ ငြိကပ် သလော၊ ကုသိုလ်တို့၌ ဆုတ်နစ်သလော-"ဟု မေး၏။

"အရှင် အာနန္ဒာ အကျွန်ုပ်သည် စည်းစိမ်တို့၌ မငြိကပ်ပါ၊ ကုသိုလ်တို့၌လည်း မဆုတ်နစ်ပါ၊ စင်စစ် သော်ကား အကျွန်ုပ်သည် ရှည်မြင့်စွာသော ကာလပတ်လုံး မြတ်စွာဘုရားကို ဆည်းကပ်

ပါ၏၊ သို့ရာတွင် အကျွန်ုပ်သည် ဤသို့ သဘောရှိသော တရားစကားကို မကြားရဘူးပါ”

“သူ့ရှေး ဤသို့သဘော ရှိသော တရားစကားသည် လူတို့မှာ မထင်နိုင်၊ ရဟန်းတို့မှာသာ ထင်နိုင်၏”

“အရှင်သာရိပုတြာ တိုက်တွန်းပါ၏၊ လူတို့ မှာလည်း ဤသို့ သဘောရှိသော တရားစကားကို ထင်ပါစေ၊ အရှင်ဘုရား ဥာဏ်မျက်စိ၌ ကိုလေသာ မြူနည်းသော သဘောရှိ ကုန်သော အမျိုးကောင်းသား တို့သည် ရှိကြပါကုန်၏၊ တရားတော်ကို မနာကြားရခြင်းကြောင့် တရားတော်မှ ဆုတ်ယုတ်နေ ကြပါကုန်၏၊ တရားတော်ကို သိလွယ်သူတို့ ရှိကြပါလိမ့်မည်”

ထိုအခါ အရှင်သာရိပုတြာနှင့် အရှင်အာနန္ဒာတို့သည် အနာထပိဏ်သူဌေးကို ဤအဆုံးအမဖြင့် ဆုံးမ၍ နေရာမှ ထကာ ဗဲသွားကြကုန်၏၊ ထိုနောက် မကြာမီ အနာထပိဏ်သူဌေး ကွယ်လွန်လေ၏။

ထိုအခါ မြတ်စွာ ဘုရားသည် ထိုညဉ့်ကို လွန်သဖြင့် ရဟန်းတို့ကို မိန့်တော်မူ၏— “ရဟန်းတို့ ဤညဉ့်၌ နတ်သား တဦးသည် သန်းကောင်ယံ အချိန်၌ အလွန် နှစ်သက်ဖွယ် အဆင်းဖြင့် အလုံး စုံသော ဇေတဝန် ကျောင်းကို ထွန်းလင်း တောက်ပစေလျက် ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာသီကျူး၏—”

ဤဇေတဝန် ကျောင်းတော်သည် ရဟန်း အပေါင်းတို့၏ အမြဲနေရာလည်း ဖြစ်၏၊ တရားမင်း မြတ်စွာဘုရား၏ သီတင်းသုံးရာလည်း ဖြစ်၏၊ ထိုကြောင့် အကျွန်ုပ်အား နှစ်သိမ့်ခြင်း ပီတိကို ဖြစ်စေပါ၏။

အလုပ်ကိစ္စ အသိဉာဏ် တည်ကြည်မှု ကိုယ်ကျင့်သီလ မြတ်သော အသက်မွေးမှု ဤတရားကြောင့် သတ္တဝါတို့ စင်ကြယ်ကုန်၏၊အမျိုးအနွယ်ကြောင့်ရင်း,ဥစ္စာကြောင့်ရင်း စင်ကြယ်သည် မဟုတ်ကုန်။

ထိုကြောင့် ပညာရှိသော ပုဂ္ဂိုလ်သည် မိမိ အကျိုးစီးပွါးကို ရှုမြော်၍ သင့်လျော်သော အကြောင်းအားဖြင့် တရားကို စူးစမ်းဆင်ခြင်ရာ၏၊ ဤသို့ ဆင်ခြင်သော် ထိုအရိယ မဂ်တရား၌ စင်ကြယ်၏။

အကြင် အမှတ် မရှိသော ရဟန်းသည် တဖက်ကမ်း နိဗ္ဗာန်သို့ ရောက်၏၊ ထိုရဟန်းသည် တဖက်ကမ်း နိဗ္ဗာန်သို့ ရောက်ရုံမျှ သာလျှင် မြတ်၏၊ သာရိပုတ္တြာ သာလျှင် သီလ သမာဓိ ပညာဖြင့် ထိုနိဗ္ဗာန်ရောက် ရဟန်း ဟူသမျှ ထက် မြတ်၏။

ဤသို့ မိန့်တော်မူသော် အရှင် အာနန္ဒာသည် မြတ်စွာဘုရားအား— "မြတ်စွာဘုရား ထိုနတ်သားသည် အနာဂ၀ပိဏ်နတ်သား ဖြစ်လိမ့်မည် ထင်ပါသည်၊ သူသည် အရှင်သာရိပုတ္တြာကို လွန်စွာ ကြည်ညိုပါ၏—"ဟု လျှောက်၏။

"အာနန္ဒာ သာဓု သာဓု၊ ကြံစည် တွေးဆခြင်းဖြင့် ရောက်သင့် ရောက်ထိုက်သော တရားမှန်သမျှသို့ သင်ရောက်နေ၏၊ အာနန္ဒာ ထိုနတ်သားသည် အနာထပိဏ် နတ်သား ပင်တည်း—" ဟု မိန့်တော်မူ၏။

ဥပရိပဏ္ဏာသ

ဆင်းရဲ၏အဆုံး

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းဌာ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို နိဗ္ဗာန်နှင့် ဆက်စပ်သော တရားစကားဖြင့် အကျိုး စီးပွါးကို သိမြင် စေလျက် ဆောက်တည်စေကာ ထက်သန် ရှင်လန်း စေတော်မူ၏၊ ထိုရဟန်းတို့ အရိုအသေပြု၍ နှလုံးသွင်းလျက် အလုံးစုံသော စိတ်ဖြင့် ကောင်းစွာ ဆောင်ပြီးလျှင် နားစိုက်ကာ တရားကို နာကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤ အကြောင်းကို သိတော်မူ၍ ဤသို့ ဥဒါန်း ကျူးရင့်တော်မူ၏—

ရဟန်းတို့ အကြင် နိဗ္ဗာန် အရပ်၌ ပထဝီ အာပေါ တေဇော ဝါယော ဓာတ် မရှိ၊ အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာနာသညာယတနစျာန်လည်းမရှိ၊ ပစ္စုပ္ပန် တမလွန်လောကလည်း မရှိ၊ နေလ တိုလည်း မရှိကုန်၊ ထိုနိဗ္ဗာန်သည် ရှိသည်သာတည်း၊ ရဟန်းတို့ ထိုနိဗ္ဗာန်၌လည်း တစုံတခုသော ဘဝမှ လာခြင်းကို ငါ မဟော၊ တစုံတခုသော ဘဝသို့ သွားခြင်း ကိုလည်း ငါ မဟော၊ ပဋိသန္ဓေ အားဖြင့် ဖြစ်ခြင်း ကိုလည်း ငါမဟော၊ ထိုနိဗ္ဗာန်သည် တည်ရာမရှိ၊ ဖြစ်ခြင်း မရှိ၊ အာရုံပြုမှု မရှိသည်သာတည်း။

တဏှာ ကင်းရှင်း နိဗ္ဗာန် မည်သည်ကား မြင်နိုင်ခဲသော တရားတည်း၊ မှန်၏—နိဗ္ဗာန်သည် မြင်ရန် လွယ်ကူသော တရား မဟုတ်၊ နိုရောဓ သစ္စာကို အာရုံပြုသော အားဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားရ သိသောအားဖြင့် မဂ္ဂ သစ္စာကို

နိဗ္ဗာန်

ပွားသော အားဖြင့် ထိုးထွင်းရှု သိသကဲ့သို့ တဏှာ ဟူသော သမုဒယ သစ္စာကိုလည်း ပယ်သော အားဖြင့် ထိုးထွင်းရှု သိအပ်၏။ ဤသို့ သစ္စာ လေးပါးကို မဂ် ပညာဖြင့် သိသူ မြင်သူအား ကြောင့်ကြမှု မရှိတော့ပြီ။

ရဟန်းတို့ ဖြစ်ပေါ်မှု မရှိသော ထင်ရှား ဖြစ်နေမှု မရှိသော ပြုလုပ်ထားမှု မရှိသော စီရင်ထားမှု မရှိသော နိဗ္ဗာန်သည် ရှိ၏။ ရဟန်းတို့ ထိုနိဗ္ဗာန်သည် အကယ်၍ မရှိပါမူ ဤလောကဌ် ဖြစ်ပေါ် ထင်ရှား ပြုလုပ် စီရင်ထားမှု သဘောရှိသော ခန္ဓာပဉ္စကမှ ထွက်မြောက်ရာသည် မထင်ရှားရာ၊ ရဟန်းတို့ ထိုနိဗ္ဗာန် ရှိသောကြောင့်သာ ခန္ဓာပဉ္စကမှ ထွက်မြောက်ရာသည် ထင်ရှားရှိ၏။

ရုပ် အစရှိသော သင်္ခါရဌ် တဏှာ ဒိဋ္ဌိတို့ဖြင့် မိုသော သူအား တဏှာ ဒိဋ္ဌိတို့ဖြင့် တုန်လှုပ်၏။ တဏှာ ဒိဋ္ဌိတို့ဖြင့် မမှီသော သူအား တုန်လှုပ်မှု မရှိ၊ တုန်လှုပ်မှု မရှိသော် ငြိမ်းအေး၏။ ငြိမ်းအေးမှု ရှိသော် ညွတ်မှု တဏှာ မဖြစ်၊ ညွတ်မှု တဏှာ မရှိသော် ပဋိသန္ဓေအားဖြင့် ဤဘဝသို့ လာခြင်း စုတေအားဖြင့် ထိုဘဝသို့ သွားခြင်း မဖြစ်၊ လာခြင်း သွားခြင်း မရှိသော် စုတေခြင်း ပဋိသန္ဓေ နေခြင်း မဖြစ်၊ စုတေခြင်း ပဋိသန္ဓေ နေခြင်း မရှိသော် မျက်မှောက် တမလွန် နှစ်ပါးစုံ ဘဝဌ် မဖြစ်တော့၊ ဤသည်လျှင် ဆင်းရဲ၏ အဆုံးတည်း။

—ဥဒါန

အကြောင်းအမြစ်အားဖြင့်

ရဟန်းတို့ နိဗ္ဗာန ဓာတ်တို့သည် ဤနှစ်ပါးတို့တည်း၊ အဘယ်နှစ်ပါးတို့နည်းဟူမူ ခန္ဓာငါးပါး အကြွင်းရှိသော သဉ္ဇာတိသော နိဗ္ဗာနဓာတ်, ခန္ဓာငါးပါး အကြွင်း မရှိသော အနုပါဒိသော နိဗ္ဗာန ဓာတ်တည်း။

ခန္ဓာငါးပါး အကြွင်းရှိသော သဉ္ဇာတိသော နိဗ္ဗာနဓာတ်ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာ၌ ရဟန်းသည် ပူဇော်အထူးကို ခံထိုက်သူ အာသဝေါ ကုန်ခန်းသူ အကျင့်မြတ်ကို ကျင့်သုံးပြီးသူ ပြုအပ်ပြီးသော မဂ်ကိစ္စရှိသူ ခန္ဓာဝန်ကို ချပြီးသူ မိမိ အကျိုးဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ ဘဝ သံယောဇဉ် ကုန်ခန်းပြီးသူ ကောင်းစွာ သိ၍ ကိလေသာမှ လွတ်မြောက်သူ ဖြစ်၏၊ ထိုရဟန္တာပုဂ္ဂိုလ်အား နောက်ဆုံး ဘဝ၏ အကြောင်းကံ မကုန်သေးသမျှ ဤခန္ဓာ ငါးပါးတို့ တည်ရှိကုန်သည် သာလျှင်တည်း၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ယင်း ဤခန္ဓာ ငါးပါးတို့၏ အနုပါဒ နိဗ္ဗာန်၏ အစွမ်းဖြင့် မချုပ်ကုန်သောကြောင့်ပင် နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံကို ခံစား၏၊ ချမ်းသာ ဆင်းရဲကို ခံစား၏၊ ထိုရဟန္တာပုဂ္ဂိုလ်အား ရာဂ ဒေါသ မောဟ ကုန်ခန်းမှုကိုပင် ခန္ဓာငါးပါး အကြွင်းရှိသော သဉ္ဇာတိသော နိဗ္ဗာနဓာတ်ဟု ဆိုအပ်၏။

ခန္ဓာငါးပါး အကြွင်း မရှိသော အနုပါဒိသော နိဗ္ဗာန ဓာတ်ဟူသည် အဘယ်နည်း—

ရဟန်းတို့ ဤသာသနာ၌ ရဟန်းသည် ပူဇော်အထူးကို ခံထိုက်သူ အာသဝေါ ကုန်ခန်းသူ အကျင့်မြတ်ကို ကျင့်သုံးပြီးသူ ပြုအပ်

ပြီးသော မဂ်ကိစ္စရှိသူ ခန္ဓာဝန်ကို ချပြီးသူ မိမိ အကျိုးဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ ဘဝ သံယောဇဉ် ကုန်ခန်းပြီးသူ ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသူ ဖြစ်၏၊ ဤအတွေ့ အကြုံ ပုဂ္ဂိုလ်အား ခစားမှု ဝေဒနာ အားလုံးတို့သည် ရာဂ စသည်တို့ဖြင့် မနှစ်သက်အပ်ကုန် မူ၍ တဖန် မဖြစ်သော အားဖြင့် ငြိမ်းအေးကုန်မည်၊ ရဟန်းတို့ ဤခံစားမှု ဟူသမျှတို့၏ တဖန် မဖြစ်သော အားဖြင့် ချုပ်ငြိမ်းမှုကိုပင် ခန္ဓာ အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဟု ဆိုအပ်၏၊ ရဟန်းတို့ နိဗ္ဗာန ဓာတ်တို့သည် ဤနှစ်ပါးတို့တည်း။

မြတ်စွာဘုရားသည် ဤနှစ်ပါးသော နိဗ္ဗာနဓာတ်ကို ပြတော်မူအပ်၏၊ မှန်၏—တမျိုးသော သဉပါဒိသေသ နိဗ္ဗာန် ဓာတ်သည် ဤမျက်မှောက် အတွေ့ဘောဋ္ဌ ဖြစ်၏၊ ခန္ဓာငါးပါး ကြွင်းကျန်၏၊ ဘဝ တဏှာ ကုန်ခန်း၏၊ ခန္ဓာငါးပါး အကြွင်း မရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်သည်ကား ခန္ဓာ ပျက်ပြီးသော အခါဋ္ဌ ဖြစ်၏၊ ယင်း နိဗ္ဗာနဓာတ်ဋ္ဌ အလုံးစုံအားဖြင့် ဘဝတို့သည် ချုပ်ကုန်၏။

အကြင် ပုဂ္ဂိုလ်သည် ပြုပြင်ခြင်း ကင်းသော ထိုနိဗ္ဗာန်ကို သိ၍ ကိလေသာမှ လွတ်မြောက်သော စိတ်ရှိကုန်၏၊ ဘဝ တဏှာ ကုန်ခန်းကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် တရားအနှစ်ကို ရသောကြောင့် ရာဂစသည် ကုန်ရာ နိဗ္ဗာန်ဋ္ဌ မေ့လျော့ကုန်၏၊ ဘုရားသခင်တို့သည် အလုံးစုံသော ဘဝတို့ကို ပယ်စွန့်ကုန်၏။

—ဣတိဝုတ္တ

မဟာဘုတ်ချုပ်ရာ

အခါတပါး မြတ်စွာဘုရားသည် နာလန္ဒာမြို့ ပါဝါရိုက သူဌေး၏ သရက် ဥယျာဉ်၌ နေတော်မူ၏၊ ထိုအခါ ကေဝဋ္ဋ အမည် ရှိသော သူကြွယ်သားသည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍— "အရှင်ဘုရား ဤနာလန္ဒာမြို့သည် ပြည့်စုံကြွယ်ဝပါ၏၊ လူဦးရေ များပြားပါ၏၊ မြတ်စွာဘုရား၌ အလွန်ကြည်ညိုပါ၏၊ မြတ်စွာ ဘုရားသည် တန်ခိုး ပြာဋိဟာ ပြရန် ရဟန်းတပါးအား အမိန့် ပေးတော်မူပါ၊ သို့ဖြစ်လျှင် ဤမြို့သည် မြတ်စွာဘုရား၌ အတိုင်း ထက် အလွန် ကြည်ညိုပါလိမ့်မည်"-ဟု လျှောက်ထား တောင်း ပန်၏။

ထိုအခါ မြတ်စွာဘုရားသည် သူကြွယ်သားအား—"ကေဝဋ္ဋ ငါ သည်ရဟန်းတို့အား တန်ခိုး ပြာဋိဟာ ပြကြလော့ဟု တရားမဟော" ဟု မိန့်တော်မူပြီးလျှင် တန်ခိုး ပြာဋိဟာ သုံးပါးကို ခွဲခြား၍ ဟော ကြားတော်မူ၏၊ယင်းသုံးပါးမှာ တန်ခိုးပြာဋိဟာ အတတ်ဟောခြင်း ပြာဋိဟာနှင့် ဆုံးမခြင်း ပြာဋိဟာတို့ ဖြစ်၏၊ နောက်ဆုံးဖြစ်သော ဆုံးမခြင်း ပြာဋိဟာကို ဟောကြားပြီး နောက် မဟာဘုတ်လေးပါး ချုပ်ရာကိုရှာသော ရဟန်းဝတ္ထုကို ထုတ်ဆောင်၍ ပြတော်မူ၏—

ကေဝဋ္ဋ ရှေးဦး ဖြစ်ဘုံးသည်ကား ဤရဟန်း သံဃာထဲ၌ပင် ရဟန်း တပါးအား—'မြေ ရေ လေ မီး ဟူသော ဤမဟာဘုတ် လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း"-ဟု အကြံဖြစ်ပေါ်၏၊ ထိုအခါ ထိုရဟန်းသည် နတ်ပြည်သို့ သွားရန် ခရီးလမ်းထင်ရှား ဖြစ်ပေါ် လာသည့်တိုင်အောင် စိတ်တည့်ကြည် ခြင်းရှိသော အဘိညာဉ် သမာဓိကို ဝင်စား၏၊ ထိုအခါ ရဟန်း

သည် စတုမဟာရာဇ် နတ်တို့ ထံသို့ ချဉ်းကပ်၍– "ဤမဟာဘုတ် လေးပါးတို့သည် ဘယ်အရပ်၌ အကြင်းမဲ့ ချုပ်ကုန် သနည်း"-ဟု မေး၏၊ ထိုနတ်တို့က– "ဤမဟာဘုတ် လေးပါးတို့ အကြင်းမဲ့ ချုပ်ရာ အရပ်ကို အကျွန်ုပ်တို့ မသိပါကုန်၊အကျွန်ုပ်တို့ထက် သာလွန် မြင့်မြတ်ကုန်သော နတ်မင်းကြီး လေးယောက်တို့ သိကုန်ရာပါ၏"– ဟု ဆိုကုန်၏။

ထိုအခါ ထိုရဟန်းသည် နတ်မင်းကြီး လေးယောက်တို့ ထံသို့ ချဉ်းကပ်၍ ဤပြဿနာကို မေး၏၊ သူတို့ကလည်း "အကျွန်ုပ်တို့ မသိပါကုန်၊ အကျွန်ုပ်တို့ထက် သာလွန် မြင့်မြတ်သော တာဝတိံသာ နတ်တို့ သိကုန်ရာပါ၏"ဟု ဆိုကုန်၏၊ သူတို့ကလည်း မိမိတို့ထက် သာလွန် မြင့်မြတ်သော နတ်တို့၏ အရှင် သိကြားမင်း သိရာပါ၏ ဟု ညွှန်ကုန်၏၊ ထိုနည်းတူစွာ သိကြားမင်းကလည်း မိမိထက် သာလွန် မြင့်မြတ်သော ယာမာ မည်သော နတ်တို့ကို ညွှန်၏။ ယာမာ နတ်တို့ကလည်း သုယာမ နတ်တို့ကို ညွှန်ကြ၏၊ သို့ဖြင့် ထိုရဟန်းသည် တုသိတာ, သန္တုဿိတ, နိမ္မာနရတီ, သုနိမ္မိတ, ပရနိမ္မိတ ဝသဝတ္တီ, ဝသဝတ္တီနတ်တို့ ထံသို့ အစဉ်အတိုင်း ချဉ်းကပ် မေးမြန်းပြီး၍ ဗြဟ္မာပြည်သို့တိုင် ရောက်ခဲ့၏၊ ဗြဟ္မာတို့ကလည်း မိမိတို့ထက် သာလွန် မြင့်မြတ်သော မဟာဗြဟ္မာကို ညွှန်ကြပြန်၏၊

"ငါ၌ရှင်တို့ ယခုအခါ ထိုမဟာဗြဟ္မာသည် ဘယ်မှာရှိသနည်း"

ရဟန်း မဟာဗြဟ္မာ နေရာဘုံကိုရင်း လာရာ သွားရာ လမ်းကို ရင်း အကျွန်ုပ်တို့ မသိပါကုန်၊ ရဟန်း သို့ရာတွင် မဟာဗြဟ္မာ ထင်ရှား ပေါ်လာရန် ရှေ့ပြေး နိမိတ်တို့ ထင်ပါကုန်၏၊ ထူးခြား သော အလင်းရောင်တို့ ထင်ရှား ပေါ်လာပါကုန်၏၊ သို့ဖြစ်၍ ယခုပင် မဟာဗြဟ္မာ ထင်ရှား ပေါ်လာပါလိမ့်မည်။

မကြာမီပင် ထိုမဟာဗြဟ္မာသည် ထင်ရှား ပေါ်လာ၏၊ ထိုအခါ ထိုရဟန်းသည် မဟာဗြဟ္မာသို့ ချဉ်းကပ်၍ ဤပြဿနာကို မေး၏၊ ထိုအခါ မဟာဗြဟ္မာသည် ထိုရဟန်း၏ လက်မောင်းကို ကိုင်၍ တခု သော နေရာသို့ ခေါ်ဆောင် သွားပြီးလျှင် ဤသို့ ပြောပြ၏—

"ရဟန်း ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သော ဤဗြဟ္မာတို့သည် မဟာ ဗြဟ္မာ မသိသော အရာ မမြင်သောအရာ အနည်းငယ်မျှ မရှိ၊ မဟာ ဗြဟ္မာအား မထင်လင်းသော အရာ မျက်မှောက် မပြုသောအရာ အနည်းငယ်မျှ မရှိဟု အကျွန်ုပ်ကို ဤသို့ ထင်မှတ် နေကြ၏၊ ထိုကြောင့် အကျွန်ုပ်သည် သူတို့၏ မျက်မှောက်၌ မဖြေကြားခြင်း ဖြစ်ပါသည်၊ ရဟန်း မြေ ရေ လေ မီး ဟူသော ဤမဟာဘုတ် လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာ အရပ်ကို အကျွန်ုပ်လည်း မသိပါ၊ ရဟန်း ထိုကြောင့် ဤလောက၌ မြတ်စွာဘုရားကို ကျော်လွန်၍ အပြင်အပ၌ ပြဿနာကို ဖြေရန် ရှာမှီးခြင်းသည် သင်၏သာလျှင် မလျော်သော အမှုဖြစ်ချေ၏၊ ရဟန်း သင်သွားလော့၊ သင်သည် ထိုမြတ်စွာဘုရားကိုသာ ချဉ်းကပ်၍ ဤပြဿနာကို မေးပါလေ လော့၊ မြတ်စွာဘုရားက သင့်အား ဖြေကြားသည့် အတိုင်းပင် ထိုပြဿနာ၏ အနက်ကို မှတ်သားပါလေလော့"

ကေဝဋ္ဋ ထိုအခါ ထိုရဟန်းသည် ဗြဟ္မာ့ပြည်မှ ကွယ်ခဲ့၍ ငါ၏ ရှေ့၌ ထင်ရှားပေါ်လာ၏၊ ထိုရဟန်းသည် ငါ့ကိုရှိခိုး၍ တနေရာ၌ ထိုင်ပြီးသော် ဤပြဿနာကို မေးလျှောက်၏—

"အရှင်ဘုရား မြေ ရေ လေ မီး ဟူသော ဤမဟာဘုတ် လေးပါးတို့သည် ဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း"

"ရဟန်း ဤပြဿနာကို ဤသို့ မမေးသင့်၊ ဘယ်အရပ်၌ ရေ မြေ လေ မီး သည် မတည်ပါသနည်း၊ ဘယ်အရပ်၌ အရှည် အတို,

အငယ် [redacted]ကြီး, အကောင်း အဆိုးသည် မရှိပါသနည်း၊ ဘယ်အရပ်၌ နာမ်ရုပ်သည် အကြင်းမဲ့ ချုပ်ပါသနည်းဟုသာ မေးသင့်ပေ၏”

ထိုအမေး၌ အဖြေသည် ဤသို့ဖြစ်၏—

မျက်စိဖြင့် မမြင်ကောင်းသော ဥပါဒ် ၌ ဘင် အပိုင်း အခြား မရှိသော ထက်ဝန်းကျင် ဆိပ်ကမ်းရှိသော ဥာဏ် အထူးဖြင့် သိအပ်သော နိဗ္ဗာန်သည် ရှိ၏။

ဤနိဗ္ဗာန်၌ ရေ မြေ လေ မီး သည် မတည်ပေ၊ အရှည် အတို အငယ် အကြီး အကောင်း အဆိုးသည် မရှိပေ၊ ဤနိဗ္ဗာန်၌ နာမ်နှင့် ရုပ်သည် အကြင်းမဲ့ ချုပ်ပေ၏၊ ဤ၌ ဝိညာဉ်၏ ချုပ်ခြင်းကြောင့် ဤနာမ်နှင့်ရုပ် ချုပ်ပေ၏။

—သီလက္ခန္ဓဝဂ္ဂ

ခုနစ်ရက်အတွင်း

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်၌ နေတော်မူ၏၊ ထိုအခါ နိုဂြောဓ ပရိဗိုဇ်သည် ဥဒုမ္ဗရိကာ မိဘုရား၏ ပရိဗိုဇ် အရံ၌ ပရိသတ် သုံးထောင်မျှနှင့် အတူနေ၏၊ ထိုအခါ မြတ်စွာဘုရားသည် နိုဂြောဓ ပရိဗိုဇ်ထံသို့ ချဉ်းကပ်တော်မူ၏၊ ထိုအခါ ပရိဗိုဇ်သည်မြတ်စွာဘုရားအား“အရှင်ဘုရားကြွတော်မူပါ၊ အရှင်၏ လာခြင်းသည် ကောင်းသောလာခြင်း ဖြစ်ပါသည်၊ အရှင်သည် ကြာမြင့်မှ ဤအရပ်သို့ ကြွလာရန် အလှည့်ပေးဘိ၏” ဟု လျှောက်၏။

မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်တော်မူ၏၊ နိုဂြောဓသည်လည်း နိမ့်သော ထိုင်စရာ တခုကို ယူ၍ တခုသော

နေရာ၌ ထိုင်၏၊ နေရာ၌ ထိုင်ပြီးသော ပရိဗိုဇ်အား မြတ်စွာဘုရား သည်- "နိဂြောဓ ယခုအခါ အဘယ်စကားဖြင့် စုဝေးထိုင်နေကြ ကုန်သနည်း၊ သင်တို့ မပြီးသေးသော အကြား စကားသည်ကား အဘယ်နည်း" ဟု မေး၏။

"အရှင်ဘုရား မြတ်စွာဘုရားသည် ယင်းတရားဖြင့် တပည့်တို့ကို ဆုံးမဟောကြား၏၊ ယင်းတရားဖြင့် တပည့်တို့သည် အရဟတ္တမဂ်ကို ရသည်၏ အစွမ်းဖြင့် နှစ်သိမ့် ဝမ်းသာခြင်းသို့ ရောက်ကုန်၍ ဤကား မြတ်သော မှီရာဖြစ်သော ရှေးဟောင်း အရိယမဂ်တည်း ဟု ဝန်ခံကုန်၏၊ ထိုတရားကား အဘယ်နည်းဟု မေးအံ့၊ မြတ်စွာ ဘုရား အကျွန်ုပ်တို့၏ မပြီးသေးသော စကားကား ဤစကား ပါတည်း"ဟု ဖြေဆို၏။

"နိဂြောဓ မစဉ်းလဲ မလှည့်စား ဖြောင့်မတ်သော သဘောရှိ သော ပညာရှိသော ပုဂ္ဂိုလ်သည် လာပါစေ၊ ငါသည် ဆုံးမ သွန်သင်အံ့၊ တရား ဟောအံ့၊ ဆုံးမ သွန်သင်သည့် အတိုင်း ကျင့်သော သူသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ထွက်၍ အမျိုးကောင်းသားတို့သည် အကြင် အရဟတ္တဖိုလ် အကျိုးငှာ ရဟန်း ပြုကုန်၏၊ သာသနာ၏ အထွတ် အထိပ်ဖြစ်သော အတုမဲ့ သော ထို အရဟတ္တဖိုလ် အကျိုးကို ခုနစ်ရက် အတွင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ကပ်ရောက်၍ နေလတ္တံ့"

ဤသို့ မိန့်တော်မူသော် မာရ်နတ် အနှောင့် အရှက် ခံရသည့် စိတ်ရှိသော သူတို့သည် ထိုင်နေကုန်သကဲ့သို့ ဤအတူ ထိုပရိဗိုဇ်တို့ သည် တိတ်ဆိတ် ညှိုးငယ်စွာ ဦးခေါင်း ငုံ့ကိုက် မျက်နှာ အောက်ချ၍ မိုင်တွေကုန်လျက် စကား မဆိုနိုင်ကုန်ဘဲ ထိုင်နေကြ ကုန်၏၊ ထိုအခါ မြတ်စွာဘုရားအား ဤသို့ အကြံဖြစ်၏၊ 'မဂ်ဖိုလ်မှ

အချည်းနှီးဖြစ်သော ဤသူအားလုံးတို့သည် မာရ်နတ် ပူးဝင်နေကုန်၏၊ ထိုကြောင့် တယောက်သော သူအားမျှလည်း ခုနစ်ရက်အတွင်း အရဟတ္တဖိုလ် ရနိုင် မရနိုင် စုံစမ်းသိရှိရန် အလို့ငှာ သော်လည်း ငါတို့သည် ရဟန်းဂဝါတမထံ သာသနာတော် အကျင့်မြတ်ကို ကျင့်ကုန်အံ့၊ ခုနစ်ရက်သည် အဘယ် ပြုအံ့နည်းဟု အကြံမဖြစ်'ဟူ၏။

ထိုနောက် မြတ်စွာဘုရားသည် ဥဒုမ္ဗရိကာ မိဘုရား၏ ပရိဗိုဇ်အရံ၌ ရဲရင့်သောအသံဖြင့် ကျူးရင့် မိန့်ကြားတော်မူ၍ ကောင်းကင်သို့ ပျံတက်ပြီးလျှင် ဂိဇ္ဈကူဋ်တောင်၌ တည်နေတော်မူ၏။

—ပါထိကဝဂ္ဂ

တကြောင်းတည်းသော ခရီး

အခါတပါး မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မမည်သော နိဂုံး၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ ဤ တရားကို ဟောတော်မူ၏။

ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ် စင်ကြယ်ရန် စိုးရိမ် ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ချုပ်ငြိမ်းရန် အရိယမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်း ဖြစ်ပေ၏၊ ယင်းသည့် ခရီးလမ်းကား ဤ သတိပဋ္ဌာန် လေးပါးတို့ပင်တည်း၊ အဘယ် လေးပါးတို့နည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္မာဇာဉာဏ် ရှိသည် ဖြစ်၍ သတိရှိသည်

ဖြစ်၍ လောကဌ် အဘိဗျာဒေါမနသကိုပယ်ဖျောက်၍ ရုပ်အပေါင်းဌ် ရုပ်အပေါင်းကို၊ ဝေဒနာတို့ဌ် ဝေဒနာတို့ကို၊ စိတ်ဌ် စိတ်ကို၊ သဘောတရားဌ် သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။

ရဟန်းတို့ မည်သည့် ပုဂ္ဂိုလ် မဆို ဤ သတိပဋ္ဌာန် လေးပါး တို့ကို ခုနှစ်ရက် ပတ်လုံး ဤ ဟောပြသော နည်းဖြင့် ပွားများအုံ၊ ထိုပွားသော ပုဂ္ဂိုလ်အား မျက်မှောက် ဘဝဌ်ပင် အရဟတ္တဖိုလ် ဖြစ်စေ ဥပါဒါန် အကြွင်း ရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤ ဖိုလ်နှစ်ပါးတို့တွင် တပါးပါးသော ဖိုလ်ကို အမှန်ရပေမည်ဟု အလို ရှိအပ်၏။

ရဟန်းတို့ ဤ ခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်စေရန် စိုးရိမ် ပူပန်ခြင်း ငိုမကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်း တည်းသော ခရီးလမ်း ဖြစ်၏၊ ယင်းသည့် ခရီးလမ်းကား ဤ သတိပဋ္ဌာန် လေးပါးတို့ ပင်တည်း။

ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရား တော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူ ကြလေကုန် သတည်း။

—မဟာဝဂ္ဂ

အခြင်းအရာ အပြားအားဖြင့်

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းဌ် နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ "ရဟန်းတို့ ကိုလေသာတို့မှ လွတ်သော ဝိမောက္ခ

တို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့ နည်းဟူမူ သုညတ ဝိမောက္ခ, အနိမိတ္တ, ဝိမောက္ခ အပ္ပဏိဟိတ ဝိမောက္ခတို့တည်း။

သုညတ ဝိမောက္ခသည် အဘယ်နည်း-

ဤသာသနာ၌ ရဟန်းသည် တောသို့ကပ်၍ရင်း သစ်ပင်ရင်းသို့ ကပ်၍ရင်း ဆိတ်ငြိမ်ရာ ကျောင်းသို့ ကပ်၍ရင်း 'ဤခန္ဓာ ငါးပါး သည် ငါဟူသော အတ္တမှုရင်း ငါ၏ ဥစ္စာဟူသော အတ္တနိယမှုရင်း ဆိတ်သုဉ်း၏''ဟု ရှုဆင်ခြင်၏၊ ထိုပုဂ္ဂိုလ်သည် ထို ခန္ဓာ ငါးပါး၌ အတ္တဟု မှားသော နှလုံးသွင်းခြင်းကို မပြုတတ်၊ ထိုကြောင့် သုညတ ဝိမောက္ခ မည်၏။

အနိမိတ္တ ဝိမောက္ခသည် အဘယ်နည်း—

ဤသာသနာ၌ ရဟန်းသည် တောသို့ကပ်၍ရင်း သစ်ပင်ရင်းသို့ ကပ်၍ရင်း ဆိတ်ငြိမ်ရာ ကျောင်းသို့ ကပ်၍ရင်း "ဤ ခန္ဓာ ငါးပါး သည် ငါဟူသော အတ္တမှုရင်း ငါ၏ ဥစ္စာဟူသော အတ္တနိယမှုရင်း ဆိတ်သုဉ်း၏''ဟု ရှုဆင်ခြင်၏၊ ထိုပုဂ္ဂိုလ်သည် ထိုခန္ဓာ ငါးပါး၌ နိစ္စ နိမိတ်ကို မပြုတတ်၊ ထိုကြောင့် အနိမိတ္တ ဝိမောက္ခမည်၏။

အပ္ပဏိဟိတ ဝိမောက္ခသည် အဘယ်နည်း—

ဤ သာသနာ၌ ရဟန်းသည် တောသို့ကပ်၍ရင်း သစ်ပင်ရင်းသို့ ကပ်၍ရင်း ဆိတ်ငြိမ်ရာ ကျောင်းသို့ ကပ်၍ရင်း "ဤ ခန္ဓာငါးပါး သည် ငါဟူသော အတ္တမှုရင်း ငါ၏ ဥစ္စာဟူသော အတ္တနိယမှုရင်း ဆိတ်သုဉ်း၏''ဟု ရှုဆင်ခြင်၏၊ ထိုပုဂ္ဂိုလ်သည် ထို ခန္ဓာငါးပါး၌ တောင့်တခြင်း မပြုတတ်၊ ထိုကြောင့် အပ္ပဏိဟိတ ဝိမောက္ခ မည်၏။

—ပဋ္ဌိသမ္ဘိဒါမဂ္ဂ

သုညကထာ

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းဌာ နေတော်မှု၏၊ ထိုအခါ အရှင် အာနန္ဒာသည် မြတ်စွာဘုရား ရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား လောကသည် ဆိတ်သုဉ်း၏၊ လောကသည် ဆိတ်သုဉ်း၏ဟု ဆိုအပ်၏၊ အရှင်ဘုရား အဘယ်မျှဖြင့် လောကသည် ဆိတ်သုဉ်း၏ ဟု ဆိုအပ်ပါသနည်း" ဟု လျှောက်၏။

အာနန္ဒာ အကြင်ကြောင့် ငါဟူသော အတ္တမှုဌင်း ငါ၏ ဥစ္စာဟူသော အတ္တနိယမှုဌင်း ဆိတ်သုဉ်း၏၊ ထိုကြောင့် လောကသည် ဆိတ်သုဉ်း၏ဟု ဆိုအပ်၏။

အာနန္ဒာ အဘယ်သည် ငါဟူသော အတ္တမှုဌင်း ငါ၏ ဥစ္စာဟူသော အတ္တနိယမှုဌင်း ဆိုတ်သုဉ်းသနည်း—

အာနန္ဒာ မျက်စိသည် အဆင်းတို့သည် စက္ခုဝိညာဉ်သည် စက္ခုသမ္ဘဿသည် စက္ခုသမ္ဘဿကြောင့် ဖြစ်သော ခံစားအပ်သည့် သုခ ဒုက္ခ အဒုက္ခမသုခ သည်လည်း အတ္တမှုဌင်း အတ္တနိယမှုဌင်း ဆိတ်သုဉ်းကုန်၏။

နား အသံ နှာခေါင်း အနံ့တို့သည် ဆိတ်သုဉ်းကုန်၏၊ လျှာ အရသာတို့သည် ဆိတ်သုဉ်းကုန်၏၊ ကိုယ် အတွေ့အထိ တို့သည် ဆိတ်သုဉ်းကုန်၏၊ စိတ်သည် ဓမ္မတရားတို့သည် မနောဝိညာဉ်သည် မနောသမ္ဘဿသည် မနောသမ္ဘဿကြောင့်ဖြစ်သော ခံစားအပ်သည့် သုခ ဒုက္ခ ဥပေက္ခာတို့သည်လည်း အတ္တမှုဌင်း အတ္တ၏ ဥစ္စာမှုဌင်း ဆိတ်သုဉ်းကုန်၏၊ အာနန္ဒာ ယင်းသို့ ဆိတ်သုဉ်းသောကြောင့် လောကသည် ဆိတ်သုဉ်း၏ဟု ဆိုအပ်၏။

သမ္မာဇဉ်နှင့် ပြည့်စုံသော ရဟန္တာ၏ မစ္စလမ်းမှ၍ ပရိနိုဗွာန် ပြုခြင်းသည် ဆိတ်သုဉ်းခြင်း အာဃာတိုက် မြတ်သော သဘော ဖြစ်သော ဆိတ်သုဉ်းခြင်းတည်း။

—ပဋိသမ္ဘိဒါမဂ္ဂ

အရမ်းမယုံလင့်

ကာလာမတို့ သင်တို့ လာကြကုန်၊
ပြောသံ ကြားကာမျှဖြင့်လည်း,
အစဉ်အဆက် စကားမျှဖြင့်လည်း,
ဤသို့ ဖြစ်ဘူးသတတ် စကားဖြင့်လည်း,
ပိဋကနှင့် ညီညွတ်ပေသည် ဟူ၍လည်း,
ကြံဆ တွေးတောခြင်း မျှဖြင့်လည်း,
နည်းမှီး ယူခြင်း မျှဖြင့်လည်း,
အခြင်းအရာကို ကြံစည်ခြင်း မျှဖြင့်လည်း,
ယူထားသော အယူနှင့် ညီတူ၏ဟုလည်း,
မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း,
ငါတို့ လေးစားအပ်သော ရဟန်း၏ စကားဟုလည်း-
မယူကုန်လင့်ဦး။

—အင်္ဂုတ္တရ

ဃရုဝါဒ

ချုပ်ခြင်း နိုရောဓ

နိဗ္ဗာန် ပြဿနာနှင့် ပတ်သက်၍ မိလိန္ဒ မင်းကြီးက မေး၍ ရှင်နာဂသေန ဖြေဆိုလေသည်။

အရှင်နာဂသေန ချုပ်ခြင်းသည် နိဗ္ဗာန် မည်ပါသလော-

မင်းမြတ် ချုပ်ခြင်းသည် နိဗ္ဗာန် မည်၏။

အရှင်နာဂသေနဲ့ အဘယ်သို့လျှင် ချုပ်ခြင်းသည် နိဗ္ဗာန် မည်ပါသနည်း—

မင်းမြတ် ပုထုဇဉ် အားလုံးတို့သည် အတွင်း အပဖြစ်သော အာယတနတို့ကို အလွန် နှစ်သက်ကုန်၏၊ အလွန် စွဲလမ်း ပြောဆိုကုန်၏၊ အဆုံးတိုင် သက်ဝင်၍ တည်ကုန်၏၊ ထိုသူတို့သည် ထိုတဏှာ ရေအယဉ်ဖြင့် မျောပါကုန်၏၊ ပဋိသန္ဓေ နေရခြင်း အိုရခြင်း သေရခြင်း ပူဆွေးရခြင်း ငိုကြွေးရခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်း ဘေးတို့မှ မလွတ်ကုန်၊ ဆင်းရဲအပေါင်းမှ မလွတ်ကုန်၊ မင်းမြတ် ထိုမှ ပြန်သော နည်းအားဖြင့် အကြားအမြင်ရှိသော အရိယာ တပည့်သည်ကား အတွင်း အပဖြစ်သော အာယတနတို့ကို အလွန် နှစ်သက်မှု မရှိ၊ အလွန် စွဲလမ်း ပြောဆိုမှု မရှိ၊ အဆုံးတိုင် သက်ဝင်၍ မတည်၊ ထိုအရိယာ တပည့်အားတပ်မက်မှု တဏှာ ချုပ်၏၊ ထိုကြောင့် စွဲလမ်းမှု ဥပါဒါန် ချုပ်၏၊ ထိုကြောင့် ဘဝချုပ်၏၊ ထိုကြောင့် ပဋိသန္ဓေ နေရခြင်း ဇာတိ ချုပ်၏၊ ထိုကြောင့် အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံး မသာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့ ချုပ်ကုန်၏၊

ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုချုပ်၏၊ မင်းမြတ် ဤသို့လျှင် ချုပ်ခြင်းသည် နိဗ္ဗာန်မည်၏။

နိဗ္ဗာန်ရခြင်း

အရှင် နာဂသေန အလုံးစုံသော လူတို့သည်ပင် နိဗ္ဗာန်ကို ရကုန်ပါသလော—

မင်းမြတ် အလုံးစုံသော သူတို့ နိဗ္ဗာန်ကို မရကုန်၊ စင်စစ်သော် ကား ကောင်းစွာ ကျင့်သည်ဖြစ်၍ သိအပ်သော ဒုက္ခသစ္စာ တရား တို့ကို ဉာဏ်ဖြင့် ရှေးရှုသိ၏၊ ပိုင်းခြားရ သိအပ်သော ဒုက္ခသစ္စာ တရားတို့ကို ပိုင်းခြားရ သိ၏၊ ပယ်အပ်သော သမုဒယ သစ္စာတရား တို့ကို ပယ်စွန့်၏၊ ပွားများအပ်သော မဂ္ဂသစ္စာ တရားတို့ကို ပွား များ၏၊ မျက်မှောက် ပြုအပ်သော နိရောဓ သစ္စာ တရားတို့ကို မျက်မှောက် ပြုသူသည်သာ နိဗ္ဗာန်ကိုရ၏၊

နိဗ္ဗာန်ချမ်းသာ

အရှင် နာဂသေန နိဗ္ဗာန်ကို မရသူသည် နိဗ္ဗာန်သည် ချမ်းသာ ၏ဟု သိပါသလော—

မင်းမြတ် နိဗ္ဗာန်ကို မရသေးသူသည် နိဗ္ဗာန်သည် ချမ်းသာ၏ဟု သိနိုင်၏။

အရှင်နာဂသေန မရသေးဘဲလျက် နိဗ္ဗာန်သည် ချမ်းသာ၏ဟု အဘယ်သို့ သိနိုင်ပါသနည်း-

မင်းမြတ် ထိုအရာကို အဘယ်သို့ မှတ်ထင်ဘာနည်း၊ လက်ခြေ မပြတ်သူတို့ဘည် လက်ခြေ၏ ပြတ်ခြင်းသည် ဆင်းရဲ၏ဟု သိနိုင်ကုန် ရာသလော—

အရှင်ဘုရား ဟုတ်ပါ၏၊ သိနိုင်ကုန်ရာပါ၏။

အဘယ်သို့ သိနိုင် ကုန်ရာသနည်း—

အရှင်ဘုရား အခြားတပါး လက်ခြေပြတ်ကုန်သော သူတို့၏ ဝိုင်ကြွားသံကို ကြားရ၍ လက်ခြေ ပြတ်ခြင်းသည် ဆင်းရဲ၏ဟု သိပါကုန်၏။

မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် မြင်အပ်သူတို့ ပြောဆိုသံကြားရ၍ နိဗ္ဗာန်သည် ချမ်းသာ၏ဟု သိ၏။

ထိုးတွင်း သိခြင်း

အရှင် နာဂသေန ကောင်းစွာ ကျင့်သူ အားလုံး တို့အားပင် မဂ်ဖိုလ်တရားကို ထိုးထွင်း သိခြင်း ဖြစ်ပါသလော၊ သို့မဟုတ် အချို့သူအား တရားကို ထိုးထွင်းသိခြင်း မဖြစ်ပါသလော-

မင်းမြတ် အချို့သူအား တရားကို ထိုးထွင်း သိခြင်းဖြစ်၏၊ အချို့သူအား မဖြစ်။

အရှင်ဘုရား အဘယ် ပုဂ္ဂိုလ်အား ဖြစ်ပါသနည်း၊ အဘယ် ပုဂ္ဂိုလ်အား မဖြစ်ပါသနည်း—

မင်းမြတ် တိရစ္ဆာန်, ပြိတ္တာ, မိစ္ဆာ ဒိဋ္ဌိ, ကောက်ကျစ် စဉ်းလဲသူ, အမိ သတ်သူ, အဖ သတ်သူ, ရဟန္တာ သတ်သူ, သံဃာကို သင်းခွဲသူ, ဘုရားကို သွေးစိမ်းတည်အောင် ပြုသူ, ရဟန်းအသွင် ခိုးသူ, တတ္ထိ, ဂရုက အာပတ်သင့်သူ, ပဏ္ဍုပ်, ဥဘတောဗျည်း, ခုနစ် နှစ်အောက် ငယ်သူ ဤသူ တို့အား ကောင်းစွာ ကျင့်ကြံသော်လည်း မဂ်ဖိုလ် တရားကို ထိုးထွင်း၍ သိမြင်း မဖြစ်နိုင်။

အရှင်ဘုရား အဆိုပါ တကျိပ် ငါးယောက်တို့သည် သာသနာနှင့် ဆန့်ကျင်ကုန်၏၊ ထိုသူတို့အား တရားကို ထိုးထွင်း၍ သိခြင်း

ဖြစ်မှု ဖြစ်ပါစေ၊ မဖြစ်လျှင်လည်း မဖြစ်ပါစေ၊ ခုနစ်နှစ်အောက် ငယ်သည့် လူဖြစ်သော သူငယ်အား ကောင်းစွာ ကျင့်လျက်လည်း တရားကို ထိုးထွင်း၍ သိခြင်းသည် အဘယ်ကြောင့် မဖြစ်ပါသနည်း၊ သူငယ်အား ရှာဂ, ဒေါသ, မောဟ, မာန, မိစ္ဆာဒိဋ္ဌိတို့ မဖြစ်၊ မမေ့လျော့ခြင်း မဖြစ်၊ ကာမဂုဏ် ကြံစည်မှု မဖြစ်၊ ကိလေသာ တို့နှင့် မရောနှောသေး၊ ထိုသို့သော သူငယ် ဖြစ်လျက်လည်း သစ္စာ လေးပါး တို့ကို တကြိမ်တည်း ထိုးထွင်း၍ သိခြင်းငှာ သင့်လျော် လျောက်ပတ် ထိုက်တန်ရမည် မဟုတ်တုံလော-

မင်းမြတ် ငါသည် ခုနစ်နှစ်အောက် ငယ်သော သူငယ်အား တရားကို ထိုးထွင်း၍ သိခြင်း မဖြစ်ဟု ဆိုခြင်းပင်လျှင် ဤအရာ၌ အကြောင်းတည်း၊ မင်းမြတ် ခုနစ်နှစ်အောက် ငယ်သောသူငယ် သည် အကယ်၍ တပ်မက်ဖွယ် အာရုံ၌ တပ်မက်ငြားအုံ၊ ပြစ်မှား ဖွယ် အာရုံ၌ ပြစ်မှားငြားအုံ၊ တွေ့ဝေဖွယ် အာရုံ၌ တွေ့ဝေငြားအုံ၊ မာန်ယစ်ဖွယ်အာရုံ၌ မာန်ယစ်ငြားအုံ၊ အယူမှား အမှန်ကို ခွဲခြား၍ သိငြားအုံ၊ မေ့လျော့ဖွယ် မမေ့လျော့ဖွယ် အာရုံကို ခွဲခြား၍ သိငြားအုံ၊ ကုသိုလ် အကုသိုလ်ကို ကြံစည်ငြားအုံ၊ ထိုသူငယ်အား တရားကို ထိုးထွင်း၍ သိခြင်း ဖြစ်ရာ၏၊ စင်စစ် ထိုသူငယ်၏ စိတ် သည်အားမရှိ၊ အားနည်း၏၊ သေး၏၊ ငယ်၏၊ နည်းပါး၏၊ နှုန့် နှေး၏၊ မထင်ရှားသေး၊ အသခ်ိတ နိဗ္ဗာန ဓာတ်သည် လေး၏၊ ဝန်လေး၏၊ ပြန့်ပြော၏၊ ကြီးကျယ် မြင့်မြတ်၏၊သူငယ်သည် ထိုစိတ် ဖြင့် အင်အား ကြီးမား လှသော နိဗ္ဗာနဓာတ်ကို ထိုးထွင်း သိရန် မစွမ်းနိုင်။

မင်းမြတ် ဥပမာအားဖြင့် မြင့်မိုရ်တောင်ကို မိမိ၏ ပကတိသော အားအစွမ်း လုံ့လဖြင့် တုတ်ဆောင်ခြင်းငှာ စွမ်းနိုင်ရာသလော=

အရှင်ဘုရား မစ္စမ်းနိုင်ပါ။

မင်းမြတ် အဘယ် အကြောင်းကြောင့်နည်း--

အရှင်ဘုရား ယောကျ်ား၏ အားသေးသည် အဖြစ်နှင့် မြင့်မိုရ်တောင်၏ ကြီးကျယ်သည်၏ အဖြစ်ကြောင့်ပါတည်း။

မင်းမြတ် ဤအတူသာလျှင် သူ၏စိတ်သည် အားသေးသည်၏ အဖြစ်နှင့် နိဗ္ဗာနဓာတ်သည် အားကြီးသည် အဖြစ်ကြောင့် ထိုးထွင်းသိခြင်းငှာ မဖြစ်နိုင်။

မင်းမြတ် ဥပမာ တနည်း သော်ကား ဤမြေကြီးသည် ရှည်လျား၏၊ ထူ၏၊ ကျယ်ပြန့်၏၊ ထိုမြေကြီးကို အနည်းငယ်သော ရေပေါက်ကလေးဖြင့် ဆွတ်ဖြန်း၍ ရှုံ့ညွန်ပြုရန် တတ်ကောင်းပါမည်လော--

အရှင်ဘုရား မတတ်ကောင်းပါ။

မင်းမြတ် အဘယ် အကြောင်းကြောင့်နည်း--

အရှင်ဘုရား ရေပေါက်၏ နည်းသည်၏ အဖြစ်နှင့် မြေကြီး၏ ကြီးကျယ်သည်၏ အဖြစ်ကြောင့်ပါတည်း။

မင်းမြတ် ဤအတူသာလျှင် သူငယ်၏ စိတ်သည် အားနည်းသည်၏ အဖြစ်နှင့် နိဗ္ဗာနဓာတ်၏ ကြီးကျယ်သည်၏ အဖြစ်ကြောင့် သူငယ်သည် တရားကို ထိုးထွင်းသိခြင်းငှာ မဖြစ်နိုင်။

မင်းမြတ် ဥပမာ တနည်းသော်ကား စွမ်းအား မရှိ၊ သေးငယ်နှုန့်နှေး မထင်ရှား သေးငယ်သော မီးသည် နှတန့်ကဏ္ဍသော လောကဌ အမိုက်တိုက်ကို မှုတ်လွှင့် ပယ်ဖျောက်၍ အရောင်းလင်းပြခြင်းငှာ တတ်ကောင်းပါမည်လော-

အရှင်ဘုရား မတတ်ကောင်းပါ။

မင်းမြတ် အဘယ် အကြောင်းကြောင့်နည်း-

အရှင်ဘုရား မိုးဇော် နှုန့်သည် အဖြစ်နှင့် လောကဇော် ကြီးကျယ်သည်ဇော် အဖြစ်ကြောင့်ပါတည်း။

မင်းမြတ် ဤအတူသာလျှင် သူငယ်ဇော်စိတ် နှုန့်သည်ဇော် အဖြစ်နှင့် နိဗ္ဗာနဓာတ်ဇော် ကြီးကျယ် သည်ဇော် အဖြစ်ကြောင့် သူငယ်သည် တရားကို ထိုးထွင်း သိခြင်းငှာ မစွမ်းနိုင်။

မင်းမြတ် ဥပမာ တနည်းသော်ကား ရောဂါရှိသော ကြွက်လို့သော အဏုမြူနှင့် နှိုင်းရှည်အပ်သော ကိုယ်ရှိသော ကမျည်းနီ မည်သော ပိုးသည် မိမိ နေရာဌာနသို့ ကပ်ရောက်လာသော ဆင်ပြောင်ကြီးကို မြင်ရ၍ မျိုခြင်းငှာ စွမ်းနိုင်ပါအံ့လော-

အရှင်ဘုရား မစွမ်းနိုင်ပါ။

မင်းမြတ် အဘယ် အကြောင်းကြောင့်နည်း-

အရှင်ဘုရား ကမျည်းနီ ပိုးကောင်ကား သေးငယ်၍ ဆင်ပြောင်ကြီးက ကြီးမားသောကြောင့် ပါတည်း။

မင်းမြတ် ဤအတူ သာလျှင် ခုနစ်နှစ်အောက်ငယ်သော သူငယ်ဇော် စိတ်သည် အားမရှိ၊ အားသေးဇော်၊ ငယ်ဇော်၊ နည်းပါးဇော်၊ နှုန့်နှေးဇော်၊ မထင်ရှားသေး၊ အသခ်ၢတ နိဗ္ဗာနဓာတ်သည် ကြီးကျယ်မြင့်မြတ်ဇော်၊ ထိုကြောင့် သူငယ်အား ၄ကောင်းစွာ ကျင့်သော်လည်း တရားကို ထိုးထွင်းသိခြင်းငှာ မဖြစ်နိုင်။

ကေန် ချမ်းသာ အတိ

အရှင် နာဂဂသေန နိဗ္ဗာန်သည် ကေန် ချမ်းသာအတိ ဖြစ်ပါ၏သလော၊ သို့မဟုတ် ဆင်းရဲနှင့် ရောပြွမ်းပါသေး သလော—

မင်းမြတ် နိဗ္ဗာန်သည် ကေန် ချမ်းသာ အတိဖြစ်၍ ဆင်းရဲနှင့် မရောပြွမ်းပေ။

အရှင် ထိုစကားကို အကျွန်ုပ်တို့ မယုံကြည်နိုင်ပါကုန်၊ နိဗ္ဗာန်ကို ရှာမှီး သူတို့သည် ကိုယ်စိတ်၏ အားထုတ်ခြင်း အလွန်အားထုတ်ခြင်း ရပ်ခြင်း သွားခြင်း အိပ်ခြင်း စားသောက်ရခြင်းတို့၌ သိမ်းဆည်းခြင်း ငိုက်မျဉ်းခြင်းကို ပိတ်ပင် တားဆီးရခြင်း အာယတနတို့ကို ဖိနှိပ်ခြင်း ဥစ္စာစပါး ချစ်ခင်သူ ဆွေမျိုး မိတ်ဆွေ သင်္ဂဟတို့ကို စွန့်ပစ်ရခြင်းကို တွေ့မြင်ရပါ၏၊ လောကဌ် ချမ်းသာ သူတို့သည် ကာမဂုဏ် ၅ ပါးပါးတို့ဖြင့် အာယတနတို့ကို မွေ့လျော်စေကုန်၏၊ နှစ်သက်ဖွယ် ရှိသော များပြား စွာသော အဆင်းဖြင့် မျက်စိကို၊ သိဆို တီးမှုတ်ခြင်း အသံဖြင့် နှာကို၊ ပန်း သစ်သီး အရက် အခေါက် အမြစ် အနှစ် အနံ့ဖြင့် နှာခေါင်းကို၊ ခဲဖွယ် စားဖွယ် လျက်ဖွယ် သောက်ဖွယ် အရသာဖြင့် လျှာကို၊ သိမ်မွေ့နူးညံ့ ပျော့ပျောင်း ချောမွတ်သော အတွေ့ဖြင့် ကိုယ်ကို၊ အကြံအစည်ကို နှလုံးပြုသဖြင့် စိတ်ကို မွေ့လျော်စေပါကုန်၏၊ တိုးပွားစေပါကုန်၏၊ အရှင် တို့သည် ထို မျက်စိ နှာ နှာခေါင်း လျှာ ကိုယ် စိတ်တို့၏ တိုးပွားခြင်းကို ပယ်ဖျက်ပါကုန်၏၊ နှိပ်စက်ပါကုန်၏၊ ဖြတ်ကြပါကုန်၏၊ ပြင်းစွာ ဖြတ်ကြပါကုန်၏၊ ထိုကြောင့် ကိုယ်စိတ် ပူလောင်ပါ၏၊ ထိုကြောင့် ဒုက္ခ ဝေဒနာကို ခံစားရ၏၊ မာဂဏ္ဍိယ မည်သော ပရိဗိုဇ်သည်လည်း မြတ်စွာဘုရားကို ကဲ့ရဲ့လျက်- "ရဟန်း ဂေါတမသည် ကြီးပွားမှုကို ဖျက်ဆီးတတ်၏" ဟု ဆိုခဲ့သည် မဟုတ်လော၊ ထိုကြောင့် နိဗ္ဗာန်သည် ဆင်းရဲနှင့် ပြွမ်း၏။

မင်းမြတ် နိဗ္ဗာန်သည် ဆင်းရဲနှင့် မပြွမ်း၊ စင်စစ် ချမ်းသာ အတိဖြစ်၏၊ ဘာင်ဆိုသော ထိုဆင်းရဲသည် နိဗ္ဗာန် မမည်ပေ၊ ယင်းဆင်းရဲ ဒုက္ခသည် နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်း၏ ရှေးအဘို့ပေ

တည်း၊ ဤနေရာ၌ အကြောင်းကို ဆိုဦးအုံ့၊ မင်းမြတ် မင်းတို့အား မင်းစည်းစိမ် ချမ်းသာမည်သည် ရှိသလော-

အရှင် ဘုရား မင်းတို့အား မင်းစည်းစိမ် ချမ်းသာသည် ရှိပါ၏။

မင်းမြတ် ထိုမင်းစည်းစိမ် ချမ်းသာသည် ဆင်းရဲနှင့် ရောပြွမ်းသလော-

အရှင်ဘုရား မရောပြွမ်းပါ။

မင်းမြတ် တိုင်းစွန်း ပြည်နား လှုပ်ရှား ထကြွခဲ့သော် ထိုမင်းသည် ထကြွ သောင်းကျန်းသူတို့ကို တားမြစ်ရန် မှူးမတ် ဗိုလ်ပါတို့ဖြင့် ခြံရံလျက် တိုင်းစွန် ပြည်နားသို့ သွား၍ ခြင် မှက် လေ နေပူတို့ နှိပ်စက် ခံရကုန်လျက် ညီညွတ်သော အရပ် မညီညွတ်သော အရပ်သို့ အဘယ်ကြောင့် ပြေးသွားကုန်သနည်း အဘယ်ကြောင့် ကြီးကျယ်သော စစ်တိုက်ခြင်း ကိုလည်း ပြုရကုန် သနည်း၊ အဘယ်ကြောင့် အသက် ရှင်ရမည် သေရမည် တွေးတော ယုံမှားခြင်းသို့လည်း ရောက်ရကုန်သနည်း။

အရှင်ဘုရား ထိုသို့ ပြုလုပ်ရခြင်းသည် မင်းချမ်းသာ မဟုတ်ပါ၊ ဤသို့ ပြုလုပ်ရခြင်းသည် ချမ်းသာကို ရှာမှီးခြင်း၏ ရှေးအဘို့ပါတည်း၊ မင်းတို့သည် ဆင်းရဲဖြင့် မင်းအဖြစ်ကို ရှာမှီး၍ မင်းချမ်းသာကို ခံစားရကုန်၏၊ မင်းချမ်းသာသည် ဆင်းရဲနှင့် မပြွမ်းပါ၊ ချမ်းသာနှင့် ဆင်းရဲသည် တခြားတပါးစီ ဖြစ်ပါသည်။

မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိ ဖြစ်၏၊ ဆင်းရဲနှင့် မရောပြွမ်း၊ ကိုယ်စိတ်ကို ပူလောင်စေခြင်းစသည်ဖြင့် နိဗ္ဗာန်ကို ရှာမှီး၍ စစ်စစ် ချမ်းသာသော နိဗ္ဗာန်ကို ခံစားရကုန်၏။

မင်းမြတ် အတတ်ပညာရှင် ဆရာတို့အား အတတ်ပညာ ချမ်းသာမည်သည် ရှိသည် မဟုတ်လော-

အရှင်ဘုရား အတတ်ပညာရှင် ဆရာ တို့အား အတတ် ပညာ ချမ်းသာသည် ရှိပါ၏၊

မင်းမြတ် ထိုအတတ်ပညာ ချမ်းသာသည် ဆင်းရဲနှင့် ရောပြွမ်းသလော—

အရှင်ဘုရား မရောပြွမ်းပါ။

မင်းမြတ် ထိုအတတ် ပညာရှင် ဆရာတို့သည် မိမိ ဆရာကြီးတို့အား ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်းဖြင့်ရင်း ရေခပ်ခြင်း အိမ်ကို တံမြက်လှည်းခြင်း တံပူကမ်းခြင်း မျက်နှာသစ်ရေကို ပေးဆက်ခြင်း စားကြွင်းကို ခံယူခြင်း အဝတ်အခြုံ ပြုလုပ်ခြင်း ချိုးရေပေးခြင်း ခြေလက် ဆုပ်နယ်ခြင်းဖြင့်ရင်း မိမိစိတ်ကို ချထားရ၍ သူတပါး စိတ်အလိုသို့ လိုက်ရခြင်းဖြင့် ဆင်းရဲစွာ အိပ်ရခြင်း မည်မည့်တ်သော အစာကို စားရခြင်းဖြင့် ကိုယ်ကို အဘယ်ကြောင့် ပူပန်စေရပါကုန်သနည်း-

အရှင်ဘုရား ဤသို့ ပြုလုပ်ရခြင်းသည် အတတ်ပညာ ချမ်းသာ မဟုတ်ပါ၊ အတတ်ပညာ ချမ်းသာကို ရှာမှီးခြင်း၏ ရှေးအာဘို့ ပါတည်း ဆင်းရဲဖြင့် အတတ်ပညာကို ရှာမှီး၍ အတတ်ပညာ ချမ်းသာကို ခံစားရပါကုန်၏၊ အတတ် ပညာ ချမ်းသာသည် ဆင်းရဲနှင့် မရောပြွမ်း၊ ချမ်းသာနှင့် ဆင်းရဲသည် တခြားစီပါတည်း၊

မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် စင်စစ် ချမ်းသာအတိ ဖြစ်၏၊ ဆင်းရဲနှင့် မရောပြွမ်း၊ ထိုနိဗ္ဗာန် ရှာမှီးသူတို့သည် ကိုယ်စိတ်ကို ပူလောင်စေ၍ ရပ်ခြင်း သွားခြင်း ထိုင်ခြင်း လျောင်းခြင်း စားသောက်ခြင်းတို့ကို ချုပ်တည်း သိမ်းဆည်းကာ ငိုက်မျဉ်းခြင်းကို

ပိတ်ပင် တားဆီးလျက် စက္ခုစသော အာယတနတို့ကို ဖိနှိပ်ပြီးလျှင် ကိုယ်အသက်ကို စွန့်လျက် ဆင်းရဲဖြင့် နိဗ္ဗာန်ကို ရှာမှီး၍ စင်စစ် ချမ်းသာ အတိ ဖြစ်သော နိဗ္ဗာန်ကို ခံစား ရကုန်၏၊ မင်းမြတ် ဤသို့လျှင် နိဗ္ဗာန်သည် စင်စစ် ချမ်းသာ အတိဖြစ်၏၊ ဆင်းရဲနှင့် မရောပြွမ်း၊ ဆင်းရဲသည် တခြား နိဗ္ဗာန်သည် တခြားတည်း။

နိဗ္ဗာန်၏ အဆင်းသဏ္ဌာန်

အရှင် နာဂသေန နိဗ္ဗာန် နိဗ္ဗာန် ဟုဆို၏၊ ထို နိဗ္ဗာန်၏ အဆင်းသဏ္ဌာန် အရှယ် အတိုင်း အရှည်ကို ဥပမာအားဖြင့် ဖြစ်စေ အကြောင်းအားဖြင့်ဖြစ်စေ အသင့်ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ဆောင်ပြခြင်းငှာ တတ်နိုင်ပါသလော—

မင်းမြတ် နိဗ္ဗာန်သည် အတူ မရှိ၊ နိဗ္ဗာန်၏ အဆင်း သဏ္ဌာန် အရှယ် အတိုင်း အရှည်ကို ဥပမာအားဖြင့် ဖြစ်စေ အကြောင်းအားဖြင့် ဖြစ်စေ အသင့် ယုတ္တိအားဖြင့် ဖြစ်စေ နည်းအားဖြင့် ဖြစ်စေ ဆောင်ခြင်းငှာ မတတ်နိုင်ပေ။

အရှင်ဘုရား အရှိသဘောဖြစ်သော နိဗ္ဗာန်၏ အဆင်းစသည်ကို ဥပမာစသည်ဖြင့် ထင်ရှား မပြနိုင်သော စကားကိုလည်း အကျွန်ုပ်လက် မခံနိုင်ပါ။ အကြောင်းအားဖြင့် အကျွန်ုပ်ကို သိမှတ်စေတော်မူပါလော—

မင်းမြတ် မဟာသမုဒ္ဒြာ မည်သည် ရှိသည် မဟုတ်လော—

အရှင်ဘုရား ဤ မဟာသမုဒ္ဒြာသည် ရှိပါ၏၊

မင်းမြတ် တစုံတယောက်က မဟာသမုဒ္ဒြာ၌ ရေသည် အဘယ်မျှလောက် ရှိသနည်း၊ သတ္တဝါတို့သည် အဘယ်မျှလောက် ရှိကုန်သနည်းဟု မေးသော် အဘယ်သို့ ဖြေကြားမည်နည်း—

အရှင်ဘုရား ဤ အမေးမျိုးကို မဖြေဘဲသာ ထားထိုက်၏။ လောကကို ကြံစည်ပြောကြားသော လူတို့သည် မဟာ သမုဒ္ဒရာကို မဝေဘန်ထိုက်။

မင်းမြတ် သင်သည် အရှိ သဘောရှိသော မဟာသမုဒ္ဒရာ၌ အဘယ်ကြောင့် ဤသို့ စကားတို့ ပေးရသနည်း၊ ရေတွက်၍ ပြောကြားအပ်သည် မဟုတ်လော—

အရှင်ဘုရား မတတ်နိုင်ပါ၊ မေးထိုက်သော ပြဿနာ မဟုတ်ပါ။

မင်းမြတ် ဤ အတူလျှင် အရှိသဘောဖြစ်သော နိဗ္ဗာန်၏ အဆင်း သဏ္ဌာန် အရွယ် အတိုင်းအရှည်ကို ဥပမာ စသည်ဖြင့် ဆောင်ပြခြင်းငှာ မတတ်နိုင်၊ မင်းမြတ် စိတ်ကို လေ့လာပြီးသော တန်ခိုးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မဟာသမုဒ္ဒရာ၌ ရေကို ခြင်တွယ်မည် ဆိုသော် ခြင်တွယ်နိုင်ရာသေး၏၊ ထို မဟာသမုဒ္ဒရာ၌ မြို့နေသော သတ္တဝါတို့ကိုလည်း ရေတွက်မည်ဆိုသော် ရေတွက်နိုင်ရာသေး၏၊ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်၏ အဆင်း သဏ္ဌာန် အတိုင်း အရှည်ကို ဥပမာစသည်ဖြင့် ဆောင်ပြခြင်းငှာ မတတ်နိုင်။

မင်းမြတ် ဗြဟ္မာတို့တွင် အရူဝဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့ ရှိသည် မဟုတ်လော—

အရှင်ဘုရား ရှိပါကုန်၏။

မင်းမြတ် ထို အရူပ ဗြဟ္မာတို့၏ အဆင်း သဏ္ဌာန် အရွယ် အတိုင်းအရှည်ကို ဥပမာစသည်ဖြင့် ဆောင်ပြခြင်းငှာ တတ်နိုင်ပါ သလော—

အရှင်ဘုရား မတတ်နိုင်ပါ။

မင်းမြတ် ထိုသို့ဖြစ်မူကား အရူပဘုံ၌ ဗြဟ္မာတို့ မရှိပါကုန် သလော။

အရှင်ဘုရား ထိုဘုံ၌ ဗြဟ္မာတို့ ရှိပါကုန်၏၊ သို့ရာတွင် ဥပမာ စသည်ဖြင့် ဆောင်ပြခြင်းငှာ မတတ်နိုင်ပါ၊

မင်းမြတ် ဤ အတူသာလျှင် အရှိသဘောသာလျှင် ဖြစ်သော နိဗ္ဗာန်၏ အဆင်းစသည်ကို ဥပမာ စသည်ဖြင့် ဆောင်ပြခြင်းငှာ မတတ်နိုင်ပါ။

အရှင်ဘုရား ထိုသို့ ဆောင်ပြခြင်းငှာ မတတ်နိုင်လျှင် ရှိပါစေ တော့၊ အခြားသူတို့ သက်ဝင်နိုင်သော ဥပမာ ထုတ်ဆောင်ခြင်း မျှဖြစ်သော တစုံတခုသော နိဗ္ဗာန်၏ ဂုဏ်ကျေးဇူး ရှိပါသလော-

မင်းမြတ် သရုပ် သကောင်အားဖြင့် မရှိ၊ ဂုဏ်ကျေးဇူးအားဖြင့် မူကား စိုးစဉ်မျှသော ဥပမာ ညွှန်ပြခြင်းမျှကို ဆောင်ပြခြင်းငှာ တတ်နိုင်ပါ၏- ပဒုမာကြာသည် ရေဖြင့် မလိမ်းကျံ သကဲ့သို့ နိဗ္ဗာန်သည် ကိလေသာတို့ဖြင့် မလိမ်းကျံ၊ ရေသည် အေးမြသကဲ့သို့ ပူလောင်ခြင်းကို ငြိမ်းစေသကဲ့သို့ နိဗ္ဗာန်သည်အေးမြ၏၊ ကိလေသာ ပူလောင်မှုကိုငြိမ်းစေတတ်၏၊ နောက်တမျိုးကား ရေသည် ပင်ပန်း ခြောက်ကပ် မှုတ်သိပ်နေပူခြင်းတို့ဖြင့် နှိပ်စက်အပ်ကုန်သောသတ္တဝါ တို့၏ မှုတ်သိပ်ခြင်းကို ပယ်ဖျောက်နိုင်သကဲ့သို့ နိဗ္ဗာန်သည် တဏှာ မှုတ်သိပ်ခြင်းကို ပယ်ဖျောက်တတ်၏၊ ဆေးသည် အဆိပ်ဖြင့် နှိပ်စက် ခြင်း ခံရကုန်သော သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်သကဲ့သို့ နိဗ္ဗာန် သည် ကိလေသာ အဆိပ်ဖြင့် နှိပ်စက်ခြင်း ခံရကုန်သော သတ္တဝါ တို့၏ ကိုးကွယ်ရာဖြစ်၏၊ နောက်တမျိုးကား ဆေးသည် အနာ ရောဂါတို့၏ အဆုံးကို ပြုတတ် သကဲ့သို့ နိဗ္ဗာန်သည် ဝဋ္ဋဆင်းရဲ တို့၏ အဆုံးကိုပြုတတ်၏၊ နောက်တမျိုးကား ဆေးသည် အသက်ကို မသေစေနိုင်သကဲ့သို့ နိဗ္ဗာန်သည် မသေစေနိုင်။

မဟာသမုဒ္ဒြာသည် အလုံးစုံသော အကောင်ပုပ်တို့မှ ဆိတ်သုဉ်းသကဲ့သို့ နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာပုပ်တို့မှဆိတ်သုဉ်း၏။ နောက်တမျိုးကား မဟာသမုဒ္ဒြာသည် ကြီးကျယ်၏။ ထိုမှာ ဘက်ကမ်းမရှိ၊ အလုံးစုံသော မြစ်တို့ဖြင့် မပြည့်နိုင်သကဲ့သို့ နိဗ္ဗာန်သည် ကြီးကျယ်၏။ ထိုမှာဘက်ကမ်းမရှိ၊ အလုံးစုံသော သတ္တဝါတို့ဖြင့် မပြည့်နိုင်၊ နောက်တမျိုးကား မဟာသမုဒ္ဒြာသည် ကြီးကုန်သော သတ္တဝါတို့၏ နေရာဖြစ်သကဲ့သို့ နိဗ္ဗာန်သည် ကြီးမြတ်ကုန်သော ရဟန္တာတို့၏ နေရာဖြစ်၏၊ နောက်တမျိုးကား မဟာသမုဒ္ဒြာသည် မနှိုင်းရှည် အပ်သော အထူးထူး အပြားပြား ပြန့်ပြောသော လှိုင်းတံပိုးတို့ဖြင့် ပြည့်သကဲ့သို့ နိဗ္ဗာန်သည် မနှိုင်းရှည်အပ်သော အထူးထူးအပြားပြား ပြန့်ပြောသောအသိဉာဏ် ဝိဇ္ဇာ လွတ်မြောက်မှု ဝိမုတ္တိ ပန်းတို့ဖြင့် ပြည့်၏။

ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့အား အသက်ကို ဆောင်သကဲ့သို့ နိဗ္ဗာန်သည် မိမိကို မျက်မှောက် ပြုသူတို့အား အိုခြင်း သေခြင်း ပျက်စီးခြင်းမှ အသက်ကို ဆောင်ထား တတ်၏။ နောက်တမျိုးကား ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့အား အားကို တိုးပွားစေသကဲ့သို့ နိဗ္ဗာန်သည် မိမိကို မျက်မှောက်ပြုသော သတ္တဝါ အားလုံးအား တန်ခိုးအားကို တိုးပွားစေ၏။ နောက်တမျိုးကား ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့အား အဆင်းကို ဖြစ်စေသကဲ့သို့ နိဗ္ဗာန်သည် မိမိကို မျက်မှောက်ပြုသော သတ္တဝါ အားလုံးတို့အား ဂုဏ်တည်းဟူသော အဆင်းကို ဖြစ်စေတတ်၏။ နောက်တမျိုးကား ဘောဇည်သည် အလုံးစုံသော သတ္တဝါတို့၏ ပူပန်ခြင်းကို ငြိမ်းစေသကဲ့သို့ နိဗ္ဗာန်သည် မိမိကို မျက်မှောက်ပြုသော သတ္တဝါအားလုံးတို့၏ ကိလေသာတည်းဟူသော ပူပန်မှု

အားလုံးကို ငြိမ်းစေတတ်၏၊ နောက်တမျိုးကား ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့၏ ငတ်မွတ်ခြင်း အားနည်း ခြင်းကို ပယ်ဖျောက်သကဲ့သို့ နိဗ္ဗာန်သည် မိမိကို မျက်မှောက်ပြုသော သတ္တဝါ အားလုံးတို့၏ အလုံးစုံသော ဆင်းရဲတည်း ဟူသော ဆာလောင် အားနည်းမှုကို ပယ်ဖျောက်တတ်၏။

ကောင်းကင်သည် ပဋိသန္ဓေ မနေ၊မအို၊မသေ၊ မစုတေ၊ မဖြစ်ပေါ်၊ ညှင်းဆဲ ပုတ်ခတ်နိုင်ရန်ဧယဉ်း၏၊ ခိုးသူတို့ မယူဆောင်နိုင်၊ တစုံတရာ အမှီ မရှိ၊ ငှက်အပေါင်းတို့ ပျံတက် သွားရောက်ရာ ဖြစ်၏၊ အပိတ်အပင် မရှိ၊ အဆုံး မရှိ သကဲ့သို့ နိဗ္ဗာန်သည် ပဋိသန္ဓေ မနေ၊ မအို၊မသေ၊မစုတေ၊မဖြစ်ဝပေါ်၊သူတပါးတို့ မညှဉ်းဆဲနိုင်၊ ခိုးသူတို့ မဆောင်နိုင်၊ တစုံတရာ အမှီ မရှိ၊ အရိယာ ပုဂ္ဂိုလ်တို့၏ သွားရာ ဖြစ်၏၊ အပိတ်အပင်မရှိ၊ အဆုံး မရှိ။

ပတ္တမြား ရတနာသည် အလိုရှိရာ ပေးနိုင်သကဲ့သို့ နိဗ္ဗာန်သည် အလိုရှိရာ ပေးနိုင်၏၊ နောက်တမျိုးကား ပတ္တမြား ရတနာသည် ကြည်လင်ရှင်လန်းခြင်းကို ပြုတတ်သကဲ့သို့ နိဗ္ဗာန်သည် ကြည်လင် ရှင်လန်းခြင်းကို ပြုတတ်၏၊ နောက်တမျိုးကား ပတ္တမြား ရတနာသည် ထွန်းလင်း တောက်ပခြင်းကို ပြုတတ်သကဲ့သို့ နိဗ္ဗာန်သည် ထွန်းလင်း တောက်ပ ခြင်းကို ပြုတတ်၏။

စန္ဒကူးနီသည် ရနိုင်ခဲ၏၊ အတူ မရှိ ကောင်းသော အနံ့ ရှိ၏၊ ချီးမွမ်းအပ်၏၊ ထို့အတူ နိဗ္ဗာန်သည် ရနိုင်ခဲ၏၊ အတူမရှိ ကောင်းသော အနံ့ ရှိ၏၊ ချီးမွမ်းအပ်၏။

ထောပတ်ကြည်သည် အဆင်းနှင့်ပြည့်စုံ၏၊ အနံ့နှင့် ပြည့်စုံ၏၊ အရသာနှင့် ပြည့်စုံ၏၊ ထို့အတူ နိဗ္ဗာန်သည် ဂုဏ်တည်းဟူ

သော အဆင်းနှင့် ပြည့်စုံ၏၊ သီလတည်းဟူသော အနံ့နှင့် ပြည့်စုံ၏၊ လွတ်မြောက်မှု ဝိမုတ္တိရသနှင့် ပြည့်စုံ၏၊

တောင်ထွတ်သည် အလွန် မြင့်တက်၏၊ မတုန်မလှုပ် တက်ရောက်နိုင်ခဲ၏၊ အလုံးစုံသော မျိုးစေ့တို့၏ ပေါက်ရောက်ကြီးပွါးရာမဟုတ်၊ ချစ်ခြင်း မုန်းခြင်းမှ ကင်းလွတ်၏၊ ထို့အတူ နိဗ္ဗာန်သည် အလွန် မြင့်၏၊ မတုန်မလှုပ်၊ ကိလေသာတို့ တက်ရောက်နိုင်ခဲ၏၊ အလုံးစုံသော ကိလေသာ တို့၏ ပေါက်ရောက်ကြီးပွါးရာမဟုတ်၊ ချစ်ခြင်း မုန်းခြင်းမှ ကင်းလွတ်၏။

နိဗ္ဗာန်မျက်မှောက်ပြုပုံ

အရှင်ဘုရား နိဗ္ဗာန်သည် အတိတ်လည်း မဟုတ်၊ အနာဂတ်လည်း မဟုတ်၊ ပစ္စုပ္ပန်လည်း မဟုတ်၊ ခဏတ္တယသို့ ရောက်ဆဲဥပ္ပန္နတရားလည်း မဟုတ်၊ ခဏတ္တယသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်သော အနုပ္ပန္နတရားလည်း မဟုတ်၊ မချုတ်ဖြစ်လတ္တံ့လည်း မဟုတ်ဟု အရှင်တို့ဆိုကြကုန်၏၊ ဤသာသနာ၌ အမှတ်မရှိ တစုံတယောက်သည် ကောင်းစွာ ကျင့်သော် နိဗ္ဗာန်သို့ မျက်မှောက် ပြု၏၊ ထိုသူသည် ဖြစ်ဆဲ နိဗ္ဗာန်ကို မျက်မှောက်ပြုပါသလော၊ သို့မဟုတ် ဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုပါသလော—

မင်းမြတ်တို့သည် ဖြစ်ဆဲ ဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက် မပြု၊ စင်စစ် သော်ကား ကောင်းစွာ ကျင့်သူ မျက်မှောက် ပြုသော နိဗ္ဗာနဓာတ်ရှိ၏၊ ကောင်းစွာ ကျင့်သူသည် မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း သင်္ခါရတရားတို့ကို သုံးသပ်လျက် ပညာဖြင့် ထိုနိဗ္ဗာနဝေတ်ကို မျက်မှောက်ပြု၏၊ တပည့်သည် ဆရာဆုံးမသည့်

အတိုင်း အတတ်ကို ပညာဖြင့် မျက်မှောက် ပြုသကဲ့သို့ နိဗ္ဗာန်ကို ပညာဖြင့် မျက်မှောက်ပြု၏။

ထိုနိဗ္ဗာန်ကို အပြစ် ဥပဒ် ဘေးရန် ကင်းသော အားဖြင့် အေးငြိမ်း ချမ်းသာ သာယာ မွန်မြတ် စင်ကြယ် အေးမြသော အားဖြင့် ရှုမြင်အပ်၏။

ထင်းမျှားစ္ဓာကို တောက်လောင်နေသော မီးသည် ယောကျ်ားကို လောင်မြိုက်သော် လုံ့လဖြင့်ထိုမီးမှ လွတ်အောင် ရှုန်းထွက်၍ မီးမရှိသော နေရာသို့ ဝင်ရောက်သော် ထိုအရပ်၌ လွန်ကဲသော ချမ်းသာကို ရရာ၏၊ ဤအတူ ကောင်းစ္ဓာ ကျင့်သူသည် သင့်လျော်သော နှလုံးသွင်းဖြင့် သုံးလောကမီးမှ လွတ်ကင်းသော လွန်စ္ဓာချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

မြေ ခွေး လူကောင်ပုပ် ကိုယ်အညစ်အကြေးတို့ စုပုံ ရာသို့ ရောက်၍ အပုပ်မျိုး ရှုပ်ရှက် ခပ်သော အရပ်သို့ ဝင်ရောက်သော ယောကျ်ားသည် လုံ့လဖြင့် ထိုနေရာမှ လွတ်ကင်းအောင် ရှုန်းထွက်၍ အကောင်ပုပ် မရှိရာ အရပ်သို့ ဝင်ရောက်သည် ရှိသော် ထိုအရပ်၌ လွန်ကဲသော ချမ်းသာကိုရရာ၏၊ ဤအတူ ကောင်းစ္ဓာ ကျင့်သူသည် သင့်လျော်သော နှလုံးသွင်းဖြင့် ကိလေသာ အကောင်ပုပ်မှ လွတ်သော လွန်စ္ဓာ ချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

ကြောက်ရွံ့ ထိတ်လန့် တုန်လှုပ်နေသော ဖေါက်ပြန်စ္ဓာ တုန်လှုပ်သည် စိတ်ရှိသော ယောကျ်ားသည် လုံ့လဖြင့် ထိုကြောက်ဖွယ် အရပ်မှ လွတ်အောင် ရှုန်းထွက်၍ မြဲမြံ ခိုင်ခံ့ မတုန် လှုပ်သော ဘေးလွတ်ရာ အရပ်သို့ ဝင်ရောက်သည် ရှိသော် ထိုအရပ်၌ လွန်ကဲသော ချမ်းသာကို ရသကဲ့သို့ ကောင်းစ္ဓာ ကျင့်သူသည် သင့်လျော်

ဒသာ နှလုံးသွင်းဖြင့် ကြောက်ရွံ့ ထိတ်လန့်ခြင်း ကင်းသော လွှ စ္စာ ချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

ညှဉ်ပုပ် ရွံ့စေးရှိရာ အရပ်သို့ ကျရောက်သော ယောကျ်ားသည် လုံ့လဖြင့် ထိုညှဉ်ပုပ် ရွံ့စေးကို ဖဲကြဉ် ထုတ်နှုတ်၍ စင်ကြယ်သန့်ရှင်း အညစ် အကြေး ကင်းသော အရပ်သို့ ရောက်လျက်၊ ထို အရပ်၌ လွှန်ကဲသော ချမ်းသာကို ရသကဲ့သို့ ဤအတူ နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

မင်းမြတ် ကောင်းစွာ ကျင့်သူသည် သခ်ၸါရ တရား တို့၏ ဖြစ်ခြင်းကို သုံးသပ်၏၊ သို့ဖြင့် ထိုတရား တို့၌ ဇာတိဇရာ ဗျာဓိ မရဏကို မြင်၏၊ ထိုသခ်ၸါရတရား တို့၌အစအလယ်အဆုံးမှ တစုံတရာချမ်းသာ သာယာဖွယ်ကို မမြင်၊ ယောကျ်ား တယောက်သည် တနေ့လုံး ပြင်းစွာ ပူလောင် တောက်ပ နေသော သံတွေ့ခဲ၌ အစ အလယ် အဆုံးမှ တစုံတရာ ယူလောက်ရာ အရပ်ကို မမြင်သကဲ့သို့ သခ်ၸါရ တရားတို့၏ ဖြစ်ခြင်းကို သုံးသပ်သူသည် ထိုတရားတို့၌ ဇာတိဇရာ ဗျာဓိမရဏကို မြင်၏၊ ထိုတရား တို့၏ အစအလယ်အဆုံးမှ တစုံတရာ ချမ်းသာ သာယာဖွယ်ကို မမြင်၊ စဲယူလောက်ရာ မမြင်သော ထို သူ၏ စိတ်ဝယ် သခ်ၸါရ တရားတို့၌ မမှေ့လျော် ခြင်းသည် ကောင်းစွာ တည်၏၊ ကိုယ်၌ ပူလောင်လာ၏၊ ထိုသူသည် ပုန်းခိုရာ အားထားရာ မရ၊ ကိုးစားရာမရှိ သကဲ့သို့ ဖြစ်၍ ဘုံသုံးပါး တို့၌ ငြီးငွေ့၏။

ယောကျ်ားသည် မီးပုံတွင်း၌ ပုန်းခို အားထားရာ မရ၊ ကိုးစားရာ မရှိ သကဲ့သို့တည်း၊ သခ်ၸါရဖြစ်စဉ်၌ ဘေးကို ရှုမြင်သော ထိုသူအား ဤသခ်ၸါရ တရား တို့၏ ဖြစ်စဉ်သည် ပူလောင်လှသည် သာတည်း၊ ရဲရဲတောက် အလျှံ ပြောင်ပြောင် တောက်လောင်

သည် သာတည်း၊ ဒုက္ခ များလှသည် သာတည်း၊ ပူပန်ခြင်း များ လှသည် သာတည်းဟု စိတ်ဖြစ်လျှင် ထိုသူ၏ စိတ်သည် သင်္ခါရ အစဉ် မဖြစ်ရာ နိဗ္ဗာန်၌ ပြေးဝင်၏၊ ကြည်လင်ရှင်ပျ၏၊ ငါ့အား သင်္ခါရ တို့မှ ထွက်မြောက်ကြောင်းကို ရအပ်ပေပြီဟု နှစ်သက်၏၊ သင်္ခါရ တရားတို့ မဖြစ်ရာ နိဗ္ဗာန် ရောက်ကြောင်း မဂ်ကို အား ထုတ်ရှာမှီး ပွါးများ သူအား သတိကောင်းစွာတည်၏၊ စီရိယ ကောင်းစွာ တည်၏၊ ပီတိ ကောင်းစွာ တည်၏၊ ထိုစိတ်သည် သင်္ခါရ ဖြစ်စဉ်ကို လွန်မြောက်၍ နိဗ္ဗာန်သို့ သက်ဝင်၏၊ ထိုသူကို နိဗ္ဗာန်သို့ မျက်မှောက်ပြုသူဟု ဆိုအပ်၏။

နိဗ္ဗာန်၏တည်ရာ

အရှင်ဘုရား နိဗ္ဗာန်သည် အရှေ့ အနောက် တောင် မြောက် ထက်အောက် ဖီလာ ဘယ်အရပ်၌ အမြဲအစ္စတည်ရာ အရပ် ရှိပါ သလော—

မင်းမြတ်နိဗ္ဗာန် တည်ရာ အရပ် မရှိပါ။

အရှင်ဘုရား နိဗ္ဗာန်၏ အမြဲအစ္စတည်ရာ အရပ် အကယ်၍ မရှိ ဖြစ်ပါမူ ထိုနိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းသည် မှားယွင်း ရာ၏၊ မြေ၌ စပါးဖြစ်ရာ လယ်ရှိ၏၊ အနုံ့ ဖြစ်ရာ ပန်းရှိ၏၊ ပန်းဖြစ်ရာ ပန်းရုံရှိ၏၊ အသီးဖြစ်ရာ သစ်ပင်ရှိ၏၊ ရတနာ ဖြစ်ရာ တည်ရာရှိ၏၊ တစုံတယောက်သည် အလိုရှိရာကို ထိုအရပ်သို့ သွား၍ ယူသကဲ့သို့ နိဗ္ဗာန်သည် အကယ်၍ ရှိလျှင် နိဗ္ဗာန်၏ ဖြစ်ပေါ်ရာ အရပ်ကိုလည်း အလိုရှိအပ်ပါ၏၊ နိဗ္ဗာန်၏ဖြစ်ရာ အရပ်မရှိ သောကြောင့် နိဗ္ဗာန် မရှိ ဟူ၍ ဆိုရာ ပါ၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည်လည်း မှားယွင်းရာ ပါ၏။

မင်းမြတ် နိဗ္ဗာန်၏ အမြဲအစဲ့တည်နေရာ အရပ် မရှိ သော်လည်း ဤနိဗ္ဗာန်သည် ရှိသည် သာတည်း၊ ကောင်းစွာ ကျင့်သူသည် သင့်လျော်သော နှလုံး သွင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြု၏၊ ဥပမာ မီးသည် ထင်ရှားရှိ၏၊ သို့ရာတွင် ထိုမီး၏ အမြဲ အစဲ့တည် နေရာအရပ်မရှိ၊ ထင်းနှစ်ခုကို ပွတ်တိုက်သည် ရှိသော် မီးကို ရ၏၊ ဤအတူ နိဗ္ဗာန်သည် ထင်ရှားရှိ၏၊ အစဲ့အမြဲ တည်နေရာ အရပ် မရှိ သော်လည်း ကောင်းစွာ ကျင့်သူသည် သင့်လျော်သော နှလုံးသွင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

ဥပမာ တနည်း သော်ကား စကြာရတနာ, ဆင်ရတနာ, မြင်းရတနာ, ပတ္တမြား ရတနာ, မိန်းမရတနာ, သူကြွယ်ရတနာ, သားကြီး ရတနာ ဟူသော ရတနာ ခုနစ်ပါး တို့၏ အမြဲ အစဲ့ တည်နေရာ အရပ်ကား မရှိ၊ ကောင်းစွာ ကျင့်သော မင်းအား အကျင့်၏ အစွမ်းဖြင့် ထိုရတနာတို့ ကပ်ရောက် လာကုန်၏၊ ဤအတူနိဗ္ဗာန်လည်းဖြစ်၏။

အရှင်ဘုရား အကြင်အရပ်၌ တည်လျက် ကောင်းစွာ ကျင့်သော သူသည် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထိုအရပ်သည် အဘယ် အရပ်ပါနည်း—

မင်းမြတ် သီလသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရာ တည်ရာ ပေ တည်း၊ သီလ၌ တည်လျက် သင့်လျော်သော အားဖြင့် နှလုံး သွင်းသော် သက္ကတိုင်း, ယုန်းတိုင်း, စိန့်တိုင်း, ဝိလာတတိုင်း, ကာသီတိုင်း, ကောသလတိုင်း, ကသ္မီရတိုင်း, ဂန္ဓာရတိုင်း၌ ဖြစ်စေ အလာသန္ဒ အရပ် နိဂုမ္မအရပ်၌ ဖြစ်စေ တောင်ထိပ်၌ ဖြစ်စေ ဗြဟ္မာ ပြည်၌ဖြစ်စေ အမှတ်မရှိ တစုံတခုသော အရပ်၌ တည်လျက် ကောင်းစွာ ကျင့်သူသည် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ဥပမာ

ကစုံတယောက် မျက်စိအမြင်နှင့် ပြည့်စုံသူသည် အမှတ်မရှိ တစုံတခုသော အရပ်ဌာတည်လျက် ကောင်းကင်ကို မြင်နိုင်၏၊ ဤအတူ လျှင် သီလဌာ တည်လျက် သင့်လျော်သော နှလုံးသွင်း ရှိသော သူသည် အမှတ်မရှိ တစုတခုသောအရပ်ဌာ တည်လျက် ကောင်းစွာ သူသည် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်၏။

အရှင်နာဂသေနကောင်းလှပါ၏၊ အရှင်သည် နိဗ္ဗာန်ကို ဟောနိုင်ပေ၏၊ နိဗ္ဗာန်ကို မျက်မှောက် ပြုကြောင်းကို ဟောနိုင်ပေ၏၊ သီလ ဂုဏ် ကျေးဇူးတို့ဆက်ဝန်းကျင်ခြံရံအပ်ပါကုန်၏၊ ကောင်းသော အကျင့် တရားကို ပြတော်မူ အပ်ပါ ပေ၏၊ တရား တည်းဟူသော တံခွန်ကို စိုက်ထူတော်မူ အပ်ပါပေ၏၊ တရား တည်းဟူသော ရေမြောင်းကို ကောင်းစွာ ထားတော်မူ အပ်ပါပြီ၊ ကောင်းစွာ ကျင့်သူတို့၏ ကောင်းသော လုံ့လသည်မမြုံ့ပါပေ။

—မိလိန္ဒပဉှာ

နိရောဓနိဒ္ဒေသ

ဒုက္ခ နိရောဓ နိဒ္ဒေသဌာ—'ယော တဿာယေဝ တဏှာယေဝ တဏှာယ'— အစရှိသော နည်းဖြင့် ဟောတော်မူ အပ်သော သမုဒယ နိရောဓ သစ္စာကို တယောဝ ဒုက္ခဿ နိရောဓော ဟု မဟောဘဲ တဿာယေဝ တဏှာယဟု အဘယ်ကြောင့် ဟော တော်မူသနည်း—

အကြောင်း ဖြစ်သော သမုဒယ၏ ချုပ်ခြင်းကြောင့် အကျိုး ဖြစ်သော ဒုက္ခ၏ ချုပ်ခြင်းသည် ဖြစ်၏၊ ထိုစကားမှန်၏— သမုဒယ

ချုပ်ခြင်းကြောင့် ဒုက္ခသည် ချုပ်၏၊ တပါးသော အကြောင်း ကြောင့် မချုပ်၊ ထိုကြောင့် မြတ်စွာဘုရား ဟောကြားတော်မူ၏—

ရေသောက်မြစ်သည် ဥပဒ် တစုံ တရာ မရှိသည် ဖြစ်၍ မြဲမြဲ ခိုင်ခံ့နေသည်ရှိသော် အကိုင်း အခက် တို့ကို ဖြတ်အပ်သော်လည်း သစ်ပင်သည် တဖန်ပေါက်ရောက်မြဲ ပေါက်ရောက် စည်ကားပြန် သကဲ့သို့ ဤနည်းတူ တဏှာ အနုသယ ကို မပယ် မဖြတ် နိုင်သေးသည် ရှိသော် ဤဒုက္ခ အပေါင်းသည် အဖန် တလဲလဲ ဖြစ်မြဲ ဖြစ်ပြန်၏။

ဤသို့ သမုဒယချုပ်ခြင်းကြောင့် သာလျှင် ဒုက္ခသည် ချုပ်၏၊ ထိုကြောင့် မြတ်စွာဘုရားသည် ဒုက္ခ၏ ချုပ်ခြင်းကို ဟောတော်မူသည် ရှိသော် သမုဒယ ချုပ်ခြင်းဖြင့် သာလျှင် ဟောတော်မူ၏၊ ထိုစကားမှန်၏—မြတ်စွာဘုရားတို့သည် ဒုက္ခကို ချုပ်စေကုန်သော်ရင်း ဒုက္ခ၏ ချုပ်ခြင်းကို ဟောတော်မူကုန် သော်ရင်း အကြောင်းဌာသာ ကျင့်တော်မူကုန်၏၊ အကျိုးဌာ ကျင့်တော်မမူကုန်၊ ဤတို့ တို့သည် ဒုက္ခကိုချုပ်စေကုန်သော်ရင်း ဒုက္ခ၏ချုပ်ခြင်းကို ဟောပြောကုန်သော်ရင်း အတ္တကိလမထာနုယောဂ ဒေသနာ စသည် တို့ဖြင့် အကျိုးဌာ ကျင့်ကုန်၏၊ အကြောင်းဌာ မကျင့်ကုန်၊ ဤသို့သောနည်းဖြင့် ရှေးဦးစွာ ဒုက္ခ၏ချုပ်ခြင်းကို သမုဒယ ချုပ်သည်၏ အစွမ်းအားဖြင့် ဟောတော်မူသည်၏ အကျိုးကို သိအပ်၏။

ဤဆိုလတ္တံ့သည်ကား အနက် သဘောတည်း—'ထိုတဏှာ၏ သာလျှင်' ဆိုသည်ကား ထိုတဖန် ဘ၀သစ်ကို ဖြစ်စေ တတ်သော ဟု ဆိုပြီး၍ ကာမတဏှာစသည် တို့၏ အစွမ်းအားဖြင့် ဝေဘန်အပ်

သော တဏှာဟု ဆိုလိုသည်၊ မင်္ဂ၏ ဝိရာဂဟု ဆိုအပ်၏။ ထိုစကား မှန်၏—သမုဒယ တဏှာ၏ ပြတ်ကြောင်း ဖြစ်သော အရိယမင်္ဂ ကြောင့် ဒုက္ခအပေါင်းမှ လွတ်သည့် ဝိမုတ္တိမည်သော ဖိုလ်ဖြစ်၏၊ ဝိရာဂါ ဝိမုစ္စတိဟု ဟောတော်မူအပ်၏။ ဝိရာဂ ဟူသော အရိယမင်္ဂဖြင့် ချုပ်ခြင်းသည် ဝိရာဂ နိရောဓ မည်၏၊ အနုသယကို အကြွင်းမဲ့ ဖြတ်ခြင်းကြောင့် အလုံးစုံ အကြွင်း အကျန် မရှိသော မင်္ဂဖြင့် ချုပ်ခြင်းသည် အသေသ ဝိရာဂ နိရောဓမည်၏။

တနည်းကား ပယ်ခြင်းကို ဝိရာဂဟု ဆိုအပ်၏၊ ထိုဝိရာဂ သဒ္ဒါ နိရောဓ သဒ္ဒါတို့၏ ပယ်ခြင်း ပဟာန ပရိယာယ်ချည်း ဖြစ်သော ကြောင့် အကြွင်းအမဲ့ ပယ်ခြင်း ဖြတ်ခြင်း အကြွင်းမဲ့ ချုပ်ခြင်း ဟူ၍ ဤသို့လည်း ဤအသေသ ဝိရာဂ နိရောဓ ဟူသော ပုဒ်၌ သမာသ် ယှဉ်တွဲခြင်းကို မှတ်အပ်၏၊ ထိုသို့ ပယ်ခြင်း ချုပ်ခြင်းဟု 'ဘော' အနက်ကို ဟောသော်လည်း သရုပ်တရား ကိုယ် ပရမတ္ထ အားဖြင့် အလုံးစုံ ဖြစ်ကုန်သော ဤဝိရာဂ နိရောဓော ပဋိနိဿဂ္ဂါ မှတို့ အနာလယော ဟူသော ပုဒ်တို့သည် နိဗ္ဗာန်၏ ပရိယာယ်ဝေါဟာရ နှင်နှင်တို့တည်း။

ထို စကား သင့်စွ— ပရမတ္ထအားဖြင့် နိဗ္ဗာန်ကို ဒုက္ခ နိရောဓ အရိယ သစ္စာဟု ဆိုအပ်၏၊ ဆင်းရဲ၏ ချုပ်ခြင်းမျှကို မဆိုအပ်၊ ထိုကြောင့် တဏှာယ ဝိရာဂ နိရောဓ စသော ပုဒ်တို့သည်လည်း နိဗ္ဗာန်၏ ပရိယာယ် ချည်းသာ ဖြစ်၏၊ ထို နိဗ္ဗာန်ကို အာရုံပြုသော အားဖြင့် ရောက်၍ တဏှာသည် အရိယမင်္ဂ၏ အစွမ်းဖြင့် ကုန်ခြင်းသို့ ရောက်၍ ကင်းလည်း ကင်း၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်သည်၏ အစွမ်းဖြင့် ချုပ်လည်း ချုပ်၏၊ ထိုကြောင့် ဝိရာဂဟုရင်း နိရောဓဟုရင်း ဆိုအပ်၏။

ထိုနိဗ္ဗာန်ကိုသာလျှင် အာရုံပြု၍ ထိုတဏှာကို စွန့်ခြင်း စသည်တို့သည် ဖြစ်ကုန်၏၊ ဤနိဗ္ဗာန်၌ ကာမဂုဏ် ဟူသော အာလယ စသည်တို့တွင် အာလယ တခုမျှ မရှိ၊ ထိုကြောင့် နိဗ္ဗာန်ကို စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယောဟူ၍လည်း ဆိုအပ်၏။

ထို နိဗ္ဗာန်သည် အလုံးစုံသော ဝဋ္ဌဆင်းရဲ အပူ ဟူသမျှကို ငြိမ်းအေးစေခြင်း လက္ခဏာရှိ၏၊ မရွှေ့ရှားခြင်းဟူသော ဂုဏ်ရှိ၏၊ တနည်း—သံသရာ ဒုက္ခမှ ငြီးငွေ့သူအား သက်သာခြင်းကို ပြုခြင်း ကိစ္စရှိ၏၊ ခန္ဓာ ငါးပါးဟူသော နိမိတ်မှ ဆိတ်သည်၏ အဖြစ်ကြောင့် ကိုယ် အထည် ဒြပ် လုံးလုံး လျောင်းလျောင်း မရကောင်းသည်၏ အဖြစ်လျှင် ဥာဏ်အား ရှေးရှုထင်၏၊ ဝါ—သံသရာ ဒုက္ခ အစ မှဆုံးနိုင်အောင် ခွဲထွင် ကျယ်ပြားစေတတ်သော တဏှာ ဒိဋ္ဌ မာန ဟူသော ပပဉ္စတရား ကင်းသည်၏ အဖြစ်ကို ဖြစ်စေတတ်၏။

နိဗ္ဗာန ကထာ

နိဗ္ဗာန်သည် မရှိသည်ကား မဟုတ်၊ ရှိသည် သာလျှင်တည်း၊ သင့်လျော်သော အကြောင်းဖြင့် အရိယာ အရှင်တို့သည် သိအပ်ရအပ်သည်၏ အဖြစ်ကြောင့်တည်း၊ ထိုစကား သင့်ပေစ—ထိုနိဗ္ဗာန်ကို ထိုနိဗ္ဗာန်အား လျော်သော သင့်သော အကြောင်းဖြင့် သိအပ်ရအပ်၏၊ စေတောဝပရိယဥာဏ်ဖြင့် သူတပါးတို့၏ လောကုတ္တရာ စိတ်ကို သိအပ်သကဲ့သို့တည်း၊ ဗာလ ပုထုဇဉ်တို့ မသိနိုင်ကုန်သဖြင့် နိဗ္ဗန်ကို မရှိဟု မဆိုသင့်။

နိဗ္ဗာန် မရှိဟူ၍ မဆိုအပ်၊ အကြောင်းကား နိဗ္ဗာန်သို့ ရောက်ရာ အကျင့်၏ အကျိုး မရှိ မြဲ်သည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်

တည်း၊ ထင်ရှားစေအုံ— နိဗ္ဗာန် မရှိခဲ့သော် သမ္မာဒိဋ္ဌိ ရှေ့သွား ရှိသော သီလကွန္ဒ သမာဓိကွန္ဒ ပညာကွန္ဒ သုံးပါးဖြင့် သင်္ဂြိုဟ် အပ်သော အကျင့်မြတ်၏ အကျိုး မရှိ မြုံ့သည်၏ အဖြစ်သည် ဖြစ်ခဲ့ရာ၏၊ ယင်း အကျင့်မြတ်သည် နိဗ္ဗာန်သို့ ရောက်သည်၏ အဖြစ်ကြောင့်မဖြစ်နိုင်၊ ထိုကြောင့် နိဗ္ဗာန် မရှိဟု မဆိုသင့်။

အကျင့်မြတ်ဖြင့် ကိလေသာဖြတ်ခြင်းကို အကြောင်းရင်းပြုလျက် ခန္ဓာတို့၏ မရှိသော အဖြစ်သို့ ရောက်စေသည်၏ အဖြစ်ကြောင့် အကျင့်မြတ်၏ မြုံ့သည်၏ အဖြစ်သို့ ရောက်ခြင်းသည်လည်း မဖြစ်သင့်ဟုလည်း မဆိုသင့်၊ အတိတ် အနာဂတ် ခန္ဓာတို့၏ မရှိခြင်း အဘာဝ၌လည်း နိဗ္ဗာန်သို့ ရောက်ခြင်း၏ မရှိသောကြောင့်တည်း၊ ပစ္စုပ္ပန် ခန္ဓာတို့ မရှိခြင်းသည် နိဗ္ဗာန်တည်းဟုလည်း မဆိုသင့်၊ ထိုပစ္စုပ္ပန် ခန္ဓာတို့၏ မရှိခြင်း အဘာဝ၏ မဖြစ်သင့်သောကြောင့်တည်း၊ မရှိသော်လည်း ပစ္စုပ္ပန် မဟုတ်သောအဖြစ်သို့ ရောက်သော ကြောင့်တည်း၊ ပစ္စုပ္ပန် ခန္ဓာကို မှီသော မဂ်ခဏ၌ သဥပါဒိသေသ နိဗ္ဗာနမဟာတ်သို့ ရောက်ခြင်း၏ မရှိဟူသော အဖြစ် ရှိသောကြောင့် မဆိုအပ်။

ထို မဂ်ခဏ၌ ကိလေသာတို့၏ ပစ္စုပ္ပန် မဟုတ်သည်၏ အဖြစ် ကြောင့်တည်းဟုလည်း မဆိုသင့်၊ အဘယ်ကြောင့်နည်းဟူမူ အရိယ မဂ်၏ အကျိုးမဲ့ အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း၊ သင့်ပေစ— ဤ မဂ်ခဏ၌ ကိလေသာတို့၏ မရှိခြင်း နိဗ္ဗာန်မည်သော အဖြစ် ရှိခဲ့သော် အရိယမဂ်ဖြစ်သော ခဏမှ ရှေးအဘို့၌လည်း ကိလေသာ တို့ မရှိကုန်၊ ထိုကြောင့် အရိယမဂ်၏ အကျိုးမဲ့ အဖြစ်ရောက်၏၊ ထိုသို့ နိဗ္ဗာန်၏ မရအပ်သော အဖြစ် မရှိကာမျှသော အဖြစ်၏ မဖြစ်သင့်ခြင်းစသော အကြောင်းကြောင့် မဆိုသင့်။

"ယော ခေါ အာဝုသော ရာဂကၠယော"စသည်ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့် ရာဂ ဒေါသ မောဟတို့၏ ကုန်ခြင်းသည် နိဗ္ဗာန် မည်၏ဟု ဆိုခြင်း သည်လည်း မသင့်၊ အကြောင်းကား အရဟတ္တဖိုလ်၏လည်း ကုန်ခြင်း ခယ၏ အဖြစ်မျှသို့ ရောက်ခြင်းကြောင့်တည်း၊ သင့်ပေစ— ထို အရဟတ္တဖိုလ်ကို လည်း "ယော ခေါ အာဝုသော ရာဂကၠယော"စသော နည်းဖြင့် ညွှန်ပြအပ်ပြီ။

ဤသို့ နိဗ္ဗာန်၏ ရာဂကုန်ကာမျှ အဖြစ်ရှိလတ်သော် နိဗ္ဗာန်သည် တိုသော ကာလရှိသော အဖြစ်သို့ရင်း သင်္ခတ လက္ခဏာ မရှိသော အဖြစ်သို့ရင်း သမ္မာ ဝါယမ ပယောဂကို ၈ ကွက်ခြင်းကင်းရ မိမိ သဘောအားဖြင့် သိအပ် ရအပ်သည်၏ အဖြစ်သို့ရင်း ကျရောက်ခဲ့ရာ၏၊ သင်္ခတ လက္ခဏာ ရှိသည်၏ အဖြစ်ကြောင့်သာလျှင် သင်္ခတ တရားအပေါင်းခဲ့ အကျုံးဝင်သည်၏ အဖြစ်ကြောင့် ရာဂ အစ ရှိသော မီး ၁၁ပါးတို့သည် ပြင်းစွာ လောင်အပ်၏၊ ထိုကြောင့် ဒုက္ခ မည်သည်လည်း ဖြစ်၏၊ ဤသို့သော အပြစ်သို့လည်း ကျရောက်ရာ၏၊ ထိုကြောင့် 'ခယော နိဗ္ဗာနံ=ရာဂ ကုန်ကာမျှသည် နိဗ္ဗာန် မည်၏'ဟူသော စကားကို မဆိုသင့်။

ရာဂ စသည် အလုံးစုံတို့၏ အဆုံးဖြစ်သော ကုန်ခြင်းမှ စ၍ အထက်ခဲ့ ရာဂ စသည်တို့၏ ဖြစ်ခြင်းမည်သည် မဖြစ်၊ ထို အလုံးစုံတို့၏ အဆုံးခဲ့ ရာဂ စသည်တို့ ကုန်ခြင်း၏ နိဗ္ဗာန်၏ အဖြစ်ကြောင့် အပြစ်မရှိဟု မဆိုသင့်၊ အကြောင်းကား ထိုသို့ သဘောရှိသော အလုံးစုံတို့၏ အဆုံးခဲ့ ရာဂ စသည်တို့ ကုန်ခြင်း၏ မဖြစ်သင့်သော ကြောင့်တည်း၊ ထိုထို သဘောရှိသော ကုန်ခြင်းသည် ဖြစ်သော်

လည်း ထိုသို့သော ခယ၏ ဆိုအပ်ပြီးသော အပြားရှိသော အပြစ်ကို မလွန်နိုင်သောကြောင့် အပြစ်မရှိဟု မဆိုအပ်။

အရိယမဂ်၏ နိဗ္ဗာန် မည်သည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့် လည်း မဆိုအပ်၊ ခဲ့ဦးအုံ— အရိယမဂ်သည် ရာဂ စသော အပြစ်တို့ကို ကုန်စေတတ်သောကြောင့် ခယမည်၏၊ ထိုမဂ် ဖြစ်သည်မှစ၍ အထက်၌ ရာဂ စသော အပြစ်တို့၏ ဖြစ်ခြင်းသည် မရှိသောကြောင့် ခယဟု ဆိုအပ်၏၊ တဖန် မဖြစ်ခြင်းသာလျှင် ဖြစ်သော နိရောဓဟု ဆိုအပ်သော ခယ၏ ပရိယာယ်အားဖြင့် ဥပနိဿယ မည်သည်၏ အဖြစ်ကြောင့် အကြင်ခယ၏ မှီရာသည်ဖြစ်၏၊ ထိုခယ၏ ဖလူပစာရအားဖြင့် နိဗ္ဗာန်ကို ခယဟု ရှင်သာရိပုတြာသည် ဇမ္ဗုခါဒက သုတ်၌ ဟော၏။

နိဗ္ဗာန်ကို သရုပ်အားဖြင့် အဘယ်ကြောင့် ဟောတော် မမူသနည်း—

အလွန် သိမ်မွေ့သည်၏ အဖြစ်ကြောင့် သရုပ် အားဖြင့် ဟောတော် မမူ၊ ထိုနိဗ္ဗာန်၏ အလွန် သိမ်မွေ့သော အဖြစ်သည်လည်း မြတ်စွာဘုရား တရား မဟောဘဲ ကြောင့်ကြမဲ့ နေလိုသည်၏ အဖြစ်ကို ဆောင်ခြင်းကြောင့်ရင်း အရိယာတို့၏ ဥစ္စာဖြစ်သော ဉာဏ်ဖြင့် အရိယာတို့သာ မြင်အပ်သည်၏ အဖြစ် ကြောင့်ရင်း ထင်ရှား၏။

ထိုနိဗ္ဗာန်သည် အရိယမဂ်နှင့် ပြည့်စုံသော သခင်သည်သာ ရောက်အပ် သိအပ်သော တရား၏ အဖြစ်ကြောင့် မြင်မြင်ဝါးဝါး ခပ်သိမ်းသော ပုထုဇဉ်တို့အား မဆက်ဆံ၊ ဤမည်သော ဘုရားလက်ထက်တော်၌ ဖြစ်၏ဟု ရှေးအစဉ်း၏ မရှိသောကြောင့် အစလက်မှန် မရှိ၊ အရိယမဂ် ရှိသော်သာ ရှိသောကြောင့် အကြောင်း

အမှန် အစ မရှိသည် မဟုတ်ဟု မဆိုသင့်၊ အရိယမဂ်သည် မဖြစ်စေအပ်သည်၏ အဖြစ်ကြောင့်တည်း။

ဤနိဗ္ဗာန်သည် အရိယမဂ် အာရုံပြုသောအားဖြင့် ရောက်အပ်သော တရားသာတည်း၊ ဖြစ်စေအပ်သော တရားမဟုတ်၊ ထိုကြောင့် အကြောင်း အမှန် အစ မရှိသည်သာတည်း၊ အကြောင်း အမှန် အစ မရှိသည်၏ အဖြစ်ကြောင့် အိုခြင်း သေခြင်းလည်း မရှိ၊ အကြောင်း အမှန် အစ ဖြစ်သော အိုခြင်း သေခြင်း တို့၏ မရှိခြင်းကြောင့် နိဗ္ဗာန်သည် မြဲ၏။

နိဗ္ဗာန်၏ မြဲသော အဖြစ်သို့ ရောက်ခြင်းကဲ့သို့ အဟူမြ။ ပကတိကာလ ပုရိသ စသည်တို့၏လည်း မြဲသော အဖြစ်သို့ ရောက်ခြင်းသည် ဖြစ်ကောင်း၏ဟု မဆိုအပ်၊ အကြောင်းကား အသင့်အားဖြင့် ထိုအဟူမြ။ စသည်တို့၏ မြဲသော အဖြစ်ကို ပြီးစေတတ်သော အကြောင်း၏ မရှိခြင်းကြောင့်တည်း၊ နိဗ္ဗာန်၏ မြဲခြင်းကြောင့် ထိုအဟူမြ။ စသည်တို့ မြဲကုန်၏ဟု မဆိုသင့်၊ အကြောင်းကား အကြောင်းဟူသော လက္ခဏာ မဖြစ်သင့်သောကြောင့် ဖြစ်၏။

နိဗ္ဗာန်သည် မြဲသကဲ့သို့ ထို အဟူမြ။ စသည်တို့သည် ဥပဓိဒ လက္ခဏာ စသည်တို့၏ မရှိသောကြောင့် မြဲကုန်၏ဟုလည်း မဆိုအပ်၊ အဘယ်ကြောင့်နည်း၊ အဟူမြ။ စသည်တို့၏ နိဗ္ဗာန်ကဲ့သို့ ပရမတ္ထအားဖြင့် သဘော မထင်သည်၏ အဖြစ်ကြောင့်တည်း၊

သင့်လျော်သည်ကို ဆိုအံ့- ပြဆိုခဲ့ပြီးသော အပြားရှိသော အကြောင်း အမှန် အစ မရှိဟူသော ယုတ္တိ ရှိသည်၏ အဖြစ်ကြောင့် ဤသခ်ာတဓာတ် နိဗ္ဗာန်သည်သာ မြဲ၏၊ ရူပ်၏ သဘောကို လွန်သောကြောင့် ရူပ် မဟုတ်၊ ရူပ်၏ သဘောမရှိ၊ ဘုရား အစရှိသော အရိယာတို့၏ ပြီးခြင်း ဆုံးဖြတ်ခြင်း၏ အထူး မရှိသောကြောင့်

တပါးသာဖြစ်သော ပြီးခြင်း ဆုံးဖြတ်ခြင်းသည် ဖြစ်၏၊ အရိယမဂ်ကို ပွားစေသဖြင့် သိအပ် ရောက်အပ် သူ၏ ထိုကိလေသာ ငြိမ်းခြင်းကိုဝင်း ကိလေသာတို့မှ ကြင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိကိုဝင်း စွဲ၍ သိစေအပ်သည်၏ အဖြစ်ကြောင့် အကြင် နိဗ္ဗာန်ကို ကိလေသာမှ ကြင်းသော ဥပါဒိနှင့် တကွ သိစေအပ်၏၊ ထိုကြောင့် ထိုနိဗ္ဗာန်သည် သဥပါဒိသေသ မည်၏။

ထိုမှတပါး ထိုအရိယာတို့သည် တဏှာသမုဒယကို ပယ်သဖြင့် အကြင် ကံ၏ အကျိုး ကိလေသာမှ ကြင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိကို ဖျက်ဆီးအပ် ပယ်အပ်၏၊ အဆုံး စုတိ စိတ်မှ နောက်၌ ပဝတ္တိဖြစ်သော ခန္ဓာတို့၏ မဖြစ်ခြင်းကြောင့်ဝင်း ဖြစ်ကုန်ပြီးသော ခန္ဓာတို့၏ ကွယ်ခြင်းကြောင့်ဝင်း အကြင် ကိလေသာမှ ကြင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိ၏ မရှိခြင်းသည်လည်း ဖြစ်၏၊ ထို ဥပါဒိ၏ မရှိခြင်းကိုစွဲ၍ သိစေအပ်သည်၏အဖြစ်ကြောင့် ဤနိဗ္ဗာန်၌ ကိလေသာမှ ကြင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိသည်မရှိ၊ ထိုကြောင့် ထိုနိဗ္ဗာန်သည် အနုပါဒိသေသမည်၏။

တင်းမာ ခိုင်မြဲသော လုံ့လ ဝီရိယကြောင့် ပြီးသော လောကီမှ ထူးသော လောကုတ္တရာ ဉာဏ်ဖြင့် သိအပ်သည်၏ အဖြစ်ကြောင့်ဝင်း သဗ္ဗညု ဘုရားဟောကြားတော်မူအပ်သည်၏ အဖြစ်ကြောင့်ဝင်း ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကြောင့်ဝင်း နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှား မ့ရှိသည်မဟုတ်၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိသည်သာတည်း။

ထိုကြောင့် "အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ"ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏၊ အဓိပ္ပာယ်ကား— ရဟန်းတို့ ဝေဒနာ စသည်ကဲ့သို့ ဟေတု ပစ္စယ သမဝါယမ

ဟုဆိုအပ်သော အကြောင်းနှင့် ကင်းရှိ အလိုလိုသာလျှင် ထင်ရှားဖြစ်သည်လည်းမဟုတ်သော တစုံတခုသော အကြောင်းသည်လည်း မဟုတ်သော သခ်ၢတ မဟုတ် အသခ်ၢတဖြစ်သော တရားသည် ရှိ၏ဟူလိုသော်။

ဒုက္ခသည်သာ ရှိ၏၊ ဒုက္ခကို ခံစားတတ်သူ တစုံတယောက်မျှ မရှိ၊ ပြုပြင်ခြင်းသာ ရှိ၏၊ ပြုတတ်သူ မရှိ၊ ငြိမ်းရာ နိဗ္ဗာန်သည် ရှိ၏၊ ငြိမ်းတတ်သောသူ မရှိ၊ နိဗ္ဗာန်သို့ သွားကြောင်း အကျင့်ခရီးသည် ရှိ၏၊ နိဗ္ဗာန်သို့ သွားတတ်သူ မရှိ။

နိရောဓ သစ္စာ မည်သော နိဗ္ဗာန်သည် အသခ်ၢတဓာတ်၏ အဖြစ်ဖြင့် တပါးတည်းသာ ရှိ၏၊ အကြောင်း အမြှက်အားဖြင့်ကား ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော ကိလေသာတို့မှ ကြွင်းသည်နှင့် တကွဖြစ်သော သဥပါဒိသေသ နိဗ္ဗာနဓာတ် ဥပါဒါနက္ခန္ဓာဟူသော ကိလေသာတို့မှ အကြွင်း မရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ် အားဖြင့် နှစ်ပါးရှိ၏၊ ဘဝ.သုံးပါး အပေါင်း၏ ငြိမ်းရာ၏ အဖြစ်ဖြင့် သုံးပါးရှိ၏၊ မဂ်လေးပါးတို့သည် သိအပ်သည်၏ အဖြစ်ဖြင့် လေးပါးရှိ၏၊ ရူပါရုံ၌ တပ်သော တဏှာစသည်တို့၏ ငြိမ်းရာ၏ အဖြစ်ဖြင့် ငါးပါးရှိ၏၊ ခြောက်ပါးသော တဏှာကာယတို့၏ ငြိမ်းရာကုန်ရာ၏ အဖြစ်ဟူသော အပြားအားဖြင့် ခြောက်ပါးရှိ၏။

—ဝဏ္ဏမဂ္ဂ

နိဗ္ဗာန်အပြား

လောကုတ္တရာဟု ဆိုအပ်သော မဂ်လေးပါးဖြင့် မျက်မှောက်ပြုအပ်သော မဂ် ဖိုလ်တို့၏ မှီတွယ်ရာ အာရုံဖြစ်သော နိဗ္ဗာန်ကို

ကား ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက် ကျွတ်လွတ်သောကြောင့် နိဗ္ဗာန်ဟု ဆိုအပ်၏။

ထို နိဗ္ဗာန်သည်ပင်လျှင် သဘာဝအားဖြင့် တပါး အဘို့ ရှိသော်လည်း အကြောင်း အမြွက်အားဖြင့် သဉပါဒိသေသ နိဗ္ဗာန ဓာတ်, အနုပါဒိသေသ နိဗ္ဗာန ဓာတ်ဟု နှစ်ပါး အပြားရှိ၏။

သုညတ နိဗ္ဗာန်, အနိမိတ္တ နိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန်ဟု အခြင်းအရာ အပြားအားဖြင့် သုံးပါး အပြားရှိ၏။

စုတေခြင်း မရှိသော စုတေခြင်းကို လွန်သော မပြု မပြင်အပ်သော မိမိထက် လွန်မြတ်သော တရား မရှိသော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော တရားကို နိဗ္ဗာန် ဟူ၍ ဝါနမှ လွတ်မြောက်တော်မူသော မြတ်စွာဘုရားတို့ ဆိုတော်မူကုန်၏။

—အဘိဓမ္မတ္ထသင်္ဂဟ

အာစရိယ ဝါဒ

သဠာယတန အဖွင့်

ထိုနိဗ္ဗာန်၌ ခပ်သိမ်းကုန်သော ဝဋ်ဆင်းရဲ အပူအပင် ဟူသမျှတို့ ချုပ်ငြိမ်းကုန်၏၊ ထိုကြောင့် နိဗ္ဗာန် မည်၏။

အလုံးစုံသော ပူပင်စဖွယ် အသွယ်သွယ်သော ဝဋ်ဒုက္ခ အမျိုးမျိုးတို့၏ ကုန်ရာ ငြိမ်းရာ ဇာတ်သိမ်းရာဖြစ်သော သဘောတရားသည် နိဗ္ဗာန်မည်၏ ဟူလို။

တနည်းကား—ထိုနိဗ္ဗာန်ကို ရအပ်သည်ရှိသော် အရိယာ သူတော်ကောင်း တို့သည် ဝဋ်ဇာတ်သိမ်း၍ ချုပ်ငြိမ်း ချမ်းသာကုန်၏၊ ထိုကြောင့် နိဗ္ဗာန် မည်၏။

တနည်းကာ—ဘဝကြီးငယ် အသွယ်သွယ်သော ဇာတိကို ဖဲ့စည်းချုပ်နှောင်တတ်၍ ဝါန မည်သော တဏှာမှ ထွက်မြောက်တတ်သည်တည်း၊ ထိုကြောင့် နိဗ္ဗာန် မည်၏။

သံသရာ အနန္တ လောကဝဋ် ဗေဒကြီးသည် အမျိုးမျိုးသော ဇာတ်ကို ခင်းရှိပြရာ ရုပ်သေးစင်ကြီးနှင့် တူ၏၊ သတ္တဝါ အမျိုးမျိုး ကမ္ဘာ အမျိုးမျိုး ဖြစ်ပေါ် ချုပ်ပျက်၍ နေခြင်းသည် ဇာတ် အမျိုးမျိုး ထွက်၍ နေသည်နှင့် တူ၏၊ ထိုဇာတ် အမျိုးမျိုးတို့ကို အကြွင်း မရှိ ရုပ်သိမ်း လိုက်ခြင်းသည် အမျိုးမျိုး ဖြစ်မှုမှ ကင်းရာ ငြိမ်းရာ နိဗ္ဗာန်ကြီးပင်တည်း၊ နိဗ္ဗာန်သည် ဒုက္ခဇာတ်၏ လက်စသိမ်းမှ သံသရာ၏ လက်စသိမ်းမှ ပေတည်း၊ ထိုကြောင့် "ဒုက္ခ ခပ်သိမ်း ချုပ်ပြတ်ငြိမ်း ဇာတ်သိမ်း ပြည်နိဗ္ဗာန်"ဟု စပ်ဆိုလေသည်။

နိဗ္ဗာန်သည် ဒုက္ခ ခပ်သိမ်းမှ ငြိမ်းခြင်း ရှိ၏၊ ဝဋ် ဒုက္ခ အပေါင်းတို့ကို ပယ်ခြင်း ကိစ္စရှိ၏၊ တစုံတရာသော အကြောင်းဖြင့် မပြုပြင် မစီရင်အပ်သည် အဖြစ်လျှင် ပစ္စုပ္ပန္နာန် ရှိ၏၊ နိဗ္ဗာန်မှာ အကြောင်း ပဒဋ္ဌာန် မရှိ၊ နိဗ္ဗာန်သည် အာရမ္မဏ အကြောင်း တခုသာ ဖြစ်၏၊ တစုံတရာမျှ အကျိုးတရားတို့၌ မပါ မဝင်ချေ၊ ပဋ္ဌာန်း ၂၄--ပစ္စည်းတို့တွင် အာရမ္မဏ ပစ္စည်း အာရမ္မဏာဓိပတိ ပစ္စည်းတို့၌ ပါဝင်၏၊ တစုံတခုသော ပစ္စည်း၏ အကျိုး ပစ္စယုပ္ပန် ဘက်၌ မပါ မဝင်ချေ၊ ထိုကြောင့် နိဗ္ဗာန်မှာ ပဒဋ္ဌာန် မရှိလေ သတည်း။

ထိုနိဗ္ဗာန်သည် လောကနှစ်ပါးမှ အကြင်းမဲ့ ကျွတ်လွတ်သော ကြောင့် လောကုတ္တရာ ဇာတ်၌ ပါဝင်၏၊ ထိုကြောင့် 'ကတမေ ဓမ္မာ လောကုတ္တရာ 'စတ္တာရော စ အရိယမဂ္ဂါ စတ္တာရိစ သာမညဖလာနိ အသင်္ခတ စ ဓာတု–ဣမေ ဓမ္မာ လောကုတ္တရာ' ဟူ၍ အဘိဓမ္မာဝိဘင်းဌ၌ မြတ်စွာဘုရား ဟောတော်မူ၏၊ လောကုတ္တရာ ဇာတ်၌ ပါဝင်သော နိဗ္ဗာန်သည် ပညတ်မျှ မဟုတ်၊ စင်စစ် သဘော အသီး အခြားဖြင့် ရအပ်သော ပရမတ္ထ ပေတည်းဟု သိ ရာ၏။

ထိုနိဗ္ဗာန်သည် လေးပါးသော မဂ်ဉာဏ်တို့၏ သစ္စာကရဏ ကိစ္စ ဖြင့် ပစ္စက္ခ ဒိဋ္ဌ မျက်မှောက် ပြုအပ်သော တရားလည်း ဖြစ်၏၊ မျက်စိ အမြင်နှင့် ပြည့်စုံသော သူသည် လပြည့်ဝန်းကို မျက်စိဖြင့် ဒိဋ္ဌ ပစ္စက္ခ မြင်ရဘိသကဲ့သို့ ဒိဋ္ဌ ပစ္စက္ခ မြင်အပ်သော တရားဖြစ်၏၊ စက္ခု မဲ့သော ဇစ္စန္ဓ ပုဂ္ဂိုလ်တို့သည် လပြည့်ဝန်းကို ဒိဋ္ဌ ပစ္စက္ခ မမြင်အပ်သကဲ့သို့ နိဗ္ဗာန်သည် အနန္တ ပုထုဇဉ် တို့၏ အာရုံ မဟုတ်၊ ပညဝန္တ ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် မူကား အနုမာန

အားဖြင့် မြင်အပ်သော တရားလည်း ဖြစ်၏၊ သောတာပတ္တိ မဂ္ဂ ဝိထိ၌ ဂေါတြဘု ဇောသည်လည်း ဝိထိတူဖြစ်သော မဂ်နှင့် အာရုံ မပြားသင့်ရကား ပစ္စက္ခ နိဗ္ဗာန် အားဖြင့် မြင်အပ်သည်ဟူ၍ မှတ်ရာ၏။

စိတ် အစရှိသော ဓမ္မတို့သည် ဇာတိဓမ္မ ဖြစ်လေသောကြောင့် ဘုမ္မိ ဇာတိ သမ္မယုတ္တ စသော အပြားအားဖြင့်ရင်း ကာလ ဒိသာ ဒေသ ပုဂ္ဂလ စသော အပြား အားဖြင့်ရင်း အသီးသီး ကဲ့ပြားလေကုန် သကဲ့သို့ နိဗ္ဗာန်သည် ဇာတိဓမ္မ အနုပ္ပါဒဓမ္မ ဖြစ်သောကြောင့် ထိုသို့ ကဲ့ပြားသော တရား မဟုတ်ပေ၊ ထိုနိဗ္ဗာန်သည် သဘော အားဖြင့်ရင်း ဝတ္ထု အားဖြင့်ရင်း တခုတည်းသာလျှင် ဖြစ်၏၊ ထင်ရှားစေအံ့ အနမတဂ္ဂ အတိတ် သံသရာ ကမ္ဘာ အဆက်ဆက်တို့၌ရင်း ယခု ကမ္ဘာ၌ရင်း နောင် လာလတ္တံ့သော အနန္တ အပရိမာဏ အနာဂတ် ကမ္ဘာ တို့၌ရင်း ပရိနိဗ္ဗာန် ပြုပြီး ပြုဆဲ ပြုလတ္တံ့ ကုန်သော ဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာ သာဝကတို့၏ နိဗ္ဗာန်သည် မကဲ့ မပြားဘဲ တခုတည်းသာလျှင် ဖြစ်၏။

ဤနိဗ္ဗာန်သည် ဤဘုရားရသော နိဗ္ဗာန်တည်း၊ ဤနိဗ္ဗာန်သည် ဤပစ္စေက ဗုဒ္ဓါရသော နိဗ္ဗာန်တည်း၊ ဤနိဗ္ဗာန်သည် ဤရဟန္တာ သာဝကရသော နိဗ္ဗာန်တည်းဟူ၍ ညွှန်ပြခြင်းငှာ မတတ်ကောင်းသော အနိဒ္ဒိဿိတဗ္ဗ တရားလည်း ဖြစ်၏၊ ထိုကြောင့် မူလပဏ္ဏာသ ဗြဟ္မနိမန္တနိက သုတ်၌ 'ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ' ဟူ၍ နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို ဟောကော်မူ၏။

ဝိညာဏံ = သခ်ၢတ တရားတို့၏ ချုပ်ခြင်းဖြင့် ထင်ရှားစွာ သိအပ်သော တရားတည်း။

အနိဒဿနံ = အစ္စန်း အမြီတ် နိမိတ်မှ ကင်းသဖြင့် ညွှန်ပြခြင်း ဌာ တတ် ကောင်း ရာသော တရား မဟုတ်။

အနန္တံ = ရှေ့နောက် အစ္စန်း နှစ်ပါးမှကင်း ဆုံးဆခြင်းဌာလည်း မတတ်စကောင်း။

သဗ္ဗတောပဘံ = ဝဋ္ဋ ဒုက္ခတို့နှင့် ဆန့်ကျင် ဖီလာဖြစ်၍ကောင်းမြတ် အေးချမ်း သော ဂုဏ်ရောင် တို့ဖြင့် အချင်းခပ်သိမ်း တထိန်ထိန် ဟပြောင်ပြောင် ထွန်းပနေ**သော** တရားပေတည်း။

ထိုနိဗ္ဗာန်သည် အနိဒ္ဒိဿိတဗ္ဗမမ္မ ဖြစ်ပေသောကြောင့် အနမတဂ္ဂ သံသရာ၌ အလုံးစုံသော အရပ်မျက်နှာ တို့တွင် ဤအရပ်မျက်နှာ၌ကား မရှိ၊ ဤအခါ၌ကား မရှိဟူ၍ ဆိုထိုက်သော တရားမဟုတ်၊ အဘယ်ကြောင့်နည်း ဟူမူ အရိယမဂ်တရားကို ပွားများ အားထုတ်ခဲ့ပါလျှင် အမှတ်မရှိ တခုခုသော ဒေသ ဌာန ကာလတို့၌ စင်စစ် ရထိုက် သိထိုက်သော တရား ဖြစ်ပေ သောကြောင့်တည်း၊ ဝိနည်း ပ ဋိဌေတော် အဂုံတို့ရ ပါဠိတော် တို့၌လည်း—

"ရဟန်းတို့ လောကဌ အလုံးစုံကုန်သော မျောင်း မြောင်း မှုးမြစ်တို့သည် မဟာသမုဒ္ဒြာသို့ အရောက် စီးဝင်ကြကုန်၏၊ ကောင်းကင်ဌ ဖြစ်သော မိုးရေ အယဉ်တို့ သည်လည်း ကျရောက် သက်ဝင်ကြကုန်၏၊ ထိုရေတို့ဖြင့် မဟာသမုဒ္ဒြာကြီး၏ ယုတ်လျော့ခြင်း ပြည့်ခြင်းသည် မထင်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် မျှားစ္ဓာ သော ရဟန်းတို့သည် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် အကဲယ်၍ပင် ပရိနိဗ္ဗာန် ဝင်စံကြစေကုန်ဦးတော့၊ ထိုကြောင့် အသင်္ခတ နိဗ္ဗာန ဓာတ်၏ ယုတ်လျော့ခြင်း ပြည့်ခြင်း မရှိ"

အဂ္ဂိုတ္တိ၏အဋ္ဌကထာ စသည် တို့၌လည်း အသင်္ခ်ေ တိုင်တိုင် မဟာကပ်ကြီးတို့သည် သုညကမ္ဘာ ဖြစ်ကြကုန်၍ ဘုရားတဆူမျှ ပဋ္ဌာန်းတော်မမူ သဖြင့် နိဗ္ဗာန်သို့ ကူးမြောက်သူ မရှိ သော်လည်း နိဗ္ဗာန်သည် အချည်းနှီး ဖြစ်လေပြီ၊ နိဗ္ဗာနဟောတ်သည် ဆုတ်ယုတ်လျော့ပါးလေပြီ ဟု ဆိုခြင်းငှာ မထိုက်၊ မြတ်စွာဘုရားတို့ ပဋ္ဌာန်းတော်မူ ကုန်၍ တရားပဋ္ဌာန်းတရုတ် ပင်လျှင် အသင်္ခ်ေမျှလောက် ကုန်သော သတ္တဝါတို့သည် အကျတ်တရားကို ရကုန်၍ ပရိနိဗ္ဗာန်ဝင်စံကြ ကုန်သော်လည်း နိဗ္ဗာန်သည် အလွန်တရာ စည်ကားသာယာ လေ၏၊ နိဗ္ဗာန ဓာတ်သည် ပြည့်လျှံ မို့မောက်၍နေ၏ ဟူ၍လည်း ဆိုမြင်းငှာမထိုက် ဟူ၍ ဖွင့်ဆိုတော်မူကြကုန်၏။

သဗ္ဗတော ပဘံ-ဟူသောပါဠိတော်ကိုဖွင့်ဆိုသောပြဟ္မနိမန္တနိက သုတ်အဋ္ဌကထာ၌လည်း နိဗ္ဗာန်သည် ထက်ဝန်းကျင်မှ ဂုဏ်တည်း ဟူသော အရောင်ဖြင့် ပြောင်ပြောင် တောက်၍ နေ၏၊ နိဗ္ဗာန ဓာတ်ထက်တောက်ပသော တရား အရောင်ရှိသော တရား စင်ကြယ်သော တရား ဖြူဆွတ်သောတရားဟူ၍ တစုံတရာမျှမရှိ၊ ထိုနိဗ္ဗာန်သည် ခပ်သိမ်းသော အရပ်၌ပင် ရှိ၏၊ တစုံတခုသောဌာန၌ မရှိ ဟူ၍ မဆိုထိုက်၊ အလုံးစုံ အနှံ့အပြားရှိ၏ဟု ဖွင့်ဆို၏၊ ဒုက္ခ အမျိုးမျိုး တို့နှင့် ယှဉ်ဖက်၍ ညစ်နွမ်း လှစွာသော သင်္ခတတရား တို့၏ ဇာတ်သိမ်းမှု ချုပ်ငြိမ်းမှု ဖြစ်ပေသောကြောင့် အမျိုးမျိုး သော ဂုဏ်ပုဒ်တို့ဖြင့် ချီးကျူးဖွင့်ဆိုသော်လည်း နိဗ္ဗာန်၏ ဂုဏ်စု သည် မကုန်မခန်းနိုင်ရာ။

ထိုနိဗ္ဗာန်သည် တပါးတည်းသာ ဖြစ်သော်လည်း ချုပ်ခြင်း သဘောရှိသော တေကာလိကဓမ္မတို့ကို အမှီပြု၍ ထင်ရှားစွာ သိအပ်

လဲ့သော တရား ဖြစ်သောကြောင့် နိုရုဒ္ဓတေကာလိကခမ္မ တို့၏ အပြား ပဘေဒဖြင့် ပြားသည်ဟု တင်စားလျှင် သဉ္ဇပါဒိသေသ နိုဗ္ဗာန် အနုပါဒိသေသ နိုဗ္ဗာန်ဟူ၍ နှစ်ပါးရှိ၏၊ ထိုတွင် ဘဝခန္ဓာ သံသရာ အကြင်းအကျန် ရှိနေစဉ်အခါ ပေါက်ရောက်ရ ခံစားရသော နိုဗ္ဗာန်သည် သဉ္ဇပါဒိသေသ နိုဗ္ဗာန်မည်၏၊ ထိုကြောင့်— "သဉ္ဇပါဒိ သေသနိ ကြင်းရှိ ငါးရပ်ခန်"ဟု စပ်ဆိုလေသည်။

ခန္ဓာကြင်း ဘဝကြင်း အလျှင်းမရှိစေဘဲ အဆုံးစွန်သော ပရိနိုဗ္ဗာန် ဝင်စံမှုသည် အနုပါဒိသေသ နိုဗ္ဗာန်မည်၏၊ ထိုကြောင့် 'အနုပါဒိ သေသနိ မရှိငါးရပ်ခန်—'ဟု စပ်ဆိုလေသည်။

ဣတိဝုတ်ပါဠိတော်၌လည်း-'ဒွေမာဘိက္ခဝေ နိုဗ္ဗာန ဓာတုယော ကတမာဒွေ—သဉ္ဇပါဒိသေသာ စ နိုဗ္ဗာန ဓာတု အနုပါဒိသေသာ စ နိုဗ္ဗာန ဓာတု'— စသည်ဖြင့် ဟောတော် မူ၏၊ ထိုနှစ်ပါးသော နိုဗ္ဗာန်တို့တွင် သဉ္ဇပါဒိသေသ နိုဗ္ဗာန်သည် ကိလေသာတို့၏ ချုပ်ငြိမ်းမှုဖြစ်၍ ကိလေသ နိုဗ္ဗာန်မည်၏၊ အနုပါဒိသေသနိုဗ္ဗာန်သည် ခန္ဓာတို့၏ ချုပ်ငြိမ်းမှု ဖြစ်သောကြောင့် ခန္ဓနိုဗ္ဗာန်မည်၏၊ တနည်း သဉ္ဇပါဒိသေသ နိုဗ္ဗာန်သည် ဒိဋ္ဌဓမ္မ၌ ရအပ်သောကြောင့် ဒိဋ္ဌဓမ္မိက နိုဗ္ဗာန်မည်၏၊ အနုပါဒိသေသ နိုဗ္ဗာန်သည် စုတိသည်မှ နောက်၌ ရအပ်သောကြောင့် သမ္မရာယိက နိုဗ္ဗာန်မည်၏၊ ထိုကြောင့် ဣတိဝုတ် ပါဠိ တော်၌— 'ကောဟိဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ သဉ္ဇပါဒိသေသာ ဘဝနေတ္တိ သခ်ယာ၊ အနုပါဒိသေသာ ပန သမ္မရာယိကာ—'ဟူ၍ဟောတော်မူ၏။

မဂ်ခဏ၌ ကိလေသာတို့ ချုပ်ငြိမ်းမှုသည် သဉ္ဇပါဒိသေသမည်၍ စုတိ၏ အခြားမဲ့၌ ဘဝခန္ဓာ သံသရာ၏ ချုပ်ငြိမ်းမှုသည် အနုပါဒိသေသမည်၏၊ စုတိ၏ အခြားမဲ့၌ ဖြစ်ပေါ် ကြကုန်

သော ပဋိသန္ဓေခန္ဓာတို့မည်သည် ကိုလေသာတို့ရှိကြကုန်မှ သာလျှင် ဖြစ်ပေါ်ကြကုန်၏၊ ကိုလေသာတို့မရှိလျှင် ပဋိသန္ဓေ ခန္ဓာတို့လည်း မဖြစ်ပေါ်ကြကုန်၊ ထိုကြောင့် ပဋိသန္ဓေ ခန္ဓာတို့သည်ကိုလေသာ ကုန်ဆုံးသည်နှင့် တပြိုင်နက် ကုန်ဆုံးကြကုန်၏ဟု ဆိုထိုက်ကုန်၏။

စုတိတိုင်အောင် ဖြစ်နေကြကုန်သော ပစ္စုပ္ပန်ခန္ဓာ အစဉ်သည် မူကား ရဟန္တာပုဂ္ဂိုလ်မှာသော်လည်း ရှေးဘဝအတိတ် က အတိတ် ကိုလေသာတို့၏ နိဿန္ဒဖလ အကျိုးဆက်သာဖြစ်၏၊ သတ္တဝါတို့၏ ဓမ္မတာ သိဒ္ဓိ ဖြစ်၏၊ ထိုကြောင့် ကိုလေသာ ကုန်ခန်းပြီးသော ရဟန္တာပုဂ္ဂိုလ်မှာ သော်လည်း စုတိသည်တိုင်အောင် မပြတ်မလပ် ဖြစ်၍ နေသေးသည် သာတည်း၊စုတိခဏ၌ ထိုပစ္စုပ္ပန် ခန္ဓာအစဉ်၏ ချုပ်ဆုံးမှုသည် ဓမ္မတာနိရောဓပေတည်း၊ စုတိသည်မှ နောက်၌ တဖန်ဘဝသစ်၏ မဖြစ်မှုသည် ရှိ၏၊ ယင်းသည် ကိုလေသာ ချုပ်သည်နှင့်တပြိုင်နက်ချုပ်လေ၏ဟူလို။

ထိုပြင်တပါးတည်းဖြစ်သောနိဗ္ဗာန်သည်အခြင်းအရာ အာကာရ ဘေဒအားဖြင့် သုညတ နိဗ္ဗာန် အနိမိတ္တနိဗ္ဗာန် အပ္ပဏိဟိတနိဗ္ဗာန် ဟူ၍ သုံးပါးရှိပြန်၏၊ ထိုကြောင့် "သုည နိမိတ် ပဏိဟိတ် ဖြာစိတ် သုံးနိဗ္ဗာန်"ဟု စပ်လေသည်။

အလုံးစုံသော သင်္ခတ ဓမ္မတို့သည် ပလိဗောဓနှင့် တက္ခ ရောနှောလျက် ရှိနေကြသော တရားတို့ ဖြစ်ကြကုန်သဖြင့် ကြောင့်ကြမှု အမျိုးမျိုးတို့ဖြင့် အမြဲ မပြတ် နှိပ်စက်အပ်သော တရားတို့သာတည်း၊ ငြိမ်းချမ်း သက်သာခွင့်ကို ပေးစွမ်းနိုင်သော တရားမျိုး မဟုတ်ကြကုန်၊ နိဗ္ဗာန ဓာတ်သည်ကား ထိုသို့ မဟုတ်၊ ပလိဗောဓ အမျိုးမျိုးတို့မှ ကင်း၍ တစုံတရာ ကြောင့်ကြခြင်းနှင့်ယှဉ်သော တရားမျိုးမဟုတ်၊ ပလိဗောဓတို့၏ သုဉ်းရာ ဆိတ်ရာ ဖြစ်၏၊

ထိုကြောင့် သူညတ မည်ပေသည်၊ ထိုကြောင့်— "ပလိဗောဓ ကြောင့်ကြသဖို့ ကင်းဆိတ်ညံနိဗ္ဗာန် သူညတ"-ဟုစပ်ဆိုလေသည်။

အနိမိတ္တဒ္ဒ ဥပါဒါခြင်း တည်ခြင်းလျှင် အကြောင်းရင်း ရှိသော ရှုန့်ရင်းသော အမှု အရာသည် နိမိတ္တ (နိုမိတ်)မည်၏၊ ဤနိမိတ်နှင့် ပြည့်သော သင်္ခတ တရားတို့သည် အလုံးစုံသော ကိလေသာ မြူတို့၏ တည်ရာ မြေကြီးသဖွယ် ဖြစ်ကြကုန်၏၊ ဇရာ မရဏ တရားတို့၏ တည်ရာလည်း ဖြစ်ကုန်၏၊ မာရ်တရား ရန်တရားတို့၏ တည်ရာလည်း ဖြစ်ကုန်၏၊ အနာဆိုး ရောဂါဆိုး အမျိုးမျိုးသော ဘေးဒဏ်တို့၏ ပုန်းအောင်း ရာလည်း ဖြစ်ကုန်၏၊ ထိုကြောင့် ထိုနိမိတ် ရှိသော သင်္ခတ တရားတို့ကို မာရဓေယျ မစ္စုဓေယျ ယောဂိဘူတ ဟုဆိုအပ်ကုန်၏။

သင်္ခတ တရားတို့သည် နိမိတ် ရှိကြကုန်သောကြောင့် ကာလ ဒီသာ ဒေသ သန္တာန် အစရှိသော အပြားတို့ဖြင့် အယုတ် အလတ် အမြတ်ဟူ၍ အသီးသီး ကွဲပြားကြကုန်၏၊ နိဗ္ဗာန် တရားမူကား နိမိတ် ရှိသော သင်္ခတ တရားတို့၏ ချုပ်ငြိမ်းမှု ဖြစ်သောကြောင့် နိမိတ် ရှိသော တရား မဟုတ်၊ ထိုနိဗ္ဗာန်၌ နိမိတ် မည်သည် တစုံတရာ မရှိ၊ ထိုကြောင့် အနိမိတ္တ မည်၏၊ "ဘေးပေါင်းတရံ မဆက်ဆံ နိဗ္ဗာန် နိမိတ္တ"

အပွဏိဟိတဒ္ဒ ပဏိဟိတ ပဏိဓာန ပဏိဓိ ပတ္ထနာ အာသာ ဇိဿဒ္ဓာ ပိပါသာ—ဟူသော စကားတို့သည် အနက်တူသော စကားတို့ပေတည်း၊ တောင့်တမှုဟု ဆိုလိုသည်၊ သင်္ခတ တရားတို့ မည်သည် လက်ရောက် ရအပ်ပါကုန်သော်လည်း ပျက်စီးတတ်သော အနိစ္စမမှ ဖြစ်ကုန်သောကြောင့် အဖန်ဖန် ရခြင်းငှာ တောင့်တမှု အာသာတည်း ဟူသော ဆင်းရဲဒုက္ခကို အာဆင့်ဆင့် ပွားစေကုန်၏၊

တောင့်တမှု အာသာ တည်းဟူသော ဒုက္ခ အဆုံး မည်သည်လည်း သံသရာထဲ၌ တရံခါမျှမရှိ၊ အလုံးစုံသော ဆင်းရဲဟူသမျှသည် တောင့်တမှု အာသာလျှင် အရင်းမူလ ရှိကြ၏၊ တောင့်တမှု အာသာနှင့်တူသော ဆင်းရဲမှည်သည် တစုံတရာမျှ မရှိချေ၊ နိဗ္ဗာန် တရားသည် မမဂ္ဂဟိတ္ထိပင် တောင့်တမှု အာသာကို ပယ်ဖျောက် တတ်သော တရား ဖြစ်သောကြောင့် တောင့်တမှု အာသာဟူ ဆိုအပ်သော တဏှာ ပဏိဟိတတို့ကို အကြင်းမဲ့ ဖျက်ဆီးလျက် အမြဲတည်သော တရား ဖြစ်ပေ၏၊ ထိုနိဗ္ဗာန်၌ တစုံတခု တောင့်တမှု အာသာဟူ၍ မရှိပေ၊ အချင်းခပ်သိမ်း တောင့်တမှုမှ ကင်းငြိမ်း၏၊ ထိုကြောင့် အပ္ပဏိဟိတ မည်ပေ၏၊ "တောင့်တ ပူပန် မဆက်ဆံ နိဗ္ဗာန် ပဏိဟိတ"။

—ပရမတ္ထသံခိပ်ဋီကာ

နိဗ္ဗာန်နှစ်ပါးအယူအဆ

ပါဠိတော်မှာလာသော နိဗ္ဗာန် နှစ်ပါးကား အသင်္ခတဖြစ်သော အဘာဝ ပညတ် နှစ်ပါးသာတည်း၊ ကိလေသာတို့၏ တဖန် မဖြစ်ခြင်းဟူသော အဘာဝ ပညတ်ကို သဉ္ဇပါဒိသေသ နိဗ္ဗာန် ဆိုသည်၊ ခန္ဓာတို့၏ တဖန် မဖြစ်ခြင်းဟူသော အဘာဝ ပညတ်ကို အနုပါဒိသေသ နိဗ္ဗာန် ဆိုသည်၊ သင်ဂြိုဟ် ကျမ်းမှာကဲ့သို့ ပရမတ် အစစ် အမှန် ဖြစ်သော နိဗ္ဗာန် သစ္စာဟု ဆိုအပ်သော အသင်္ခတ နိဗ္ဗာန် နှစ်ပါးကို ဆိုသည် မဟုတ်၊ ထို ပရမတ် အစစ် အမှန် ဖြစ်သော နိဗ္ဗာန် သစ္စာဟု ဆိုအပ်သော အသင်္ခတ နိဗ္ဗာန်သည်ကား အစဉ် ထာဝရ တပါးတည်း အမြဲတည်နေသော တရား ဖြစ်ပေ၍ ဒိဋ္ဌိမမ်ိုက၁ သမ္ဘရယိက၁ ဟူ၍ ဆိုထိုက်သော အခွင့် မရှိ၊ ပရမတ္ထမမ္မ အနေအားဖြင့် ထင်ရှားရှိနေသော ဘာဝတရား

ဖြစ်ပေ၍–'ရာဂသ ခီဏာကာရော အဘာဝေါ'-ဟူ၍လည်း ဆို့ထိုက်သော အခွင့် မရှိ၊ ဤပါဠိတော်၌ အချို့သော ဆရာတို့၏ အယူပေတည်း။

အချို့သော ဆရာတို့ကား ပါဠိတော်မှာ လာသော နိဗ္ဗာန်နှစ်ပါးတွင် သဉ်ပါဒိသေသ နိဗ္ဗာန် ဆိုသည်ကား ကိလေသာတို့၏ ကုန်ခြင်းတည်း ဟူသော ခီဏာကာရ ပညတ်မျှကိုရင်း ကိလေသာတို့၏ မရှိခြင်း တည်းဟူသော အဘာဝ ပညတ်မျှကိုရင်း သဉ်ပါဒိသေသ နိဗ္ဗာန်ဆိုသည်၊ ထိုကြောင့် အဋ္ဌကထာ၌ 'ရာဂသ ခယော ခီဏာကာရော အဘာဝေါ'ဟူ၍ ဖွင့်သည်၊ အနုပါဒိသေသ နိဗ္ဗာန်သည် မူကား ပရမတ္ထ အစစ် အမှန်ဖြစ်သော အသင်္ခတ နိဗ္ဗာန်ကြီးပင်တည်း၊ ထိုနိဗ္ဗာန်ကြီးကို သမ္မာရယိကာ ဟူ၍ ဟောတော်မူသည်၊ အဋ္ဌကထာ၌လည်း-'သမ္မာရယိကာတိ ခန္ဓဘေဒတော ပရဘာဝေ ဘာဝေါ- (သမ္မာရယိကာ ဟူသည်ကား ခန္ဓာချုပ်ပျက်သည်မှ နောက်အဘိုး၌ဖြစ်သော နိဗ္ဗာန်တည်း)ဟု ဖွင့်သည်၊ ဤပါဠိ အဋ္ဌကထာတို့ကို ထောက်၍ ပရမတ္ထ အစစ် အမှန်ဖြစ်သော နိဗ္ဗာန်သည် ရှေးရှေးသံသရာ ကမ္ဘာ ကမ္ဘာက တခုတည်း တပါးတည်း ဖြစ်၍ အစဉ်ထာဝရ ရှိနေသည် မဟုတ်၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ ပုဂ္ဂိုလ်တို့ တပါး တပါး ပရိနိဗ္ဗာန် စံရာတွင်မှ သူ့နိဗ္ဗာန်နှင့်သူ အသီးသီး စုတိစိတ် ချုပ်သည်မှ နောက်၌ အလွန်သိမ်မွေ့သော အခြင်းအရာအားဖြင့် ဖြစ်ပေါ်၍ လာသော အသင်္ခတ ဓာတ်ကြီးပေတည်း၊ ဖြစ်ပေါ်သည်မှ နောက်၌ အစဉ် ထာဝရ မြဲ၍ နေသောကြောင့်သာ နိစ္စဓုဝ သဿတ ဟူ၍ ဆိုအပ်သတည်း၊ ဤကား ပါဠိတော်၌ အချို့သော ဆရာတို့၏ အယူတည်း။

ငါတို့ (လယ်တီဆရာတော်၏)အယူကား ပါဠိတော်မှာ သဉ္ဇပါဒိသေသ နိဗ္ဗာန်မှာလည်း တဿ ယော ရာဂကွယောဟူ၍ လာသည်၊ အနုပါဒိသေသ နိဗ္ဗာန်မှာလည်း တဿ ယော ရာယကွယော ဟူ၍ လာသည်၊ ထိုသို့ လာသည်တွင် အဋ္ဌကထာ၌ ရှေ့ပုဒ်ကိုသာ-ယော ရာဂကွယောတိ ရာဂဿ ခယော ခီဏာကာရော အဘာဝေါ အစ္စန္တ အနုပ္ပါဒေါ'-ဟု ဖွင့်သည်၊ နောက်ပုဒ်ကို မဖွင့်ပြီ၊ ရှေ့ပုဒ်နောက်ပုဒ် အထူးရှိခဲ့လျှင် အသီး အသီး ခြားနားစွာ ဖွင့်ရာသည်၊ မဖွင့်ပါခဲ့၊ ဤသည်လည်း တကြောင်း၊ ရာဂဿ ခယော ခီဏာကာရော အဘာဝေါ အစ္စန္တ အနုပ္ပာဒေါ ဟူရာ၌ အစ္စန္တ အနုပ္ပာဒေါ ဟူသော နောက်ဆုံး ပုဒ်သည် ပရမတ္ထ အသင်္ခတ နိဗ္ဗာန်ကြီး၏ အမည် ဖြစ်ပေသည် တကြောင်း၊ ထိုနိဗ္ဗာန်ကြီးသည် ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာ ငါးပါး ထင်ရှား ရှိစဉ်လျက်လည်း တည်လျက်ပင် ရှိပေသည်၊ ခန္ဓာ ပျက်ဆုံးသည်မှ နောက်၌လည်း ရှိလျက် တည်လျက်ပင် ရှိလေသည်၊ ထိုကြောင့် ဒိဋ္ဌ ဓမ္မိကာ သမ္မရာယိကာ ဟူ၍ ဆိုထိုက်ပေသည် တကြောင်း၊ အဋ္ဌကထာမှာလည်း ရှိခြင်း အနက် တည်ခြင်း အနက်တို့နှင့် ဆက်ဆံသော ဘာဝ သဒ္ဒါ ဝတ္ထုမာန သဒ္ဒါတို့နှင့်သာ ဖွင့်ဆိုသည်၊ ဥပ္ပန္န သဒ္ဒါ ဇာတ သဒ္ဒါတို့နှင့် မဖွင့်လေသည် တကြောင်း၊ ဤသို့သော အကြောင်းများကြောင့် ပါဠိတော်မှာ လာသော နိဗ္ဗာန် နှစ်ပါးလည်လည်း သင်ကြားဟက်ကျမ်းမှာ လာသော နိဗ္ဗာန်နှစ်ပါးနှင့် ထပ်တူ ထပ်မျှ ပရမတ္ထ အသင်္ခတ နိဗ္ဗာန်ကြီးပင် ဖြစ်သည် ဟူပေ။

ထိုထို ရဟန္တာ ပုဂ္ဂိုလ်တို့ ခန္ဓာ ကမ္မဇရုပ် ချုပ်ပြီးသော နောက်မှသာ ပရမတ္ထ အသင်္ခတ နိဗ္ဗာန်ကြီး၏ ဖြစ်ပေါ်ခြင်းကို အလိုရှိကြကုန်၏ဟု ယူဆသော ဆရာတို့ ဝါဒ၌ ရဟန္တာ အဖြစ်သို့ပင်

ရောက်သော်လည်း စုတိ ကမ္မဇရုပ် မချုပ်မီ အတွင်း နိဗ္ဗာန်မရှိသေး၍ နိဗ္ဗာန်သို့ ရောက်သည်ဟူ၍ မဆိုရသေး၊ နိဗ္ဗာန်သို့ ဆိုက်သည် ဟူ၍ မဆိုရသေး၊ နိဗ္ဗာန်ကို ရသောသူဟူ၍ မဆိုရသေး၊ စုတိ ကမ္မဇရုပ် ချုပ်သည်၏ အခြားမဲ့မှာ ဖြစ်ပေါ်လာလတ္တံ့သော အနာဂတ်ကို လှမ်း၍ မြင်ရရုံသာ ရှိသေးသည်ဟု ဆိုလို၏။

ကိုလေဘာတို့၏ ချုပ်ငြိမ်းမှု ခန္ဓာတို့၏ ချုပ်ငြိမ်းမှု နှစ်ပါးရှိသည်တွင် မဂ်ခဏ ဖိုလ်ခဏတို့၌ ကိုလေသာတို့ ချုပ်ငြိမ်းကုန်၏၊ ထိုအခါ ပရမတ္ထ အသင်္ခတ နိဗ္ဗာန်ကြီး ရှိပင် မရှိသေး၊ ထို ရဟန္တာ ပုဂ္ဂိုလ်သည် မိမိ ကိုယ်ခန္ဓာမှာ ရောဂါတို့၏ ဖြစ်ပေါ်လာခြင်း အနာတို့၏ ဖြစ်ပေါ်လာခြင်း အထူးထူးသော အနိဋ္ဌရုပ် ဒုက္ခဝေဒနာ တရားတို့၏ ဖြစ်ပေါ်လာခြင်း ဟူသော ဇာတိ ဒုက္ခမှလည်း မလွတ်သေး၊ အိုရခြင်း တည်းဟူသော ဇရာ ဒုက္ခမှလည်း မလွတ်သေး၊ သေရခြင်း တည်းဟူသော မရဏ ဒုက္ခမှလည်း မငြိမ်းသေး၊ ခန္ဓာကိုယ်ကြီးကို မေ့မြှုပ်မှု ဒုက္ခဆောင်ရွက်မှု ဒုက္ခတို့မှလည်း မလွတ်သေး၊ ရေ မီး မင်း ခိုးသူ စသော ဘေးတို့မှလည်း မလွတ်သေး၊ ပရမတ္ထ အသင်္ခတ နိဗ္ဗာန်ကြီး မည်သည် တစုံ တခုသော ဒုက္ခ ဘယ မရှိပြီ၊ ရဟန္တာ ပုဂ္ဂိုလ်မှာ ဆိုခဲ့ပြီးသော ဒုက္ခဘယ အနန္တ ထင်လင်းရှိနေ၏၊ စုတိ ကမ္မဇရုပ် ချုပ်၍ ထိုခန္ဓာကြီး ကွယ်ပျောက်မှ ထိုဒုက္ခဘယ ခပ်သိမ်း ကင်းငြိမ်း လေ၏၊ ထိုအခါမှ နိဗ္ဗာန်ကြီး ပေါ်လာ၍ နိဗ္ဗာန်သို့ ရောက်သည်၊ နိဗ္ဗာန်ကို ရသည်ဟု ဆိုအပ်ပေသတည်း။

ကိုလေသာတို့၏ ချုပ်ငြိမ်းမှု ခန္ဓာတို့၏ ချုပ်ငြိမ်းမှု နှစ်ပါးရှိသည်တွင် ကိုလေသာတို့၏ ချုပ်ငြိမ်းမှုသည်သာလျှင် မုချ ပဓာနပေတည်း၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုမှာ မူကား ကိုလေသာ ချုပ်ငြိမ်းမှု၏ အမြဲ အစိုက် နောက်လိုက် နောက်ပါသာလျှင်တည်း၊ အဆိပ်

ပင်ကို သတ်သော သူသည် အမြစ်ကို မတူး မဖြတ် မူ၍ အပင် အကိုင်း အခက်ကိုသာ ဖြတ်ခဲ့အုံ၊ အဆိပ်ပင်ကို သတ်သောသူဟူ၍ မဆိုလောက်၊ အပင် အကိုင်း အခက်တို့ကို မူကား မထိ မပါးမူ၍ အမြစ် ဟူသမျှတို့ကို တူးဖော် ဖြတ်တောက် မီးရှို့ ပြာပြု၍ ပစ်သော သူသည်သာ အဆိပ်ပင်ကို သတ်သောသူ စင်စစ် ဖြစ်သည်၊ အမြစ်တို့၏ ပျက်ဆုံးမှု သည်သာ ပဓာန ဖြစ်၏၊ အပင် အကိုင်း အခက်တို့၏ ပျက်ဆုံးမှုသည် အမြစ် ပျက်ဆုံးမှု၏ အမြဲ တစိုက် နောက်လိုက် နောက်ပါသည်သာ ဖြစ်၏၊ ထိုအတူ ကိလေသာတို့၏ ချုပ်ငြိမ်းမှုသာ ပဓာန ဖြစ်၏၊ နိဗ္ဗာန်ကို ဟောတော်မူရာတို့၌ ကိလေသာတို့၏ ချုပ်ငြိမ်းမှုကို ပဓာနပြု၍ လာသောအရာ အလွန် မျှားလှ ပါ၏၊ ထိုကြောင့် ရဟန္တာတို့၏ စုတိခန္ဓာ ချုပ်ငြိမ်းမှုသာ ပရမတ္ထ အသင်္ခတ နိရောဓ သစ္စာ မဟာ နိဗ္ဗာန် ကြီးကို ရထိုက်သည် မဟုတ်၊ ကိလေသာတို့၏ ချုပ်ငြိမ်းမှုမှာလည်း ပရမတ္ထ အသင်္ခတ နိရောဓ သစ္စာ မဟာ နိဗ္ဗာန်ကြီးကို ကေန် စင်စစ် ရထိုက်သည် သာလျှင်တည်း။

တထောင့် ငါးရာ ကိလေသာတို့၏ တခုမကျန် အကုန် ချုပ်ငြိမ်းမှုမှာသာ ရထိုက်သည် မဟုတ်သေး၊ သောတာ ပတ္တိမဂ်ကို ရ၍ သက္ကာယဒိဋ္ဌိ အစရှိသော အချို့သော ကိလေသာတို့၏ နောင်တဖန် ဖြစ်ပေါ်ခြင်း မရှိ၊ အကြွင်းမဲ့ ချုပ်ငြိမ်းမှုသည်လည်း ထိုမဟာ နိဗ္ဗာန်ကြီး အဝင်အပါ ပင်တည်း၊ သောတာပန် ပုဂ္ဂိုလ်အား အပါယ် ခန္ဓာစုနှင့် တက္ခ ခုနစ်ဘဝမှ အထက်၌ အနုမတဂ္ဂ ဘဝ ခန္ဓာ သံသရာ ဝဋ်ကြီး၏ အပြီး ချုပ်ငြိမ်းမှုသည်လည်း ထိုသက္ကာယ ဒိဋ္ဌိ အစရှိသော အချို့သော ကိလေသာတို့၏ ချုပ်ငြိမ်းမှုတွင်

တချက်တည်း တလုံးတည်း ပါလေ၏၊ ထို သံသရာဝဋ္ဋကြီး၏ အမြီး ချုပ်ငြိမ်းမှုသည်လည်း ထိုမဟာ နိဗ္ဗာန်ကြီးပင်တည်း။

နိရောဓသစ္စာ နိဒ္ဒေသတို့၌ ကိလေသာတို့၏ ချုပ်ငြိမ်းခြင်းဟူသော သဉ္ဇာ၊ ဒီသေသ နိဗ္ဗာန်ကို ပဓာန ပြု၍ ဟောတော်မူသည်၊ ဤနိဒါနဝဂ္ဂ သံယုတ် သုတ်ပေါင်း တဆယ်တို့၌ကား အကျိုးဖြစ်သော ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းဟူသော အနုပါဒိသေသ နိဗ္ဗာန်ကို ပဓာနပြု၍ ဟောတော်မူသည်၊ ထိုနှစ်ပါးတို့တွင် နိရောဓသစ္စာ၏ နိဒ္ဒေသတို့၌လာသော ကိလေသာတို့၏ ချုပ်ငြိမ်းမှုသည်သာ ပဓာန ဖြစ်သည်၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုကား ကိလေသာတို့၏ ချုပ်ငြိမ်းမှုမှာ တချက်တည်း တလုံးတည်း ပါလေတော့သည်၊ ထိုကြောင့် အဘိဓမ္မာ ပါဠိတော်၌ ကိလေသာတို့ကိုသာ မဂ်ဖြင့် ပယ်ခြင်းငှာထိုက်သော ပဟာဂဗေဓမ္မတို့ဟူ၍ ဟောတော်မူသည်၊ အကျိုး ခန္ဓာတို့ကိုမူကား မဂ်ဖြင့် ပယ်ခြင်းငှာ မထိုက်သော အပဟာတဗေဓမ္မတို့ဟူ၍ ဟောတော်မူသည်။

ထိုကြောင့် စတုသစ္စ ဒေသနာတို့၌ နိရောဓ အရိယ သစ္စာ၏ နိဒ္ဒေသတွင် ပဓာန ပြု၍ ဟောတော်မူသော ကိလေသာတို့၏ ချုပ်ငြိမ်းမှုဟူသော ကိလေသနိဗ္ဗာန်ဟုဆိုအပ်သော သဉ္ဇာ ဒီသေသ နိဗ္ဗာန်ကို နိရောဓ အရိယသစ္စာထိုက်သော အသင်္ခတဓာတ် ပရမတ် နိဗ္ဗာန်ကြီး မဟုတ်ဟု မဆိုထိုက်၊ သောတာပတ္တိ မဂ်ဓဏ၌ ချုပ်ငြိမ်းကြကုန်သော ကိလေသာတို့သည်လည်း ဘယ်အခါမှာ မြဲ၍ လာလိမ့်ဦးမည်၊ တဖန် ဖြစ်ပေါ် လာလိမ့်ဦးမည်ဟု မရှိပြီ၊ အပြီးအဆုံး ချုပ်ငြိမ်းကြလေကုန်၏၊ အနုပါဒိသေသ နိဗ္ဗာန်နှင့် တဆက်တည်း တပြင်တည်း တပေါင်းတည်း တခုတည်း ဆက်လေတော့သည်၊ ဤကား သဉ္ဇာ ဒီသေသ နိဗ္ဗာန်သည်လည်း အသင်္ခတဓာတ်

ပရမတ်စစ် အမှန်ဖြစ်၏၊ ထိုနိဗ္ဗာန်သို့လည်း သောတာပန် အဖြစ်မှ စ၍ ရ၏ ရောက်၏ဟု ဆိုလိုက်သော ငါတို့အယူပေတည်း။

နိဗ္ဗာန ဒီပနီကျမ်း

ဂမ္ဘီရနိဗ္ဗာန်

အရဟာတ္တဖိုလ် ဟူသော သဉ္ဇပါဒိသေသ နိဗ္ဗာန်ကို ထိုအရဟာတ္တဖိုလ် ရကြသူတို့အား ဂလျှာ်စွာ သူ၏ အရဟာတ္တဖိုလ် ငါ၏ အရဟာတ္တဖိုလ် ဆိုအပ်သည်နှင့် အတူ ထိုအသင်္ခတဓာတ် ဟူသော အနုပါဒိသေသ နိဗ္ဗာန်ကိုလည်း သူ၏ နိဗ္ဗာန် ငါ၏ နိဗ္ဗာန်ဟု စင်စစ် ဆိုထိုက်သည်။

စုတကျရောကသော ရဟန္တာ ပုဂ္ဂိုလ် ဟူသမျှ မမတ္တ ဘုန်းကံကြောင့် မိမိတို့ စံနေရာ ဖြစ်ပေါ်လာသော ထိုနိဗ္ဗာန် ရတနာ၌ မပျောက် မပျက် မအို မသေ အမြဲတည်စံနေရသည်။

ထိုရဟန္တာပုဂ္ဂိုလ်တို့ စုတိပြီးနောက် ရူပါဒိ သန်၄ ဝိမုတ္တပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ထိုနိဗ္ဗာန်၌ အမြဲတည်ရောက်၍ နေသည်ကို အကြောင်းပြုသဖြင့် ထို ပရိနိဗ္ဗုတ ရဟန္တာ ပုဂ္ဂိုလ်တို့ အလုံးစုံ ပြတ်တောက် ဥစ္ဆိန္ဒ အဖြစ်သို့ ရောက်သည် မဆိုရ။

အကယ်၍ ရဟန္တာ ပုဂ္ဂိုလ်တို့ စုတိပြီးနောက် အလျင်းကုယ်ပျောက် ပြတ်တောက်၍ သွားသည် ဆိုခဲ့လျှင် ထိုရဟန္တာတို့ နိဗ္ဗာန် ရောက်သွားသည် မဟုတ်၊ ထိုရဟန္တာတို့ မအို မသေ အမြဲနေရာ နိဗ္ဗာန်နှင့် အဝေးကြီး အလုံးစုံ အပြီးသတ် ပြတ်တောက်၍ သွားလေတော့သည်ဟု ရဟန္တာ ပုဂ္ဂိုလ်တို့အား ကဲ့ရဲ့ခြင်းနှင့်တကွ ဥစ္ဆေဒဒိဋ္ဌိဝါဒ လှလှကြီး ဖြစ်တော့မည် အမှန်။

ထိုရဟန္တာ ပုဂ္ဂိုလ်တို့ စုတိပြီးနောက် ရူပါဒိ သင်္ခါ ဝိမုတ္တ အဖြစ်ဖြင့် ထိုနိဗ္ဗာန်၌ တည်နေသည့် အခါ ယင်း ရူပါဒိ သင်္ခါ ဝိမုတ္တ အဖြစ်၌ တည်သော ယင်း ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ အဘယ်မျှလောက်သော ဂုဏ်ရှိသည်ဟု ဝေနေယျဉာဏ်ဖြင့် မပိုင်းခြားနိုင်အောင် ဂုဏ်အားဖြင့် အလွန် နက်နဲခြင်း, ထိုပုဂ္ဂိုလ် ထိုနိဗ္ဗာန်၌ အတ္ထိ နတ္ထိ စသည် ဆိုရန် မသင့်နိုင် မလျော်နိုင်အောင် ဒိဋ္ဌဗျာသယ အားဖြင့် အလွန်နက်နဲခြင်း—ဤသို့ နက်နဲခြင်း နှစ်ပါးတို့ဖြင့် လွန်စွာ နက်နဲ၍ နေတော်မူကြသည်။

ယင်းပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့ ယင်းနိဗ္ဗာန်၌ တည်ရောက်၍ နေသည့် အခါ သတ္တဝါ ခေါ်ဝေါ်ကြောင်း ရုပ်နာမ်မှ လွတ်၍ နေသဖြင့် ယင်း ရုပ်နာမ်ကို စွဲ၍ ဖြစ်သော လူဟူသော နတ်ဟူသော မင်း ပုဏ္ဏား ဟူသော ဘုရား ပစ္စေက ဗုဒ္ဓါ ဟူသော ဤသို့ အစရှိသော ပညတ်မျိုးဖြင့် မခေါ်ဝေါ်ထိုက်သည် တမည်မျှသာ၊ ထို ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့ ဆို မအို မသေ အမြဲတည်နေရာ ဂမ္ဘီရ နိဗ္ဗာန်၌ မပျောက် မပျက် မအို မသေ အမြဲ တည်စံ နေကြရသည်။

ထို စုတိ ကျရောက်ပြီးသော ရဟန္တာ ဟူ၏ အရပ် ဆယ်မျက်နှာ တို့၌ပင် ဖြစ်သင့်သောကြောင့် နိဗ္ဗာန် ဟူကလည်း ယင်း စုတိ ကျပြီး သော ပရိနိဗ္ဗန် ရဟန္တာတို့ရှိရာ ထိုရဟန္တာ ပုဂ္ဂိုလ်တို့နှင့် စပ်၍သာ ပေါ်လာရသည် ဖြစ်၍ ထိုနိဗ္ဗာန်ကို ထိုရဟန္တာတို့ စုတိကျရောက်ရာ အရပ် ဆယ်မျက်နှာတို့၌ပင် ထင်ရှား မရှိ မဆိုသင့်။

ထို နိဗ္ဗာန်ကို အရပ်အားဖြင့် မညွှန်ကြားအပ် ဟူရာဝယ်လည်း ထိုထို နိဗ္ဗာန်၏ ထိုထို မိမိရောက်ရာ အရပ်၌ စွဲ၍ မှီ၍ ကပ်၍ မတည် သဖြင့် ထိုထို မိမိ ရောက်ရာ အရပ်နှင့် မစပ် မယှက်နေသောကြောင့်

သာ ဆိုသည်၊ ထိုထို အရပ် ဆယ်မျက်နှာတို့၌ ထို နိဗ္ဗာန် မရှိ သောကြောင့် ဆိုသည် မဟုတ်။

ယင်း နိဗ္ဗာန်ကို 'အနိမိတ္တ ပစ္စုပဋ္ဌာန်' ဆိုရာ၌လည်း ယင်း နိဗ္ဗာန်၏ အကြောင်း ကင်းရှိ လျှောက်လျား ဘာသာ ဖြစ်သည်ကို ဆိုသည် မဟုတ်၊ ယင်း ဖြစ်ကြောင်း ပစ္စယ ရှိသော်လည်း အလွန် သိမ်မွေ့စွာ ဖြစ်သဖြင့် ယင်း အကြောင်း တရားတို့ကြောင့် ဖြစ်ပုံ အရိပ် နိမိတ် မထင်၊ အလွန် ထင်ရှားစွာ ဝင်းဝင်းတောက်တည်၍ နေသည်ဖြစ်လျက် ထိုထင်ရှားရှိပုံကို သိရကြောင်း အရိပ် နိမိတ် မထင်၊ အလွန် သိမ်မွေ့စွာ တည်နေသည်ကို စွဲ၍သာ ယင်းနိဗ္ဗာန်ကို အနိမိတ္တ ဆိုရသည်။

ဒီပင်္ကရ သရဏင်္ကရ စသော ဆိုန္ဒ ဝဋ္ဌုမ ပရိယာဒိဏ္ဏဝန္ဒ ပရိနိဗ္ဗုတ ဘုရားရှင် ဟူသမျှတို့သည် အလုံးစုံ ကုယ်ပျောက် ပြတ်တောက်၍ မသွား၊ ကိုယ်တော်မြတ်တို့ စုတိတော် အခြားမဲ့၌ ကိုယ်တော်မြတ်တို့ ချမ်းမြေ့သာယာ ပုန်းအောင်း လည်းလျောင်း စရာ ကိုယ်တော်မြတ်တို့ထံ၌ ဝင်းဝင်းတောက် ပေါ်ရောက် လာသော ယင်းနိဗ္ဗာန် ရတနာ၌ မအို မသေ ယခုထက်ထိ အမြဲ တည်စံနေကြရသည်၊ နောင်လည်း ဘယ်သည့်ကာလမှ ပျောက်ပျက် တော့မည် မဟုတ်။

ဂမ္ဘီရာ ဂမ္ဘီရ နိဗ္ဗုတ ဒီပနီကျမ်း

အနိမ့်—အမြင့်

တကာတော် လျှောက်သည် ဆရာတော် ဘုရားလောင်း သုံးပါး တို့ အရှည်—အတိုအားဖြင့် ပါရမီ ဖြည့်ကြရသဖြင့် ဘုရားဖြစ်၍

နိဗ္ဗာန် ယူတော်မူကြကုန်၏၊ ပါရမီ အရှည်-အတို ဖြည့်ရသည့် အလိုက် နိဗ္ဗာန်လည်း အယုတ်, အလတ်, အမြတ်, အနိမ့်, အမြင့် ရှိရမည်လော ဆရာတော်။

လောက, ဓမ္မ နှစ်ပါးလုံးပင် အကြောင်း နိမ့်—မြင့် ရှိလျှင် အကျိုး နိမ့်—မြင့် ရှိမြဲဖြစ်၍ မေးတော်မူသင့် လှုပေတော့သည်၊ သူရင်းငှား သုံးယောက်တို့သည် အမှုသည် တဦး တည်းတွင် တယောက်မှုကား တလခန့်သာ ဝင်၍ အလုပ်လုပ်၏၊ တယောက်မှုကား နှစ်လခန့် ဝင်၍ လုပ်၏၊ တယောက်မှုကား လေးလခန့်ဝင်၍ လုပ်၏၊ ၎င်း သုံးယောက်တို့ကို ကိုယ်လုပ်ခ ပေးသောအခါ သုံးဆယ်လျှင် သုံးဆယ်ချင်း, လေးဆယ်လျှင် လေးဆယ်ချင်း အလုပ်ခကို အတူပေးခဲ့၏၊အဘယ်ကြောင့် အတူ ပေးလေသနည်း ဟူမှုကား တလလုပ်သူကား မြန်ထက်သောကြောင့် အမှုကုန် တွင်သည်၊ နှစ်လ လုပ်သူကား အရင်လူ တလ လုပ်ခန့်သာ တွင်သည်၊ လေးလ လုပ်သော သူသည်ကား အလယ်လူ နှစ်လ လုပ်ခန့်သာ တွင်သည်၊ လမျှားသော်လည်း လုပ်ရာ လုပ်ချက်ချင်း အတူတူသာ ရှိလေသော ကြောင့် အခကို အတူတူ ပေးလေသကဲ့သို့ ထိုအတူလည်းကောင်း ပညာဓိက, သဒ္ဓါဓိက, ဝီရိယာ ဓိက ဘုရားလောင်း သုံးပါးတို့သည် သူရင်းငှား သုံးယောက်ကဲ့သို့ အရည် နိမ့်—မြင့်ဖြစ်၍ ရှည်—တို ရှိရခြင်းလည်း ပုညသမ္ဘာရ ပါရမီ ဖြည့်ခြင်း ထူးသောကြောင့် အကျိုး နိဗ္ဗာန် ရခြင်းသည်ကား နိမ့်—မြင့် မရှိ, တူလေသည်ဟု မှတ်တော်မူရမည်။

တနည်းလည်း—နိဗ္ဗာန် တရားသည်ကား ငွေ တပိဿာတန်သော ပတ္တမြား ကျောက်နှင့် တူ၏၊ ငွေ တပိဿာ တန်သော ပတ္တမြား ကျောက်ကို ရွှေနှင့် ဝယ်သော သူသည် ဆယ်လေးစက်ရသော

ရှေအကျပ် တဆယ်ပေးခြ ဝယ်လျှင်ရ၏၊ ငွေနှင့်ဝယ်လိုသောသူကား ငွေ တပိသာ ပေးလျှင် ရ၏၊ ကြေး ခဲမနှင့် ဝယ်လိုသော သူကား ကြေး တထောင် ပေးသော်လျှင် ရ၏၊ လေး သခ္ခေါနှင့် ကမ္ဘာ တသိန်း ပါရမီ ဖြည့်၍ အကျတ် တရားကိုရသော ပညာဓိက ဘုရားရှင်၏ ပညာကို ရှေစင် အကျပ် တဆယ်ကဲ့သို့ မှတ်ရမည်၊ ရှစ်သခ္ခေါနှင့် ကမ္ဘာ တသိန်း ပါရမီ ဖြည့်မှ အကျတ် တရားကို ရသော သဒ္ဓါဓိက ဘုရားလောင်းတို့၏ ပါရမီ သဒ္ဓါကို ငွေတပိသာ ကဲ့သို့ မှတ်ရမည်၊ တဆဲ့ခြောက် သခ္ခေါနှင့် ကမ္ဘာ တသိန်း ပါရမီ ဖြည့်မှ ကျတ်သော ဝိရိယာဓိက ဘုရားလောင်းတို့ ပါရမီ ဝိရိယကို ကြေးခဲမ တထောင်ကဲ့သို့ မှတ်ရမည်၊ နိဗ္ဗာန် တရားကိုကား ငွေ တပိသာ တန်သော ပတ္တမြား ကျောက်ကဲ့သို့ မှတ်ရမည်၊ ပညာ, သဒ္ဓါ, ဝိရိယ သုံးရပ်တို့သည် အရည် မတူ, နိမ့်–မြင့် ရှိလေသော ကြောင့် ပါရမီ ဖြည့်သော အကြောင်း ရှည်–တို ရှိလေသည်၊ အကျိုးရခြင်း နိဗ္ဗာန်သည်ကား တူ၏ဟု မှတ်တော်မူရမည်။

တနည်းလည်း–ပညာ တရားသည်ကား အမှုမှု အရာရာတို့ကို ကျမ်းကျင် လိမ္မာ၍ တိုင်းနိုင်ငံကို ကောင်းစွာ စီရင်တတ်သော အမတ်ကြီးနှင့် တူ၏၊ သဒ္ဓါတရားသည်ကား သူတပါးတို့ ညွှန်ပြ သည်ကို နှစ်သက်စွာ အရိုအသေ ခံ၀ေ စီရင်တတ်သော အမတ် ကြီးနှင့် တူ၏၊ ဝိရိယ တရားသည်ကား ခံခြမ်း၍ သူတပါးပေးသည့် အတိုင်း အမှုကို ကုန်လွယ်အောင် လုပ်ဆောင်တတ်သော အမတ် ကြီးနှင့် တူ၏၊ ထို အမတ်ကြီး သုံးယောက်တို့ကို မင်းကောင် ချီးမြှောက်သောအခါ အရည်တူ အမတ်ကြီးတို့ ရာထူး, မြို့–ရွာ, စည်းစိမ်ကို ပေးသကဲ့သို့ ပညာရှိ အမတ်တို့ကား စီရင်ရ၏၊ ခံ၀ေ သည့် အမတ်က ထိုသူထက် အမှု ကျယ်သောကြောင့် သာ၍

ရကောင်း၏ဟု မဆိုသာ၊ ခွဲဝေသည့် အမတ်ထက်လည်း လုပ်ဆောင်ရသည့် အမတ် ပင်ပန်းသည် ဖြစ်၍ သာ၍ပင် ရကောင်းသည်ဟု မဆိုသာ သက်သို့ ပညာ, သဒ္ဓါ, ဝီရိယတရားတို့သည်လည်း အရည်မတူ, နိမ့်—မြင့် ရှိသောကြောင့် ပါရမီ ဖြည့်ခြင်း၏ အကြောင်းရှည်—တိုရှိလျက် အကျိုး နိဗ္ဗာန်ရခြင်း မျှကြလေသည်ဟု မှတ်တော်မူရမည်။

အကျွတ်တရား

လျှောက်သည် ဆရာတော် သတ္တဝါတို့သည် အကျွတ်တရားကို ရ၏ ဆိုသည်ကား ကာမ ကုသိုလ်, ရူပကုသိုလ်, အရူပ ကုသိုလ်, လောကုတ္တရာ ကုသိုလ်-ဤကုသိုလ် လေးရပ်တို့တွင် အဘယ် ကုသိုလ်ကြောင့် အကျွတ်တရားကို ရသနည်း၊ တခုခုကြောင့်ပင် ရ၏ဟု ဆိုရမည်လော၊အားလုံးကြောင့်ပင် ရ၏ဟု ဆိုရမည်လော ဆရာတော်။

အကျွတ် တရားကို ရသော သူတို့သည် ပါရမီ ဆယ်ပါးအပြားသုံးဆယ်တို့ကို အနည်းဆုံး ကမ္ဘာ တသိန်း ဖြည့်မှ ပကတိ သာဝကအဖြစ်ဖြင့် ကျွတ်၏ ဟူ၍ ဘုရားရှင် ဟောတော်မူသည်၊ ပါရမီ ဆယ်ပါးကို ဖြည့်ရာ၌လည်း ကာမာဝစရ မဟာကုသိုလ် ရှစ်ခုသာဟု မှတ်တော်မူရမည်၊ပါရမီဖြည့်ခြင်းဖြင့်ပင် ဝိပဿနာပြုခြင်း မဟာကုသိုလ်သာ ဖြစ်၍ ၎င်းမဟာကုသိုလ်စိတ် ရှစ်ခုကို ထွန်၍ ညက်ပြီးသော လယ်ကဲ့သို့ မှတ်တော်မူရမည်၊ မဂ်,ဖိုလ်ကို ညက်ပြီးသော လယ်၌ စိုက်သော ကောက်ပင်ကဲ့သို့ မှတ်တော်မူရမည်၊ နိဗ္ဗာန်ကို အသီးကဲ့သို့ မှတ်တော်မူရမည်၊ နိဗ္ဗာန်ကို ရသောသူကို မြေရှင်ကဲ့သို့ မှတ်တော်မူရမည်။

တနည်းလည်း—မဟာကုသိုလ်စိတ် ရှစ်ခုကို ကူးလိုသော ဆိပ်ကမ်းသို့ ရောက်အောင် ပို့သော သူကဲ့သို့ မှတ်တော်မူရမည်၊ မဂ်လေးတန်ကို ကူးတိုပို့သကဲ့သို့ မှတ်တော်မူရမည်၊ ကမ်း တဘက်သို့ ရောက်သော သူကို နိဗ္ဗာန်ရသော သူကဲ့သို့ မှတ်တော်မူရမည်။

တနည်းလည်း-တထောင့်ငါးရာ ကိလေသာကို သုခိုး နောက်ပါလက်နက်ကဲ့သို့ မှတ်တော်မူရမည်၊ အကုသိုလ်စိတ် တဆဲ့နှစ်ခုကို ခိုးမှုးကြီး တကျိပ်နှစ်ဒယာက်ကဲ့သို့ မှတ်တော်မူရမည်၊ ဝဋ္ဋတရား ကျင်လည်သော သတ္တဝါအပေါင်းတို့ကို သုခိုးရှိသော ကန္တာရ ခရီးခဲသို့ သွားသော ခရီးသည်ကဲ့သို့ မှတ်တော်မူရမည်၊ ကာမာဝစရ မဟာကုသိုလ်စိတ် ရှစ်ခုကို သုခိုးနှင့် လွတ်အောင် လိုက်၍ လမ်းပြသော ခရီးလမ်းညွှန် ရှစ်ယောက်ကဲ့သို့ မှတ်တော်မူရမည်၊ မဂ်လေးခုကို သုခိုးတို့ကို သတ်မည်ဟု ရှာသော အမတ်ကြီးလေးယောက်ကဲ့သို့ မှတ်တော်မူရမည်၊ မဂ်လေးတန်ရသောသူကို အမတ်ကြီးလေးယောက်သို့ မှီခိုသော ခရီးသွားကဲ့သို့ မှတ်တော်မူရမည်၊ နိဗ္ဗာန်တရားကိုရသောသူကိုကား သုခိုးရှိသောကန္တာရခရီးကို ကူးမြောက်၍ ရန်မရှိ ငြိမ်းချမ်း သာယာသော ပြည်ရှာသို့ ရောက်သော သူကဲ့သို့ မှတ်တော်မူရမည်၊ ရူပါဝစရ အရူပါဝစရကုသိုလ်ကိုကား ခိုးသူတို့ကို အဆုံးတိုင်အောင် မသတ်နိုင်, မိမိ ဆီသို့ ခိုကပ် မှီနေလာသည့် အခိုက်ကိုသာ လွတ်ရုံ ဆီးတားနိုင်သော သူကဲ့သို့ မှတ်တော်မူရမည်။

တနည်းလည်း—ကာမ ကုသိုလ်ကား အကြောင်း, နိဗ္ဗာန် မဂ်ဖိုလ်ကား အကျိုး, ကာမ ဝိပဿနာ ကုသိုလ်ကား အကြောင်း, ရူပါဝစရ ကုသိုလ်ကား အကျိုး, အရူပါဝစရ ကုသိုလ်ကား အကြောင်း, မဂ် လေးခုကား အကျိုး, မဂ်လေးခုကား အကြောင်း, ဖိုလ်လေးခုကား အကျိုး, ဖိုလ်လေးခုကား အကြောင်း,

နိဗ္ဗာန်ကား အကျိုး,ဤသို့ ဟိတ် ဖိုလ် ပရုံပရ အရမ္မဏ ပစ္စည်း, ဥပနိဿယပစ္စည်း,ပစ္စယုပ္ပန်, အကြောင်း, အကျိုး, မုချ,ဥပစာတို့ကို ပရမတ္ထ နည်းအားဖြင့် အသက်တရာ ပတ်လုံးပင် ဆိုသော်လည်း ဆုံးသည် ဟူ၍ မရှိ၊ ညဏ်သက်တိုင်း ကြံ၍ ဆိုရမည် မဟာဓမ္မရာဇာ။

ကိလေသာပယင်္ခ

လျှောက်သည် ဆရာတော် တထောင့်ငါးရာ ကိလေသာတို့ကို မဂ်စိတ်ဖြင့်သာ ပယ်၏ဟု ဆိုသည်၊ တကာတော်တို့တွင် မကြိုက် မနှစ်သက်သော ဝတ္ထုတို့ကို ဘင့်ကို ငါမကြိုက် မနှစ်သက်ပြီဟု အာရုံပြု၍ ပယ်သလော ဆရာတော်။

လောကုတ္တရ စိတ္တာနိ နိဗ္ဗာနာ လမ္မဏာနိ-ဟု ဆိုသောကြောင့် လောကုတ္တရာ မဂ်စိတ်တို့သည် နိဗ္ဗာန်ကိုသာ အာရုံပြု၏၊ နိဗ္ဗာန်မှ တပါး အခြားကို အာရုံမပြု၊သို့မပြုပါလျှင် 'ကိလေသေ မာရောန္တော နိဗ္ဗာနံ ဂစ္ဆတိတိ မဂ္ဂေါ'-ဟု ဝစနတ္ထကို ကျမ်းဆရာတို့ ဆိုပြန်ခဲ့သည်ဟု မေးဖွယ်ရှိ၏၊ ဥပမာကား—မည်သည့် မင်းသည် မည်သည့် အရပ်သို့ သွားရာတွင် ခရီး အကြားဌ် တထောင့် ငါးရာသော ခိုးသူတို့ ဖမ်း၍ သတ်သည်ဟု ဆိုကြ၏၊ ထိုသို့ ဆိုသော်လည်း ထိုမင်းသည် ခိုးသူတို့ကို ကိုယ်တိုင် ဖမ်း၍ သတ်သည် မဟုတ်၊အမှူး အမတ်,ကျေးကျွန်တို့သာ ဖမ်း၍ သတ်သည်ကို အမှူး, အမတ်တို့ဌ် ထိုမင်း၏ အာဏာ တည်သောကြောင့် ထိုမင်းသတ်သည်ဟု ဆိုပိုင်သကဲ့သို့ တထောင့်ငါးရာ ကိလေသာတို့ကို မဂ်ရှေ့ ဝိပဿနာ၊ မဟာကုသိုလ်ဇောတို့ ငြိမ်းသည်ကိုပင် မဂ်ရထိုက်သော ဝိပဿနာ ဖြစ်၍ မဂ်ဖြင့်သတ်သည်ဟု ဆိုသည်၊ မင်းသည် ခိုးသူကို မသတ်သကဲ့သို့ မဂ်စိတ်သည်လည်း ကိလေသာကို အာရုံပြု၍ မပယ် မသတ်ဟု မှတ်တော်မူမည်။

အကျွတ် နိဗ္ဗာန်

လျှောက်သည် ဆရာတော် သတ္တဝါတို့သည် ကျွတ်၏ ဟူ၍လည်း ဆိုသည်၊ မဂ်,ဖိုလ်,နိဗ္ဗာန် ရ၏ဟူ၍လည်း ဆိုကြသည်၊ ကျွတ်သည်နှင့် နိဗ္ဗာန် ရသည်ကို အဘယ်ကဲ့သို့ ကဲကြပါသနည်း၊ ခွဲခြမ်းမ၍ အမိန့်တော်ရှိပါ ဆရာတော်။

ဝါနတော နိက္ခန္တတ္တာတိ နိဗ္ဗာနံ-ဟု ဆိုသောကြောင့် တဏှာမှ ထွက်မြောက်ရာ နိဗ္ဗာန်ဟု ဆိုသည်၊ ဝိဝိဓေဟိ ပါပကေဟိ မုတ္တာတိ ဝိမုတ္တာ—ဟု ဆိုသောကြောင့် အထူးထူးကုန်သော မကောင်းမှုတို့မှ လွတ်ခြင်းကို ဝိမုတ္တာဟု ဆိုသည်၊ ဝဋ်တရားမှ လွတ်သည်ကိုလည်း ကျွတ်သည် ဟူ၍ပင် ဆိုသည်၊ ဥပမာသော်ကား—မင်းတို့၌ အပြစ်ရှိ၍ သံခြေကျင်း၌ ထားသောသူကို သံခြေကျင်းမှ ချွတ်သည်ကို လည်း ကျွတ်ပြီဟု ဆိုသကဲ့သို့ ထိုအတူလည်းကောင်း တဏှာမှ ထွက်မြောက်လျှင် ဝဋ်တရားမှ လွတ်သည်ဟု မှတ်တော်မူရမည်။

နိဗ္ဗာန သဒ္ဒါ၏ အနက်ကို တဏှာမှ ထွက်မြောက်ရာ သဒ္ဒတ္ထ အနက် ပေးရမည်ကို မပေးဘဲ နိဗ္ဗာန သဒ္ဒါကို သဒ္ဒ ပဒတ္ထက သဒ္ဒါကိုပင် အနက်ပြု၍ နိဗ္ဗာန်ဟု ဆိုသောကြောင့် ဝေါဟာရ ကဲ့၍ နိဗ္ဗာန် ရသည်နှင့် ကျွတ်သည်ကို ကဲ့လဲ့ သကဲ့သို့သာ ထင်သည်၊ အထူး မဟုတ်၊ အတူတူပင် ဖြစ်သည်ဟု မှတ်တော်မူရမည်၊ ဥပမာ သောကား မည်သည့်ရှာသူ မည်သူ ဆုံကသည်၊ မည်သည့် ရှာသူ မည်သူ ရောက်သည်ဟု ဆိုလျှင်လည်း အပြောသာကဲ့သည်၊ ရှာလည်း မကဲ့, ရောက်သူလည်း မကဲ့ သကဲ့သို့ ကျွတ်သည်ဟု ဆိုသော်လည်း အခေါ်သာ ကဲ့သည်၊ ကိုလေသာမှ ထွက်၍ ဝဋ်တရားမှ လွတ်သည် ဟု မှတ်တော်မူရမည်၊ ခပ်သိမ်းသော သတ္တဝါတို့သည် တဏှာ

ဟူသော နှောင်အိမ် သံချိုင့်ဌ လျှောင်၍ ထားသကဲ့သို့ ရှိ၏၊ ထို တဏှာမှ ထွက်မြောက်သည်ကိုပင် နိဗ္ဗာန်ဟု ဆိုသည်၊ ခပ်သိမ်းသော သတ္တဝါတို့သည် အာရုံ ငါးပါးဌ တပ်သော ကာမဂုဏ် ကိလေသာ ငါးပါးတို့သည် သံခြေကျင်း ငါးဆင့် ခတ်၍ ထားဘိ သကဲ့သို့ ရှိ၏၊ ထိုတဏှာ သံခြေကျင်းမှ အရဟတ္တမဂ်ကို ရရာတွင် ကျွတ်လွတ်သောကြောင့် ကျွတ်သည်ဟု ဆိုပေသည် ဘဝရှင် မင်းမြတ်။

(အလောင်းမင်းတရားကြီး၏ အမေးကို ၁၁၃၀ ပြည့်နှစ်က မဟာအတုလ ယသ ရာဇ ဂုရု ဆရာတော် ဖြေဆိုသော နန်းစဉ် ပုဋ္ဌာ အမေး အဖြေ ကျမ်း)

ဉာဏ်ပွင့်ရာပါသည်

ဝိပဿနာ၊ ဆယ်ဖြာဆင့်ဆင့်
မြင့်ထက် မြင့်၍၊ သန့်ရင့်ရာပါသည်၊
နိဗ္ဗာန် စခန်း၊ မဂ်လမ်း အသင့်
ရင့်ထက် ရင့်၍၊ ဉာဏ်ပွင့်ရာပါသည်။

သမ္မသန ဉာဏ် အစ—အနုလောမ ဉာဏ် အဆုံးရှိသော ဆယ်ပါးသော ဉာဏ်တို့ တဆင့် တဆင့် သန့်ရင့်သောအခါ နိဗ္ဗာန သစ္စာဟူသော နိဗ္ဗာန်၏ စခန်း လမ်းကြောင်းဖြစ်သော မဂ္ဂင် ရှစ်ပါး တရားတို့ကို ပွားများဖန်များ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပွင့်ရာ၏၊ ဝိပဿနာဉာဏ် ဆယ်ပါးကား—

(၁) ခန္ဓာ အစရှိသည်ကို ပေါင်းစည်းသောအားဖြင့် သုံးသပ်ခြင်း၏ အကြောင်းဖြစ်၍ သိနိုင်သော သမ္မသန ဉာဏ်။

(၂) ဥပါဒ်, ဌီ, ဘင်ကို အဖန် တလဲလဲ ရှုခြင်း၏ အစွမ်းဖြင့် ဖြစ်၍ သိနိုင်သော ဥဒယဗ္ဗယ ဉာဏ်။

(၃) အဖြစ်ကို လွန်ဦးမ၍ အပျက်ခ်ိုသာ ရှုသောအားဖြင့် သိနိုင်သော ဘင်ဂ ဉာဏ်။

(၄) သင်္ခါရတို့ကို ဘေးဟူသော အနက်ဖြင့် အဘန် တလဲလဲ ရှုသည်၏ အစွမ်းဖြင့် ဖြစ်၍ သိတတ်သော ဘယ ဉာဏ်။

(၅) မြင်အပ်ပြီးသောဘေးကို အပြစ်ရှိ၏ဟု ရှုသည်၏ အစွမ်းဖြင့် ဖြစ်၍ သိတတ်သော အာဒီနဝ ဉာဏ်။

(၆) မြင်အပ်ပြီးသောအပြစ်တို့ခ် ငြီးငွေ့တတ်သည်၏အစွမ်းဖြင့် ဖြစ်၍ သိတတ်သော နိဗ္ဗိဒါ ဉာဏ်။

(၇) ငြီးငွေ့ပြီး၍ သင်္ခါရတို့မှ လွတ်ခြင်းငှာ အလိုရှိသည်၏ အစွမ်းဖြင့် ဖြစ်၍ သိတတ်သော မုစ္စိတုကမျတာ ဉာဏ်။

(၈) လွတ်နိုင်ခြင်း၏ အကြောင်းကို ပြီး ပြည့်စုံ စိမ့်သောငှာ တဖန် သင်္ခါရတို့ကို သိမ်းဆည်းသည်၏ အစွမ်းဖြင့် ဖြစ်၍ သိတတ်သော ပဋိသင်္ခါ ဉာဏ်။

(၉) ပြုပြင်တတ်သော တရားတို့မှ ကြောက်ခြင်း, ကြဉ်ခြင်း၏ အစွမ်းဖြင့်ဖြစ်၍ လျစ်လျူ ရှုတတ်သော အားဖြင့် သိနိုင်သော သင်္ခါရုပေက္ခာ ဉာဏ်။

(၁၀) ရှေးဦးဖြစ်ကုန်သော ကိုးပါးသော ကိစ္စတို့၏ ပြီးခြင်းငှာ အထက်ဦ ၃၇–ပါးသော ဗောဓိပက္ခိယ တရားတို့ကို အလျော်အားဖြင့် သိတတ်သော အနုလောမ ဉာဏ်။

ဤဆယ်ပါးသော ဉာဏ်သည် အဆင့်ဆင့် မြင့်၍ တက်သဖြင့် သန်ရင့်ရုပါသည်၊ ဝိပဿနာဉာဏ် သန်ရင့်သောအခါ နိရောဓ သစ္စာ ဟူသော နိဗ္ဗာန်၏ စခမ်း လမ်းကြောင်း ဖြစ်သော မဂ္ဂင် ရှစ်ပါး တရားတို့ကို ပွားဖန်များ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပွင့်ရာသည်၊ အဘိဓမ္မတ္ထ သင်္ဂဟ ကျမ်းဦးလည်း သမ္မသန ဉာဏ်မှစ၍ ဝိပဿနာ

ဉာဏ် ရင့်သောအခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်တိုင်အောင် ပွင့်လေတော့သည်ဟု လာသည်၊ ဝိပဿနာဉာဏ် ရင့်မာသော ကာလ တခဏခြင်းပင် မဂ်လေးတန်, ဖိုလ်လေးတန် ဉာဏ်ပွင့်၍ ရဟန္တာစစ်ဖြစ်ဘူးသည်မှာ ရှေ့ပန်းထိမ် သားဖြစ်သော ရဟန်းသည် ကြာနွယ်မီးညှိုးသော အခြင်းအရာကို မြင်၍ ဝိပဿနာဉာဏ် ရင့်မာသည့် အတွင်း ဘုရားသခင်က- ဥစ္ဆိန္ဒ သိနေဟ မတ္တာနော-စသော ဂါထာကို ဟောတော်မူလျှင် ကြားနာရသဖြင့် ဒေသနာ အဆုံး၌ အရဟတ္တ ဖိုလ်၌ တည်ဘူးလေသည်၊ တောမှ ပြန်လာသော ရဟန်းတပါးလည်း ခရီး အကြာ၌ တောင်ဖျားတိုင်အောင် လောင်သောမီးကြောင့် ပျက်စီးသော မီးစာကိုမြင်၍ ဝိပဿနာ ဉာဏ်ဖြင့် ယှဉ်စဉ်—အပ္ပမာဒရတော ဘိက္ခု—စသော တရားကို ဟောလျှင် ဒေသနာတော် အဆုံး၌ ဝိပဿနာ ဉာဏ်ရင့်၍ ရဟန္တာ ဖြစ်ဘူးသည်၊ ရာဇဂြိုဟ်ပြည်၌ ဥဂ္ဂသေန သေဋ္ဌေးသားသည် ဝါးဖျား၌ ရပ်လျက် ကောင်းကင်၌ တည်လျက် တဆဲ့လေးကြိမ် လည်၍ သက်ပြီးလျှင် ဝါးထက် တည်၍ နေစဉ်—မှုဠ္ဠ ပုရေ မှုဠ္ဠ ပစ္ဆတောစသော ဂါထာကို ဟောလျှင် ဒေသနာတော် အဆုံး၌ ရဟန္တာ အဖြစ်သို့ ရောက်၏၊ ဤသို့ စသည်တို့ဖြင့် လာသော သာဓကထုံးကို လက်သုံးပြု၍ ရင့်ထက် ရင့်၍ ဉာဏ်ပွင့်ရာ၏။

—ရာဇော ဝါဒကျမ်း

ဓာတုနိဗ္ဗာန်

ဓာတုနိဗ္ဗာန် ဧဝကန် အမှန် ဘယ်လ ရက်နေ့နည်း—

'ဓာတု ပရိနိဗ္ဗာနံ နာမ အနာဂတေ သာသနန္တရဓာနေ ဘဝိဿတိ' ဟူသော ဗုဒ္ဓဝင် အဋ္ဌကထာတို့နှင့် ညီစွာ ဓာတ်တော်

တို့၏ အဆုံးဝင်ခြင်းသည် နောင်အခါ သာသနာတော် ငါးထောင် အစေ့တွင် ဖြစ်လတ္တံ့ဟူ၍ ဆိုသည်။ ရက်နေ့ကိုကား တိုက်ရိုက် မပြခဲ့။ သို့ရာတွင် သာသနာတော် ငါးထောင်ကို လဖြင့် ရေတွက်သော် လပေါင်း ခြောက်သောင်း ရှိသည်။ ရက်ဖြင့် ရေတွက်သော် တသန်း နှစ်သိန်း ရှိသည်။ ဘုရားသခင်သည် ၁၄၇ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ ပရိနိဗ္ဗာန် ပြုတော်မူသောကြောင့် ထို လပြည့်ကျော် တရက်နေ့မှ စ၍ ရေတွက်သဖြင့် အနှစ် ငါးထောင်, လပေါင်း ခြောက်သောင်း, ရက်ပေါင်း တသန်း ရှစ်သိန်းတို့သည် ကဆုန်လပြည့် သောကြာနေ့တွင် ပြည့်ရာသည်။ ထို နေ့တွင်ပင် ဓာတု ပရိနိဗ္ဗာန် ဖြစ်မည်ဟု သိသင့်၏။

နိဗ္ဗာန် ရှေပြည်

နိဗ္ဗာန် ရှေပြည် ဤကသည် မည်မျှ တာပေါင်း ကွာသနည်း-

ငါ့ရှင် အကြင် နိဗ္ဗာန် အရပ်၌ ဖြစ်လည်း မဖြစ်၊ အိုလည်း မအို၊ သေလည်း မသေ၊ ရွှေ့လည်း မရွှေ့၊ တဖန်လည်း ပဋိသန္ဓေ မနေ၊ လောက၏ အဆုံးဖြစ်သော ထိုနိဗ္ဗာန်အရပ်သို့ သွားခြင်းဖြင့် သိအပ် မြင်အပ် ရောက်အပ်၏ ဟူ၍ ငါမဆို၊ ငါ့ရှင် လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်သို့ မရောက်ဘဲလည်း ဆင်းရဲ၏ အဆုံးကို ပြုတတ်၏ ဟုလည်း ငါမဆို၊ စင်စစ်သော်ကား တလံမျှလောက် သော သညာစိတ်နှင့် တကွသော ဤကိုယ်၌သာလျှင် လောကကို လည်း ပညပ်၏၊ လောက၏ ဖြစ်ကြောင်း ကိုလည်း ပညပ်၏၊ လောက၏ ချုပ်ရာ နိဗ္ဗာန်ကိုလည်း ပညပ်၏၊ လောက၏ ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်း ပညပ်၏၊ ငါ့ရှင် လောက၏ အဆုံးကို သွားခြင်းဖြင့် တရုံတဆစ်မျှ မရောက်အပ်၊ လောက၏

အဆုံးသို့ မရောက်ဘဲလည်း ဆင်းရဲမှု လွတ်မြောက်ခြင်း မရှိ—ဟူ၍ ဟောတော်မူသော ဒေသနာတော်ကို ပါရာဇိကဏ် အဌကထာ၌ သာဓကပြု၍ ပြသည်။

ဤသို့ ကျမ်းဂန် လာသောကြောင့် နိဗ္ဗာန်ပြည်သည် လူတို့၏ မြို့ပြ ရွာပြည်ကဲသို့ တည်ရာ ဒေသ မရှိရကား ရထား မြင်း ဆင်စသော ယာဉ်ဖြင့် သွားရ၍ ရောက်ကောင်းသော အရပ် မဟုတ်၊ ထိုကြောင့် လက်သစ် တောင်တာတို့ဖြင့် အကွာ အဝေးကို နှိုင်းရည့်ခြင်းငှာ မတတ်ကောင်း ဟူပေ။

ကြွေးကိုးဆယ်

နိဗ္ဗာန် ရောက်ဖွယ် ကြွေးကိုးဆယ် ပါးဘယ်ခန့်မျှ ပွင့်သနည်း—

အပါး သုံးဆယ်ခန့်ဖြင့် ပွင့်၏ ဟူပေ၊ နိဗ္ဗာန် ရောက်ကြောင်း ကြွေးကိုးဆယ် ဆိုသည်မှာကား ပါဏာတိပါတ, အဒိန္နဒါန, ကာမေသု မိစ္ဆာစာရ ဟူ၍ ကာယ ဒုစရိုက် သုံးပါး၊ မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ ဟူ၍ ဝစီ ဒုစရိုက် လေးပါး၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ ဟူ၍ မနော ဒုစရိုက် သုံးပါး ဤဆယ်ပါးသော ဒုစရိုက်တို့တွင် တပါးပါးကို ကြဉ်ရှောင်ခြင်းသည် ဝိရတိမည်၏၊ ထိုဝိရတိသည် ရောက်ဆဲ တွေ့ဆဲသော ဝတ္ထုကို မပြုမူ၍ ကြဉ်ရှောင်ခြင်း တည်းဟူသော သမ္မာတ္တဝိရတိ, မရောက် မတွေ့မီကပင် ပါဏာတိပါတာ ဝေရမဏိ စသည်ဖြင့် ဆောက်တည်၍ ကြဉ်ရှောင်ခြင်း တည်းဟူသော သံမာဒါနဝိရတိ, အရင်းကို ဖြတ်၍ ကြဉ်ရှောင်ခြင်း တည်းဟူသော သမုစ္ဆေဒဝိရတိ အားဖြင့် သုံးပါး ပြားသောကြောင့် သုစရိုက် သုံးဆယ်ဖြစ်၏၊

ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, စမ္မဿဝန, စမ္မဒေသနာ, ဒိဋ္ဌုဇုကမ္မ— ဟူ၍ ပုညကြိယာ ဆယ်ပါးတို့တွင် တပါးတပါး၌ ကမ္မဒ္ဒါရ အားဖြင့် ကာယကံ, ဝစီကံ, မနောကံ ဟူ၍ သုံးပါးစီ ပွားသောကြောင့် ပုညကြိယ ဝတ္ထုလည်း သုံးဆယ် ဖြစ်၏။

ဒုါန, သီလ, နိက္ခမ, ပညာ, ဝီရိယ, ခန္တီ, သစ္စာ, အဓိဋ္ဌာန, မေတ္တာ, ဥပေက္ခာ-ဟူ၍ ပါရမီဆယ်ပါးရှိသည်တွင် တပါးသော ပါရမီကို ဖြည့်ရာ၌ ဟီန, မဇ္ဈိမ, ပဏီတ, အားဖြင့် သုံးပါးစီ ပြားရကား ပါရမီ သုံးဆယ်ဖြစ်၏။

ဤ သုစရိုက် ၃၀, ပုညကြိယ ဝတ္ထု ၃၀, ပါရမီ ၃၀ အားဖြင့် ၉၀ အတိုင်းအရှည် ရှိသော တရားတို့သည် နိဗ္ဗာန် ရောက်ကြောင်း ကြေးချသည်နှင့် တူသောကြောင့် နိဗ္ဗာန် ရောက်ဖွယ် ကြေးကိုးဆယ် မည်၏။ ထိုကိုးဆယ်တို့တွင် ပါရမီ သုံးဆယ် သည်သာလျှင် သဗ္ဗညုတညာဏ်ကို ရင့်စေတတ်သော ဗောဓိသမ္ဘာရ ဖြစ်သောကြောင့် ပါရမီ သုံးဆယ်ခန့်ဖြင့် ညာဏ်ပွင့်၏ဟု ဆိုသည်။ ထိုတရားတို့တွင် သုစရိုက် သုံးဆယ် ပြားရာ၌ သမ္ပတ္တိဒ ဝိရတိသည် သောတာပန် စသော အရိယာတို့၌သာ ဖြစ်ကောင်းသည် မဟုတ်လော၊ သာမည ပုထုဇဉ်တို့အား အဘယ်သို့ ဖြစ်နိုင်အံ့နည်း၊ ရသေ့ရဟန်း ပြု၍ ဒုစရိုက်ကို ကြဉ်ရှောင်ပေကုန်သော သူတို့အား မူလ အရင်းဖြစ်သော ရှာသူတို့၏ အကျင့်ကို ကြဉ်ရှောင်သဖြင့် ဒုစရိုက်တို့၏ စင်ကြယ်ခြင်း ဖြစ်ရကား ထိုသမ္ပတ္တိဒ ဝိရတိ ဖြစ်ကောင်း၏။

ပုညကြိယာ ဆယ်ပါးတို့၌ ကံသုံးပါးတို့ဖြင့် ဝေဘန်ဟန်ကို အဋ္ဌသာလိနီ၌ ပြသည်ကား— လှူဖွယ်ဝတ္ထုကို ရလတ်သော် မိမိ ကိုယ်တိုင်သွား၍ ရတနာ သုံးပါးအား ပူဇော်ခြင်း ပြုသူအား

ကာယကံ ဒါနံ ဖြစ်၏၊ သား မယား ကျေးကျွန်တို့ကို စေ၍ လှူသည် ဖြစ်အံ့၊ ဝစီကံဒါန ဖြစ်၏၊ လှူဖွယ် ဝတ္ထု ရသောအခါ ငါသည် ဤဝတ္ထုဖြင့် ဤမည်သော အရှင်အား လှူအံ့ဟု ကြံမိအံ့၊ မနောကံ ဒါန ဖြစ်၏၊ ဤသို့ ဒါန အရာ၌ ကံသုံးပါးကို ဝေဘန်အပ်၏။

အသက် အရွယ်ကိုလည်း အမျိုးတို့၏ အကျင့်ကိုလည်း ဆင်ခြင်လျက် အမြင်နည်းသော သူတို့၏ အလေ့အလာဖြစ်သော ပါဏာတိပါတစသည်တို့မှ ငါ ကြဉ်ရှောင်အံ့ဟု နှလုံး ပြုလျက် လက်ချိုးကာ မှတ်သား၍ ရှောင်ရှားသူအား ကာယကံ သီလ ဖြစ်၏၊ နှုတ်ဖြင့် ရွတ်ဆို၍ ကြဉ်ရှောင်သူအား ဝစီကံ သီလ ဖြစ်၏၊ ကိုယ်နှုတ်ဖြင့် မလုပ်ရှားဘဲ စိတ်ဖြင့် မှတ်သား၍သာ ကြဉ်ရှောင်သူအား မနောကံ သီလ ဖြစ်၏၊ ဤသို့ သီလ တရား၌ ကံသုံးပါး ဝေဘန်အပ်၏။

ကွေးခြင်း ဆန့်ခြင်း သွားလာ ရပ်ထိုင်ခြင်းကို ပြုသောအခါ ငါ၏ ဣရိယာပုတ်ကား ချုပ်တတ် ပျက်တတ်သည် ဖြစ်၍ မမြဲသော အနိစ္စ ဒုက္ခ သဘော, အနတ္တ သဘောသာတည်းဟု ဆင်ခြင် သူအား ကာယကံ ဘာဝနာ ဖြစ်၏၊ မြွက်ဆိုသော သူအား ဝစီကံ ဘာဝနာ ဖြစ်၏၊ စိတ်ဖြင့်သာ ဆင်ခြင်သော သူအား မနောကံ ဘာဝနာ ဖြစ်၏၊ ဤသို့ ဘာဝနာ တရား၌ ကံသုံးပါးကို ဝေဘန်အပ်၏။

အပစာယနဒ္ဓ ရတနာ သုံးပါး ဘိုး ဘွား မိဘတို့ကို မြင်သော် ဦးတင်၍ ရှိခိုးခြင်း, ခရီးဦး ကြိုဆိုခြင်း, နေရာခင်းခြင်း, သောက်ရေ သုံးဆောင်ရေ တည်ခြင်း— အမှုတို့ကို ကိုယ်တိုင် ပြုသူအား ကာယကံ အပစာယန ဖြစ်၏၊ တပည့်သားတို့ကို စေ၍ ပြုစေသူ

အား ဝစီကံ အပစာယန ဖြစ်၏၊ စိတ်ဖြင့် ပြုလိုသော သူအား မနောကံ အပစာယန ဖြစ်၏။

ရဟန်း သံဃာတို့၏ ကိစ္စ မိဘတို့၏ ကိစ္စရှိသော အခါ ကိုယ်တိုင် ညီညာပြုသော သူအား ကာယကံ ဝေယျာဝစ္စ ဖြစ်၏၊ တပည့်သားတို့ကို စေ၍ ပြုစေသော သူအား ဝစီကံ ဝေယျာဝစ္စ ဖြစ်၏၊ စိတ်ဖြင့် ပြုလိုသောသူအား မနောကံ ဝေယျာဝစ္စ ဖြစ်၏။

မိမိ ပြုသော ကုသိုလ်ကို လက်ဖြင့် ညွှန်ပြ၍ သူတပါးကို ဝမ်းမြောက်စေသောသူအား ကာယကံ ပတ္တိဒါန ဖြစ်၏၊ နှုတ်ဖြင့် မြွက်ဟ အမျှပေးဝေသောသူအား ဝစီကံ ပတ္တိဒါန ဖြစ်၏၊ စိတ်ဖြင့် အမျှပေးဝေလိုသော သူအား မနောကံ ပတ္တိဒါန ဖြစ်၏။

သူတပါး ကုသိုလ်ပြုသည်ကို မြင်ရာ ကြားရာတို့၌ ဝမ်းမြောက်ဝမ်းသာ၍ ကခုန်သော သူအား ကာယကံ ပတ္တာနုမောဒနာ ဖြစ်၏၊ နှုတ်ဖြင့် ကောင်းချီး ပေးသူအား ဝစီကံ ပတ္တာနုမောဒနာ ဖြစ်၏၊ စိတ်ဖြင့် ဝမ်းမြောက်သော သူအား မနောကံ ပတ္တာနုမောဒနာ ဖြစ်၏။

ကိုယ်တိုင်ညွှတ်၍ တရားနာသော သူအား ကာယကံ ဓမ္မဿဝန ဖြစ်၏၊ နှုတ်ဖြင့် မေးမြန်းကာ တရားနာသော သူအား ဝစီကံ ဓမ္မဿဝန ဖြစ်၏၊ စိတ်ဖြင့် မှတ်၍သာ တရားနာသော သူအား မနောကံ ဓမ္မဿဝန ဖြစ်၏။

ကိုယ်တိုင် ရှိသေစွာ ထိုင်၍ တရားဟောသော သူအား ကာယကံ ဓမ္မဒေသနာ ဖြစ်၏၊ သူတပါးကို တိုက်တွန်း၍ ဟောစေသော သူအား ဝစီကံ ဓမ္မဒေသနာ ဖြစ်၏၊ စိတ်ဖြင့် ဟောလိုသော သူအား မနောကံ ဓမ္မဒေသနာ ဖြစ်၏။

ဒိဋ္ဌဓမ္မကား ဤကိုးပါးလုံး၏ အကြောင်းဖြစ်၍ ဖလူပစာရ အားဖြင့် ကံ သုံးပါး ယူအပ်၏။

ပါရမီ ဆယ်ပါးဟု အဘယ်သို့ သုံးဆယ်ပြားသနည်း၊ ဌာ ဌေ ဥစ္စာ ပြည်ရွာ တိုင်းကား သား မယားတို့ကို စွန့်၍ ပေးလှူသော ဒါန ဖြည့်ကျင့်သော သီလ တောထွက်သော နိက္ခမ အစရှိသည် တို့သည် ဒသပါရမီသာ ဖြစ်၍ ဟီန မည်၏။ ခြေ လက် အင်္ဂါ နား နှာခေါင်း စသော ကိုယ်အင်္ဂါကို စွန့်၍ ပြုသော ဒါန သီလ နိက္ခမ စသည်တို့သည် ဒသ ဥပပါရမီ ဖြစ်၍ မဇ္ဈိမ မည်၏။ အသက်ကို စွန့်၍ ပြုသော ဒါန သီလ နိက္ခမ စသည်တို့သည် ဒသ ပရမတ္ထ ပါရမီ ဖြစ်၍ ပဏီတ မည်၏။ ဤသို့ အားဖြင့် ပါရမီသုံးဆယ် ပြား၏ဟု မှတ်ရမည်။

—စွယ်စုံကျောထင

ထမီကြားက နိဗ္ဗာန်စကား

အခါတပါး သင်္ဂီဇာ ဆရာတော်သည် တပည့် တပန်း ရဟန်း သံဃာ အပေါင်းနှင့် အနောက်ချောင်းသို့ ရောက်သွား၏၊ ထိုအခါ စာပေကို အနည်းငယ်မျှ ကြည့်ရှု၍ အလှူ မသာ တွေ့ကြုံရာတို့၌ စာစကား ပြောတတ်သော ပရမတ် ဆရာတဦးက ဆရာတော်အား "တပည့်တော်မှာ သက္ကာယဒဋ္ဌိ ဝစီကစ္ဆာ ပဟာနာယ သောတာ ပန္နော— ဟူသော သင်္ဂြိုဟ်၌ မိန့်ဆိုတော်မူသည့် အရ သက္ကာယ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းကွာရန် စိတ်ကူးနှင့် အဟုတ်ပင် သက္ကာယ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကွာပါပြီဘုရား"ဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်ဘုရားက "ဟေ့ ဒါယကာ မင့်ကိုယ်ကိုမင်း ဘယ်လိုပင် ပြောပေမင့် အညာသီဟတောသို့ ဘုရားဖူးသွားမည်

ဆိုသော လှေသူကြီးလို မစုန်ခင်က ကုန်မြင်တာနှင့် သိပေါ့တကာ ရယ်" ဟု အမိန့်ရှိလေ၏၊ ထိုအခါ အပါးဌ်ရှိသော ဒါယကာတို့က ယင်းဥပမာကို ရှင်းလင်း ပြောကြားပါရန် လျှောက်ကြား၍ ဆရာတော် မိန့်သည်မှာကား—

မြင်းခြံမှို အနောက်ဘက် ငယ်ခြံ ရေချိုက မောင်ရှေခို ဆိုသူနှင့် အတူပါ လေးယောက်တို့သည် အောက်မှို ကျေးရွာသို့ ပစ္စည်းဥစ္စာ ရှာဖွေ လုပ်ကိုင်ရန် သွားမည်ဟု ညီညီ ညွတ်ညွတ် တိုင်ပင်ကြ၍ အိမ်မှ ထွက်ခဲ့လေရာ ရောဝတီ ကမ်းထိပ် မြင်းခြံမှို လှေဆိပ်သို့ ရောက်သောအခါ လှေကြုံကို ရှာမည်ဟု လှည့်လည် ကြည့်ရှုကြ၏၊ လှေတစင်းတွင် ဆီးသီး သနပ်ခါးခေါက် ကျောက်ပြင်ထန်းလျက် ပြည့်နှက်အောင် တင်ထားသော ကုန်မျှားကို မြင်သည်တွင် ဤလှေသည်ကား အောက်သို့ သွားမည့်လှေဟု အတည်တကျ သဘောထား၍ လှေသူကြီးအား—"ဘယ်အရပ်သို့ သွားမည်နည်း" ဟု မေး၏။

လှေသူကြီးက "ကျွန်ုပ်တို့လှေသည် အညာ သီဟတောသို့ ဘုရားဖူး သွားမည်ပါ"ဟု ပြော၏။

ထိုအခါ မောင်ရှေခိုက ပြောသည့် အချက်မှာ "အထက်အညာ သီဟတော ဘုရားသို့ သွားမည်ဆိုသော်လည်း လှေပေါ်မှာ ဆင်ခြင်မစုန်ခင်က ဘုန်မြင်တာနှင့် သိပါပေါ့ ခင်ဗျာ" ဟု ဆိုသတဲ့ တကာရဲ့၊ ထို့အတူဘဲ လူနေ လူထိုင် မခိုင် မခံ ပြန့်ကြဲ အာရုံကာမဂုဏ် ခံစားလျက် သက္ကာယဒိဋ္ဌိ ကွာဟုန်မျှားနှင့် လျှောက်ထားပေမင့် ထောက်ချင့်ဆင်ခြင် လူပုံကို မြင်တာနဲ့ မစုန်ခင်က သိပြီးပါဘဲကဲ့ဟု မိန့်ပြီးမှ "ငါ့တပည့် တကာမှာ သက္ကာယသဘော

ရှင်းကွာပါသောဟု အပြောနှင့် ဟန်ကို ဆရလျှင် မာတုဂါမ ထမီ ကြားက နိဗ္ဗာန်စကား ပြောသည်ဟု နားခါးသော သူတို့ ဆိုရန် ရှိသည်၊ သတိုထားလျက် စဉ်းစား ဆင်ခြင်၍ တော်ရုံပင် ပြောရ မည်" ဟု အမိန့်ရှိသော ဟူ၏။

—သင်ဇာစကားပု

ငါမကြိုက်ပါနှင့်

တရုံရောအခါ ပဌမ သံဂါယနာတင် ဘဝရှင် မင်းတရားကြီး သည် ဘုရားကြီးဆရာတော်ကို ရှေ့နန်းတော်သို့ပင့်၍ ဆွမ်း ကွမ်း တို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးနောက် "အရှင်ဘုရား မဂ်ဖိုလ် နိဗ္ဗာန်သို့ အမှန်ဒိဋ္ဌ ခုဘဝနှင့် ရောက်အောင် အဘယ်ကဲ့သို့ ကြံဆောင် အားထုတ်ရပါအံ့နည်း၊ တကာတော်အား မဂ္ဂကထာ ဘာဝနာ စကားကို ဟောတော်မူပါဘုရား—"ဟု လျှောက် ထားလေ၏။

ထိုအခါ ဘုရားကြီး ဆရာတော်က အမိန့်ရှိ တော်မူသည်မှာ— "မင်းမြတ် အခုတကာတော် လျှောက်ထားသော စကားကို ဥပမာ တခုဖြင့်ထင်ရှားအောင်ပြပါအုံ—"

ရှေးသောအခါက ရွာတရွာတွင် ပစ္စည်းဥစ္စာ ပြည့်စုံ ကုံလုံ သော ကုန်သည် လင်မယားဌ သမီးငယ် အပျို တယောက်ရှိသတဲ့၊ ထိုသမီးငယ်အား မမတို့ ကျောင်းဆောက် ကိုးကွယ် ထား သော ဆရာတော်ဘုန်းကြီးကျောင်းသို့ နေ့စဉ်ဆွမ်းပို့ရန် စေလွှတ် လေရာ တနေ့သောအခါ ကျောင်းတကာ သမီးက ဘုန်းကြီးအား—"အရှင် ဘုရား ဤကျောင်းကား ဘယ်သူ၏ ကျောင်းဖြစ် ပါသနည်း-"ဟု လျှောက်ထား၏။

ဘုန်းကြီးက—'တကမ ကလေး ဤကျောင်းကား ငါ့ကျောင်းတည်း—"ဟု ဆိုလေ၏၊ တခါ- "အရှင်ဘုရား ဤသက်နီးကား အဘယ်သူ၏ သက်နီးပါနည်း-"ဟု လျှောက်ပြန်ရာ"ငါ့ သက်နီး" ဟု ဆိုပြန်၏၊ ဤကဲ့သို့ အကြိမ်များစွာ ငါ့ဥစ္စာ ငါ့ပစ္စည်းဟု ပြောဖန်များ၍— "အရှင်ဘုရားသည် အဘယ်ကို အလိုရှိသောကြောင့် သာသနာတော်ထမ်း ရဟန်းပြုပါသနည်း"ဟု လျှောက်ထားသော အခါ ဘုန်းကြီးက—"ငါသည် နိဗ္ဗာန်မင်ဖိုလ်ကို ရလိုသောကြောင့် ရဟန်းပြုသည်—"ဟု ပြော၏၊ ထိုအခါကျောင်းတကာ သမီးက— "မင်ဖိုလ်နိဗ္ဗာန်ကို ရလိုသောကြောင့် ရဟန်းပြုသည် မှန်က ငါ့ကို မကြိုက်ပါနှင့်—"ဟု လျှောက်ထားပြီး အိမ်သို့ ပြန်သွားလေ၏။

ဘုန်းကြီးသည် ဤတကာမ ကလေးကား ဘယ်အရေး ဘယ်အခွင့်ကို ထောက်ထား၍ ဤစကားများကို ပြောပြ ပါလိမ့်မည်နည်းဟု ဆင်ခြင်လျက် စားမဝင် စက်မရ ဒုက္ခရောက်၍ နေလျှင်ကပ်ပြီယ ဒါယကာကြီးက"အရှင်ဘုရား ဘယ်အရေး ဘယ်အကြောင်းကြောင့် စားမကောင်း စက်မပျော်နေပါသနည်း-"ဟု လျှောက်ထားရာ ဘုန်းကြီးက ကျောင်းတကာ သမီး မေးလျှောက်ပြောကြားသွားခြင်းတို့ကို အလုံးစုံ ပြန်ပြောပြီး-"ထိုသို့ ပြောခြင်းသည် အဘယ်ကို ရည်ရွယ်၍ ပြောသည်ဟု တွေးတော မရရှိ နေသောကြောင့် ဤသို့ စိတ်ဆင်းရဲနေရပါသည်-"ဟု ပြောဆိုလျှင် ကပ်ပြီယကြီးသည် သမီးပြောသော စကားကို မိဘထံ စုံစမ်းက မုချသိရမည်ဟု သဘော ထားလျက် ကျောင်း အမကြီးအား အလုံးစုံသော စကားကို ပြန်ကြားပြောဆိုလေ၏။

ထိုအခါ ကျောင်းအမကြီးက သမီးကို"သမီးသင်သည် ကျောင်းသို့သွားစဉ် နိဗ္ဗာန်ကို လိုချင်သောကြောင့် ရဟန်းပြုက ငါ့ကို

မကြိုက်နှင့်ဟု ဆရာ ဘုန်းကြီးအား လျှောက်ထားသော ပြဿနာကို ကောင်းစွာဖြေဆိုလော့-"ဟုဆိုလေ၏။ ထိုအခါ သမီးငယ်ကမိခင်ငါ့ဦးစွာ ငါ့ပစ္စည်းစသဖြင့် စွဲလမ်းခြင်းကို သက္ကာယ ခေါ်ပါသည်၊ ထိုသက္ကာယ ပျောက်မှ မင်ဖိုလ်နိဗ္ဗာန်သို့ ရောက်နိုင်ပါသည်၊ ထိုကြောင့် သက္ကာယဒိဋ္ဌိ တည်းဟူသော ငါ့ကိုမကြိုက်ပါနှင့်ဟု လျှောက်ထားလိုခြင်း ဖြစ်ပါသည်—"ဟု ရှင်းပြသော အခါကပ္ပိယ ဒါယကာသည် ကျောင်းသို့ ပြန်သွားလျက် ဘုန်းကြီးအား အကြောင်းစုံကို အကုန်ပြန်၍ လျှောက်ထားသောအခါမှ မျှားစွာသတိ သံဝေဂ တရား ရသဖြင့် အရည်ကင် တောကျောင်း နှင့် ခိုအောင်း သီတင်းသုံးနေထိုင်သတဲ့ သာသနာ့ ဒါယကာ မဟာ ကေရာဇ်မင်းမြတ်။

—ဘုရားကြီးစကားပုံ

နှုတ်ဆက်ပါရစေဦး

မန္တလေး ရှေမြို့တော် ခင်မကန် ဆရာတော်ကြီးထံသို့ ဒါယကာ တယောက်ရောက်လာပြီး— "အရှင် ဘုရား ယခု ကာလ မိန်းမယောကျ်ား မျှားစွာသော လူအပေါင်း တို့သည် ဆုတောင်းကြသောအခါ နိဗ္ဗာန်ကိုသာ ဆုတောင်းကြပါသည်၊ထိုသို့ဆုတောင်းကြသည်မှာ အဘယ်အခါ အဘယ်ကာလမှနိဗ္ဗာန်ကိုရပါမည်နည်း" ဟု လျှောက်၏။

ထိုအခါ ဆရာတော် ဘုရားက မိန့်ကြားတော်မူ သည်မှာ— "ဒါယကာ သင်အခု လျှောက်ထားသည်မှာ နိဗ္ဗာန်ကို အမှန်ရောက်ချင်၍ လျှောက်သလော၊ သို့မဟုတ် သိလိုကာမျှ သာမည်အားဖြင့် ပင်လျှင် လျှောက်ထားသလော—"ဟု မေးတော်မူ၏။

ထိုအခါ ဒါယကာက—"အရှင်ဘုရား အမှန်အားဖြင့် လိုလား ပေါက်ရောက်ချင်၍ မေးပါသည်—"ဟု လျှောက်သော်—

ဆရာတော်က "ဒါယကာ သင်နိဗ္ဗာန်ကို အာသန် တောင့်တ အလိုဆန္ဒရှိလျှင် အိမ်တွင် သားမယား တို့ကို ပယ်ရှား စွန့်ခွါနိုင် ပါမည်လော"ဟု မေးတော်မူပြန်၏။

ထိုအခါ ဒါယကာက"အရှင်ဘုရား ယခုအလိုအားဖြင့် ပယ်ရှား စွန့်ခွါနိုင်ပါလိမ့်မည် ထင်ပါသည်"ဟု လျှောက်ထားသော အခါ

ခင်မကန် ဆရာတော်ကြီးက "အင်း နိဗ္ဗာန် လိုချင် တာက စျေးချိုတောင်က ငမောင် နိဗ္ဗာန်လိုချင်တာ မျိုးထင်ပါရဲ့"ဟု မိန့် တော်မူရာ—

အပါးမှာရှိသော ဒါယကာအပေါင်းတို့က ခွင့်တောင်းလျှောက် ထား၍မိန့်ကြားတော်မူသည်မှာ—

စျေးချို တောင်က ငမောင် ဆိုသော ဒါယကာသည် ည အခါ အိမ်တော်ရာ ဘုရားသို့သွား၍ အမြဲအားဖြင့် ဖူးမျှော် ခြင်းဝတ်ကိုပြုပြီးလျှင် နိဗ္ဗာန်ဆုကိုနေ့စဉ်ဆုတောင်းသတဲ့၊ ဤကဲ့သို့ တောင်းသည်ကို အဖေ၊အပေါင်းသူငယ်ချင်းဖြစ်သူ မောင်အောင် က အကြောင်းကိုသိရအောင် ငမောင်အလိုကို စုံစမ်းအုံဟု နတ် ဝတ်တန်ဆာတို့ကို ဆင်ယင်ပြီးလျှင် ငမောင်မရောက်ခင် ပုန်းကွယ် ၍ နေနှင့်၏။

ငမောင် သည်လည်း ညအခါအချိန်နီး၍ ပတီး လက်စဲ့လျက် ဘုရားသို့ သွား၏၊ ရောက်သောအခါ ကောင်းမွန်စွာ ဝတ်တက် ရှိခိုးပြီးသော်"တပည့်တော် ယခု ဤကောင်းမှု အရင်း ခံကြောင့် နိဗ္ဗာန်ကိုရလိုပါ၏ဘုရား"ဟု ဆုတောင်းရာ....

နတ်လုပ်သူ မောင်အောင်က ကိုယ်ရောင် ကိုယ်ဝ ပြုလျက် "အသင်လူသားသင်သည် နိဗ္ဗာန်ကို ရလိုကြောင်းနှင့် ဆုတောင်းသည်မျှားလျှပြီ၊ ခုသွားမည်ထလော့" ဟုဆိုလျှင်—

ထိုင်မောင်ဆိုသူက "နတ်မင်း နိဗ္ဗာန်သို့ ဆိုက်အောင် သင်လိုက်၍ ပို့မည်ဟု ခေါ်သည်မှာ မျှားစွဝမ်းမြောက်ပါသည်၊ သို့ရာတွင် အိမ်မှာ တားခဲ့သော သား မယားကို နှုတ်ဆက်ပါရစေဦးလော—" ဟု ဆို၏။

ထိုအခါ မောင်အောင်ဆိုသူ နတ်က "မတ်တတ် ခဏကလေးဖြင့် ပြေး၍ နှုတ်ဆက်ချေဦးလော" ဟု ပြော၍ အဆောတလျင် ပြန်သွားလျက် မယားကို "ရှင်မ သင်တို့မှာ ကောင်းမွန်စွာ သမီးသားနှင့် စားသောက်၍ နေရစ်ကြလော့၊ ငါ့မှာ နိဗ္ဗာန်ဆော် နတ်မင်းက ချက်ခြင်း နိဗ္ဗာန်သို့ ရောက်အောင် ပို့ဆောင်မည် ဆိုသောကြောင့် နိဗ္ဗာန်သို့လိုက်တော့အုံ" ဟုဆို၏။

ထိုအခါ မယားက "အလကားဘဲ အိမ်ပြန်လာသည်၊ မြန်မြန်သာ လိုက်သွားပါ၊ နိဗ္ဗာန်တရားဆိုတာ အလွန်တရာ ရခဲရောက်ခဲသည်၊ မြဲမြဲ နိဗ္ဗာန်တွင်သာ နေပါတော့ ကိုမောင်" ဟု ပြောသော အခါ—

ငမောင်က "မဟုတ်ဘူး ရှင်မ ညည်းမှာ သားနှင့် သမီးနှင့် ပစ်ပြီးသွားလို့မှ တော်ပါ့မလား၊ စဉ်းစားပါအုံး ရှင်မရဲ့" လို့ ဆို သတဲ့ တကာရဲ့၊ ဤအတူ ဒါယကာလည်း ယခုနေသောနိဗ္ဗာန်ရောက်ချင်သည်၊ တကယ် သွားကြစို့ဟု ဆိုလျှင် နိဗ္ဗာန်ကို အဟုတ် မက်သော်လည်း နှုတ်ဆက်နေအုံးမည့် လူစားထဲ ကဘဲဟု မိန်းတော်မှ

သောအခါ မျှားစ္ဆာသော ပရိသတ် တို့သည် ပဲ့တင်ထပ်မျှ ရယ်မော ကြလေကုန်သတည်း။

—ခင်မကန်စကားပုံ

နိဗ္ဗာန်မလိုချင်သေး

ဤကျမ်းဆရာ(အရှင်အာဒိစ္စဝံသ)ကား ယခုအချိန်၌ လုပ်ငန်း သဘောအားဖြင့် နိဗ္ဗာန်ကိုလိုချင်သူမဟုတ်သေး၊ ထိုကြောင့် ကျွန်ုပ်သည် နိဗ္ဗာန်မလိုချင်၊ အတင်းပေးစေကာမူ မယူဟု တဖက်ဘက် ငြင်းပယ်ထားသူ တဖန်းလိမ့်သမား ဖြစ်၏။

ကျောင်းအမကြီး တော်မြိုင်က "အရှင် ဘုရားဟာ နိဗ္ဗာန် မလို ချင်ပူး မလိုချင်ပူးလို့ ပြောကြတယ်၊ ဘယ်လိုပါလဲ" ဟု မေးလာ သောအခါ "အမိုးအတိုင်း ပြောတာပဲ"ဟု ကျွန်ုပ်တို့က ဖြေလိုက် ရာ၊ ၎င်းက "ဘယ်နှယ်ဘုရား နိဗ္ဗာန်ကို တကယ်ပဲ မလိုချင်ပူးလား" ဟု မကြေနပ်ပုံနှင့် ထပ်မံ မေးနေပြန်တော့သည်။

"တကာမကြီး ကတော့ နိဗ္ဗာန် လိုချင်သပေါ့"ဟု ကျွန်ုပ် တို့က ဆိုလျှင် မှန်ပါဘုရား— လောကကြီး ဒုက္ခမျှားတာကို တွေ့ဆဲ နေရ တော့ လိုချင်တာ အမှန်ပါဘုရား"တကာမကြီးက ဖြေဆို သကာလ "သည်ဟာဖြင့် တကာမကြီးက ရန်ကုန်မှာ နေသကိုး၊ နိဗ္ဗာန်လိုချင် ရိုးမှန် တောထွက်ပြီး နိဗ္ဗာန်ရောက်ကြောင်း ကျင့်ရမယ်၊ အဲသလိုမဲ့ ကျုပ်လဲ နိဗ္ဗာန်လိုချင်လျှင် သည်ရန်ကုန် လာပြီး တပည့်တပန်း တွေနဲ့ ဆဲလိုက် ဆိုလိုက် ရိုက်လိုက် ပုတ်လိုက်နဲ့ ဒုက္ခခံပြီး စာပေ ချပို့—တကာတွေ တကာမတွေအား တရားဟောပြောနေ ကထဲက နိဗ္ဗာန်လိုချင်တယ် ဆိုလျှင် တော်နိုင်ပမလား"ဟု ဆိုလိုက်သည်။

သည်တော့ တကာမကြီးက "ဟုတ်လိုက်လေ ဘုရား-မုချ နိုဗွာန်လိုတာ မှန်လျှင် ကျင့်ရမှာပဲ ဘုရား၊ တပည့်တော်မတို့က လိုချင်တာနဲ့ရတော့ မလိုလိုထင်နေကြတာ လက်စသတ်တော့ မျက်စိလယ်နေတာပေါ့ဘုရား"

"ဟုတ်တယ် တကာမကြီး ငယ်ငယ်က နှုတ်တဲ့ရထားတဲ့ သြကာသက ဖျက်နေတာ၊ အဲတာကြောင့် အားလုံး မျက်စိလယ် ကြတာ အဲသည်တော့ တကာမကြီးလဲ မကျင့်နိုင်သေး၊ ဖြေးဖြေးပေါ့။ သို့ပေမဲ့ ရရောက်ဖို့ရာ လမ်းတော့ ဆက်ထားမှပဲ တကာမကြီး၊ အခုမလိုသေးပေမဲ့ လိမ္မာတဲ့အခါ တခါခါတော့ နိုဗွာန်လိုလာ လိမ်မယ်"

"လမ်းဘယ်နှယ် ဆက်ရပါ့မယ်ဘုရား"

"လမ်းဆက်နည်းက တကာမကြီး ပြုပြုသမျှ ဒါနဲ့ သီလဘာဝနာ မျှားအတွက် နိုဗွာန်နဲ့သာ ဆက်ထား၊ လောကကြီးနဲ့ ဘယ်တော့မှ ဆက်မထားလေနဲ့၊ လောကအတွက် ရည်သန်မထားပဲ လောကနိရောဓ အတွက်သာ ပြုလုပ်၊ အဲ....ဤနှင့်အလားတူ တကာမကြီးရဲ့ ရှေးအတိတ်က ကမ်တွေပေါ်မှာလဲ ငါ သည်ကမ်တွေ၏ အတွက် လောကတွင် ခံစားဘို့ မလိုတော့ဖူး ဆိုပြီး၊ ၎င်းကမ်မျှား အပေါ်ဌာ အစဲ့ ဖြုတ်ထား၊ အဲတာ နိုဗွာန်လမ်းကို ဆက်သွယ် ထားခြင်းပဲ"

ယင်းကဲ့သို့ ကျွန်ုပ်သည် နိုဗွာန်ကို တကယ် မလိုသူပင် ဖြစ်၏၊ သို့သော် တခါခါတော့ လိုလာမည်ဟု သဘောကျသူ ဖြစ်၏၊ ကျွန်ုပ်သည် ငယ်ငယ်ကပင် သြကာသကို အမေသင်ပေးသည်—အဖေသင်ပေးသည်—သို့မဟုတ် မိမိလိုလို ကိုယ်တိုင်ပင် နှုတ်တဲ့ ရသည်ဟု မသိနိုင်ပဲ နှုတ်ရထားရသူ ဖြစ်၏၊ ယင်းသည် သြကာသ၏အဓိပ္ပါယ် ကိုသိ၍ ဆိုပြီး စဉ်းစားကြည့်၍ ကိုယ့်အလို ပေါ်လာသည်ကား

"အပါယ် ၄-ပါး, ကပ်၃-ပါး, အရပ်ပြစ် ၈-ပါး, ရန်သူမျိုး ၅-ပါး ဝိပ္ပတ္တိတရား ၄-ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ် ငြိမ်းမည်" ဟု ပေါ်လာ၏။ ဤအလိုနှင့်သာ သြကာသ ဆို၏။

နောက်ဆုံးက နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကိုကား လိုချင်သည် မဟုတ်ပဲနှင့်ပင် ဆိုနေ၏။ နိဗ္ဗာန် ချမ်းသာ ဆိုတာ ဘယ်လို ဟု သိရပြန်သော် ၎င်းကို မလိုချင်၊ အကြောင်းကား၊ ဒုက္ခကို မသိ သောကြောင့် တည်း၊ နောက်တော့မှ "သည် သြကာသဟာ ငါ့ တယ်ဖျက်တဲ့ သြကာသ, ဆုတောင်းလို့ လဲ နိဗ္ဗာန်ရမည် မဟုတ်၊ ငါမလိုတဲ့ ၄-ပါးစသည်ကလဲ ကင်းလွတ်နိုင်စရာမရှိ၊ အလကား ပဲကိုး"ဟုသိပြီးတခါထဲစွန့်လိုက်၏။

ယင်းသို့ ကျွန်ုပ်တို့ ညွှန်ပြတဲ့ဟိုင်း နိဗ္ဗာန်ကို တကယ် လိုသူကား ကျွန်ုပ်က အစပြု၍ ရှာလှုပ်တောင်း၊ သို့သော် နိဗ္ဗာန်ကို လိုလား မည်ကား မုချတည်း၊ လိုလား သူမျှားလည်း ရှိပါလိမ့်မည်၊ မုချ လိုလားရမည့် အရာကား မချတ်တည်း၊အကြောင်းကား လောက ကြီးသည် ပျော်စရာချည်း မဖြစ်နိုင်၊ ပျင်းရိ ငြီးငေ့ စရာလည်း ဖြစ်သောကြောင့်တည်း၊ ယင်းသို့ ဖြစ်လျှင် နိဗ္ဗာန်ဆိုတာ ဘယ်လို ဟာလဲ....

မြောက်ပိုင်း ဗုဒ္ဓသာသနာဝင်တို့ နိဗ္ဗာန်ကား သုခဝတီခေါ် သုတ်အရ ပရိနိဗ္ဗာန် စံလွန် တော်မူပြီးသော ဘုရားရှင် အသီးသီး တို့မှာ မိမိတို့ ကိုယ်ပိုင် တိုင်းတော် ပြည်တော် အသီးသီးနှင့် ထက်ဝန်းကျင် ကောင်းကင်ပြင်၌ နေထိုင်ကြကြောင်းဆို၏။

ဟိန္ဒူတို့နိဗ္ဗာန်ကားဗြဟ္မာ့ပြည်တည်း၊မဟာမေဒင်နှင့် ခရစ္စယန်တို့ နိဗ္ဗာန်မှာလည်း ဟိန္ဒူတို့ နိဗ္ဗာန်မျိုးပင် ဆိုလို၏၊ ဂျိုင်း နိဗ္ဗာန်

မှာလည်း မြဲသော နိုဗွာန် ချမ်းသာ ဝေဒယိတ သုခရှိသည်ဟု ယူစဲ့၏။ ၎င်းတို့တွင် မြောက်ပိုင်း ဗုဒ္ဓဿာသနာဝင်တို့ နိုဗွာန်သည် အရှင်းဆုံး ဖြစ်၏။ ဟိန္ဒူနိုဗွာန်ကား ဒုတိယရှင်းလ။ အခြားနိုဗွာန် မျှားကား ဤကဲ့သို့ မသဲကဲ့ချေ။ လုံးချာချာတို့နှင့်ချည်းတည်း။

—နိုဗွာနသုတ္တသင်္ဂဟ

မဟာယာန

ဂိုဏ်းဂဏများ

အသောကမင်းတရားကြီး လက်ထက်တွင် ဗုဒ္ဓဓမ္မဆိုင်ရာ ဂိုဏ်းဂဏသည် အဌာဒသ နိကာယအမည်ဖြင့် ဗုဒ္ဓစာပေတို့၌ လွန်စွာထင်ရှားခဲ့လေသည်၊ နိကာယ၏ အဓိပ္ပါယ်မှာ ဂိုဏ်းဂဏ ဖြစ်၏၊ ယင်းနိကာယတို့၏ ဂိုဏ်းကွဲများသည် အိန္ဒိယ နိုင်ငံ အရပ်ဒေသ အနှံ့အပြားဌာ ကြီးစိုးဘုံ၏၊ ရာစုနှစ်ပေါင်း များစွာ တိုင်အောင် သူတို့ လွှမ်းမိုးနိုင်ခဲ့၏၊ ကာလကြာမြင့်သော အခါ ထိုဂိုဏ်းများ တိမ်ကော သွားသော်လည်း သူတို့၏ စာပေကျမ်းဂန် အယူဝါဒ တို့ကို ဗုဒ္ဓစာပေတွင်သာမဟုတ်, နောင်အခါ ဗြာဟ္မဏ စာပေတို့ မှာပင် တွေ့မြင်ရ၏၊ ထို့ကြောင့် ယင်းနိကာယ် တို့၏ အမည်နာမ, နေရာဌာနနှင့် အချင်းချင်း ဆက်စပ်ပုံ အကြောင်း အရာ တို့မှာ ဗုဒ္ဓစာပေတခုတည်းသာ ကျက်စားရာမဖြစ်ချေ။

ကထာဝတ္ထုကျမ်း၏ရည်ရွယ်ချက်မှာ နိကာယ်တို့ကို လေ့လာရာတွင် ထေရဝါဒ အယူအဆ ရှုတောင့်မှ ဖြစ်၏၊ ရှင် မောဂ္ဂလိပုတ္တ တိဿသည် ဤကြီးကျယ်သော ကျမ်းကြီးကို ပြုစု၍ ရှေးက အယူဝါဒတို့၏ လျှို့ဝှက်ချက်နှင့် သရုပ်ကို လေ့လာခွင့် ပေးခဲ့၏၊ ဆရာဝသုမိတြသည် အဌာဒသနိကာယ အမည် ရှိသော ကျမ်းကို စီရင်ပြီး ထိုနိကာယ်တို့၏ အယူအဆကို ရဲရင့်စွာတင်ပြ၏၊ ကျမ်းနှစ်ခု၏အယူအဆတို့မှာ ကွဲပြားခြားနား၏၊ရှင် မောဂ္ဂလိ ပုတ္တ တိဿ

သည် ထေရဝါဒီဖြစ်၍ ဆရာဝသုမိတြကား သဗ္ဗတ္ထိဝါဒီ ဖြစ်၏၊ ဂိုဏ်းဂဏ ကွဲပြားသည် အားလျော်စွာ အမြင် အယူအဆ ကွဲပြားမည်မှာလည်း ဓမ္မတာပင်ဖြစ်၏၊ သို့ရာတွင် နှစ်ဦးလုံးတွင် ယောဘူယျတူညီသော သဘောတရား ကိုသာ ညွှန်ပြမည်မှာ ယုံမှားဖွယ်ရာ မရှိပေ၊ ဤနိကာယ်တို့သည် အသောက မင်းကြီးလက်ထက်မတိုင်မီ ကပင် ပေါ်ပေါက်ခဲ့၏၊ သို့ရာတွင် သူ၏ နောက်ပိုင်းဌာလည်း ယင်းဂိုဏ်းဂဏတို့၏ အယူအဆ ကွဲပြားခြင်း အလျဉ်မပြတ်ချေ၊ စင်စစ်ဗုဒ္ဓ ဓမ္မ စည်ပင် ပြန့်ပွားသည်နှင့် အတူ အယူဝါဒ အမျိုးမျိုးထွက်ပေါ်နေခြင်း ဖြစ်လေသည်၊ ကထာဝတ္ထုတွင် အယူဝါဒ အသစ်ဖြစ်သော ဂိုဏ်းတို့ကိုလည်းဖွင့်ဆိုထား၏။

ဥပမာ စေတျဝါဒီဂိုဏ်းမှ ဘိက္ခုသံဃာ အချို့သည် အန္ဓနိုင်ငံတွင် တိုးတက်ကြီးပွားသော အန္ဓကဂိုဏ်း ဖြစ်ပေါ်လာ၏၊ ယင်းဂိုဏ်း၏ ဗဟိုဌာနမှာ အန္ဓမင်းတို့၏ နေပြည်တော် ဖြစ်၏၊ ယင်းအန္ဓကဂိုဏ်းမှ တဖန် ခရစ်တော် မပေါ်မီ ပဌမ ရာစု၌ အခြားသော ဂိုဏ်းများကို မွေးဖွားပေးခဲ့ပြန်၏၊ ယင်းဂိုဏ်းတို့မှာ ပုဗ္ဗသေလိယ, အပရသေလိယ, ရာဇဂိရိကနှင့် သိဒ္ဓတ္ထကတို့ ဖြစ်ကုန်၏၊ အန္ဓမင်းတို့ နေပြည်တော်တွင် မဟာစေတီကြီး တဆူရှိ၏၊ ထိုစေတီကြီးကို အစဲပြု၍ ထိုပြည်မှဂိုဏ်းကို စေတျဝါဒီဟု ခေါ်ကြခြင်းဖြစ်၏၊ ရာဇဂိရိကနှင့် သိဒ္ဓတ္ထက ဂိုဏ်းတို့၏ အမည်နာမ ဖြစ်ပေါ်ပုံ အကြောင်းကိုကား တစ္ဆန်းတစမျှ မသိရချေ၊ ပုဗ္ဗသေလိယနှင့် အပရသေလိယတို့ကား ထိုမြို့တော်၏ အရှေ့နှင့် အနောက်တွင် ရှိသော တောင်ပေါ်၌ တည်သော ကျောင်းများဖြစ်၍ ယင်းအမည်ဖြင့် တင်စားခေါ်ခြင်း ဖြစ်ကုန်၏၊ ရာဇဂိရိကလည်း အန္ဓကဂိုဏ်းဝင် ဖြစ်၏၊ သို့ရာတွင် အန္ဓပြည်တွင် ယင်းဂိုဏ်း တည်ရာ

ရာဇဂိရိကို ပြောမပြနိုင်ကြချေ၊ ကထာဝတ္ထုဌ် အယူဝါဒ ဆယ့်တမျိုးကို ဖျက်ချိုးပြီးလျှင် ရှစ်မျိုးကို သိဒ္ဓတ္ထက ဂိုဏ်းနှင့် ရောနှောလိုက်၏၊ ထို့ကြောင့် ယင်းနှစ်ဂိုဏ်းတို့ အချင်းချင်း ဆက်စပ်နေမည်ကို မှန်းဆ၍ သိရ၏၊ အနွဂ လေးဂိုဏ်းတို့သည် အနွမင်းတို့ လက်ထက်တွင် လွန်စွာ တိုးတက်ခဲ့လေသည်။

ယင်းအနွဂ နိကာယ်တို့ ပုံသဏ္ဌာန်မှာ မဟာယာန ဖြစ်၏၊ မဟာသံဃိကတို့သည် ဤအယူဝါဒကို ယူဆောင်ပြီး မိမိတို့ဂိုဏ်းကို ထေရဝါဒီတို့မှ သီးခြား ပြုကြ၏၊ ထိုဂိုဏ်းဂဏမျှား နောက်ဆုံးပွင့်ထွန်းသည်မှာ မဟာယာနဌ ဖြစ်၏၊ မဟာယာန၏ အဓိပ္ပာယ်မှာ ကြီးကျယ် မြင့်မြတ်သော လမ်းစဉ်ဖြစ်၏၊ ထိုလမ်းစဉ်ကို ယုံကြည် လက်ခံ သူတို့၏ ပြောပြချက်မှာ "အသက် ဇီဝကို အထွတ် အထပ်သို့ တိုင်အောင် ပို့ဆောင်သော လမ်းစဉ်သည် အလုံးစုံတို့ထက် အဓိက မွန်မြတ်၏၊ ထေရဝါဒသည် အဆုံးမှတ်တိုင်သို့ ရောက်အောင် မပို့ဆောင်နိုင်ချေ၊ ထို့ကြောင့် သူ့ကို ဟီနယာနဟု အမည်ပေးခြင်း ဖြစ်၏" ဟု၏၊ ဟီနယာနထက် မဟာယာနက ထူးခြားချက်ကို မျှားစွာသော အကြောင်းအရာတို့မှာ တွေ့ရ၏၊ ယင်း ထူးခြားချက်တို့ကြောင့်ပင် သူတို့သည် မိမိတို့ကို မဟာယာနီဟု ခေါ်ကြခြင်းဖြစ်၏။

တဆယ့်ရှစ်ပါးသော နိကာယ်တို့၏ အယူအဆဝါဒ အလုံးစုံကို အကုန်တင်ပြရန် ဤတွင် အရေး မကြီးလှပါ၊ လိုအပ်သည်မှာ အချုပ်အချာဖြစ်သော နိကာယ်ကြီး နှစ်ခု၏ အယူအဆပင် ဖြစ်၏၊ မူလ ဗုဒ္ဓသံဃာမှ ခွဲထွက်သွားသူတို့သည် ရှေးဦးစွာသော ဂိုဏ်းဖြစ်၏၊ ဝေသာလီပြည်၌ဒုတိယ သံဂါယနာ တင်ချိန်တွင် သူတို့သည် သီးခြား ခွဲထွက်ကာ ကောသမ္ဗီ ပြည်သို့သွားပြီး သံဃာပေါင်း

တသောင်းနှင့် မိမိတို့ အယူဝါဒ တိုးတက် စေရန် အတွက် သီးခြား သံဂါယနာ တင်ကြ၏၊ သူတို့ကို မဟာသံဃိကဂိုဏ်းဟု ခေါ်ကြ၏၊ ထေရဝါဒကား တင်းမာသော ဂိုဏ်းဖြစ်၏၊ မဟာသံဃိကတို့ကား ဝိနည်းတွင် ခက်ခဲတင်းကြပ်သော အစဉ်အလာကို သုတ်သင်ပြီး ခေတ်နှင့်လျော်စွာ ပြုပြင်၏၊ ဤဝိနည်းနှင့် ပတ်သက်သော အယူအဆကို ကျွန်ုပ်တို့အနေဖြင့် တစုံတရာ မပြောသာချေ၊ ထိုပြင် သူတို့၏ ဗုဒ္ဓဓမ္မနှင့် စပ်လျဉ်းသော သဘောတရားတို့ကား လွန်စွာ အဆင့်အတန်း မြင့်လှသည်၊ ရှင် မောဂ္ဂလိ ပုတ္တ တိဿနှင့် ဆရာဝ သုမိတြ- နှစ်ဦးသည် ဤအယူဝါဒ နှစ်ပက္ခ၏ အခန်းကဏ္ဍကို အသီးသီး တန်ဆာဆင်ကြ၏။

မဟာသံဃိကတို့ ယုံကြည်သည်မှာ ဗုဒ္ဓသည် မနုဿ လူသားမဟုတ်၊ လောကုတ္တရာ ဖြစ်၏၊ သူ၏ ကိုယ်ကာယမှာ အနာသဝ ဖြစ်သော ဓမ္မတို့ဖြင့် စီရင်အပ်၏၊ ထို့ကြောင့် သူသည် အိပ်ခြင်းနှင့် အိပ်မက်ခြင်း သဘော နှစ်ပါးတို့မှ လွန်မြောက်၏၊ မနှင်းယှဉ်နိုင်သော ရူပကာယကို ဆောင်နိုင်၏၊ မိမိ အလိုဆန္ဒအတိုင်း မရေမတွက်နိုင်သော ရုပ်ခန္ဓာတို့နှင့် အတူ ဆောင်နိုင်စွမ်း ရှိသည်ဟု ဆိုလို၏၊ သူ၏ အင်အားဗလမှာ မနှင်းယှဉ်နိုင်သကဲ့သို့ သူ၏ အသက် အာယုလည်း မရေ မတွက်နိုင်၊ မဟာသံဃိကတို့သည် ဤသို့စသော မျှားစွာသော အကြောင်းတို့ဖြင့် ဗုဒ္ဓအား လောကုတ္တရာ အဖြစ် ပြီးမြောက်စေကြလေသည်။

ဗုဒ္ဓသည် သုတ္တန် ဥပဒေသမျှားကို ပေးခဲ့၏၊ ယင်းတို့သည် ကိုယ်တိုင်၏ ပြည့်စုံခြင်းတို့ ဖြစ်၏၊ ဗုဒ္ဓသည် ဓမ္မတရားမှ တပါး အခြား ဥပဒေသ တစုံတရာ မပေး၊ ထို့ကြောင့် သူ၏ သွန်သင်ချက်တို့မှာ ပရမတ္ထ သစ္စာပေါ်မှာ မှီခြေမ်းနေခြင်းဖြစ်၏၊ လောက

ဝေါဟာရ သစ္စာမဟုတ်၊ ပရမတ္ထ သစ္စာကို သဒ္ဒါဖြင့် မဖွင့်ဆိုအပ်၊ ပါဠိနိုင်ငံ ပိဋကတ် သင်ကြားချက်တို့မှာ .လောဟ ဝေါဟာရ သစ္စာ၏ အကြောင်းအရာတို့ ဖြစ်၏၊ ပရမတ္ထတရား၏ တည်ရာ အာရုံ မဟုတ်ချေ၊ ဗုဒ္ဓ၏ လောကနှင့် မဆက်ဆန်သော အလောကိက အစွမ်းသတ္တိတို့မှာ အပိုင်းအခြား မရှိ၊ သူသည် အလိုရှိသမျှသော အစွမ်းသတ္တိတို့ကို တပြိုင်နက် ထင်ရှားပြနိုင်၏၊

အနွဂကိုဏ်းသားတို့ ပြောကြားသည်မှာ "ဗုဒ္ဓနှင့် ရဟန္တာ နှစ်ဦးတို့ကို အဆင့်အတန်း တူမထားနိုင်၊ နှစ်ဦးလုံးတွင် အားတော်ဆယ်ပါးရှိ သော်လည်း ခြားနားချက်မှာ ဗုဒ္ဓ၏ ဉာဏ်တော်သည် အရာဝတ္ထု တိုင်း၏ အာရုံတွင် ပြန့်နှံ့ပြည့်စုံ၏၊ ရဟန္တာ၏ ဉာဏ်ကား ပြည့်စုံခြင်း မရှိ--" ဟူသတည်း၊ ဗောဓိသတ္တဝါသည် သံသရာ၌ ကျင်လည်နေကြသော သတ္တဝါတို့အား ဓမ္မတရား ဟောကြားရန် အတွက် မိမိ အလိုဆန္ဒ အတိုင်း ပဋိသန္ဓေ တည်နေခြင်း ဖြစ်၏၊ ဇာတ်ဝတ္ထုတို့တွင် ဤသဘောတရား အချက်အလက်တို့ကို လေ့လာနိုင်၏၊ မဟာယာန၏ အချုပ်အချာ ဖြစ်သော ဆရာ သန္ဓိဒေဝ ကလည်း သိက္ခာသမုစ္စယနှင့် ဓမ္မာစယာ ဝတာရကျမ်းတို့၌ ဤအကြောင်းကို တခမ်းတနား ဖွင့်ဆိုထား၏၊ ဗောဓိသတ္တတို့ အမိဝမ်းမှာ ပဋိသန္ဓေ နေခြင်းသည် အမျိုးမျိုးသော အခိုက်အခါများ မလိုအပ်ချေ၊ သူတို့သည် ဆင်ဖြူတော်အသွင်ဖြင့်အမိဝမ်းသို့ ဝင်ပြီး ပဋိသန္ဓေ တည်နေလိုက်ကြ၏၊ ဤအယူအဆတို့ကို ထေရဝါဒီတို့ လက်မခံကြချေ။

ထေရဝါဒီတို့ အလိုအားဖြင့် ရဟန္တာသည် လူတိုင်း၏ကြိုးကျယ်မြင့်မြတ်သော မှန်ပြဖြစ်၏၊ ရဟန္တာအဆင့်သို့ ရောက်စေရန် ယောဂီတိုင်း ကြိုးစားရမည်၊ သို့ရာတွင် ဤအယူအဆကို အတွေးအခေါ်

သစ်ဖြစ်သော မဟာသံဃာကတို့ မနှစ်သက်ကြချေ၊ သူတို့ အလိုမှာ ရဟန္တာသည် သူတပါး တို့ကြောင့် လောဘ, မောဟ, ဖြစ်နိုင်၏၊ ရဟန္တာဖြစ်သော်လည်း သူ့မှာ အဉာဏ်ရှိ၏၊ ယုံမှားသံသယရှိ၏၊ သူတပါး အကူအညီဖြင့် အသိဉာဏ်ကိုရ၏၊ ဤဝေဘန်ချက်လေးမျိုးကို ချိုးဖျက်ပြီး ထေရဝါဒီဖြစ်သော ရှင်မောဂ္ဂလိ ပုတ္တ တိဿသည် ကထာဝတ္ထုကျမ်းကို စီရင်ရခြင်းဖြစ်လေသည်။

သောတာပန်သည် မိမိ လမ်းစဉ်မှ ရှေ့ရှားကာ မျက်နှာလွှဲသော်လည်း ရဟန္တာသည် ဘယ်အခါမျှ မိမိလမ်းစဉ်ကို ဖယ်ရှားခြင်းမရှိ၊ တကြိမ်မျှ ရဟန္တာအဖြစ်သို့ ရောက်လျှင် ဆုတ်နစ်ခြင်းမရှိ, အစဉ် ထာဝရတည်မြဲသွား၏၊ ဘယ်အခါမျှ လှုပ်ရှားခြင်း မရှိတော့ချေ၊ ဣန္ဒြေတို့၏ သရုပ်မှာ ဘုတိက သက်သက်ဖြစ်၏၊ မံ သရုပ်ဖြစ်၏၊ မျက်စိဣန္ဒြေသည် အာရုံကိုမမြင်၊ သောတ ဣန္ဒြေသည် အာရုံကို မကြား၊ယင်းတို့သည်မိမိတို့၏အာရုံကိုယူခြင်းမရှိချေ၊ ဤအယူအဆမှာ ဝသုမိတြ၏ ကျမ်းဂန်ပေါ် အမှီပြုထား သော်လည်း ကထာဝတ္ထုသည် မဟာသံဃာကတို့ အယူအဆနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်၏။

ထေရဝါဒီဂိုဏ်းကွဲသဗ္ဗတ္ထိဝါဒီတို့အလိုအားဖြင့် အသခ်ာတမ္မမှာ အာကာသ, ပတိသင်္ခါ နိရောဓနှင့် အပတိသင်္ခါ နိရောဓအားဖြင့် သုံးပါးအပြားရှိ၏၊ မဟာသံဃာကတို့၏ အလိုအားဖြင့်ကား ယင်းအသခ်ာ၏ သင်္ခါမှာ ကိုးပါး အပြားရှိ၏၊ သုံးပါးမှာ ဖေါ်ပြပါအတိုင်း ဖြစ်၍ ကျန်ခြောက်ပါးမှာ အာရုပ္ပ လေးပါးနှင့် အခြားတရားနှစ်ပါးဖြစ်လေသည်၊ ထိုတရားသဘောတို့ကို ရှေ့တွင်အကျယ်တွေ့ရပါမည်။

မဟာယာနသုတ္တန်

မဟာယာနဂိုဏ်းတွင် ပိဋကသုံးပုံမရှိဟု မဆိုနိုင်ချေ၊ အကြောင်းကား ယင်းသည် ဂိုဏ်းတခု၏ အမည်မဟုတ်၊ ထိုအတွင်း၌ ဒဿနိုက အယူဝါဒ သီးခြား ဖြစ်သော ဂိုဏ်းပေါင်းများစွာ ရှိ၏၊ ဗောဓိသတ္တ ပိဋကအမည်ရှိသော ကျမ်း၌ မဟာယာန၏ အလို အားလျော်စွာ ဝိနယနှင့်အဘိဓမ္မာပိဋကတို့ကိုလည်းညွှန်ပြထားလေသည်၊ သို့ရာတွင် ယင်းပိဋကသည် ကြုံဆခြင်းဖြစ်ဟန်ရှိ၏၊ တစုံတရာ ထူးခြားသော ပိဋကသုံးပုံ၏ အမည်မဟုတ်ချေ၊ သုတေသန ပညာရှိ အများလက်ခံသော မဟာယာနသုတ္တတို့မှာ ကိုးစောင်ရှိလေသည်၊ ယင်းတို့မှာ (၁)သဒ္ဓမ္မပုဏ္ဍရိက, (၂)ပညာပါရမိတာ, (၃)ဂဏ္ဍဗျူဟ,(၄)ဒသဘူမိက, (၅)ရတနကူဋ, (၆)သမာဓိရာဇ, (၇)သုခဝတီဗျူဟ, (၈)သုဝဏ္ဏပဘာသနှင့်(၉)လင်္ကာဝတာရတို့ဖြစ်၏။

ယင်းတို့ကို ဝေပုလ္လသုတ္တဟု ခေါ်ကြ၏၊ မဟာယာနသုတ်တို့၏ သာမည အမည်တည်း၊ ယင်းတို့သည် ဂိုဏ်းတခု၏ကျမ်းလမ်းမဟုတ်၊ တချိန်တည်းတွင် စီရင်သည်လည်း မဟုတ်၊ ဤမျှသာလည်းမဟုတ်ချေ၊ မဟာယာန၏ မူလအယူအဆကို ဖော်ပြသော သုတ်တို့သည် ထို့တက်ပိုလွန်များပြား၏၊ သို့ရာတွင် ထင်ရှားသော ကျမ်းအချို့သာ ဤ၌ ဖော်ပြပါမည်၊ ဤသုတ်တို့၏ အဆိုအမိန့်တို့ကို ယူပြီးလျှင် ဒဿနိုက ဆရာတို့သည် မိမိတို့ ကျမ်းမှာ ကိုးကားဖွင့်ဆိုကြ၍ ဗုဒ္ဓဒဿနကို ပြည့်စုံစွာသိရန် ဤသုတ်တို့မှာ အမှန်လိုအပ်ပေသည်။

(၁) **သဒ္ဓမ္မ ပုဏ္ဍရိကာ**။ ။ကိုးကွယ် ဆည်းကပ်မှုကို အခြေပြုသော မဟာယာန၏ အကြောင်းအရာ အမျိုးမျိုးကိုလေ့လာရန် အတွက် ဤသဒ္ဓမ္မ ပုဏ္ဍရိကသုတ်မှာ အချုပ်အချာ ပဓာန ဖြစ်၏၊ ကျမ်းစာအမည်ပေးပုံမှာလည်း ထူးဆန်း၏၊ ပုဏ္ဍရိကမှာ ကြာဖြူ

ပန်းဖြစ်၍ ဖြူစင် သန့်ရှင်း ခြင်းနှင့် ပြည့်စုံမှုကို ရည်ညွှန်းထား၏၊ ကြာသည် ရွှံ့ညွှံ့ဌ်ပေါက်စေကာမူ ရွှံ့ညွှံ့တို့ဖြင့် လိမ်းကျံ့ခြင်းမရှိ၊ ထို့အတူ ဗုဒ္ဓသည်လောကဌ် ဖြစ်ပေါ်လာသော်လည်းလောက၏ ကိလေသာ အညစ်အကြေး တို့ဖြင့် လိမ်းကျံ့ခြင်းမရှိ, အခါ ခပ်သိမ်းကင်းလွတ်၏၊ ဤသုတ်၏ မူလဘူတမှာ သက္ကတ ဘာသာ ဖြစ်၍ စကားပြေနှင့်ဂါထာ ရောနှောပြီးစီရင်၏၊ အခန်းကဏ္ဍပေါင်း ၂၇-ခုပါဝင်၍ ကြီးကျယ်သော သုတ်ကြီးဖြစ်၏၊ တရုတ်ဘာသာဌ် ဤသုတ်၏ ဘာသာပြန် ၆-စောင်ရှိခဲ့သော်လည်းယခုအခါ၃-စောင်သာ တွေ့နိုင်တော့သည်၊ တရုတ်နှင့်ဂျပန်ဗုဒ္ဓဝါဒီတို့သည် ဤကျမ်းကို ဓမ္မသိက္ခာအတွက် ပဓာန ထားကြသည်၊ ယင်းတွင် ဇာတ်ဝတ္ထု အမျိုးမျိုး တို့ဖြင့် မဟာယာန အယူဝါဒ တို့ကို တင်ပြထား၏၊ မဟာယာန၏ အသွင်ကို ဤကျမ်းတွင် တွေ့မြင်နိုင်၏၊ ယင်းနှင့် ကာလတပါးတွင် လူကြီးက်မျှားလှသော ရုပ်တု,စေတီ,ပုထိုး စ ရှိသော ပူဇော်ခြင်းတို့၏ ကျယ်ဝန်းသော အစီအရင်များ ပြန့်နှံ့သွားခြင်းဖြစ်၏၊ အိမ်ဦးတွင် ရုပ်တုတဆူ ကိုးကွယ်ပြီး ပန်းတပွင့် ပူဇော်လိုက်ပါလျှင် စိတ်ပြန့်လွင့်သော လူမိုက်သော်လည်း ကုဋေ ကဋ္ဌာသော ဗုဒ္ဓတို့ကို ဖူးတွေ့ရမည်ဖြစ်၏၊ 'နမတ္ထု ဗုဒ္ဓါယ'ဟူသော မန္တာန်ကို ရွတ်ဆိုကာမျှဖြင့် လူမိုက်သော်လည်း မြတ်သော ဗောဓိ အဖြစ်သို့ရောက်နိုင်၏။

(၂) **ပညာပါရမိတာ**။ ။မဟာယာန အယူဝါဒကို ညွှန် ပြ သော သုတ်တို့တွင် ပညာပါရမိတာသုတ်၏နေရာမှာ အထူးဝံသသ ဖြစ်၏၊ အခြားသော သုတ်တို့သည် ဗုဒ္ဓနှင့်ဗောဓိသတ္တဝါအား ဖွင့်ဆို ခြင်းတို့မှာ ရောထွေးနေ၏၊ ဤသုတ်၏ အကြောင်းအရာ အချက် အလက်တို့မှာ ဒဿနိက ဆရာတို့၏ အယူအဆဖြစ်၍ ရှင်းလင်း၏၊

ပညာ ပါရမိတာ၏ အရေအတွက်မှာ– (၁) ဒါန,(၂) သီလ, (၃) စိုရ, (၄) ဝိရိယ, (၅) စျာနနှင့် (၆) ပညာ- ဟူ၍ ခြောက်ပါးအပြားရှိ၏၊ ယင်းတို့တွင်ပညာ၏ အဖွင့်မှာ ပိုပြီး ထူးခြားပြည့်စုံ၏၊ ပညာပါရမိတာ၏ အဓိပ္ပါယ်မှာ အလုံးစုံ တူထက် မြင့်သော ဉာဏ်ဖြစ်၏၊ ယင်းဉာဏ်သည် သုညတာ အရာ၌ ဖြစ်၏၊ ဘဝသံသရာ၏ အရာဝတ္ထုတို့မှာ အရိပ်မျှသာ ဖြစ်၍ ယင်းတို့၏ သတ္တာ စစ်စစ်မရှိချေ၊ ဤသုညတာ ဉာဏ်မှာ အမြင့်ဆုံးသော အဆင့်ဖြစ်၏၊ ဤသုတ်သည် လွန်စွာ ရှေးကျပုံလည်း ရ၏၊ အကြောင်းကား ယင်းအယူအဆ တို့ကို နာဂဇုန်၏ ကျမ်းဂန် တို့၌လည်း တွေ့ရသော ကြောင့် ဖြစ်၏၊ ခရစ်သက္ကရာဇ် ၁၂၉-ခုနှစ်က ယင်းသုတ်ကို တရုတ်ဘာသာပြန်ဆိုခဲ့၏၊ ပညာပါရမိတာ သုတ်သည် အတု မရှိသော ဉာဏ်နှင့် ဓမ္မကာယကို ဖွင့်ဆို၏၊ ဗုဒ္ဓ၏ ကြီးကျယ် မြင့်မြတ်ခြင်းနှင့် ဓမ္မ၏ နက်ရှိုင်းခြင်းတို့ကို လေးနက်စွာ တွေ့ရ၏၊ နာဂဇုန်သည် သုညတာ၏ သဘောတရား တို့ကို ဤပညာပါရမိတာ သုတ်မှပင် ရရှိခြင်းဖြစ်လေသည်။

(၃) **ဂဏ္ဍဗျူဟ** – တရုပ်, တိဗက် ဘာသာတို့၌ ရှိသော 'ဗုဒ္ဓဝတံသက' သုတ် တို့၏ အစီအရင်ကို မဟာယာနသုတ် တို့၏ မာတိကာစည်း၌ တွေ့မြင်နိုင်၏၊ ယင်းသုတ်တို့ အမှီပြု၍ တရုပ်ပြည်၌ 'အဝတံသက' အယူဝါဒ ပေါ်ပေါက်ခဲ့ဘူး၏၊ ဂျပန်ပြည် 'ကေဂန်' ဂိုဏ်း၏ မူလကျမ်းလည်း ယင်းသုတ်ပင် ဖြစ်၏၊ ဂဏ္ဍဗျူဟသုတ်မှာ ဤအဝတံသက သုတ်နှင့် ဆက်စပ်နေ၏၊ သိက္ခာ သမုစ္စယလည်း ဤသုတ်မှ ကောက်နှုတ်ချက် အများအပြား ပါဝင်၏၊ သုတ်၏ အဆုံး၌ ဘဒ္ဒြစာရိပဏ္ဍိ ဓာန သရုပ်ကို ဂါထာ ၆၃ပုဒ်တို့ဖြင့် ဖော်ပြထား၏၊ အလွန်စိတ်ဝင်စားဖွယ် ကောင်းသော ဂါထာတို့ဖြစ်၏၊

မဟာယာနတို့၏ အယူအဆ အတိုင်း ဗုဒ္ဓအား ကြည်ညိုစဖွယ် ဖေါ်ကျူးထားလေသည်။

(၄) **ဒသဘူမိက**—ဤသုတ်ကို 'ဒသဘူမေသ္ဓရ' ဟု လည်းခေါ်ကြ၏၊ ယင်းသည်လည်း အဝတံသက၏ အင်္ဂါ တပါး ဖြစ်၏၊ သုတ်၏ အကြောင်းအရာမှာ ဗုဒ္ဓအဖြစ်သို့ရောက်ရန် ဘုံဆယ်ဆင့်ကို အစဉ်အတိုင်း ဖွင့်ဆိုခြင်း ဖြစ်၏၊ စကားပြေ.ကျမ်း ဖြစ်သော်လည်း ပဌမပိုင်းတွင် ဂါထာအနည်းငယ် ပါဝင်၏၊ ဤသုတ်တွင် ပါဝင်သော အကြောင်းအရာ အချက်အလက် တို့ကို ယူ၍ ဆရာ အမျိုးမျိုးတို့သည် အသစ်အသစ် ဖြစ်သော ကျမ်းတို့ကိုစီရင်ကြ၏၊ ဤကျမ်း၏ တရုပ်ဘာသာပြန် လေးစောင် ရှိ၏၊ နာဂဇုနလည်း ဤကျမ်းမှ အပိုင်းတပိုင်းကိုယူပြီး 'ဒသဘူမိဝိဘာသာ' အမည်ဖြင့် ဖွင့်ဆို၏။

(၅) **ရတနကူဋ**—တရုပ်ပိုင်ဂကနှင့် တိဗက်ကျူက၏ ရတနကူဋသည် ထူးခြားသော အင်္ဂါတပါးဖြစ်၏၊ ယင်းတွင်ဂ၁-သုတ် ပါဝင်ရာ သုခဝတီ ဗျူဟာ, အကွေ့ဘာ ဗျူဟာ,မဟူသီရိဗုဒ္ဓခေတ္တာဗျူဟာ အစရှိသော ကျမ်းတို့၏ ထူးခြားချက်ကို ပေါင်းစုထားခြင်း ဖြစ်၏၊ ယင်းကျမ်း၏ ရှေးအကျဆုံး ဘာသာပြန်သည် ခရစ် သက္ကရာဇ် ၁၇၇ မှ ၁၈၄ခုနှစ်တိုင်အောင် တရုပ်ဘာသာ၌ ရှိခဲ့၏၊ ယင်းတွင် ဗောဓိသတ္တာ၏ သရုပ်ကို ဖွင့်ပြ၍ သုညတာ အယူအဆကို မျှားစွာသော ကထာပုံပြင်တို့ဖြင့် စီရင်ထား၏၊ ဗုဒ္ဓ၏ ပဓာန တပည့်ကြီးရှင်မဟာကဿပ ဟောကြားသော သုတ်ဖြစ်သောကြောင့် ကဿပပရိဝတ္တာသုတ်ဟုလည်း ခေါ်ကြ၏၊ ဤသုတ်တွင် အပိုင်းနှစ်ပိုင်းရှိရာ ပဌမပိုင်းတွင်ဗုဒ္ဓသည် ဗောဓိသတ္တာ၏ ဂုဏ်နှင့်ပတ်သက်၍ ရဋ္ဌပါလနှင့် အမေး အဖြေ ပြုလုပ်၏၊ ဒုတိယပိုင်းမှာ ကုမာရ ပုညရသို့၏ အကြောင်းကိုဖွင့်ဆို၏။

(၆) **သမာဓိရာဇ**—ဤ သုတ် ၏ တပါး သော အမည် မှာ 'စန္ဒြပဒီပ'ဖြစ်၏၊ ဤသုတ်မှာ စန္ဒြပဒီပနှင့် ဗုဒ္ဓ၏ အမေး အဖြေ စကားပြောအသွင်ဖြစ်၏၊ သမာဓိနှင့် ပညာရနိုင်သော နည်းလမ်း ကို ဖေါ်ပြခြင်းပင်ဖြစ်၏၊ ဤကျမ်းကို ကသ္မီရတိုင်း မြောက်ပိုင်း စေတီတဆူ၏ ဌာပနာတိုက်မှရ၍ ကသ္မီရ မဟာရာဇာ၏ ခွင့်ပြုချက် အရ ကလကတ္တားဘွဲ့ ပုံနှိပ်၏၊ ဤသုတ်မှာ မျှားစွာသော အယူအဆ အတွေးအခေါ် တို့ဖြင့် ပြည့်နက်နေ၏၊ စန္ဒြကိတ္တိသည် မဇ္ဈိမက ဝုတ္တိ ဘွဲ့ရင်း, သန္ဓိဒေဝသည် သိက္ခာသမုစ္စယဘွဲ့ရင်း ယင်းကျမ်းမှ အယူအဆ မျှားကို အသီးသီး ဖေါ်ပြကြ၏၊ ကနိသ္ကက မင်းလက်ထက်က တင်ခဲ့သော ဗုဒ္ဓသံဂီတိကိုလည်း ထိုတွင် ပါရှိ၏၊ ဂါထာတို့ဖြင့် ဖြစ်၍ သက္ကတ, ပါဂတ နှစ်ဘာသာ ရောနှောနေ၏၊ ကျမ်း၏ အကြောင်းအရာမှာ သုညတာဖြစ်၏၊ ဘဝ သံသရာ၏ အရာဝတ္ထု အနက်သဘောတို့မှာ တခုတည်းသာဖြစ်၍ အသွင်တူမျှ၏၊ သို့ရာတွင် ဉာဏ်ပညာမရှိသော သူတို့အမြင်ဘွဲ့ အသီးသီးကွဲပြား၍ အမျိုးမျိုး ကွဲပြားနေ၏၊ အလုံးစုံသော ဓမ္မတရား သဘောသည် အညီအမျှ ဖြစ်ကြောင်းသိသော ဉာဏ်သာလျှင် ဘဝသံသရာမှ သတ္တဝါတို့ကို ကယ်တင်နိုင်၏၊ ဤသုတ်တွင် ပါရမီ ခြောက်ပါးရှိသည့် အနက် ခန္တီပါရမီကိုသာ အသားပေး၍ ဖွင့်ဆိုသွား၏၊ ယင်းကိုလေ့လာ ခြင်းဖြင့် အလုံးစုံသော ဓမ္မတရားတို့ အညီအမျှဖြစ်သော ဉာဏ်ကို ဖြစ်စေ၍ဗုဒ္ဓ၏မြင့်မြတ်သောဉာဏ်ကိုရနိုင်လေသည်။

(၇) **သုခဝတီဗျူဟ**—သဒ္ဓမ္မပုဏ္ဍရိကတွင် သကျမုနိ ကိုဌင်း၊ ကာရဏ္ဍဗျူဟတွင် အဝလောကိတေသ္ဝရကိုဌင်း၊ အလွန်အကျူး ချီးကျူးထားသကဲ့သို့ ဤသုတ်တွင် အမိတာဘ ဗုဒ္ဓ၏ ကောင်းမြတ် သော ဂုဏ်ကျေးဇူးတို့ကို ထူးထူး ခြားခြား တန်ဆာ ဆင်ထား၏၊

အကြင်သူသည် ကိုးစားအပ်သော အမိတာဘာ ဗုဒ္ဓ၏ဂုဏ်ကို ချီးကျူးခြင်းဖြင့် မိမိအချိန်ကို ကုန်လွန်စေအံ့, သေခါနီး အချိန်တွင် အမိတာဘာ၏ ရုပ်ပုံနှင့်ဂုဏ်ကို အောက်မေ့အံ့၊ ထိုသူသည် သေသည်၏ အခြားမဲ့ဌာ နှစ်သက်ဖွယ် အတိပြီးသော လောကဌာ ချမ်းသာသုခ အမျိုးမျိုးကို ခံစားစံစားရလိမ့်မည်၊ ထိုလောကတွင် ကုဋေပေါင်းများစွာသော ရတနာသစ်ပင်များရှိ၏၊ ရွှေကြာပန်းတို့ ရှင်လန်းနေကြ၏၊ မြစ်တို့တွင် ကြည်လင်သန့်ရှင်းသော ရေစင်တို့ တသွင်သွင် စီးဆင်းနေကြ၏၊ ထိုဌာ နေသူတို့သည် လောကနှင့် မဆက်ဆန်သော ဂုဏ်တို့ဖြင့် တန်ဆာဆင် နေကြရာ သူတို့ ကြံစည်တိုင်း ပြည့်စုံ၏၊ ဤသို့စသဖြင့် မဟာယာန တို့၏ အယူအဆအားလျော်စွာ နတ်ပြည်လောကကို ကြံဆခြင်းမှာ ဤသုတ်၏ ပဓာန ရည်ရွယ်ချက်ဖြစ်၏။

(၈) **သုဝဏ္ဏပဘာသ**— မဟာယာနတွင် လွန်စွာ ထင်ရှားသောသုတ်ဖြစ်၏၊ မူလကျမ်းရင်းတွင်အပိုင်း ၁၂-ခုရှိ၍အစခြောက်ပိုင်းမှာ မဟာယာန တို့၏ အယူအဆကို ခမ်းနားစွာ ဖွင့်ပြ ထား၏၊ ယင်းတွင် တထာဂတ၏ အသက် အပိုင်း အခြားနှင့် သုညတာသဘောတရားလည်း ပါဝင်၏၊ နောက်ပိုင်းတွင် တထာဂတအား ပူဇော်ခြင်းအမှု ပြုသူသည် နတ်ဒေဝီ ဒေဝတာတို့၏ သန့်ရှင်းသော အကျိုး ဖလတို့ရခြင်း အကြောင်း ပုံဝတ္ထုတို့ဖြင့် လှုပစ္စာ စီရင်ထား၏၊ ဤသုတ်၏ ရည်ရွယ်ချည်မှာ မဟာယာန အယူဝါဒကို လွယ်ကူသော ဘာသာဖြင့် တင်ပြခြင်း ဖြစ်၏၊ ဒဏ္ဍာန၏ လျှို့ဝှက်ချက်သဘောတရားကို တားမြစ်ပိတ်ပင် ခြင်းမရှိ၊ ယင်းအပေါ်တွင် သဒ္ဓမ္မပုဏ္ဍရိကနှင့် ပညာပါရမိတာ သုတ်တို့အရှိန်အဝါ ပြန့်နှံ့နေလေသည်။

(၉) **လင်္ကာဝတာရ**–ဝိညာဏဝါဒကို ထွန်းပြသော မူလဘူတသုတ်ဖြစ်၏။ အပိုင်းဆယ်ပိုင်းရှိ၍ ပဌမပိုင်းမှာ ကျွမ်း၏အမည်သညာနှင့် စိရင်ရခြင်း အကြောင်းရင်းကို ရှင်းလင်းထား၏။ မြတ်စွာဘုရားသည် သီဟိုဠ် ခေါ် လင်္ကာ ကျွန်းသို့ ကူးသွားသော အကြောင်းအရာကို မှတည်ပြီးစိရင်သောကျမ်းဖြစ်၍ လင်္ကာဝတာရသုတ်ဟု ခေါ်ကြခြင်း ဖြစ်၏။ဒုတိယပိုင်းမှစ၍ နဝမပိုင်း တိုင်အောင် ဝိညာဏ ဝါဒကို ဖွင့်ပြ၏။ နောက်ဆုံးပိုင်းကို 'သဂ'ါထကံ'ဟု အမည်ပေးပြီး ၇၇၄-၇ါထာ တို့ဖြင့် အယူဝါဒတို့ကို ရှင်းလင်းပေး၏။ မေတေယျနာထသည် ဤသုတ်မှ ဝိညာဏ အယူအဆ တို့ကို ယူပြီးကျမ်းပြုလေသည်။

ဂိုဏ်းကြီးလေးခု

ဗုဒ္ဓဓမ္မကို လက်ခံယုံကြည်သော ဂိုဏ်း၇ဏပေါင်း၁၇-မျိုးရှိလေသည်၊ ထိုဂိုဏ်းတို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိတို့ကို ရှင်မောဂ္ဂလိပုတ္တ တိဿ စိရင်သော ကထာဝတ္ထု ကျမ်း၏ အဋ္ဌကထာ ဋီလည်းတွေ့နိုင်၏။ တရုပ်ဘာသာပြန်ဆိုထားသော ရှင် ဝသုမိတြ စိရင်သည့် အဋ္ဌ ၁ဒသ နိကာယ ကျမ်းဋီလည်း တွေ့နိုင်၏။ သို့ရာတွင် ကမ္ဘာ့ဒဿနိက ဆရာတို့သည် ထိုဂိုဏ်းကဲ့ အလုံးစုံကို အာရုံ မပြုကြချေ။ ဗုဒ္ဓဒဿနကို ပဓာန ဖြစ်သော ဂိုဏ်းကြီး လေးခုတို့မှာ သာ ဝေဘန်ဆွေးနွေးသွားကြ၏။ ယင်းဂိုဏ်းကြီးလေးခုတို့၏ အမည်မှာ သူတို့၏ ထူးခြားသော ဒဿနိကအယူဝါဒနှင့်တကွ ဤသို့ လေးပါး အပြားရှိ၏–

(၁) ဝေဘာသိက – ဗဟိဒ္ဓတ္ထ ပစ္စက္ခ ဝါဒ,
(၂) သုတ္တန္တိက – ဗဟိဒ္ဓတ္ထာ နုမေယ ဝါဒ,

(၃) ရောဂါစာရ—ဝိညာဏ ဝါဒ,
(၄) မဇ္ဈိမိက — သုညဝါဒ,

ဤ ကွဲပြား ခြားနားခြင်း ဝိဘာဂ အစီအစဉ်မှာ သတ္တာ၏ ကြီးကျယ် ပြည့်စုံသော ပြဿနာကို ယူ၍ ပြုလုပ်သွားခြင်း ဖြစ်၏၊ သတ္တာဆိုသည်ကား 'သန္ဓယ ဘာဝေါသတ္တာ' ဟူသည်နှင့် အညီ သင်္ခတ အသင်္ခတ ပရမတ် ပညတ် တရားတို့မှာ သူ့အနေ အားဖြင့် ရှိခြင်း အမှုကို ဆိုသည်၊ ယင်း သတ္တာကို စုံစမ်း လေ့လာသော အဆင့်မှာ လေးပါး အပြားရှိ၏၊ ဝေါဟာရပေါ် အမှီပြု၍ ပရမတ္ထကို စိစစ်သွားခြင်း ဖြစ်၏၊ အကြမ်းမှ အနု ဘက်သို့ တဖြည်းဖြည်း တက်ရာတွင် ရှေးဦးစွာသော အယူဝါဒ မှာ အတွင်း အပဖြစ်သော တရား အလုံးစုံတို့ သီးခြား ထင်ရှား ရှိခြင်းကို ယုံကြည်သော ဒဿနိကတို့ ဖြစ်ကြ၏၊ လောကတွင် ရှိသမျှသော အပြင် အပ ဗဟိဒ္ဓ ဝတ္ထုတို့သည် တရုံ တဆစ်မျှ အချည်းနှီး သက်သက် မဖြစ်ချေ၊ အကြင် အရာ ဝတ္ထုကို စဉ်၍ ငါတို့၏ ဘဝသည် ဖြစ်၏၊ ထိုအရာ ဝတ္ထုတို့ မှန်ကန်သည်၏ အဖြစ်သည် အလိုအလျောက် ပေါ်လွင်နေ၏၊ ဤသို့လျှင် အပြင် အပ ဗဟိဒ္ဓတ္ထကို မျက်မှောက် ပစ္စက္ခ အသင်ဖြင့် ပေါ်လွင် ထင်ရှားသည်၏ အဖြစ်ကို ယုံကြည် လက်ခံသော ပညာရှင်တို့၏ ဂိုဏ်းကို ဝေဘာသိကဟု ခေါ်ဆိုကြလေသည်။

ထို့ထက် တဆင့် ရှေ့သို့ တက်နေသော ဒဿနိက ဆရာတို့ လည်း ရှိကြသေးသည်၊ သူတို့က ပြောပြကြသည်၊ အပြင်အပ ဗဟိဒ္ဓ အရာဝတ္ထုတို့ကို ငါတို့၏ ပစ္စက္ခ မျက်မှောက် ဉာဏ်အမြင် တွင် မတွေ့မမြင်ကြရချေ၊ အရာဝတ္ထု ဟူသမျှသည် တခဏ သာ

ဖြစ်၍ ဘယ်အရာဝတ္ထု၏ အသွင်ကိုမျှ ပစ္စက္ခ မျက်မှောက် ဉာဏ် အမြင်တွင် မတွေ့ မမြင်ရချေ၊ မျက်မှောက် တွေ့မြင်နေကြရသော အရာဝတ္ထုတို့၏ အဝါ,အပြာ အစရှိသော ပုံသဏ္ဌာန်တို့မှာ စိတ်၏ ပိတ်ကားပေါ်တွင် ရေးချယ်ထားသော ရုပ်ပုံတို့သာဖြစ်၏၊ကြေးမုံ တွင် အရိပ်ကို မြင်ရသောအခါ အရိပ်၏ သတ္တာကို ငါတို့မှန်းဆ နိုင်ကြ၏၊ ထို့အတူ စိတ်၏ ပိတ်ကား ပေါ်တွင် ရှိသော အရိပ် အရောင်ကို တွေ့မြင်ရ၍ အပြင် အပ ဗဟိဒ္ဓ အနက်ဖြစ်သော သတ္တာသည် အမှန်ရှိလိမ့်မည်ဟု ငါတို့မှန်းဆကြရမည်၊ ထို့ကြောင့် အပြင် အပ ဗဟိဒ္ဓ အနက်ဖြစ်သော သတ္တာသည် အမှန်ပင်ရှိရမည် ဟု မှန်းဆပြီး သိကြရသည်၊ ဤသို့လျှင် အနုမာန မျက်ရမ်းဆ သည့် အပေါ်မှာ အမှီပြုသော ပညာရှိတို့ကို သုတ္တန္တိက ဂိုဏ်းဟု ခေါ်ကြလေသည်။

တတိယမြောက် အယူဝါဒသည် အပြင် အပ ဗဟိဒ္ဓ အနက်ကို သတ္တာဟု ယုံကြည်ခြင်း မရှိချေ၊ သုတ္တန္တိက ဆရာတို့ ကြုံဆအပ် သော အရိပ် အရောင် ဖြစ်သော သတ္တာအား အနုမာန မျက်ရမ်း ဆခြင်းကိုလည်း သူတို့မယုံကြည်ကြချေ၊ သူတို့၏ အမြင်၌ အပြင် အပ ဗဟိဒ္ဓ ဖြစ်သော ဘူတိကခေါ် ရုပ်လောကမှာ လုံးပ မှားယွင်း သည်၊ အမှားသက်သက်ဖြစ်၏၊ စိတ် ဝိညာဉ်သည်သာ တခုတည်း သော သတ္တာဖြစ်သည်၊ စိတ် ဝိညာဉ်၏ အမျိုးမျိုး အဖုံဖုံသော အရိပ် အရောင်ကိုပင် 'လောက'ဟူသော အမည်ဖြင့် ခေါ်ဝေါ် ပညာပ်နေကြခြင်း ဖြစ်သည်ဟု ယုံကြည်ကြသည်၊ ဤအယူဝါဒကို ယုံကြည်သူတို့အား ယောဂါစာရဂိုဏ်းသားဟု ခေါ်ကြလေသည်၊ စိတ်ဝိတ္ထာဉ်ကို သတ္တာဟု ယုံကြည်လက်ခံလေသဖြင့် ယောဂါစာရ တို့အား ဝိညာဏဝါဒီဟုလည်း ခေါ်ကြသည်။

သတ္တာနှင့် ပတ်သက်၍ စတုတ္ထ အယူဝါဒမှာ စိတ်ကိုပင် လွှတ်လပ်သော သတ္တာ အဖြစ်ဖြင့် ယုံကြည်ခြင်း မရှိချေ၊ သူတို့၏ အယူအဆ၌ အပြင် ဗဟိဒ္ဓဖြစ်သော အရာဝတ္ထုတို့သည် သတ္တာ မဟုတ်သကဲ့သို့ အတွင်း အဇ္ဈတ္တဖြစ်သော စိတ်ဝိညာဉ်လည်း သတ္တာ မဟုတ်ချေ၊ သူတို့၏ အယူအဆ၌ 'သူ'သာလျှင် ပရမတ္ထ စင်စစ် ဖြစ်၏၊ လောက၌ သတ္တာ ဟူသည်မှာ အခေါ် အဝေါ် ဝေါဟာရမျှသာဖြစ်၏၊ သူ၏ သတ္တာသာ ပရမတ္ထ ဖြစ်၏ဟု ယူဆ ယုံကြည် သူတို့အား သူညဝါဒီ သို့မဟုတ် မဇ္ဈိမက ဂိုဏ်းဟု ခေါ်ကြလေသည်၊ ဤဂိုဏ်းကြီး လေးခု သို့မဟုတ် အယူဝါဒ လေးမျိုးကို သေချာစွာ လေ့လာကြည့်ပါလျှင် အကြမ်းမှ အနု ဘက်သို့ တစ-တစ တိုးတက်လာသည်ကို တွေ့ရပေမည်။

ဤဂိုဏ်းကြီး လေးမျိုးတို့တွင် ဝေဘာသိကနှင့် စပ်လျဉ်းသော အချက်အလက်တို့မှာ ဟီနယာနဘက်မှ ဖြစ်၍ နောက်သုံးဂိုဏ်းနှင့် စပ်သော အချက်အလက်တို့မှာ မဟာယာနဘက်မှ အယူအဆတို့ ဖြစ်၏၊ ဝေဘာသိကမှာ ဟီနယာန ဂိုဏ်းတွင် သက်ဝင်၍ ကြွင်း ကျန်သော သုံးဂိုဏ်းမှာ မဟာယာန ဘက်ကဟု ဆိုလို၏၊ ဤဝါဒ သုံးမျိုးသည် သတ္တာနှင့် စပ်လျဉ်း၍ အယူအဆ ကွဲပြားကြသော်လည်း သာမန်အားဖြင့် သူတို့ သုံးဂိုဏ်းလုံးပင် မဟာယာန ဝါဒကို ယုံကြည်လက်ခံကြသည်၊ အတွေးအခေါ် ထောင့်မှ ကြည့်ပါလျှင် ဝေဘာသိကမှာ တဘက်စွန်းသို့ ရောက်နေ၍ ယောဂါစာ ရနှင့် မဇ္ဈိမကတို့သည် အခြားတဘက်စွန်းသို့ ရောက်နေ၍၊ သုတ္တန္တိက ဝါဒမှာ ဤနှစ်ခုတို့၏ အလယ်၌ ဖြစ်၏၊ အကြောင်းကား ယင်း အယူဝါဒ၏ အစိတ် အင်္ဂါတိုင်းမှာ သဗ္ဗတ္ထိဝါဒကို အကျိုးပြုနေ သောကြောင့် ဖြစ်၏၊ အခြား အယူအဆတို့မှာမူ ယောဂါစာရ

ဘက်သို့ ကိုင်းညွှတ်နေ၏၊ နိဗ္ဗာန်၏ ကြီးကျယ် မြင့်မြတ်ခြင်းနှင့် ပတ်သက်၍ သူတို့ ထူးခြားသော အယူဝါဒတို့ကို ဤသို့ ဖော်ပြနိုင်လေသည်—

ဝေဘာသိက—သံသရာ ထင်ရှား ရှိ၏၊ နိဗ္ဗာန်—ထင်ရှား ရှိ၏၊
သုတ္တန္တိက —သံသရာ ထင်ရှား ရှိ၏၊ နိဗ္ဗာန်—ထင်ရှား မရှိ၊
ယောဂါစာရ—သံသရာ ထင်ရှား မရှိ၊ နိဗ္ဗာန်—ထင်ရှား ရှိ၏၊
မဇ္ဈိမိက —သံသရာ ထင်ရှား မရှိ၊ နိဗ္ဗာန်—ထင်ရှား မရှိ၊

ဤသည်ကား ဗုဒ္ဓဒဿနမျိုး တိုးတက်ရေး အတွေး အခေါ် တက္ကိုကတို့ ဖြစ်၏၊ ယင်းဒဿနတို့ တိုးတက် ဖွံ့ဖြိုးလာသော သမိုင်း အချက်အလက်မှာလည်း စိတ်ဝင်စားဖွယ် မနည်းလှပေ၊ ဝိကြမ ခေါ် အိန္ဒိယ သက္ကရာဇ် မပေါ်မီ ပဌမ ရာစုမှစ၍ ဒသမ ရာစု တိုင်အောင် နှစ်ပေါင်း ၁၅၀၀ ခန့်မှာ ဗုဒ္ဓဒဿန ဖြစ်ပေါ်လာ ခြင်းနှင့် တိုးတက် ဖွံ့ဖြိုးလာခြင်း၏ အမြင့်ဆုံးသော အချိန်ကာလ ဖြစ်၏၊ ဤမျှ ရှည်လျားလှသော အချိန်ကာလ၌ ဗုဒ္ဓါစရိယ,ဗုဒ္ဓဓမ္မ သုံးကြိမ် သုံးခါ အပြောင်း အလဲ ဖြစ်သည်ဟု ယူဆ၏၊ ယင်း သုံးချိန် သုံးခါ ပြောင်းလဲခြင်းကို တြီစကြ ပဝတ္တန အမည်ဖြင့် ခေါ်ကြ၏၊ ခေတ်ကာလ အပိုင်းအခြား ဖြစ်သော ဝိဘာဂတိုင်း၌ နှစ်ပေါင်း ၅၀၀ ခန့်စီ အသီးသီး ကန့်သတ်ထားလေသည်။

(ဗုဒ္ဓဒဿနနှင့် ပတ်သက်သော ခေတ်ကာလ အချိန် သမယကို အိန္ဒိယနိုင်ငံသုံး ဝိကြမ သက္ကရာဇ်ဖြင့် သတ်မှတ်သည်မှာ ဗုဒ္ဓနှင့် ဗုဒ္ဓဓမ္မမှာ ထိုနိုင်ငံမှ စတင် ပေါ်ပေါက်သောကြောင့် ဖြစ်၏၊ ဝိကြမ ဟူသည်မှာ ဝိကြမာဒိတ္၊ Vikramaditya မင်းကြီးကို အထိမ်း

အမှတ်ပြုသော သက္ကရာဇ် ဖြစ်၏၊ ယင်း ဝိကြမ သက္ကရာဇ်သည် ခရစ်တော် မပေါ်မီ ၅၇=နှစ်က ဖြစ်၍ ခရစ် သက္ကရာဇ်ထက် ရှေးလည်းကြသည်၊ သို့ရာတွင် တခါတရံ အကြောင်းအားလျော်စွာ ကမ္ဘာသုံး ခရစ် သက္ကရာဇ်ဖြင့်လည်း ဖော်ပြ သတ်မှတ်သွားမည် ဖြစ်ပါသည်၊)

ရှေးဦးစွာသော ကာလ ဝိဘာဂ အခြေန် အပိုင်းအခြားခွဲ ပဓာန ဖြစ်သော အယူဝါဒမှာ အတ္တကို ငြင်းပယ်တားမြစ်သော 'ပုဂ္ဂလ နိရုဟမျ' ဖြစ်၏၊ ဗဟိဒ္ဓ အာယတနနှင့် အာရုံဝိသယ၏ သဘာဝကို ပိတ်ပင်ခြင်း ဖြစ်၏၊ ဤလောကဌ ရှိသမျှသော အစုမ်းသတ္တိတို့၏ မူလမှာ ပုဂ္ဂိုလ် သတ္တဝါမှ ကင်းဆိပ်၏၊ တဒဏမျှဖြစ်၏၊ ပြောင်းလဲခြင်း ပရိမာဏ သို့မဟုတ် အသင် သဏ္ဌာန်မျှသာ ဖြစ်၏၊ ယင်း သဘောတရားတို့ နေရောတကာမှာ ပြီးစေ၏၊ အကျင့် အာစာရ အမြင်အားဖြင့် လူ့ဘဝ၏ ရည်ရွယ်ချက်သည် နိဗ္ဗာန်ရောက်ရန် အတွက်သာ ဖြစ်၏၊ ရဟန္တာ အဖြစ်သို့ ရောက်ခြင်းသည် လူသားတို့အဘို့ မှန်မြတ်သော အလုပ်ကို ကောင်းစွာ လုပ်ဆောင်သွားခြင်း ဖြစ်၏၊ ဤလေ့လာချက် သရုပ်ကို ဝေဘာသိက အယူဝါဒတို့၌ ထင်ရှားစွာ တွေ့မြင်နိုင်၏။

ဒုတိယ ကာလဝိဘာဂ အပိုင်းအခြားမှာ ဝိကြမ ပဌမ ရာစုမှ စ၍ ပဉ္စမ ရာစုနှစ်မျှားတိုင်အောင် ဖြစ်၏၊ ထိုအခါ ပုဂ္ဂလ နိရုတမျ၏ နေရာတွင် ဓမ္မနိရုတမျ ရောက်လာသည်ကို တွေ့ရ၏၊ ပုဂ္ဂိုလ်ရေးအစား အလုံးစုံသော သတ္တဝါတို့နှင့် သက်ဆိုင်သော ကမ္ဘာ့ကောင်းမွန်ရေးကို ရှေ့ရှုသော အတွေး အခေါ်တို့ ထွက်ပေါ် ကွန့်မြူးလာ၏၊ သည်ဝါဒ ထွန်းကားသည်မှာလည်း ဤ

ခေတ်တွင် ဖြစ်၏၊ ယင်းဝါဒ အလိုမှာ လောက၏ သတ္တဝါကို အဆုံးတိုင် ငြင်းပယ်ခြင်း မပြုချေ၊ အရိပ်အရောင်ဖြစ်သော အာဘာသကို လက်ခံ၏၊ ဝေဘာသိက တို့၏ မျှားပြားလှသော ဗဟုတ္ထ ဝါဒနေရာ၌ သုညမှတပါး အခြား ဘာမျှ မရှိသော အဒ္ဒေတ ဝါဒကို မိုဃ်းမြမ်း ပြုသွား၏၊ သစ္စာ ညာဏ်ဖြင့် ပညာမျက်စိ ပွင့်ခြင်းကို မြတ်နိုးသောကြောင့် တက္ကညာဏ်ကို ပြင်းထန်စွာ ဝေဘန်၍ လျှို့ဝှက်သော ရဟသျှဝါဒ ဘက်သို့ ပညာရှင်များ ယိမ်းယိုင်သွားကြ၏၊ ရဟန္တာ အဖြစ်မှ ထို့ထက် မြင့်မြတ်သော ဗောဓိသတ္တ ဘုရားလောင်း အဖြစ်သို့ ပြောင်းလဲသွားကြ၏၊ ဗောဓိသတ္တ၏ မြင့်မြတ်သော အတွေးအခေါ်သည် ကမ္ဘာလောက ရှိသမျှသော သတ္တဝါတို့ မျက်မှောက်တွင် မေတ္တာ, ကရုဏာအတိ ပြီးစေ၏၊ လူသားဗုဒ္ဓ၏ နေရာတွင် လောကုတ္တရာ ဗုဒ္ဓကို အစား ထိုးလိုက်ခြင်း ပင်တည်း။

ဝိကြမ ပဌမ ရာစုမှ ဒသမ ရာစုတိုင်အောင် အခါ သမယသည် တတိယ ကာလ ဝိဘာဂ ဖြစ်၏၊ တက္က ဝိဇ္ဇာ၏ မြင့်တက်ခြင်းသည် ယင်းခေတ်၏ ထူးခြားချက် ဖြစ်၏၊ ဘယ်အရာမဆိုအလုံးစုံ သုညဖြစ်သော သဗ္ဗ သုညတာ ဝါဒကို ဝေဘန် ပြစ်တင် ပြီးလျှင် ထိုတွင် စိတ်ဝိညာဉ်၏ မှန်ကန်သော သစ္စာ အဖြစ်ကို ယုံကြည်ကြ၏၊ အလုံးစုံသော လောကသည် စိတ်ဝိညာဉ်၏ အတိုင်းအတာ ပရိမာဏ ဖြစ်၏၊ အာရုံရောက်မှုကို စွဲ၍ ဖြစ်သော ဝိသယီဂတ ပစ္စယဝါဒ သဘော တရားကို မျှားစွာသော ပညာရှင်တို့ ယုံကြည်ကြ၏၊ ယင်း ဒဿန၏ ထူးခြားသော လက္ခဏာ အတွေးအခေါ်မှာ ဝိညာဉ်၏ တည်ရာဖြစ်၏၊ ဝိညာဏဝါဒ ထွက်ပေါ်လာသည်မှာ

ဤခေတ် အခါပင် ဖြစ်၏၊ ယင်းဝါဒ၌ ထင်ရှားသော နောက်ဆုံး ဆရာများမှာ အာဘာဂ်နှင့် ဝသုဗန္ဓု ဖြစ်၏၊ ဒိန္နာဂနှင့် ဓမ္မကိုတို့ စသူတို့ကား ယင်းဝိညာဉ် အိမ်ကို အတွင်း လျှိုဝှက်ချက် အသွင်ဖြင့် သူတို့၏ ကျမ်းတို့မှာ ညွှန်းဆိုကြ၏။

ထိုနောက် ဗုဒ္ဓဒဿနတွင် အသစ်ဖြစ်သော အတွေး အခေါ် အယူ အဆများ ထူးထူးခြားခြား ထွက်ပေါ်လာသည်ကို မတွေ့ရတော့ချေ၊ ရှေးက တည်ထွင်ခဲ့သော အတွေးအခေါ် အယူအဆ တို့ပင် အသစ်ဖြစ်သော အသွင်သို့ ဆောင်နေကြခြင်း ဖြစ်၏၊ ထို နောက်တွင် ဗုဒ္ဓသဘောရေးမှ တပါးသော ဗုဒ္ဓဓမ္မသည် ထူးခြား စွာ မြင့်မား တိုးပွားလာ၏၊ တန္တရိက ဗုဒ္ဓဓမ္မ ပေါ်ထွန်းလာ သည်မှာ ဤခေတ် အခါပင် ဖြစ်၏၊ ယင်းဓမ္မ၏ မူလ ဗီဇမှာ သာမညသာ ဖြစ်လျက် ယောဂါစာရ အယူဝါဒတွင် အထူး ဝိသေသ အသွင်ဖြင့် သက်ဝင်၏၊ ထို့ကြောင့် ဝဇရယာနခေါ် တန္တရိက ဗုဒ္ဓဓမ္မကို ယောဂါစာရနှင့် သုညဝါဒ ရောစပ် မွှေနှောက် ထားသည် ဆိုလျှင် မှားမည် မဟုတ်ချေ၊ ယင်းဝါဒ လေးမျိုး တို့မှာ အချင်းချင်း အပြန်အလှန် ဆက်စပ်နေကြ၏၊ ထိုသို့ဖြစ် သည်မှာလည်း ထူးခြားသော ဆရာတို့ကြောင့် ဖြစ်ကြောင်းကို သတိ ပြုရပေလိမ့်မည်။

သုညဝါဒ ဖြစ်ပေါ်စေသူမှာ ဆရာ နာဂဇုန မဟုတ်ချေ၊ ထို့ပြင် ဝိညာဏဝါဒ ဖြစ်ပေါ်စေသူမှာလည်း ဆရာ မေတ္တေယျ မဟုတ်ချေ၊ ယင်း အယူအဆတို့သည် ထိုဆရာတို့ ခေတ်ထက် များစွာ ရှေးကျသော အခါကပင် ဖြစ်ပေါ်နေခဲ့၏၊ သုညဝါဒ ကျင့်ဝတ် ပဋိပတ်ကို ပညာပါရမီတာသုတ်တို့မှ ထုတ်နှုတ် ဖော်

ပြခြင်းဖြစ်၏၊ ဝိညာဏဝါဒ၏ မူလဘူတကို လက်ခံတာရသုတ်တွင် တွေ့မြင်နိုင်၏၊ ထိုဆရာတို့ကား ယင်း အယူအဆဝါဒတို့ကို ယုတ္တိ အထောက် အထားတို့ဖြင့် စံထား၍ တိုးတက် ကြီးပွါးစေခြင်း ဖြစ်သည်၊ ယင်း ဝါဒတို့ကို ဆန်းသစ် တည်ထွင်သူများ မဟုတ်ကြချေ။ ဖွံ့ဖြိုး ကြီးထွား စေသူများ ဖြစ်ကြ၏၊ ဝေဘာသိက နောက်တွင် သုညဝါဒ ဖြစ်ပေါ်လာ၏၊ သုညဝါဒ နောက်မှ ဝိညာဏဝါဒ ဖြစ်လာ၏၊ ဗုဒ္ဓဒဿန သမိုင်း တစ-တစတိုးတက် ကြီးထွားလာပုံကို ဤသို့ အကျဉ်းချုပ် မှတ်စု လုပ်နိုင်လေသည်။

ပဌမခေတ် မူချ အယူ အဆမှာ ပုဂ္ဂလ သုညတာ ဖြစ်သော ဗဟုတ္ထ ဝါဒဖြစ်၏၊ ယင်းတွင် ဆရာ ကစ္စာယနီ ပုတြနှင့် သံဃဘဒ္ဒ ခေါင်းဆောင်သော သဗ္ဗဝါဒီဂိုဏ်းမှာ အယူအဆ တင်း၍ ဝဇ္ဇီတိုင်းသားတို့၏ ဝဇ္ဇီပုတ္တိယဂိုဏ်းမှာ အယူအဆပြော့သည်။

ဒုတိယခေတ် မူချ အယူ အဆမှာ သဗ္ဗမမ္မ သုညတာ ဖြစ်သော အဒ္ဒေတ ဝါဒ ဖြစ်၏၊ ယင်းတွင် ဆရာ နာဂဇုန်နှင့် အရိယဒေဝ ခေါင်းဆောင်သော မဇ္ဈိမက ဂိုဏ်းမှာ အယူအဆ တင်း၍ ဆရာ ဘဗျ ခေါင်းဆောင်သော သုတ္တန္တိက ဂိုဏ်းမှာ အယူအဆ ပြော့သည်။

တတိယခေတ် မူချ အယူ အဆမှာ ဗဟိဒ္ဓတ္ထ သုညတာ ဖြစ်သော ပစ္စယဝါဒ ဖြစ်၏၊ ယင်းတွင် ဆရာ အသင်္ဂနှင့် ဝသုဗန္ဓု ခေါင်းဆောင်သော အာဂမာနုသာရီ ဂိုဏ်းမှာ အယူအဆ တင်း၍ ဆရာ ဒိန္နာဂနှင့် ဓမ္မကိတ္တိ ခေါင်းဆောင်သော နျာယ ဝါဒီဂိုဏ်းမှာအယူအဆပြော့သည်။

* * *

ဝေဘာသိက

ဗဟိုဒ္ဓ ပစ္စက္ခဝါဒ

ဗုဒ္ဓမမ္မ ဂိုဏ်းဂဏတို့တွင် ဝေဘာသိုက ဂိုဏ်းဟူသော အမည်ကို ဝိုက္ကြမ ပဌမ ရာစု အတွင်းမှာ အထင်အရှား တွေ့မြင်ရ၏။ သို့ရာတွင် ယင်းဂိုဏ်းဂဏသည် ထို့ထက် မျှားစွာ ရှေးကျသော အခါ ကာလကပင် ရှိခဲ့၏။ ထိုစဉ်အခါက ယင်းဂိုဏ်း၏ အမည်မှာ သဗ္ဗတ္ထိဝါဒ ဖြစ်၏။ ယင်း အမည် နာမဖြင့် ဤအယူဝါဒသည် တရုပ်ပြည်နှင့် အိန္ဒိယပြည် အနှံ့အပြားတွင် ထင်ရှားခဲ့၏။ ဆရာသက်ဝစရိယသည် ဗြဟ္မဇာလတို့ ဘာသာ၌ဌင်း, ထို့ပြင် ဆရာ ဝါစပ္ပတိမိဿသည် ယင်းဘာသာ၏ အဖွင့်ဌင်း-ဝေဘာသိကကို သဗ္ဗတ္ထိဝါဒီဟု ခေါ်ဆိုသည်ကို တွေ့ရ၏။ ယင်းဝါဒ အယူအဆမှာ လောက၏ အလုံးစုံသော အရာဝတ္ထုတို့သည် အပ ဗဟိုဒ္ဓ ဖြစ်စေ, အတွင်း အဗ္ဗတ္တဖြစ်စေ ဘူတနှင့် ဘူတိက, စိတ္တနှင့် စေတသိကတို့သာ ဖြစ်သည်၊ ဤအဖြစ်မှာ လွှဲစွာ ထင်ရှား၏။ တစုံ တရာ ယုံမှားဖွယ် မရှိချေ၊ ထို့ကြောင့် ဤအယူအဆကို သဗ္ဗတ္ထိဝါဒဟု ခေါ်ကြခြင်း ဖြစ်လေသည်။

ကနိသျက မင်းလက်ထက် (ဝိုက္ကြမ ဒုတိယ ရာစု)၌ ဗုဒ္ဓ ဘိက္ခုတို့ စတုတ္ထသံဂါယနာ တင်ကြ၏။ ထိုအခါ သံဂါယနာတင် အရှင်တို့သည် ဤဂိုဏ်း၏ မူလဘူတ အခြေခံ ဖြစ်သော ရှင် ကစ္စာယနီ ပုတြ စီရင်သည့် ဉာဏပဋ္ဌာန်း ကျမ်းကို အကျယ်တဝင့် တခမ်းတနား ပမာဏ ပြုလောက်သော ဋီကာ တစောင် ဖွင့်ဆိုကြ၏။

ယင်း ဌီကာကျမ်းကြီးသည် ဝိဘာသာ ဟူသော အမည်ဖြင့် ထင်ရှား၏၊ သဗ္ဗတ္ထိ ဝါဒီတို့သည် ယင်း ဝိဘာသာ၏ အယူအဆ အလုံးစုံကို အကုန် လက်ခံကြသောကြောင့် ဒုတိယ ရာစု နောက်တွင် သူတို့ကို ဝေဘာသိကဟု ခေါ်ကြခြင်း ဖြစ်၏၊ ဤအကြောင်းကို ဆရာ ယသောမိတြ၏ အဘိဓမ္မကောသ ကျမ်းဌီ ဖွင့်ဆို ထား၏၊ ဝိဘာသကျမ်းကို အစွဲပြု၍ သဗ္ဗတ္ထိက ဂိုဏ်းကို ဝေဘာသိကဂိုဏ်းဟု ခေါ်ဝေါ်ကြသည် ဟူလို။

ဒုတိယ သံဂါယနာတင်သော အခါ သဗ္ဗတ္ထိဝါဒသည် မိမိ ဂိုဏ်းဂဏကို ကာကွယ် စောင့်ရှောက်ရန် အတွက် ထေရဝါဒမှ သီးခြား ထား၏၊ အသောက မင်းကြီးခေတ် (တတိယ ရာစု) တွင် ယင်းဂိုဏ်း၏ ဗဟိုဌာနမှာ မထုရာပြည် ဖြစ်၏၊ သာဏဝါသ အမည်ဖြင့် ထင်ရှားသော ဆရာကြီး၏ ပဓာန တပည့်ဖြစ်သော ဥပဂုတ္တာသည် မထုရာပြည် ကုန်သည်မျိုးဌီ ဖွားမြင်၏၊ သဗ္ဗတ္ထိ ဝါဒီတို့သည် ယင်း ဥပဂုတ္တာကို ဘုရင်အသောက၏ ဆရာသမား အဖြစ် အသိအမှတ်ပြုကြသော်လည်း သူတို့သည် ရှင် မောဂ္ဂလိ ပုတ္တ တိဿ ကိုသာ ရိုသေ လေးစားခြင်း အပြည့်ရှိသော နေရာကို ပေးကြသည်၊ တတိယ သံဂါယနာ တင်ပြီးနောက် မောဂ္ဂလိ၏သား ရှင်တိဿ သည် ထိုခေတ်က ခေတ်စားသော ထေရဝါဒနှင့် ဆန့်ကျင်သော ဂိုဏ်းတို့အား ခွဲထုတ်ရန်အတွက် ကထာဝတ္ထုကျမ်းကို စီရင်၏၊ ယင်း ကျမ်းက ထုတ်ပယ်ခြင်း ခံရသော ဂိုဏ်းတို့တွင် သဗ္ဗတ္ထိဝါဒလည်း အပါအဝင် ဖြစ်၏။

သဗ္ဗတ္ထိဝါဒသည် ဝိကြမ မပေါ်မီ တတိယ ရာစုဌီ ကောင်းစွာ ထင်ရှား ကျော်ကြားခဲ့၏၊ အသောကခေတ် နောက်ပိုင်းသို့ ရောက်သောအခါ ယင်းဝါဒသည် ဂင်္ဂါ,ယမုနာ စသော အရပ်ဒေသများ

ကို စွန့်ခွာပြီး အိန္ဒိယတိုင်း မြောက်ပိုင်းဖြစ်သော ဂန္ဓာရနှင့် ကသ္မီရ သို့ ပြောင်းရွှေ့သွားပြီး အခြေစိုက်၏၊ ယင်းဂိုဏ်း၏ ပဓာန အဖြစ်သည် ဤကမ္ဘာမြေပြင်တွင် ထူးခြားသော အသွင်ဖြင့် ပြီးမြောက်အောင်မြင်ခဲ့၏၊ ဘုရင် အသောကသည် ထေရဝါဒ၏ ဘက်တော်သားဖြစ်၍ ယင်းဝါဒ ပြန့်နှံ့စေရန် အတွက် သူသည် ကသ္မီရနှင့် ဂန္ဓာရသို့ ထေရဝါဒကို ဖြန့်ချိုစေခဲ့၏၊ သို့ရာတွင် အသောက၏ ဤလုပ်ငန်းသည် ယင်း အရပ် ဒေသတို့တွင် အကျိုး အာနိသင် မထင်ခဲ့ချေ၊ ထိုအရပ်တို့တွင် သဗ္ဗတ္ထိဝါဒ တည်မြဲနေလေပြီ။

ကနိသျက မင်း(ပဌမရာစု)၏ ရှေးအဘိုတွင် သဗ္ဗတ္ထိဝါဒသည် ဂန္ဓာရဂိုဏ်းနှင့် ကသ္မီရဂိုဏ်းဟူ၍ နှစ်မျိုး ကွဲနေ၏၊ ထို၌ ဝသုဗန္ဓုသည် သူ၏ အဘိဓမ္မကောသကျမ်းမှာ ကသ္မီရ ဝေဘာသိက အားလျော်စွာ စီရင်၏၊ ယသောမိတြ၏ အဆို အမိန့်အရ ကသ္မီရ၏ အပြင်အပမှာလည်း ဝေဘာသိက ဂိုဏ်းဂဏ ရှိနေကြောင်း သိရ၏၊ မဟာဝိဘာသာ ကျမ်းမှာလည်း ဤနှစ်ဂိုဏ်းတို့၏ အယူအဆကို ကိုးကားတင်ပြ၏၊ ထို့ကြောင့် ဗုဒ္ဓသာသနာ သမိုင်းကို စုံစမ်းထောက်လှမ်းသော အခါ ကနိသျကမင်း၏ ရှေးအဘိုတွင် ဂန္ဓာရ သဗ္ဗတ္ထိ ဝါဒီနှင့် ကသ္မီရ သဗ္ဗတ္ထိ ဝါဒီတို့ရှိကြောင်း ပြောပြနိုင်ခြင်း ဖြစ်၏၊ သို့ရာတွင် စတုတ္ထ သံဂါယနာ တင်ပြီးသောအခါ ထိုနှစ်ဂိုဏ်းတို့ ယုံကြည် လက်ခံသော အယူအဆတို့ကို ညှိနှိုင်းပြီးလျှင် ကသ္မီရ ဝေဘာသိက အမည်ဖြင့် ထင်ရှားစေခဲ့ကြလေသည်။

ဝေဘာသိက အယူဝါဒကို အင်တိုက် အားတိုက် ချီးမြှောက်ထောက်ပံ့သူမှာ ဘုရင် ကနိသျကမင်း ဖြစ်၏၊ ထိုမင်း၏ အာဏာစက်ဖြင့် ဆရာ ပဿဝသည် ကသ္မီရတွင် ရာဂကင်းကွာသော ရဟန္တာငါးရာ ပါဝင်သည့် သံဂါယနာသဘင် ဆင်ယင်နိုင်ခဲ့၏။

ယင်းသဘင်၏ ဦးစီး ဥက္ကဋ္ဌမှာ ဝသုမိတြ ဖြစ်၍ ပဓာန အကူအညီမှာ ထိပ်တန်း ဒဿန ဆရာလည်းဖြစ်, ကဗျာ ဆရာကြီးလည်းဖြစ်သော မဟာကဝိ အဿဃောသ ဖြစ်၏။ ယင်း သံဂါယနာသဘင်၌ ဉာဏပဌာန်း၏ ကြီးကျယ် ခမ်းနားသော အဖွင့်ဖြစ်သည့် မဟာဝိဘာသာ ဋီကာကို စီရင်၏။ ထိုအခါ မှစ၍ ကနိဿကမင်းသည် အိန္ဒိယနိုင်ငံမှ တပါး တရုပ်ပြည်နှင့် ဂျပန်ပြည်သို့ ဓမ္မဒူတများ စေလွှတ်ပြီး ယင်း အယူဝါဒကို ဖြန့်ချိ၏။ သာသနာပြုရာတွင် ဘုရင် ကနိဿကသည်ဒုတိယ အသောက ဖြစ်၏။ တရုပ်ရဟန်းတော်တို့၏ စာပေကျမ်းဂန် အဆို အမိန့်တို့ကြောင့် ယင်းအယူဝါဒ အတော်ပင် စည်ပင် ပြန့်ပွားကြောင်း ကောင်းစွာ သိရလေ့သည်။

ဖာဟီယန် (ခရစ် ၃၉၉–၄၁၄) သည် ပါဋလိပုတ်ပြည်နှင့် တရုပ်ပြည်တွင် ဤအယူဝါဒ တည်ထွန်း နေကြောင်းနှင့် သူ၏ မျက်မြှောက် ကိုယ်တွေ့ အခါ သမယကို ညွှန်ပြ ခဲ့၏။ ယုန်စွင် (ခရစ် ၆၄၀)၌ ယင်း ဝါဒသည် အိန္ဒိယနိုင်ငံမှ အပဖြစ်သော ကာသဂရ, ဥဒျာန အစရှိသော အရပ်ဒေသ များနှင့် အိန္ဒိယ အတွင်း မတိပုရ, ကန္ဒေါဇ, ရာဇဂြိုဟ် အနောက် ဖာရသသို့ တိုင်အောင် ပြန့်နှံ့ခဲ့၏။ အိစင် (ခရစ် ၆၇၁–၆၉၂) ကိုယ်တိုင်ကား ဝေဘာသိက ဂိုဏ်းသား တဦး ဖြစ်သည်၊ ထိုစဉ်အခါ ဤဂိုဏ်းမှာ လွန်စွာ ထင်ရှားလှ၏။ အိန္ဒိယ နိုင်ငံတွင် မဂဓတိုင်းမှာ ထိုဂိုဏ်း၏ ဗဟိုဌာန ဖြစ်၏။ လာဋ (ဂုဇရတ်), သိန္ဓနှင့် အရှေ့ အိန္ဒိယတွင်လည်း ယင်းဝါဒကို တွေ့ရ၏။ အိန္ဒိယ၏ အပဖြစ်သော သုမာတြာ, ဇာဝါ, စမ္ပာ, တရုပ်ပြည် အရှေ့ပိုင်းနှင့် အာရှ အလယ်ပိုင်းတွင် ဤဝါဒမှာ ပဓာနဖြစ်၏။ ဤသို့လျှင် သဗ္ဗတ္ထိဝါဒ၏ ပြန့်ပြောသော

အယူအဆကို လိုက်နာသော ဂိုဏ်းဂဏတို့သည် ကာလ ကြာမြင့်စွာ အထူးပင် စည်ပင်ခဲ့၏။

သံဃါယနာတင် အားလျော်စွာ ရှေးအခါက ပိဋကတ် တို့၏ အဖွင့် ဋီကာ ဝိဘာသာများ စီရင်ခဲ့ကြ၏၊ ယင်းတို့မှာ သုတ်အဖွင့် ဖြစ်သော ဥပဒေသ သုတ္တ, ဝိနယ ဝိဘာသာနှင့် အဘိဓမ္မ ဝိဘာသာ ကျမ်းတို့ ဖြစ်၏၊ ဤသို့လျှင် သဗ္ဗတ္ထိ ဝါဒ ပေါ်သည်မှ ဝိကြမ မပေါ်မီ တတိယ ရာစုဖြစ်၍ ၁၄–ရာစု နှစ်များတိုင်အောင် တိုးတက်ထွန်းကားလျက် အိန္ဒိယနှင့် အပြင်အပ အရပ် ဒေသ များတွင် ယနေ့တိုင် ထင်ရှားလျက် ရှိလေသည်။

စာပေပိဋက

သဗ္ဗတ္ထိ ဝါဒီတို့၏ ပိဋက စာပေမှာ မူလဘူတက သက္ကတ စာပေ ဖြစ်၍ လွန်စွာလည်း ကြီးကျယ် ခမ်းနား လှပေသည်၊ သို့ရာတွင် ထိုစာပေတို့ကို အချိန်ကာလ ဝါမျှ သွားရ၍ ဝမ်းနည်းဖွယ် ဖြစ်ရ၏၊ ယခုအခါ ယင်းစာပေတို့မှာ တရုပ်နှင့် တိဗက် ဘာသာပြန် တို့မှာသာ တွေ့ရတော့၏၊ မူလဘူတဖြစ်သော သက္ကတ စာပေတို့ကား ကွယ်လွန်ခဲ့လေပြီ၊ ဤအကြောင်းကို ဂျပန်ပညာရှိ ဒေါက်တာ တာကာကုဆု၏ ကြိုးပမ်းမှုကြောင့် လေ့လာနိုင်ခွင့် ရခဲ့ပေသည်။

(က) သုတ္တ—ဒုတိယ သံဂါယနာ တင်သောအခါ သဗ္ဗတ္ထိ ဝါဒနှင့် ပေါ်ထွန်း ဝါဒတို့ ဝိ ဝါဒ ဖြစ်ကြသည်မှာ အဘိဓမ္မာဖြစ်၍ ထိုတွင် တည်းနှင့်တည်း အယူအဆ မတူ ကွဲပြားနေခြင်းတို့ကို တွေ့ရ၏၊ သုတ္တနှင့် ဝိနယမှာမူကား အယူအဆ နှစ်ပက္ခ တူမျှကြသည်၊ ကျမ်းစာတို့၏ တည်ရာနှင့် အခန်းကဏ္ဍ ဖွဲ့ရာတွင် အချို့နေရာ၌ အတော်အတန် ကွဲလွဲချက် ရှိသော်လည်း ယေဘုယျ အစီအရင်မှာ နှစ်မျိုး

စုံသော သုတ်နှင့် ဝိနည်းတို့ တူညီကြောင်း ပြောပြနိုင်၏၊ သုတ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း နှိုင်းယှဉ် ကြည့်နိုင်လေသည်၊

(၁) ဒီဃာဂမ	(၁) ဒီဃနိကာယ
(၂) မဇ္ဈိမာဂမ	(၂) မဇ္ဈိမနိကာယ
(၃) သံယုတ္တာဂမ	(၃) သံယုတ္တနိကာယ
(၄) အင်္ဂုတ္တရာဂမ	(၄) အင်္ဂုတ္တရနိကာယ
(၅) ခုဒ္ဒကာဂမ	(၅) ဃုဒ္ဒကနိကာယ

ထူးသည်မှာ အာဂမနှင့် နိကာယ ဖြစ်၏၊ သဗ္ဗတ္ထိဝါဒီတို့၏ သုတ်တို့မှာ အာဂမ ဖြစ်ကြ၍ ထေရဝါဒီတို့၏ သုတ်တို့မှာ နိကာယ ဖြစ်ကြသည်၊ သဗ္ဗတ္ထိဝါဒီတို့သည် မျှားသော အားဖြင့် အာဂမ လေးခုကိုသာ အသုံးပြုကြ၍ အချို့ ကျမ်းတို့မှာသာ တခါတရံ အာဂမ ငါးခုကို တွေ့ရ၏၊ ဒီဃ နိကာယတွင် ၃၄-သုတ်ရှိ၍ ဒီဃာဂမတွင် သုတ် ၃၀-သာရှိ၏၊ ယင်းတွင် ၂၇-သုတ်တို့မှာ နှစ်ဂိုဏ်းလုံး တူညီ၍ အစီအစဉ်သာ ကွဲပြား၏ ကြွင်းကျန်သော ၇-သုတ်တို့တွင် ၃-သုတ်ကို မဇ္ဈိမာဂမ၌ တွေ့ရ၍ လေးသုတ်ကိုကား ယခုတိုင် စုံစမ်း မရသေး၊ ယင်းအာဂမတို့ကို ရာစု နှစ်မျှား အသီးသီးက တရုပ်ဘာသာသို့ ပြန်ဆိုခဲ့ကြ၏၊ ဗုဒ္ဓယသ (ခရစ် ၄၁၂-၄၁၃) သည် ဒီဃာဂမကို ဘာသာပြန်၍ ဂေါတမ သံဃဒေဝ (ခရစ်-၃၇၃-၃၉၈) သည် မဇ္ဈိမာဂမကို ဘာသာပြန်၏၊ ဤကျမ်းတို့၏ ဥဒါဟရဏ် ပုံစံတို့ကို ဝသုဗန္ဓု၏ ကျမ်းစာတို့၌ တွေ့ရ၍ အာဂမတို့မှာ ဝေဘာသိကဂိုဏ်းနှင့် ဆက်စပ်ကြောင်း သိရလေသည်။

(ခ) **ဝိနယ** — သဗ္ဗတ္ထိ ဝါဒီတို့မှာ ဝိနယ ပိဋကအမှန် မူရှိကြောင်း ယနေ့တွေ့ရသော တိပ္ပတ် ဘာသာပြန် ဝိနည်းတို့ဖြင့်

ကောင်းစွာ သိရ၏၊ ယင်း ဘာသာပြန် ဝိနည်းတို့မှာ–(၁) ဝိနယ ဝတ္ထု၊ (၂) ပါတိမောက္ခ သုတ္တ, (၃) ဝိနယ ဝိဘာဂ, (၄) ဝိနယ ခုဒ္ဒက နှင့် (၅) ဝိနယ ဥတ္တရ ကျမ်းဂန်တို့ ဖြစ်လေသည်၊ ယင်း ဘာသာပြန်တို့သည် သဗ္ဗတ္ထိ ဝါဒီတို့၏ ဝိနယ ပိဋကက ဖြစ်ကြောင်း ယုံမှားဖွယ် မရှိချေ၊ အထောက်အထား တခုမှာ ယင်းတိဗွတ် ဘာသာပြန် စာအုပ်တို့၏ အဖုံ့ စာမျက်နှာတို့၌ ရှင်သာရိ ပုတ္တာနှင့် ရှင်ရာဟုလာ ပါဝင်သော ဗုဒ္ဓ ပုံတော် တွေ့ရခြင်း ဖြစ်၏၊ ရှင်ရာဟုလာသည် ရှင်သာရိတြာ၏ တပည့်ဖြစ်၏၊ တရုပ်ပြည်၌ သဗ္ဗတ္ထိ ဝါဒ ဖြန့်ချိသူမှာလည်း ရာဟုလာ ဖြစ်၏၊ ဤမျှသာ မဟုတ်သေး, တိဗွတ် ဘာသာပြန် ဆရာလည်း ဝေဘာသိက ဂိုဏ်း၏ ဗဟိုဌာန ဖြစ်သော ကသ္မီရ တိုင်းသား ဖြစ်၏၊ ဘာသာပြန် ဆရာမှာ ဝေဘာသိက ဂိုဏ်းသား ဖြစ်သောကြောင့် သူပြန်ဆိုသော ကျမ်းတို့လည်း စင်စစ် ဝေဘာသိ ဖြစ်နိုင်လေသည်၊ သဗ္ဗတ္ထိ ဝါဒီတို့၏ အထူးထူး အပြားပြားသော ဂိုဏ်းဂဏ တို့၏ ဝိနယ၌ အတန် ကဲပြားချက်များရှိသည်ကို တွေ့ရ၏၊ မထုရာပြည်မှ သဗ္ဗတ္ထိ ဝါဒီတို့၏ ဝိနယမှာ ဝိနည်းမှ တပါး အခန်းကဏ္ဍ ၇၀-တို့ဖြင့် ဝေဘန်အပ်သော ဇာတ်ဝတ္ထုများ ပါဝင်နေ၏၊ ကသ္မီရ သဗ္ဗတ္ထိ ဝါဒီတို့ကား မိမိတို့ ဝိနယ၌ ဇာတ် ဝတ္ထုကို နေရာ မပေးကြချေ၊ မထုရာတို့၏ ဝိနည်းမှာ ၁၀-ခန်းသာ ဝိနယ ဝတ္ထုရှိပြီး ဇာတ် ပေါင်း ၇၀ တို့ဖြင့် လွန်စွာ ထုထယ် ကြီးမားနေခြင်း ဖြစ်လေသည်။

(၈) **အဘိဓမ္မာ**–သဗ္ဗတ္ထိ ဝါဒီတို့၏ ကျယ်ပြန့်သော အဘိဓမ္မာသည် ယနေ့လည်း တရုပ်ပြည်၌ တရုပ်ဘာသာဖြင့် ထင်ရှားရှိလေသည်၊ သူတို့၏ အဘိဓမ္မာလည်း ခုနစ်ကျမ်းပင် ရှိ၏၊ ထိုတွင် ဉာဏ

ပဋ္ဌာန်း ကျမ်းမှာ အရေးပါ အရာရောက်လှ၍ ကိုယ်ကာယနှင့် အယူအဆ နှိုင်းယှဉ်ကြ၏၊ အခြား အဘိဓမ္မာ ခြောက်ကျမ်းမှာ ထိုကျမ်းကြီး၏ ခြေ လက် စသည် ဥပမာ ပြု၍ ယင်းတို့ အချင်းချင်း ဆက်စပ်ပုံမှာဗေဒနှင့် ဗေဒင် သဖွယ် ဖြစ်၏။

(၁) **ဉာဏပဋ္ဌာန်း**— ဤကျမ်းကို စီရင်သူမှာ ရှင်ကစ္စာယနပုဗ္ဗတြ ဖြစ်၏၊ ယင်းကျမ်းကို တရုပ်ဘာသာ၌ နှစ်ကြိမ် ပြန်ဆိုခဲ့၏၊ စတုတ္ထ ရာစု နှစ်တွင် ကသ္မီရ၌ သီတင်းသုံးသော ဂေါတမသံဃဒေဝ (ခရစ် ၃၇၃=ဝိက္ကြမ ၄၀၀) သည် ဗုဒ္ဓဒေန် အမည်ရှိသော တရုပ်ပညာရှိနှင့် ဓမ္မပိယ၏ အကူအညီဖြင့် ထိုကျမ်းကို အင်္ဂဂန္ဓီ အမည်ဖြင့် ပြန်ဆိုလေသည်၊ ဒုတိယ ဘာသာပြန်သူမှာ ယုန်စွန် (ခရစ် ၆၅၇–၆၆၀) ဖြစ်သည်၊ ယုန်စွန်သည် အိန္ဒိယသို့ ခရီးလှည့်လည်စဉ် အိန္ဒိယ ခြောက်ပိုင်း တာဘာသာဝန ကျောင်း၌ သဗ္ဗတ္ထိဝါဒီ ရဟန်းတော် ၃၀၀ တွေ့ခဲ့၏၊ ဤကျောင်းမှာပင် ကစ္စာယနီ ပုဗ္ဗတြသည် အတုမရှိသော အဆိုပါကျမ်းကြီးကို ပြုစု၏၊ ထိုအခါကား ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီးနောက် အနှစ် ၃၀၀ (ဝိက္ကြမ မပေါ်မီ ၁၂၆ နှင့် ခရစ်မပေါ်မီ ၁၀၃) အတွင်း ဖြစ်သည်ဟု ဖော်ပြထား၏၊ ကနိသ္သကမင်း လက်ထက် သံဂါယနာတင် အရှင်တို့သည် ယင်းကျမ်းကြီး၏ အဖွင့် ဝိဘာသာကို စီရင်ကြသည်၊ ယင်းကျမ်းကြီး၌ အပိုင်းကဏ္ဍ ရှစ်ခုရှိသောကြောင့် အင်္ဂဂန္ဓီဟု ခေါ်ဝေါ်ကြ၏၊ ယင်းရှစ်ပိုင်းမှာ (၁) လောကုတ္တရ မဗ္ဗ, (၂) သံယောဇန, (၃) ဉာဏ, (၄) ကမ္မ, (၅) မဟာဘူတ, (၆) ဣန္ဒြိယ, (၇) သမာဓိနှင့် (၈) သတိပဋ္ဌာန်တို့ ဖြစ်၏၊ ဤရှစ်ကဏ္ဍကို အစဉ်အတိုင်း ဖွင့်ဆိုသွား၏၊ ဤကျမ်းကြီးသည် ဝေဘာသိက ဒဿနိကတို့၏ ပဓာန ဖြစ်လေသည်။

(၂) **သံဂီတိ ပရိယာယ**— ယသောမိတ္တ၏ အလိုအရ ဤကျမ်းကို စီရင်သူမှာ ရှင် မဟာကောဋ္ဌိလ ဖြစ်၏၊ တရုပ် ကျမ်းဂန်တို့မှာမူ ရှင်သာရိပုတ္တြာ စီရင်သည်ဟု ဆို၏၊ ဤပုဂ္ဂိုလ် နှစ်ဦးလုံးပင် စင်စစ် ဗုဒ္ဓ၏ မျက်မှောက် တပည့် သာဝကကြီးတို့ ဖြစ်ကြ၏၊ ထို့ကြောင့် ဝေဘာသိကတို့ အမြင်တွင် ဤကျမ်းသည် အဘိဓမ္မာ စာပေတွင် ရှေးအကျဆုံးဖြစ်၏၊ ဗုဒ္ဓ၏အမိန့်ဖြင့်ပင် ရှင်သာရိပုတ္တြာသည် ဓမ္မ တရားတို့ကို ရေတွက်ရန်အတွက် ဤကျမ်းကို ပြုစုသည်ဟု ကြားဘူး၏၊ ယင်းကျမ်းသည် ထေရဝါဒတို့၏ ပုဂ္ဂလ ပညတ္တိ ကျမ်းနှင့် အကြောင်းအရာ တူ၏၊ ယင်းတွင် ၁၂ ဝဂ်ပါဝင်၍ ဟုန်စိန်၏ တရုပ်ဘာသာပြန်မှာ ပုံနှိပ်စာမျက်နှာ ၃၂၆ ရှိလေသည်။

(၃) **ပကရဏဝါဒ**— ဤကျမ်းကို စီရင်သူမှာ ဝသုမိတ္တြ ဖြစ်၏၊ ဤကျမ်းဆရာ ဝသုမိတ္တြသည် စတုတ္ထ သံဂါယနာတင် ဦးစီး ဥက္ကဋ္ဌ ဝသုမိတ္တြမှာ တခြားစီဖြစ်၍ အလျင်ကျသည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံပြီး အနှစ် သုံးရာနောက်မှာ ဝသုမိတ္တြ ရှိကြောင်း ညွှန်ပြကြ၍ သူသည် ကစ္စာယနီ ပုတ္တြနှင့် တခေတ်တည်း ဖြစ်ပေမည်၊ ဤကျမ်းကို ဟုန်စိန်သည် ခရစ် ၆၅၅ ခုနှစ်က တရုပ်ဘာသာ ပြန်ဆိုခဲ့၏၊ တရုပ်ဘာသာပြန်ဆရာ၏ အလိုအားဖြင့် ဝသုမိတ္တြသည် ဤကျမ်းကို ပေသာဝရ (ပက်ရှဝါ)၏ အနီး ပုဏ္ဏဝတီ ကျောင်းမှာ စီရင်သော ဟူ၏၊ ဤကျမ်းဌ ဓမ္မ, ဉာဏ, အာယတန စသည်တို့ကို ရှစ်ပိုင်းခွဲပြီး စီရင်ထားလေသည်။

(၄)**ဝိညာဏကာယ**—ဤကျမ်းကို စီရင်သူမှာ ဒေဝသမ္မာအမည် ရှိသော မထေရ် ဖြစ်၏၊ ဤကျမ်းသည် ဉာဏ ပဋ္ဌာန်း၏ တတိယ

မြောက် ခြေထောက် ဖြစ်၏၊ ဟုန်စိန်၏ အလိုအားဖြင့် ဒေဝသမ္မာသည် ဤကျမ်းကို သာဝတ္ထိပြည်၏ အနီး ဝိသောကဌ် စီရင်သောဟူ၏၊ ကျမ်းတွင် ၆ ပိုင်းရှိ၍ ပုဂ္ဂလ, ဟေတု ပစ္စယ, အာရမ္မဏ ပစ္စယနှင့် အခြား ပကိဏ္ဏက အကြောင်းအရာတို့ကို ဖွင့်ဆိုထား၏။

(၅) **ဓာတုကာယ**— တရုပ် ပညာရှိများ အလိုအားဖြင့် ဤကျမ်းကို စီရင်သူမှာ ဝသုမိတြ ဖြစ်၏၊ အချို့ကမူ ပုဏ္ဏ အမည်ရှိသော ယသောမိတြဟု ဆိုကြ၏၊ ဤကျမ်းမှာ အကြီး, အလတ်နှင့်အငယ် ဟူ၍ သုံးမျိုးရှိ၏၊ ကျမ်းကြီးမှာ ၇ ၂ထာ ခြောက်ထောင်, အလတ်မှာ ကိုးရာ, အငယ်မှာ ၈ ၂းရာ အသီးသီး ရှိကြ၏။

(၆) **ဓမ္မကွန္ဓာ**—ဤကျမ်းကို စီရင်သူမှာ သာရိပုတြ (ယသောမိတြ) ဖြစ်၏၊ တရုပ် ပညာရှိတို့က မဟာမောဂ္ဂလာန်ဟု ယူဆကြသည်၊ သဗ္ဗတ္ထိ ၀ ၂ဒ အဘိဓမ္မာ၏ ပဋ္ဌမမြောက် ခြေထောက် ဖြစ်၏၊ ကျမ်း၏ အရှယ်ပမာဏမှာ ဥာဏပဒ္ဓာန်းအောက် အတန် ငယ်သော်လည်း ကျမ်းကို ရေတွက်ရာ၌ မူလကျမ်းကဲ့သို့ပင် လေးစားခြင်းခံရ၏၊ သံဂ ၂ယနာ တင်ရာတွင် ထိုကျမ်းမှ ထုတ်နှုတ် ကိုးကားချက်တို့ကိုတွေ့ရ၍ ရှေးကျခြင်းကိုလည်း မှန်းဆနိုင်သည်၊ ဟုန်စိန်၏ တရုပ်ဘာသာပြန်တွင် ၁ ၂ ပိုင်း ခဲခြားပြီးလျှင် ယင်းတို့တွင် အရိယသစ္စာ, သမာဓိ, ဗောဇ္ဈင်, ဣန္ဒြေ, အာယတနနှင့် ပဋ္ဌိစ္စသမုပ္ပါဒ် အစရှိသော ဒဿန အချက် အလက်တို့ကို ဖွင့်ဆိုသွားလေသည်။

(၇)**ပညတ္တိသတ္ထ**—ဤကျမ်းကို စီရင်သူမှာ ရှင်မေဂ္ဂလာန် ဖြစ်၏၊ ဟုန်စိန်သည် ရှေ့ ၈ ၂းပိုင်းကိုသာ တရုပ်ဘာသာ ပြန်ဆို၏၊ ကျန်သော ခြောက်ပိုင်းကိုမူ ထို့နောက် ကာလ အတန်ကြာမှ ဓမ္မရက္ခ ဘာသာပြန်ပြီး ကေဒသ သတက ကျမ်းတွင် ထည့်သွင်း

ထားသောကြောင့် ဤကျမ်းနှင့် ပတ်သက်၍ ပညာရှိများ ယုံမှားနေကြသည်။

ဤကား သဗ္ဗတ္ထိ ဝါဒီတို့၏ အဘိဓမ္မာ ၇ ကျမ်းဖြစ်၏၊ ယင်းတို့ကို တရုပ်ဘာသာ၌သာ အပြည့်အစုံ တွေ့နိုင်တော့သည်၊ ဤကျမ်းတို့ကို စီရင်ခြင်းမှာ ရာစုနှစ် အသီးသီး ဖြစ်၏၊ ဤတွင် ကျမ်းသုံးဆောင်ကိုမူ ဗုဒ္ဓခေတ်ကပင် စီရင်ခဲ့၏၊ အခြားကျမ်းတို့ကား မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံပြီးမှ ဖြစ်၏၊ စီရင်သော အချိန်ကာလနှင့် ပတ်သက်၍ ပညာရှိများ အယူအဆ မတူကြချေ။

သဗ္ဗတ္ထိ ဝါဒီတို့၏ ဒဿနိက ကျမ်းတို့ကို သာမညအားဖြင့် ပရိစယ ပြုခဲ့ပါပြီ၊ ကနိဿ္ကမင်း လက်ထက်တွင် ဥာဏပဋ္ဌာန်းကို ကျယ်ဝန်းစွာ အဖွင့် ဋီကာ တစောင် ဖွင့်ဆို၏၊ အမည်မှာ ဝိဘာသာ ဖြစ်၏၊ ဝိဘာသာ၏ အနက်မှာ ဝိကပ္ပဖြစ်၏၊ ဆိုလိုသည်မှာ အကြောင်းအရာ တခုပေါ်တွင် အမျိုးမျိုးသော ပညာရှိတို့၏ အယူအဆ အမျိုးမျိုးကို ပေါင်းစု တင်ပြပြီး ပမာဏပြုလောက်သော ဝါဒကို ထင်ရှားစေခြင်း ဖြစ်၏၊ စတုတ္ထသံဂါယနာတင်သော အခါ ဆရာ ဝသုမိတြနှင့် မဟာကဗျာဆရာကြီး အဿဃောသသည် ဝိဘာသာ အဖွင့်တွင် အထူးထင်ရှား၏၊ ဝိဘာသာ သုံးဆောင်ရှိသည့်အနက် မဟာဝိဘာသာ ဋီကာမှာ လူကြိုက်များ၏၊ ဤဝိဘာသာကျမ်းကြီးသည် ဗုဒ္ဓဒဿန၏ မဟာအဘိဓာန်ကြီး ဖြစ်၏၊ ယင်းကျမ်းကြီးကို အမှီပြု၍ ဝသုဗန္ဓုသည် အဘိဓမ္မကောသကျမ်းကိုရင်း, သံဃဘဒြသည် သမယပဒီပိကာကိုရင်း အသီးသီး စီရင်၏၊ ယင်းသည် ဝေဘာသိကတို့၏ အယဉ်ဖြစ်လေသည်။

ကျမ်းဆရာများ

(၁) **ဝသုဗန္ဓု**— သဗ္ဗတ္ထိ ဝါဒ သမိုင်းတွင် စတုတ္ထရာစုသည် ရှေခေတ်ဖြစ်၏၊ အကြောင်းသော်ကား ဤခေတ်တွင် ထိပ်တန်း ကျမ်းပြု ဆရာကြီး နှစ်ဦးသည် လေးစား မြတ်နိုးဖွယ် ကျမ်းနှစ် စောင်ပြုပြီး ထိုအယူဝါဒကို တိုးတက် ကြီးပွါး စေသောကြောင့် ဖြစ်၏၊ တဦး၏ အမည်မှာ ဝသုဗန္ဓုဖြစ်၍ နောက်တဦး၏ အမည် မှာ သံဃဘဒြ ဖြစ်၏၊ ဝသုဗန္ဓု၏ တန်ခိုး အရှိန် အဝါနှင့် ပညာရှိ အဖြစ်မှာ အလောကိက ဖြစ်၏၊ သူ၏ စာပေတို့သည် ထိပ်ဆုံးရောက် နေ၍ သူ၏ အဆင့်အတန်းမှာ ဗုဒ္ဓဝါဒ ဒဿနတွင် အမြင့်ဆုံးဖြစ်၏၊ ဝသုဗန္ဓု၏ ပညာရှိ အဖြစ်နှင့် ပရမတ္ထဉာဏ် အမြင်သန်ခြင်းကို ယသောမိတြ၏ အဆိုအမိန့်ဖြင့် ကောင်းစွာ သိရ၏၊ ယသောမိတြ ပြောပြသည်မှာ ဝသုဗန္ဓုသည် ပရမတ္ထ သဘောတရား:ကို ရှင်းပြရာ တွင် ကိုယ်တိုင် ဗုဒ္ဓအလုပ်ကို ပြုလုပ်လိုက်ခြင်းဖြစ်၏၊ ထို့ကြောင့် သူ့ကို ပညာရှိများက ဒုတိယဗုဒ္ဓဟုသမုတ်ကြခြင်းဖြစ်၏ဟူသတည်း၊ ဤချီးကျူးချက် မလွန်ပါ, သဘာဝ ကျပါသည်၊ ဝသုဗန္ဓုသည် အာဘိဓမ္မ ကောသကို စိရင်လိုက်ရာ တိဗွတ်, တရုတ်, ဂျပန် စသော တိုင်းနိုင်ငံတို့တွင် ဗုဒ္ဓဓမ္မ ပြန့်နှံ့သွားပြီး ဓမ္မိက သမိုင်းတွင် အုတ်အုတ် ကျက်ကျက် တခဲနက် ဖြစ်သွားလေသည်။

ဝသုဗန္ဓုသည် ဂန္ဓာရတိုင်း ပုရိသ ပုရ (ပေသဝါရ–ပက်ရှဝါ) မြို့ ကောသိက အနွယ် ပြာဟ္မဏ မျိုးဌ ဖွားမြင်၏၊ ညီအကို သုံး ယောက်ရှိရာ အကိုကြီး၏ အမည်မှာ ဆရာ အသင်္ဂ ဖြစ်၏ ဝိညာဏ ဝါဒတွင် သူ၏ အကြောင်းကို ဖော်ပြပါမည်၊ ညီအငယ်၏ အမည် မှာ ဝိရဉ္စိဝယ ဖြစ်၍ ဝသုဗန္ဓုကား အလတ်ဖြစ်၏၊ ထိုစဉ်အခါက

ဂန္ဓာရတွင် သဗ္ဗတ္ထိ ဝါဒ ခေတ်စားနေ၏၊ သူသည် ပညာသင်ကြား ရန် ကသ္မီရသို့ သွားပြီး ဝိဘာသာ ကျမ်းကို လေးလေး နက်နက် လေ့လာ၏၊ ထို့နောက် အယောဓျ ပြည်သို့ရောက်သွားရာ ငယ်ငယ် ရွယ်ရွယ်နှင့်ပင်ထင်ရှားကျော်ကြားနေ၏၊တရုံသောအခါ ပိန္ဒ၂ဝါသီ အမည်ရှိသော သင်္ချာ ဒဿနိက ဆရာသည် သူ၏ဆရာ ဗုဒ္ဓမိတြနှင့် ဝါဒပြိုင်ဆိုင်ရာ အနိုင်ရသွား၏၊ ထိုစဉ်အခါ ဝသုဗန္ဓု မရှိချေ၊ ထိုသတင်းကို ဝသုဗန္ဓု ကြားသောအခါ ထိုဒဿနိက ဆရာအား မိမိနှင့် ပြိုင်ဆိုင်ရန် ဖိတ်ခေါ်၏၊ သို့ရာတွင် သင်္ချာဆရာသည် သူနှင့် မဆိုင်မီ ကွယ်လွန်သွားလေသည်၊ ထိုအခါ ဝသုဗန္ဓုသည် ပိန္ဒ၂ဝါသီ ၏ သင်္ချသတ္တတိ အမည်ရှိသော ဒဿနကို ချေဖျက်ရန် ပရမတ္ထ သတ္တတိ အမည်ရှိသော ဒဿန ကျမ်းကို စီရင်လေသည်၊ သူ၏ နှုတ် လျှာသည် ပရပက္ခ ဖြစ်သော သူတပါး အယူဝါဒကို ချေဖျက်ရာ တွင် အစွမ်းထက်သကဲ့သို့ သူ၏ အရေးအသားတို့မှာ သကပက္ခ ဖြစ်သော မိမိ အုပ်စုကို လျင်စွာ တိုးပွားစေနိုင်၏။

ဝသုဗန္ဓု စီရင်သောကျမ်းတို့မှာ(၁)ပရမတ္ထသတ္တတိ, (၂)တက္ကသတ္တ, (၃) ဝါဒဝိဓိနှင့် (၄) အဘိဓမ္မကောသ ဖြစ်၏၊ ထိုတွင် အဘိဓမ္မကောသမှာ သူ၏ အကောင်းဆုံး ထိပ်တန်း ဖြစ်၏၊ ဤတွင် အဘိဓမ္မာ၏ သဘောတရားများကို အကျဉ်းချုပ် ဖွင့်ဆိုထား၏၊ တကျမ်းလုံးမှာ ဝေဘာသိက အယူဝါဒ ဖြစ်၏၊ ဝိဘာသာစီရင် ပြီးနောက် ကသ္မီရဝေဘာသိက တို့၏ ပဓာန အဖြစ် အလုံးစုံက ယုံကြည်ကြ၏၊ သဗ္ဗတ္ထိ ဝါဒီတို့ အဘိဓမ္မာလည်း ဤကျမ်းကို အဓိက မှီငြမ်းပြု၏၊ ထိုမှတပါးသော ဗုဒ္ဓဝါဒီတို့လည်း ပြည့်စုံ ကြွယ်ဝ သော ဤကောသကျမ်းကို ယုံကြည်ကိုးစားစွာ ပမာဏပြုကြသည်၊ ဝါဏဘဋ္ဋ ဆိုသူ ကမ္ဘာ ရဟန်းတော် ဒိဝါကရမိတြ၏ ကျောင်း

သခ်မ်းတွင် ကျေးသားကပင် ကောသ၏ဥပဒေသကို ပေးသည်ဟု ဖွဲ့ဆို၏၊ ဤကျမ်းကိုရှစ်ပိုင်းဖြင့် စီရင်လေ့ရှု အပိုင်း၏ အမည်ဖြင့်ပင် အကြောင်းအရာကို သိနိုင်လေသည်။

(၁) ဓာတုနိဒ္ဒေသ,(၂) ဣန္ဒြိယနိဒ္ဒေသ,(၃) လောကဓာတုနိဒ္ဒေသ,(၄)ကမ္မနိဒ္ဒေသ, (၅) အနုသယနိဒ္ဒေသ, (၆) အရိယပုဂ္ဂလ နိဒ္ဒေသ, (၇) ဉာဏ နိဒ္ဒေသနှင့်(၈) စျာန နိဒ္ဒေသ တို့ဖြစ်၏၊ ဤအစီအစဉ်အတိုင်းကာရိကာ (၈ါထာ) ခြောက်ရာတို့ဖြင့် ဗုဒ္ဓဓမ္မအယူအဆတို့ကို ဖွဲ့ဆိုသော်လည်း သုတ်ကဲ့သို့ပင် နက်နဲသိမ်မွေ့၏၊ ဤကျမ်း၏ အနက် အဓိပ္ပါယ် ပေါ်လွင် ထင်ရှားစေရန် မျှားစွာသော ဆရာတို့ ဋီကာ ဖွင့်ဆိုကြ၏၊ မျှားပြားလှသော အဖွင့် ဋီကာတို့ဖြင့်ပင် ကောသ၏ ကြီးကျယ်ခမ်းနားခြင်း, သိမ်မွေ့နက်ရှိုင်းခြင်းတို့ကို မှန်းဆနိုင်လေသည်။

(၂) **သံဃဘဒြ**။ ။ဝသုဗန္ဓုနှင့်ခေတ်ပြိုင် ဝေဘာသိကဂိုဏ်းတွင် ဆရာနှစ်ဦးရှိသေး၏၊ တဦးမှာ ဝသုဗန္ဓု၏ မိတ်ဆွေမနောရထဖြစ်၍ နောက်တဦးမှာ ဝသုဗန္ဓုနှင့်ဆန့်ကျင်ဘက် သံဃဘဒြ ဖြစ်၏၊ သူတို့နှစ်ဦး ဆန့်ကျင်ရခြင်း အကြောင်းရင်းမှာ သံဃဘဒြ၏ အမြင်တွင် ဝသုဗန္ဓုသည် ကောသ၏အဖွင့်၌ မျှားစွာသော အယူအဆတို့တင်ပြရာ ဝေဘာသိက ဝါဒနှင့် ဆန့်ကျင် သောကြောင့် ဖြစ်၏၊ ထို့ကြောင့် သံဃဘဒြသည် ဝေဘာသိက အယူဝါဒကို ပြန်လည်ပြင်ဆင်ရန်အတွက် ကျမ်းနှစ်စောင်စီရင်၏၊ တစောင်မှာ အဘိဓမ္မနျာယာနုသာရဖြစ်၍ နောက်တစောင်မှာ အဘိဓမ္မ သမယ ပဒီပိကာ ဖြစ်၏။

အဘိဓမ္မ နျာယာနုသာရ ကျမ်း၏ ပမာဏမှာ ၈ါထာပေါင်းနှစ်သောင်း ၈ါးထောင် ရှိ၏၊ ယင်းတွင် အဘိဓမ္မ ကောသကို

ပြင်းပြင်းထန်ထန်ဝေဘန်၏၊ ထိုကြောင့် သူ၏ အခြားအမည်တမျိုးမှာ ကောသ မိုးသီး မိုးပေါက် ဖြစ်၏၊ သံဃာဒြသည် ကောသ ကာရိကာ ဂါထာတို့၏ အဆို အမိန့်နှင့် ပတ်သက်၍ ဆန့်ကျင်ဘက်မလုပ်ချေ၊ စကားပြေမှာ သုတ္တန္တိကတို့၏ ဝါဒကို တည်ရာ ပေးသောကြောင့် အပြစ်ဆိုခြင်းဖြစ်၏၊ ဤထုထယ်ကြီးမားသောကျမ်းကြီးကို အပိုင်းရှစ်ခုတို့ဖြင့် စီရင်သွား၏၊ အဘိဓမ္မ သမယ ပဒီပိကာ ကျမ်းမှာ နျာယာနုသာရကျမ်း၏ အကျဉ်းချုပ်သဖွယ် ဖြစ်၏၊ နျာယာနုသာရ ကျမ်းမှာ အတိုက်အခိုက် အဓိက ဖြစ်နေလျက် ခက်လည်း ခက်သည် ထို့ကြောင့် သံဃာဒြသည် ဤတွင် ထိုကျမ်း၏ အာဘော်တို့ကို အကျဉ်း သခေါ်ပ တင်ပြခြင်း ဖြစ်လေသည်၊ အယောဓ္ဇျမြို့သည် သံဃာဒြ၏ လုပ်ငန်းဌာနချုပ် ဖြစ်၏၊ သူသည် ထိုမြို့မှာပင် အဆိုပါ ကျမ်းနှစ်စောင်ကို စီရင်ခြင်း ဖြစ်လေသည်၊ ဤကား သဗ္ဗတ္ထိ ဝါဒီ တို့၏ မူလ ကျမ်းစာများ အကြောင်း အကျဉ်းတည်း။

ဓမ္မသဘာဝ

ဗုဒ္ဓဓမ္မအယူအဆတို့၏ အချက်အချာကို ကောင်းစွာသိရှိန် လိုပေသည်၊ အလုံးစုံသော ဗုဒ္ဓဒဿန အယူအဆ တို့၏ တည်ရာမှာ ဓမ္မ ဖြစ်၏၊ ဓမ္မဘာဒ္ဒါ၏ ပုံစံပြယုဂ်သည် အိန္ဒိယ ဒဿန လောကတွင် ထူးထွေဆန်းပြားသော အနက် အဓိပ္ပါယ်ကို ဆောင်၏၊ ဓမ္မ၏ ဆိုလိုရင်းမှာ ဘူတရုပ်နှင့်စိတ်၏ သိမ်မွေ့သော သဘောတရားမှ ဂဟေါ်း သီးခြား အကြောင်း မရှိနိုင်ချေ၊ ထိုတရားတို့ ထိခိုက်ပွတ်တိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အရာဝတ္ထုကို လောကဟု ခေါ်ဆိုနေကြခြင်းဖြစ်၏၊ ဗုဒ္ဓဓမ္မ၏ အလိုအားဖြင့် လောက

သည် ဓမ္မတရားတို့ အချင်းချင်း ပေါင်းဆုံခြင်းကြောင့် ဖြစ်သော အပေါင်း အစုမျှသာ ဖြစ်၏၊ လွန်စွာ သိမ်မွေ့သော ဓမ္မသည် သတ္တာ၏ အတွေ့ ဖြစ်၏၊ ယင်းသတ္တာကို ဗုဒ္ဓမမှ ဦးစွာ ကာလဂ၊ ဝေဘာသိုက, သုတ္တန္တိကနှင့် ယောဂါစာရတို့ အကြွင်းမဲ့ လက်ခံ ကြသည်၊ နိရုတမျှဝါဒ၏ အဖွင့်ကို စီရင်သောအခါ ပုဂ္ဂလ နိရုတမျှကို လက်ခံခြင်း အဓိပ္ပါယ်မှာ ဓမ္မ၏ သတ္တာကို လက်ခံ ကြောင်းတွေ့ရ၏၊ နိဗ္ဗာန်ကိုကြုံဆခြင်းနှင့် စပ်လျဉ်း၍ ယင်းဓမ္မ တရားတို့ထင်ရှားဖြစ်ပေါ်ခြင်းမှာ လွန်စွာ နက်ရှိုင်း၏၊ ထို့ကြောင့် ယင်းဓမ္မ၏ အသွင်တွင် ဗုဒ္ဓ၏ အလုံးစုံသော ဥပဒေသတို့၏ အနှစ် သာရကို ဤဂါထာဖြင့် ထင်ရှားစွာသိနိုင်၏—

"ဤလောကဌ ဧကသမ္ပတရားအပေါင်းသည် အကြောင်းကြောင့် ဖြစ်ကုန်၏၊ ယင်းတရားတို့၏ ဖြစ်ကြောင်းကို ဇာသာဂတဟော ကြား၏၊ ယင်းဓမ္မ တို့၏ ချုပ်ခြင်းလည်း ရှိ၏၊ မဟာသမဏသည် ယင်းသို့ ယုံကြည်၏--" ဟူသတည်း၊ ဤသို့လျှင် ဓမ္မ, ဟေတုနှင့် နိရောဓ—ဤသဒ္ဒါသုံးခုမှာသာ ကြီးကျယ် မြင့်မြတ်သော ဗုဒ္ဓမမ္မ အနှစ်သာရ တည်ရှိလေသည်၊ ဓမ္မ၏ အကြောင်းကို ကြုံဆခြင်းဖြင့် စိတ်ဝင်စားဖွယ် အမျှားအပြားတွေ့နိုင်၏—

(၁) ဓမ္မတိုင်း သီးခြား သတ္တာ တည်ရှိ၏၊ သီးခြား သတ္တိရှိ ဖြစ်၏။

(၂) ဓမ္မတခုသည် အခြားဓမ္မတခုဖြင့် အချင်းချင်း အညီအမျှ ဆက်စပ်ခြင်းမရှိ၊ ထို့ကြောင့် ဂုဏ်မှတပါး ဒြပ်၏ သတ္တာ မရှိခြင်း, အသီးအသီး ဣန္ဒြေတို့တည်ရာမှတပါး ဘူတရုပ်၏ သီးခြား သတ္တာ မှ၊ ခြင်း, ထို့အတူ အသီးအသီးသော မာနသိက ဗျာပါရ ဣတိမှ

တပါးအတွက်သတ္တဝါမရှိခြင်းတို့ကိုယုံကြည်ခြင်းသည် ဓမ္မ=အနတ္တ=နိဗ္ဗာန်ဝမည်၏။

(၃) ဓမ္မသည် ခဏိက ဖြစ်၏၊ ခဏ တခုဟု ဓမ္မတခုသာဟုဆိုသည်၏၊ စေတနာပင်လျှင် ခဏိကဖြစ်၍ တခဏထက် ကျော်၍ မတည်ချေ၊ သွားလာ လေ့ရှိသော ကိုယ်ကာယတို့ စင်စစ်တည်ခြင်း မရှိချေ၊ အမှန်မှာ နေရာသစ်တွင် ဓမ္မအသစ်တို့ အဆက်အနွယ် အသွင်ဖြင့် ထင်ရှားဖြစ်နေခြင်း ကိုပင် သွားလာလေ့ရှိသော သူ၏ ဒြပ်ကဲ့သို့ တွေ့မြင်ရခြင်း ဖြစ်၏၊ ယင်းသည် ဓမ္မတာ=ခဏိကတာဖြစ်၏။

(၄) ဓမ္မသည် အချင်းချင်း ပေါင်းဆုံ၍ အရာဝတ္ထု သစ်ကို ဖြစ်စေ၏၊ တခုတည်းသော ဘယ်ဓမ္မမျှ တစုံတရာ အရာဝတ္ထုကို မဖြစ်စေနိုင်၊ ဓမ္မ အချင်းချင်း ပေါင်းဆုံပြီး အရာဝတ္ထု သစ်တို့ကို ဖြစ်စေကုန်၏၊ ယင်းသဘောကိုပင် သခ်ံတဟုခေါ်၏။

(၅) ဓမ္မ၏ အချင်းချင်း ဗျာပါရစိုက်မှုကြောင့် ကြိယာဖြစ်၏၊ ယင်းသည် ကျိုးကြောင်း နိယမ၏အလိုဌာ် တည်ရှိ၏၊ ဤလောက၏ အလုံးစုံသော ဓမ္မသည် အချင်းချင်း ကျိုးကြောင်း သဘောဖြင့် ဆက်စပ်နေကြ၏၊ ယင်းကိုပဋိစ္စသမုပ္ပါဒ်ဟုခေါ်၏။

(၆) ဤလောကသည် စင်စစ်သိမ်မွေ့သော ဓမ္မတို့၏အပေါင်း အစု အတိုင်းအတာ ပရိမာဏသာ ဖြစ်၏၊ ထိုအရာတို့ အကြောင်းကြောင့် ဖြစ်ကြခြင်းသည် ဓမ္မဘာဘာဝ (ဟေတုပ္ပဘာဝ) ဖြစ်၏၊ ထို့နောက် ပျက်စီးခြင်း(နိရောဓ)ဘက်သို့ ရှေးရှုကြ၏။

(၇) အဝိဇ္ဇာနှင့် ပညာမှာ အချင်းချင်း ဆန့်ကျင်သော ဓမ္မများ ဖြစ်ကြ၏၊ အဝိဇ္ဇာကြောင့် လောက၏ အလျှဉ်သည် အားကောင်းစွာ စီးသွားနေ၏၊ ယင်း အလျှဉ်သည် ပညာ ဖြစ်ပေါ်လာသောအခါ တဖြည်းဖြည်း သန္တိအသွင်သို့ ကိုင်းညွှတ်သွား၏၊

အဝိဇ္ဇာ၏ အခိုက်အခါ၌ ဓမ္မတို့၏ အဆက်အနွယ်သည် လူသာမည ပုထုဇဉ်ကို ဖြစ်စေ၏၊ ပညာ၏ အခါသမယတွင် အရိယာ ရဟန္တာ အနွယ်ကို ဖြစ်စေ၏၊ ဤ ပပဉ္စ သံသရာနယ်ခဲ့ တရားတို့ လုံးဝ ချုပ်ငြိမ်းခြင်းသည် ဗုဒ္ဓ၏ အဆင့်ကို ညွှန်ပြ၏။

ထိုကြောင့် ဓမ္မတို့ကို အပိုင်း လေးဆင့်ဖြင့် ဝေဘန်နိုင်၏၊ လှုပ်ရှားသော အဆင့်ဖြစ်သော ဒုက္ခ,လှုပ်ရှားခြင်း၏ အကြောင်းဖြစ်သော သမုဒယ အဆင့်,အလွန် ငြိမ်သက်သော နိရောဓ အဆင့်နှင့် ငြိမ်သက်ခြင်း၏ အကြောင်း ဥပါယ်ဖြစ်သော မဂ္ဂအဆင့် ဖြစ်၏၊ ဤလောက၏ အလုပ်ကိစ္စတို့တွင် မှန်မြတ်သော နောက်ဆုံး လုပ်ငန်းမှာ မဖောက် မပြန် မှန်ကန်သော ငြိမ်သက်ခြင်း အဆင့်ဖြစ်သည့် နိရောဓ ဖြစ်၏၊ ထိုအခါမှ အပေါင်းအစု၏ ပျက်စီးခြင်း အသစ်တ နိဗ္ဗာန် ဖြစ်၏၊ ယင်း အယူအဆတို့ကို သုတ်အသွင် ဤသို့စိစဉ်နိုင်၏—

ဓမ္မတာ=နိရုတမျ=ခဏိကတာ=သစ်တတာ=ပဋ္ဌိစ္စသမုပ္ပန္နတာ= သာသဝ— အနာသဝတာ = သံကိလေသ — ဗျဝဒါနတာ = ဒုက္ခ— နိရောဓ=သံသာရ=နိဗ္ဗာန။

သစ်တနှင့် အသစ်တ

သဗ္ဗတ္ထိဝါဒီ,ထေရဝါဒီနှင့် ယောဂါစာရဝါဒီ ဟူသောဂိုဏ်းကြီး သုံးခုတို့၏ အလိုအားလျောက်စွာ ဓမ္မတရား၏ အပိုင်းကြီး နှစ်ပိုင်း ခွဲခြားထားသည်ကို တွေ့ရ၏၊ သစ်တနှင့် အသစ်တဓမ္မပင် ဖြစ်၏၊ ဤတွင် သစ်တ သဒ္ဒါမှ အစဉ်အလာအတိုင်း မဟုတ်ဘဲ ထူးခြားသော အနက် အဓိပ္ပါယ်ကို ဆောင်၏၊ ယင်း အဓိပ္ပါယ်မှာ အချင်းချင်း ပေါင်းဆုံ၍ တပါးနှင့် တပါး ကူညီသောအားဖြင့်

ဖြစ်လေ့ရှိသော ဓမ္မ ဖြစ်၏၊ ယင်းသည် ဟေတုပစ္စည်းကြောင့် ဖြစ်၍ တည်ကံ့ခြင်းမရှိ၊ အမြဲ မရှိ၊ ရှေ့ရှားလေ့ရှိ၍ အာသဝ တို့နှင့် ယှဉ်၏၊ ယင်း သခ်ာတ၏ ဆန့်ကျင်ဘက် ဓမ္မကို အသခ်ာတဟု ခေါ်၏၊ ယင်းဓမ္မသည် ဟေတုပစ္စည်းကြောင့် မဖြစ်သောကြောင့် အစဉ်ထာဝရ တည်၏၊ မြဲ၏၊ အာသဝ အညစ် အကြေးတို့မှ အစဉ် ကင်းကွာ၍ သန့်ရှင်းသော အနာသဝ ဖြစ်၏၊ သစ္စာကို ထွန်း ပြကြောင်း ဖြစ်၏။

ထေရဝါဒီတို့ အယူအဆတွင် အသခ်ာတ ဓမ္မမှာ တခုတည်း ဖြစ်၏၊ ယင်းဓမ္မမှာ နိဗ္ဗာန်ပင်တည်း၊ နိဗ္ဗာန်၏ အနက်မှာ ငြိမ်း အေးခြင်း ဖြစ်၏၊ ဆိမ်းသည် တောက်ပနေရာမှ ငြိမ်းသွား၏၊ တဏှာကြောင့် နာမ်ရူပ်သည် ဘဝအလျှဉ်၏ အသွင်ကို ဆောင် လျက် အမြဲမပြတ် စီးဆင်းနေ၏၊ ယင်း ဘဝအလျှဉ် လုံးဝ ပြတ် စဲခြင်းလျှင် နိဗ္ဗာန် ဖြစ်၏၊ အဝိဇ္ဇာ,ရာဂ,ဒေါသ စသည်တို့ကြောင့် ဘဝအစဉ် တည်းဟူသော သတ္တာ ဖြစ်လေရာ ဤကိလေသာတို့ ချုပ်လေသော် ဝါ-အကြင်းမဲ့ ပြတ်လေသော် နိဗ္ဗာန် ဖြစ်ပေါ် လာ၏၊ ထိုနိဗ္ဗာန်သို့ ဤဘဝ၌လည်း ရောက်နိုင်၏၊ ကိုယ်ကာယ ပျက်စီးပြီးနောက်၌လည်း ရောက်နိုင်၏၊ ထိုကြောင့် ယင်းနိဗ္ဗာန် ကို သောပဓိသေသနှင့် နိရုပဓိသေသဟု နှစ်မျိုး ခွဲထားခြင်း ဖြစ်၏၊ အာသဝတည်းဟူသော အညစ် အကြေး ကုန်ခမ်း၍ ရဟန္တာ အဖြစ်သို့ ရောက်သော်လည်း ခန္ဓာငါးပါးနှင့် ယှဉ်သော မျှားစွာသော ဝိညာဉ်မျှား ကြွင်းကျန်နေသူကို သောပဓိသေသ နိဗ္ဗာန်သို့ ရောက်သူဟု ခေါ်၏၊ ထိုမှတပါး ကိုယ်ကာယ ပျက်စီး သောအခါ သံယောဇဉ် အနှောင်အဖွဲ့ ပြတ်သည်နှင့် အတူတကွ အလုံးစုံသော ဥပဓိတို့လည်း ကင်းစင်ကုန်၏၊ ယင်းကို နိရုပဓိသေသ

နိုဗ္ဗာန်ဟု ခေါ်၏၊ ယင်းနိုဗ္ဗာန် နှစ်မျိုးမှာ ဇီဝ မုတ္တိနှင့် ဝိဒေဟ မုတ္တိသာလျှင် ခြားနား၏၊ နိုဗ္ဗာန်သည် အလုံးစုံတို့ထက် မြင့်မြတ်သော ဓမ္မ ဖြစ်၏၊ ထို့ကြောင့် သေခြင်း မရှိသော အစ္စုတ,အဆုံး မရှိသော အနန္တ,အတုမ့ရှိသော အနုတ္တရ ပုဒ်တို့ဖြင့် ဖော်ထုတ်ကြခြင်း ဖြစ်၏။

သဗ္ဗတ္ထိဝါဒီတို့သည် ယင်း အသင်္ခတ ဓမ္မကို (၁) အာကာသ, (၂) ပတိသင်္ခြာ နိရောဓနှင့် (၃) အပတိသင်္ခြာ နိရောဓ ဟူ၍ သုံးပါး ခွဲခြားကြလေသည်–

(၁) **အာကာသ** ထိုပုဒ် အဖွင့်ကို ဝသုဗန္ဓုသည် အဘိဓမ္မကောသ၌ 'တတြာကာသံ အနာဝိတ္တိ'ဟု ဆို၏၊ အာကာသသည် အနာဝိတ္တိ ဖြစ်၏၊ ဆိုလိုသည်မှာ အာကာသသည် သူတပါးကို ဖုံးကွယ်ထားခြင်း မရှိ, အခြားသော ဓမ္မတို့ကြောင့်လည်း ပုန်းကွယ်ခြင်း မရှိ၊ ဘယ် ရုပ်သွင် ဖြစ်စေ မိမိအတွင်းသို့ ဝင်သော်လည်း တားမြစ်ခြင်း မရှိ၊ အာကာသသည် ဓမ္မ ဖြစ်၍ နိစ္စ မပြောင်းလဲသော အသင်္ခတဖြစ်သည်၊ သို့ဖြင့် ယင်းကို အတ္တရှိသော အရာဟု ယူဆ၏၊ ယင်းသည် သုညဖြစ်သော ဌာနမဟုတ်ချေ၊ ဘူတ သို့မဟုတ် ဘူတိက အရာဝတ္ထုတို့ကို တားမြစ်သော ရုပ် မဟုတ်၊ ထေရဝါဒီတို့သည် အာကာသကို မဟာဘူတတို့ကြောင့် ဖြစ်သော ဓမ္မဟု လက်ခံကြသည်၊ သို့ရာတွင် သဗ္ဗတ္ထိဝါဒီတို့သည် ယင်းကို အလွန်မြင့်သော နေရာကို ပေးကြ၏၊ သူတို့သည် အာကာသကို နှစ်မျိုး အပြားရှိသည်ဟု ယူဆကြသည်–တမျိုးမှာ အရပ်မျက်နှာ၏ အနက် အဓိပ္ပါယ်ဖြစ်၍ နောက်တမျိုးမှာ လွန်စ္ဓာ သိမ်မွေ့သော လေ၏ အနက်၌ ဖြစ်၏၊ ယင်း အဓိပ္ပါယ် နှစ်ပါးမှာ လွန်စ္ဓာ ခြားနား၏ တမျိုးမှာ မြင့်တွေ့နိုင်သော ဒိဿ,သာသဝနှင့် သင်္ခတဖြစ်၍ နောက်

တမျိုးမှာ အမြင်တွေ့နိုင်သော အဒိဿ,အနာသဝန့် အသခ်ိတ ဖြစ်၏။ဆရာသက်ရ၏ ချေပချက်သက်ရဘာသျှဖြင့် သိရသည်မှာထိုသူတို့ အမြင်၌ ဝေဘာသိကတို့သည် အာကာသကို အဝတ္ထုနှင့် အာဝရဏ အဖြစ်မျှသာ နားလည်ကြသည်၊ ထို့ကြောင့် အာကာသ၏ ဘာဝအဖြစ်ကို ကောင်းစွာသိရန် ယှဉ်စပ်ခြင်း ဖြစ်၏၊ သို့ရာတွင် အာဘိဓမ္မ ကောသကို ကြည့်ပါက ယင်း ဘာဝသည် ပုဒ်အနက် ပဒတ္ထသာ ဖြစ်ကြောင်း တွေ့ရ၏၊ ယသောမိတြ၏ အဆိုအမိန့်အရ ယင်း တားမြစ် ပိတ်ပင်မှု မရှိခြင်း အာဝရဏာဘာဝသည် ဝေဘာသိကဝါဒ၌ အာကာသ၏ အသွင်သဏ္ဌာန် ဖြစ်၏၊ သရုပ် မဟုတ်ကြောင်း ပြီးမြောက်၏၊ ဝေဘာသိကတို့သည် ဘာဝရုပ်ကို လက်ခံကြလေသည်။

(၂) **ပတိသခ်္ခာနိရောဓ**—ပတိသခ်္ခာ၏ အဓိပ္ပါယ်မှာ ပညာ**ဝါ**-ဉာဏ် ဖြစ်၏၊ ပညာကြောင့် သာသဝဓမ္မတို့ အသီးသီး ကင်းကွာသွား ကြ၏၊ ပညာဖြစ်ပေါ်၍ တစုံတခုသော သာသဝဓမ္မ အာရုံ၌ ရာဂ လုံးဝ စွန့်ခွာလိုက်ပါမှ ထိုဓမ္မအတွက် ပတိသခ်္ခာနိရောဓ ဖြစ်၏၊ သဂ္ဂါယဒီဋ္ဌိသည် အလုံးစုံသော ကိလေသာတို့ကို ဖြစ်ပေါ်စေသကဲ့သို့ပင်တည်း၊ ထို့ကြောင့် ဉာဏ်ဖြင့် ဤအလိုဆန္ဒ၏ အခြင်းခပ်သိမ်း ချုပ်ငြိမ်းပေးခြင်းသည် ယင်းအသခ်ိတဓမ္မ၏ သရုပ်ဖြစ်၏၊ ဤအချက်နှင့် ပတ်သက်၍ ဝသုဗန္ဓု စဉ်းစားသည်မှာ သံယောဇဉ် တခု ချုပ်ခြင်းကြောင့် အလုံးစုံသော အနှောင်အဖွဲ့တို့ လွတ်မြောက်မည်လော၊ မဟုတ်ပါ၊ သံယောဇဉ်တို့ ချုပ်ခြင်းသည် တခုတခုစီ အသီးသီးဖြစ်၏၊နောက်ဆုံးတွင်မှ အလုံးစုံသော သံယောဇဉ် အနှောင်အဖွဲ့တို့ လွတ်မြောက်၏၊ ယင်း နိရောဓ၏ အလယ်ဗဟို သည် နိဗ္ဗာန်နှင့် အညီအမျှ ဖြစ်၏။

(၃) **အပတိ သင်္ခါ နိရောဓ**—ပညာနှင့် ကင်းမဲ့ ချုပ်ငြိမ်းခြင်း နိရောဓ ဖြစ်ခြင်းပင်တည်း၊ ယင်းသည် အထက်က ဆိုခဲ့သော ပညာနှင့်ကင်းမဲ့ သဘာဝ အတိုင်း ချုပ်ခြင်းကြောင့် အပတိသင်္ခါ နိရောဓ အမည်ရခြင်း ဖြစ်၏၊ မီးစာ ကုန်သောကြောင့် အလို အလျောက် မီးငြိမ်းသွားသော သဘောမျိုး ဖြစ်၏၊ ယင်းချုပ်ခြင်း၏ ထူးခြားချက်မှာ နောင်အခါ ထိုတရား တပ်၍ မဖြစ်ခြင်းပင်၊ ပတိသင်္ခါ နိရောဓ၌ အာသဝကွယ ညာဏ် ဖြစ်၏၊ ဤအပတိသင်္ခါ နိရောဓ၏ အကျိုးဖလကား အနုပ္ပါဒညာဏ် ဖြစ်၏၊ အနာဂတ်တွင် ရာဂ အစရှိသော ကိလေသာတို့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်၍ သတ္တဝါသည် ဘဝစက်မှ အစဉ် လွတ်မြောက်ရေး မုတ္တိလာဘ်လာဘကို ရယူသွားလေသည်။

ဤမမှတရား သုံးပါးမှာ ထင်ရှား၍ နိစ္စဖြစ်၏၊ ထို့ကြောင့် တခု ထက်လွန်သော ဟေတုပစ္စည်း ကင်းသော နိစ္စမမှ၏ သတ္တာကို လက်ခံသော ဝေဘာသိကတို့အား နာနတ္တဝါဒီဟု ခေါ်ဝေါ်နိုင်၏၊ ယောဂါစာရတို့၏ အသင်ခံတမမှကား ထိုထက်ပင် နှစ်ဆတက်၏၊ ရှေးဦးစွာသော မမှသုံးပါးမှာ ဖော်ပြပါ အတိုင်းဖြစ်၍ အသစ်ဖြစ်သော မမှသုံးပါးမှ (၄)အစလ, (၅)ဝေဒနာ သညာ နိရောဓနှင့် (၆)တထတာ ဖြစ်၏၊ ဤ မမှသုံးပါးမှာ ဝိညာဏဝါဒီတို့၏ ပရမတ္ထနှင့် ဆက်စပ်နေ၍ ထိုအခန်းသို့ ရောက်မှ ဖွင့်ဆိုပါမည်။

အခါကာလ

ဗုဒ္ဓ ဒဿန ဆရာတို့ အမြဲ ဝိဝါဒ ဖြစ်နေသော အကြောင်း တခုမှာ 'အခါကာလ' ဖြစ်၏၊ အမျိုးမျိုးသော ဗုဒ္ဓဝါဒ ဂိုဏ်းဂဏတို့သည် ယင်းကာလနှင့် ပတ်သက်၍ အမျိုးမျိုး ယူဆကြသည်၊

သုတ္တန္တိကတို့အမြင်၌ ပစ္စုပ္ပန် ကာလသည်သာ အစစ်အမှန် ဖြစ်၏၊ အတိတ်နှင့် အနာဂတ်၏ သတ္တာမှာ တည်ရာမရှိ ဖြစ်၍ စိတ်ကူးယဉ်ခြင်းသာ ဖြစ်၏၊ သဗ္ဗတ္ထိဝါဒီတို့၏ ကာလနှင့် ပတ်သက်သော ယူဆချက်ကား သူတို့၏ အမည် နာမ အတိုင်းပင် အလုံးစုံသော ဓမ္မသည် ကာလသုံးပါး၌ တည်ရှိ၏၊ ပစ္စုပ္ပန်, အတိတ်နှင့် အနာဂတ် ဟူသော ကာလသုံးပါး၏ သတ္တာ စင်စစ်ရှိ၏၊ ဤအယူအဆကို ဝသုဗန္ဓုသည် ယုတ္တိ လေးပါးဖြင့် ထင်ရှားစေ၏—

(က) **တဒုတ္တေ**— ဗုဒ္ဓမြတ်စွာသည် သံယုတ္တာဂမ၌ ကာလသုံးပါး၏ သတ္တာကို-'ရူပမနိစ္စံ အတီတံ အနာဂတံကော ပုနဝါဒေါ ပစ္စယုပ္ပန္နဿ'—ဟုဥပဒေသ ပေးခဲ့၏၊ အဓိပ္ပါယ်မှာ ရူပ်သည် အနိစ္စ ဖြစ်၏၊ အတိတ်, အနာဂတ်၌ ဖြစ်၏၊ ပစ္စုပ္ပန်မူ အဘယ် ဆိုဖွယ်ရှိမည်နည်း ဟူသတည်း။

(ခ) **ဒုယာ**— ဝိညာဉ်သည် အကြောင်း နှစ်ပါးကြောင့်ဖြစ်၏၊ စက္ခု ဝိညာဉ်သည် မျက်စိနှင့်ရူပ်ကြောင့် ဖြစ်၏၊ သောတ ဝိညာဉ်သည် နားနှင့် အသံကြောင့် ဖြစ်၏၊ ထို့အတူ မနော ဝိညာဉ်သည် စိတ်နှင့် ဓမ္မကြောင့် ဖြစ်၏၊ အကယ်၍ အတိတ်နှင့် အနာဂတ် ဓမ္မ မရှိခဲ့သော် မနောဝိညာဉ်သည် အရာဝတ္ထု နှစ်ခုတို့ကြောင့် မည်သို့ ဖြစ်နိုင်မည်နည်း။

(ဂ) **သဒ္ဒိသယာ**— ဝိညာဉ်အတွက် အာရုံဝိသယ၏ သတ္တာ ရှိသောကြောင့် ဝိညာဉ်သည် အာရုံ ဝိသယကို ယူ၍ ဖြစ်ရခြင်းဖြစ်၏၊ အကယ်၍ အတိတ်နှင့် အနာဂတ် ဝတ္ထုတို့ မရှိလျှင် ဝိညာဉ်၏ မှီတွယ်ရာ အာရုံ ဝိသယ မရှိ ဖြစ်ရာ၏။

(ဃ) **ဖလာ**—အကျိုးဖလ ဖြစ်သောကြောင့် ယင်းသော အခါ ဝိပါက်၏ အကြောင်းသည် အတိတ်ဖြစ်သွား၏၊ အတိတ် ကံတို့၏

အကျိုးဖလသည် ပစ္စုပ္ပန်၌ ရ၏၊ အကယ်၍ အတိတ် မရှိပါလျှင် အကျိုးဖလ ဖြစ်ရန် အကြောင်း မရှိချေ၊ ထို့ကြောင့် သဗ္ဗတ္ထိဝါဒီတို့၏ အမြင်၌ အတိတ်နှင့် အနာဂတ်၏ သတ္တာသည် ပစ္စုပ္ပန်၌ ထင်ရှားရှိ၏။

ဤယုတ္တိကို သုတ္တန္တိကတို့ လက်ခံရန် အသင့် မရှိကြချေ၊ သူတို့အမြင်တွင် ယင်းတို့၏ အယူအဆသည် ဗြာဟ္မဏတို့၏ နိစ္စ ဌာတိနှင့် တက္ကိကတို့၏ သဿတဝါဒအား အလျော်ဖြစ်၏၊ သုတ္တန္တိကတို့ အယူအဆမှာ အတ္ထ, ကိုယာ ပြုလုပ်သူနှင့် ယင်း၏ ထင်ရှားရှိခြင်း ဟူသော ကာလသုံးပါးတွင် ဘယ်နည်းနှင့်မျှ အကြား=အန္တရ မရှိနိုင်ချေ၊ သူတို့သည် ဝေဘာသိကတို့၏ အတိတ်ကံက ပစ္စုပ္ပန် အကျိုးကို ပေးနိုင်သည်ဆိုသော ယုတ္တိကို ဆန့်ကျင်ကြ၏၊ ကံနှစ်ပါးတို့ အချင်းချင်း အညီအမျှဖြစ်၍ အကျိုးဖလတို့ ဖြစ်ကြ၏ ဟူသော အခြေအနေတွင် အတိတ်နှင့် ပစ္စုပ္ပန်၏ကွဲပြားချက် မည်သို့ ဖြစ်မည်နည်း၊ ဝတ္ထုနှင့် ပြုသူတွင် အကယ်၍ အကြား အန္တရ ရှိနေပါသော် ယင်းပြုသူသည် ဘယ်အခါ ကာလ၌ ဖြစ်ရန် အကြောင်းရှိတော့မည်နည်း၊ ကာလတပါး ပိတ်၍ သွားချိမ့်မည်၊ အတိတ်က ကိလေသာတို့ကြောင့် ပစ္စုပ္ပန် ကိလေသာ မဖြစ်, စင်စစ် သုတ်သင်ရန် ကြင်းကျန်နေသော ထိုကိလေသာတို့ကြောင့် ကိလေသာသစ်တို့ ဖြစ်ကြခြင်းဖြစ်၍ ယင်းကာလ အယူအဆကို သုတ္တန္တိကတို့ လက်မခံကြခြင်း ဖြစ်လေသည်။

ဝေဘာသိက အယူဝါဒ၏ ပဓာနဖြစ်သော ဆရာ လေးဦးတို့ အချိန်ကာလနှင့် ပတ်သက်၍ ထူးခြား ကွဲပြားချက်ကို ဝသုဗန္ဓုသည် အဘိဓမ္မကောသ၌ ကိုးကား ဖော်ပြထားလေသည်-

(၁) **ဘဒန္တ ဓမ္မတြာသ**--ရှင်ဓမ္မတြာသ၏ အယူဝါဒ၌ အတိတ်, ပစ္စုပ္ပန်နှင့် အနာဂတ်တွင် သတ္တာ၏ တည်ရာရှိ၏။ အနာဂတ် ဝတ္ထုသည် မိမိ၏ အနာဂတ် အဖြစ်ကို စွန့်၍ ပစ္စုပ္ပန်သို့ ရောက်ပါလျှင် ယင်းသည် ပစ္စုပ္ပန်ကို လက်ခံလိုက်၏။ ထိုဒြေတွင် ဘယ်နည်းနှင့်မျှ အပြောင်းအလဲ မရှိချေ၊ ဥပမာ နို့သည် ဒိန်ဖြစ်သွားရာသူ၏ အဖြစ်မှာ ပြောင်းလဲသွား၏၊ အရသာ အစရှိသော အဖြစ်ကဲ့ပြားသော်လည်း နို့ဝတ္ထု၌ တစုံတရာ အပြောင်းအလဲ မရှိချေ။

(၂) **ဘဒန္တ ဃောသ**-- ရှင် ဃောသ ပြောပြသည်မှာ အတိတ် ဝတ္ထုသည် အတိတ် လက္ခဏာနှင့် ယှဉ်သော်လည်း ယင်းသည် ပစ္စုပ္ပန်နှင့် အနာဂတ် လက္ခဏာကို စွန့်လွှတ်ခြင်း မရှိချေ၊ ထို့အတူ ပစ္စုပ္ပန် ဝတ္ထုသည် ပစ္စုပ္ပန် လက္ခဏာနှင့် ယှဉ်သော်လည်း အတိတ်, အနာဂတ် လက္ခဏာနှင့် ကင်းကွာခြင်း မရှိချေ၊ ဥပမာ လှပသော လုံမပျို တဦး၌ စဲ့မက်နေသူသည် အခြား လှပသော လုံမပျို တဦး အား တပ်မက်မှု မကင်းချေ၊ သူသည် ချစ်သူ တဦးကို စဲ့မက်နေသော်လည်း အခြား ချစ်အပ်သူ တဦးကိုလည်း မခွာရက် သကဲ့သို့ တည်း။

(၃) **ဘဒန္တ ဝသုမိတြ**-- ကာလ သုံးပါးတို့၌ ကဲ့ပြားခြင်းသည် အခိုက်အတန့်၏ ပြောင်းလဲခြင်းသာ ဖြစ်၏၊ ဤ အခိုက်အတန့်ဖြင့် ဆိုလိုသည်မှာ ကံကြောင့် ဖြစ်ခြင်းပင်၊ တစုံတခုသော ဝတ္ထုသည် အကယ်၍ ကံဖြစ်ပြီးပါလျှင် **အတိတ်**ဖြစ်သွား၏၊ အကယ်၍ ကံသည် ပြုလုပ်နေပါသော် ပစ္စုပ္ပန်ဖြစ်၍ အကယ်၍ ကံ၏ အားထုတ်မှု ယခုမဖြစ်သေးသော် ယင်းသည် အနာဂတ် ဖြစ်၏၊ ထို့ကြောင့် ဓမ္မတို့၏ အခိုက်အတန့်ပြုခြင်းသာ ကဲ့ပြား၏၊ ဒြဗ်မှာ မကဲ့ပြားချေ။

(၄) **ဘဒန္တ ဗုဒ္ဓဒေဝ**—ရှင် ဗုဒ္ဓဒေဝ၏ အယူအဆမှာ အမျိုးမျိုးသောခဏတို့ ချုပ်ခြင်းကြောင့် ဓမ္မတို့တွင် ကာလကို ကြုံဆခြင်း ဖြစ်၏၊ ပစ္စုပ္ပန်နှင့် အတိတ်ကို ငဲ့၍ တစုံတခုသော အရာဝတ္ထု၏ အမည်မှာ အတိတ် ဖြစ်ရ၏၊ အတိတ်နှင့် ပစ္စုပ္ပန်ကို ငဲ့သောကြောင့် အနာဂတ်ဟု ခေါ်ခြင်းဖြစ်၏၊ ဥပမာ အမျိုးသမီး တယောက်သည် သမီး, မယားနှင့် အမေ ဟူသော အမည်ကို ရသကဲ့သို့တည်း၊ ယင်းသည် အဖေ၏ အမြင်ဖြင့် သမီး ဖြစ်၏၊ လင်ကိုငဲ့၍ သူသည် မယားဖြစ်ပြီး သားကို ငဲ့၍ သူ့ကို အမေဟု ခေါ်ဝေါ်၏၊ စင်စစ် တခုတည်း ဖြစ်သော်လည်း ငဲ့ခြင်းကို ပြု၍ အမည် နာမ ကွဲပြားခြားနားရခြင်း ဖြစ်လေသည်။

ဤ အယူအဆ လေးမျိုးတို့တွင် တတိယမြောက် ဝါဒကို ဝေဘာသိကတို့ နှစ်သက်ကြသည်၊ ရှင် ဝသုမိတြ၏ အယူအဆသာ အကောင်းဆုံး ဖြစ်၏၊ အကြောင်းကား ယင်းသည် ကြိယာ အားဖြင့် အခါကာလ၏ အခိုက်အတန့်ကို ပြုသောကြောင့် ဖြစ်၏၊ ရှင် ဓမ္မတြာသာ၏ အယူအဆမှာ သင်္ခါ အဘိဓမ္မာ ဆရာတို့၏ အတုလိုက်ခြင်း ဖြစ်၏၊ ရှင် ဃောသ၏ ကြုံစည်ချက်မှာ တချိန်တည်းသော ဝတ္ထု၌ ကာလသုံးပါး၏ လက္ခဏာ တည်နေ၍ မဖြစ်နိုင်ချေ၊ ရှင်ဗုဒ္ဓဒေဝ၏ အယူအဆလည်း လည်ချိန်နေ၏၊ အကြောင်းကား သူ၏ အမြင်၌ တချိန် တည်းမှာပင် ကာလသုံးပါး တည်ရှိနေသောကြောင့် ဖြစ်၏၊ ထို့ကြောင့် ရှင် ဝသုမိတြ၏ ယူတို့ကို ဝေဘာသိကတို့ အခါခပ်သိမ်း လက်ခံကြခြင်း ဖြစ်လေသည်။

* * *

သုတ္တန်ိုက

ဗဟိဒ္ဓါ နုမေယ ဝါဒ

သဗ္ဗတ္ထိ ဝါဒီတို့ကို ဝေဘာသိက ဂိုဏ်းအဖွင့်ဌ ဖော်ပြခဲ့ပြီး ဖြစ်၏၊ သုတ္တန်ိုက ဝါဒလည်း သဗ္ဗတ္ထိဝါဒီတို့၏ ဒုတိယ ထင်ရှားသော ဂိုဏ်းကဲ့ ဖြစ်၍ ယင်းဂိုဏ်းနှင့် ပတ်သက်သော အချက်အလက်တို့ကို အစဉ်အတိုင်း ဖော်ပြရန်မှာ ဤအခန်း၏ အကြောင်းအရာ ဖြစ်၏၊ သို့ရာတွင် သမိုင်း အထောက်အထား နည်းပါးလှသောကြောင့် ဤဂိုဏ်း ပေါ်ပေါက်ခြင်း အကြောင်းမှာ မည်မျှမည်တ် ဖြစ်နေ၏၊ သုတ္တန်ိုက ဂိုဏ်းဂဏ၏ အယူအဆကို အပြည့်အစုံ ဖော်ပြသော ကျမ်းစာ အခိုင်အမာပင် ယနေ့တိုင် မတွေ့ရသေးချေ၊ အခြား ဗုဒ္ဓဝါဒ ဂိုဏ်းဂဏများနှင့် ဂျိန်း, ဗြာဟ္မဏ ဒဿနိကတို့၏ ကျမ်းစာတို့၌ ယင်းဂိုဏ်း၏ အယူအဆကို အသီးသီး အလျဉ်းသင့်သလို ညွှန်းဆိုကြ၏၊ ယင်း ညွှန်ပြချက်တို့ကို ပေါင်းစုပြီး ဤဂိုဏ်းအား အကျဉ်းသခင်ပ တင်ပြရခြင်း ဖြစ်၏။

သုတ္တန်ိုကဟု အမည်ရခြင်း အကြောင်းမှာ ထိုသူတို့သည် သုတ္တန်ကိုသာ ဗုဒ္ဓအယူအဆကို ဆုံးဖြတ်ရန် ပမာဏိက ယူကြည်ကြသည်၊ ဝေဘာသိကတို့သည် အဘိဓမ္မာ၏ ဝိဘာသာဋ္ဌိကာကို အကြွင်းမရှိ လက်ခံကြ၏၊ သို့ရာတွင် ဤအယူဝါဒကို ယုံကြည်ကြသော ဒဿနိက ဆရာတို့သည် အဘိဓမ္မာ ပိဋကကိုပင် ဘုရားဟောဟု မယူဆကြချေ၊ ဝိဘာသာကိုကား ဆိုဖွယ် မရှိချေ၊

တထာဂတ၏ အဇ္ဈတ္တိက ဥပဒေသဖြစ်သော သုတ္တနိပါတ်မှ သုတ် အချို့၌ ကောင်းစွာ သက်ဝင်ကြ၏၊ အဘိဓမ္မာသည် ဘုရားဟောမဟုတ်, သုတ္တန်သာလျှင် ဗုဒ္ဓ၏ သခ်ၸာစာ စင်စစ်ဟု ယူဆ ယုံကြည်ကြသောကြောင့် သုတ္တန္ဓိက အမည်ဖြင့် ထင်ရှားခြင်း ဖြစ်လေသည်။

ကျမ်းဆရာများ

(၁) **ကုမာရလာတ**— ဤအယူဝါဒကို ထွန်းပြသော ဆရာ အချို့ကိုသာ ယခုအခါ စုံစမ်း သိရ၏။ ဤအယူဝါဒကို တည်ထွင်သူ၏ အမည်မှာ ကုမာရလာတ ဖြစ်၏၊ ဟုန်စိန်သည် သူ့ကို သုတ္တန္ဓိက အယူဝါဒအား တည်ထောင်သူ အဖြစ် ပြောပြ၏၊ သူသည် တက္ကသိုလ်ပြည်၌ နေ၏၊ ထိုမှ တဆင့် ကဗန္ဓတိုင်းသို့ သွား၏၊ ထိုမင်းသည် သူနေရန်အတွက် မိမိ၏ မြေ့လျော်ဖွယ် နန်းပြာသာဒ် တဆောင် ပေး၏၊ ကုမာရလာတသည် ဤတွင် နေ၍ ကျမ်းဂန် ပြုစု၏၊ တရုပ် ရဟန်းတော်တို့သည် ထိုကျောင်း သခ်ၸာ၌ တည်းခိုခဲ့ကြ၏၊ အဿဃောသ, ဒေဝ နာဂဇုန်နှင့် အတူ နေလေးစင်းတို့တွင် ရေတွက်ကြသည်၊ ထို့ပြင် သူ၏ ပြန့်ပြောသော အရှိန်အဝါနှင့် အလောကိကဖြစ်သော ပညာရှိ အဖြစ်ကို အတော်အတန် လေ့လာ စုံစမ်းခွင့်ရခဲ့၏၊ သူ၏ကျမ်း၌ ဘုရင် ကနိသ္ကကို လွှန်လေပြီးသော အတိတ်ကာလ အဖြစ်ဖြင့် ရေးသားထား၏၊ ထို့ကြောင့် သူ၏ ခေတ်မှာ ကနိသ္ကက၏ နောက်၌ ဖြစ်ပေမည်၊ ဒုတိယ ရာစု၌ ထင်ရှားသော နာဂဇုန်နှင့် ခေတ်ပြိုင် ဖြစ်နိုင်ဖွယ် ရှိလေသည်။

ကုမာရ လာတ၏ ကျမ်းစာ တပိုင်းကို လက်ရေးမူဖြင့် ဒေါက်တာ လူဒါစ် ဆိုသူ တွေ့၍ ကြိုးကြိုးစားစား ပုံနှိပ်ထား၏၊ ယင်း

ကျမ်းစာ အမည် အပြည့်အစုံမှာ 'ကပ္ပနာ မဏ္ဍတိက ဒိဋ္ဌန္တ ပန္ဒိ' ဖြစ်၏၊ အဓိပ္ပာယ်မှာ အတွေး အခေါ်ဖြင့် တန်ဆာဆင်အပ်သော ပုံဝတ္ထုတို့၏ အစဉ်တည်း၊ 'ကပ္ပနာ မဏ္ဍတိက' နေရာ၌ 'ကပ္ပနာ အလင်္ကာရိတ' ဟုလည်း တွေ့ရ၏၊ တရုပ်ဘာသာ၌ 'သုတ္တာလင်္ကာရ' အမည်ရှိသော ကျမ်းတခုရှိရာ ယင်းကို အဿဃောသ စီရင်သည်ဟု ဆို၏၊ သို့ရာတွင် ယင်းဘာသာပြန် ကျမ်းနှစ်ခုကို တိုက်ဆိုင်ကြည့်ရာ တခုတည်း ဖြစ်နေ၏၊ ထို့ကြောင့် မျှားစ္ဌာသော ပညာရှိတို့က ထိုတရုပ် ဘာသာပြန် ကျမ်းမှာ သုတ္တာ လင်္ကာရလည်း မဟုတ်, ကျမ်းပြုသူလည်း အဿဃောသ မဟုတ်ဟု ယူဆကြသည်၊ သို့ရာတွင် အခြား ပညာရှင်တို့ကလည်း ဤကျမ်းကို မှီငြမ်းပြု၍ အဿဃောသ စီရင်သော သုတ္တာလင်္ကာရကျမ်း ရှိကြောင်း ယခုတိုင် ပြောဆို နေကြသေး၏၊ မည်သို့ဖြစ်စေ ကပ္ပနာ မဏ္ဍတိက ဆရာကုမာရလာတ၏ အစီအရင် ဖြစ်ကြောင်းကို ယင်းကျမ်းတွင် ပါဝင်သော အချက်အလက် မျှားစ္ဌာတို့ဖြင့် သိရလေသည်၊

ဤကျမ်းသည် ဇာတကနှင့် အပဒါန်ကဲ့သို့ ဗုဒ္ဓဓမ္မ သင်္ဂြိုဟ်းစာပေးသော ဓမ္မိက ဖြစ်၍ စိတ်ဝင်စားဖွယ် ပုံဝတ္ထုတို့၏ အနှစ်သာရ အပေါင်း အစုဖြစ်၏၊ ဘာသာမှာ သန့်ရှင်းသော သက္ကတ စာပေ ဖြစ်လျက် ဂါထာ စကားပြေ နှစ်ထွေ ရောနှောနေ၏၊ ပုံဝတ္ထုတို့မှာ စကားပြေဖြစ်၍ အရာဌာနအားလျော်စွာ အရိယာ၊ ဝသန္တတိလက အစရှိသော ဆန်းတို့၌ အရသာရှိသော ဂါထာတို့ကို ကျူးရင့်၏၊ ကျမ်း၏ မျှားစ္ဌာသော ပုံဝတ္ထုတို့သည် သဗ္ဗတ္ထိဝါဒီတို့၏ ဝိနယ ပိဋကမှ ထုတ်ဆောင်ခြင်းတို့ ဖြစ်၏၊ ဤကျမ်းတွင် အစဉ် ဗုဒ္ဓဓမ္မ၏ မြတ်နိုးဖွယ် သင်ကြားချက်မျှား ပေးသွား၏၊ ယင်းကို ထင်ရှားစေရန် စကားပြေ ပုံပြင်တို့ကို ထုတ်ဆောင်ခြင်း

ဖြစ်၏၊ ပုံပြင်တို့တွင် ကိုးကွယ် ဆည်းကပ်မှုနှင့် ပူဇော်မှုကို အထူးပြုသွားလေရာ မဟာယာနမှ အရိပ် အရောင်များ ဖုံးလွှမ်းနေ၏၊ 'နမော ဗုဒ္ဓါယ' ဟူသော မန္တန်ကို သရဇ္ဈာယ်သူအား ပဋ္ဌိသန္ဓေနေရခြင်း ဘေးဒုက္ခမှ လွတ်မြောက်နိုင်ကြောင်းကို စိတ်ဝင်စားဖွယ် ဖွင့်ဆိုသွား၏၊ ဤကျမ်း၏ အရေးပါ အရာရောက်ခြင်းမှာ စာပေအနေသာ မဟုတ်, စင်စစ်မှာ ယဉ်ကျေးမှု အတွက်လည်း ဖြစ်၏၊ ထိုစဉ်အခါက လူ့အဖွဲ့အစည်း၏ တောက်ပသော ရုပ်ပုံကို ဤစမ္ဘီက ပုံဝတ္ထုတို့အတွင်းမှ ဖော်ပြနေ၏၊ ယင်းတို့မှာ လွန်စွာ အဖိုးထိုက်တန်၍ အရေးလည်း ကြီးလှပေသည်။

(၂) **သိရီလာဘ**— ကုမာရ လာတ၏ သုတ္တန္တိက ဝါဒ နောက်လိုက်သော တပည့်မှာ သိရီလာဘ ဖြစ်၏၊ ဆရာကဲ့သို့ပင် ထူးခြားသောသူ၏ အယူအဆကိုလည်း စုံစမ်း မရချေ၊ နိဗ္ဗာန်နှင့် ပတ်သက်သော အချက် အလက်မျှသာ ဗုဒ္ဓကျမ်းဂန်တို့၌ တွေ့ရ၏၊ သူသည် မိမိ အယူဝါဒ အကြောင်းကို 'သုတ္တန္တိက ဝိဘာသာ' အမည်ရှိ ကျမ်း၌ ရေးခဲ့ကြောင်း တရုပ် ဘာသာပြန် ကျမ်းတို့မှ သဲလွန်စ ရ၏၊ သို့ဖြင့် သိရသည်မှာ သူသည် လွန်စွာ တောက်ပသော ဒဿနိက ဆရာဖြစ်၏၊ အလွန် ဆန်းသစ်သော အယူဝါဒတို့ကို ထုတ်ဖော်၍ လမ်းသစ် တည်ထွင်ပေးသော ဟူ၏။

(၃) **ဓမ္မတြာဘနှင့် (၄) ဗုဒ္ဓဒေဝ**—ဤဆရာ နှစ်ဦးလုံး သုတ္တန္တိက ဝါဒီ ဖြစ်၏၊ သူတို့၏ အယူအဆနှင့် အရေးအသားတို့ကို လုံးဝ မတွေ့ရချေ၊ အဘိဓမ္မ ကောသဋ္ဌ ဝသုဗန္ဓုသည် သူတို့၏ အခါကာလ အကြောင်းအရာ အယူအဆတို့ကို ကောင်းစွာ ဖွင့်ဆိုသွား၏၊ ထိုကြောင့် ဝသုဗန္ဓုထက် ရှေးကျခြင်း သို့မဟုတ် ခေတ်ပြိုင်ဖြစ်

ခြင်းကို ဆုံးဖြတ်နိုင်၏၊ သူ၏ အရေး အသားမှာ သူတို့အား လေးစားခြင်းနှင့် မြတ်နိုးခြင်းကို ထင်ရှားစေလေသည်။

(၅) **ယသောမိတြ**— သူသည်လည်း သုတ္တန္တိက အယူဝါဒကို သာ မြတ်နိုးသော ဆရာဖြစ်၏၊ ဤအကြောင်းကို သူကိုယ်တိုင် ဝန်ခံ၏၊ သူ၏ ပြည့်စုံ ကြွယ်ဝသော ကျမ်းမှာ အဘိဓမ္မကောသ၏ ကျယ်ဝန်းသော အဖွင့်ဖြစ်သည့် 'ဖုဋ္ဌတ္ထာ' ဖြစ်၏၊ ယင်း ဋီကာ ကျမ်းသည် ဗုဒ္ဓဓမ္မ၏ တောက်ပသော ရတနာဖြစ်၏၊ ယင်း အာနုဘော်ဖြင့် တိမ်မြုပ်နေ၍ လူသိနည်းသော အယူဝါဒတို့အား တွန်းပြလိုက်၏၊ ယသောမိတြ၏ ရှေးဦးစွာ ဂုဏ်မတိ, ဝသုမိတြနှင့် အခြားသော ဋီကာဆရာတို့လည်း ယင်းကောသ၏ အဖွင့်ကို စီရင်ကြ၏၊ သို့ရာတွင် ထိုရှေးဟောင်း ဋီကာတို့သည် ယခုအခါ ပျောက်ကွယ်လေကုန်ပြီ၊ ယင်း ဋီကာ ကာရိကာ တို့နှင့် အတူအကွ ဘာသျှ၏ ဋီ.ကာလည်း ရှိ၏၊ ဝသုဗန္ဓု၏ ယင်းဘာသျှမှာ မူလသက္ကတဘာသာ ရနိုင်သော်လည်း ယခုတိုင်အောင် ဖြန်ချိခြင်း မရှိချေ၊ ထို့ကြောင့် ဖုဋ္ဌတ္ထ၏ မျှားစွာသော အကြောင်း အရာတို့မှာ မထင် မရှားဖြစ်ရကုန်၏၊ ဤကျမ်းမှာ အဖိုးအနှဲ့ ထိုက်၏၊ ယင်းအကူအညီဖြင့် ကောသ၏ အခက်အခဲတို့ကို ဖြေရှင်းနိုင်၏၊ ရှေးအယူအဆတို့ကို ဖွင့်ဆို သည်နှင့် အတူ တကွ မျှားစွာသော သိမှတ်ဖွယ် သမိုင်းအချက်အလက်တို့ဖြင့် ပြည့်နက်နေ၏။

သုတ္တန္တိကတို့သည် ဝေဘာသိကတို့၏ အခြားမဲ့တွင် ထင်ရှားပေါ်ပေါက်ခဲ့၏၊ အကြောင်းမှာ ယင်းဝါဒ၏ ပဓာန အယူအဆသည် ဝေဘာသိက ကျမ်းတို့၏ အဆိုအမိန့်တို့၌ အနှံ့အပြား တွေ့ရသောကြောင့်တည်း၊ ဝသုဗန္ဓုသည် အဘိဓမ္မကောသ၏ ကာရိကာ၌ စင်ကြယ် သန့်ရှင်းသော ဝေဘာသိက အယူ အဆကို ဖွင့်ပြ၏၊

သို့ရာတွင် ကောသ၏ ဘာသာသည် အချို့သော အယူအဆတို့၌ အပြစ်ပြုပြီး ချေဖျက် သွား၏။ ယင်း ချေပချက်မှာ သုတ္တန္တိက ရှုထောင့်မှ ဖြစ်ကြောင်း ထင်ရှား၏။ ပဌမဆုံး ချေပသူမှာ သံဃဘဒြ ဖြစ်၏။ သူသည် ဝေဘာသိက ဖြစ်လျက် သူ၏ ကျမ်းတွင် ဝသုဗန္ဓု၏ အယူအဆကို ဆန့်ကျင် ဝေဘန်၏။ သို့ရာတွင် သုတ္တန္တိက ဖြစ်သော ယသောမိတြသည် ယင်း အတွေးအဆကို မိမိ၏ 'ဖုဋ္ဌတ္ထာဝုတ္တိ'၌ ထောက်ခံ ရေးသား ထားသောကြောင့် ထိုနှစ်ဦး၏ အယူအဆမှာ တူမျှနေလေသည်။

အယူအဆ

သတ္တာ၏ အကြောင်း အရာနှင့် ပတ်သက်၍ ယူဆရာမှာ သုတ္တန္တိကတို့သည် သဗ္ဗတ္ထိဝါဒီတို့ ဖြစ်ကြ၏။ သူတို့၏ အမြင်တွင် ဓမ္မတို့၏ သတ္တာသည် မြတ်နိုးစရာ ဖြစ်၏။ သူတို့သည် စိတ် ဝိညာဉ်၏ သတ္တာကိုသာ လက်ခံသည် မဟုတ်, စင်စစ် အပ ဗဟိဒ္ဓ အရာဝတ္ထုတို့၏ သတ္တာကိုလည်း လက်ခံကြ၏။ မျှားစွာသော အသေးစိတ်အထား ပမာဏတို့ပေါ်မှာ သူတို့သည် ဝိညာဏဝါဒကို ပယ်ဖျက်ပြီး မိမိတို့ ဝါဒကို တင်ထားကြ၏။

ဝိညာဏဝါဒီတို့၏ ခံယူချက်မှာ ဝိညာဉ်သည်သာ တခုတည်းသော သတ္တာ ဖြစ်၏။ ဗဟိဒ္ဓ အရာဝတ္ထု၏ သတ္တာကို ယုံကြည်ခြင်းမှာ မှားယွင်းခြင်းနှင့် ကြုံဆခြင်းပေါ်မှာ တည်ရှိ၏ ဟူသတည်း။ ဤဝါဒကို သုတ္တန္တိကတို့ ချေပကြသည်မှာ အကယ်၍ ဗဟိဒ္ဓ ဝတ္ထု၏ သတ္တာကို လက်မခံပါလျှင် သူတို့၏ ကြုံစည်အပ်သော တည်ထားခြင်းလည်း သင့်လျော်သော အဖုံ့ မဖြစ်နိုင်၊ ဝိညာဏဝါဒီတို့၏ မှားယွင်းခြင်းအကြောင်း ပြောပြချက်ပင်လျှင် ဝိညာဉ်

သည် ဗဟိဒ္ဓ ဝတ္ထုတို့နှင့် ညီမျှခြင်းမှာ ထင်ရှား၏၊ ယင်းညီမျှခြင်း၏ ဆုံးဖြတ်ချက်သည် ယုတ္တိရှိလျှင် ဗဟိဒ္ဓ ဝတ္ထုသည် စင်စစ် ထင်ရှား၏၊ သို့မဟုတ်က အမြဲ့မ၏သားနှင့် တူသည်ဆိုသော စကားသည် အကျိုး မရှိဖြစ်သကဲ့သို့ ထင်ရှားမရှိသော ဗဟိဒ္ဓ ဝတ္ထုနှင့် တူသည်ဆိုသော စကားလည်း အချည်းနှီးသာတည်း။

(၁) ဝေဘာသိကတို့သည် ဗဟိဒ္ဓ အနက်၏ အကြောင်းပစ္စယကို လက်ခံကြသည်၊ အပြစ်ကင်းသော ဣန္ဒြေတို့ဖြင့် ဗဟိဒ္ဓ အနက်ကို ၎င်းဖြစ်သည်၊ ထို့အတူ သူဖြစ်သည် ဟူသကဲ့သို့ သိ၏ ဟူ၏၊ သို့ရာတွင် သုတ္တန္တိကတို့သည် ဤအပေါ်မှာ ချေပကြသည်၊ အရာဝတ္ထု ဟူသမျှ ခဏိက ဖြစ်ကုန်၏၊ ဘယ်ဝတ္ထု၏ ရုပ်သွင်မျှ မျက်မှောက် မဖြစ်၊ အကြင် ခဏဌာ် တစုံတရာ ဝတ္ထုနှင့် အတူတကွ ၎င်တို့ ဣန္ဒြေတို့အား ယှဉ်၏၊ ထိုခဏဌာ် ယင်းဝတ္ထုသည် ပဌမ ခဏမှာ ဖြစ်ပြီး၍ အတိတ်၏ ဝမ်းတွင်းသို့ ဝင်ပြီးနေလေသည်၊ ထိုမှဖြစ်သော ခံစားချက်သာလျှင် ကြွင်းကျန်နေ၏၊ ပစ္စက္ခဖြစ်သော အရာဝတ္ထုတို့၏ အပြာ, အဝါ အစရှိသော ရုပ်ပုံမှာ စိတ်၏ ကားပေါ်မှာ ရေးဆွဲခြင်းဖြစ်၏၊ စိတ်ပေါ်မှာ ဖြစ်ပေါ်သော အရိပ်ကို စိတ်ကကြည့်ပြီး ယင်းဖြင့် သူ ပြုလုပ်သော အပဝတ္ထုတို့ကို အနုမာနပြု၏၊ ထို့ကြောင့် အပဝတ္ထု၏ သတ္တာသည် ပစ္စက္ခ သိရာ မဟုတ်, အနုမာန မှန်းဆ၍ သိရာဖြစ်၏၊ ဤကားသုတ္တန္တိကတို့၏ အလုံးစုံတို့ထက် ထင်ရှားသော အယူအဆ ဖြစ်၏။

(၂) ဉာဏ်၏ အကြောင်းအရာ၌ သူတို့ကိုယ်တိုင် ပမာဏ၂ဝါဒီတို့ ဖြစ်ကြ၏၊ သူတို့၏ အဆိုမှာ ဆီမီးသည် မိမိကိုယ်ကို ကိုယ်တိုင် သိသကဲ့သို့ ဉာဏ်သည်လည်း မိမိ ခံစားခြင်း, ထင်ရှားခြင်းကို ကိုယ်တိုင် သိ၏၊ ယင်းအမည်ကို သံဝေဒနဟု ခေါ်၏၊ ဤအယူ

အဆကို ဝိညာဏဝါဒီတို့ သဘောတူညီသည်၊ ဤအတူက် တစုံတရာ အုံ့သြစရာ မရှိချေ၊ အကြောင်းကား ဝိညာဏဝါဒီ တို့သည် သုတ္တန္တိကတို့၏ အယူအဆများစွာကို ယူကြသောကြောင့် ဖြစ်၏။

(၃) အပ ဝတ္ထု ထင်ရှားစွာ အမှန်ရှိသော်လည်း သုတ္တန္တိက တို့တွင် ယင်း၏ တစုံတရာ အသွင်သဏ္ဌာန် ရှိ-မရှိနှင့် ပတ်သက်၍ အယူဝါဒ ကွဲပြားနေ၏၊ အချို့က ပြောကြသည်မှာ ဗဟိဒ္ဓ ဝတ္ထု တို့တွင် ကိုယ်တိုင် မိမိ၏ ပုံသဏ္ဌာန် ရှိ၏ဟူ၏၊ အချို့သော ဒဿနိက ဆရာတို့ အယူမှာ ဝတ္ထု၏ ပုံစံကို အသိညာဏ်ဖြင့် ဖန်တီးခြင်း ဖြစ်၏၊ အသိညာဏ်သာ ပုံစံကို ဝတ္ထုဟု သတ်သတ်းလိုက်ခြင်း ဖြစ်၏ဟူ၏၊ တတိယ အယူအဆမှာ အသက်ပါ နှစ်ချက်ကို ပေါင်းစပ်မျှတလိုက်ခြင်း ဖြစ်၏၊ သူ၏ အလိုမှာ ဝတ္ထု၏ ပုံစံမှာ နှစ်မျိုးစုံ ပေါင်းဆုံခြင်း ဖြစ်၏ တည်း။

(၄) ပရမာဏုမြူ ဝါဒနှင့် ပတ်သက်၍လည်း သုတ္တန္တိက တို့သည် မိမိတို့၏ ဝိသေသ ထူးခြားသော အယူအဆ ထားရှိကြ၏၊ သူတို့ ပြောပြသည်မှာ ပရမာဏုမြူတို့သည် ဘယ်နည်းနှင့်မျှ အချင်းချင်း ပေါင်းစပ်ခြင်း မဖြစ်၊ ပေါင်းဆုံသော အရာဝတ္ထုတို့မှာ အစိတ် အစိတ်ဖြစ်သော အဝယဝဖြင့် ယှဉ်ကြ၏၊ ဥပမာ- ကလောင်နှင့် လက် ပေါင်းဆုံ၏၊ အကြောင်းမှာ နှစ်ခုလုံး အစိတ် အစိတ်နှင့် တကွဖြစ်သော ဝတ္ထု ဖြစ်ကြ၏၊ ပရမာဏုမြူသည် အစိတ် အစိတ် အရာဝတ္ထု မဟုတ်ချေ၊ ထို့ကြောင့် ပရမာဏုမြူတခုသည် အခြားသော ပရမာဏုမြူနှင့် ပေါင်းစပ်ခြင်း မဖြစ်နိုင်ချေ၊ အကယ်၍ ပေါင်းဆုံပါသော် နှစ်ခုလုံးမှာ ရောထွေး သွားပေမည်၊ မျှားစွာသော ပရမာဏုမြူတို့၏ အပေါင်း သမူဟဖြစ် ဖြစ်သော်လည်း သူတို့၏ပရိမာဏမှာ ပိုလွန်ခြင်း မဖြစ်နိုင်၊ ထိုကြောင့် ပရမာဏုမြူ

တွင် ပေါင်းဆုံခြင်း ဖြစ်သည်ဟူသော ခံယူချက်မှာ မလျော်ချေ။ ပရမာဏုမြူ၏ အတွင်းမှာ တစုံတခုသော အကြား အနှစ်ရ မရှိချေ။ အပေါက် အကြား မရှိသော အရာဝတ္ထု ဖြစ်ကြလေသည်။

(၅) ပျက်စီးခြင်း ဝိနာသ၏ အကြောင်း တစုံတရာ မရှိ၊ အရာဝတ္ထုတိုင်း သဘာဝအတိုင်းသာ ပျက်စီးလေ့ရှိ၏၊ ယင်းသည် အနိစ္စ မဟုတ်, စင်စစ် ခဏိက ဖြစ်၏၊ ဖြစ်ခြင်း ဥပ္ပါဒ၏ အနက်မှာ အဘူတ္ဘာဘာဝ ဖြစ်၏၊ သတ္တာကို ဆောင်ခြင်း မပြုမီ အခြားမဲ့ဌ် အကြား တည်ရှိခြင်းပင်တည်း၊ ပုဂ္ဂလနှင့် အာကာသသည် သတ္တာကင်းသော ဝတ္ထုဖြစ်၏၊ စင်စစ် မှန်ကန်ခြင်း မရှိချေ၊ ကြိယာ, ဝတ္ထုနှင့် ကြိယာ ကာလ၌ ဘယ်လောက်မျှ အကြား အနှစ်ရ မရှိချေ၊ ဝတ္ထုသည် ထင်ရှားမရှိဘဲ ဖြစ်လာ၏၊ တခဏမျှတိုင်အောင် အခိုက်အတန့်ကို ဆောင်ပြီး ပျောက်ပျက်သွား၏၊ ထို့ကြောင့် အတိတ်နှင့် အနာဂတ်၏ သတ္တာကို ဘယ်ပုံ လက်ခံတော့မည်နည်း။

(၆) ဝေဘာသိကတို့သည် ရူပ်ကို နှစ်မျိုး လက်ခံကြသည်၊ အဆင်း ဝဏ္ဏနှင့် ပုံစံ သဏ္ဌာန ဖြစ်၏၊ သို့ရာတွင် သုတ္တန္တိကတို့သည် ရူပ်မှ ဝဏ္ဏ၏ အနက်ကိုသာ ယူကြသည်၊ သဏ္ဌာနကို ထိုတွင် ရောစပ်ခြင်း မပြုကြချေ၊ ယင်းသည် ဝါဒနှစ်ပါးတွင် ခြားနားခြင်းဖြစ်၏။

(၇) အရာဝတ္ထုတိုင်းသည် ဒုက္ခ ဖြစ်စေ၏၊ သုခ ဝေဒနာလည်း ဒုက္ခကိုပင် ဖြစ်စေ၏၊ ထို့ကြောင့် သုတ္တန္တိကတို့၏ အယူဝါဒ၌ အလုံးစုံသော အရာဝတ္ထုသည် ဒုက္ခ အတိပြီး၏။

(၈) သူတို့၏ အယူဝါဒ၌ အတိတ်နှင့် အနာဂတ် နှစ်ခုလုံးသည် သုညဖြစ်၏၊ ပစ္စုပ္ပန် ကာလသာ ထင်ရှားရှိ၏၊ ကာလနှင့် ပတ်သက်၍ ဤသို့လျှင် ဝေဘာသိကတို့နှင့် အယူအဆ ကွဲပြား၏၊ ဝေဘာသိကတို့ကား အတိတ်, ပစ္စုပ္ပန်နှင့် အနာဂတ် ကာလသုံးပါး

ကို လက်ခံကြ၏၊ သို့ရာတွင် သုတ္တန္ဒိကတို့ကား ပစ္စုပ္ပန်ကာလ၏ သတ္တဝါကိုသာ ယုံကြည်ကြလေသည်။

(၉) နိဗ္ဗာန်၏ အကြောင်း အရာနှင့် ပတ်သက်၍ သုတ္တန္ဒိကတို့၏ အယူအဆမှာ ဆရာ သိရီလာဘ၏ ထူးခြားချက် အယူဝါဒ တခုပင်ဖြစ်၏၊ယင်းဝါဒမှာ ပတိသင်္ခါနိရောဓ,အပတိသင်္ခါနိရောဓ နှင့် တစုံတရာ ထူးခြားခြင်း မရှိချေ၊ ပတိသင်္ခါနိရောဓ၏ အဓိပ္ပါယ်မှာ ပညာကြောင့် အနာဂတ်တွင် ဖြစ်မည့် ကိလေသာ အလုံးစုံတို့ မဖြစ်ခြင်း ဖြစ်၏၊ အပတိ သင်္ခါနိရောဓကား ကိလေသာတို့ ငြိမ်းအေးသွားသောအခါ ဒုက္ခ မဖြစ်ခြင်းပင်တည်း၊ ကိလေသာတို့ ချုပ်ငြိမ်းသွားသော အပေါ်၌ သံသရ ဒုက္ခ မဖြစ်ခြင်း မှီတွယ်နေ၏၊ ထို့ကြောင့် ကိလေလာ မဖြစ်ခြင်းသည် သံသရာ မဖြစ်ခြင်း အကြောင်းဖြစ်၏၊ ဤကား သိရီလာဘ၏ နိဗ္ဗာန်နှင့် ပတ်သက်သော ကြံစည်ချက်တည်း။

* * *

ယောဂါစာရ

ဝိညာဏဝါဒ

ယောဂါစာရ အယူဝါဒသည် ဗုဒ္ဓဒဿန တိုးတက် ဖွံ့ဖြိုးခြင်း၏ အင်္ဂါတရပ် ဖြစ်၏၊ သူတို့၏ ဒဿနိုက ရှုထောင့်မှာ သုဒ္ဓ ပစ္စယ ဝါဒ ဖြစ်၏၊ အတွင်းဖြစ်သော အဇ္ဈတ္တိက အယူအဆ ကြောင့် သူတို့ကို ဝိညာဏ ဝါဒဟု ခေါ်ကြပြီး ဓမ္မိက ဝေါဟာရ အားဖြင့် ယောဂါစာရဟု အမည်ရ၏၊ သမိုင်း အနေဖြင့် ယောဂါစာရ ဖြစ်ပေါ်ခြင်းမှာ မဇ္ဈိမိကတို့၏ ဝါဒကို ဆန့်ကျင့်သော ပုံစံ၌ဖြစ်၏၊ မဇ္ဈိမိက တို့သည် လောက၏ အလုံးစုံသော အရာဝတ္ထု တို့ကို သုညဟု ယူဆကြ၏၊ ယင်းဝါဒကို ဆန့်ကျင်ရန် ဤဂိုဏ်း ပေါ်ပေါက်လာခြင်း ဖြစ်၏၊ ဤဂိုဏ်းက ပြောပြသည်မှာ အသိညာဏ် ဗုဒ္ဓိအားဖြင့် လောက၏ အရာဝတ္ထုတို့သည် အသစ္စာ အဖြစ် ထင်ရှားကုန်၏၊ ထိုဗုဒ္ဓိ ဉာဏ်သည်သာ သစ္စာ အဖြစ် ရှိသည်၊ ထိုကြောင့် ဤဂိုဏ်းသည် ဝိညာဏ (စိတ္တ, မန, ဗုဒ္ဓိ)ကို တခု တည်းသော သစ္စာဖြစ်သော ဝတ္ထုဟု ယုံကြည်၏။

ဤဂိုဏ်း၏ ထိုးရိုပ်တွင် ဗုဒ္ဓနျာယ မေ့ဖွား၏၊ ဤအယူဝါဒ၏ နောက်လိုက် ရဟန်းတို့သည် ဗုဒ္ဓနျာယကို လေးနက်စွာ တွေးဆ ကြ၏၊ ဤတွင် မြင့်မားသော ဆရာသမားတို့သည် ဝိညာဉ်ကိုသာ ပရမတ္ထ အဖြစ် ပြီးမြောက် စေရန် အတွက် အလွန် မြင့်သော အဇ္ဈတ္တိက ဆိုင်ရာ ကျမ်းများ ပြုကြ၏၊ ယင်း ကျမ်းစာ တို့သည်

အိန္ဒိယမှ အပြစ်ဖြစ်သော တရုပ်နိုင်ငံတွင် လွန်စွာ ပြန့်နှံ့ပြီး ထိုတွင် အဗျတ္တိက အတွေး အခေါ်ကို ရှေ့တန်း တင်ထားၑ၊ ဤတွင် ယောဂါစာရ ဂိုဏ်းဂဏ သမိုင်းကို ရှေးဦးစွာ ဖော်ပြပြီးနောက် သူတို့၏ အယူဝါဒကို ဖွင့်ဆိုပါမည်။

ကျမ်းဆရာများ

(၁) **မေတ္တေယ နာထ**-ဝိညာဏဝါဒကို ခိုင်မြဲသော ဒဿနပေါ် တင်ပေးသော ဆရာ အသင်္ကန်း ဘယ်သူ မသိ ရှိမည်နည်း၊ ဤမျှ အဆင့်အတန်း မြင့်လှသော ပညာရှိကို ဗုဒ္ဓဒဿန သမိုင်းတွင် **ရှိ**ခဲ့ဘို့ ခက်ခဲ၏၊ ယနေ့တိုင် ပညာရှိတို့သည် ဝိညာဏဝါဒကို အရှင် အသင်္ကန် တည်ထွင်သည်ဟု ယူဆနေကြ၏၊ သို့ရာတွင် အသစ်ဖြစ်သော သုတေသနသည် ယင်း ယူဆချက်ကို မှားယွင်းချက် အဖြစ် အထောက်အထား ညွှန်ပြ၏၊ ဗုဒ္ဓတို့၏ အစဉ်အလာဖြင့် သဲလွန်စ ရသည်မှာ တုသိတာ နတ်ပြည်၌ ဖြစ်လတံ့သော ဗုဒ္ဓ မေတ္တေယ၏ ကျေးဇူးကြောင့် အသင်္ကန်သည် မျှားစွာသောကျမ်းဂန်တို့၏ အရိုန်အဝါကို ရခဲ့၏၊ ယင်းအစဉ်အလာတွင် သမိုင်း အချက်အလက်၏ဦးဇမှာ ထင်ရှားၑ၊ မေတ္တေယ သို့မဟုတ် မေတ္တေယ နာထ သည် ကိုယ်တိုင် သမိုင်းအချက်အလက်နှင့် ဆက်စပ်သူဖြစ်၏၊ သူသည် ယောဂါစာရဂိုဏ်း တည်စေရန် အသင်္ကန်အား ဤဝါဒကို သင်ကြားပေး၏။

အရှင် မေတ္တေယသည် မျှားစွာသော ကျမ်းတို့ကို သက္ကတ ဘာသာဖြင့် စီရင်ခဲ့၏၊ ယင်းတို့တွင် တကျမ်း၊ နှစ်ကျမ်းသာ သက္ကတဘာသာ၌ရှိ၍ အခြားကျမ်းတို့မှာ တိဗက်နှင့် တရုပ်ဘာသာပြန်

တို့မှာသာ တွေ့ရ၏၊ 'ဗုဒ္ဓ၏ ဣတိဟာသ'အမည်ရှိသော စာအုပ်တွင် သူ၏ ကျမ်းစာင်းအုပ်ကို ဖော်ထုတ်ထားလေသည်—

(၁) မဟာယာန သုတ္တာလင်္ကာရ (၂) ဓမ္မ ဓမ္မတာ ဝိဘင်္ဂ (၃) မဟာယာန ဥတ္တရ တန္တရ (၄) မဇ္ဈန္တ ဝိဘင်္ဂ(ဝိဘာဂ)နှင့် (၅) အဘိသမယာ လင်္ကာရ ကာရိကာကို့ဖြစ်၏။

နောက်ဆုံး အမှတ် (၅)ဖြစ်သော ကျမ်း၏ အမည် အပြည့် အစုံမှာ 'အဘိသမယာ လင်္ကာရ ပညာပါရမိတာ ဥပဒေသ သတ္တ' ဖြစ်၏၊ ဤကျမ်း၏ ပဓာန အကြောင်း အရာမှာ ဗုဒ္ဓသည် ပညာပါရမိတာ လမ်းစဉ်ဖြင့် နိုဗွာန်သို့ ရောက်ခြင်းဖြစ်၏၊ နိုဗွာန် အယူအဆနှင့် ပတ်သက်၍ ဖွင့်ပြသော ကျမ်းတို့တွင် ဤကျမ်းမှာ အုတ္တမရှိ အဒုတိယ ဖြစ်၏၊ ကျမ်း၌ အခန်း ကဏ္ဍပေါင်း ရှစ်ခုပါဝင်၍ အကြောင်းအရာ အချက်အလက်ပေါင်း ၇၀ ကို ဖွင့်ဆိုထား၏၊ ကာရိကာခေါ် ဂါထာတို့လည်းဖြစ်၍ အကျဉ်းသခေါ်ပလည်း ဖြစ်သဖြင့် လွန်စွာ ခက်ခဲသော ကျမ်းဖြစ်၏၊ ယင်းကျမ်းကို ဝသုဗန္ဓု၏ တပည့် ဘဒန္တ ဝိမုတ္တိသေနက ဋီကာ တစောင် စီရင်၍ ဖွင့်ဆိုလေသည်။

(၂) **အရှင် အသင်္ဂ**—ယောဂါစာရ ဂိုဏ်းဂဏ၏ အထင်ရှားဆုံး ဆရာမှာ မေတ္တေယ နာထ၏ တပည့် အရှင် အသင်္ဂ ဖြစ်၏၊ သူ၏ ကျမ်းများ အဘယ်မျှ ထင်ရှားသနည်းဟူမူ ပညာရှိတို့သည် သူ၏ဆရာ ရှိခဲ့ကြောင်းကိုပင် သတိ မပြုမိကြတော့ချေ၊ သူ၏ ပဏ္ဍိတ အဖြစ်နှင့် အလေ့ာကိက ပုဂ္ဂိုလ်အဖြစ်မှာ သူ၏ ကျမ်းဂန်တို့တွင် အနှံ့အပြား ပြည့်နှက်နေ၏၊ သူ၏ အမည် အပြည့်အစုံမှာ ဝသုဗန္ဓု အသင်္ဂ ဖြစ်၏၊ သူသည် ဝသုဗန္ဓု၏ အကိုကြီး ဖြစ်၏၊ သမုဒ္ဒဂုတ္တ မင်းလက်ထက်၌ ပေါ်ပေါက်ခဲ့၏၊ ဝိညာဏဝါဒ၏

ထင်ရှားတည်မြဲခြင်းနှင့် ကြီးစိုး လွှမ်းမိုးခြင်း အကြောင်းမှာ အရှင်အဲသင်္ဂီသာ ဖြစ်၏။ မိမိ ညီ ဝသုဗန္ဓုကို ဝေဘာသိက အယူဝါဒမှ ဖယ်ရှား ပိုင်းဖြတ်ပြီး ယောဂါစာရ အယူဝါဒ၌ ပူဇော်လိုက်၏။ သူ၏ ကျမ်းစာများမှာ အထူးသဖြင့် တရုပ်ဘာသာပြန်တို့သာ ဖြစ်ကုန်၏။

(၁) **မဟာယာန သမ္မရိဂ္ဂဟ**—ဤကျမ်း၌ မဟာယာန၏ အယူဝါဒကို အကျဉ်းသခေါ်ပ ဖွင့်ဆိုထား၏။ မူလ သင်္ကတဘာသာ၌ မရနိုင်၊ တရုပ်ဘာသာပြန်မှာမူ သုံးမျိုးပင် ရှိ၏။ ဤကျမ်း၏ အဖွင့်ဋီကာ နှစ်စောင်ရှိသည့်အနက် ဝသုဗန္ဓု၏ ဋီကာမှာ ထင်ရှား၏။

(၂) **ပကရဏ အရိယဝါစာ**—ယောဂါစာရ၏ နည်းနယ် ဝိဝါဒနှင့် ပတ်သက်သော အချက်အလက် အပြင် နိဗ္ဗာန်နှင့် စပ်လျဉ်းသော အဖွင့်ဗျာချာ ပုံစံဖြစ်၏။

(၃) **ယောဂါစာရ ဘူမိ သတ္တ**— ဤကျမ်း၏ လွှန်စွာ ကျယ်ပြန့်သော ကိုယ်ကာယမှာ သမာဓာန မဂ္ဂ၏ လက်တွေ့ မျက်မှောက် ပမာဏတို့ကို အကျယ် ဖွင့်ဆိုခြင်းပင် ဖြစ်၏။ ဝိညာဏဝါဒကို ယောဂါစာရ အမည်ဖြင့် ခေါ်ဆိုကြခြင်းအကြောင်းမှာ ဤကျမ်းပင်ဖြစ်၏။ ယင်းကျမ်း၏အခန်းကဏ္ဍတို့၏ အမည်မှာ ဘူမိ ဖြစ်၏။ ကျမ်းအပိုင်း ဘူမိတို့မှာ ဝိညာဏ ဘူမိ, မနော ဘူမိ, သဝိတက္က ဝိစာရ ဘူမိ, အဝိတက္က ဝိစာရ မတ္တ ဘူမိ- အစရှိသဖြင့် ၁၇-ခုရှိ၏။ ဤကျမ်း၌ ဝိညာဏဝါဒ၏ လုပတင့်တယ်သော ဝေဘန်မှုများ ပါရှိ၏။

(၄) **မဟာယာန သုတ္တာ လင်္ကာရ**— အသင်္ဂ၏ဤကျမ်းသည် ပညာရှိတို့၌ အထူးဝိသေသ အဆင်တန်ဆာဖြစ်၏။ ကျမ်းတွင်အခန်းကဏ္ဍပေါင်း နှစ်ဆယ်ကျော် ပါဝင်၏။ ကာရိကာ ဂါထာတို့ကို ဖွဲ့ဆိုသူမှာ မေတ္တေယနာထဖြစ်၍ ယင်းတို့ကို ဆရာ အသင်္ဂ ပြန်ဆို

ခြင်းဖြစ်၏၊ ဝိညာဏဝါဒ၏ မူလအယူအဆမှာ ဤကျမ်းပင် ဖြစ်၏၊ ယင်းတွင် မဟာယာန သုတ်တို့၏ အနှစ်သာရကို သင်ကြားပြသ ထားလေသည်။

(၃)**အရှင်ဝသုဗန္ဓု**— ဝသုဗန္ဓု၏ အကြောင်းကို ရှေ့ပိုင်းက ဖော်ပြခဲ့ပါပြီ၊ ဘဝ၏ နောက်ဆုံးကာလတွင် သူသည် မိမိအကိုကြီး အရှင်အသင်္ဂနှင့်တွေ့ဆုံပြီး သူသည် ယောဂါစာရ၏ အယူဝါဒကို လက်ခံ ခဲ့လေသည်၊ ကြားဘူး သည်မှာ သူသည် ရှေးအခါက မဟာယာန အကြောင်း မကောင်း ရေးခဲ့သည် တို့ကို နောင်တ ရ၍ ပြန်လျှောက်ဖြတ်ရန်ကြိုးစား၏၊ ဆရာ အသင်္ဂ သိသောအခါ တားမြစ်ပြီး သူ့အား မဟာယာနဂိုဏ်း၏ တာဝန်ကို ပေးအပ် လိုက်၏၊ ထို့ကြောင့် သူသည် ပညာရှိ ပဏ္ဍိတ် အဖြစ် ပြည့်လျှံသော ကျမ်းတို့ကို စီရင်၍ ဝိညာဏ ဝါဒ၏ ဘဏ္ဍာတိုက်ကို ဖြည့်ပေးလေသည်၊ အောက်ပါတို့မှာ သူ၏ မဟာယာနနှင့် ပတ်သက်သော ကျမ်းတို့ ဖြစ်လေသည်—

(၁) သာဒ္ဓမ္မပုဏ္ဍရိကဋီကာ, (၂) မဟာပရိနိဗ္ဗာနသုတ္တဋီကာ, (၃) ဝဇရစ္ဆေဒိကာ ပညာပါရမိတာဋီကာ, (၄) ဝိညတ္တိမတ္တတာ သိद္ဓိ—ဤကျမ်းသည် ဝိညာဏဝါဒ၏ အဆင့်အတန်းအမြင့်ဆုံးသော ဒဿနိက အဖွင့်ဖြစ်၏၊ သူ၏ ပါဠိ Recension နှစ်ခု တွေ့ရ၏၊ ဝိုဟာရနှင့် တိုဟာရ ဖြစ်၏၊ ဝိုဟာရ ကာရိကာ ၂၀ ရှိရာ ဝသုဗန္ဓု ကိုယ်တိုင် ဖွင့်ဆို၏၊ တိုဟာရမှာ ကာရိကာ ၃၀ ရှိ၍ သူ၏တပည့် ထိရမတိက ဖွင့်ဆိုလေသည်၊

(၄) **အရှင်ထိရမတိ** — အရှင်ထိရမတိသည် ဝသုဗန္ဓု၏ တပည့်ဖြစ်၏၊ သူ၏ တပည့်လေးဦး တို့တွင် အရှင်သည် ပဌမ တပည့် ကြီးဖြစ်၏၊ သူသည် မိမိဆရာ၏ ကျမ်းများပေါ်၌ ကြီးကျယ်

ခမ်းနားသော အဖွင့်မျှားစီရင်၏၊ သို့ဖြင့် ဆရာဝသုဗန္ဓု၏လေးနက်သော ဆိုလိုချက်ကို သိရန်အတွက် ထိရမတိသည် မှန်ပြီ တပည့်၏ တောက်ပြောင်သော ဥဒါဟရဏ် ပုံစံ ပြယုဂ် ဖြစ်၏၊ သူသည် စတုတ္ထ ရာ စုန္ဒစ်တွင် ထင်ရှားခဲ့၏၊ သူ၏ ကျမ်းမျှားမှာ အောက်ပါတို့ဖြစ်ကုန်၏—

(၁) ကဿပ ပရိဝတ္တဋ္ဌကာ,

(၂) သုတ္တာလင်္ကာရ ဝုတ္တိ ဘာသျှ— ဤကျမ်းမှာ ဝသုဗန္ဓု၏ သုတ္တာ လင်္ကာရ ဝုတ္တိ၏ ကျယ်ပြန့်သောအဖွင့်ဖြစ်၏။

(၃) တြိသိက်ဘာသျှ — ဝသုဗန္ဓု၏ တြိသိက်ကို အကျယ်ဖွင့်ဆိုသော ဋီကာဖြစ်၏။

(၄) ပဉ္စကွန္ဓ ပကရဏဝေဘာသျှ,

(၅) အဘိမမ္မကောသ ဘာသျှ ဝုတ္တိ---ဤကျမ်းမှာ ဝသုဗန္ဓု၏ အဘိမမ္မကောသကို ဖွင့်ဆိုသော ဋီကာဖြစ်၏။

(၆) မဇ္ဈန္တ ဝိဘာဂ သုတ္တ ဘာသျှ ဋီကာ— ဆရာ မေတ္တေယသည် 'မဇ္ဈန္တဝိဘာဂ' အမည်ရှိသော နာမည်ကျော် ကျမ်းကို စီရင်ခဲ့၏၊ ယင်းကျမ်းကို ဝသုဗန္ဓုက ဘာသျှ စီရင်၏၊ ယင်းဘာသျှကို ထိရမတိက ဋီကာ ဖွင့်ခြင်းပင် ဖြစ်၏၊ ယောဂါစာရတို့၏ သိမ်မွေ့လေးနက်သော အယူအဆတို့ကို သိရန် အတွက် ဤဋီကာမှာအရေးကြီးလှလေသည်။

(၇) ဒိန္နာဂ—သူသည် ကဠိ၏အနီး သီဟဝတ္ထု အမည်ရှိသောရွာ ဗြာဟ္မဏာမျိုးဌာ ဖွားမြင်၏၊ သူ၏ နာဂဒတ္တ အမည်ရှိသော ပဌမဆရာမှာ ဝဇ္ဇိပုတ္တိယ ဝါဒဌာ ထင်ရှားသော ပဏ္ဍိတ် တဦးဖြစ်၏၊ သူသည် မိမိကိုယ်ကို ဗုဒ္ဓဓမ္မဌာ ပူဇော်သူ ဖြစ်၏၊ ထို့နောက် သူသည် ဆရာ ဝသုဗန္ဓု၏ တပည့် ဖြစ်သွား၏၊ သူသည် ပင်ဖိတ်

ချက်အရ နာလန္ဒာ မဟာဝိဟာရသို့ သွားရ၏၊ ထိုတွင် သုဒဿနအမည်ရှိသော ဗြာဟ္မဏ တက္ကိုကကို သတ္တတ္ထဋ္ဌ ဆုံးရှုံးစေခဲ့၏၊ သတ္တတ္ထကို ပြုစုရန်အတွက် သူသည် ဥရိသာနှင့် မဟာရဋ္ဌတို့ လှည့်လည်ခဲ့၏၊ ဥရိသာတွင် ကြာမြင့်စွာ နေခဲ့၏၊ သူသည် တံတြားမံတြား တို့ကိုလည်း အထူး ပေါက်ပြောက်၏၊ တိဗွတ် သမိုင်းနှင့် ဆက်စပ်သော လာမာ တာရာနာထသည် သူ၏ အကြောင်းနှင့် ပတ်သက်၍ ရေးသည်မှာ တရုံသောအခါ ဥရိသာ ဘုရင်၏ အမတ်ကြီး ဘဒြပါလိတသည် ဒိန္နာဂထံတွင် ဗုဒ္ဓဓမ္မ သင်ကြား၏၊ ထိုအခါ ဒိန္နာဂသည် ဥယျာဉ်တွင်းဌ လုံးဝ ချောက်သွေ့နေသော ဖန်ခါးပင်ကို မံတြား စုတ်လေရာ ရက်သတ္တတပတ် အတွင်းမှာ တဖန်စိမ်းစို ရှင်လန်းလာသော ဟူ၏၊ ဤသို့လျှင် ဗုဒ္ဓဓမ္မ၌ အလုံးစုံသော အစွမ်းသတ္တိတို့ဖြင့် သူသည် မိမိ ဓမ္မကို ဥပမာမဲ့ မှီဝဲ၏၊ နောက်းဆုံးတွင် ဥရိသာတောအုပ်၌ ပရိနိဗ္ဗာန် ပြုသွားလေသည်၊ သူ၏ကျမ်းတို့ အောက်ပါအတိုင်းဖြစ်၏။

(၁) ပမာဏ သမုစ္စယ, (၂) ပမာဏ သမုစ္စယ ဝုတ္တိ, (၃)ဒ္ဝေယ ပဋေသ, (၄)ဟေတု စက္က နိဏ္ဏယ, (၅)ပမာဏ သတ္ထ ဒ္ဝေယ ပဋေသ, (၆) အလမ္ဗုန ပရိက္ခာ, (၇) အာလမ္ဗုန ပရိက္ခာဝုတ္တိ, (၈)တြိကာလ ပရိက္ခာ, (၉)ကမ္မပဒီပ ဝုတ္တိ။

(၆) **သက်ရ သာမိ** — သက်ရသာမိသည် ဒိန္နာဂ၏ တပည့်ဖြစ်ကြောင်းနှင့် တရုပ်ဘာသာပြန်တို့ဖြင့် သိရ၏၊ ဒေါက်တာ ဝိဇ္ဇာဘူသကာက သူ့အား အိန္ဒိယ တောင်ပိုင်းဌနေသူဟု ပြောပြ၏၊ တရုပ် တိုပိဋကာ အလိုအရ သက်ရသာမိသည် 'ဟေတု ဝိဇ္ဇာ ဒ္ဝေယ ပဋေသ' သို့မဟုတ် 'ဒ္ဝေယပဋေသက'အမည်ရှိသော ဗုဒ္ဓဒ္ဝေယ ကျမ်းပြုစုသောဟူ၏၊ ဤအကြောင်းနှင့် ပတ်သက်၍ ပညာရှိများ

ဝိဝါဒ ဖြစ်နေကြသည်မှာ ဤကျမ်းသည် ဒီနွာဂ စီရင်သော 'နျာယပဝေသ'ကျမ်းနှင့်တခြားစီဖြစ်ခြင်း, မဖြစ်မြင်းပင်တည်း၊ အခ္ခါ ကမ္ဘာ 'နျာယပဝေသ'ကို ဒီနွာဂ ရေးသည်ဟု မယူဆကြ၊ သင်္ကရ သာမိ စီရင်သောကျမ်းဟု ယုံကြည်ကြလေသည်။

(၇) **ဓမ္မပါလ**—ဓမ္မပါလသည် ကဉ္စီ (အနွတ်ိုင်း)၌ နေသူဖြစ်၏၊ သူသည် ထိုတိုင်းပြည်မှ အမတ်ကြီးတဦး၏ သားကြီးဖြစ်၏၊ သူသည် ငယ်စဉ်ကပင် ပေါ်လွင် ထင်ရှားသူဖြစ်၏၊ တနေ့တွင် မင်းနှင့် မိဘုရားသည် သူ့ကိုဖိတ်၍ ဂုဏ်ပြုပွဲတရပ် ပြုလုပ်ပေး၏၊ ထိုနေ့ ညချမ်းအခါမှာပင် သူသည် လောကီအာရုံ ကာမဂုဏ်တို့ကို စက်ဆုပ် ကြောက်ရွံ့၍၊ ဗုဒ္ဓသာသနာ့ဝန်ထမ်း ရဟန်းပြုလုပ် သွားလေသည်၊ သူသည် အထူးကြိုးစားခြင်းဖြင့် ပညာသင်ကြား၍ မိမိခေတ်အခါ၏ နက်နဲသော ပညာရှိဖြစ်သွား၏၊ ထိုနောက် ဒက္ခိဏမှ နာလန္ဒာသို့ ရောက်လာရာ နာလန္ဒာ မဟာဝိဟာရ၏ အကြီးအမှူး ပြုလုပ်လျက် အောက်ပါကျမ်းတို့ကို ပြုစုလေသည်။

(၁) အာလမ္ဗဏ ပစ္စယဗျာခုန် သတ္တ ဗျာချာ, (၂) ဝိညာဏ်ဓာတ် မတ္တတာ သိဒ္ဓိဗျာချာနှင့် (၃) သတတ္တဗျာ။

(၈) **ဓမ္မကီတ္တိ** = ဓမ္မကီတ္တိသည် မိမိခေတ်အခါ၏သာ မြင့်သော တက္ကရှိသော ဒဿနိက ဆရာသာ မဟုတ်, သူ၏ စင်ကြယ်သော ကျေ်ာ်စောကီတ္တိ အလံသည် အိန္ဒိယ ဒဿနိက ကောင်းကင်၌ အစဉ်ပင် လွင့်တက်နေ၏၊ သူ၏ အလောကိက အရှိန်အဝါကို ဆန့်ကျင်ဘက် ဒဿနိက ဆရာတို့လည်း သွတ်လပ်သောလည်ချောင်းဖြင့် ဖုင်ဟ ချီးကျူးကြသည်၊ ဇယန္တဘဋ္ဋသည် နျာယမဉ္ဇရီတွင် ဓမ္မကီတ္တိ၏ အယူအဆကို ပြင်းထန်စွာ ဝေဘန်သော်လည်း သူ့ကိုမူ အလွန် သိမ်မွေ့ နက်ရှိုင်းသော ပညာရှိသူဟုဆို၍ သူ၏ ကြိုးပမ်းမှု

ကိုလည်း လောကကို လွှမ်းမိုးသော လုံ့လဟု ဖွင့်ပြ၏၊ သူသည် စောလတိုင်း ဗြဟ္မဏ မျိုးတွင် ဖွားမြင်၏၊ ဓမ္မကိတ္တိ၏ ကျမ်းတို့မှာ ကိုးမျိုးဖြစ်ရာ ခုနှစ်ကျမ်းမှာ မူလဖြစ်၍ အခြား နှစ်ကျမ်းမှာ မိမိ၏ ကျမ်းနှစ်စောင်ကို ဖွင့်ဆိုခြင်းဖြစ်၏။

(၁) **ပမာဏဝတ္ထုက**– ဤကျမ်း၏ ပမာဏမှာ ဂါထာပေါင်း ၁၅၀၀ ခန့်ရှိ၏၊ ဓမ္မကိတ္တိ၏ အကောင်းဆုံး ကျမ်းဖြစ်၍ ဗုဒ္ဓနျာယ၏ အဆင်တန်ဆာ သဖွယ် ပညာရှိတို့ မျက်မှောက် ရောက်လာ၏၊ ကျမ်းဆရာသည် မိမိကျမ်းကို ကိုယ်တိုင်ဋီကာဖွင့်၏၊ ထိုမှတပါး ဋီကာ ဆယ်စောင်ပေါ်ထွက်ခဲ့၏၊ ကျမ်းရင်းဌ အခန်း ကဏ္ဍ လေးခုရှိ၏၊ ပဌမတွင် သဒ္ဓတ္ထာနုမာန, ဒုတိယတွင် ပမာဏသိဒ္ဓိ, တတိယတွင် ပစ္စက္ခ ပမာဏနှင့် စတုတ္ထတွင် ပရမတ္ထာနုမာနကို ဖွင့်ဆိုလေသည်။

(၂) **ပမာဏဝိနိစ္ဆယ** – ဤကျမ်း၏ ပမာဏမှာ ဂါထာ ၁၃၄၀-ရှိ၏။

(၃) **နျာယပိန္ဒု**– ဗုဒ္ဓနျာယသည် ဤကျမ်း၏ အကြောင်းအရာဖြစ်၏၊ သုတ်၏အသွင်ဌ စီရင်ထား၏၊ ဆရာ ဓမ္မုတ္တရသည် ဤကျမ်း၏ တိမ်မြုပ်သော အနက် အဓိပ္ပါယ်တို့ကို ဖွင့်ဆို၏၊ ကျမ်းရင်းတွင် အခန်း ကဏ္ဍ သုံးခုရှိရာ ပဌမခန်းဌ ပမာဏ၏ လက္ခဏာနှင့် ပစ္စက္ခ နှစ်ပါးတို့ကို ဖွင့်ဆို၏၊ ဒုတိယခန်းတွင် သဒ္ဓတ္ထနှင့် ပရတ္ထ နှစ်ပါးနှင့်အတူ ဟေတုဘ ဘာသကို ဖွင့်ဆို၏၊ တတိယခန်းတွင် ပရတ္ထာနုမာန အကြောင်းနှင့် တဿဗုဒ္ဓ အကြောင်းတို့ကို ဖွင့်ဆို၏။

(၄) **သမ္မန္ဓ ပရိက္ခာ**-ကျမ်းငယ်တစောင်ဖြစ်၍ မွေကိတ္တိကိုယ်တိုင် အဖွင့် ဝတ္ထု စီရင်၏။

(၅) **ဟေတုပိန္ဒု**– ဤကျမ်းမှာ အဆက်က ဖော်ပြခဲ့သော နျာယပိန္ဒုထက် အတန်ကြီးသည်။

(၆) **ဝါဒရျာယ** — ဝါဒနှင့် ပတ်သက်သော ကျမ်းတစောင်ဖြစ်၏။

(၇) **သန္တိတာနန္တရ သီဒို** — ဂ၁-သုတ်သာရှိသော ကျမ်းငယ်တစောင်ဖြစ်၏၊ ဤတွင် ကျမ်းဆရာသည် စိတ်သန္တာန်၏ နောက်တွင်လည်း အခြားအခြားသော စိတ်သန္တာန်ရှိကြောင်း ညွှန်ပြပြီး ဤနည်းတူစွာ မနောဝိညာဉ်၏ သန္တာန်သည် မျက်မှောက်လောကဌ ဖြစ်ကြောင်း ဖော်ပြ၏။

ဓမ္မကိတ္တိ၏ တပည့် အစဉ် အဆက်မှာ လွန်စွာ ရှည်လျားမြင့်စင်ကြယ်သော ပညာရှိများ ဖြစ်ကြ၏၊ သူတို့သည် ဗုဒ္ဓဒဿနကို မိမိတို့ ကျမ်းများ အကူအညီဖြင့် အထူး ဖြန့်ချိုကြလေသည်။

အယူအဆ

သုတ္တန္တိက အခန်းဌ သူတို့၏ ဒဿနိက အမြင်ကို ပြဆိုခဲ့ပါပြီ၊ သူတို့၏ အယူအဆမှာ အပြစ်သော အရာဝတ္ထု၏ သတ္တာကို ဉာဏ်ဖြင့် အနုမာန မျက်မှန်းဆ၍ သိခြင်းဖြစ်၏၊ ဗဟိဒ္ဓ ဝတ္ထု ထင်ရှားရှိသောကြောင့် ငါတို့သည် အပြင်အပဝတ္ထု၏ သတ္တာကို ဉာဏ်ဖြင့် မှန်းဆ၍ သိနိုင်၏၊ ဝိညာဏဝါဒီတို့ကား ဤအယူအဆ ထက် ရှေ့သို့ တဆင့်တက်ပြီး ယူဆကြသည်၊ အကယ်၍ အပြင် ဗဟိဒ္ဓ ဝတ္ထု၏ သတ္တာသည် ဉာဏ်ပေါ်မှာ မှီတွယ်နေပါလျှင် စင်စစ် ဉာဏ်၏ သတ္တာသာ ဖြစ်၏၊ ဝိညာဉ် သို့မဟုတ် ဝိညတ္တိသာလျှင် တခုတည်းသော ပရမတ္ထဖြစ်၏၊ လောက၏ အရာဝတ္ထုမှုကား စင်စစ် မာယာ-တံလျှပ်ကဲ့သို့ သဘာဝမှ ကင်း၏၊ အိပ်မက်သဖွယ် ဖြစ်၏၊ ငါတို့သည် ဗဟိဒ္ဓ ဝတ္ထုတို့ကို အမည် အမျိုးမျိုးဖြင့် ခေါ်ဆိုနေကြ၏၊ ယင်းတို့ကို သဘောတရားဖြင့် စစ်ဆေးပါလျှင် ထိုတွင်

မျက်စိဖြင့် မြင်ရသော အရောင်အဆင်း ပုံသဏ္ဌာန်, လက်ဖြင့် ထိတွေ့ရသော အပြေ့–အမာ စသော ဂုဏ်တို့သာ တွေ့ရ၏၊ ထိုထက်လွန်၍ တစုံတခုသော ဝတ္ထု၏ သဘောကို စစ်ဆေး မရချေ၊ အရာဝတ္ထုတိုင်းကို တွေ့မြင်ရာ၌ အပြာ အဝါ စသော အရောင်အသွေး အရှည် အတို စသော အခြင်းအရာမှ တပါး ရုပ်သက်သက်ကို မမြင်ရချေ၊ ဗဟိဒ္ဓ ဝတ္ထု၏ ဉာဏ်သည် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်၊ အကယ်၍ ဗဟိဒ္ဓ ဝတ္ထုသည် အကျုံ့ရုပ် ဖြစ်သော်ရင်း, ယင်းတို့၏ အပေါင်း အစု ဖြစ်သော်ရင်း ထိုဝတ္ထု၏ ဉာဏ် မဖြစ်နိုင်၊ အကြောင်းသော်ကား အပေါင်းအစု ရုပ်ဝတ္ထုတို့၏ အပိုင်း အစတိုင်း၏ တခုသော ကာလသည် ဉာဏ်ဖြစ်ရန် မစွမ်းနိုင်၊ ဤအခိုက်အတန့်၌ ဗဟိဒ္ဓ ဝတ္ထု၏ သတ္တာကို ဘယ်သို့ ယုံကြည်နိုင်မည်နည်း၊ သတ္တာမှာ တခု တည်းသော ဝတ္ထုဖြစ်၍ ယင်းဝတ္ထုမှာ ဝိညာဉ် သာတည်း၊ စိတ်ဝိညာဉ်၏ အကြောင်းကို လက်ခံဝတာရ သုတ်၌ ဤသို့ဖွင့်ဆိုလေသည်။

စိတ္တံ ဝတ္တတေ စိတ္တမေဝ ဝိမုစ္စတေ၊
စိတ္တံ ဟိ ဇာယတေ နာနျစိတ္တမေဝ နိရုဇ္ဈတေ။

စိတ်သာ ဖြစ်ခြင်းရှိ၍ စိတ်သာ လွတ်မြောက်ခြင်း ရှိ၏၊ စိတ်မှတပါး အခြားဝတ္ထု ဖြစ်ခြင်း မရှိ၍ ချုပ်ခြင်းလည်း မရှိချေ၊ စိတ်သာလျှင် တခုတည်းသော သဘောတရား ဖြစ်၏၊ ဝသုဗန္ဓုလည်း 'ဝိညဲတ္တံ မတြတာ သိဒ္ဓိ'၌ ဤသဘောတရား၏ နက်ရှိုင်းခြင်းကို လေးနက်စွာ ဖွင့်ဆိုလေသည်။

ဝိညာဏ၏ အခြား ပရိယာယ်တို့မှာ စိတ္တ, မနုနှင့် ဝိညတ္တိ တို့ဖြစ်ကုန်၏၊ ထူးသော ကြိယာကြောင့် ဤသို့ သဒ္ဒါ ပြယုဂ် ဖော်ထုတ်

ခြင်း ဖြစ်၏၊ စေတနာသည် ကြိုယာနှင့် ဆက်စပ်ခြင်းကြောင့် ယင်းကို စိတ္တဟု ခေါ်ခြင်း ဖြစ်၏၊ ကောင်းစွာ ဆင်ခြင်ခြင်း မနုဿည် ကြိယာ ကြောင့် ယင်းကို မနဟု ခေါ်၍ အာရုံကို ယူရာ၌ အကြောင်းဖြစ်သောကြောင့် ယင်းကို ဝိညာဏဟု ဟောပုဒ် ထုတ်ခြင်း ဖြစ်၏၊ ဤသို့ စသဖြင့် ယောဂါစာရ ကျမ်းတို့တွင် စိတ်ကို သာ တခုတည်းသော သတ္တွာ၏ ပြီးစေခြင်း အဖြစ်ဖြင့် အကျယ်ဖွင့်ဆို၏ ကြ၏၊ ဤလောကတွင် ဟောတု ပစ္စည်းကြောင့် ဖြစ်သော သန်တာ ဝတ္ထုတို့ရှိကုန်၏၊ ထိုဝတ္ထုတို့အား မှီရာ အာရုံလည်း မရှိ, အာရုံ ပေးသူ တစုံတယောက် မျှလည်း မရှိ၊ ယင်းဘို့ ဆုံးဖြတ်အပ်သော အသင်မှ စိတ်မျှသာ ဖြစ်ကြ၏၊ စိတ်၏ စိတ်သာည် ဆန်းကြယ်စွာ အမျိုးမျိုးဖောက်ပြန်ခြင်းတို့ပင်တည်း။

လူသာမည်တို့သည် အတ္တကို နိစ္စ သတ္တဝါဟု ယုံကြည်နေကြ၏၊ သို့ရာတွင် ယင်းသည်ဝေါဟာရအတွက်သာ ဗမည်သည်၏အသင်၌ ရပ်နေခြင်း ဖြစ်၏၊ ဘယ်နည်းနှင့်မျှ ထင်ရှားရှိသော ဒြပ် မဖြစ်၊ ယင်းသည် ခန္ဓာငါးပါး အပေါင်း ဖြစ်သော်လည်း ခန္ဓာပင်သည်၏ အသင် ဖြစ်၏၊ ဒြပ်အသင်ဖြင့် သူတို့၏ ပြီးမြောက်ခြင်း မရှိချေ၊ ဤလောကဌ ဘာဝသည်ရင်း, အဘာဝ သည်ရင်း ထင်ရှား မရှိချေ၊ စိတ်မှတပါး အရာဝတ္ထု တစုံတရာ ထင်ရှား မရှိ၊ ပရမတ္ထကို အမည် အမျိုးမျိုးဖြင့် ခေါ်နေကြခြင်း ဖြစ်၏၊ တဏတာ, သုညတာ, နိဗ္ဗာန, ဓမ္မဓာတု ဤအလုံးစုံသည် မြင့်မြတ်သော ထိုသဘောတရား၏ ပရိယာယ်များ ဖြစ်၏၊ လက်ဝဝတာရှိ ဤသို့ ဖွင့်ဆို၏။

ဒီဃတေ နု ဝိဇ္ဇတေ ဗာဟာဟျ စိတ္တံ စိတြဲ ဟိ ဒီဃတေ။
ဒေဟ ဘောဂ ပတိဋ္ဌာနံ စိတ္တ မတ္တံ ဘဒါမျဟံ။

အပြင်အပ အမြင် လောကသည် စင်စစ် ထင်ရှားရှိသည် မဟုတ်၊ စိတ် အသွင် သဏ္ဌာန် ဖြစ်၏၊ သို့ရာတွင် ယင်းသည် လောကဌ ဆန်းကြယ်သော အသွင်တို့ဖြင့် ပြသနေ၏၊ တခါတရံ အထည်ကိုယ် အသွင်ဖြစ်၍ တခါတရံ ခံစားအပ်သော ဘာဝ အသွင် တည်ရှိနေ၏၊ ထိုကြောင့် စင်စစ် စိတ်၏ သဘာဝသာ ဖြစ်၏၊ လောကသည် သူ၏ ဖေါက်ပြန်ခြင်း ပရိဏာမ ဖြစ်လေသည်။

ယောဂါစာရတို့၏ အယူအဆဌ အသင်္ခတ တရား ခြောက်ပါး ရှိ၏၊ ယင်းတို့မှာ (၁) အာကာသ, (၂) ပတိသင်္ခါ နိရောဓ, (၃) အပတိသင်္ခါ နိရောဓ, (၄) အစလ, (၅) သညာ ဝေဒနာ နိရောဓနှင့် (၆) တထတာ ဖြစ်၏၊ ဤတွင် အပေါ်ဆုံးက သုံးပါးကို သဗ္ဗတ္ထိ ဝါဒီတို့အခန်းဌ ပြဆိုခဲ့ပါပြီ၊ နောက်သုံးပါး၏ အချုပ်ကား ဤသို့တည်း—

(၄) **အစလ** ယင်း သဒ္ဒါ၏ အနက်မှာ ဥပေက္ခာ ဖြစ်၏၊ ဥပေက္ခာ၏ ဆိုလိုချက်မှာ သုခ သို့မဟုတ် ဒုက္ခ၏ ခံစားချက်ကို အခါခပ်သိမ်း ဂရု မပြုခြင်း ဝါ လျစ်လျူရှုခြင်းပင်တည်း၊ ဝိညာဏ ဝါဒီတို့၏ အလိုအားဖြင့် 'အစလ'၏အဆင့်ကို မျက်မှောက်ပြုသော အခါ သုခနှင့် ဒုက္ခ ဖြစ်ခြင်း မရှိတော့ချေ၊ ဤစတုတ္ထ စျာန်ဌ ဒေဝတာတို့၏ စိတ်ကဲ့သို့ တည်ကြည် သွားလေသည်။

(၅) **သညာ ဝေဒနာ နိရောဓ**— ဤအဆင့်သို့ ရောက်သော ယောဂီသည် နိရောဓ သမာပတ္တိ ဝင်စားရ၍ သညာနှင့် ဝေဒနာ၏ စိတ်စာရားတို့ကို လုံးဝ မိမိ အလိုဌ ထား၏၊ ဤအသင်္ခတ တရား ငါးပါးတို့ကို လွတ်လွတ် ကျွတ်ကျွတ် ယုံကြည်ရန် မသင့်သေးချေ၊ အကြောင်းကား တထတာ၏ ဖေါက်ပြန်ခြင်း ပရိဏာမကြောင့် ယင်းတို့သည် အမျိုးမျိုး အဖုံဖုံ ဖြစ်ကုန်၏၊ တထတာသည်သာ

ဤလောကဌ် ပရိဏာမကို ဆောင်၍ ယင်းတရား ငါးပါးတို့သည် သူ၏ အစိတ် အပိုင်းတို့ ဖြစ်ကုန်၏။

(၆) **တထတာ** — တထတာ၏ အနက်မှာ မချုတ် မယှင်း မှန်ကန်ခြင်း ဖြစ်၏၊ ယင်းသည် ဝိညာဏဝါဒီတို့၏ ပရမတ္ထ သဘောတရား ဖြစ်၏၊ လောက၏ အလုံးစုံသော ဓမ္မတို့တွင် နိစ္စတည်သော ဓမ္မမှာ တထတာသာ ဖြစ်၏၊ ယင်း အရာ ဝတ္ထုကား ဘယ်နည်းနှင့်မျှ ဖေါက်ပြန်ခြင်း မရှိချေ၊ ဖေါက်ပြန်ခြင်းသည် ဟေတုပစ္စည်းကြောင့် ပေါက်ဖွားခြင်း ဖြစ်၏၊ ထိုကြောင့် တထတာသည် အသင်္ခတ ဖြစ်သောကြောင့် ဖေါက်ပြန်သော သဘော မရှိချေ၊ ယင်း သဘောတရား၏ ပရိယာယ် သဒ္ဒါတို့မှာ ဘူတကောဋိ, အနိမိတ္တ, ပရမတ္ထနှင့် ဓမ္မဓာတုတို့ ဖြစ်ကုန်၏၊ ထင်ရှားရှိ၍ မဖေါက်ပြန်သော အရာဝတ္ထု အဆုံးဖြစ်၏၊ ယင်းမှတပါး သိသင့်သော အရာဝတ္ထု မရှိသောကြောင့် ဘူတကောဋိဟု ခေါ်ကြ၏၊ အလုံးစုံသော နိမိတ်တို့မှ ဆိတ်သုဉ်းသောကြောင့် အနိမိတ္တဟု ခေါ်ကြ၏၊ လောကုတ္တရာ ဉာဏ်၏ မျက်မှောက် ပြုရာဖြစ်သောကြောင့် ပရမတ္ထ ခေါ်ကြ၏၊ ယင်း အရိယာဓမ္မကို သမ္မာဒိဋ္ဌိ, သမ္မာဝါယမ အစရှိသော မြတ်သော ဓမ္မ (ဓာတု) တို့ကြောင့် ဖြစ်၏၊ ထို့ကြောင့် သူ၏ အမည်သည် ဓမ္မဓာတု မည်၏။

မဇ္ဈိမ

သုညဝါဒ

မဇ္ဈိမက အယူဝါဒသည် ဗုဒ္ဓဒဿန၏ နောက်ဆုံး အယူအဆ ဖြစ်၏၊ ယင်းဝါဒ၏ မူလမှာ မြတ်စွာဘုရား၏ တပည့်သားတို့ဌာသာ တည်ရှိ၏၊ အလွန်ရှေးကျသော အယူဝါဒ ဖြစ်၏၊ ဆရာ နာဂဇုန နှင့် တခဲနက် ဆက်စပ်နေခြင်းမှာ သူသည် ဤအယူအဆ၏ ပြန့်ပြော သော သဘောတရားကို ဆန်းစစ် ပေးသောကြောင့် ဖြစ်၏၊ ပညာ ပါရမိတာ သုတ်တို့တွင် ဤဝါဒကို ကျယ်ဝန်းစွာ ဖွင့်ဆိုထားကြ၏၊ နာဂဇုနသည် ဤအယူဝါဒ ပြန့်ပွားရေးအတွက် မဇ္ဈိမက ကာရိ ကာ အမည်ရှိသော ကျမ်းကို စီရင်၏၊ ယင်းသည် မဇ္ဈိမကဂိုဏ်း၏ ကျင့်ဝတ် ပဋိပတ် အတွက် အချုပ် အချာ ဖြစ်သော ကျမ်းမြတ် ရတနာ ဖြစ်၏၊ ဗုဒ္ဓ၏ မဇ္ဈိမ ပဋိပဒါ လမ်းစဉ်ကို လိုက်သောကြောင့် ဤအမည်ကို ခေါ်ကြခြင်း ဖြစ်၏၊ ဗုဒ္ဓသည် နိတိနှင့် ပတ်သက်၍ ဘဝတွင် လက်ဝဲ လက်ယာ အစွန်းနှစ်ဘက်ကို ပယ်၍ အလယ်လမ်း ကို မြှင်းစေ၏၊ သဘောတရားကို ဝေဘန်ရာ၌ သဿတဝါဒနှင့် ဥစ္ဆေဒဝါဒ နှစ်ခုလုံးကို ငြင်းပယ်ပြီး မဇ္ဈိမ ပဋိပဒါကို ဆောင် စေ၏၊ ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ အယူ အဆ တိုးတက်လာသော အခါ သုညဝါဒ ပေါ်ထွက်လာ၏၊ ဤဝါဒသည် ဗုဒ္ဓ၏ မဇ္ဈိမ ပဋိပဒါ လမ်းစဉ်ကို အခြေခံသောကြောင့် မဇ္ဈိမက မည်၍ သုညကို ပရမတ္ထ အဖြစ် ယုံကြည်သောကြောင့် သုညဝါဒီလည်း မည်လေသည်။

သုညတာ အယူဝါဒကို ပညာပါရမိတာ, ရတနာကရဏ္ဍ အစရှိသော သုတ်တို့၌ တွေ့ရ၏၊ ထိုကြောင့် ယင်းဝါဒ၏ ရှေးကျခြင်းမှာ ယုံမှားဖွယ်ရာ မရှိချေ၊ သို့ရာတွင် သုညတာဝါဒနှင့် ပတ်သက်လျှင် နာဂဇုန်ကိုသာ ညွှန်ပြနေကြသည်၊ သူသည် မဇ္ဈိမိက ကာရိကာ အမည်ရှိသော ကျမ်းကို ပြုပြီး သူ၏ ထက်မျက် စူးရှ တောက်ပသော ပညာရှိ အဖြစ်ကို ပြလိုက်၏၊ ဤလောက၏ အလုံးစုံသော အတွေး အခေါ် အကြံဉာဏ် တို့ကို တက္ကဋ္ဌ၏ မှတ်ကျောက်ပေါ် တင်ပြပြီး တည်ရာမဲ့ သို့မဟုတ် တန်ဖိုးမဲ့ စေသည်မှာ နာဂဇုန်၏ အလုပ်ဖြစ်၏၊ သူ၏ မျက်မှောက် တပည့် အရိယ ဒေဝသည် ဆရာ၏ အာဘော်ကို လွယ်ကူစွာ သိနိုင်စေရန် ဖွင့်ဆို၏၊ ဤသည်ကား ဝိကြမ သက္ကရာဇ် ဒုတိယ ရာစုနှစ်မှ အကြောင်း အရာ ဖြစ်၏၊ တတိယနှင့် စတုတ္ထ ရာစု နှစ်တို့တွင် ထူးခြားသော ပညာရှိ တစုံတရာ ထွက်ပေါ် မလာချေ၊ ပဉ္စမ ရာစုတွင် ဝိညာဏ ဝါဒ အင်အား ကောင်းနေ၏၊ ဆဋ္ဌ ရာစုဘွင် မဇ္ဈိမိက ဝါဒသည် တနည်း တလမ်းအားဖြင့် တဖန် လှုပ်ရှားလာ ပြန်၏၊ ထိုအခါ မဟာပဏ္ဍိတ် ကြီး နှစ်ဦးသည် သုညဝါဒ၏ ဂုဏ်းကို ဦးဆောင်၏၊ တဦးမှာ ဆရာဘဗျ သို့မဟုတ် ဘာဝ ဝိဝေက ဖြစ်၍ သူ၏ နယ်မြေမှာ သြရိသာ ဖြစ်၏၊ နောက်တဦးမှာ ဆရာ ဗုဒ္ဓပါလိတ ဖြစ်၍ ဗလဘီ (ဂုဂျရာတ်) နယ်တွင် ထင်ရှား၏၊ ယင်း ဆရာနှစ်ပါး၏ ဒဿနိက အမြင်မှာ ကွဲပြား၏။

ဗုဒ္ဓပါလိတသည် သုညတာ၏ အဖွင့် ဗျာဝျာအတွက် အလုံးစုံသော တက္ကတို့ကို ပြစ်တင် ရှုတ်ချ၏၊ သူ၏ အမြင်၌ သုညတာ၏ ဥာဏ်မှာ ပညာစက္ခုဖြင့်သာ ဖြစ်ပေါ်နိုင်၏၊ ဤဂုဏ်း၏ အမည်မှာ

'မဇ္ဈိမက ပသဒ္ဓိက' ဖြစ်၏၊ ဆရာ ဘဗျကား လွန်စွာ ကျမ်းကျင်သော တက္ကိုက ဖြစ်၏၊ သူနှင့် သူ၏ တပည့်များသည် နာဂဇုန်၏ သိမ်မွေ့သော သဘောတရားတို့ကို သိလွယ်စေရန် အတွက် လွတ်လပ်စွာ တက္ကဋ္ဌ၏ အကူအညီကို ယူကြ၏၊ ထိုကြောင့် ဣဂိုဏ်း၏ အမည်သည် 'မဇ္ဈိမက သုတန္တရိက' ဖြစ်၏၊ လွန်စွာ ထင်ရှားကျော်ကြားသော ဂိုဏ်း ဖြစ်၏၊ သတ္တမ ရာစု နှစ်တွင် ဆရာ စန္ဒ ကိတ္တိသည် သုညတာ ဝါဒကို အထွတ်အထိပ်သို့ မြှင့်တင်ပေးလိုက်၏၊ ဣဝါဒ နှစ်ပါးစုံကို သိသော်လည်း ကိုယ်တိုင်ကား ဗုဒ္ဓပါလိတ ဂိုဏ်း၏ တောင့်တင်းသော ဂိုဏ်းသားဖြစ်၏၊ မိမိ၏ အဖွင့် ဗျာချာဖြင့် သူသည် ဘဗျ၏ ဂိုဏ်းဂဏကို နှိမ်ချ ချေမှုန်းပစ်၏၊ သူသည် သုညဝါဒ၏ ထိပ်တန်း ဦးကာဆရာ ဖြစ်၍ သူ၏ အဖွင့် ဦးကာတို့သည် စိတ်ဗွတ်, မံဂိုလိယာနှင့် အခြား အရပ်ဒေသတို့တွင် သုညဝါဒကို တောက်ပစေလေသည်။

ကျမ်းဆရာများ

၁—ဆရာနာဂဇုန်—သူသည် သုညဝါဒကို ဟည်ထောင်သော ဆရာဖြစ်၏၊ သူ၏ မွေးဖွားရာမှာ ဝိဒဘ (ဗရာရ်) တိုင်းဌ ဖြစ်၏၊ ဗြာဟ္မဏမျိုးဖြစ်၍ ဗြာဟ္မဏ ကျမ်းဂန်တို့ကို လေးနက်စွာ သရဇ္ဈာယ်ခဲ့၏၊ ရဟန်းပြုသောအခါ ဗုဒ္ဓ ကျမ်းတို့ကိုလည်း နက်နက်နဲနဲ ဆည်းပူး လေ့လာ၏၊ သူသည် အထူးသဖြင့် ထိုအခါက တန္တရ-မန္တရမှာ လွန်စွာ ထင်ရှားသော သိဒ္ဓိပဗွတ်၌ နေ၏၊ ဆေးဆရာ ဖြစ်၍ ရသာယန ကျမ်းပြု ဆရာဟုလည်း ပြောကြ၏၊ မဖြစ်နိုင်သော အတွေးအခေါ်, မထောက်မှီသော ပညာရှိ အဲဖြစ်နှင့် နက်ရှိုင်းသော အယူအဆတို့ကြောင့် သူ၏ ပြန့်ပြောသော ကျော်

စောမှုသည် အိန္ဒိယ ဒဿနိက လောကဌ ထာဝစဉ် တည်ရှိနေခြင်း ဖြစ်၏၊ နာဂဇုန အမည်ဖြင့် ကျမ်းပေါင်း များစွာရှိသည့်အနက် မဇ္ဈိမိက ကာရိကာ ယုတ္တိသဋ္ဌိကာ, ဥပါယ ကောသလ အစရှိသော ကျမ်းတို့မှာ နာမည်ကျော်ကြား လူသိများလှသည်။

၂—**အရိယဒေဝ**—စန္ဒကိတ္တိ၏ အလိုအားဖြင့် သူသည် သိံဟပုရ ပြည့်ရှင် ဘုရင်၏ သားဖြစ်၏၊ ယင်း သိံဟပုရ ပြည်ကို အချို့က သီဟိုဠ်ကျွန်းဟု ယူဆကြ၍ အချို့ကမူ အိန္ဒိယပြည် မြောက်ပိုင်းဌ ရှိသည်ဟု ပြောပြကြသည်၊ အရှင် နာဂဇုန၏ တပည့်ခံကာ သူသည် ပညာစုံ သင်ကြားပြီးလျှင် အတ္တိကနှင့် နတ္ထိက ဒဿန များကို လေ့လာ၏၊ သူ၏ အကြောင်းနှင့် ပတ်သက်၍ စိတ်ဝင် စားဖွယ် တရပ်တွေ့ရ၏၊ တရံသောအခါ နာလန္ဒာမှ ရဟန်းတို့ သည် ဗြာဟ္မဏ ပဏ္ဍိတ် တဦးကို နှိမ်ရန်အတွက် သိရိပဇ္ဇတမှ နာဂဇုနကို ပင့်ဖိတ်၏၊ သူသည် ဤကိစ္စအတွက် တပည့် အရိယ ဒေဝကို လွှတ်လိုက်၏၊ လမ်းတွင် ရုက္ခစိုးနတ်တဦးက တောင်း၍ အရိယဒေဝသည် သူ၏ မျက်စိ တလုံးကို ထုတ်ပေးလိုက်၏၊ နာလန္ဒာသို့ ရောက်သော အခါ မျက်စိတဖက်လပ် ဖြစ်နေ၍ ဗြာဟ္မဏ ပဏ္ဍိတ်က ပြောင်လှောင်၏၊ ထိုအခါ သူက ဒေါသဖြင့် "မျက်စိ သုံးလုံးရှိသော သက်ရ ဘုရားလည်း မမြင်နိုင်, မျက်စိ တထောင်ရှိသော သိကြားမင်းလည်း မမြင်နိုင်သော ပရမတ္ထ သဘောတရားကို မျက်စိ တလုံးသာရှိသော ရဟန်းက မျက်မှောက် ပြု၏" ဟု ပြောပြလိုက်၏၊ နောက်ဆုံးတွင် သူသည် ထိုဗြာဟ္မဏ ပဏ္ဍိတ်ကို အောင်နိုင်၍ ဗုဒ္ဓဓမ္မ၌ ညွှတ်နှူးစေ၏၊ သို့ဖြင့် သူသည် မျက်စိ တဖက်လပ်သောကြောင့် ကာဏဒေဝ အမည်ဖြင့်လည်း ထင်ရှားကြောင်း သိရ၏၊ အရိယဒေဝသည် စတု သတက, မဇ္ဈိမိက

ဟတ္ထ ဗာလ ပကရဏ စိတ္တဝိသုဒ္ဓိပကရဏ စသော ကျမ်းပေါင်း ဆယ်စောင် ပြုစုခဲ့၏။

၃–**ထေရဗုဒ္ဓပါလိတ**- သူသည် ငါးရာစု အစတွင် ပေါ်ထွန်းခဲ့၏။ မဟာဝယာနဂိုဏ်း ဆရာတို့တွင် တပါး အပါအဝင် ဖြစ်၏၊ သူသည် နာဂဇုန်၏ မဇ္ဈိမက ကာရိကာကို 'အကုတောဘယာ' အမည်ဖြင့် ဗျာချာ ဖွင့်ဆို၏၊ ထိုကျမ်း တိဗွတ် ဘာသာပြန် နောက်ပိုင်းတွင် မဇ္ဈိမက ဒဿန၏ ဋ္ဌီကာဆရာ ရှစ်ဦးအမည်ကို ဖော်ပြသား၏၊ ဗုဒ္ဓပါလိတလည်း ထိုတွင် တဦး အပါအဝင် ဖြစ်၏၊ သူသည် နာဂဇုန်၏ မဇ္ဈိမက ကာရိကာပေါ်မှာ အမြင်သစ်ဖြင့် ဆန်းစစ်၏၊ သူ၏ စာရေးဟန်မှာ ပသဒ္ဓိက ဖြစ်၏၊ မိမိ အယူဝါဒကို တန်ဆာဆင်ရန် အတွက် ကျမ်းအနက်တွင် ဝါဒတပါးနှင့် တက္ကယုတ္တိကို အမေး အဖြေ ပြုလုပ်ပြီး ရှုတ်ချခြင်း ဖြစ်၏၊ သူ၏ နည်းလမ်းကို လိုက်နာသူ တပည့် အများ ပေါ်ထွက်ခဲ့၏၊ သူ၏ ထင်ရှား ကျော်ကြားခြင်းမှာ ဤအကြောင်းကြောင့် ဖြစ်၏။

၄–**ဘာဝဝိဝေက**=ဘရုပ်တို့သည် သူ၏အမည်ကို 'ဘာဝဝိဝေက' ဟုခေါ်ဆိုကြ၏၊ ထိုပြင် 'ဘဿ' ဟုလည်း ခေါ်ကြ၍ အမည်သုံးပါးဖြင့် ထင်ရှားသူဖြစ်၏၊ သူသည် ဗုဒ္ဓဗျာယတွင် သီးခြား အယူဝါဒကို တွေးဆ၏၊ ယင်းဝါဒ၏ အလိုမှာ မဇ္ဈိမကတို့၏ သတ္တာနှင့် နိုင်းယှဉ်ရန်အတွက် သီးခြား ပမာဏကို ပေးပြီး ဝါဒတပါးကို အနိုင်ယူလိုခြင်း ဖြစ်၏၊ သူ၏ အမည်ဖြင့် တိဗွတ်, တရုပ် ဘာသာပြန် ကျမ်းပေါင်း များစွာ တွေ့ရ၏၊ မူလ သက္ကတ ဘာသာ ကျမ်းရင်းကိုကား ယနေ့တိုင်မတွေ့ရသေးချေ၊ သူ၏ ကျမ်းတို့မှာ မဇ္ဈိမက ကာရိကာ ဗျာချာ, မဇ္ဈိမ ဟဒယ ကာရိကာ, မဇ္ဈိမတ္ထ သင်္ဂဟ အစရှိသည်တို့ ဖြစ်၏။

၅-**စန္ဒိကိတ္တိ**—ခြောက်ရာစုမှာ စန္ဒိကိတ္တိသည် မဇ္ဈိမိက ဂိုဏ်း၏ အချုပ်အချာဖြစ်၏၊ တာရာနာထ၏ အဆိုအမိန့်အရ ထိုသူသည် အိန္ဒိယ တောင်ပိုင်း သမန္တ အမည်ရှိသော တနေရာတွင် ဖွားမြင်သောဟူ၏၊သူသည် ငယ်ရွယ်စဉ်ကပင် လွန်စွာ ပညာကြွယ်၏၊ ထိုကြောင့် ရဟန်းဖြစ်သောအခါ ပိဋကာဂျာဏ်ကို အလွန်လျင်မြန်စွာ အမြင်သန်ခဲ့ခြင်း ဖြစ်၏၊ဗုဒ္ဓပါလိတနှင့် ဘာဝဝိဝေက၏ ထင်ရှားသော တပည့်ဖြစ်သည့် ကမလဗုဒ္ဓိ အမည်ရှိသော ဆရာဖြင့် သူသည် နာဂဇုန၏ ကျမ်းများကို ဇလ.လာခွင့်ရခဲ့၏၊နောက်တွင် ဓမ္မပါလ၏ တပည့်ဖြစ်သွား၏၊မဟာယာနဒဿနတွင် လေးနက်သောပညာရှိဖြစ်လျက် နာလန္ဒာ မဟာဝိဟာရတွင် ကျောင်းအုပ်ဆရာ အဖြစ် လက်ခံလိုက်၏၊သူသည် ထိုတွင် မဇ္ဈိမိကာဝတာရ,ပသန္နပဒါ, စတုသတက ဋီကာ အစရှိသော ကျမ်းများကို စီရင်လေသည်။

၆—**သန္တိဒေဝ**—တာရာနာထ၏ အဆိုအရ သူသည် ယဇုအခါ ဂုဇရာတ်ခေါ်သော သုရဋ္ဌ ပြည်ရှင်ဘုရင်၏ သားတော်ဖြစ်သောဟူ၏၊တာရာဒေဝီ၏ တိုက်တွန်းချက်ဖြင့် သူသည် မင်းစည်းစိမ်ကို စွန့်လွှတ်ပြီး ဗုဒ္ဓဓမ္မကို လက်ခံလိုက်ခြင်း ဖြစ်၏၊သူသည် ဗုဒ္ဓဓမ္မ၏ ဥပဒေသကို မဟူသိရှိ၏ ချီးမြှောက်ခြင်းကြောင့် ရခဲ့၏၊နာလန္ဒာဝိဟာရ၏ အကြီးဆုံးသော ပဏ္ဍိတ် ဇယဒေဝသည် သူ၏ ဆရာဖြစ်၏၊ဇယဒေဝသည် မေမ္ပပါလ၏ နောက်တွင် နာလန္ဒာ၏ ကျောင်းရှိ ဖြစ်၏၊သူသည် သိက္ခာ သမုစ္စယ,သုတ္တသမုစ္စယနှင့် ဗောဓိစရိယာ ဝတာရ ဟူသော ကျမ်းသုံးစောင် ပြုစုခဲ့၏၊ တတိယမြောက် ဗောဓိစရိယာ ဝတာရကျမ်းမှာ သုညဝါဒအတွက် အရေးကြီးသော ကျမ်းဖြစ်၍ အပြည့်အစုံ ပြန်ဆိုပြီးသီးခြား စာအုပ်ထုတ်ရန် စီစဉ်ထားပါသည်။

၇-**သန္တရက္ခိတ**—သူသည် လွတ်လပ်သော မဇ္ဈိမက ဂိုဏ်းဆရာ ဖြစ်၏၊နာလန္ဒာ ဝိဟာရ၏ ပဓာန ကျောရိုးလည်း ဖြစ်၏၊ထိုစဉ်အခါက တိဗွတ် ဘုရင်၏ ပင့်ဖိတ်ချက် အရ ကြွသွားပြီး ထိုတွင် သမ္မေ အမည်ရှိသော ကျောင်းကို တည်ထောင်ခဲ့၏၊ယင်းသည် တိဗွတ်တွင် ရှေးအကျဆုံးသော ဗုဒ္ဓဝိဟာရဖြစ်၏၊သူသည် ထိုတွင် ၁၃နှစ် မျှနေပြီး ခရစ် သက္ကရာဇ် ၇၆၂-ခုနှစ်တွင် ပရိနိဗ္ဗာန် ပြုလေသည်၊ သူစီရင်ခဲ့သော ကျမ်းကို တစောင်တည်းသာ တွေ့ရ၏၊ ယင်းမှာ 'တတ္တသင်္ဂဟ'ဖြစ်၏၊ အတွေးအခေါ် ဒဿနညွှန်ပေါင်း ကျမ်းပင်တည်း။

အယူအဆ

မဇ္ဈိမကတို့သည် ပရမတ္ထသစ္စာကို သုညဟု ခေါ်ဆိုကြ၏၊ ထိုကြောင့် သူတို့၏ အယူအဆမှာ သုညဝါဒအမည်ဖြင့် ထင်ရှားခြင်းဖြစ်၏၊ ဟိန္ဒယာန ဗြဟ္မဏနှင့် ဂျိန်း ပညာရှင်တို့သည် သုညသဒ္ဒါ၏ အနက်ကို အလုံးစုံ၌ ပြန့်နှံ့သော သတ္တာအား တားမြစ်ခြင်း နိုဝေဓ, သို့မဟုတ် အဘာဝ အဖြစ်သာ ပြုလုပ်ကြ၏၊ ထိုကြောင့် ယင်းသဒ္ဒါ၏ အနက်သည် လောက ဝေါဟာရ၌ ထင်ရှားပေါ်လွင်ခြင်း ဖြစ်၏၊ သို့ရာတွင် မဇ္ဈိမက ဆရာတို့၏ မူရင်းကျမ်း အလိုအားလျော်စွာ ယင်း သဒ္ဒါအား နတ္ထိနှင့် အဘာဝ ရုပ်အနက် ပြီးမြောက်ခြင်း မရှိချေ၊ မည်သည့် ပုဒ်အနက်၏ သရုပ်မဆို တိုင်းတာရာတွင် ကောင့် လေးပါး၏ ပြယုဂ် ထင်ရှား ပေါ်ထွက်လာ၏— အတ္ထိ (ထင်ရှားရှိ), နတ္ထိ (ထင်ရှားမရှိ), တဒုဘယံ (အတ္ထိနှင့်နတ္ထိအတူတကွ), နောဘယံ (အတ္ထိလည်းမဟုတ်, နတ္ထိလည်းမဟုတ်) ဤကောင့်တို့၏ အဆက်အစပ်သည် သံသရာ လော

ကိ၏ အရာဝတ္ထုတို့ဖြင့် ဖြစ်၏၊ သို့ရာတွင် ပရမတ္ထသည် ဝစီဝိညတ် အာရုံ မဟုတ်သောကြောင့် ပြောပြ၍ မဖြစ်ချေ၊ ဤကောင်ကိုလေးပါးတို့၏ အကူအညီဖြင့် သူ၏ အံ့ရောင် အဆင်း သို့မဟုတ် လက္ခဏာကို ဘယ်နည်းနှင့်မျှ ပြော မပြနိုင်ခြင်း ဖြစ်၏၊ ဝိသေသ ထူးခြားသော အရာဝတ္ထုသည် အပြောမဟုတ်၊ မထူးခြားသောအရာဝတ္ထုသည်လည်း ဘယ်အခါမျှ ပြောမပြနိုင်သော အကြောင်းအရာ မဖြစ်နိုင်၊ ထိုကြောင့် ပြောပြ မဖြစ်သည့် မြင့်မြတ်သော သဘောတရားအတွက် သူ၏ပြယုဂ်ကို ဖော်ထုတ်ခြင်း ဖြစ်၏၊ ပရမတ္ထသည် ကောင်ကို လေးပါးမှ လွတ်၏—

သူ၏ ပြယုဂ်သည် ဝိသေသ ထူးခြားသော အယူအဆ တခုကို ညွှန်ပြ၏၊ ဟီနယာနသည် မဇ္ဈိမပဋိပဒါကို အကျင့် အာစာရ တည်ရာ၌ လက်ခံ၏၊ သို့ရာတွင် မဇ္ဈိမိကတို့သည် သဘောရေးရာ လေ့လာရာမှာလည်း မဇ္ဈိမ ပဋိပဒါ အယူအဆကို တိုးပွားစေကုန်၏၊ သူတို့၏ အတွေးအခေါ်အား လျော်စွာ အရာဝတ္ထုသည် ကေန္ဒ အရှိလည်း မဟုတ်, ကေန္ဒ မရှိလည်း မဟုတ်၊ စင်စစ် ယင်းသဘောတရားသည် ဤ ရှိ—မရှိ နှစ်ပါး အလယ်မှာသာ ဝေဘန်ဆုံးဖြတ်နိုင်ရာ သည်ရှုပ်သာ ဖြစ်ပေမည်—

သူသည် အဘာဝ မဟုတ်, အကြောင်းကား အဘာဝ၏ အတွေးအခေါ်သည် အချင်းချင်း မှီတွယ်သော အတွေး အခေါ်ဖြစ်၏— အဘာဝသည် ဘာဝကို ငဲ့နေ၏၊ သို့ရာတွင် သူသည် ပရမတ္ထကို ညွှန်ပြခြင်းကြောင့် အလိုလို ငဲ့ကွက်ခြင်း ကင်း၏၊ ယင်းသို့ ငဲ့ကွက်ခြင်း မရှိသောကြောင့် သူကို အဘာဝဟု မယူဆရခြင်း ဖြစ်၏၊ ဤပရမတ္ထသည် အလယ်လမ်းဌ၌ တည်ရှိသောကြောင့် ယင်းဒဿနကို မဇ္ဈိမိကဟု အမည်ပေးလေသည်။

ဤသုညသည်သာ အလုံးစုံတို့ထက် မြတ်သော မျက်မှောက် မဟုတ်သော သဘောတရားဖြစ်၏၊ ဤသို့လျှင် မဇ္ဈိမက ဆရာတို့သည် သုညာဒ္ဒေတဝါဒကို စွမ်းဆောင်သူများ ဖြစ်ကြ၏၊ အလုံးစုံသော ပပဉ္စ အမျိုးမျိုးသည် ဤသုညအားသာ ပေါင်းဆုံကြ၏၊ မြင့်မြတ်သော သဘောတရား၏ သတ္တာကို အကြင်းမဲ့ ယုံကြည်၏၊ သို့ရာတွင် ယင်းသရုပ်ကိုကား ဘယ်သို့သော သဒ္ဒါနှင့်မျှ ဖွင့်ဆို မရနိုင်အောင် သိနိုင်ခဲ့၍ ပြော မပြနိုင်ခြင်းဖြစ်၏၊ သုညသည် ဤသဘောတရားကို ညွှန်ပြ၏။

လောက၏ အလုံးစုံသော အရာဝတ္ထုတို့နောက်တွင် တစုံတခုသော နိစ္စ ဝတ္ထုထင်ရှား မရှိချေ၊ စင်စစ် ထိုအရာတို့သည် မှီရာမရှိ၊ သဘာဝ မရှိကုန်၊ ယင်း အသိဉာဏ်သည် သုညတာ ဉာဏ်ဖြစ်၏၊ လူ့ဘဝတွင် ဤသဘောဉာဏ်မှာ အစဉ် အသုံးဝင်၏၊ ဟီနယာနတို့၏ အလိုအားဖြင့် နိဗ္ဗာန်သည် ကမ္မနှင့် ကိလေသ၏ ကုန်ခြင်းဖြင့် ပြည့်စုံ၏၊ သို့ရာတွင် နိဗ္ဗာန်ကို ရှာဖွေရာ၌ ဤတွင် ရပ်ထားရန် မသင့်ချေ၊ ကမ္မနှင့် ကိလေသ၏ သတ္တာသည် ကြံစည်ခြင်းတို့၏ အကြောင်းဖြစ်၏၊ သုဘကို ကြံစည်ခြင်းကြောင့် ရာဂ, အသုဘကို ကြံစည်ခြင်းကြောင့် ဒေါသနှင့် ဖောက်ပြန်သော အကြံကြောင့် မောဟ ဖြစ်၏၊ ထိုကြောင့် သုတ်တွင် မြတ်စွာဘုရား ဟောကြားတော်မူ၏—

"ဟယ် ကာမ ငါသည် သင်၏ မူလကိုသိပြီ၊ သင်၏ မူလသည် အကြံ အစည် သက်ပွ ဖြစ်၏၊ ယခု အခါ ငါသည် သင့်အား ကြံစည် တော့မည် မဟုတ်၊ သင်းဖြင့် သင် ဖြစ်ရတော့မည် မဟုတ်"

သက်ပွ၏ အကြောင်းမှာ ပပဉ္စဖြစ်၏၊ ပပဉ္စ၏ အဓိပ္ပါယ်မှာ အသိဉာဏ်— သိသင့်သောတရား, ဆိုဖွယ်- ဆိုခြင်း, အိုး—ပုဆိုး,

မိန်းမ-ယောကျား, လာဘ—အာလာဘ, သုခ—ဒုက္ခ စသည်ကို စဉ်းစားခြင်းဖြစ်၏၊ ဤပပဉ္စ၏ ချုပ်ခြင်းသည် သုညတာ—သဗ္ဗမမ္မအနတ္တညာဏ်ဌ ဖြစ်၏၊ ထိုကြောင့် သုညတာသည် နိဗ္ဗာန် ရှာဖွေသူတွင် အသုံးဝင်ခြင်းဖြစ်၏၊ အရာဝတ္ထုကို ရသောအခါ ပပဉ္စမေ့းဖွားပြီးနောက် ကြံစည်ခြင်းတို့ဖြင့် ထိုကမ္မ ကိလေသတို့ ဖြစ်ပေါ်၏၊ ယင်းဖြင့် သတ္တဝါသည် ဘဝသံသရာတွင် လှည့်လည်နေ၏၊ သို့ရာတွင် အရာဝတ္ထု မရသောအခါ အလုံးစုံ အကျိုးမဲ့တို့၏ မူလ ပပဉ္စ မေ့းဖွားခြင်း မရှိတော့ချေ၊ ဥပမာ လောကဌ် အမြုံ့မ၏သား မရှိခြင်းကြောင့် မည်သူမျှ သူ၏ ရုပ်ရည် ရူပ အာရုံဌ် ပပဉ္စမည် မဟုတ်, ကြံစည်မည် မဟုတ်၍ ရာဂ၏ အနှောင်အဖွဲ့ဌ် နှောင်ဖွဲ့၍ မိမိကို အခါခပ်သိမ်း ကိလေသာ၏ တည်ရာခွက် ပြုလုပ်လိမ့်မည် မဟုတ်ချေ၊ မှန်ကန်သော ဤသုညတာ ဥာဏ်ကြောင့် ယောဂီသည် ချက်ခြင်း နိဗ္ဗာန်ကို ရ၏၊ ထိုကြောင့် အလုံးစုံသော ပပဉ္စတို့မှ ကင်းလွတ်ခြင်းကြောင့် သုညတာသည်သာ နိဗ္ဗာန် ဖြစ်၏၊ နာဂဇုနသည် ဤအကြောင်းကြောင့် သုညတာကို လွတ်မြောက်မှုအတွက် ညွှန်ပြခြင်းဖြစ်လေသည်။

အရှင် အရိယဒေဝသည် စတုသတက အမည်ရှိသော ကျမ်းဌ် နှစ်ပါးသော ဝတ္ထုကိုသာ ဗုဒ္ဓမမ္မတွင် အချုပ်အချာ ပြုလုပ်သွား၏၊ (၁) အဟံ သာ တည်းဟူသော ဓမ္မနှင့် သုညတာ နိဗ္ဗာန် ဖြစ်၏၊ လူ့ဘဝအတွက် သုညတာ၏ မြင့်မြတ်ခြင်းကို ပြသရာ စန္ဒကိတ္တိသည် အရိယ ဒေဝ၏ အယူအဆကို အကျယ် ဖွင့်ဆို၏၊ ထိုကြောင့် သုညတာ ဥာဏ်မှာ အစဉ် မြင့်မြတ်လေသည်၊ သုညတာကို ဤမျှ အသုံးဝင်ကြောင်း ပြဆိုပြီးလျှင် နာဂဇုနသည် သုည၏ လက္ခဏာကို အလွန်လှပသော ကာရိကာ တပုဒ်ဌ် စုပေါင်း ညွှန်ပြ၏။

အပရ ပစ္စယံ သန္တိ ပပဉ္စေ ပပဉ္စိတမ်၊
နိဗ္ဗာ ကပ္ပမနာနာတ္ထမေတတ် တတ်တ္ထသ လက္ခဏမ်။
သူ၏ လက္ခဏာကို ဤသို့သော အပြားအားဖြင့် ဖော်ပြ
သွားနိုင်၏—

(၁) အပရ ပစ္စယ ဟူသည်မှာ တဦးက အခြားတဦးကို သူ၏ ဥပဒေသ မပေးနိုင်ခြင်းဖြစ်၏၊ လူတိုင်းသည် ဤသဘော်ဘာ တရားဥာဏ်ကို ကိုယ်တိုင် မိမိဘာသာ ပြုလုပ်သင့်၏၊ အရိယာ တို့၏ ဥပဒေသကို ကြားနာခြင်းကြောင့် ဤသဘောတရာ၏ ဥာဏ်သည် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ချေ၊ အကြောင်းကား အရိ ယာတို့၏ သဘောတရား ပဋိပတ်သည် ကောင်းစွာ တင်ခြင်း ကြောင့် ဖြစ်၏။

(၂) သန္တိဟူသည် သဘာဝ ကင်းခြင်းပင်တည်း။

(၃) ယင်းသည်ကား ပပဉ္စတို့ကြောင့် ပပဉ္စိတ မဖြစ်ခြင်း ဖြစ်၏၊ ဤတွင် ပပဉ္စ၏ အနက်မှာ သဒ္ဒ ဖြစ်၏၊ အကြောင်းကား ယင်းသည် အနက်ကို ပပဉ္စိတ (ဖော်ပြခြင်း) ပြု၏၊ သူ့ အနက်၏ ပြည့်စုံခြင်းမှာ ဘယ်သဒ္ဒါနှင့်မျှ မဖြစ်နိုင်၊ ထို့ကြောင့် ယင်းကို အသဒ္ဒနှင့် အနက္ခရ သဘောတရားဟု ခေါ်ကြခြင်း ဖြစ်၏။

(၄) ယင်းသည် နိဗ္ဗိကပ္ပ ဖြစ်၏၊ ဝိကပ္ပ၏ အနက်မှာ စိတ် သွားခြင်း, စိတ်၏ ဗျာပါရ ဖြစ်၏၊ အထူး ကြံစည် တွေးတော ခြင်းပင်တည်း၊ သူ့တာသည် စိတ်ဗျာပါရအား အတွင်းမဝင် ချေ၊ စိတ်သည် ဤသဘောတရားကို စဉ်းစားခြင်း မပြုနိုင်၊ ထို့ကြောင့် မဇ္ဈိမက ဝုတ္တိဌ 'ဥာဏ်၏ ကျက်စားရာ မဟုတ်သော ပရမတ္ထ သစ္စာ၌ အကွာရာတို့၏ ကျက်စားခြင်း ဘယ်သို့ ဖြစ်နိုင်

မည်နည်း' ဟု ဆိုလေသည်၊ ယင်းသဘောတရားမှာ အညေယျနှင့် အသဒ္ဒဟု ဆိုလိုခြင်းဖြစ်၏။

(၅) အနာနာတ္တ ဟူသည်မှာ အမျိုးမျိုးသော အနက်တို့မှ ကင်းလွတ်ခြင်း ဖြစ်၏၊ အာရုံ၌ ဓမ္မတရားတို့ ဖြစ်ပွားလိုသော ထိုဝတ္ထုသည် နာနာတ္တ ဖြစ်၏၊ စင်စစ် အလုံးစုံသော ဓမ္မတို့၏ ဖြစ်ခြင်း မရှိချေ၊ ထိုကြောင့် ဤသဘောတရားသည် အနက် အမျိုးမျိုး (နာနာတ္တ)မှ ကင်းခြင်း ဖြစ်၏၊ ဤသို့လျှင် သုညတ်၏ သဘာဝသည် အလုံးစုံသော ပဗဇ္ဇ၏ ပြတ်စဲခြင်း ဖြစ်၏၊ စင်စစ် ယင်းသည် ဘာဝ ပဒတ္တ ဖြစ်၏၊ အဘာဝ မဟုတ်ချေ၊ ဤသို့လျှင် ယင်းသဘောတရား၏ ကျင့်စဉ်ကို နာဂဇုန ဖွင့်ဆိုလေသည်။

သုညတ်၏ အပြားကို မဟာယာနကျမ်းတို့တွင် တခမ်းတနား ဖွင့်ဆိုကြ၏၊ မဟာပညာ ပါရမိတာသုတ်၌ သုညအပြား ဆယ်ရှစ်ပါး ရှိ၏၊ သို့ရာတွင် ပဗ္ဗဝိသတိ သာဟသိကာ ပညာပါရမိတာ၏ အလိုအားလျောက်စွာ ဟရိဘဒ္ဒ၏ အဘိသမယာ လင်္ကာရ လောကတွင် သုညတာကို အပြား ၂၀ ဖွင့်ဆို၏၊ ယင်းတို့ကို လေ့လာသဖြင့် သုညတာ၏ အမှန်တရား အသဲနှလုံးတိုင် ရောက်နိုင်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ရောက်ရန် အတွက်လည်း အမှန်ပင် လိုအပ်ပေသည်၊ သုညတာ၏ ယင်းဉာဏ်သည် ဗောဓိသတ္တ ပညာသမ္ဘာရတွင် အကြီးဝင်၏၊ သုညတာ၏ အပြား ၂၀ မှာ အောက်ပါအတိုင်းဖြစ်၏-

(၁) **အဗ္ဗတ္တိက** သုညတာ-- အတွင်းအရာ ဝတ္ထုတို့၏ သုညအဖြစ် အဗ္ဗတ္တိကဖြင့် ဆိုလိုသည်မှာ ဝိညာဉ် ၆-ပါး ဖြစ်၏၊ ငါတို့၏ စိတ်ဆိုင်ရာ ကြိယာ၏ မူလ၌ အတ္တ အမည် ရှိသော တစုံ

တရာ အရာဝတ္ထု မရှိခြင်းပင်တည်း၊ ဟီနယာနတို့၏ အနတ္တဝါဒ သည် ဤသုညတာကို ထွန်းပြ၏။

(၂) **ဗဟိဒ္ဓ သုညတာ**- အပြင်အပ အရာဝတ္ထုတို့၏ သုည အဖြစ် ဣန္ဒြေတို့၏ ဝိသယရုပ်သည် ရသ ဖဿ စသည်- သဘာဝ သုည ဖြစ်ကုန်၏၊ ငါတို့၏ အတွင်းလောကသည် သရုပ သုည ဖြစ်သောကြောင့် အချည်းနှီး ဖြစ်သကဲ့သို့ ဗဟိဒ္ဓ လောက၏ မူလဌာလည်း တစုံတရာ အတ္တ မရှိချေ။

(၃) **အဇ္ဈတ္တ ဗဟိဒ္ဓ သုညတာ**— အတွင်း အပ အရာဝတ္ထု တို့၏ သုည အဖြစ်၊ ငါတို့သည် သာမည အားဖြင့်, အတွင်းနှင့် အပအရာဝတ္ထုတို့ကို ခွဲခြားနေကြ၏၊ယင်း ခွဲခြားခြင်းလည်း အစစ် အမှန် မဟုတ်ချေ၊ဤ ခွဲခြားခြင်းသည် ကြံစည်ခြင်း ဖြစ်၏၊ ဇနရာ ဌာန အပြောင်းအလဲ ပြုသော အခါတွင် အတွင်းဌာရှိသော အရာဝတ္ထုကို အဇ္ဈတ္တ, အပဌာရှိသော အရာဝတ္ထုကို ဗဟိဒ္ဓဟု သိကြ၏။

(၄) **သုညတာ— သုညတာ** - သုညတာ၏ သုည အဖြစ်၊ ဓမ္မတရား အလုံးစုံတို့၏ သုညအဖြစ် ပြီးမြောက်မှု အပေါ်မှာ ငါတို့၏ အသိနှလုံးဌာ ယုံကြည်နေကြသည်မှာ ယင်း သုညတာသည် စင်စစ် အရာဝတ္ထု ဖြစ်၏၊ သို့မဟုတ် ငါတို့ကြိုးပမ်းမှုတို့ဖြင့် ရအပ်သော တစုံတခုသော ဗဟိဒ္ဓ အရာဝတ္ထု ဖြစ်၏ ဟူသတည်း၊ ယင်းယုံကြည် ချက်ကို ပယ်ဖျက်ရန် ဤသုညတာ၏ သုညတာကို ပြခြင်းဖြစ်၏၊ သုညတာသည်လည်း အစစ် အမှန် မဟုတ်၊ ယင်း၏လည်း သုည ဖြစ်၏။

(၅) **မဟာသုညတာ**— အရပ်မျက်နှာ၏ သုညအဖြစ်၊ အရပ် ဆယ်မျက်နှာတို့၏ ဝေါဟာရမှာကြံဆခြင်းဖြစ်၏၊ အရပ်မျက်နှာ၏

ကြံ့ဆခြင်းမှာ ငဲ့ကွက်ခြင်း ဖြစ်၏။ အရှေ့-အနောက်သည် အချင်းချင်း ငဲ့ကွက် ထောက်ထားခြင်းပြု၍ ကြံ့ဆ သွားကြခြင်းဖြစ်၏။ ယင်း၏ သုည အဖြစ်မှာ သင့်လျော်လျောက်ပတ်၏။ ဒေသစ့ဲမှာ ကြီးလွန်းလှ၍ ယင်းသုညတာကို မဟာဟူသော ဝိသေသဖြင့် သတ်မှတ်ပေးခြင်းဖြစ်သော ဟူ၏။

(၆) **ပရမတ္ထသုညတာ**—ပရမတ္ထ၏ သုည အဖြစ်၊ ပရမတ္ထဖြင့် ဆိုလိုသည်မှာ နိဗ္ဗာန် ဖြစ်၏။ နိဗ္ဗာန်သည် သံသရာနှင့် ပတ်သက်သော ပပဉ္စတို့မှ လွတ်မြောက်မှုမျှသာ ဖြစ်၏။ ထိုကြောင့် နိဗ္ဗာန်အား သရုပ်မှ သုညဖြစ်သောကြောင့် နိဗ္ဗာန်သည်လည်း သုညပုဒ်အနက် ဖြစ်၏။

(၇) **သခ်ၻ သုညတာ** — သခ်ၻာ၏ သုညအဖြစ်၊ သခ်ၻာ၏ အနက်မှာ နိမိတ်-ပစ္စည်းကြောင့်ဖြစ်သော အရာဝတ္ထုဖြစ်၏။ ဓာတ်သုံးပါး လောကတွင် အကြီးဝင်သော ကာမဓာတု, ရူပဓာတုနှင့် အရူပဓာတု၏ အပေါင်းအစုဖြစ်၏။ ယင်းလောကတို့ကို ဖြစ်သော အရာဝတ္ထုသည် သရုပ်မှ သုည ဖြစ်ကုန်၏။ လောက၏ အတွင်းအပဖြစ်သော အလုံးစုံသော အရာဝတ္ထုတို့သည် သုညရုပ် ဖြစ်ကုန်၏ဟု ဆိုလိုသည်။

(၈) **အသခ်ၻ သုညတာ**—အသခ်ၻာ၏ သုည အဖြစ်၊အသခ်ၻာ အရာဝတ္ထုသည် ဖြစ်ခြင်း,ပျက်ခြင်း ကင်းလွတ်၏ အစရှိသော ဓမ္မဘို့နှင့် ယှဉ်၏။ သို့ရာတွင် မ'ဖြစ်, မချုပ်သော အနုပ္ပါဒနှင့် အနိရောဓလည်း အမည် ပညတ်မျှသာ ဖြစ်ကုန်၏။ ယင်း အတွေ့အခေါ်သည် ငဲ့ကွက် ထောက်ထားခြင်း ဖြစ်၏။ သခ်ၻာ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အသခ်ၻာ အတွေ့အခေါ် ဖြစ်၏။

အတွေးအခေါ်နှစ်ခုလုံးမှာ တည်ရာ,မှီရာ မရှိသောကြောင့် သုညဖြစ်ကုန်၏။

(၉) **အစွန္တ သုညတာ**—လွန်သော အဆုံး၏ သုည အဖြစ်၊ အန္တ တိုင်းသည် သဘာဝ သုည ဖြစ်၏၊ နိစ္စဖြစ်သော သဿတသည် အန္တ တခု ဖြစ်၍ ပြတ်သော ဥစ္ဆေဒသည် အခြား အန္တတခု ဖြစ်၏၊ ယင်း အန္တ နှစ်ပါး၏ အကြားတွင် အန္တရ ပြုလုပ်ရန် တစုံတရာ ဝတ္ထု မရှိချေ၊ ထိုကြောင့် ယင်း စပ်ကြားအားလည်း မိမိ၏ သရုပ် တစုံတခုမျှ မရှိ ဖြစ်၏၊ အစွန္တ သုညတာ၏ အနက်မှာ လုံးဝ သုညတာ ဖြစ်၏၊ သုညတာ-သုညတာ၏ အနက်တပါးဟု ဆိုလိုသည်။

(၁၀) **အနဝရဂ္ဂ သုညတာ**—အစ အဦး၏ သုည အဖြစ်၊အစ, အလယ်နှင့် အဆုံး-ဤသုံးပါးလုံး၏ ကြုံဆချက်မှာ ငဲ့ကွက်ချက် ဖြစ်၏၊ ထို့ကြောင့် ယင်းတို့၏ ရုပ်စင်စစ် ဘာမျှ မရှိချေ၊ တစုံတခုသော ဝတ္ထုကို အကြင် အခြင်း အရာအားဖြင့် အစဟု ဆို၏၊ ထို အခြင်းအရာအားဖြင့် အစ မရှိဟု ယူဆ၏၊ အစနှင့် အဆုံး အချင်းချင်း ဆန့်ကျင်ခြင်းကို ဆောင်ကုန်၏၊ ဤဆောင်ခြင်း၏ သုညကို ပြရန် ယင်းအပြား၏ ဆိုလိုရင်း ဖြစ်၏။

(၁၁)**အနဝကာရသုညတာ**—အနဝကာရ၏ ဆိုလိုရင်းမှာ အနုပါဒိသေ နိဗ္ဗာန်ဖြင့် မကောင်းမှုကို ဘယ်နည်းနှင့်မျှ မပြုနိုင်ခြင်း ဖြစ်၏၊ ယင်း အဂတွေးအခေါ်လည်း သုညရုပ် ဖြစ်၏၊ အကြောင်းကား မကောင်းမှုသည် ကြိယာအသွင် ဖြစ်သောကြောင့် မဟုတ်မမှန်သော အတွေးအကြံပေါ်မှာ အမှီပြု၏၊ မကောင်းမှုသည် မိမိနှင့် ဝိရောဓိ ဖြစ်သော အတွေးအခေါ်ပေါ်မှာ မှီတွယ်နေ၏၊

ထိုကြောင့် ငဲ့ကွက်ခြင်းရှိသော ယင်း အနဝကာရသည် သုညရှိပ်ဖြစ်၏။

(၁၂) **ပကတိ သုညတာ** – မည်သည့် အရာဝတ္ထု၏ ပကတိ သို့မဟုတ် သဘာဝကို ပညာရှိ အလုံးစုံ အကုန် ပေါင်းစု၍ သော်လည်း မဖြစ်နိုင်ချေ၊ ယင်းမှာ တစုံတရာ ထူးခြားသော အသွင် မဟုတ်ချေ၊ အကြောင်းကား ယင်းသည် **သခ်ၤတရုပ်** ဖြစ်စေ, အသခ်ၤတရုပ် ဖြစ်စေ-ဘယ်ရုပ်နှင့်ဖြစ်စေ ပြောင်းလဲခြင်းလည်း မရှိ၊ မပြောင်းလဲခြင်းလည်း ရှိချေ။

(၁၃) **သဗ္ဗဓမ္မသုညတာ**– လောက၏ အလုံးစုံသော ဓမ္မတရားတို့သည် သဘာဝမှ ကင်းကုန်၏! အကြောင်းကား သခ်ၤတနှင့် အသခ်ၤတ နှစ်ပါး အပြားအားဖြင့် ဆက်စပ်သော ဓမ္မသည် အချင်းချင်း မှီတွယ်သောကြောင့် ဖြစ်ကုန်၏၊ ထိုကြောင့် ပရမတ္ထ သတ္တာမှ ကင်းကုန်၏။

(၁၄) **လက္ခဏသုညတာ**–ဘယ်ဝတ္ထု၏ လက္ခဏာ မဆို ယင်းသည် သူ၏ ဘာဝဖြစ်၏၊ ယင်းဖြင့် လူသည်သူ၏ လျောက်ပတ်သော အသွင်ကို လေ့လာတွေ့မြင်၏၊ ဥပမာ- မီး၏ ပူသည်၏ အဖြစ်, ရေ၏ အေးသည်၏ အဖြစ်သည် ဤအရာဝတ္ထုတို့၏ လက္ခဏာ ဖြစ်ကုန်၏၊ ယင်း လက္ခဏာလည်း စင်စစ် သုည ဖြစ်၏၊ အကြောင်းကား ဟေတု ပစ္စည်းဖြင့် ဖြစ်သောကြောင့် သူ့အားလည်း တစုံတရာ လွတ်လပ်သော သတ္တာ အဖြစ် မနေနိုင်ချေ၊ ထိုကြောင့် သာမည် သို့မဟုတ် ဝိသေသ လက္ခဏာသည် ပညတ်ချက် အမည်မျှသာဖြစ်၏။

(၁၅) **ဥပလမ္ဘသုညတာ**–အတိတ်, ပစ္စုပ္ပန်နှင့် အနာဂတ်-ဤကာလ သုံးပါး အတွေးအခေါ်မှာ အရပ်မျက်နှာ အတွေးအခေါ်

ကဲ့သို့ လုံးဝ တည်ရာမဲ့ ဖြစ်၏၊ လူသည် မိမိဝေါဟာရ အတွက် ကာလကို ကြုံဆ၏၊ သတ္တဝါသည် လွတ်လပ်သော ပမာဏတို့ဖြင့် ပြီးမြောက် သွားနိုင်သကဲ့သို့ ကာလသည် ဤကဲ့သို့ တစုံတရာ လွတ်လပ်သော အရာဝတ္ထု မဟုတ်ချေ။

(၁၆) **အဘာဝ သဘာဝ သုညတာ**— မျှားစ္ဆာသော ဓမ္မတို့၏ ပေါင်းဆုံခြင်းကြောင့်ဖြစ်သော အရာဝတ္ထုသည်လည်း တစုံတရာ ထူးခြားသော သရုပ်မရှိချေ၊အကြောင်းကား အချင်းချင်း ငဲ့ကွက်ခြင်း၏ အကြောင်းကြောင့် ဤသို့သော ဝတ္ထု၏ သတ္တဝါသည် ဖြစ်ခြင်းပင် မရှိချေ။

(၁၇) **ဘာဝ သုညတာ**- ပဋ္ဌာန္ဓာ၏ အပေါင်းကို သာမည အစီအရင်ဖြင့် ငါတို့သည် အတ္တအမည်ဖြင့် ခေါ်ဆိုနေကြ၏၊သို့ရာတွင် ယင်း ပဋ္ဌာန္ဓာသည်လည်း သရုပ်မှ ကင်း၏၊ခန္ဓာ သဒ္ဒါ၏ အနက်မှာ အပေါင်း အစု ဖြစ်၏၊အပေါင်း အစု ဖြစ်သောအရာ ဝတ္ထုသည် စင်စစ် ပြီးမြောက်ခြင်း မရှိချေ၊ ထိုကြောင့် သူသည် လောက အရာဝတ္ထုတို့၏ အကြောင်း နိမိတ် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်၊ ဤသုည အပြားမှာ ခန္ဓာ၏ သတ္တဝါကို တားမြစ်ရန် ဖြစ်၏။

(၁၈) **အဘာဝ သုညတာ**—အာကာသနှင့် ပတိသင်္ခါ,အပတိ သင်္ခါ ဟူသော နိရောဓ နှစ်ပါးမှာ သဘာဝ ကင်းကုန်၏၊ယင်း တို့သည် အမည် သညာမျှသာ ဖြစ်ကုန်၏၊စင်စစ် သံသရာ သစ္စာ အဖြစ်၏ အဘာဝရုပ် ဖြစ်ခြင်းကြောင့် ကိုယ်တိုင် သတ္တဝါမှ ကင်း လွတ်ကုန်၏။

(၁၉) **သဘာဝ သုညတာ**—သာမည အစီ အရင် အားဖြင့် ငါတို့သည် အရာဝတ္ထုတိုင်းမှာ မိမိ သဘာဝ အသီးသီးရှိသည်ဟု

ယူဆကြ၏၊ ယင်းသဘာဝသည် အရိယာတို့၏ တောက်ပသော ဉာဏ် အမြင်ဖြင့် မဖြစ်နိုင်၊ဉာဏ်နှင့် အမြင်သည် အရာဝတ္ထု၏ လျှောက်ပတ်သော အသွင်ကို ထွန်းပြကုန်၏၊သတ္တာ ကင်းသော အရာဝတ္ထု၏ ပေါ်လွင် ထင်ရှားခြင်း ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ချေ။

(၂၀) **ပရဘာဝ သုညတာ**= အရာဝတ္ထု၏ ပရမတ္ထ အသွင်မှာ အမြဲ ပစ္စုပ္ပန် ဖြစ်နေ၏၊ထို အသိဉာဏ်တို့၏ ဖြစ်ခြင်းနှင့် ပျက်စီးခြင်းကို ၈ ကွက်ခြင်း မထားမူ၍ လွတ်လပ်သော အဲသွင်ဖြင့် အခါခပ်သိမ်း ထင်ရှား ရှိနေ၏၊ဤသဘာဝကို အဘယ် ဗဟိဒ္ဓ အကြောင်း ပရဘာဝ အားဖြင့် ဖြစ်သည် ဟူသော အမြင်မှာ အမြဲ အတွေးအခေါ် တက္ကမှကင်း၏။

ဤကား အပြား နှစ်ဆယ်ရှိသော သုညတာတို့ကို အကျဉ်းအားဖြင့် ဖွင့်ပြခြင်းဖြစ်၏၊ယင်းတို့ကို လေ့လာခြင်းဖြင့် သုညတာ၏ ကျယ်ဝန်းသော အယူဝါဒ အတွေးအခေါ် တို့သည် ငါတို့ မျက်မှောက်သို့ ရောက်လာပေလိမ့်မည်၊ ဤလောက၏ ဘယ်အရာဝတ္ထု,ဘယ်အတွေးအခေါ်,ဘယ်အယူအဆမှ ကေန္ဒ သစ္စာ မဟုတ်ချေ၊ဤသဘောတရားကို အကျဉ်းချုပ်၍ သုညတာ **သဒ္ဒါ**ဖြင့် ထင်ရှားစေ၏၊ဤတွင် အစ ပဌမ ၁၆-ပါး**မှာ** ပညာပါရမိတာသုတ်ဌ် ပါရှိ၍ နောက်လေးပါးမှာ နောက်မှ ထည့်သွင်းခြင်း ဖြစ်၏။

* * *

နှုံး

အကြောင်ယောက္ခား၊ စုမ်းပကားဖြင့်
လေအား လော်ယက်၊ ဤမှာဘက်က
လေထက် ဝိုလ်ပါ၊ လူတကာကို
လိုရာ အရပ်၊ ခပ်စိမ့်ကြိုးစား
လော်မျှားလေလေ၊ ထိုသည့်လေကား
ကမ်းခြေ တဘက် ဆိုက်လာတည်း။

လော်လေ လော်လေ၊ ထိုကမ်းခြေသို့
ထိုလေ ဆိုက်ပြီး၊ ထိုလေစီးတို့
ခရီးမြေတာ၊ ရှေးရှုရာသို့
မကြာ ရက်ရက်၊ ပြွမ်းပြွမ်း သက်၍
လေထက်စီးထ၊ တယောက်မျှလျှင်
ကျန်ရ မထင်၊ ချည်းနှီး စင်လျက်
ထိုတွင် မြစ်နား၊ ထိုလေထား၍
သွားခဲ့ ပရမ်း ပတာတည်း။

ရှင်ရဋ္ဌသာရဆို စတုဓမ္မသာရ ကိုးခန်းပျို့မှ ဟတ္ထိပါလ မင်းသားက သူ့အဘ ပုဏ္ဏားနှင့် သေကာရီ မင်းကြီးအား ပြောကြားသောစကားဖြစ်၏၊ ဤစကားကို အကျယ် ဖွင့်ဆို မပြချင်ပါ၊ မိမိဘာသာ အရသာခံပြီး စဉ်းစားစေချင်ပါသည်၊ အကယ်၍ စဉ်းစားမရပါက ယင်းပျို့မှာပင် ရှင်ရဋ္ဌသာရကိုယ်တိုင် ဆက်လက် ဖွင့်ပြစပ်ဆိုသွားသောစကားကို ကြည့်ရှုနိုင်ပါသည်၊ ဤတွင်မူ ကမ္ဘာကျော် ဗင်္ဂလီ စာဆိုတော်ကြီး ဒေါက်တာ ရဗိန္ဒြနတ် တဂိုး၏

ကဗျာတပုဒ်နှင့် နှိုင်းယှဉ် ပေးချင်ပါသည်၊ ထိုကဗျာ မူရင်းကို တဂိုး၏ မူလ ဂီတဥာလိ စာအုပ်၌ တွေ့နိုင်ပါသည်၊ ကဗျာ အမည်မှာ 'ထူးဆန်းသောလှေ'-ဖြစ်၏။

ယနေ့ သန့်ရှင်း ဖြူဖွေး အေးမြ၍ နူးညံ့သော လေချိုကလေး သွေးနေပါသည်၊ ဤလှေ၏ ဆန်းကြယ်သော လောကကို ငါသည် ရှေးက မမြင်ဘူးပါ၊ ဘယ်အခါကမျှ မမြင်ဘူးပါ၊ ဘုယ် ပင်လယ်ကမ်းမှ, ဘုယ်မျှ ဝေးကွာရာမှ-ဤလှေသည် ပစ္စည်းကို ယူဆောင်လာသနည်း၊ ငါသည် လုံးဝ မသိပါ၊ ငါ၏ မရောင့်ရဲသော စိတ်သည်လည်း မိမိ၏ အလုံးစုံသော လောကီ အလိုဆန္ဒများနှင့် ပစ္စည်း ဥစ္စာများကို ပင်လယ်ကမ်းခြေမှာ ဖြန့်ကြဲပြီး မသိသော အရုပ်တပါးတွင် လှည့်လည်ရန် အတွက် လှေပေါ် တက်စီးရန် လှုပ်ရှားနေပါသည်၊ အနောက်ဘက်မှ မိုးသားများ အစုလိုက် တက်နေပါသည်၊ တခဏက် မိုးသားကြားမှဖောက်၍ နိတ္တေးသော အရုဏ်ရောင် ငါ၏ မျက်နှာပေါ် ကျနေပါသည်၊ အိုတံငါ ယနေ့ သင်သည် ဘယ်ကဲ့သို့သော အသံဖြင့် ပလွေ မှုတ်နေပါသနည်း၊ ဘယ်လို မန္တာ သရဇ္ဈာယ်နေသနည်း၊ ဤသံသယ လိုင်းတို့တွင် ငါ့စိတ် လှုပ်ရှားနေပါသည်၊ ဤလှေ၏ ဆန်းကြယ်သော လောကကို ငါသည် ဘယ်အခါမျှ မမြင်ဘူးပါ၊ မတွေ့ဘူးပါ။

ကမ္ဘာ,လောက,ဘဝ, သံသရာ, စကြဝဠာဟူသော ဝေါဟာရမျိုးတို့မှာ သဒ္ဒါသာလျှင် ခြားနားသည်၊ အနက်အဓိပ္ပာယ်ဖြင့် ကွဲပြားခြင်းမရှိချေ၊ မိမိလည်း တကမ္ဘာ, အခြားသူလည်း တကမ္ဘာ, ဤသူလည်း တကမ္ဘာ, ထိုသူလည်း တကမ္ဘာဖြစ်၍ ကမ္ဘာ အနန္တရှိသည်၊ အလုံးစုံ စုပေါင်း လိုက်ပါသော် ကမ္ဘာဖြစ်၏၊ လောက,

ဘဝ, သံသရာ, စကြဝဠာတို့လည်း ထို့အတူ အသီးသီး အနန္တ ဖြစ်၍ တူရာပေါင်းလိုက်ပါသော် တခုတည်းသာဖြစ်၏၊ ထိုကြောင့် ပညာရှိတို့သည် ရှေးဦးစွာ မိမိ ဟူသော ကမ္ဘာ, သို့မဟုတ် လောက, သို့မဟုတ် ဘဝ, သို့မဟုတ် သံသရာ, သို့မဟုတ် စကြဝဠာကို သာ စစ်ဆေး ဆွေးနွေးစေလေသည်၊ မိမိကဲ့သို့ဟူသော ကမ္ဘာ, လောက, ဘဝ, သံသရာ, စကြဝဠာကို ကောင်းစွာ သိပါက အခြား အပြင်အပ ဗဟိဒ္ဓ ကမ္ဘာလောက စသည်တို့ကိုလည်း အလို အလျောက်ပင် သဘောပေါက်နိုင်၏၊ လူတယောက်၏ ကမ္ဘာ လောက ဘဝသံသရာ စကြဝဠာမှာ သာယာခြင်း, အေးမြခြင်း, ငြိမ်းချမ်းခြင်း, အစရှိသော ကောင်းကျိုး ချမ်းသာ မင်္ဂလာတို့ လည်း ရှိသည်၊ဘေး အတန်တန် ရန်အသွယ်သွယ် အန္တရာယ် အ မျိုးမျိုး တည်းဟူသော အနိဋ္ဌ အမင်္ဂလာ အဖြာဖြာတို့လည်း ရှိ သည်၊ အသက်ရှင်ခြင်းနှင့် အသက်သေခြင်းလည်းရှိသည်၊ လူတို့သည် အသက်ရှင်ကာ မင်္ဂလာအတိုင်းနေချင်သည်၊ အသက်သေခြင်းနှင့် အမင်္ဂလာကို မလိုချင်ကြ၏၊ထိုကြောင့် လူတို့၏ ရှေ့ဆောင်ဖြစ် သော ပညာရှိ ကဝိ သူမှန်တို့သည် လူတို့အတွက် လိုလားချက် များ ပြည့်စုံစေရန်နှင့် မလိုလားချက်တို့ မဖြစ်စေရန် နည်းလမ်း ရှာကြံကြသည်။

သူတို့ စဉ်းစားကြသည်— ကမ္ဘာ,လောက,ဘဝ,သံသရာ,စကြ ဝဠာတခုမှစ၍ အနန္တ ရှိရှိသမျှကို ပြဟ္မာကြီးက ဖန်တီးပေးသည်၊ ယင်းတို့သည် သူ၏ အလိုကျဖြစ်ကြရသည်၊ယင်းတို့တွင် လ—နေ, အအေး-အပူ, သုခ-ဒုက္ခ, အဖို-အမ-အစရှိသော ဒွန्ဒတွဲများ ရှိသည်၊ ဤဒွန्ဒတွဲများက အမြဲပင် ကမ္ဘာလောကကြီး ကျယ်ဝန်းများပြား အောင် ခွဲထွင်ပေးနေကြ၏၊ ကျယ်ဝန်းလှသော ကမ္ဘာလောက

ကြီးတွင် အေးလိုက်,ပူလိုက်, ချမ်းသာလိုက်, ဆင်းရဲလိုက် စသည်ဖြင့် တပြောင်းပြန်ပြန် ဆုံလှည့်သည့်နွားရဟတ်ခြားသို့ လှည့်လည်နေကြရသည်၊ဤသို့ဖြစ်စေသူမှာ ကမ္ဘာလောကကို ဖန်ဆင်းသူ ဖြစ်၏၊ သတ္တဝါတို့သည် သူ၏အလိုကျ ဖြစ်နေကြရ၏၊ ဤအကြောင်းနှင့် ပတ်သက်၍ လူသိများသော ဒေါက်တာ တဂိုး၏ ဂီတဥလိ ကဗျာတပုဒ် ဖော်ထုတ် ကိုးကားလိုပါသည်၊ သူ့ကို ဗြာဟ္မဏ ဘာသာဝင်တို့က ဝေဒိက မန္တြတို့၏ ကိုယ်စားဟု ယုံကြသောကြောင့်လည်း ဖြစ်၏၊ထို့ပြင် လေ့လာရန် လွယ်ကူ၍ ဆက်လက်ပြီး အတွေး ခေါင်နိုင်ရန် ခြင်းချန် ထားသောကြောင့်လည်း ဖြစ်ပါသည်။

မျှားစွာသော သူစိမ်းတို့ဖြင့် သင်သည် ငါ့အား သိကျမ်းစေ၏၊ မျှားစွာသော သူစိမ်းတို့ အိမ်၌ သင်သည် ငါ့အား နေရာပေး၏၊အဆွေ သင်သည် အဝေးကို အနီးလုပ်၍ သူတပါးကို မိမိပြုလုပ်ပေးပါသည်၊ အိမ်ဟောင်းစွန့်ခွာပြီး သူစိမ်းအိမ်သွားသော ငါသည် ထိုတွင် ပိမိ ဘယ်သူဖြစ်ပါလိမ့်ဟု စဉ်းစား နေပါသည်၊ ထို နေရာသစ်တွင်လည်း ငါနှင့် အတူနေသော သင်မှ ကိုယ်ပိုင်ဟု ပြောနိုင် လောက်အောင် ကာလ ကြာမြင့်စွာက ရင်းနှီးနေသည်ကို ငါမေ့နေပါသည်၊ရှင်ခြင်း,သေခြင်း,ဤလောက, ထိုလောက ဘယ်သို့ မဆို သင် ငါ့အား ခေါ်ဆောင်သွားပါ၊ထိုတွင် မေ့ဖွားခြင်းနှင့် မေ့ဖွားခြင်း အဆုံးတို့ဖြင့် ကျမ်းကျင်စေပြီး သင်နှင့် အတူ နေမည်သာ၊ သင်နှင့် ရင်းနှီးပြီးဘယ်သူနှင့်မျှမရင်းမနှီး နေရမည်လား၊ဘယ်ကိုမျှ မသွားရန် တားမြစ် မည်လား၊ဘယ်သွားလျှင် ဘေးဖြစ်မည်လား၊ သင်သည် အလုံးစုံသော ကမ္ဘာလောက

ကို တခုတည်းပြု၍ ယင်းကို စောင့်ရှောက်ရန် အတွက် နှိုး ကြားနေပါသည်၊အဆွေ သင်သည် အဝေးကို အနီးလုပ်၍ သူတပါးကို မိမိလုပ်ပေးပါသည်။

ဗြဟ္မာကြီးသည် ကမ္ဘာလောကကိုဖန်ဆင်းသောကြောင့် နိမ္မာန မည်၏၊ ကမ္ဘာလောက တခုလုံးကို အစိုးရသောကြောင့် ဣဿရ မည်၏၊ ကမ္ဘာလောကကြီးသည် သူ၏ တန်ခိုးတေဇော် အာနုဘော်တည်းဟူသော အတ္တ၏ မာယာဖြစ်၏၊ ဗြဟ္မာသည် အတ္တဖြစ် ၏၊ အတ္တသည် ဗြဟ္မာဖြစ်၏၊ ဗြဟ္မာသည် အတ္တဖြင့် ကမ္ဘာလောက ကို စီရင်၏၊ ထိုကြောင့် ကမ္ဘာလောကသည်လည်း အတ္တဖြစ်၏၊ အကယ်၍ ဗြဟ္မာ သို့မဟုတ် အတ္တကို ကိုးစားယုံကြည်ပါက ဘဝ သံသရာမှ လွတ်မြောက်ပြီး မအို မသေ အမြဲနေရသော ဗြဟ္မာ ပြည်သို့ရောက်သွားနိုင်လေသည်၊ ထိုတွင် ဒုက္ခ မရှိ၊ သုခသာ ရှိ၏၊ ဤစကားတို့ကို ဘဂဝန် ဂိတာဖြင့် ကောင်းစွာ သိနိုင်၏၊ ဂိတာ အကျမ်းရ ဗြဟ္မ ယောဂ၌ ဤသို့ ဆိုလေသည်။

အလုံးစုံတို့တက် မြတ်၍ ဘယ်အခါမျှ ပျက်စီးခြင်း မရှိသော သဘောသည် ဗြဟ္မာဖြစ်၏၊ သဘာဝဖြစ်သော ဇီဝ အတ္တကို အဋ္ဌာတမဟု ခေါ်၏၊ သတ္တဝါတို့ကို သဘောအားဖြင့် ဖြစ်စေသော စွန့်လွှတ်ခြင်းကို ကမ္မဟု ခေါ်၏၊ ပျက်စီးခြင်း သဘောသည် အဝိဇ္ဇာတ ဖြစ်၏၊ ထိုပြင်လူသည် အဓိဒေဝ ဖြစ်၍ ဤကိုယ်ကာယတွင် ငါသည်သာ အဓိဇယ ဖြစ်၏၊ ထိုပြင် နောက်ဆုံး အချိန်တွင် ငါ့ကို အောက်မေ့၍ ကိုယ်ကို စွန့်သူသည် ငါ၏ ရုပ်ပုံကို ဖူးမြင်ရသည်မှာ ယုံမှားဖွယ် မရှိချေ။

အို အဇုန စွဲမြဲသော စိတ်ဖြင့် အမြဲ မပြတ် ငါ့ကို အစဉ် ထာဝရ သတိရနေသော ယောဂီသည် ငါ့ထံသို့ ရောက်ရန်

လွယ်၏၊ ငါနှင့် တွေ့ဆုံပြီး မြတ်သော သိဒ္ဓိကို ရသော သူသည် ဒုက္ခ၏ နှောင်အိမ် သဖွယ်ဖြစ်၍ မခိုင်မြဲသော တဖန် မေ့ဖွားရခြင်းကို မပြုရတော့ချေ၊ ဗြဟ္မာ့လောကဌ် ရှိသောသူတို့တွင် ငါနှင့်တွေ့သောသူကား တဖန် ပြန်မလာ ရတော့ချေ၊ ဗြဟ္မာ့ ဘုံသို့ ရောက်၍ ကြည်နူးနေသူသည် စိုးရိမ်ခြင်း မရှိ၊ တောင့်တမှု မရှိ၊ အလုံးစုံတွင် အညီအမျှ ဖြစ်၍ မြတ်သော ငါ၏ တပည့် ဖြစ်၏။

ဤဇီဝအတွက်ကို လက်နက်တို့လည်း မဖြတ်နိုင်၊ မီးလည်း မလောင်ကျွမ်းနိုင်၊ ရေလည်း မဖျောက်နိုင်၊ လေလည်း မခြောက်သွေ့နိုင်၊ ယင်းသည် ပြတ်ခြင်း, လောင်ကျွမ်း ခြင်း, ပျောက်ခြင်း, ခြောက်သွေ့ခြင်း, မရှိမူ၍ အမြဲ တည်၏၊ အလုံးစုံတို့ဌ ပြန့်နှံ့၏၊ မလှုပ် မရှက် ငြိမ်သက်၍ ရှေးရိုး စဉ်လာဖြစ်၏၊ ယင်းသည် မထင်ရှား, မကြံစည်အပ်, ဖောက် ပြန်ခြင်း မရှိချေ၊ ဤအတွက်ကို ဤအတိုင်း သိပါလျှင် စိုးရိမ်သောက မဖြစ်သင့်ချေ။

ဗြာဟ္မဏ ဝါဒတွင် ဂိတာမှာ လွန်စွာ အရေးကြီး၏၊ ဂိတာ၏ မဏ္ဍိုင်မှာ အတ္တဝါဒ ဖြစ်၏၊ အတ္တ၏ မပျက်စီးနိုင်ခြင်း, ထာဝရ နိစ္စဖြစ်ခြင်းကို သရုပ်ဖော်ရန် အတွက် ရှေးဦးစွာသော မဟာ ဘာ့ဝရတ စစ်ပွဲကြီးကို ထုတ်ပြထား၏၊ ဗုဒ္ဓကား အတ္တကို မယုံ ကြည်ချေ၊ သူသည် လူ့ဘဝကို စစ်ဆေးကြည့်၏၊ အမျိုးမျိုး အဖုံဖုံ ရှာဖွေစုံစမ်း၏၊ ဘယ်တွင်မျှ ထိုအတ္တကို မတွေ့ရ၍ အနတ္တ တရား ဟောကြား၏၊ အနတ္တ လက္ခဏာသုတ်မှာ ကမ္ဘာလောကတွင် အတ္တ မရှိသော သဘောလက္ခဏာကို ပြခြင်းဖြစ်၏၊ အတ္တ ဆိုသည်မှာ ဘယ်မှာမျှ မရှိကြောင်း စစ်ဆေးပြခြင်း ဖြစ်၏။

လူတို့သည် ဗြဟ္မာ၏ အတ္တအတွက် ယောဂ အကျင့် အမျိုးမျိုး တို့ကို ကျင့်နေကြရ၏၊ စျာနယောဂ-စျာန်အကျင့်, ကမ္မယောဂ

ကံအကျင့်, ဉာဏယောဂ-ဉာဏ်အကျင့် စသည်တို့ ဖြစ်၏၊ အလှူ ဒါနပြုကြရ၏၊ ယဇ် ပူဇော်ကြရ၏၊ အတ္တအတ္တက်ဖြင့် ဤအရာ တို့ကို ပြုဖွယ် မလိုချေဟု အနတ္တလက္ခဏာ ညွှန်ပြခြင်း ဖြစ်၏၊ ယင်း အနတ္တကို ကောင်းစွာ ဆင်ခြင်နိုင်စေရန်လည်း ရှေးဦးစွာ ဓမ္မစက္က ပဝတ္တနသုတ်ကို ဖော်ထုတ်ထား၏၊ စင်စစ် ဤနှစ်သုတ်ဖြင့် အတ္တပျောက်ကာ အနတ္တဉာဏ်သို့ ရောက်ပြီးလျှင် နိဗ္ဗာန်သို့ မျက် မှောက် ပြုနိုင်၏၊ သို့ရာတွင် ဗြာဟ္မဏ ဝါဒတို့ဖြင့် ထုံအပ်သော ဗုဒ္ဓဝါဒ ပညာရှိကြီးတို့သည် အလွန် သန့်ရှင်းသော ဗုဒ္ဓဓမ္မကို ဗြာဟ္မဏဝါဒဖြင့် ထွေးရော ရှက်တင် တန်ဆာဆင်ကြလေသည်၊ အသောက မင်းလက်ထက် ဗုဒ္ဓသာသနာ၌ တိတ္ထိတို့ ဝင်လာကြ၍ နှစ်အတန်ကြာ သံဃာ မဆောင်နိုင်ဘဲ ဖြစ်ခဲ့ရ၏၊ ထိုနောက်မှ တတိယ သံဂါယနာတင်ပြီး ရှင်းလင်း ပစ်ရလေသည်။

ဤအခါမှစ၍ ဗုဒ္ဓသာသနာတွင် ဂိုဏ်းကြီး နှစ်ဂိုဏ်း ကွဲသွား လေသည်၊ မူလပင်မ ဂိုဏ်းမှာ ထေရဝါဒဖြစ်၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက် ရှင်မဟာကဿပ အစရှိသော မထေရ် အစဉ်အဆက်တို့ မြတ်စွာဘုရား၏ မူလ သြဝါဒအတိုင်း လိုက်နာ ကျင့်သုံးသော ဂိုဏ်းပင်ဖြစ်၏၊ နောက်တဂိုဏ်းမှာ အသောက မင်း၏ တတိယ သံဂါယနာတင်မှ ခွဲထုတ်ပစ်လိုက်သော မဟာ သံဃိက ဂိုဏ်းဖြစ်၏၊ ဗုဒ္ဓမှကို ဗြာဟ္မဏ ဝါဒဖြင့် တန်ဆာ ဆင်သော ဂိုဏ်းပင်ဖြစ်၏၊ ဤဂိုဏ်းသည် ဗုဒ္ဓကို လူသားအဖြစ်မှ လောကုတ္တရာ အဖြစ်သို့ ရောက်အောင် ပို့ဆောင်ပေး၏၊ စင်စစ် ကမ္ဘာလောကကို ဖန်ဆင်းသော ဗြဟ္မာကြီးနှင့် ယှဉ်ပြိုင်လိုက်ခြင်း ဖြစ်၏၊ ဗြဟ္မာဝါဒကို ဆန့်ကျင်သော ဗုဒ္ဓမှာ ဗြဟ္မာကဲ့သို့ လောက

တဘက်သို့ ရောက်သွားကာ သူ၏ ဓမ္မတို့မှာလည်း ဗြာဟ္မဏဝါဒ နည်းတူ စျာန်, တံတြာ-မံတြာတို့ဖြင့် ဖွယ်ဖွယ်ရာရာ ဖြစ်သွား၏။

ထေရဝါဒဂိုဏ်းကား ဗုဒ္ဓအား လူသားအဖြစ်မှ လွတ်ထွက်မသွားစေရန် နေရာ အနှံ့အပြားတွင် နရုတ္တမ=လူတို့တွင် မြတ်သူ, နရသီဟ=လူခြင်္သေ့, နရဝရ=မြတ်သော လူ စသည်ဖြင့် နရသဒ္ဒါဖြင့် ခေါ်ဆို၏၊ 'သို့ရာတွင် ကာလကြာမြင့်သောအခါ မဟာသံဃိကမှ အဆောင်အရောင်တို့ သက်ဝင်လာသည်ကို တွေ့ရ၏၊ ယင်းတို့ကို မိမိ အနေဖြင့် ထုပ်ဖော်ပြခြင်းထက် မြောက်ပိုင်း ဗုဒ္ဓဓမ္မဂိုဏ်း အချို့၏ ကျင့်ဝတ် ပဋိပတ်ကိုအကျဉ်းမျှ ဖော်ပြခြင်းက အပြစ်ကင်းပေမည်၊ ထိုနောက် မိမိတို့ အခြေဂဏနေနှင့် ဆက်စပ်ပြီး ဝေဘန်သုံးသပ်နိုင်လေသည်။

(၁) **တေဒ္ဒဒီဂိုဏ်း**—ဤဂိုဏ်းမှာ တရုပ်ပြည်မှ စတင် ပေါ်ပေါက်သော်လည်း ဂျပန်ပြည်မှာ ပိုမိုထင်ရှား၏၊ ဤဂိုဏ်း၏ အယူအဆမှာ ပညတ်နှင့် ပရမတ်ရှိခြင်း—မရှိခြင်းမှာ တစုံတရာ ကွဲပြားခြင်း မရှိချေ၊ ဆရာအဿဃောသ၏ အယူအဆအတိုင်း သံသရာနှင့် နိဗ္ဗာန်၏ ခြားနားချက်မှာ ရေနှင့်လှိုင်းတို့၏ ခြားနားသကဲ့သို့တည်း၊ ရေသည် ထင်ရှားရှိ၍ လှိုင်းသည် ထင်ရှား မရှိချေ၊ သို့ရာတွင် လှိုင်းသည် ရေမှ သီးခြား မဟုတ်သကဲ့သို့ ရေသည်လည်း လှိုင်းမှ သီးခြား မဟုတ်ချေ၊ ထိုနည်း တူစွာ ပရမတ်နှင့် ပညတ်သည် တပါးနှင့် တပါး သီးခြား လွတ်လပ်စွာ သတ္တာကို မဆောင်ချေ၊ ဤဂိုဏ်း၏ ယင်း အယူအဆ မူလမှာ မံတြာဖြစ်၏၊ သူတို့သည် သဒ္ဓမ္မ ပုဏ္ဍရိကနှင့် မဇ္ဈိမက ကာရိကာ ကျမ်းကို မှီငြမ်းပြုပြီး သုညတာ, ပညတ္တိနှင့် မဇ္ဈိမ ပဋိပဒါတို့ အချင်းချင်း ဆက်စပ်ပုံတို့ကို ရှင်းပြကြလေသည်။

(၂) **ကေဂေါနိုဂိုဏ်း**— ဤဂိုဏ်းသည် ယောဂါစာရ ဂိုဏ်းကဲ့ ဖြစ်၍ တရုပ်ပြည် မြောက်ပိုင်းမှ စတင် ဖြစ်ပေါ်၏။ အဝတံသက သုတ်မှာ ဤဂိုဏ်း၏ မူလ ကျမ်းစာ ဖြစ်၏။ ထိုကြောင့် ဤဂိုဏ်း အမည်ကို အဝတံသကဟု ခေါ်၏။ ယင်းကို ဂျပန်လို ကေဂေါန် ဟု ခေါ်ခြင်းဖြစ်၏။ ဤဂိုဏ်း၏ အယူအဆမှာ ဤကမ္ဘာလောက သည် တခုတည်းသောစိတ်၏ ပရိမာဏ သရုပ် ဖြစ်၏။ တခုတည်း သော စိတ်သည်သာ ထင်ရှားရှိသော အရာဝတ္ထု ဖြစ်၏။ စိတ်ထဲ မှာ အလုံးစုံသော ကမ္ဘာလောက အတွင်း ဝင်နေ၏။ ယင်းစိတ် သည် တခုတည်း ဖြစ်၏။ အနန္တ ဖြစ်၍ ပရမတ္ထဘူတ ဖြစ်၏။ စိတ်နှင့် လောက၏ အချင်းချင်း ဆက်စပ်ပုံမှာ ရေ၌ လ၏ အရိပ် ကဲ့သို့ ဖြစ်၏။ အာကာသ၌ သွားသောလ,သည် စင်စစ် ထင်ရှား ရှိသော လ,ဖြစ်၏။ ရေ၌ သွားသော လ,သည် သူ၏ အရိပ်ဖြစ်၏။ ဤအတူ ယင်း ဘဝ သံသရာသည် ထိုအနန္တ ဖြစ်သော တခုတည်း သော စိတ်၏ အရိပ်မျှသာ ဖြစ်၏။ တခုတည်းသော စိတ်၏ အမည်သာလျှင် ဓမ္မကာယ ဖြစ်၏။။

(၃) **သိင်္ဂေါနိုဂိုဏ်း**—ဤဂိုဏ်းကို မန္တြဂိုဏ်း ဟုလည်း ခေါ်ကြ၏။ စင်စစ် ယင်းဂိုဏ်းသည် တရုပ်နှင့် ဂျပန်၌ တန္တြ ဗုဒ္ဓဓမ္မ ကိုယ်စား ဖြစ်၏။ ဂျပန် အမျိုးသား ကိုဗိုဒိုက်ရှိသည် ဤဂိုဏ်း၏ နောက်ဆုံး ပညာရှိ ဖြစ်၏။ သူသည် နက်ရှိုင်းသော ပညာ၌ ရသေ့ရဟန်းလည်း ဖြစ်၏။ ပန်းချီဆရာနှင့် ဝေါဟာရ၌ ကျွမ်းကျင် သော ကျမ်းပြု ပဂ္ဂိုလ်လည်း ဖြစ်၏။ သူ၏မိုရာ ကျမ်းမှာ မဟာ ဝေရောစနာသုတ်နှင့် ဝဇီရ သေခရသုတ် ဖြစ်၏။ ဤဂိုဏ်းဝင် သူတော်စင်တို့သည် ကိုယာ အမည်ရှိသော တောင်ကို သူတို့ဂိုဏ်း၏ ပဓာန နေရာအဖြစ် သတ်မှတ်ကြ၏။ သူတို့၏ ဆရာသည် ယနေ့

လည်း သမာဓိ၌ ထင်ရှားရှိကြောင်း သူတို့ ယုံကြည်ကြသည်။ သိင်္ဂါန် ဂိုဏ်း၏ ဝါဒမှာ ဝဇီရာယာနသာလျှင် ဖြစ်၏၊ ဂျပန်နှင့် တိုဗက် အနုပညာပေါ်တွင် တန္တြ ဗုဒ္ဓဓမ္မ အရိန် အဝါ အထူး ထင်ဟပ်နေ၏၊ မန္တြယာန၏ ပဓာန ဒေဝတာမှာ ဗုဒ္ဓဝေရောစန ပုံတော်ဖြစ်၏၊ ဂျပန်တွင် ဝေရောစနသည် ဖေဒို ဟူသော အမည် ဖြင့် ထင်ရှား၏။

(၄) ဂျိုဒိုဂိုဏ်း— ယင်းဂိုဏ်း၏ အခြား အမည်မှာ သုခဝတီ ဖြစ်၏၊ ဤဂိုဏ်း၏ မူလအယူအဆမှာ ဗုဒ္ဓ၏ အမည်နာမကိုသရဇ္ဈာယ် ခြင်းကြောင့် လူသည် အလုံးစုံသော ဒုက္ခတို့မှ လွတ်မြောက်သွားပြီး လျှင် အမိတာဘ၏ အလုံးစုံ သုခ အတိပြီးသော လောကသို့ သွားနေရသော ဟူ၏၊ သိင်္ဂါန် ဂိုဏ်းမှာ လျှို့ဝှက်ချက် အတိ ပြီးသောကြောင့် လူသာမန်တို့ သိရန်ခက်၏၊ ဤဂိုဏ်းကား လွန်စွာ လွယ်ကူ၏၊ မှန်ကန် သန့်ရှင်းသော စိတ်ဖြင့် အမိတာဘ ဗုဒ္ဓကို ပဏ္ဍနာပြုပါလျှင် မိမိ အလိုရှိသော အကျိုးပြီးမြောက်၏၊ ဗုဒ္ဓကို ကိုးကွယ်ရန်သာ လူတို့၏ ပဓာန အလုပ်ဖြစ်၏၊ သူတို့က "လူသည် သဘာဝအားဖြင့် ယုတ်မာ၏၊ ယင်းယုတ်မာခြင်းတို့ကို ဖယ်ခွါရန် ဗုဒ္ဓ အမည်ကို **သ**ရဇ္ဈာယ်ရမည်" ဟု ဆိုကြသည်၊ ဤသို့လျှင် ဂျိုဒိုဂိုဏ်းမှာ ကိုးကွယ်မှု ပဓာန ဖြစ်၏၊ ဝေဒိကဓမ္မ၌ အမည်ကို သရဇ္ဈာယ်ခြင်းဖြင့် လူသည် ဘုရားသခင်၏ လောကသို့ ရောက်သွား ရသကဲ့သို့ ယင်းဂျိုဒိုဝါဒမှာ အမည်ကို သရဇ္ဈာယ်ခြင်းကြောင့် နတ်ပြည်သို့ ရောက်ပြီး ချမ်းသာ သုခ အမျိုးမျိုး ခံစားရသော ဟူ၏။

(၅) **နိစိရေန်ဂိုဏ်း**— ဤဂိုဏ်းကို တည်ထောင်သူမှာ အလွန် နိမ့်ကျသော နိစိရေန် ဆိုသူ ဖြစ်၏၊ သူ၏ သင်ကြားချက်မှာ

သဒ္ဓမ္မ ပုဏ္ဍရိက ကျမ်း၏ အဆို အမိန့်တို့ ဖြစ်၏၊ ဤကျမ်းကို မှီငြမ်း၍ ရှေးအခါက တေဇအိဂုဏ်း ပေါ်ခဲ့ဘူး၏၊ ထိုကြောင့် ဤဂုဏ်း၏ အယူအဆကို တေဇအိ ဒဿန၏ ဝေါဟာရ ပြယုဂ်ဟု ဆိုနိုင်၏၊ ယင်းအယူအဆမှာ သကျမုနိသည် အခါခပ်သိမ်း ထင်ရှားရှိနေ၏၊ သူသည် ယနေ့လည်း လူတို့ အတွင်းမှာ ရှိ၏၊ ဤနိစ္စ ဗုဒ္ဓ၏ အဘိဗျတ္တိသည် သက်ရှိ သတ္တဝါတိုင်းမှာ ရှိ၏၊ အမိတာဘာ၏ သုခဝတီလည်း ဤလောက၏ အရာဝတ္ထု မဟုတ်၊ ဝေရောစန၏ ဝဇီရလောကလည်း ဤဘဝသံသရာနှင့် ဆက်စပ်ခြင်း မရှိချေ၊ စင်စစ် သကျမုနိသည် ဤလောကမှာ ရှိ၍ လူတို့မှာ သူ၏ အလင်းရောင် ကျက်စားရာ ဖြစ်၏၊ ဗုဒ္ဓ၏ ဤအဘိဗျတ္တိကို လူတို့သည် "နဒမာ ပုဏ္ဍရိကာယ" ဟူသော မဟာ မန္တြကို မပြတ် သရဇ္ဈာယ်သဖြင့် ဖူးတွေ့ နိုင်သော ဟူ၏။

(၆) **ဇေန် (ဇင်) ဂိုဏ်း**—ဇေန် (ဇင်) သည် ဂျပန် စကား ဖြစ်၏၊ ပါဠိလို စျာနပင် ဖြစ်၏၊ ဤဝါဒ၌ စျာန်ကို နိဗ္ဗာန် ရောက်ရန် အထူးဝိသေသ ပြီးမြောက်ကြောင်းဟု **လက်ခံ** ယုံကြည်ကြ၏၊ ယင်း ဓမ္မ၏ မူလကျမ်းမှာ လင်္ကာဝတာရ သုတ်ဖြစ်၏၊ ဂျပန်ပညာရှိ ဆုဇုကီသည် ဤအယူအဆ သမိုင်းနှင့် အယူဝါဒ ပမာဏတို့ကို ကျမ်းပေါင်းများစွာ စီရင်ပြီး ဖွင့်ဆို၏၊ ဇေန်ဂိုဏ်း၏ အလိုမှာ စျာန်သည်သာ ဘဝ၏ ရည်ရွယ်ချက်ကို ရရန်အတွက် မြတ်သော ပြီးမြောက်မှု ဖြစ်၏၊ ဘဝ၏ ရည်ရွယ်ချက်မှာ အပြင်အပ အတွေးအခေါ ပိုက်ကွန်ကို ဖြတ်ပြီး ပညာဖြင့် လွှမ်းခြုံကာ ရုပ်ဖြင့် အတွင် သရုပ်ကို မျက်မှောက်ပြုရန် ဖြစ်၏၊ တရုံသောအခါ ဇေန်ရဟန်းတော် တပါးသည် အလွန် မေ့လျော့ဖွယ် ကောင်းသော

သစ်ပင်ပေါ်တက်ကာ သစ်ခွကြားတွင် ထိုင်လျက် စျာန်ဝင်စားနေ၏၊ ထိုအခါ ပညာရှိ တဦး ရောက်လာပြီး မေးလျှောက်၏။

"အရှင် သင်၏ နေရာမှာ ကြောက်စရာ ကောင်းလှပါသည်"

ထိုအခါ စျာန်ဝင် စားနေသော ဇေန်ရဟန်းတော်က ပြန်ကြား၏။

"သင်၏ နေရာသည် ငါ၏ နေရာထက် ပိုပြီး ကြောက်စရာ ကောင်း၏၊ မိမိ အသဲ နှလုံးမှာ ဝါသနာရှိပြီး စိတ်ရောဂါ ရှိသူထက် ပိုပြီး ပျက်စီးမည့် အရာ ဘယ်မှာ ရှိမည်နည်း"

သို့ဖြစ်လျှင် အရှင်၏ ဗုဒ္ဓဓမ္မ အယူ အဆကား အဘယ်သို့ပါနည်း"

ထိုအခါ ဇင်ရဟန်းတော်သည် သဗ္ဗပါပဿ အကရဏံ အစချိုသော ဓမ္မပဒ ဂါထာကို ရွတ်ဆိုပြီး ဖြေဆို၏၊ ထိုဂါထာ၏ အဓိပ္ပာယ်ကား ဤသို့တည်း။

မကောင်းမှု ဟူသမျှ မပြုဘဲနေ
ကောင်းမှု ဟူသမျှကို ပြည့်စုံစေ၊
မိမိ စိတ်ကို စင်ကြယ်အောင် ပြုပါလေ
ဤတရားတို့သည် ဗုဒ္ဓ သာသနာ။

"ဤတွင် ထူးခြားချက် အသစ် အဆန်း ဘယ်မှာနည်း၊ ဤသဘောတရားကို သုံးနှစ်သား အရွယ် ကလေး သူငယ်ပင် သိနိုင်၏"

"မှန်ပါသည်၊ သို့ရာတွင် ပျင်းရိနေပါလျှင် အဖိုးအို ဖြစ်သော်လည်း ယင်းကို အလုပ်ကိစ္စ အသွင်ဖြင့် စိတ်ညွှတ်ရန် ခက်ခဲလှပါသည်"

ဤသို့လျှင် စျာန် သို့မဟုတ် သမာဓိ အလုပ် အားထုတ်ရန်မှာ ဇင်ဝါဒ၏ ပဓာန လမ်းစဉ် ဖြစ်၏၊ ဗောဓိသတ္တဝါကို ဖွင့်ဆိုသော

မဟာယာန ကျမ်းဆရာတို့၏ အားထုတ်မှု အပေါ် ဤဂိုဏ်းသည် ဝိသေသ ထူးခြားမှု၊ သူတို့သည် သုညဝါဒ အယူအဆကိုလည်း လက်ခံ ယုံကြည်ကြလေသည်။

ဤကား မြောက်ပိုင်း ဗုဒ္ဓဓမ္မ ဂိုဏ်းဂဏ အချို့၏ ထူးခြားချက် အချို့ကို အကျဉ်းချုပ် လေ့လာခြင်း ဖြစ်၏၊ ယင်း အယူအဆ ကျင့်ဝတ် အချို့မှာ ဤတောင်ပိုင်း ထေရဝါဒ ဗုဒ္ဓဓမ္မ အတွင်းမှာ ကျယ်ပြန့်စွာ နေရာ ယူထားသောကြောင့် နှိုင်းယှဉ် လေ့လာနိုင်ကြရန် ဖြစ်ပါသည်။

သင်္ခါရ တရားတို့သည် စင်စစ် အမြဲ မရှိကုန်၊ ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိကုန်၏၊ ဖြစ်ကုန် ပြီး၍ ချုပ်ငြိမ်း ကုန်၏၊ ထိုတရားတို့၏ အေးငြိမ်းရာသည် ချမ်းသာ၏။

သင်္ခါရ ဆိုသည်မှာ ပြုပြင်ရသော တရားတို့ ဖြစ်၏၊ လုပ်ရသော တရားပင် ဖြစ်၏၊ ငါတို့သည် ချမ်းသာအောင် လုပ်ရ၏၊ ဘဝကူး ကောင်းအောင် လုပ်ရ၏၊ ဒါန သီလ စသော ကုသိုလ် ကောင်းမှု ကိုလည်း ပြု၏၊ သမထ ဝိပဿနာမှု တို့ကိုလည်း ပြု၏၊ ဤသို့စသဖြင့် ပြုပြုသမျှတို့သည် အနိစ္စ ဖြစ်၏၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်၏၊ ဖြစ်ပြီး၍ ချုပ်ငြိမ်း ကုန်၏၊ စင်စစ် ထိုတရားတို့ ငြိမ်းရာ နိဗ္ဗာန်သည် သုခချမ်းသာ ဖြစ်၏၊ ဘယ်ပုံ ချုပ်ငြိမ်း အေးချမ်းမည်နည်း။

အဟောင်း ဖြစ်သော ကံသည် ကုန်ပြီ၊ အသစ်ဖြစ်သော ကံသည်မရှိ၊ အနာဂတ်ဘဝ၌ ကံသည် တပ်မက်သော့စိတ် မရှိ၊ ဘဝမျိုးစေ့ ကုန်သော ထိုပညာရှိတို့သည် ကြီးပွားရန် ဆန္ဒမရှိရကား ဤဆိမ်းကဲ့သို့ ချုပ်ငြိမ်းကုန်၏။

သခင်ါရတရားတို့ ချုပ်ငြိမ်နည်းကို ပြသောတရား ဖြစ်၏၊ ငါတို့ မကြာခဏ ကြားနာ ရွတ်ဆိုနေကြသော ရတနာသုတ် ပရိတ်တော်လာ ဂါထာပင် ဖြစ်၏၊ ဤဂါထာကို သဘောပေါက်ပါက သခင်ါရတရားတို့ ချုပ်ငြိမ်းရာကို တွေ့ရမည်ဖြစ်၏၊ ယင်းတရားကို ရိုးရိုးစကားဖြင့် ပြောရပါလျှင် "အတိတ်က အဆွေးတွေ့ကိုလဲ တွေးပြီး မနေ၊ အသစ် မျက်မှောက်မှာလဲ ချောက်ခြား မနေ၊ အနာဂတ်ကိုလဲ တပ်မက် မနေဘဲ ပညာရှိဟာ ကြီးပွားရန် ဆန္ဒ မရှိတော့၍ ဆီမီးလို အေးငြိမ်းသွားလိမ့်မယ်" ဟူသတည်း၊ စင်စစ် ဗုဒ္ဓ၏ နိဗ္ဗာန် အစစ်အမှန်မှာ လွန်စွာ လွယ်ကူလှပါသည်၊ သို့ရာတွင် ငါတို့သည် ဖြူဖြောင့်သော အလွယ်ကို ရှောင်ကွင်းပြီး ခက်ခက်ခဲခဲ နက်နက်နဲနဲ ပညာစွမ်း ပြနေကြ၍ နိုးရက်နှင့် ဝေးနေခြင်း ဖြစ်၏၊ တေမိမင်းက "ငါသည် အတိတ်ကိုလဲ တွေးပြီးပူမနေပါ၊ အနာဂတ်ကိုလည်း မှန်းဆပြီး ကြောင့်ကြ မနေပါ၊ ပစ္စုပ္ပန်နှင့်သာ မျှတနေ၍ အဆင်း ကြည်လင် တောက်ပနေခြင်း ဖြစ်သည်" ဟု ပြောပြ၏၊ ဤတွင် အရေးကြီးသည်မှာ မျှတရန်ဖြစ်၏၊ မျှတ၍ လှုပ်၏၊ မမျှတလျှင် လှုပ်မည် မဟုတ်ချေ၊ ငါတို့သည် ယခုပင် မျှတ၍ ကြည့်ကြပါစို့။

နိဗ္ဗာနံ ပရမံ သုခံ

ဦးသော်ဇင်

စာပလေ့ တိုက်တွင်
အသင့်ရှိသော စာအုပ်များ

(၁)	နိဗ္ဗာန်	တအုပ်	၅-ကျပ်။
(၂)	ဓမ္မသတ်ပုံပြင်	။	၃ ။
(၃)	စာဥယျာဉ်	။	၅ ။
(၄)	ဝိသုဒ္ဓိမဂ်	။	၃ ။
(၅)	မြတ်စွာဘုရား ဥဒါန်းစကား	။	၂ ။
(၆)	မဟာဗုဒ္ဓဝင်	။	၂ ။
(၇)	မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ	။	၅ ။
(၈)	အမေ ပြောသောပုံ	။	၂ ။
(၉)	ရာဇဝင်ကျော် စစ်သည်တော်	။	၃ ။
(၁၀)	ရှင်ရဋ္ဌသာရ ကဗျာသာရ	။	၃ ။
(၁၁)	စာပေရေးရာ အလက်၁	။	၄ ။
(၁၂)	မယဒေဝ အဘိဓာန်	။	၅ ။
(၁၃)	စွယ်စုံ ကျော်ထင်	။	၆ ။

ရှေ့လထွက်မည့် စာအုပ်

(၁) နိုတီ စွယ်စုံ

စာပေလွှတ်တိုက်ထုတ်

စာအုပ်များ

(၁) **အမေပြောသောပုံ**— ဤပုံတို့၏ မူလမှာ ကမ္ဘာပေါ်တွင် ပဌမဆုံး ပုံဟု ခေါ်နိုင်သော ငါးရှဉ့် ငါးဆယ်ဇာတ်ဝတ္ထုတို့ဖြစ်၏၊ ဆရာ ဦးသော်ဇင်သည် ဇာတ်ကော်တို့မှ ကလေး သူငယ်တို့ ချစ်မြတ်နိုးသော သမင် ဒရယ် ခြေ ငယ် စိုင် ဆတ် ဖွတ် ပဒတ် စသော တိရစ္ဆာန် ဇာတ်စုံတို့ကို မြန်မာပုံ ပြုလုပ်ခြင်းဖြစ်၍ ကလေးများ အပျင်းပြေ ပညာရအောင် ဖတ်ပါစေ။ (အဖုံး ၂—ကျပ်)

(၂) **ရုံဇဝင်ကျော် မြန်မာစစ်သည်တော်**—မြန်မာရုဇဝင်တို့မှ အထူးသဖြင့် ရာဇာဓိရာဇ် အရေးတော်ပုံမှ ကမ္ဘာ ကြေသော်လည်း ဥဒါန်း မကြေနိုင်သော စစ်သည်တော်တို့ကို လူရွယ်များအတွက် အလေးအနက် ပြုစေခြင်း ဖြစ်၏၊ ရှေးအခါက မြန်မာတို့ ဘယ်ပုံ တော်ခဲ့သည်၊ ဘယ်မျှ ရဲစွမ်းသတ္တိရှိခဲ့သည်ကို ကောင်းစွာ ထင်ထင် တွေ့မြင်နိုင်၏။ (အဖုံး ၃-ကျပ်)

(၃) **မိလိန္ဒပဉှာ**— ဤစာအုပ်နှင့် ပတ်သက်၍ အထူး ဖော်ပြ နေဖွယ်မလိုပါ၊ အကြိမ်ကြိမ်ပြန်လည်ရိုက်နှိပ်နေရခြင်းဖြင့် ဘယ်မျှ လူများ နှစ်သက်သည်ကို မှန်းဆနိုင်၏၊ ယခုလည်း ကုန်နေ၍ ပြန် လည် ပုံနှိပ်ရန် စီစဉ်ထားရပါသည်။

(၄) **စမ္မပဒ ဘာသာပြန်**— ဤစာအုပ်ကို ပဌမအကြိမ် ပုံနှိပ် ရာ တနေ့ဘည်းနှင့် ကုန်သွားသဖြင့် ချက်ခြင်းပြန်လည် ပုံနှိပ်ထား ရပါသည်၊ ဖတ်ပြီးပြန်ဖတ်၊ ပြန်ဖတ်ပြီး ထပ်ဖတ်ရသော စာအုပ်

ဖြစ်၏၊ ဗုဒ္ဓ၏ အဆုံးအမ သြဝါဒညွှန်ပေါင်းစာအုပ်ဖြစ်၍ လူတိုင်း ဖတ်တိုင်း ကြည်နူးချမ်းမြေ့ ဘဝင်တွေ့၏။ (ကုန်နေပါသည်)

(၅) **မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ**—ဘုရားလောင်း သိဒ္ဓတ္ထ မင်းသား ဥရုဝေလ တောဌ္ဌ ဘုရားဖြစ်ရန် တရားကျင့်သည်မှ စ၍ မြန်မာပြည်အရောက် ဗုဒ္ဓသာသနာဝင် တဌင်လုံးကို ပေါင်းရုံး ထားသောစာအုပ်ဖြစ်၏၊ တောင်ပိုင်း ထေရဝါဒ ဗုဒ္ဓသာသနာကို ခြုံပြီး အလုံးစုံ စုပုံထား၏၊ ဆရာ ဦးသော်ဇင်ကား ကဗျာရှင် သုတောသနဆောင်းပါးရှင်သာမဟုတ်, အဘိဓမ္မာ မြတ်နိုးသူလည်း ဖြစ်၍ ဤစာအုပ်တွင် ထိုဘာသာရပ်မျှားကို တွေ့ထိ နိုင်လေသည်။ (အဖုံး ၅-ကျပ်)

(၆) **မဃဒေဝ အဘိဓာန်**— လေဘာတီ မမြရင်က စိန်ဗေဒါ ကြီးအား "ဆရာ မပါလျှင် အလှူမဖြစ်—"ဟု ဖွဲ့ဆို၏၊ မြန်မာတို့ တဌင်လည်း မန်လည်ဆရာတော်၏ **မဃဒေဝ** မပါလျှင် မြန်မာမှု မဖြစ်သကဲ့သို့ ဖြစ်နေရာ ဆရာ ဦးသော်ဇင်က လူတိုင်း **မဃဒေဝ**၏ အဆိုအနှစ်ကို သုံးဆောင်နိုင်ရန် အဘိဓာန်သဖွယ် စီရင်ပေးပါသည်၊ ပဌမ အကြိမ် ပုံနှိပ်ခြင်းမှာ ချက်ခြင်း ကုန်သွားပါ၍ ပြန်လည် ပုံနှိပ်ထားရပါသည်။ (အဖုံး ၅-ကျပ်)

(၇) **မဟာဗုဒ္ဓဝင်**- ဤတွင် မဟာမှာ ထူထဲ ဖောင်းပွခြင်း မဟုတ်ပါ၊ သိမ့်မေ့နက်ရှိုင်း မြင့်မြတ်ခြင်းကို ဆိုလိုပါသည်၊ ဗုဒ္ဓ ကိုယ်တိုင် ဟောကြားသော မိမိနှင့်တကွ ရှေးနောင်တော် ဗုဒ္ဓ ၂၆-ဆူတို့ အကြောင်းပင်ဖြစ်၏၊ မြတ်စွာဘုရား ဟောကြားတော် မူသည့်အတိုင်း ဂါထာတို့ကို ဆရာ ဦးသော်ဇင်က အတိ အက္ခ

မြန်မာ ပြန်ဆိုခြင်းဖြစ်၏၊ ကဗျာ ဆရာကြီး အသယ ယောသ၏ မြောက်ပိုင်း ဗုဒ္ဓဝင်ဟု ဆိုသင့်သော ဗုဒ္ဓစရိတနှင့် နှိုင်းယှဉ် ကြည့်သင့်၏။ (အဖုံး ၂-ကျပ်)

(၈) **စွယ်စုံကျော်ထင်**— ကျည်းကန် ရှင်ကြီးက ကပ်သီး ကပ်သပ် လုပ်မေးသော ပုစ္ဆာပေါင်း တထောင်ကျော်တို့ကို ရှေတောင် ကျီးသဲလေးထပ် ဆရာတော်က အကိုးအကား အထောက်အထား ပေါင်းများစွာဖြင့် ဖြေဆိုခဲ့၏၊ ပိဋကတ်စာအုပ်ကြီးအရှယ် နှစ်တွဲဖြင့် ကျယ်ဝန်းစွာ ဖြေဆိုချက်တို့ကို ဆရာ ဦးသော်ဇင်က အမေးနှင့် လျော်ဆုံစွာ ပြေရုံသာ ဖြေဆိုခြင်းဖြင့် တအုပ်တည်း အကျဉ်းချုပ် ပေးပါသည်။ (၉ ၀ ၆ ကျပ်)

(၉) **စာပေရေးရာအလင်္ကာ**— မန်လည်ဆရာတော်၏ အလင်္ကာ ဆောင်ပုဒ်တို့ကို ဆရာ ဦးသော်ဇင်က ပါဠိ သက္ကတ အလင်္ကာ ကျမ်းမျိုးစုံတို့ဖြင့် တန်ဆာဆင်ထားသော စာအုပ်ဖြစ်၏၊ စာပေ ရေးရာ အလင်္ကာနှင့် ပတ်သက်၍ ဤစာအုပ်လောက် ပြည့်စုံသော စာအုပ် မူလ သက္ကတ ဘာသာတို့မှာပင် မရှိသေးကြောင်းနှင့် ဟိန္ဒူ ပဏ္ဍိတ်ကြီးတို့ မိန့်ဆိုကြ၏။ (အဖုံး ၄-ကျပ်)

(၁၀) **ရှင်ရဋ္ဌသာရ ကဗျာသင်္ဂြိ**— မြန်မာ အသယယောသ ဟု ဆိုနိုင်သော ရှင်ရဋ္ဌသာရ၏ လုံးခြင်းကဗျာ အနှစ်သာရတို့ကို ပေါင်းစုထားသော စာအုပ်ဖြစ်၏၊ ဤ စာအုပ်၏ ထူးခြားချက်မှာ ဆရာ ဦးသော်ဇင်သည် ရှင်ရဋ္ဌသာရ၏ ကဗျာတို့ကို အမြင် သစ်ဖြင့်

သုံးသပ်ပေးခြင်း ဖြစ်၏၊ ကဗျာ၏ လျှို့ဝှက်ချက်တို့ကို ထုတ်ဖော်ရာ မှာ ဆန်အိုးထဲ ဆောက်တွေ့သော အုံ့ဖွယ်သရဲမျိုး မဟုတ်ချေ။

(အဖိုး ၃-ကျပ်)

(၁၁) **မြတ်စွာဘုရား၏ ဥဒါန်းစကားများ**-မြတ်စွာဘုရားသည် သမ္မောဓိဉာဏ်ကို ရသည်မှစ၍ လောကကြီးကို ရှုဆင်ခြင်၏၊ သို့ ဆင်ခြင်ရာတွင် သူ၏ နှလုံးအသဲတွင် စွဲထင်သော သဘောတရား တို့ကို ထုတ်ဖော် ရင့်ကျူးလိုက်သော စကားတို့ဖြစ်၍ မြတ်စွာဘုရား ၏အသဲစကားဟု ဆိုနိုင်၏၊တနည်း ဗုဒ္ဓ၏ လောကအပေါ် ရှုမြင် သုံးသပ်ချက်ဖြစ်၍ အဘယ်မျှလေးနက်မည်နည်း၊ ဥဒါန်းဖြစ်ပေါ် လာပုံအကြောင်းအရာလည်းပါဝင်၏။ (အဖိုး ၂-ကျပ်)

(၁၂) **ဝိသုဒ္ဓိမဂ်** — သို့- ဆရာဦးသော်ဇင်, ဦးပဉ္စင်း စာရေး လိုက်ပါသည်၊ပေးပို့လိုက်သော ဝိသုဒ္ဓိမဂ် စာအုပ်ကို ရရှိပါ၍ မျှား စွာကျေးဇူးတင်ဝမ်းမြောက်လျက်ရှိပါသည်၊ဦးပဉ္စင်းထံမှာ ရဟန်းခံ ထဲက ဝိသုဒ္ဓိမဂ် မြန်မာပြန် ရှိပါသည်၊ ကောင်းကောင်း သဘော မပေါက်ပါ၊ ဆရာရေးသော စာအုပ်ကို ဦးပဉ္စင်း သဘောပေါက် ပါသည်၊ ၎င်းစာအုပ်ကြည့်ပြီးအရင်စာအုပ်မျှားကိုပါ ပိုမိုသဘော ကျလာပါသည်—

အရှင်ဝိစာရ၊ ရှေ့ပုထိုးစွန်းလွန်းကျောင်း

မတ္တရာမြို့၊ မန္တလေးခရိုင်

(အဖိုး ၃-ကျပ်)

(၁၃) **စာဥယျာဉ်**– ဘာသာရေးနှင့်စာပေကြောင်းရပ်မျိုးစုံ ကိုရေးသော 'ဦးသော်ဇင်'အမည်အပြင် အခြား ကလောင်အမည် တခုရှိသေး၏၊ 'ဥယျာဉ်မှူး' ဖြစ်သည်၊ 'ကဗျာဂီတဥယျာဉ်မှူး' ဟု ဆိုလို၏၊ 'ဥယျာဉ်မှူး' ဖြင့် ကဗျာ, ဂီတ ကြောင်းရပ် မျိုးစုံကို ရေးရှိတိုင်းရင်းမေ ကဗျာ့ဥယျာဉ်ကို ကိုင်သည်၊ ယခု 'စာဥယျာဉ်' တွင်မူသူပိုင်သမျှ ဥယျာဉ်ကြီးတခုလုံးကိုဖွင့်ပြလိုက်သည်ဟု ဆိုရဘို့ရှိ သည်၊ အိုးစည်မောင်မယ်ရုပ်ဖြင့် 'စာဥယျာဉ်'ကိုဖွင့်၍ 'မုခ်ဦးဖွင့်ပွဲ' အခန်းကို မြန်မာ့အခြေအမြစ် ကဗျာ ဂီတ အသံ ရိုးရာသွင်ပြင် ပေါ်အောင် စိန်ဗေဒါလက်သံကဲ့သို့ အကွက်စိပ်စိပ် ရေးသည်၊ ကဗျာ ပုံစံသစ်ကို ဆွေးနွေးသည်၊ ပုံစံနှင့်အကြောင်းရပ်ကို တင်ပြသည်၊ ဒုတိယအခန်းတွင် စောင်းသို့ ကူး၏၊ မြန်မာ့အခြေခံ စောင်းဖြင့် မြန်မာ့ဟန် မြန်မာ့အသံစစ်စစ် ပေါ်အောင် စောင်းကိုစာဖြင့်ညှိ၍ ဖော်သည်၊ 'ကဗျာခြောက်ဆယ်'တတိယကဏ္ဍတွင်လည်း ထူးခြား၏၊ 'ခြောက်ဆယ်'ဟု ဆိုရုံမျှဖြင့် ကာဠေဒါယီ ဂါထာခြောက်ဆယ်ကို သိကြပြီးဖြစ်သည်၊သို့ရာတွင် ဥယျာဉ်မှူး၏ ခြောက်ဆယ်မှာ ထူး၏၊ အများသိကြသော ရှင်ဥတ္တမကျော် ရှင်အုန်းညိုတို့ အပြင် စိတ်ကူး ယဉ်လောကီဆံလွန်းသဖြင့် ပိဋကတ်သမားတို့ ခပ်ဖယ်ဖယ် ပြုထား ခံရသော ရှင်ဗုဒ္ဓဒတ္တ၏ 'ခြောက်ဆယ်' ကို သူ့နည်း သူ့ဟန်ဖြင့် ထုတ်ပြသည်၊ မေဃဒူတ, ရတုသံဟာရ တည်းဟူသော ကာလိ ဒါသ၏ မိုးတိမ်တမန် ရာသီဖွဲ့ တို့မှာကား သက္ကတ နိုင်ပြီးသော ဥယျာဉ်မှူး၏ ကျက်စားရာများ ဖြစ်ကြ၏၊ တဂိုး၏ 'ဂီတဥလိ'မှာ ဗမာ့စာပေလောကတွင် ထင်ရှားပြီးဖြစ်သော်လည်း ဥယျာဉ်မှူး၏ ယခုဂီတဥလိမှာ ဟိန္ဒူမှ တိုက်ရိုက် ယူပေးခြင်း ဖြစ်၏၊ သို့နှင့်

'စ၁ဉ္ယျာဉ်' သည်စာသမား,ကဗျာသမား,ဂီတသမားတို့ အတွက် ရင်ဝယ်ပိုက်အပ်သော မြတ်နိုးဘွယ် လေးစားဘွယ် စာအုပ် တအုပ် ဖြစ်လာသည်။

စာပလေ့တိုက်မှ ဦးစံတိုး၏ အဖုံးသရုပ်ဖော်ပုံဖြင့် ၅–ကျပ်။

(စာကြေးမုံ-ကြီးမောင်)

(၁၄)**ဓမ္မသတ် ပုံပြင်များ**— ဝတ္ထုပုံပြင်ကို လူတိုင်းကြိုက်သည်၊ ခေတ်တိုင်းကြိုက်သည်၊သို့ရာတွင် စာနယ်ဇင်းခေတ်မရောက်မီမြန်မာ့သမိုင်းတလျှောက် ထွန်းကားခဲ့သော ဝတ္ထုများမှာ ဇာတ် နိပါတ်၊ ဓမ္မသတ် ပုံပြင်များ ဖြစ်သည်။

ရှေးခေတ် ပုံပြင်များကို အဆင့် သုံးဆင့် ခွဲခြားနိုင်အုံ့ ထင်သည်။ ပထမ အဆင့်မှာ ပေ၊ ပုရပိုက် တို့ကို လက်လှမ်း မမှီနိုင်ရှာသော တောင်သူယာလုပ် ဓားမခုတ်တို့ နွှတ်ဆင့်ကမ်း ပြောဆိုကြသည့် ရှေယုန် ရှေကျား၊ မောင်ပျင်း၊ ငလက်မ စသော ပုံပြင်များ ဖြစ်သည်၊ ဒုတိယ အဆင့်မှာ ပေ၊ ပုရပိုက်ဝင် ဖြစ်သော သုဓမ္မစာရီ၊ ခုံတော် မောင်ကျာမ်း၊ ပေတာလန်၊ ကြမ္မာဒိုက် စသော ဓမ္မသတ် ပုံပြင်များဖြစ်၍ တတိယ အဆင့်မှာ ဘာသာရေး စာပေအဖြစ် သတ်မှတ်ကြသော ဇာတကများ ဖြစ်သည်။

'ဓမ္မသတ်'ဟု ဆိုရသည်မှာ ယင်းပုံပြင်များသည် ရှေးဟောင်းစဉ်လာ ဥပဒေဖြစ်သော မနုမနော စသည့် ဓမ္မသတ် မျိုးစုံမှ ဆင်းသက် လာသောကြောင့် ဖြစ်သည်။ 'ဓမ္မသတ် ပုံပြင်များ' သည် ဆန်းကြယ်သော ဇာတ်လမ်းများကို သိစေခြင်းနှင့်အတူ စိတ်ကူးဉာဏ်ကို ပွင့်လင်းစေခြင်း၊ ရှင်မြူးစေခြင်း၊ အုံ့ဩစေခြင်း စသော ရသမျိုးစုံကို ပေးနိုင်ကြသည်။

ယင်းပုံပြင် ဇာတကတို့ တည်ရှိရာ ပေ ပရပိုက်များကို လူသာမှန်တို့ လက်လှမ်းမှီဘို့ရန်မှာ ခက်ခဲသော အခြေအနေ ရှိသည့်အပြင် ပုံနှိပ်စာအုပ်တို့ ခေတ်သို့ ရောက်လာသော အခါ၌ပင်လျှင် ပြည့်စုံအောင် ဖတ်ခွင့်ရဘို့ရန်မှာ ခက်ခဲသည်၊ ယနေ့ စာနယ်ဇင်း ဖတ်ရှုဖွယ် မျိုးစုံတို့ ခေတ်စားလာသောအချိန်တွင်မူ ယဉ်ကျေးမှုအမွေအနှစ် တရပ်ဖြစ်သော ယင်းဓမ္မသတ် ပုံပြင်တို့၏ ကဏ္ဍသည် ပျောက်ကွယ်လုမတတ် မှေးမှိန်လျက် ရှိပေတော့သည်။

ဤသည်ကို ဦးသော်ဇင်က ဓမ္မသတ်ပုံပြင် ဖြတ်ထုံးများ မကျန်တော့လောက်အောင် စုဆောင်း စီစဉ် ဖော်ထုတ်၍ ပေးသည်၊ ဓမ္မဝိလာသ ဖြတ်ထုံး၊ သုဓမ္မစာရီ ဖြတ်ထုံး၊ အမတ်ဒိန် ဖြတ်ထုံး၊ မဟာ ပညာကျော် ဖြတ်ထုံး၊ ခုံတော် မောင်ကျဘမ်း ဖြတ်ထုံး၊ ကြမ္မာဒိုက်မင်းကြီး ဖြတ်ထုံး၊ လက်ဝဲသုန္ဒရ ဖြတ်ထုံးဟူ၍ ဖြတ်ထုံး ရှစ်မျိုး ပါဝင်၍ ရှေ့ပိုင်းတွင် ဓမ္မသတ်ဖြတ်ထုံး တို့၏ ဆင်းသက်လာရာ အစူအစဉ်ကို မဇ္ဈိမ မြန်မာအခြေခံ ကျမ်းများစွာ၏ အကိုးအကားဖြင့် ဖော်ပြသည်။ ပညာရှာသော ယနေ့ ခေတ် လူငယ်တို့၏ ကံကောင်းခြင်းတရပ်ဟု ဆိုရမည် ဖြစ်၏။

စာပလေ့ စာအုပ်တိုက်မှ ထုတ်ဝေ၍ ၃-ကျပ်။ (စာကြေးမဲ့)

နိုတိုဇယ်စုံ

နိုတိဟူသည် လူမှုရေး နည်းပေးလမ်းပြ ဖြစ်၏၊ လူ့ဘဝတွင် လူတလုံး သူတလုံးအဖြစ် နေနိုင်ရေး အတွက် လျှို့ဝှက် ချက်များ ရှိလေရာ ထိုအရေးတို့ကို ပိုင်ပိုင် နိုင်နိုင် ကိုင်တွယ်နိုင်စေရန် သွန်သင် ညွှန်ကြားပေး၏၊ နိုတိ၏ အဓိပ္ပါယ်ကို စလေ ဦးပုညက "ဘုရားအကြိုက် တရားလိုက်က လူ၌ အရေးညံ့ချေမည်" ဟု ဖွင့်ဆို၏၊ စင်စစ် လူ့အနှစ်သာရဖြစ်၍ ဘုရားကြိုက် ဖြစ်ချင်မှ ဖြစ်မည်၊ တရားသဖြင့် ဖြစ်ချင်မှ ဖြစ်မည်၊ နိုတိ၏ ပဓာန ရည်ရွယ်ချက်မှာ အထွတ်အထိပ်သို့ ရောက်ရေးဖြစ်၏၊ နိုတိ တတ်သူသည် ထိပ်ဆုံးက လူဖြစ်၏၊ ကမ္ဘာတွင် လူမျိုးအလိုက် နိုတိများရှိလေရာ မြန်မာ့နိုတိတို့ကို ဆရာ ဦးသော်ဇင်က လူကိုင်းအတွက်နိုတိစွယ်စုံ ဟုစုပုံပေးလိုက်ခြင်းဖြစ်၏၊ မြန်မာ နိုတိ အမျိုးစုံလည်းဖြစ်၏၊ နိုတိမျိုးစုံ တတ်မြောက်သဖြင့် အဖက်ဖက်က ပြည့်စုံသူလည်း ဖြစ်၏၊ မြန်မာတို့သည် အကယ်၍ ဤနိုတိတို့ကို ကောင်းစွာ လေ့လာ ဘူးပါက ဒေးကာနက်ဂျီ၏ ဘာလုပ်နည်း ညာလုပ်နည်းတို့ · အလုအယက် စုံမက်ကြတော့မည် မဟုတ်ချေ၊ ငါတို့မှာလည်း ထိပ်ထိပ်ကြဲ ကာနက်ဂျီတွေ တသီကြီး ပါလားဟု အံ့အားသင့်သွားမည်၊ မြန်မာတို့မှာလည်း အစဉ်အလာ ရိုးရာ နိုတိ ရှိခဲ့ကြောင်း ဤနိုတိစွယ်စုံဖြင့် ဂုဏ်ယူနိုင်ပါသည်၊ ထိပ်ဆုံးသို့ ရောက်လိုသူတိုင်း နိုတိကိုတော့ တနည်းနည်းနှင့် သိမှုဖြစ်မည်၊ ရှေ့လမှာ ထွက်နိုင်အောင် စိစဉ် နေပါသည်။